# စံပြအိမ်ထောင်

## ဒုတိယတွဲ

အယ်လင်ဂျီ၊ ဝှိုက် ရေးသားသည့် "THE ADVENTIST HOME" စာအုပ်ကို

ဦးအေး၊ ဘတင်က **"စံပြအိမ်ထောင်"** အမည်ဖြင့်မြန်မာပြန်ဆိုသည်

(စတုတ္ထအကြိမ်)

စံပြအိမ်ထောင်
ဒုတိယတွဲ

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်၊
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၁၅၀၀

တန်ဖိုး – ၂၅၀၀.၀၀

(စတုတ္ထအကြိမ်)

# စကားချီး

စံပြအိမ်ထောင်ဆိုသည်မှာ၊ ဘုရားတရားကိုင်းရှိုင်းသူတို့၏စံနှုန်းထားများနှင့်အလေ့အကျင့်များကို လက်ခံကျင့်သုံးရသည်ကတစ်မျိုး၊ ဆုံးမသွန်သင်ပေးရသည်ကတစ်ဖုံ အစုံစုံတို့ကိုလိုက်နာကျင့်သုံးရသောဌာနဖြစ်၍ ယင်းအိမ်ထောင်များ၌ မွေးဖွားကြီးပြင်းလာကြသောသားသမီးတို့ကို ဘုရားတရားကြည်ညိုကိုင်းရှိုင်းသောဘောင်အတွင်းသို့ ပြောင်းလဲသွတ်သွင်းပေးရန် သက်ဆိုင်ရာမိဘနှစ်ပါးတို့အား ဖန်ဆင်းရှင်ကမိန့်မှာထားတော်မူသော နေရာမျိုးလည်းဖြစ်သည်။ ယင်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်စေရန် မြော်လင့်ခြင်းအသင်းသားမိဘများတို့သည် သူတို့အနေဖြင့်တွေ့ရှိနိုင်သမျှသော အကူအညီကိုရှာဖွေလျက်ရှိသည်။

မိဘများအတွက် အယ်လင်ဂျီ၊ ဝှိုက် သည် အလွန်တန်ဖိုးရှိသော အကြံပေးစကားများ မြောက်မြားစွာကိုရေးသားပြုစုထားပြီးဖြစ်သည်။ အိမ်ထောင်ဆိုင်ရာကဏ္ဍတိုင်းနှင့်ပတ်သက်၍ ရေးသားပြုစုထားလျက် ယခုခေတ်တွင်လည်း စဉ်းစားဆင်ခြင်တတ်၍ စိုးရိမ်ကြောင့်ကြတတ်သောမိဘများတို့အား သောကမကင်းဖြစ်စေသောပြဿနာပေါင်းစုံတို့နှင့်ပတ်သက်၍ အထူးညွှန်ကြားချက်များကို ပေးထားလေသည်။

သူမကွယ်လွန်မသွားမီနှစ်ပေါင်းများစွာအထက်က “မြော်လင့်ခြင်းမိဘများလက်စွဲ” အမည်ရှိသောစာအုပ်ကိုပြုစုဖြန့်ချိရန် ဆန္ဒရှိကြောင်းပြသခဲ့လေသည်။ ယင်းဆန္ဒကိုအကောင်အထည်ဖော်ရန် ဤစာစောင်ကို ကြိုးပမ်းထုတ်ဝေလိုက်ပါသည်။

“စံပြအိမ်ထောင်” ဆိုသောဤစာစောင်သည် မအားအလပ်လုပ်ကိုင်နေကြသောမိဘများအတွက် လက်စွဲစာစောင်တစ်အုပ်ဖြစ်၍ အိမ်ထောင်တစ်စုဘယ်ကဲ့သို့ဖြစ်လာနိုင်ကြောင်းကိုလည်းကောင်း၊ ဘယ်ကဲ့သို့ဖြစ်သင့်သည်ကိုလည်းကောင်း တင်ပြထားပါသည်။ မိဘများတို့အနေဖြင့် မေးခွန်းပေါင်းစုံ၏အဖြေများနှင့် ကောင်းကင်ဘုံရှင်အဖဘုရားအထံတော်မှ ဉာဏ်ပညာဖြင့်ပြည့်စုံလှသောမိန့်တော်မူချက်များ ဤစာစောင်တွင်ပါရှိပါသည်။

# စကားချီး

ဤစာစောင်ကိုစုဆောင်းပြုစုရာတွင် နှစ်ပေါင်းခုနစ်ဆယ်အတွင်း အယ်လင်ဂျီ၊ ဝှိုက် ရေးသားပြုစုခဲ့သောစာအုပ်စာတမ်းများ အထူးသဖြင့် အသင်းတော်မှာထုတ်ဝေသောမဂ္ဂဇင်းဂျာနယ်များအတွက် ရေးသားပေးပို့ လိုက်သော ထောင်သောင်းမကသောသူမ၏ဆောင်းပါးများမှ ကောက်နုတ် ချက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ လက်ရှိပုံနှိပ်ထားပြီးဖြစ် သောစာစောင်များ အထူးသဖြင့် စာစောင်ငယ်များအနေဖြင့် ထုတ်ဝေလျက် ရှိသောသက်သေခံချက်စာစောင်များနှင့် အယ်လင် ဂျီ၊ ဝှိုက် စာမူဖိုင်တွဲများမှ ကောက်နုတ်ချက်များအားဖြင့် ဤစာစောင်ကိုတိုးတက်ကောင်းမွန်အောင် စုဆောင်းပြုစုထားပါသည်။

ဤစာစောင်ကို အယ်လင်ဂျီ၊ ဝှိုက် စာပေတိုက်တွင် စုဆောင်းပြုစု ပါသည်။ စာပေများပုံနှိပ်ထုတ်ဝေရန်အတွက် လိုအပ်သောဆောင်းပါးများနှင့် အချက်အလက်များကို သူမ၏ညွှန်ကြားထားချက်အရ သူမ၏စာမူများကို အသုံးပြုထားပါသည်။ အဘယ်ကြောင့်ဆိုသော် “ကိုယ်တော်ရှင်၏လူတို့ အတွက် ဘုရားသခင်သည် ကျွန်မအားပေးထားတော်မူသောညွှန်ကြားချက် များ” ပါရှိသောကြောင့်ဖြစ်ပါသည်။

ဤစာစောင်မျိုးကို ယခုခေတ်အချိန်တွင် အထူးလိုအပ်ပါသည်။ မိဘနှင့်သားသမီးတို့အား အနှောင့်အယှက်ပေးနေသောအရာများအတွက် အဖြေမှန်ကိုသူတို့အနေဖြင့် ယခုအချိန်ထက်လိုအပ်သောအချိန်သည် မရှိခဲ့ ပေ။ ယခုခေတ်ယခုအခါထက် အိမ်ထောင်များအတွက် ပိုမိုအန္တရာယ်များ သောအချိန်သည်မရှိခဲ့ပေ။

အမှန်အားဖြင့် တိုးတက်ပြောင်းလဲနေသောလူ့အဖွဲ့အစည်းအသီးအသီး တွင် ကျင့်ဝတ်နှင့်မကင်းကြပါ။ သာယာပျော်ရွှင်သောအိမ်ထောင်စုတစ်ခု ဖြစ်ရန်အတွက်လည်း ကျင့်ဝတ်ဟူသည် ရှိအပ်ပါသည်။ **အိမ်ထောင်၏ ကျင့်ဝတ်ငါးဖြာ** ကိုမိသားစုတိုင်းလိုက်နာပါက ပျော်ရွှင်ကျန်းမာမည်မှာ ဧကန်မုချ။

# စကားချီး

**ထိုကျင့်ဝတ်များမှာ—**

* အိမ်၏သရဖူသည် ဘုရားတရားရှိခြင်းပေတည်း။
* အိမ်၏ကောင်းချီးမင်္ဂလာသည် ရောင့်ရဲခြင်းနှင့်ဧည့်သည်ဝတ်ကို ပြုခြင်းပေတည်း။
* အိမ်၏ငြိမ်သက်ခြင်းသည် မေတ္တာနှင့်သစ္စာရှိခြင်းပေတည်း။
* အိမ်၏ကျက်သရေသည် ရှင်းလင်းစင်ကြယ်ခြင်းပေတည်း။
* အိမ်၏ပျော်ရွှင်ခြင်းသည် စည်းလုံးညီညွတ်ခြင်းပေးတည်း။

လူမျိုးတစ်မျိုး၏အိမ်ထောင်များ၌ရှိသောအခြေအနေက လူ့အဖွဲ့အစည်း၌ရှိသောအခြေအနေကိုဖန်တီးပေးကြောင်း လူတိုင်းအသိပင်ဖြစ်သည်။ အိမ်ထောင်အတွင်းပြောင်းလဲမှုအခြေအနေသည် ပြောင်းလဲသောလူ့အဖွဲ့အစည်းတွင် ရောင်ပြန်ဟပ်နေသည်ကို ကျွန်ုပ်တို့အနေဖြင့် သိရှိကြသည်။ ယင်းကဲ့သို့ ကောင်းကျိုးမျိုးစေဟူသော "စံပြအိမ်ထောင်" စာစောင်က အထောက်အကူပြုပါစေဟူသော ကောင်းမြတ်သောစေတနာဖြင့် အယ်လင်ဂျီ၊ ဝှိုက် စာပေတိုက်မှ အုပ်ထိန်းသူများက ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

---o---

## မာတိကာ

### အပိုင်း (၁၁)

**လူငယ်ပိုင်းအဖော်အဖက်ဖြစ်သောကလေးသူငယ်များ**


၄၈။ ကလေးများဆိုင်ရာဘုရားသခင်၏ခန့်မှန်းချက်—————————————— ၃
၄၉။ မိခင်၏ကူဖော်လောင်ဖက်များ —————————————————— ၇
၅၀။ မိဘတို့အားပြုထိုက်သောရိုသေမှု ———————————————— ၂၁
၅၁။ ကလေးများအတွက်အကြံပေးချက် ——————————————— ၂၈


### အပိုင်း (၁၂)

**အိမ်ထောင်မှုဆိုင်ရာအဆင့်အတန်းများ**


၅၂။ အိမ်ထောင်ဆိုင်ရာအုပ်ချုပ်ရေး ————————————————— ၃၉
၅၃။ စည်းလုံးညီညွတ်စွာဆောင်ရွက်ရေး ———————————————— ၄၉
၅၄။ အိမ်ထောင်၏ဘာသာအယူဝါဒ ————————————————— ၅၆
၅၅။ ကိုယ်ကျင့်တရားဆိုင်ရာအဆင့်အတန်းများ ————————————— ၆၉
၅၆။ လင်မယားကွာရှင်းရေး —————————————————— ၉၀
၅၇။ ဘာသာအယူဝါဒမတူသောအိမ်ထောင်ဖက်အပေါ်
သဘောထား ———————————————————————— ၁၀၃
၅၈။ ဓမ္မဆရာ၏အိမ်ထောင် ——————————————————— ၁၁၀
၅၉။ သက်ကြီးရွယ်အိုမိဘများ ————————————————— ၁၂၁


### အပိုင်း (၁၃)

**ငွေကြေးအသုံးပြုခြင်း**


၆၀။ ဘုရားသခင်၏ဘဏ္ဍာစိုးများ ————————————————— ၁၂၉
၆၁။ အိမ်ထောင်ကြေးငွေဆိုင်ရာအခြေခံသဘောတရားများ ———————— ၁၃၆
၆၂။ ချွေတာရေးကျင့်သုံးခြင်း ——————————————————— ၁၄၉
၆၃။ ငွေကြေးရှာဖွေနည်းနှင့်အသုံးပြုခြင်းကိုသားသမီးများအား
သွန်သင်ပေးခြင်း ————————————————————— ၁၅၆

## မာတိကာ

၆၄။ လုပ်ငန်းဆိုင်ရာရိုးသားမှု ---------------------------- ၁၆၄
၆၅။ နောင်ရေးအတွက်ပြင်ဆင်ချက် ------------------------ ၁၆၉

## အပိုင်း (၁၄)

**ဝိညာဉ်သို့ရောက်ရှိရာလမ်းများကိုစောင့်ကြပ်ခြင်း**

၆၆။ ကျွန်ုပ်တို့စောင့်ကြပ်ရမည့်တံခါးဝများ ------------------- ၁၇၇
၆၇။ သွေးဆောင်သောမြင်ကွင်းများနှင့်အသံဗလံများ ------------- ၁၈၄
၆၈။ စာဖတ်ခြင်းနှင့်၎င်း၏သြဇာသက်ရောက်မှု ----------------- ၁၉၀

## အပိုင်း (၁၅)

**အိမ်ထောင်သက်ကိုအရောင်တင်ပေးသောတင့်တယ်မှုများ**

၆၉။ ယဉ်ကျေးမှုနှင့်ကြင်နာမှု ----------------------------- ၂၀၅
၇၀။ ရွှင်လန်းခြင်း ------------------------------------ ၂၁၈
၇၁။ ပြောဆိုတတ်သောသတ္တိ ---------------------------- ၂၂၃
၇၂။ ဧည့်ဝတ်ပြုခြင်း ----------------------------------- ၂၄၀

## အပိုင်း (၁၆)

**အိမ်ထောင်နှင့်ယင်း၏လူမှုရေးဆိုင်ရာဆက်သွယ်မှုများ**

၇၃။ ကျွန်ုပ်တို့၏လူမှုရေးဆိုင်ရာလိုအပ်မှုများ ------------------- ၂၅၃
၇၄။ ဘေးကင်းသောအပေါင်းအသင်းများနှင့်ဘေးမကင်းသော
အပေါင်းအသင်းများ ------------------------------ ၂၅၉
၇၅။ လူမှုရေးဆိုင်ရာကိစ္စ၌မိဘတို့၏ထိန်းကျောင်းမှု ---------------- ၂၆၉
၇၆။ အားလပ်သောနေ့ရက်များနှင့်နှစ်ပတ်လည်နေ့ရက်များ ------------၂၇၈
၇၇။ ခရစ္စမတ်ပွဲတော် ---------------------------------၂၈၅
၇၈။ အိမ်ထောင်သည်သာသနာပြုရာအရပ်ဖြစ်ခြင်း ----------------- ၂၉၄

**မာတိကာ**

## အပိုင်း (၁၇)

**ပျော်ရွှင်မှုနှင့်အပန်းဖြေခြင်း**


၇၉။ အပန်းဖြေမှုလိုအပ်ခြင်း ------------------------- ၃၀၇

၈၀။ မည်သည့်အားကစားမှုမျိုးကိုလိုက်စားရမည်နည်း --------- ၃၁၄

၈၁။ ရာသက်ပန်ကျေနပ်မှုဖြစ်စေသောအပန်းဖြေခြင်း ---------- ၃၂၃

၈၂။ ခရစ်ယာန်ရွေးချယ်သောအပန်းဖြေခြင်းမျိုး -------------- ၃၃၂

၈၃။ ပျော်ရွှင်မှု၏သွေးဆောင်ခြင်း ----------------------- ၃၄၅

၈၄။ အပန်းဖြေမှုဆိုင်ရာလူငယ်တို့၏တွေးခေါ်မှုကို
လမ်းညွှန်ပေးခြင်း ----------------------------- ၃၅၂


## အပိုင်း (၁၈)

**အကျိုးအပြစ်ဆပ်ပေးခြင်းခံရကြမည်**


၈၅။ ပစ္စုပ္ပန်နှင့်အနာဂတ်ကာလ၏ဆုလာဘ် ---------------- ၃၆၁

၈၆။ ဧဒင်အိမ်ထောင်၏ဘဝအသက်တာ ------------------ ၃၇၀

၈၇။ မြေကြီးသစ်ဆိုင်ရာသရုပ်သကန်ပေါ်အောင်
ရေးသားဖော်ပြချက် ---------------------------- ၃၈၁


---o---

အပိုင်း (၁၁)

# လူငယ်ပိုင်းအဖော်အဖက်ဖြစ်သော

# ကလေးသူငယ်များ

## အခန်း ၄၈
## ကလေးများဆိုင်ရာဘုရားသခင်၏ခန့်မှန်းချက်

**ကလေးသူငယ်များကို ခရစ်တော်၏အသွေးတော်ဖြင့်ဝယ်သူ ခြင်း** – ခရစ်တော်သည် သင်တို့၏သားသမီးများအတွက် အလွန်မြင့်မားသောတန်ဖိုးကို ထားရှိတော်မူသောကြောင့် သူတို့အတွက် ကိုယ်တော်၏သက်တော်ကို စွန့်တော်မူခဲ့သည်။ ကိုယ်တော်ရှင်၏အသွေးတော်အားဖြင့် ဝယ်သူထားသောသူတို့အနေဖြင့် သင်တို့၏သားသမီးတို့အား ပြုစုဆက်ဆံကြပါ။ကိုယ်တော်ရှင်အတွက်သူတို့အား သည်းခံသောစိတ်ဖြင့်လည်းကောင်း၊ တည်တံ့ခိုင်မြဲစွာဖြင့်လည်းကောင်း သွန်သင်ဆုံးမဩဝါဒကိုပေးကြပါ။မေတ္တာဖြင့်လည်းကောင်း၊ စိတ်ရှည်ခြင်းဖြင့်လည်းကောင်း စည်းကမ်းသေဝပ်မှုရှိအောင် ပြုပြင်ပေးကြပါ။ ယင်းကဲ့သို့ပြုလုပ်သောအခါ သားသမီးတို့သည် သင်တို့အတွက်ဝမ်းမြောက်စေသော သရဖူများဖြစ်လာ၍ လောကကြီးတွင် မီးရောင်များကဲ့သို့ထွန်းလင်းကြလိမ့်မည်။

ဘုရားသခင်ကိုချစ်၍ကြောက်ရွံ့သော အငယ်ဆုံးကလေးသူငယ်သည် ကိုယ်တော်ရှင်၏မျက်မှောက်တော်တွင် မဟာကယ်တင်ခြင်းကိုလျစ်လျူရှုကြသော စွမ်းရည်အရှိဆုံးသူထက်ကြီးမားလှပေသည်။ မိမိတို့၏စိတ်နှလုံးများနှင့်ဘဝအသက်တာများကိုဘုရားသခင်အားဆက်ကပ်ကြသောသူတို့သည် ထိုသို့ပြုရာတွင် မိမိတို့ကိုယ်ကို ဉာဏ်ပညာနှင့် ထူးမြတ်ခြင်း၏မူလဖြစ်တော်မူသော ကိုယ်တော်ရှင်နှင့်ဆက်သွယ်ထားကြသည်။

**"ထိုသို့သောသူတို့၏နိုင်ငံဖြစ်သည်"** ခရစ်တော်ကိုယုံကြည်သောသူငယ်၏ဝိညာဉ်သည်ကိုယ်တော်ရှင်ရာဇပလ္လင်၏ပတ်လည်၌ရှိကြသောကောင်းကင်တမန်တို့၏ဝိညာဉ်များကဲ့သို့ တန်ဖိုးထိုက်လှသည်။ ကလေးသူငယ်တို့အား ခရစ်တော်ထံသို့ခေါ်ဆောင်လာ၍ ခရစ်တော်အတွက်သွန်သင်ဆုံးမပေးရမည်။ သူတို့အားခံတွင်းအရာသာနှင့်ဝါကြွားခြင်းတို့ကို မလိုက်စားမကျင့်သုံးစေဘဲ နားထောင်ခြင်းလမ်းထဲသို့ လမ်းပြပို့ဆောင်ပေးရမည်။

ကလေးသူငယ်များကိုအကြောင်းပြု၍ တပည့်တော်များအား ယေရှုရှင် သင်ကြားပေးတော်မူသော အံ့ဩဖွယ်ကောင်းသည့်သင်ခန်းစာများကို ကျွန်ုပ် တို့အနေဖြင့် သင်ကြားလေ့လာကြလျှင် ယခုအခါတွင် အောင်မြင်ရန် ခဲယဉ်းသည့်လက္ခဏာရှိသည့် မြောက်မြားစွာသောအခက်အခဲများသည် လုံးဝ ပျောက်ကွယ်သွားကြလိမ့်မည်ဖြစ်သည်။တပည့်တော်များသည် ယေရှုထံတော် သို့လာ၍ "ကောင်းကင်နိုင်ငံတော်၌ အဘယ်သူသည် အကြီးမြတ်ဆုံးဖြစ် သနည်း" ဟုမေးမြန်းကြသောအခါ၊ ယေရှုရှင်သည် လူငယ်တစ်ယောက်ကို ကိုယ်တော်ထံသို့ခေါ်၍ သူတို့၏အလယ်၌ထားလျက် မိန့်တော်မူလိုက်သည် မှာ ငါအမှန်အကန်ဆိုသည်မှာ သင်တို့သည်ပြောင်းလဲ၍ ဤသူငယ်ကဲ့သို့ မဖြစ်လျှင် သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့မဝင်ရကြ။ ဤသူငယ် ကဲ့သို့ မိမိကိုယ်ကိုနှိမ့်ချသောသူမည်သည်ကား ထိုသူသည် ကောင်းကင်နိုင်ငံ တော်၌ အကြီးမြတ်ဆုံးသောသူဖြစ်လိမ့်မည်။

**ဘုရားသခင်ပိုင်တော်မူသောပစ္စည်းများကိုမိဘတို့အားအပ်နှံ ထားခြင်း** – ကလေးသူငယ်များသည် အသက်နှင့်ကိုယ်ခန္ဓာကို မိဘတို့ ထံမှရရှိလာကြသည်။ သို့ဖြစ်လင့်ကစား ဘုရားသခင်၏ဖန်ဆင်းနိုင်တော် မူသောတန်ခိုးအာနိသင်ကြောင့်သာ သင်တို့၏ကလေးများ၌ အသက်ပါလျက် မွေးဖွားလာကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အသက်ကို ပေးတော်မူသောအရှင်ဖြစ်တော်မူသည်။ သားသမီးတို့ကို ကျွန်ုပ်တို့ကိုယ်ပိုင် ပစ္စည်းအနေဖြင့်မဆက်ဆံမိရန်သတိပြုကြစို့။သားသမီးတို့သည် ဘုရားသခင် အထံတော်မှရရှိသော အမွေအနှစ်များဖြစ်၍ကိုယ်တော်ရှင်၏ကယ်တင်ခြင်း စီမံကိန်း၏စည်းဝိုင်းထဲတွင် ကျွန်ုပ်တို့ကဲ့သို့သားသမီးတို့ကိုလည်းအကျုံးဝင် ပါဝင်စေကြသည်။ သူတို့သည် ဘုရားသခင်ကိုသိကျွမ်း၍ ရိုသေကိုင်းရှိုင်း ခြင်း၌ကြီးပွားလာစေရန်လည်းကောင်း၊ ပစ္စုပ္ပန်ကာလနှင့်ထာဝရကာလတို့ အတွက် သူတို့ဆောင်ရွက်အပ်သောအလုပ်အကိုင်ကို ထမ်းဆောင်နိုင်စေရန် အရည်အချင်းနှင့်ပြည့်စုံစေမှုအတွက် မိဘတို့လက်သို့အပ်နှံထားတော်မူသည်။

မိခင်အပေါင်းတို့၊ သင်တို့၏သားသမီးရတနာကလေးများကို ကြင်နာယုယစွာကြည့်ရှုပြုစုဆက်ဆံကြပါ။ ခရစ်တော်အရှင်သည် တစ်ကြိမ်တစ်ခါက ကလေးသူငယ်ဖြစ်ခဲ့တော်မူသည်။ ကိုယ်တော်ရှင်အတွက် ကလေးသူငယ်တို့အားဂုဏ်ပြုပါ။ သူတို့အားအလိုလိုက်ခြင်း၊ မြှောက်ထိုးပင့်ကော်လုပ်ခြင်းနှင့် ဘုရားကဲ့သို့ကြည်ညိုလေးစားရန်အတွက်မဟုတ်ဘဲ စင်ကြယ်မြင့်မြတ်သောဘဝ၌ကျင်လည်စေရန် သွန်သင်ဆုံးမပေးရမည့်တာဝန်အနေဖြင့် မိဘတို့သည်တွေ့မြင်ကြရမည်။ သူတို့ကိုဘုရားသခင်ပိုင်တော်မူသည်။ ကိုယ်တော်ရှင်သည် သူတို့ကိုချစ်၍ သူတို့၌ချွတ်ယွင်းချက်မရှိသောအကျင့်စာရိတ္တများကို တည်ဆောက်စေရန်ကူညီရာတွင် ကိုယ်တော်ရှင်နှင့်သင်တို့လက်တွဲဆောင်ရွက်ဖို့ သင်တို့အားခေါ်တော်မူသည်။

သင်တို့သည်ဘုရားသခင်နှင့်ငြိမ်သက်စွာတွေ့ဆုံလိုလျှင်ကိုယ်တော်ရှင်၏သိုးစုငယ်တစ်စုပင် ဝိညာဉ်ရေးဆိုင်ရာအစာများကိုကျွေးမွေးပါ။ အဘယ်ကြောင့်ဆိုသော်၊ ကလေးသူငယ်တိုင်း ထာဝရအသက်ရှင်ခြင်းသို့ဝင်စားနိုင်သည်။ ကလေးသူငယ်များနှင့်လူငယ်လူရွယ်တို့သည် ဘုရားသခင်၏ထူးခြားသောကဏ္ဍများဖြစ်ကြသည်။

လူငယ်လူရွယ်တို့၏စွမ်းရည်များသည် သူတို့ပိုင်ပစ္စည်းမဟုတ်ဆိုသော်အမှန်တရားကိုသူတို့သိရှိမှတ်သားထားစေရန်လိုအပ်ပေသည်။ ခွန်အား၊ အချိန်၊ ဉာဏ်ပညာတို့သည် သူတို့အားငှားရမ်းထားသော ဘဏ္ဍာများဖြစ်သည်။ ယင်းတို့ကိုဘုရားသခင်ပိုင်တော်မူ၍ ယင်းတို့ကိုအကျိုးအမြင့်မားဆုံးအသုံးချဖို့ လူငယ်လူရွယ်တိုင်းကစိတ်ပြဋ္ဌာန်းထားသင့်ပေသည်။ လူငယ်လူရွယ်တိုင်းသည်အသီးသီးသောသစ်ကိုင်းများဖြစ်စေရန်ဘုရားသခင်မျှော်လင့်တော်မူသည်။ သူတို့သည် အကျိုးကျေးဇူးများဖြစ်ထွန်းအောင်ပြုလုပ်ရမည့်ငွေအရင်းအနှီးကို ကိုင်ဆောင်ထားသော ကဏ္ဍာစိုးများဖြစ်သည်။ သူတို့သည် လောကကြီး၏မှောင်မိုက်သောနေရာတွင် အလင်းရောင်ကိုပေးရမည့် အလင်းရောင်များဖြစ်သည်။ လူငယ်လူရွယ်တိုင်းနှင့် ကလေးသူငယ်တိုင်းတွင်

ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေရန်နှင့် လူသားတို့၏အခြေအနေကို မြှင့်တင်ပေးရန် အလုပ်အကိုင်အသီးသီးရှိကြသည်။

**ကောင်းကင်သို့သွားရာလမ်းသည် ကလေးများအတွက်သင့်လျော်သည်** – ယေရှုရှင်သည် ကျွန်ုပ်တို့၏အားနည်းခြင်းများကို သိရှိထားတော်မူ၍ အပြစ်ဒုစရိုက်များမှအပ ခပ်သိမ်းသောအတွေ့အကြုံတို့တွင် ကိုယ်တော်ရှင်ကိုယ်တော်တိုင် ယင်းအတွေ့အကြုံများကို ကျွန်ုပ်တို့နှင့်အတူခံစားကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်။ ထိုကြောင့် ကျွန်ုပ်တို့၏အင်အားစွမ်းရည်တို့နှင့် သင့်လျော်သောလမ်းတို့ကို ပြင်ဆင်ထားတော်မူ၍ ယာကုပ်သည် နုနယ်လှသောသူ့သားသမီးများနှင့်အတူ ဖြည်းညင်းစွာခြေလျင်လျှောက်သကဲ့သို့ ကျွန်ုပ်တို့နှင့်အတူပါရှိခြင်းအားဖြင့် ကျွန်ုပ်တို့အားနှစ်သိမ့်စေရန်နှင့် ကျွန်ုပ်တို့၏ထာဝစဉ်လမ်းပြပို့ဆောင်သူအနေဖြင့် ရပ်တည်နေတော်မူသည်။ ကိုယ်တော်ရှင်သည် သိုးစုငယ်မှကလေးသူငယ်တို့ကိုမထီမဲ့မြင်မပြု၊ လျစ်လျူရှုခြင်းမပြု (သို့မဟုတ်) စွန့်ပစ်ထားခြင်းမရှိပေ။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားရှေ့သို့ချီတက်ခိုင်းပြီးနောက် ထွက်ခွာသွားတော်မမူပေ။ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏သားသမီးများမှကျန်ရစ်နေစေရန် ကိုယ်တော်ရှင်သည် ရှေ့မှလျင်မြန်စွာကြွသွားတော်မမူပေ။ ယင်းကဲ့သို့ပြုလုပ်ခြင်းမရှိပေ။ ကလေးသူငယ်များအတွက် အသက်ရှင်ခြင်းသို့ပို့ဆောင်ရာလမ်းကို ချောမွတ်စေတော်မူသည်။ မိဘများအနေဖြင့် ကိုယ်တော်၏နာမတော်ကိုအမှီပြုလျက် ကျဉ်းမြောင်းသောလမ်းတစ်လျှောက်၌ သူတို့၏သားသမီးများကို လမ်းပြပို့ဆောင်ရကြမည်။ ကလေးသူငယ်တို့၏အင်အား၊ စွမ်းရည်နှင့် သင့်လျော်သောလမ်းတစ်သွယ်ကို ဘုရားသခင်သည် သတ်မှတ်ထားရှိတော်မူသည်။

–––o–––

## အခန်း ၄၉
## မိခင်၏ကူဖော်လောင်ဖက်များ

**အိမ်ထောင်တွင်သားသမီးတို့သည် ကူဖော်လောင်ဖက်များဖြစ်ရမည်** မိဘများကဲ့သို့သားသမီးတို့သည် အိမ်ထောင်တွင်လုပ်ကိုင်ထမ်းဆောင်ရန် အရေးကြီးသောတာဝန်များရှိသည်။ သူတို့သည် အုပ်စုအဖွဲ့ကြီး၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်းကို သူတို့အားသင်ကြားပေးရမည်။ သူတို့အားကျွေးမွေးထားရမည်။ အဝတ်အစားများဆင်ယင်ပေးရမည်။ ချစ်ရသည်။ ကြည့်ရှုပြုစုရသည်။ အိမ်ထောင်၏တာဝန်များကို ဝေငှထမ်းဆောင်၍ သူတို့အပါအဝင်ဖြစ်သော အိမ်ထောင်သားတို့၏အသိုက်အဝန်းထဲသို့ တတ်နိုင်သမျှပျော်ရွှင်မှုကို ယူဆောင်သွတ်သွင်းလာစေခြင်းအားဖြင့် ယင်းမိဘတို့၏ကျေးဇူးကရုဏာများကို တုံ့ပြန်သင့်ကြပေသည်။

သားသမီးတို့သည် အိမ်ထောင်အဖွဲ့ကြီးတွင် အဖွဲ့ဝင်များဖြစ်၍ ယင်းအဖွဲ့ကြီး၏တာဝန်များကို ခွဲဝေထမ်းဆောင်ရမည်ဖြစ်ကြောင်းကို မိခင်တိုင်းက သူတို့အားသွန်သင်ဆုံးမပေးရကြမည်။ အသင်းတော်တွင် အသင်းသားများက အသင်းတော်ဆိုင်ရာဆက်သွယ်မှုတို့တွင် သစ္စာရှိစွာဆောင်ရွက်သကဲ့သို့ အိမ်ထောင်သားတိုင်းသည် အိမ်ထောင်၏တာဝန်များကို ဝိုင်းဝန်းထမ်းဆောင်ကြရသည်။

အိမ်မှုကိစ္စကလေးများဆောင်ရွက်ပေးခြင်းအားဖြင့် မိမိတို့၏မိဘအားကူညီကြောင်းကို သားသမီးများအားသိရှိကြပါစေ။ သင်တို့အတွက်ဆောင်ရွက်ပေးရန် သူတို့အားအလုပ်တစ်ခုခုကိုပေးထား၍ ယင်းအလုပ်ကိုလုပ်ပေးပြီးနောက် ကစားနိုင်ကြောင်းကိုပြောပြကြပါ။

ကလေးသူငယ်တို့တွင်တက်ကြွသောစိတ်ရှိကြ၍ လက်တွေ့ဘဝအသက်တာ၏ဝန်များကိုချီမထမ်းဆောင်ရာတွင် ယင်းတက်ကြွသောစိတ်ကိုအသုံးပြုရန်လိုအပ်ပေသည်။ --- သူတို့လုပ်လိုသောအလုပ်ကို လုပ်ကိုင်ဖို့

ခွင့်မပြုပါနှင့်။ ယင်းအလုပ်ကိစ္စကို မိဘတို့ကိုယ်တိုင်ထိန်းချုပ်လုပ်ကိုင်သင့်ပေသည်။

**မိဘများနှင့်သားသမီးတို့၏တာဝန်များ** – မိဘတို့သသည် သားသမီးတို့အားကျွေးမွေးခြင်း၊ ဝတ်စားဆင်ယင်ခြင်းနှင့် ပညာသင်ကြားပေးခြင်း စသောတာဝန်များဆောင်ရွက်ရသည်နှင့်အမျှ သားသမီးတို့က မိဘတို့အားဝမ်းမြောက်ဝမ်းသာစွာနှင့် စိတ်အားထက်သန်သောသစ္စာစောင့်ခြင်းဖြင့် မိဘတို့၏အစေကိုခံသင့်ကြပေသည်။ မိဘတို့နှင့်လက်တွဲ၍ မိဘတို့၏တာဝန်များကိုခွဲဝေ၍ထမ်းဆောင်ရန် မိမိတို့၏ဝတ္တရားဖြစ်သည်ဟူသောခံစားချက်ကိုငြင်းပယ်လျှင် သူတို့အတွက်စားဝတ်နေရေးအဆင်ပြေအောင်စီမံပေးရသောမိဘတို့ကလည်း သူတို့ဝတ္တရားကိုငြင်းပယ်လျှင် သူတို့အတွက်ဘာဖြစ်လိမ့်မည်နည်း။ သူတို့၏မိဘများအတွက် အသုံးဝင်မည့်တာဝန်များကို လုပ်ကိုင်ခြင်းအားဖြင့် မိဘတို့၏တာဝန်ကိုပေါ့ပါးစေရန် ရပ်စဲရာတွင်လည်းကောင်း၊ အနာဂတ်ကာလတွင် သူတို့၏အသုံးကျမှုအတွက်အံ့ဝင်ခွင်ကျဖြစ်စေမည့် အဖိုးအထိုက်တန်ဆုံးအသိပညာကိုရရှိနိုင်သောအခါ အခွင့်အရေးကိုသားသမီးတို့သည် လက်လွှတ်သွားကြပေသည်။

သူတို့အားကြည့်ရှုပြုစုမှုအတွက် မိဘများကဆောင်ရွက်ပေးရမည့်တာဝန်များကို သားသမီးတို့ကခွဲဝေဆောင်ရွက်ကြစေရန် မည်သည့်ဘာသာဝင်မဆို သူတို့၏ငယ်စဉ်တောင်ကျေးကလေးဘဝမှပင်စတင်၍ မိဘတို့အားသင်ကြားပေးကြရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ သားသမီးတို့သည် အိမ်ခန်းများနှင့်အိမ်ထောင်၏အဖွဲ့အစည်းတို့တွင် ကိုယ့်နေရာတွင်ကိုယ်နေထိုင်ခွင့်နှင့်နေထိုင်ရသောအခါ အခွင့်အရေးတို့ကိုရရှိကြသည်။ မိဘတို့သည် သားသမီးတို့အားကျွေးမွေးသုတ်သင်၍ ဝတ်စားဆင်ယင်ပေးရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ သို့ရာတွင် မိဘတို့နှင့်သားသမီးတို့သည် သူတို့၏တာဝန်များကို အပြန်အလှန်ဆောင်ရွက်ပေးရကြမည်။

သားသမီးတို့အနေဖြင့် သူတို့၏မိဘများကိုရိုသေလေးစားဂုဏ်ပြုကြရမည် ဖြစ်သည်။

သားသမီးတို့သည်ပုပန်တတ်ခြင်းမရှိဘဲ မူကိစ္စအားလုံးကိုလျစ်လျူရှု တတ်သောအခြေအနေမျိုး၌ကြီးပွားလာစေ၍ တာဝန်ရှိသမျှတို့ကို မိဘများ အပေါ်၌သာ ပုံချတတ်သောအကျင့်ကိုခွင့်ပြုခြင်းအားဖြင့် မိဘတို့သည် အရာ ခပ်သိမ်းတို့တွင်အနစ်နာခံလျက် သားသမီးတို့၏ကျေးကျွန်ဘဝသို့ မသက်ဆင်း ရပေ။

**မှားယွင်းသောကြင်နာမှုအားဖြင့် ပျင်းရိခြင်းကိုသွန်သင်ပေး ခြင်း** — ကလေးသူငယ်တို့သည် အသုံးကျသောကလေးများဖြစ်လာစေရန် လည်းကောင်း၊ ကိုယ်ထူကိုယ်ထစနစ်ကို ကျင့်သုံးတတ်စေရန်လည်းကောင်း၊ သူတစ်ပါးတို့အားမစတတ်စေရန်လည်းကောင်း သူတို့အားငယ်ရွယ်သောအချိန် မှစ၍ သွန်သင်ပေးရမည်။ အများသောယခုခေတ်မိန်းကလေးတို့သည် သူတို့ ၏မိခင်များတကုပ်ကုပ်ဖြင့် အလုပ်လုပ်ကိုင်နေခြင်းကိုလည်းကောင်း၊ အဝတ် ဟောင်းများလျှော်ဖွပ်နေခြင်း (သို့မဟုတ်) လျှော်ဖွပ်ပြီးသောအဝတ်များကို မီးပူတိုက်နေသည်ကိုလည်းကောင်း တွေ့မြင်ကြသော်လည်း သူတို့၏သြတ္တပ္ပ စိတ်တစ်စုံတစ်ရာအနှောင့်အယှက်မဖြစ်ဘဲ ဧည့်ခန်းထဲတွင်ဝတ္ထုကာတွန်းများ ဖတ်နေကြသည်။ (သို့မဟုတ်) ဇာထိုးပန်းချုပ်ပြုလုပ်နေကြသည်။ သူတို့၏ နှလုံးသားများသည် ကျောက်ခံကဲ့သို့ခံစားမှုမရှိပေ။

သို့ရာတွင် ဤမှားယွင်းသောလမ်းစဉ်မျိုးသည် ဘယ်နေရာမှာအစပြု ခဲ့သနည်း။ ဤကိစ္စတွင်ဘယ်သူသာလျှင်တာဝန်အရှိဆုံးဖြစ်သနည်း။ သနား ဖွယ်ကောင်း၍ အလိမ်ခံရသောမိဘများပင်ဖြစ်သည်။ သူတို့သည် သူတို့ သားသမီးတို့၏အနာဂတ်ကောင်းစားရေးကို လျစ်လျူရှုကြသည်။ သူတို့၏ မှားယွင်းသောကြင်နာမှုအားဖြင့် သားသမီးများပျင်းရိနေခြင်းကို ခွင့်ပြုကြ သည်။ သို့တည်းမဟုတ် အသုံးမကျ၊ အကျိုးမဖြစ်၊ ခေါင်းလည်းမသုံး၊ အားလည်းမစိုက်ရသောအရာတစ်ခုခုကို ပြုလုပ်နေခွင့်ပြုကြသည်။ ထိုနောက် သူတို့၏သားသမီးများသည် အားနည်းကြသည်ဟူသောအကြောင်းပြချက်

အားဖြင့်အလိုလိုက်၍ သူတို့အကြိုက်ကိုပြုခွင့်ပေးခဲ့ကြသည်။ သားသမီးတို့သည် အဘယ်ကြောင့်အားနည်းကြသနည်း။ အများအားဖြင့် သူတို့၏မှားယွင်းသောလမ်းစဉ်ကို ကျင့်သုံးနေမှုကြောင့်ဖြစ်သည်။ အိမ်အနီးပတ်ဝန်းကျင်တွင် ကိုယ်လက်လှုပ်ရှားမှုအနေဖြင့် အလုပ်တစ်ခုခုကိုပြုလုပ်ခြင်းသည် စိတ်နှင့်ကိုယ်ခန္ဓာ၏ကျန်းမာရေးကို တိုးတက်စေသည်။ သို့ရာတွင် သားသမီးတို့သည် အလုပ်အကိုင်ကိုလုပ်ကိုင်လိုသောဆန္ဒပျောက်သည့်တိုင်အောင် မှားယွင်းသောလမ်းစဉ်များကို မိဘတို့သည်ကျင့်သုံးကြသည်။

သင်တို့၏သားသမီးများသည် အလုပ်အကိုင်များလုပ်လေ့လုပ်ထမရှိလျှင် အလုပ်တစ်ခုခုကိုလုပ်ခိုင်းသောအခါ မကြာမီသူတို့သည် မောပန်းလာကြမည်။ သူတို့သည် ဟိုကနာဒီကကျင်စသောဆင်ခြေများ ပေးလာကြမည်။ သင်တို့သည် ကိုယ်ချင်းစာနာမှုကြောင့် သူတို့အားနာကျင်မှုမခံစေဘဲ သူတို့လုပ်ကိုင်ရမည့်အလုပ်ကို သင်တို့ကိုယ်တိုင်လုပ်ကိုင်လျှင် အန္တရာယ်ရှိသည်ကိုသတိပြုပါ။ ပထမတွင်ကလေးများဆောင်ရွက်ရမည့်တာဝန်ကို ပေါ့ပါးပါလေစေ။ တစ်ရက်ပြီးတစ်ရက် ယင်းအလုပ်ကိုတိုးတက်ပေးပါ။ မမောမပန်းဘဲလုပ်ကိုင်နိုင်သောအနေအထားအထိ အလုပ်ကိုဆက်တိုက်တိုး၍ပေးသွားပါ။

**ပျင်းရိခြင်း၏အန္တရာယ်များ** – ပျင်းရိခြင်းမှအပြစ်ဒုစရိုက်များပေါက်ပွားလာကြသည်ကို ကျွန်ုပ်သည် ရူပါရုံတွင်တွေ့မြင်ရပါသည်။ လှုပ်ရှားနေသောလက်များနှင့်စိတ်တို့သည် ရန်သူ၏စုံစမ်းသွေးဆောင်မှုများကို နားထောင်ရန်အချိန်မရှိပေ။ သို့ရာတွင် ပျင်းရိနေသောလက်များနှင့်စိတ်တို့သည် စာတန်၏ထိန်းသိမ်းထားမှုကိုခံနေရဖို့ အသင့်ဖြစ်နေသည်။ သင့်လျော်စွာအလုပ်မရှိသောစိတ်သည် မသင့်လျော်သောအရာများကို စွဲလမ်းတတ်သည်။ ပျင်းရိခြင်းသည် အပြစ်ဖြစ်ကြောင်းကို မိဘတို့ကသားသမီးတို့အား သင်ကြားပေးသင့်ပေသည်။ သားသမီးတို့အားပျင်းရိစေခြင်း၊ ရည်စူးချက်ကင်းမဲ့သောဘဝ၌ကျင်လည်စေခြင်း၊ မည်ကဲ့သို့သောအလုပ်အကိုင်ကိုမျှမလုပ်ကိုင်ဘဲနေစေခြင်း၊ သို့တည်းမဟုတ် သူတို့စိတ်ကြိုက်နေထိုင်သွားလာစေခြင်းအားဖြင့်

သူတို့ထမ်းဆောင်ရမည့်တာဝန်များကို ဖယ်ရှားပစ်ခြင်းသည် အပြစ်ဒုစရိုက်ကျူးလွန်ရာလမ်းသို့ မုချပို့ဆောင်ပေးသည်။ ကလေးတို့၏စိတ်သည် လှုပ်လှုပ်ရှားရှားရှိရာ မကောင်းသောအရာတစ်ခုခုနှင့် အသုံးဝင်သောအရာရာတစ်ခုခုကိုလုပ်ကိုင်ခြင်းမရှိလျှင် သူတို့သည် မကောင်းမှုတစ်ခုခုကိုလွန်ကျူးခြင်းသို့ စိတ်ရောက်သွားမည်ဖြစ်သည်။ အပန်းဖြေခြင်းကိစ္စသည် သားသမီးတို့၏အခွင့်အရေးဖြစ်၍ လိုအပ်သောကိစ္စတစ်ရပ်ဖြစ်သည်မှန်သော်လည်း သူတို့သည် အလုပ်တစ်ခုခုကိုလုပ်ကိုင်စေရန်လည်းကောင်း၊ အင်အားသုံး၍ လုပ်ရသောအလုပ်တစ်ခုခုကိုဖြစ်စေ၊ စာပေများဖတ်ရှုလေ့လာရန်အတွက်ဖြစ်စေ အချိန်မှန်မှန်ပြုလုပ်စေရန် သူတို့အားသင်ကြားပေးသင့်ပေသည်။ သူတို့၏အသက်အရွယ်နှင့်ကိုက်ညီသော အလုပ်အကိုင်များအသုံးဝင်၍ စိတ်ဝင်စားဖွယ်ဖြစ်သော စာအုပ်စာတမ်းများကိုပေးထားပါ။

**စိတ်အချရဆုံးအကာအကွယ်သည် အကျိုးရှိသောအလုပ်အကိုင်ဖြစ်သည်** လူငယ်လူရွယ်များအတွက် စိတ်အချရဆုံးဖြစ်သော အကာအကွယ်သည် အကျိုးရှိသောအလုပ်အကိုင်ဖြစ်သည်။ သူတို့၏အချိန်ရှိသရွေ့ကို အကျိုးရှိစွာအသုံးပြုရန်လည်းကောင်း၊ သူတို့၏ကံကြမ္မာအတွက် ဝမ်းနည်းပူပန်စိတ်သောကရောက်နေခြင်း (သို့မဟုတ်) လေထဲတိုက်အိမ်ဆောက်ခြင်းမှကာကွယ်ရန်လည်းကောင်း၊ လုံ့လဝီရိယရှိသောအကျင့်ဓလေ့များကို သူတို့အားသင်ကြားပေးထားသင့်ပေသည်။ ညစ်ညမ်းယုတ်မာသောအကျင့်ဓလေ့များလိုက်စားခြင်း (သို့မဟုတ်) အပေါင်းအသင်းရောင်းရင်းတို့အသိုက်အဝန်းထဲသို့ ဝင်ရောက်သွားခြင်းတို့မှလည်း တားဆီးထားနိုင်မည်ဖြစ်သည်။

သားသမီးများအား အကျိုးဖြစ်ထွန်းသောအလုပ်တစ်ခုခုကိုပေးအပ်ထားခြင်းမပြုနိုင်လောက်အောင် မိဘတို့သည် အခြားကိစ္စတို့ဖြင့် မအားမလပ်ဖြစ်နေလျှင် စာတန်ကသူတို့အား အလုပ်ပေးထားလိမ့်မည်ဖြစ်သည်။

**တာဝန်ထမ်းဆောင်ရန်သားသမီးတို့သည်သင်ကြားခြင်း** — သားသမီးတို့အနေဖြင့် သင်ကြားလေ့လာရန် အရေးပါအရာရောက်ဆုံးသော သင်ခန်းစာသည် အိမ်ထောင်၏တာဝန်များဆိုင်ရာ မိမိတို့၏ကဏ္ဍကို

ထမ်းဆောင်ရန်ဖြစ်သည်ဆိုသောအချက်ကို မိဘတို့သည် သိမှတ်ထားသင့်ပေသည်။ ဘသအသက်တာကို မှန်ကန်သောရှုထောင့်မှကြည့်ရန်လည်းကောင်း၊ သူတို့သည် ကမ္ဘာလောကကြီးတွင် အသုံးဝင်အကျိုးပြုသောသူများဖြစ်ကြရမည်ကို သိရှိရန်လည်းကောင်း မိဘတို့သည် သူတို့၏သားသမီးတို့အား သင်ကြားထားသင့်ပေသည်။ ဥာဏ်အမြော်အမြင်ရှိသော မိခင်၏အုပ်ထိန်းမှုဖြင့် ဘဝအသက်တာ၏တာဝန်များကိုထမ်းဆောင်ရန် ပထမဆုံး ဆုံးကသြဝါဒအနေဖြင့် သားသမီးတို့သည် သင်ကြားသိရှိထားသင့်ပေသည်။

အကောင်းအတွက်ဖြစ်စေ၊ အဆိုးအတွက်ဖြစ်စေ သားသမီးတို့၏ ပထမဆုံးပညာရေးကို သူတို့၏အနုနယ်ဆုံးဖြစ်သောအချိန်၌ အိမ်ထောင်တွင်အစပြုသင်ကြားကြရသည်။ အသက်အရွယ်ကြီးရင့်သောသားသမီးများနှင့် ညီငယ်ညီမငယ်တို့အား ကြည့်ရှုပြုစုရာတွင် ကူညီဆောင်ရွက်သင့်ပေသည်။ သားသမီးတို့အနေဖြင့် ပြုလုပ်နိုင်သော၊ ပြုလုပ်အပ်သောအလုပ်အကိုင်မျိုးကို မိခင်ကအစားထိုးဆောင်ရွက်ပေးခြင်းအားဖြင့် မိမိကိုယ်ကိုမပင်ပန်းစေသင့်ပေ။

**တာဝန်များခွဲဝေထမ်းဆောင်ခြင်းသည် စိတ်ကျေနပ်မှုကိုရရှိစေသည်** – မိဘတို့နှင့်သားသမီးတို့သည် အိမ်ထောင်သားများဖြစ်သည့်အလျောက် သူတို့လုပ်သင့်လုပ်အပ်သောတာဝန်များကို သစ္စာရှိစွာထမ်းဆောင်ခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်စေဖို့ သူတို့အားကူညီကြပါ။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် သူတို့အားတန်ဖိုးအရှိဆုံးအတွေ့အကြုံကို ရရှိစေပါလိမ့်မည်။ ၎င်းအပြင် သူတို့၏အတ္တအကျိုးဖြစ်ထွန်းမှုကိုသာ အာရုံစူးစိုက်ခြင်းမရှိစေရန်လည်းကောင်း၊ သူတို့နှစ်သက်ရာကိုလုပ်ခြင်း (သို့မဟုတ်) သူတို့ကိုယ်တိုင်၏စိတ်ပျော်ရွှင်မှုကိုသာ ဆောင်ရွက်ပေးခြင်းမှရှောင်ရှားရန်လည်းကောင်း သူတို့အား သင်ကြားပေးလိမ့်မည်။ မိသားစုအသိုက်အဝန်းအတွက် သူတို့နှင့်ဆိုင်သောကဏ္ဍကိုဆောင်ရွက်စေရန်လည်းကောင်း၊ မိခင်၊ ဖခင်နှင့်ညီအစ်ကိုမောင်နှမတို့၏တာဝန်များကို ဝေမျှထမ်းဆောင်ရန် သူတို့၏ကြိုးပမ်းမှုကို အောင်အောင်မြင်မြင်ဖြစ်စေရန်လည်းကောင်း သည်းခံသောစိတ်ဖြင့် သူတို့အားပညာပေးရမည်။ ဤနည်းအားဖြင့်

သူတို့အနေဖြင့် အမှန်မှချအကျိုးဖြစ်ထွန်းစေသော ပုဂ္ဂိုလ်များဖြစ်လာကြသည်ကို ကျေနပ်စွာသိရှိကြလိမ့်မည်။

ကူညီတတ်သောသူများဖြစ်လာစေရန် သားသမီးတို့အား ပညာပေးနိုင်သည်။ သူတို့သည် သဘာဝအားဖြင့်တက်တက်ကြွကြွရှိ၍ အလုပ်နှင့်လက်မပြတ်သောအခြေအနေမျိုးကို လိုလားကြသည်။ ယင်းတက်ကြွမှုကို မှန်ကန်သောလမ်းကြောင်းထဲသို့ရောက်စေရန် သင်ကြားပို့ချ၍ လမ်းပြပို့ဆောင်ပေးနိုင်သည်။ သားသမီးတို့အား ငယ်ရွယ်သောအချိန်မှာပင် သူတို့၏ပေါ့ပါးသောတာဝန်များကိုထမ်းဆောင်ရန် သင်ကြားပေးနိုင်သည်။ ကလေးတိုင်းတွင် သူ၏မိဘအတွက်ဖြစ်စေ၊ အုပ်ထိန်းသူအတွက်ဖြစ်စေ လုပ်ငန်းတစ်ခုခုကို အပြီးဆောင်ရွက်ပေးရမည့်တာဝန်ရှိလေသည်။ ဤနည်းအားဖြင့် သူတို့သည် ငယ်ရွယ်ချိန်မှာပင် တာဝန်သိသိထမ်းဆောင်ရသည့်သင်ခန်းစာကို သင်ကြားသိရှိလာကြလိမ့်မည်ဖြစ်သည်။ သေးငယ်သောအမှုကိစ္စကိုထမ်းဆောင်ရခြင်းသည် သူတို့အတွက်နှစ်သက်အားရဖွယ်ဖြစ်လာ၍ တာဝန်ကိုကျေပွန်စွာဆောင်ရွက်မှုမှရရှိသောပျော်ရွှင်မှုကို သူတို့ရရှိကြမည်ဖြစ်သည်။ သူတို့သည် အလုပ်လုပ်ကိုခြင်းနှင့် တာဝန်ကိုသိသောအလေ့အကျင့်ကိုရရှိ၍ အလုပ်လုပ်ကိုင်ခြင်းကိုနှစ်သက်လာလျက် သူတို့ကိုယ်တိုင်၏ပျော်ရွှင်မှုထက် ပိုမိုအရေးပါအရာအရောက်သောလုပ်ငန်းကို သူတို့အတွက် ဘဝအသက်တာထားရှိသည်ကို သိရှိလာကြလိမ့်မည်။

အလုပ်အကိုင်သည် ကလေးများကိုအကျိုးပြုသည်။ အကျိုးရှိသောအလုပ်အကိုင်ကို အချိန်များစွာလုပ်ကိုင်ရခြင်းအတွက် သူတို့၌စိတ်ချမ်းသာမှုရှိသည်။ သူတို့ဆောင်ရွက်ရမည့်အလုပ်များကို အောင်မြင်စွာလုပ်ကိုင်ပြီးဆုံးသွားပြီးနောက် သူတို့၏အပြစ်ကင်းသော စိတ်ပျော်ရွှင်မှုသည် ပိုမို၍နက်ရှိုင်းလာသည်။ အလုပ်အကိုင်သည် သူတို့၏ကြွက်သားများနှင့် စိတ်ကိုတောင့်တင်းခိုင်မာစေသည်။ သားသမီးတို့အား တန်ဖိုးရှိသောကူဖော်လောင်ဖက်များဖြစ်လာစေရန် မိဘများကဆောင်ကြဉ်းပေးနိုင်သည်။ သူတို့အားအကျိုးပြုသောသူများဖြစ်လာစေရန် သင်ကြားပေးစဉ်တွင် မိဘတို့ကိုယ်တိုင်ပင် လူ့သဘာဝ

ကိုလည်းကောင်း၊ နုပျိုသောလူသားတို့အား ဘယ်ကဲ့သို့ဆက်ဆံ၍ သူတို့နှင့်ပေါင်းသင်းဆက်ဆံမှုအားဖြင့် သူတို့၏နုလုံးသားများတွင် ဘယ်ကဲ့သို့ပရဟိတစိတ်များ မွေးမြူထားနိုင်သည်ကိုလည်းကောင်း သိရှိလာကြလိမ့်မည်။ သူတို့၏သားသမီးများက သူတို့အားယုံကြည်စွာဖြင့်လည်းကောင်း၊ မေတ္တာဖြင့်လည်းကောင်း ကြည့်မျှော်ကြသောအခါ သူတို့ကလည်း ကူညီမစမှုနှင့်လမ်းပြပို့ဆောင်မှုအတွက် သူတို့၏ကယ်တင်ရှင်ကိုကြည့်မျှော်နိုင်ကြသည်။ သင့်လျော်စွာသွန်သင်ထားသော သားသမီးတို့သည် အသက်အရွယ်ကြီးပြင်းလာသောအခါ သူတို့၏အပေါင်းအသင်းရောင်းရင်းများ၏တာဝန်တို့ကို ပေါ့ပါးစေမည့်လုပ်ငန်းမျိုးကိုနှစ်ခြိုက်စေရန် သိရှိလာကြမည်ဖြစ်သည်။

**ဉာဏခွန်အားအလေးညီခြင်း** – သူတို့အားခွဲဝေပေးထားသော အလုပ်အကိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်ရာတွင် မှတ်မိသောဉာဏ်သည် ထက်မြက်လာ၍ ဉာဏခွန်အားအလေးညီခြင်း၊ စာရိတ္တကြံ့ခိုင်မှုနှင့် လျင်မြန်ဖျတ်လတ်မှုကိုလည်း ရရှိလိမ့်မည်။ တစ်ခုပြီးတစ်ခုဆောင်ရွက်ရန် တာဝန်ကလေးများဖြင့်ပြည့်ဝလျက်ရှိသော နေ့ရက်ကစဉ်းစားဉာဏ်ကိုထုတ်ရန်လည်းကောင်း၊ တွက်ချက်မှုရှိရန်လည်းကောင်း၊ စီမံကိန်းထားရှိရန်လည်းကောင်း ပြောကြားလျက်ရှိသည်။ ကလေးများတို့သည် အသက်အရွယ်ကြီးရင့်လာသောအခါ ဆောင်ရွက်ရမည့်လိုအပ်ချက်များသည် ပိုလာလေသည်။ ပင်ပန်းစွာဆောင်ရွက်ရသောအလုပ်အကိုင်မျိုးမဟုတ်ဘဲ သူတို့အားမောပန်းစေ၍ စိတ်အားငယ်စေလောက်အောင် ကြာရှည်စွာဆောင်ရွက်ရသော အလုပ်လည်းမဖြစ်စေရ။ ကလေးများ၏ကိုယ်ခန္ဓာကြီးထွားလာမှုနှင့်လည်းကောင်း၊ စိတ်နှင့်အကျင့်သင့်လျော်စွာကြံ့ခိုင်လာမှုနှင့်လည်းကောင်း ကိုက်ညီမည့်အလုပ်အကိုင်မျိုးဖြစ်စေရမည်။

**ကောင်းကင်မှအလုပ်သမားများနှင့်ကွင်းဆက်ဖြစ်နေခြင်း** – နေ့စဉ်ရက်ဆက် တစ်ခုပြီးတစ်ခုထမ်းဆောင်ရမည့်တာဝန်ကလေးများကို ထာဝရဘုရားကိုယ်တော်တိုင် သတ်မှတ်ချပေးထားတော်မူသောလမ်းစဉ်အနေ

ဖြင့်လည်းကောင်း၊ သစ္စာရှိစွာနှင့်ကျေပွန်စွာသင်တန်းကျောင်းအနေဖြင့်လည်း ကောင်း သဘောထားရန်သင်ကြားပေးထားလျှင် သူတို့ဆောင်ရွက်ရသော အလုပ်သည် ဘယ်မျှလောက်ပိုမိုသာယာပျော်ရွှင်ဖွယ်ဂုဏ်ရှိမည့်ပုံသဏ္ဌာန်ကို ဆောင်လိမ့်မည်နည်း။ တာဝန်တိုင်းကို ဘုရားသခင်အတွက်ဆောင်ရွက်ရ သည်ဟူသောစိတ်ထားမျိုးဖြင့် ထမ်းဆောင်ခြင်းသည် အနိမ့်ကျဆုံးသော အလုပ်ကိုပင် စွဲမက်ဖွယ်ဖြစ်လာစေ၍ မြေကြီးပေါ်မှအမှုဆောင်များကိုလည်း ကောင်းကင်တွင်ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်ကြသော သန့်ရှင်း သောသတ္တဝါများနှင့် ဆက်သွယ်ထားလေသည်။

ကောင်းကင်ဘုံတွင် အလုပ်ကိုအမြဲတမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းနေရာတွင် ပျင်းရိသောသူဟူ၍မရှိပေ။ ခရစ်တော်က "ငါ့ခမည်းတော် သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းလုပ်၏" ဟုမိန့်တော်မူသည်။ နောက်ဆုံးအောင်မြင်ခြင်းရရှိလာ၍ ကျွန်ုပ်တို့အတွက် နေစရာအခန်းများပြင်ဆင်သောအလုပ်သည် ပြီးစီးသွားပြီဖြစ်သောအခါ ကျွန်ုပ်တို့လုပ်ကိုင်စရာအလုပ်ဟူ၍ မရှိတော့သည့်အဆုံးတွင် ကျွန်ုပ်တို့သည် အလွန်ပျော်မွေ့ဖွယ်ကောင်း၍ အလုပ်တစ်ကိုမျှ လုပ်ကိုင်ရသောအခြေအနေ တွင် ရပ်တည်ကြတော့မည်ဟူ၍ တွေးထင်စရာအကြောင်းမရှိပေ။

**အိမ်ထောင်ဆိုင်ရာနှောင်ကြိုးကိုခိုင်မာစေသည်** – အိမ်ထောင်၌ သားသမီးတို့အားဆုံးမသွန်သင်ရာတွင် လက်တွဲဆောင်ရွက်မှုဆိုင်ရာ အခြေခံ ကျင့်ဝတ်ကို တန်ဖိုးဖြတ်ရန်ခဲယဉ်းသည်။ အသက်ကြီးသောသားသမီးတို့ သည် မိဘတို့၏လက်ထောက်များရာထူးကိုထမ်းဆောင်လျက် မိဘတို့၏ တိုင်ပင်ဖော်တိုင်ပင်ဖက်အနေဖြင့် တာဝန်များကိုဝေငှထမ်းဆောင်ရမည်။ ဖခင် နှင့်မိခင်တို့သည်အချိန်ယူ၍ သားသမီးတို့အားသင်ကြားပေးပါ။ သားသမီး တို့၏အကူအညီကိုတန်ဖိုးထားကြောင်း၊ သူတို့၏ယုံကြည်ကိုးစားမှုကိုလိုလား ကြောင်း၊ သူတို့၏အဖော်အဖက်ကြီးဖြစ်မှုကို နှစ်ခြိုက်ကြောင်းကိုပြပါ။ သားသမီးများအနေဖြင့် တုံ့ပြန်မှုမနှောင့်နှေးသင့်ပေ။ မိဘတို့၏တာဝန်သည် ပေါ့သွားပြီး တန်ဖိုးဖြတ်၍မရသော လက်တွေ့သင်ကြားမှုကိုရရှိမည်သာမက

အိမ်ထောင်ဆိုင်ရာနှောင့်ကြိုးများ တောင့်တင်းခိုင်မာလာ၍ စာရိတ္တမဏ္ဍိုင်၏ အုပ်မြစ်တို့သည် ပိုမိုနက်ရှိုင်းလာလိမ့်မည်။

**ဥာဏခွန်အား၊ စာရိတ္တခွန်အားနှင့်ဝိဥာဏခွန်အားတို့ကြီးထွားရင့်သန်လာခြင်း** – ကလေးများနှင့်လူငယ်လူရွယ်တို့သည် အိမ်ထောင်မှုကိစ္စအဝဝတို့တွင် အတ္တစိတ်ကင်းသောစိတ်၊ စိတ်ဝင်စားမှုကိုပြလျက် ဖခင်နှင့်မိခင်တို့၏ပူပန်သောကတို့ကို ပေါ့ပါးစေရန် ဝမ်းမြောက်ဝမ်းသာစွာကူညီရိုင်းပင်းသင့်ကြပေသည်။ သူတို့ဝေငှထမ်းဆောင်ရသောတာဝန်များကို သူတို့သည် ပျော်ရွှင်စွာဖြင့်ထမ်းဆောင်ရာတွင် သူတို့သည်တာဝန်ရှိ၍ အကျိုးပြုသောရာထူးများ၌ အံဝင်ခွင်ကျဖြစ်စေမည့်စွမ်းရည်ကို ရရှိကြမည်ဖြစ်သည်။ တစ်နှစ်ပြီးတစ်နှစ် သူတို့သည် အစဉ်တစိုက်တိုးတက်မှုရှိလာသည်နှင့်အမျှ လူငယ်လူငယ်ဘဝ၏အတွေ့အကြုံနည်းပါးမှုကိုထားရစ်ခဲ့၍ ဗဟုသုတကြွယ်ဝသောလူကြီးဘဝသို့ တက်လှမ်းနိုင်ကြမည်ဖြစ်သည်။ အိမ်ထောင်ဆိုင်ရာလွယ်ကူသောတာဝန်များကို သစ္စာရှိစွာထမ်းဆောင်ရာတွင် လူငယ်လူရွယ်တို့သည် ဥာဏခွန်အား၊ စာရိတ္တခွန်အားနှင့် ဝိဥာဏခွန်အားတို့ ကြီးထွားရင့်သန်လာမှုအတွက် အုတ်မြစ်ကိုချကြလေသည်။

**ကိုယ်ခန္ဓာကျန်းမာမှုနှင့်စိတ်နှလုံးငြိမ်သက်မှု** – အိမ်ထောင်မှုဆိုင်ရာတာဝန်များကို ကူညီရိုင်းပင်းဆောင်ရွက်လျက် ဖခင်နှင့်မိခင်တို့၏ဝန်ထုပ်များကို ဝမ်းမြောက်ဝမ်းသာစွာထမ်းဆောင်ကြသောသားသမီးတို့၊ အနန္တမေတ္တာတော်ရှင်ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ခံစားကြရမည်ဖြစ်ကြောင်းကို ကတိတော်ပေးထားတော်မူသည်။ သူတို့သည် ကိုယ်ခန္ဓာကျန်းမာမှုနှင့် စိတ်နှလုံးငြိမ်သက်မှုဟူသော မင်္ဂလာများကိုခံစားကြရမည်။ မိတ်ဆုံပျော်ပွဲရွှင်ပွဲများနှင့် ကျန်းမာမှုဆိုင်ရာအပန်းဖြေလုပ်ငန်းများတွင် မိဘများပါဝင်ဆင်နွဲကြသည်ကို တွေ့မြင်ရသောစိတ်ချမ်းသာမှုကျေးဇူးကို သူတို့ခံစားရခြင်းအားဖြင့် သူတို့အသက်ရှည်ခြင်းတည်းဟူသောမင်္ဂလာကို ခံစားရရှိကြလိမ့်မည်။ ဘဝအသက်တာ၏လက်တွေ့တာဝန်များထမ်းဆောင်မှုတွင် သင်ကြားလေ့လာထားပြီးသော သားသမီးတို့သည် သူ့အိမ်ထောင်မှထွက်ခွာ

ခွဲထွက်သွားကြသောအခါ လူ့အဖွဲ့အစည်းတွင် ဥာဏခွန်အားနှင့်ကာလ ခွန်အားတို့သည် ထာဝရအသက်တာ၏ဒဏ်ကို မခံနိုင်သေးသောအသက် နုနယ်ချိန်ကရရှိခဲ့သည့် စာသင်ခန်းအသိပညာထက် အဆပေါင်းများစွာ သာလွန်ကြွယ်ဝ၍ ကောင်းမွန်သောအသိပညာကို ရရှိထားပြီးဖြစ်သောဘဝ တွင် ကျင်လည်နေကြမည်ဖြစ်သည်။

အချို့သောအခါများ၌ စာသင်ခန်းများတွင် ကလေးများအား အလုပ် ကိုလျှော့ပေး၍ အိမ်ထောင်ဆိုင်ရာတာဝန်များထမ်းဆောင်မှုနှင့်ပတ်သက်သော သင်ခန်းစာများကို ပိုမိုလျှင်ပို၍ကောင်းမွန်ပေလိမ့်မည်။ အခြားအရာအားလုံး ထက် သူတို့အားစဉ်းစားဥာဏ်သုံးနည်းနှင့် ကူညီမဝနည်းများကို သင်ကြား သင့်ပေသည်။ စာအုပ်များမှသင်ကြားရသော မြောက်မြားစွာသောအရာတို့ သည် လက်တွေ့ဝီရိယစိုက်၍ အလုပ်လုပ်ခြင်းနှင့်စည်းကမ်းသေဝပ်ခြင်း လောက် အရေးမပါအရာမရောက်သောအရာများဖြစ်သည်။

**အနားယူသောအိပ်စက်ခြင်း** – မိခင်များသည် သမီးများကို မီးဖိုများသို့ခေါ်ဆောင်သွား၍ သည်းခံသောစိတ်ဖြင့် ချက်ပြုတ်လုပ်ကိုင် ခြင်းကို သင်ကြားပေးသင့်ပေသည်။ ယင်းသို့သောအလုပ်အကိုင်များကို လုပ်ကိုင်ရန် သူတို့၏ကိုယ်ခန္ဓာအခြေအနေသည် ပိုမိုကောင်းမွန်လာ၍ သူတို့ ၏ကြွက်သားများသည် ပိုမိုအင်အားတောင့်တင်းသန်စွမ်းလာလျက် တစ်နေ့ ကုန်သွားသောအခါ သူတို့၏အာရုံပြုချက်များသည် ပိုမိုသန့်ရှင်းမြင့်မြတ် လာလိမ့်မည်ဖြစ်သည်။ သူတို့မောပန်းကောင်းမောပန်းကြလိမ့်မည်။ သို့ရာတွင် သင့်လျော်ရာအလုပ်ကိုလုပ်ပြီးမှ အိပ်စက်ရခြင်းသည် ဘယ်မျှလောက်ကောင်း မွန်သည့် နားနေမှုကိုရရှိပါသနည်း။ သဘာဝဓမ္မ၏အင်အားဖြည့်ဆည်းပေး သောအိပ်စက်ခြင်းသည် မောပန်းသောကိုယ်ခန္ဓာကို အားအင်ဖြည့်ဖည်း ပေး၍ နောက်တစ်နေ့၏တာဝန်များကို ထမ်းဆောင်နိုင်မှုအတွက် ကိုယ်ခန္ဓာ ကိုပြုပြင်ဆင်ပေးသည်။ သူတို့အနေဖြင့် အလုပ်လုပ်သည်ဖြစ်စေ၊ မလုပ် သည်ဖြစ်စေ အရေးမကြီးဟူ၍ သားသမီးတို့အားမပြောပါလေနှင့်။ သူတို့ ကူညီရိုင်းပင်းမှုကိုလိုကြောင်း၊ သူတို့၏အချိန်သည်တန်ဖိုးရှိကြောင်း၊ မိဘ

တို့သည် သားသမီးတို့၏လုပ်ကိုင်ဆောင်ရွက်မှုအားလုံးကို အားထားပြုကြောင်း တို့ကို သင်ကြားပေးပါ။

သားသမီးတို့အား ပျင်းရိစွာကြီးထွားလာခွင့်ပြုခြင်းသည် အပြစ် ဖြစ်သည်။ သူတို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများ (သို့မဟုတ်) ကိုယ်လက် လှုပ်ရှားမှုသည် မောပန်းသော်လည်း ယင်းလှုပ်ရှားမှုမျိုးကိုပြုလုပ်ရန် သင်ကြား ပေးပါ။ သူတို့သည် ပင်ပန်းစွာလုပ်ကိုင်ခြင်းမရှိလျှင် မောပန်းမှုသည် သင်တို့ ကိုအန္တရာယ်ပြု၍ သူတို့အားဘယ်ကဲ့သို့ပိုမိုအန္တရာယ်ပြုနိုင်သနည်း။ မောပန်းခြင်းနှင့်ခြေပန်းလက်ပန်းကျခြင်းတို့တွင် များစွာသောခြားနားမှုရှိသည်။ ကလေးများသည် လူကြီးထက်မကြာခဏ အလုပ်အကိုင်ပြောင်းလဲလုပ်ကိုင် ခြင်းနှင့် အလုပ်တစ်ခုနှင့်တစ်ခုခြားနားနေမှုကို ပိုမိုလိုအပ်သည်။ သို့ရာတွင် လူငယ်လူရွယ်ဘဝ၌ပင် အလုပ်လုပ်ကိုင်နည်းကို သင်ကြားလေ့လာနိုင်၍ သူတို့သည် အကျိုးပြုလုပ်ငန်းများကိုလုပ်ကိုင်နေသည်ဟူသော အတွေးအခေါ် ရှိလာမှုကြောင့် စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်ကြလိမ့်မည်။ ကျန်းမာမှုကို အကျိုးပြုသော လုပ်ကိုင်ဆောင်ရွက်မှုအပြီးတွင် သူတို့သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကြ၍ နောက်တစ်နေ့လုပ်ငန်းလုပ်ကိုင်ရန်အတွက် အင်အားပြည့်ဖြိုး ခွင့်နှစ်ဆတိုးဖြစ်လာကြလိမ့်မည်။

**ကျွန်ုပ်ကလေးများ၏နှောင့်ယှက်မှုကိုခံနေရသည်ဟု မဆိုပါလေ နှင့်** – အချို့သောမိခင်တို့က "အို၊ ကျွန်မသားသမီးတွေဟာ ကျွန်မကို ကူညီမစတဲ့အခါမှာ ကျွန်မအတွက်အနှောင့်အယှက်ဖြစ်ပါတယ်" ဟုဆိုတတ် ကြသည်။ ကျွန်မ၏သားသမီးများလည်း ၎င်းအတိုင်းပင်၊ သို့ရာတွင် ကျွန်မ ၏သားသမီးတို့အား ၎င်းကဲ့သို့ထုတ်ဖော်ပြောဆိုခဲ့သည်ဟု ယူဆပါသလား။ သားသမီးတို့ကိုမချီးကျူးပါ။ သူတို့အားတစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပေး ပါ။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် ဝတ္ထုဖတ်ခြင်း၊ ဖုန်းနှင့်ချိန်းစကားပြောခြင်း နှင့် လောက၏ဖက်ရှင်များကိုလိုက်စားခြင်းထက် ပိုမိုအကျိုးရှိသည်။

**ပုံစံနမူနာရှုကွက်** – အချိန်တစ်ချိန်ပိုင်းတွင် အနန္တတန်ခိုးတော် ရှင်ဘုရားသခင်သည် ဗက်လင်မြို့တွင် နို့စို့ကလေးအရွယ်၌ ကျင်လည်ခဲ့

တော်မူ၍ မိခင်၏ရင်ခွင်တွင်ခိုလှုံခဲ့ရတော်မူသော သူငယ်တစ်ဦးဖြစ်တော်မူသည်။ ကလေးဘဝတွင် သူသည် မိဘစကားနားထောင်သောသူငယ်အနေဖြင့်သာ မိဘတို့၏စေခိုင်းရာကိုလုပ်ကိုင်လျက် ကလေးဘဝ၏စွမ်းအင်နှင့် ထိုက်တန်ညီလျော်သော လုပ်ငန်းဆောင်တာများကို မိဘတို့အလိုကျထမ်းဆောင်လုပ်ကိုင်တော်မူခဲ့သည်။ ကလေးများအနေဖြင့် ယင်းထက်ပိုမို၍မလုပ်ကိုင်နိုင်ကြပေ။ ခရစ်တော်၏ပုံစံနမူနာအတိုင်း လိုက်နာဆောင်ရွက်ဖို့ သားသမီးတို့အားသွန်သင်ပေးကြပါ။ ခရစ်တော်သည် မိမိနေထိုင်ခဲ့တော်မူသောအိမ်ထောင်အတွက် ကောင်းချီးမင်္ဂလာဖြစ်စေသော လုပ်နည်းလုပ်ဟန်တို့ဖြင့် ချပေးခဲ့သောတာဝန်များကို ထမ်းဆောင်ခဲ့တော်မူသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် လောကမိဘများ၏အုပ်ထိန်းမှုအောက်တွင် ကျင်လည်တော်မူခဲ့သောအားဖြင့် အိမ်ထောင်မှုဆိုင်ရာဘဝအသက်တာအတွက် သာသနာပြုလုပ်ငန်းကို လုပ်ကိုင်ခဲ့တော်မူသည်။ “သူငယ်သည်လည်းကြီးပွား၍ ပညာဉာဏ်သတ္တိနှင့်ပြည့်စုံ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူ့အပေါ်၌တည်၏။” “ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက်ဘုရားသခင်ရှေ့၊ လူရှေ့မှာမျက်နှာရတော်မူ၏” ဟူ၍ ယေရှုရှင်အကြောင်းမှတ်တမ်းတင်ထားသည်။

ခရစ်တော်သည်ယေရှု၏ပုံစံနမူနာကို လိုက်လျှောက်ကျင့်သုံးခြင်းအားဖြင့် ကိုယ်တော်ရှင်ဘဝအသက်တာ၏ပျော်ရွှင်မှုကို သားသမီးတို့အားသင်ကြားပြသရာတွင် ဆရာသမားများနှင့်မိဘတို့လက်တွဲဆောင်ရွက်ခြင်းသည် တန်ဖိုးရှိလှသောအခွင့်အရေးဖြစ်သည်။ ကယ်တင်ရှင်၏သူငယ်တော်ဘဝသည် အကျိုးပြုသောနှစ်များဖြစ်သည်။ ကိုယ်တော်ရှင်သည် အိမ်ထောင်တွင်မိခင်အားကူညီမစသောသူဖြစ်ခဲ့တော်မူသည်။ အိမ်ထောင်ဆိုင်ရာတာဝန်များကို ထမ်းဆောင်၍ လက်သမား၏ခံတန်းရှည်များတွင် လက်သမားအလုပ်ကို လုပ်ကိုင်ပေးရာတွင် ကိုယ်တော်ရှင်သည် မိမိအားစေခိုင်းထားတော်မူချက်ကို ဇကန်အမှန် အကောင်အထည်ဖော်တော်မူသကဲ့သို့ လူထုအတွက်ကယ်တင်

ခြင်းဆိုင်ရာအမှုတော်ကို ထမ်းဆောင်ရာတွင်လည်း မိမိအားစေခိုင်းထားချက်ကို အကောင်အထည်ဖော်ခဲ့တော်မူသည်။

လူသားတို့ဆိုင်ရာဘဝအသက်တာတွင် ကျင်လည်ခဲ့တော်မူရာတွင် ခရစ်တော်သည် လူသားတို့၏အိမ်ထောင်အားလုံးအတွက် ပုံစံနမူနာဖြစ်တော်မူသည်။ ကိုယ်တော်ရှင်သည် လောကအိမ်ထောင်၌ နားထောင်ခြင်းနှင့်ကူညီရိုင်းပင်းခြင်းတို့ကို ပြုလုပ်ခဲ့တော်မူသည်။ ကိုယ်တော်ရှင်သည် လက်သမားအတတ်ပညာကိုလေ့လာဆည်းပူးခဲ့တော်မူ၍ နာဇရက်မြို့၌ရှိသော လက်သမားဆိုင်ကလေးတွင် မိမိ၏လက်တော်များဖြင့် လက်သမားအလုပ်ကို လုပ်ကိုင်ခဲ့တော်မူသည်။ ကလေးဘဝနှင့်လူငယ်ဘဝတွင် အလုပ်လုပ်ကိုင်ခဲ့တော်မူသောကြောင့် ကိုယ်တော်ရှင်၏ဉာဏခွန်အားနှင့် ကာယခွန်အားတို့သည် ကြီးထွားရင့်သန်လာခဲ့သည်။ ကိုယ်တော်ရှင်၏ကာယအင်အားများကို ပရမ်းပတာသုံးစွဲခြင်းပြုတော်မမူဘဲ လုပ်ငန်းဆောင်တာဟူသမျှ၌ အကောင်းဆုံးအလုပ်ကို လုပ်ကိုင်ပေးနိုင်တော်မူရန် ယင်းအင်အားများကို ကျန်းမာပကတိရှိသောအခြေအနေ၌ ထိန်းသိမ်းတော်မူခဲ့သည်။

---o---

## အခန်း ၅၀
# မိဘတို့အားပြုထိုက်သောရိုသေမှု

**သားသမီးအပေါ်မိဘတို့၏ကျေးဇူး** – မိမိတို့၏နို့စို့အရွယ်၌လည်းကောင်း၊ ဖျားနာသောအခါ၌လည်းကောင်း သူတို့အားကြည့်ရှုပြုစုထိန်းသိမ်းစောင့်ရှောက်ခဲ့သော မိဘတို့၏ကျေးဇူးသည် သူတို့အပေါ်၌ရှိသည်ကို သားသမီးတို့သည်သိရှိသင့်ပေသည်။ သူတို့အတွက် မိဘတို့သည် ပူပန်သောကများစွာဖြစ်ခဲ့ရသည်ကို သူတို့မမေ့အပ်ပေ။ အထူးသဖြင့် မိမိတို့၏တာဝန်ကိုသိ၍ ဘုရားတရားရှိသောမိဘတို့သည် သူတို့၏သားသမီးတို့အားမှန်ကန်သောလမ်းသို့လိုက်စေရန် နက်ရှိုင်းသောစိတ်ဝင်စားမှုရှိကြသည်။ သူတို့၏သားသမီးများတွင် အပြစ်အနာအဆာများကိုတွေ့မြင်ကြသောအခါ သူတို့သည် ဘယ်မျှလောက်ကြီးမားသောစိတ်ဒုက္ခကို ရင်ဆိုင်ခဲ့ရပါသနည်း။ ယင်းကဲ့သို့စိတ်ဒုက္ခရောက်အောင် ပြုလုပ်ခဲ့ကြသောသားသမီးတို့သည် သူတို့လုပ်ရပ်၏ဆိုးကျိုးကိုတွေ့မြင်နိုင်ကြလျှင် သူတို့သည် ဧကန်မုချ သူတို့၏လမ်းစဉ်ကိုပြုပြင်ကြလိမ့်မည်။ သူတို့အတွက်ယိုစီးခဲ့သော မိခင်၏မျက်ရည်များကိုတွေ့မြင်၍ ဘုရားသခင်ထံဆုပန်ခဲ့သောပတ္ထနာများကိုကြားလျှင်လည်းကောင်း၊ သူမ၏ဝမ်းနည်းကြေကွဲစွာ သက်ပြင်းချခဲ့သောအသံကိုကြားလျှင်လည်းကောင်း သူတို့သည် အမြန်မနှေးသူတို့၏အမှားကိုဝန်ခံ၍ သူတို့အားခွင့်လွှတ်ရန် တောင်းပန်ကြမည်ဖြစ်သည်။

ကြီးရင့်သောအရွယ်သို့ရောက်လာသော သားသမီးတို့သည် သူတို့အားသစ္စာရှိစွာ ကျွေးမွေးသွန်သင်ကြည့်ရှု၍ မှားယွင်းသောစိတ်သဘောများနှင့် ဆိုးညစ်သောအကျင့်ဓလေ့များကိုလိုက်စားရန် ခွင့်မပြုမိသောမိဘနှစ်ပါးတို့ကို များစွာသောကျေးဇူးဥပကာတင်ရှိမည်ဖြစ်သည်။

**အားလုံးကိုလိုက်နာကျင့်သုံးရမည့်ပညတ်တော်** – "သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည့်အကြောင်း သင်၏မိဘကိုရိုသေစွာပြုလော့။" ဤကပညတ်တော်သည်

ကတိတော်ပူးတွဲပါလာသောပညတ်ဖြစ်သည်။ ကလေး၊ လူလတ်၊ လူကြီး ဖြစ်သော အရွယ်သုံးပါးစလုံး လိုက်နာကျင့်သုံးရမည့်ပညတ်ဖြစ်သည်။ သားသမီးများအနေဖြင့် မိဘတို့အား ဂုဏ်ပြုရိုသေခြင်းနှင့်ကင်းလွတ်သော အချိန်ဟူ၍ ဘဝအသက်တာတွင်မရှိတော့ပြီ။ သားသမီးတိုင်းလိုက်နာကျင့်သုံး ရမည်ဖြစ်သော ဝတ္တရားကြီးဖြစ်၍ ၎င်းသည် သစ္စာရှိသောသူတို့အား ဘုရားသခင်ပေးသနားတော်မူသောပြည်၌ အသက်တာရှည်ခြင်းငှာ လိုက်နာ ရမည့်စည်းကမ်းချက်လည်းဖြစ်သည်။ ဤအကြောင်းအရာသည် ဂရုမစိုက် သင့်သောအကြောင်းအရာမဟုတ်ဘဲ အလွန်အမင်းအရေးကြီးသော ကိစ္စ တစ်ရပ်ဖြစ်သည်။ ကတိတော်သည် နားထောင်ခြင်းတည်းဟူသော စည်းကမ်း ချက်ပေးလွှင်အခြေပြုထားသည်။ သင်တို့သည် နားမထောင်လျှင် သင်၏ ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်တွင် သင်တို့သည် အသက်ရှည်စွာနေထိုင်ကြရမည်မဟုတ်ပေ။

အခြားသောသူတစ်ဦးတစ်ယောက်ကိုမျှမပြုရသော ချစ်ခြင်းနှင့်ရိုသေ ခြင်းမျိုးဖြင့် မိဘတို့အားပြုရမည်။ မိဘတို့၏လက်တွင်းသို့ အပ်နှင်းထား တော်မူသောသားသမီးတို့အား ထိန်းသိမ်းကြည့်ရှုကာကွယ်စောင့်ရှောက်ရမည့် တာဝန်ကို ပေးထားတော်မူသောဘုရားသခင်ကိုယ်တော်တိုင်က သားသမီး တို့၏နုပျိုသေးသောအချိန်တွင် သူတို့အတွက်မိဘတို့က ဘုရားသခင်၏ နေရာတွင်ဝင်ရောက်လျက် ဆောင်ရွက်စီမံခန့်ခွဲထားတော်မူသည်။ မိဘတို့၏ ခံစားခွင့်ရှိသောဩဇာအာဏာကို ငြင်းပယ်သောသူသည် ဘုရားသခင်၏ ဩဇာအာဏာကိုငြင်းပယ်ခြင်းဖြစ်သည်။ ပဉ္စမပညတ်တော်က သားသမီး တို့အား မိဘတို့ကိုရိုသေကိုင်းရှိုင်းခြင်း၊ ဩဇာကိုခံခြင်းနှင့်စကားများနားထောင် ခြင်းကိုသာ ပြုရမည်မဟုတ်ဘဲ မိဘတို့ကိုချစ်ခင်မြတ်နိုးခြင်း၊ သူတို့၏တာဝန် များကိုဝေငှထမ်းဆောင်ခြင်း၊ သူတို့၏ဂုဏ်သိက္ခာကိုထိန်းသိမ်းခြင်းနှင့် သူတို့ ၏ဇရာဒုက္ခလကျချိန်တွင် သူတို့အားပြုစုခြင်း၊ နှစ်သိမ့်ခြင်းတို့ကိုပါပြုလုပ် ရမည်ဖြစ်သည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ထဲ၌ သားသမီးတို့က မိဘတို့အားပြုအပ်သောဝတ်နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားစွာဖော်ပြ

ထားချက်ကို ဆန့်ကျင်ဘက်ပြုသောသူတို့အား ဘုရားသခင်သည် ကောင်းချီး မင်္ဂလာကိုချပေးနိုင်တော်မူမည်မဟုတ်ပေ။ မြေကြီးဆိုင်ရာ သူတို့၏မိဘတို့အားရိုသေကိုင်းရှိုင်းခြင်းနှင့်ဂုဏ်ပြုခြင်းမရှိလျှင် သူတို့၏ဖန်ဆင်းရှင်ကိုရိုသေခြင်းနှင့်ချစ်ခြင်းရှိကြမည်မဟုတ်ပေ။

သားသမီးတို့၏မိဘများသည် တပည့်တော်များမဟုတ်လျှင်လည်းကောင်း၊ မိဘတို့၏စေခိုင်းချက်များသည်လည်း ခရစ်တော်၏သတ်မှတ်ချက်နှင့်ဆန့်ကျင်လျှင်လည်းကောင်း၊ သားသမီးတို့သည် စိတ်မကောင်းဖြစ်ရမည်ဖြစ်သော်လည်း ဘုရားသခင်၏စကားတော်ကို ပိုမိုနာခံ၍ ဖြစ်သမျှအကြောင်းအကောင်းချည်းပဲဟူ၍ ကိုယ်တော်ရှင်ကိုသာ အားကိုးအားထားပြုနေရမည်။

**အများသောသူတို့သည်ပဉ္စမပညတ်ကိုကျူးလွန်နေကြသည်** – ဤနောက်ဆုံးသောကာလတွင် သားသမီးတို့၏နားမထောင်မှုနှင့်ရိုသေကိုင်းရှိုင်းမှုကင်းမဲ့ခြင်းတို့သည် ပြင်းထန်သည်ကိုဘုရားသခင်သည် အထူးသဖြင့် သတိပြုမိတော်မူသည်။ ယင်းမိဘစကားနားမထောင်မှုသည်လည်း ကပ်ကမ္ဘာကုန်ဆုံးချိန်နီးကပ်လာသည်ကိုပြသော ပုဗ္ဗနိမိတ်တစ်ခုဖြစ်သည်။ ယင်းအခြေအနေက စာတန်သည် လူငယ်တို့၏စိတ်ကို လုံးဝအုပ်ထိန်းထားပြီးဖြစ်ကြောင်းကိုပြသည်။ အများသောသူတို့အတွက် သက်ကြီးဝါကြီးများကိုရိုသေကိုင်းရှိုင်းမှုသည် ပျောက်ကွယ်သွားလေပြီ။

သမ္မာတရားကိုသိရှိသည်ဆိုသော အများသောသားသမီးတို့သည် သူတို့၏မိဘတို့အား ပြုအပ်သောဂုဏ်ပြုခြင်းနှင့်မေတ္တာပြလုပ်ငန်းများကို ပြုလုပ်ခြင်းမရှိ။ မိဘတို့အား နှစ်နှစ်ကာကာကြီးစွာချစ်ကြောင်းပြသခြင်းမရှိ။ မိဘတို့၏လိုအင်ဆန္ဒများကို လိုက်လျောသောအားဖြင့် ဂုဏ်ပြုခြင်းမရှိ။ မိဘတို့၏ပူပန်သောကများမှ စိတ်သက်သာမှုရရှိစေရန် ကူညီရိုင်းပင်း၍ ဖြေရှင်းပေးမှုမရှိကြပေ။ "သင်၏မိဘကိုရိုသေစွာပြုလော့" ဆိုသော ပညတ်၏အဓိပ္ပါယ်ကို မသိကြသောခရစ်ယာန်ဆိုသူ မြောက်မြားစွာရှိကြသည်။ ထို့ကြောင့် "သင်၏ဘုရားထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည့်အကြောင်း" ဆိုသောအဓိပ္ပါယ်ကိုလည်းမသိပေ။

ကလန်ကဆန်လုပ်တတ်သော ဤခေတ်ဤအခါမျိုးတွင် မှန်ကန်သောသွန်သင်ဆုံးမမှုနှင့် စည်းကမ်းသေဝပ်မှုမရှိသောသားသမီးတို့သည် သူတို့၏မိဘများအားပြုအပ်သောဝတ္တရားကို သိကျွမ်းနားလည်မှုမရှိကြပေ။ များသောအားဖြင့် ဖြစ်တတ်သောဖြစ်ရပ်တစ်ခုမှာ– မိဘများက သူတို့အတွက် ပိုမိုလုပ်ကိုင်ပေးလေလေ၊ သူတို့အနေဖြင့်ပိုမိုကျေးဇူးကန်းလေလေဖြစ်ပြီး ပိုမိုအရိုအသေကန်းလေလေဖြစ်တတ်ကြသည်။ ချော့မော့ပြောဆိုခြင်းကိုခံရသောသားသမီးတို့သည် ယင်းကဲ့သို့ပြုလုပ်ခြင်းကိုသာ မျှော်လင့်စောင့်စားနေတတ်ကြပါသည်။ သူတို့၏မျှော်လင့်စောင့်စားချက်အတိုင်းဖြစ်မလာလျှင် သူတို့သည် စိတ်ပျက်အားလျော့ဖြစ်ကြသည်။ ယင်းအခြေအနေမျိုးကို သူတို့၏ဘဝအသက်တာတစ်ခုလုံးတွင် တွေ့မြင်ကြရပါမည်။ သူတို့သည် မစမဲ့အခြေအနေ၌ရပ်တည်နေ၍ သူတစ်ပါးတို့၏အကူအညီကို အားကိုးအားထားပြုနေလျက် သူတို့အတွက်လုပ်ကိုင်ပေးခြင်းနှင့် သူတို့အလိုကျဆောင်ရွက်ပေးခြင်းကိုသာ မျှော်လင့်စောင့်စားနေကြသည်။ အကယ်၍ သူတို့ကိုဆန့်ကျင်ဘက်ပြုလုပ်လျှင် လူကြီးအရွယ်သို့ပင်ရောက်ရှိနေလင့်ကစား သူတို့ကိုမတရားဆက်ဆံကြသည်ဟူ၍ ယူဆတတ်ကြသည်။ ဤနည်းအားဖြင့် သူတို့သည် တည်ည်းညည်းတညူညူဖြင့် လောကကြီးတွင်ရပ်တည်နေ၍ သူတို့ကိုယ်တိုင်နှင့်စပ်ဆိုင်သောကိစ္စအဝဝကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အဘယ်အရာမဆို သူတို့နှင့်အံဝင်ခွင်ကျမဖြစ်ပါတကားဟူသောစိတ်ကို မွေးမြူထားခြင်းဖြင့်သာ အချိန်ကိုကုန်လွန်သွားစေလေသည်။

**ကျေးဇူးကန်းသောသားသမီးများ ကောင်းကင်ဘုံသို့မဝင်စားရ**– ဘုရားသခင်နှုတ်ကပတ်တော်၏အမှန်တရားများကို နားလည်နိုင်စွမ်းမရှိစေရန် စာတန်သည် လူငယ်လူရွယ်တို့၏အသိဉာဏ်ကို ထိမ်ဝှက်ထားခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ သူတို့၏အသိဉာဏ်များစွာထုံထိုင်းသွားသောကြောင့် သန့်ရှင်းသောတမန်တော်ကြီး၏အောက်ပါဆိုဆုံးမချက်ကို ဂရုမပြုကြတော့ပေ။

"သားသမီးတို့၊ သခင်ဘုရား၏အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့။ မိဘစကားကိုနားထောင်ခြင်းအမှုသည် တရားသောအမှု

ဖြစ်၏။ မိဘကိုရိုသေစွာပြုလော့၊ ဤပညတ်ကား သင်သည် ပြည်တော်၌ ကောင်းစား၍ အသက်တာရှည်မည့်အကြောင်းဟူ၍ ကတိတော်နှင့်ဆိုင်သော ပထမပညတ်ဖြစ်၏။" "သားသမီးတို့၊ မိဘစကားကို အရာရာ၌နားထောင်ကြလော့။ မိဘစကားကိုနားထောင်ခြင်းအမှုသည် သခင်ဘုရားနှစ်သက်တော်မူသောအမှုဖြစ်၏။

မိဘတို့ကိုရိုသေကိုင်းရှိုင်းခြင်းနှင့်ဂုဏ်ပြုခြင်းမရှိဘဲ မိဘတို့၏အကြံပေးချက်များနှင့်သွန်သင်ဆုံးမမှုများကို ဂရုမစိုက်မထီမဲ့မြင်ပြုသောသားသမီးတို့သည် အသစ်ဖန်ဆင်းထားသောကမ္ဘာမြေကြီးသစ်တွင် စိုးစံနိုင်သောလမ်းမရှိနိုင်ပေ။ သန့်ရှင်းစင်ကြယ်သောကမ္ဘာမြေကြီးသစ်တွင် ကလန်ကဆန်ပြုသောသားသမီးများ၊ လူကြီးမိဘစကားနားမထောင်သောသားသမီးများနှင့် ကျေးဇူးကန်းသောသားသမီးများကို စိုးစံနိုင်ခွင့်ရကြမည်မဟုတ်ပေ။ ယင်းသားသမီးတို့သည် ပစ္စုပ္ပန်လောကကြီး၌ရှိနေစဉ် လူကြီးမိဘတို့၏စကားကိုနားထောင်ခြင်းနှင့်ရိုသေကျိုးနွံခြင်းမရှိလျှင် နောင်ဘယ်အခါမျှရှိကြလိမ့်မည်မဟုတ်ပေ။ ရွေးနုတ်ခြင်းကိုခံစားရသော သူတို့၏ငြိမ်သက်သာယာခြင်းကို သောင်းကျန်းသောသားသမီးများနှင့် ရိုသေကျိုးနွံခြင်းမရှိသောသားသမီးတို့၏ဖျက်လိုဖျက်ဆီးပြုလုပ်ခြင်းကို ခံရမည်မဟုတ်ပေ။ ပညတ်တော်ကျူးလွန်သောသူ ဘယ်သူမျှကောင်းကင်နိုင်ငံတော်ကို အမွေမခံရကြ။

**မေတ္တာကိုလက်တွေ့ပြသရမည်** – အချို့သောကလေးသူငယ်များတွင် မိဘအပေါ်မေတ္တာစိတ်လုံးဝမရှိဟန်လက္ခဏာကို တွေ့မြင်ရသည်။ မိဘတို့အားချစ်ကြောင်းကိုလည်းကောင်း၊ ချစ်ဖွယ်သောစကားကိုလည်းကောင်း ပြောရမည့်တာဝန်ရှိသော်လည်း ပြောဆိုခြင်းမရှိပေ။ ပြောလျှင်မိဘတို့အနေဖြင့် များစွာနှစ်ခြိုက်သဘောကျမည်မှာ မြေခတ်မလွဲပင်။ သူတို့စိတ်နှင့်တွေ့သောသူတို့အပေါ်သာလျှင် သူတို့၏မေတ္တာမိုးကို သွန်းချကြသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီပါသလော။ လုံးဝမကိုက်ညီပါ။ မေတ္တာလင်းရောင်ခြည်ကို အိမ်ထောင်မိသားစုအသိုက်

အဝန်းတွင် ထွန်းလင်းတောက်ပပါစေ။ သားသမီးများက မိဘတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးစရာများကို လုပ်ကိုင်ပေးခြင်း၊ မိဘတို့၏အလိုကျ ဆောင်ရွက်ပေးခြင်းဟူသမျှကို မိဘတို့အနေဖြင့် နှစ်ခြိုက်သဘောကျမည် သာဖြစ်သည်။ မိဘတို့၏တာဝန်များကို ခွဲဝေထမ်းဆောင်ပေးခြင်း၊ ညည်းတွား ပြောဆိုခြင်းနှင့်ကျေးဇူးကန်းသောစကားများကို ရှောင်ရှားခြင်းက သင်တို့ သည် စဉ်းစားဉာဏ်ကင်းမဲ့သောသားသမီးများမဟုတ်ကြောင်း သင်တို့နို့စို့ ကလေးအရွယ်မှလူငယ်ဘဝအထိ သင်တို့အားကြည့်ရှုထိန်းသိမ်းကျွေးမွေး သွန်သင်ခဲ့သောကျေးဇူးအတွက် သင်တို့ကကျေးဇူးဥပကာယတင်ရှိကြောင်း ကို ပြသကြသည်။

သားသမီးတို့၊ သင်တို့၏မိခင်များက သင်တို့အားချစ်ရန်လိုအပ် ပေသည်။ သို့မဟုတ်လျှင် သင်တို့အနေဖြင့် စိတ်ချမ်းသာမှုကိုရရှိကြမည် မဟုတ်ပေ။ သားသမီးများအနေဖြင့် သူတို့၏မိဘများကိုချစ်ခြင်းသည်လည်း ကောင်း၊ ယင်းချစ်ခြင်းကို ချစ်ဖွယ်သောမျက်နှာထားပြသခြင်း၊ ချစ်ဖွယ် သောစကားများပြောဆိုခြင်းဖြင့်လည်းကောင်း၊ အိမ်မှုကိစ္စများကို ကူညီ ဆောင်ရွက်ပေးခြင်းသည်လည်းကောင်း၊ အိမ်အပြင်ဘက်တွင် ဖခင်ဖြစ်သူ ကိုကူညီမစ၍ အိမ်အတွင်းဘက်တွင် မိခင်ဖြစ်သူကိုကူညီမစငြခ်းသည်လည်း ကောင်း မှန်ကန်သောလုပ်ရပ်များဖြစ်သည်မဟုတ်ပါလော။

**လုပ်ကိုင်သမျှကိုယေရှုရှင်အတွက်လုပ်ပေးခြင်းသဘောထား ခြင်း** – သင်တို့သည် ဇကန်အမှန်ပြောင်းလဲသောသူဖြစ်လျှင်လည်းကောင်း၊ သင်တို့သည် ယေရှုရှင်၏သားသမီးများဖြစ်လျှင်လည်းကောင်း သင်တို့သည် မိဘများကိုရိုသေစွာပြုကြမည်။ သူတို့စေခိုင်းသမျှကိုပြုလုပ်ပေးမည်သာမက သူတို့ကိုမစကူညီနိုင်မည့်အခွင့်အရေးကိုလည်းကောင်း ကြည့်နေမည်ဖြစ်သည်။ ယင်းကဲ့သို့သင်တို့လုပ်ပေးခြင်းသည် ယေရှုရှင်အတွက် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ဤကဲ့သို့မိဘတို့အတွက် ဂရုတစိုက်နှင့်စဉ်းစဉ်းစားစားအလိုက် သိစွာဆောင်ရွက်သမျှကို ယေရှုရှင်ကသူ့အားပြုသည်ဟု သဘောထားတော်

မှုသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် အရေးပါအရာရောက်ဆုံးသာသနာ ပြုလုပ်ငန်းဖြစ်သည်။ ဤနေ့စဉ်ရက်ဆက်ထမ်းဆောင်ရသောတာဝန်သေး ကလေးများကို သစ္စာရှိစွာဆောင်ရွက်ကြသောသူတို့သည် အလွန်တန်ဖိုး ထိုက်သောအတွေ့အကြုံကို ရရှိနေကြသည်။

–o–

## အခန်း ၅၁
# ကလေးများအတွက်အကြံပေးချက်

**ငယ်ရွယ်ချိန်တွင်ဘုရားကိုရှာပါ** – ကလေးများနှင့်လူငယ်လူရွယ်တို့သည် ငယ်ရွယ်ချိန်ကပင် ဘုရားသခင်ကိုရှာသင့်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် ငယ်ရွယ်ချိန်တွင် ထားရှိကျင့်သုံးသောအကျင့်ဓလေ့များနှင့် ရင်ဆိုင်ခဲ့ရသောအတွေ့အကြုံများတို့သည် ဘဝအသက်တာနှင့်စာရိတ္တတို့အပေါ် အင်အားကြီးမားသောဩဇာသက်ရောက်မှုကို လက်ဆင့်ကမ်းတတ်ကြသည်။ ထိုကြောင့် ရှမွေလ၊ ယောဟန်အထူးသဖြင့် ခရစ်တော်နှင့်တူလိုသောလူငယ်လူရွယ်တို့သည် သေးငယ်သောအမှုကိစ္စတို့တွင် သစ္စာရှိ၍ အပြစ်ဒုစရိုက်ကိုကြံစည်တွေးဆပြီး လောက၌ သူတို့၏ဘဝရပါတည်မှုသည် အပျော်အပါးလိုက်စားမှုနှင့် ကိုယ့်စိတ်ဆန္ဒကိုလိုက်လျောမှုအတွက်ဖြစ်သည်ဟု ယူဆကြသောအပေါင်းအသင်းရောင်းရင်းတို့ကို ကျောခိုင်းကြရမည်။ သေးနုပ်သောအိမ်ထောင်မှုဆိုင်ရာတာဝန်ကလေးများကို လျစ်လျူရှုကြသည်။ သို့ရာတွင် သေးငယ်သောအမှုကိစ္စများကို လျစ်လျူရှုကြသည်မှာမှုချပင်။ သင်တို့သည် စင်ကြယ်ကြပါ။ ခိုင်မာတောင့်တင်း၍ မြင့်မြတ်သောစာရိတ္တပိုင်ရှင်များဖြစ်လိုကြသည်။ သက်ဆိုင်ရာအလုပ်ကို အိမ်ထောင်မှစတင်လုပ်ကိုင်ပါ။ သေးငယ်သောအမှုကိစ္စများကိုလက်ခံ၍ တိကျပြတ်သားစွာနှင့် ပိရိစွာဆောင်ရွက်ပါ။ သေးငယ်သောအမှုကိစ္စ၌ သင်သည်သစ္စာရှိသည်ကို သခင်ဘုရားတွေ့မြင်တော်မူလျှင် ကိုယ်တော်ရှင်သည် သင့်အားပိုမိုကြီးလေးသောတာဝန်များတို့ကို ထမ်းဆောင်စေတော်မူလိမ့်မည်။ သင်သည် ဘယ်ပုံဘယ်နည်းဆောက်လုပ်နေသည်ကိုလည်းကောင်း၊ အဆောက်အအုံကိုမည်ကဲ့သို့သောပစ္စည်းမျိုးဖြင့် ဆောက်လုပ်နေသည်ကိုလည်းကောင်း သတိပြုပါ။ ယခုအခါ သင်တည်ဆောက်နေသော စာရိတ္တအဆောက်အအုံသည် ထာဝရကာလကဲ့သို့ကြာရှည်ခံလိမ့်မည်။

သင်တို့၏စိတ်နှလုံးနှင့်တွယ်တာမှုများကို ခရစ်တော်အားထိန်းချုပ်ထားခွင့်ပြုပါ။ ခရစ်တော်အလုပ်လုပ်တော်မူသကဲ့သို့ အလုပ်လုပ်ပါ။ အိမ်ထောင်တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ မိမိကိုယ်တိုင်၏လိုအင်ဆန္ဒများကို ဝီရိယရှိစွာအသုံးပြုပါ။ သေးငယ်သောမကောင်းမှုဒုစရိုက်များကို သတိရှိစွာဖြင့်ရှောင်ကြဉ်လျက် ခံစားရသောကောင်းချီးမင်္ဂလာကလေးများအတွက် ကျေးဇူးဥပကာယတင်ရှိပါ။ ယင်းကဲ့သို့ပြုလုပ်လျှင် သင်တို့သည် နောက်ဆုံးတွင် ယောဟန်၊ ရှမွေလနှင့်အထူးသဖြင့် ခရစ်တော်တို့ကဲ့သို့ "ယေရှုသည်လည်း အစဉ်အတိုင်းကြီးပွား၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာမျက်နှာရတော်မူ၏။"

**"သင့်စိတ်နှလုံးကိုငါ့အားပေးလော့"** – ငယ်ရွယ်သောသူတို့အား ကျွန်ုပ်တို့၏အရှင်ခရစ်တော်သခင်က "ငါ့သား၊ သင်၏နှလုံးကိုငါ့အားပေးလော့" ဟု မိန့်တော်မူသည်။ ကလေးများနှင့်လူငယ်လူရွယ်တို့သည် သူတို့၏စိတ်နှလုံးများကို ကိုယ်တော်ရှင်အားပေးစေရန် ကမ္ဘာကြီး၏ကယ်တင်ရှင်သည် အလိုရှိတော်မူသည်။ ဘုရားသခင်ဘက်တွင် သစ္စာရှိစွာရပ်တည်နေကြသော ကလေးသူငယ်မြောက်မြားစွာတို့ကို တွေ့ရှိရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် အလင်း၌ရပ်တည်တော်မူသကဲ့သို့ သူတို့သည် အလင်း၌လျှောက်လိုက်ကြသည်။ သူတို့သည် ခရစ်တော်အရှင်ဘုရားသခင်ကိုချစ်တော်မူ၍ ကိုယ်တော်၏အလိုတော်ကိုဆောင်ရွက်ပေးရန်လည်း သူတို့နှစ်သက်ကြမည်ဖြစ်သည်။ ဆုံးမပဲ့ပြင်ခြင်းခံရသောအခါ သူတို့သည် သည်းခံသောစိတ်ကင်းမဲ့နေမည်မဟုတ်ဘဲ သူတို့၏ကြင်နာခြင်း၊ သည်းခံခြင်း၊ နေ့စဉ်ဘဝအသက်တာ၏ဝန်တာများကိုထမ်းဆောင်ရန် ကူညီမစရာတွင် အတတ်နိုင်ဆုံးဆောင်ရွက်ဖို့ဆန္ဒရှိခြင်းသည် မိဘနှစ်ပါးတို့အား စိတ်ချမ်းသာစေကြမည်ဖြစ်သည်။ သူတို့၏ကလေးဘဝနှင့်လူငယ်လူရွယ်ဘဝတစ်လျှောက်လုံးတွင် သူတို့သည် သခင်ဘုရား၏သစ္စာရှိသောတပည့်တော်များနေဖြင့် ရပ်တည်နေသည်ကို တွေ့မြင်ရလိမ့်မည်။

**ပုဂ္ဂလိကရွေးချယ်မှုပြုရန်** – သတိဖြင့်စောင့်မျှော်၍ဆုတောင်းလျက်နေပါ။ ဘုရားသခင်၏အမှုကိစ္စတို့တွင် ပုဂ္ဂလိကအတွေ့အကြုံရယူပါ။ သင်တို့၏မိဘများက သင်တို့အားသင်ကြားပို့ချပေးမည်။ သင်တို့၏ခြေများသည် မှန်သောလမ်း၌လိုက်၍နေစရေန် သူတို့အနေဖြင့် လမ်းပြပို့ဆောင်ပေးမည်။ သို့ရာတွင် သင်တို့၏စိတ်နှလုံးများကို သူတို့သည် ပြောင်းလဲပေးနိုင်စွမ်းမရှိကြပေ။ သင်တို့၏စိတ်နှလုံးများကို ယေရှုအားအပ်နှံ၍ သင်တို့အားကိုယ်တော်ရှင်ပေးထားတော်မူသော သမ္မာတရား၏အဖိုးထိုက်တန်လှသောအလင်းတရား၌လျှောက်လိုက်ပါ။ အိမ်ထောင်ဘဝတွင် သင်တို့၏တာဝန်များကို သစ္စာရှိစွာထမ်းဆောင်၍ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ကိုယ်တော်ရှင်၌ရပ်တည်နေနိုင်ရန် ကလေးသူငယ်များအာကြီးထွားရင့်သန်လာစေနိုင်မည့် ခရစ်တော်၏အတိုင်းအတာသို့ သင်တို့သည် ကြီးထွားလာမှုရှိကြလိမ့်မည်။ သင်တို့၏မိဘများသည် ဥပုသ်နေ့ကိုစောင့်ထိန်း၍ သမ္မာတရားကိုနာခံခြင်းသည် သင့်ကယ်တင်ခြင်းခံစားရမှုကို စိတ်ချစေလိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် နောဧ၊ ယောဘနှင့်ဒံယေလတို့သည်နိုင်ငံ၌ရှိကြသော်လည်း “ငါအသက်ရှင်သည်အတိုင်း ကိုယ်သားသမီးကိုမကယ်မနုတ်၊ ကိုယ်ဖြောင့်မတ်ခြင်းအားဖြင့် ကိုယ့်အသက်ဝိညာဉ်ကိုသာ ကယ်နုတ်ရလိမ့်မည်။”

ကလေးဘဝနှင့်လူငယ်ဘဝအတွက် သင်တို့သည် ဘုရားသခင်အတွက်အမှုတော်ထမ်းဆောင်ခြင်းအတွေ့အကြုံကို ရရှိနိုင်ကြသည်။ မှန်ကန်သည်ဟု သင်တို့သိရှိသောအရာများကို လုပ်ကိုင်ကြပါ။ သင်တို့မိဘတို့၏စကားကို နားထောင်ကြပါ။ သူတို့ပေးသောအကြံဉာဏ်များကို နားထောင်ကြပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်ကိုချစ်၍ ကြောက်ရွံ့ရိုသေလျှင် မသေနိုင်သောဘဝအသက်တာတွင် ရပ်တည်နိုင်မှုအတွက် သင်တို့၏ဝိညာဉ်အား ပညာသင်ပေးခြင်း၊ စည်းကမ်းသေဝပ်ခြင်းရှိစေရန်နှင့် သွန်သင်ဆုံးမခြင်းတို့ဆောင်ရွက်ပေးရမည့်တာဝန်ဝတ္တရားများကို သူတို့လက်တွင်းသို့အပ်နှံထားတော်မူမည်ဖြစ်သည်။ သင်တို့အား မိဘများကပေးလိုသော

အကူအညီကို သင်တို့သည် ဝမ်းမြောက်ဝမ်းသာစွာလက်ခံ၍ သူတို့၏ပိုမို ပညာသားပါသောဆုံးဖြတ်ပေးမှုများကို ဝမ်းမြောက်ဝမ်းသာစွာဝန်ခံခြင်းဖြင့် သူတို့အားစိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်စေကြပါ။ ဤနည်းအားဖြင့် သင်တို့သည် သင်တို့၏မိဘများကိုရိုသေစွာပြု၍ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေလျက် သင်တို့နှင့်တွေ့ထိပေါင်းဖော်သောသူတို့အတွက်လည်း ကောင်းချီး **မင်္ဂလာတစ်ရပ်ဖြစ်လာစေလိမ့်မည်။**

ကလေးသူငယ်တို့တိုက်ပွဲကိုဆင်နွှဲပါ။ အောင်မြင်နိုင်နင်းမှုတိုင်းသည် သင်တို့အား ရန်သူတို့ထက်သာသောနေရာသို့ ပို့ဆောင်ပေးသည်။

**ကူညီမစမှုအတွက် ကလေးသူငယ်များဆုတောင်းရမည်** – သူတို့၏စိတ်ကြိုက်လမ်းကိုလိုက်၍ သူတို့စိတ်ကြိုက်ပျော်ရွှင်မှုကိုလိုက်စားစေမည့် စုံစမ်းသွေးဆောင်ခြင်းများကို တားဆီးကာကွယ်နိုင်ရန် ကလေးငယ်တို့သည် ကျေးဇူးတော်ရရှိဖို့ဆုတောင်းရကြမည်။ သူတို့၏ဘဝအသက်တာဆိုင်ရန် ဝန်ထမ်းအလုပ်ကိုဆောင်ရွက်ရာတွင် သစ္စာရှိရန်လည်းကောင်း၊ ကြင်နာသနားသောစိတ်ထားရှိရန်လည်းကောင်း၊ အိမ်ထောင်ဆိုင်ရာတာဝန်များကို ထမ်းဆောင်ရန်လည်းကောင်း၊ နားထောင်တတ်သောစိတ်ရှိရန်လည်းကောင်း ကူညီမစဖို့ခရစ်တော်အား သူတို့တောင်းဆိုကြသောအခါ သူတို့၏ရိုးသားသောပတ္တနာကို ကိုယ်တော်ရှင်သည် နားညောင်းတော်မူလိမ့်မည်။

ကလေးသူငယ်များနှင့်လူငယ်လူရွယ်တို့သည် သူတို့၏မိဘများထံသို့ဝင်သောအခါ သူတို့၏နှလုံးသားထဲ၌ထားရှိသော ယုံကြည်ကိုးစားမှုမျိုးဖြင့် ကိုယ်တော်ရှင်ထံတော်သို့တိုးဝင်ချဉ်းကပ်စေရန် ယေရှုရှင်သည် အလိုရှိတော်မူသည်။ ကလေးသူငယ်သည် ဆာငတ်မွတ်သိပ်သောအခါ ဖခင်ထံမှဖြစ်စေ၊ မိခင်ထံမှဖြစ်စေ အစားအစာကိုတောင်းသကဲ့သို့ သင်တို့လိုအပ်သမျှကို ကိုယ်တော်ရှင်ထံတော်မှတောင်းခံကြရန် ကိုယ်တော်ရှင်သည် အလိုရှိတော်မူသည်။

ကလေးသူငယ်၏လိုအပ်ချက်များကို ယေရှုရှင်သိရှိတော်မူ၍ ကိုယ်တော်ရှင်သည် သူတို့၏ပတ္တနာများကိုနားညောင်းတော်မူရန် နှစ်သက်

တော်မူသည်။ လောကကြီးနှင့်ဘုရားသခင်အကြောင်းအာရုံပြုခြင်းကို အနှောင့်အယှက်ပြုမည့်အရာဟူသမျှတို့ကို ကလေးတို့အားကျော်ခိုင်းပါလေစေ။ သူတို့သည် ဘုရားသခင်နှင့်သာလျှင်အတူရှိသည်ကိုလည်းကောင်း၊ ကိုယ်တော်ရှင်သည် သူတို့၏နှလုံးသားအတွင်းအကျဆုံးနေရာသို့ ကြည့်ရှုတော်မူ၍ စိတ်ဝိညာဉ်၏လိုအင်ဆန္ဒကိုဖတ်ရှုတော်မူသည်ကိုလည်းကောင်း၊ သူတို့သည် ဘုရားသခင်နှင့်စကားပြောနိုင်ကြသည်ကိုလည်းကောင်း သူတို့၌ခံစားချက်ရှိပါလေစေ။

ထိုနောက် သားသမီးတို့၊ သင်တို့ကိုယ်တိုင်မစွမ်းဆောင်နိုင်သောအရာများကို သင်တို့အတွက်ဆောင်ရွက်ပေးတော်မူ၍ ဘုရားသခင်ကိုတောင်းဆိုကြပါ။ ယေရှုရှင်အား ကိစ္စအားလုံးကိုပြောပြပါ။ သင်တို့နှလုံးသားထဲ၌ ခိုအောင်းနေသောလျှို့ဝှက်မှုတို့ကို ကိုယ်တော်ရှင်အားရင်ဖွင့်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ရှင်၏မျက်လုံးတော်များသည် စိတ်ဝိညာဉ်၌ ချောင်ကြိုချောင်ကြားများကိုသာ ထိုးဖောက်တွေ့မြင်နိုင်စွမ်းရှိသည်။ သင်တို့၏စိတ်ကူးအကြံအစည်များကို ဖွင့်ထားသောစာအုပ်ကဲ့သို့ ကိုယ်တော်ရှင်သည် ဖတ်တော်မူ၏။ သင်တို့၏ဝိညာဉ်များကောင်းကျိုးအတွက် လိုအပ်သောအရာများကို သင်တို့သည် တောင်းဆိုကြသောအခါ ယင်းဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့်ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။

**အိမ်တွင်းဆိုင်ရာတာဝန်များကို ဝမ်းမြောက်စွာထမ်းဆောင်ပါ** – ဆောင်ရွက်အပ်သောအမှုကိစ္စနှင့်တစ်ဦးတစ်ယောက်က ဆောင်ရွက်ရမည့်ကိစ္စကိုထမ်းဆောင်ခြင်းအားဖြင့် ကလေးများနှင့်လူငယ်လူရွယ်များတို့သည် အိမ်ထောင်တွင်သာသနာပြုများဖြစ်ရကြမည်။ သင်တို့အတွက်အသုံးမကျမရေရာဟုယူဆထားသော သေးနုပ်သောအမှုကိစ္စများကို သစ္စာရှိစွာထမ်းဆောင်ခြင်းအားဖြင့် သင်၌စစ်မှန်သောသာသနာပြုစိတ်သဘောရှိကြောင်း အထောက်အထားပြနိုင်သည်။ သင့်တက်လှမ်းမီသောနေရာ၌ရှိသည့်တာဝန်များကို ထမ်းဆောင်ရန်လည်းကောင်း၊ တာဝန်များပိနေသောမိခင်ကို သက်သာရာသက်သာကြောင်း ကူညီဆောင်ရွက်ရန်လည်းကောင်း ဆန္ဒရှိခြင်းက သင်တို့

အားပိုမိုကြီးလေးသောတာဝန်များအပ်နှင်းထားရန် ထိုက်တန်ကြောင်းကို အထောက်အထားပြပါလိမ့်မည်။ ညစ်ပေသောပန်းကန်များကိုဆေးကြောပေးခြင်းသည် သင့်အတွက်နှစ်မြို့ဖွယ်ကောင်းသောအလုပ်ဟူ၍ မယူဆလင့်ကစား ယင်းပန်းကန်များအပေါ်တွင် တင်ချထားသောအစားအစာများကို စားသောက်ခွင့်သင့်အားမပေးခြင်းကိုကား သင့်အနေဖြင့် ကြိုက်နှစ်သက်လိမ့်မည်မဟုတ်ပေ။ ယင်းကဲ့သို့ပန်းကန်အပေများကို ဆေးကြောရသောအလုပ်များသည် သင်တို့အတွက်၊ မိခင်တို့အတွက် ပိုမိုနှစ်မြို့ဖွယ်ကောင်းသည်ဟု ယူဆပါသလား။ သင်တို့အနေဖြင့် လုပ်ကိုင်လိုသောအလုပ်အကိုင်ကို သောကများနေသောမိခင်ကြီးအား လုပ်ကိုစေလိုသလား။ အိမ်ကိုတံမြက်စည်းလှဲရမည်။ ကော်ဇောများကိုဖုန်ခါပစ်ရမည်။ အိမ်ခန်းများကိုနေရာတကျဖြစ်အောင် လုပ်ကိုင်ရမည်။ ဤအလုပ်အကိုင်များကိုလုပ်ကိုင်ရန် သင်တို့သည်လျစ်လျူရှုစဉ်တွင် ပိုမိုကြီးလေးသောတာဝန်များကို ထမ်းဆောင်လိုခြင်းသည် သင့်အတွက်ဆီလျော်ပါ၏လော။ သင်တို့သည် ကျောင်းတက်နေချိန်တွင် (သို့မဟုတ်) ရွှင်လန်းဖွယ်တို့ဖြင့် အချိန်ဖြုန်းနေချိန်တွင် ယင်းအိမ်တွင်းမှုဆိုင်ရာအလုပ်အကိုင်များကို မိခင်ကြီးအနေဖြင့် အကြိမ်ပေါင်းဘယ်နှစ်ကြိမ်လုပ်ကိုင်ခဲ့ပြီးသည်ကို သင်တို့စဉ်းစားဆင်ခြင်မိခဲ့ပါသလား။

မြောက်မြားစွာသောသားသမီးတို့သည် အိမ်တွင်းမှုဆိုင်ရာတာဝန်များကိုထမ်းဆောင်သောအခါ မနှစ်မြို့ဖွယ်သောလုပ်ငန်းအနေဖြင့် ဆောင်ရွက်ကြသည်။ ယင်းကဲ့သို့ဆောင်ရွက်သည်ကို သူတို့၏မျက်နှာပေါ်တွင် ပေါ်လွင်နေသည်။ သူတို့သည် အပြစ်ရှာ၍ညည်းညူပြောဆိုကြသည်း။ အဘယ်အရာကိုမျှ ကြည်ကြည်ဖြူဖြူမဆောင်ရွက်ပေ။ ယင်းကဲ့သို့သောသဘောထားမျိုးသည် ခရစ်တော်အရှင်၌ရှိသောသဘောထားမျိုးမဟုတ်ပေ။ ယင်းသည် စာတန်သဘောဖြစ်သည်။ ယင်းစိတ်သဘောကိုမွေးမြူထားလျှင် သင်တို့သည် စာတန်နှင့်တူလာကြမည်။ ယင်းစိတ်သဘောထားကြောင့် သင်တို့ကိုယ်တိုင်စိတ်မချမ်းမသာဖြစ်ရမည့်အပြင် သင်တို့ပတ်ဝန်းကျင်၌ရှိသောသူတို့အတွက်လည်း စိတ်မချမ်းမသာဖြစ်ရသည်။ သင်တို့သည် ဘယ်လောက်များများ

အလုပ်လုပ်ရ၍ ပျော်ရွှင်မှုအတွက်အချိန်ဘယ်လောက်နည်းပါးသည်ကို ညည်းညူပြောဆိုခြင်းမပြုဘဲ အိမ်ထောင်အတွက်စဉ်းစားစားနှင့်ဂရုတစိုက်ရှိပါ။ အသုံးဝင်အကျိုးရှိသောအလုပ်တစ်ခုခုကို ကူညီဆောင်ရွက်ခြင်းအားဖြင့် သင်တို့သည် စာတန်၏စုံစမ်းသွေးဆောင်မှုများအတွက် ထွက်ပေါ်လာသောတံခါးပေါက်ကို ပိတ်ထားပြီးဖြစ်လိမ့်မည်။ ယေရှုရှင်သည် သူ့အတွက်သာအသက်ရှင်တော်မူသည်မဟုတ်ကြောင်းကို သတိရ၍ သင်တို့သည် ကိုယ်တော်ရှင်ကဲ့သို့ဖြစ်ရကြမည်။ ဤကိစ္စကိုဘာသာအယူဝါဒဆိုင်ရာကျင့်ဝတ်တစ်ခုအနေဖြင့်ထားရှိ၍ သင်တို့အားကူညီမစရန် ယေရှုရှင်ကိုတောင်းလျှောက်ကြပါ။ ဤကဲ့သို့ပြုလုပ်လျှင် သင်တို့အတွက် အိမ်တွင်းမှုကိစ္စအဝဝတို့ကို ကြည့်ရှုလုပ်ကိုင်စောင့်ထိန်းခဲ့သည့်အတွက် သင်တို့သည် ဘုရားသခင်၏အမှုတော်အတွက် တာဝန်သိသိအကျိုးရှိရှိဆောင်ရွက်သော အမှုတော်ဆောင်များဖြစ်လာရန် ပြင်ဆင်မှုရှိကြပေလိမ့်မည်။ သင်တို့သည် သူတစ်ပါးအပေါ်အကျိုးဖြစ်ထွန်းသော ဩဇာသက်ရောက်မှုရှိစေလိမ့်မည်။ ထို့ပြင် ထိုသူတို့ကိုလည်း ခရစ်တော်အတွက်ထမ်းဆောင်သောသူများ ဖြစ်စေလိမ့်မည်။

**မိခင်တို့အား အာရုံအပြောင်းအလွဲပြုခွင့်နှင့်အနားယူခွင့်ပြုပါ** – သံယောဇဉ်ကြီးသောမိခင်တစ်ဦးအတွက် အလုပ်လုပ်ချင်စိတ်မရှိဘဲ သူတို့မနှစ်မြို့သောအလုပ်ကိုရှောင်ကြဉ်ရန် ဆင်ခြေအမျိုးမျိုးပေး၍ ငြင်းဆန်သောသားသမီးတို့အား အတင်းအကျပ်လုပ်ကိုင်ခိုင်းရန်ခဲယဉ်းသည်။ သားသမီးနှင့်လူငယ်အပေါင်းတို့၊ ခရစ်တော်သည် သင်တို့အား အားကိုးလားထားပြုနေတော်မူသည်။ သင်တို့၏လက်တွင်းအပ်နှင်းထားသောတာဝန်ကို လျစ်လျူရှုနေကြသည်ကို ကိုယ်တော်ရှင်အားတွေ့မြင်စေမည်လား။ သင်တို့သည် အသုံးဝင်အကျိုးပြုသောသူများဖြစ်လိုလျှင် ဤအခွင့်အရေးကို သင်တို့ရယူပိုင်ခွင့်ရှိသည်။ သင်တို့၏ပထမတာဝန်သည် သင်တို့အတွက်အမျိုးမျိုးအနစ်နာခံခဲ့သောမိခင်ကြီးအား ကူညီမစရန် သင်တို့၏ပထမတာဝန်ဖြစ်သည်။ သူမ၏ဝန်ထုပ်ကြီးများကို ကယ်မပေးပါ။ အဘယ်ကြောင့်ဆိုသော် သူမ၏ဘဝအသက်တာတွင် အားလပ်ရက်ဆိုမရှိသလောက်နည်း၍ အာရုံအပြောင်းအလွဲ

မှလည်း ဗလာနတ္တိမရှိဖြစ်နေရရှာသည်။ သင်တို့သည် စိတ်ပျော်ရွှင်ကြည်နူးမှုကို အပြည့်အဝရယူပိုင်ခွင့်ရှိသည်ကို အခိုင်အမာသင်တို့ဆိုကြသည်။ သို့ရာတွင် အိမ်တွင်း၌သာယာပျော်ရွှင်မှုလင်းရောင်ခြည်ထွန်းလင်းနေစေရန် သင်တို့အနေဖြင့်ဆောင်ရွက်ရန် အချိန်တန်လေပြီ။ သင်တို့၏တာဝန်ကို ထမ်းဆောင်ပါ။ အလုပ်လုပ်ပါ။ သင်တို့သည် ကိုယ့်အလိုကိုငြင်းပယ်သောစိတ်ဖြင့် မိခင်ကြီးအားအနားယူခွင့်နှင့် စိတ်ချမ်းမြေ့မှုကိုပေးပါ။

**ယခုခေတ်ဒံယေလများအတွက် ဘုရားသခင်၏ဆုလာဘ်** – ဒံယေလကဲ့သို့ လုပ်ရဲကိုင်ရဲသောသူများကို ယခုအခါတွင် လိုအပ်လျက်ရှိသည်။ ယခုခေတ်ကမ္ဘာကြီးတွင် စင်ကြယ်သောစိတ်နှလုံးနှင့်ခိုင်မာသန်စွမ်း၍ ကြောက်စိတ်ကင်းသောလက်ကို လိုအပ်လျက်ရှိသည်။ လူသားတို့သည် အမြဲတမ်းတိုးတက်ကောင်းမွန်လာ၍ အမြင့်မားဆုံးအချိန်တွင် ပိုမိုမြင့်မားသောအဆင့်သို့ရောက်ရှိစေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့ ကူညီမစရန်ကြိုးပမ်းလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမစတော်မူလိမ့်မည်။ ကမ္ဘာလောကကြီးနှစ်ခုအတွင်း ပျော်ရွှင်သာယာမှုရရှိရန်အတွက် ကျွန်ုပ်တို့၏တိုးတက်ကောင်းမွန်လာမှုအပေါ်တွင် အမှီတံကဲပြုနေသည်။

ချစ်သောလူငယ်လူရွယ်တို့၊ ကိုယ်တော်ရှင်၏ကျေးဇူးတော်အားဖြင့် သင်တို့ဆောင်ရွက်နိုင်သောအလုပ်ကိုလုပ်ကိုင်စေရန် ဘုရားသခင်သည် သင်တို့ကိုခေါ်တော်မူသည်။ “အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုလော့။”

ဘုရားသခင်ချပေးထားတော်မူသော ယောကျ်ားဘဝနှင့်မိန်းမဘဝတို့တွင် မားမားမတ်မတ်ရပ်တည်ကြပါ။ ဒံယေလ၏စင်ကြယ်သောခံတွင်းအရသာနှင့် အကျင့်ဓလေ့များကိုပြပါ။ ဘုရားသခင်သည် သင်တို့အားငြိမ်သက်သောအကြောအခြင်များ၊ ကြည်လင်ပြတ်သားသောဦးနှောက်၊ တည်ငြိမ်သောဆုံးဖြတ်ချက်နှင့် စူးရှသောအသိဉာဏ်တည်းဟူသောမင်္ဂလာ

များဖြင့် ချီးမြှင့်တော်မူလိမ့်မည်။ တည်မြဲခိုင်မာကျစ်လျစ်သော အခြေခံ ကျင့်ဝတ်များကျင့်သုံးသည့် ယခုခေတ်လူငယ်လူရွယ်တို့သည် ကျန်းမာမှု အပြည့်အဝရှိသော ကာယခွန်အား၊ ဉာဏခွန်အားနှင့်ဝိဉာဏခွန်းအားတည်း ဟူသော မင်္ဂလာခွန်အားသုံးတန်ဖြင့် ချီးမြှင့်ခြင်းကိုခံစားရကြလိမ့်မည်။

**အတိတ်ကာလကိုစတင်အဖတ်ဆယ်ပါ** – လူငယ်လူရွယ်တို့သည် ယခုအခါ မိမိတို့၏အနာဂတ်အရေးကို အဆုံးအဖြတ်ပြုလျက်ရှိသောကြောင့် "ဘုရားသခင်ပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည့် အကြောင်း" ဆိုသောကတိတော်နှင့် ဘုရားသခင်ဒွန်တွဲထားသောပညတ် တော်ကို ဆင်ခြင်သုံးသပ်ရန် သင်တို့ကိုတိုက်တွန်းပါသည်။ သားသမီးတို့ သင်တို့သည် ထာဝရအသက်ကိုလိုချင်ကြပါသလား။ လိုချင်လျှင် သင်တို့၏ မိဘများကိုရိုသေစွာပြုလော့။ သူတို့စိတ်မချမ်းသာအောင်မပြုကြပါနှင့်၊ သင်တို့ အတွက်ကြောင့် အိပ်မပျော်စားမဝင်မဖြစ်ပါစေနှင့်၊ သူတို့ချစ်ခြင်းနှင့်သူတို့၏ စကားကိုနားထောင်ခြင်းတို့တွင် သင်တို့၏တာဝန်သည် ပျက်ကွက်ခြင်းအား ဖြင့် အပြစ်ကျူးလွန်မိလျှင် ယခုပင်အစပြု၍ အတိတ်ကာလကိုအဖတ်ဆယ် ပါ။ တခြားပြုလုပ်ရန်ကား သင်တို့အတွက်မရှိတော့ပြီ။ ပြုလုပ်လျှင် သင်တို့ သည် ထာဝရအသက်ကို လက်လွတ်သွားကြပေလိမ့်မည်။

---o---

အပိုင်း (၁၂)

# အိမ်ထောင်မှုဆိုင်ရာအဆင့်အတန်းများ

## အခန်း ၅၂
## အိမ်ထောင်ဆိုင်ရာအုပ်ချုပ်ရေး

**မိဘများအတွက်အခြေခံကျင့်ဝတ်** – ကမ္ဘာလောကကြီးတွင် မြောက်မြားစွာသောသူတို့သည် ကောင်းမွန်ဟန်လက္ခဏာရှိသောအရာများကို စွဲလမ်းကြ၍ ယင်းအရာများနှင့်သာ ကျေနပ်နှစ်သိမ့်နေကြသည်။ ခရစ်တော် အရှင်က သူတို့အားပေးသနားတော်မူလိုသော ပိုမိုကောင်းမွန်မြင့်မြတ်သည့် အရာတို့ကိုကား ရှာဖွေခြင်းမပြုကြပေ။ သူတို့ခင်တွယ်စွဲလမ်းနေသောအရာ များကိုစွန့်လွှတ်စေဖို့ ကျွန်ုပ်တို့အနေဖြင့် ရိုင်းစိုင်းရမ်းကားစွာပြုလုပ်ရန် မကြိုးပမ်းသင့်ပေ။ သူတို့အား သမ္မာတရား၏မှန်ခြင်းနှင့်မြတ်နိုးဖွယ်ဖြစ်ခြင်း တို့ကိုပြပါ။ ထိုအခါ သူတို့သည် ကိုယ်တော်ထံတော်မှ သူတို့၏စွဲလမ်းခြင်း ကို ဆွဲငင်သွားသောအရာဟူသမျှကို သူတို့သည် ကျောခိုင်းကြလိမ့်မည်။ မိမိတို့၏သားသမီးတို့ကို သွန်သင်ဆုံးမရာတွင် မိဘတို့သည် ဤအခြေခံ ကျင့်ဝတ်ကိုမူတည်၍ ဆောင်ရွက်ကြရမည်။ သားငယ်သမီးငယ်တို့နှင့် သင်တို့၏ဆက်ဆံပုံဆက်ဆံနည်းအားဖြင့် သင်တို့သည် ခရစ်တော်ကြောင့် သူတို့၏အကျင့်စာရိတ္တများကို ထာဝရအသက်အတွက် ပုံသွင်းပေးနိုင်သည်။

ဘုရားသခင်၏ကူညီခြင်းနှင့် လူသားတို့၏အတတ်နိုင်ဆုံးကြိုးပမ်း ဆောင်ရွက်ခြင်းနှင့်ပေါင်းစပ်၍ ကြံ့ခိုင်သောစာရိတ္တအိမ်ကြီးကို သားသမီး တို့၌တည်ဆောက်ပေးရန် မိခင်နှင့်ဖခင်တို့သည် ရာသက်ပန်ရည်စူးချက်အနေ ဖြင့် ထားရှိအပ်သည်။ မိဘတို့သည် သားသမီးတို့အားမွေးထုတ်ထားပြီးသည့် အားလျော်စွာ အရေးပါအရာရောက်၍ တာဝန်ကြီးသောလုပ်ငန်းကို သူတို့ လက်ခံထားပြီးဖြစ်သည်။

**အိမ်ထောင်ဆိုင်ရာအုပ်ချုပ်ရေးအတွက် လိုအပ်သောစည်းမျဉ်း များ** – ခရစ်ယာန်အိမ်ထောင်တိုင်းတွင် စည်းမျဉ်းများထားရှိသင့်ပေသည်။ သူတို့အချင်းချင်း၏အပြောအဆိုနှင့်ဆက်ဆံရေးတွင် သူတို့၏သားသမီးများ

အားရောက်ရှိစေလိုသော လူ့ဘဝအဆင့်အတန်းသို့ရောက်ရှိစေရန် ဖခင်နှင့် မိခင်တို့သည် ကံကောင်းသောပုံသက်သေကို ပြသကြရမည်။ သူတို့ကိုယ်ကို သူတို့ ရိုသေကိုင်းရှိုင်းတတ်ရန်လည်းကောင်း၊ ဘုရားသခင်ဘက်၌သစ္စာရှိရန်လည်းကောင်း၊ အခြေခံကျင့်ဝတ်များကို သစ္စာရှိစွာစောင့်ထိန်းရန်လည်းကောင်း သားသမီးတို့အားသင်ကြားပေးကြရမည်။ ဘုရားသခင်၏ပညတ်တော်ကိုရိုသေကိုင်းရှိုင်း၍ လိုက်နာကျင့်သုံးရန် သားသမီးတို့အားဆုံးမသွန်သင်ပါ။ ထိုအခါ ဤကျင့်ဝတ်တို့သည် သူတို့၏ဘဝအသက်တာကိုအုပ်ထိန်းထား၍ အခြားသောသူတို့နှင့်ဆက်ဆံပေါင်းသင်းကြသောအခါ ယင်းကျင့်ဝိတ်များကို ကျင့်သုံးရကြမည်ဖြစ်သည်။

**ကျမ်းစာမှအခြေခံကျင့်ဝတ်များကိုလိုက်နာကျင့်သုံးရမည်** – အိမ်ထောင်ဆိုင်ရာအုပ်ချုပ်ရေးတွင် အုတ်မြစ်ဖြစ်သောအခြေခံကျင့်ဝတ်များကိုစောင့်ထိန်းရာတွင် လျစ်လျူရှုခြင်းမရှိကြောင်းကိုသေချာရန် အမြဲတမ်းစောင့်ကြည့်နေဖို့လိုအပ်ပေသည်။ မြေကြီးပေါ်တွင်ရှိသောအိမ်ထောင်များသည် ကောင်းကင်အိမ်ထောင်၏အထိမ်းအမှတ်အနေဖြင့် ရပ်တည်နေစေရန် ထာဝရအရှင်ဘုရားသခင်သည် အလိုရှိတော်မူသည်။ ကမ္ဘာမြေကြီးဆိုင်ရာအိမ်ထောင်များကို မှန်ကန်သောနည်းလမ်းများအရ ပြုပြင်ထိန်းသိမ်းသွားလျှင် ဝိညာဉ်တော်၏အလားတူပြုပြင်ပြောင်းလဲပေးမှုမျိုးသည် အသင်းတော်ထံသို့ဝင်ရောက်လာမည်ဖြစ်သည်။

မိဘများကိုယ်တိုင်ပြောင်းလဲမှုရှိ၍ ဘုရားသခင်၏အလိုတော်သို့လိုက်ခြင်းသည် အဘယ်ကဲ့သို့အဓိပ္ပါယ်ဆောင်သည်ကို အသိတရားရှိလျက် အိမ်ထောင်၌ရှိအပ်သော ဘုရားသခင်၏ရည်စူးထားသောအုပ်ချုပ်ရေးမျိုးကို သူတို့သည် မှန်ကန်စွာကိုယ်စားမပြုနိုင်မီ သူတို့သည် ကလေးသူငယ်များကဲ့သို့ သူတို့၏စိတ်ကူးအကြံအစည်သည် ကလေးသူငယ်များကဲ့သို့ သူတို့၏အကြံအစည်စိတ်ကူးရှိသမျှတို့ကို ယေရှုရှင်၏အလိုတော်သို့ အပ်နှံကြရမည်။

ဘုရားသခင်ကိုယ်တော်တိုင် အိမ်ထောင်ဆိုင်ရာဆက်သွယ်မှုအဝဝ တို့ကို တည်ထောင်ခဲ့တော်မူသည်။ သားသမီးတို့အား ကြီးကြပ်အုပ်ထိန်း ရာတွင် ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်သာလျှင် တစ်ခုတည်းသောစိတ်ချ ရသော လမ်းပြပို့ဆောင်မှုဖြစ်သည်။ ဘုရားသခင်သိက္ခာမြမ်းတော်မူခြင်းထက် ပိုမိုသိက္ခာမြမ်းခြင်းတို့ကို လူသားတို့၏ဒဿနိကဗေဒက တွေ့ရှိထားခြင်းမရှိ။ သို့တည်းမဟုတ် သားသမီးတို့နှင့်ဆက်ဆံရာတွင် ကျွန်ုပ်တို့၏သခင်ကိုယ်တော် ရှင်က ချပေးထားတော်မူသောစီမံကိန်းထက် ပိုမိုအံဝင်ခွင်ကျဖြစ်၍ ပညာ သားပါသောစီမံကိန်းကို လူသားတို့ရေးဆွဲချမှတ်ထားနိုင်ခြင်းမရှိပေ။ သားသမီး တို့၏လိုအပ်ချက်များကို သူတို့အားဖန်ဆင်းထားတော်မူသော၊ ကိုယ်တော်ရှင် ထက်ပိုမိုနားလည်သော ပုဂ္ဂိုလ်ရှိနိုင်သလော။ ကိုယ်တော်ရှင်ကိုယ်တိုင်တော် ၏အသွေးတော်နှင့်ဝယ်ယူထားသော၊ သခင်ဘုရားထက် သူတို့၏ကောင်းကျိုး ကိုပိုမိုလားဆောင်ရွက်ပေးနိုင်သော ပုဂ္ဂိုလ်ရှိသလော။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သေချာစွာလေ့လာ၍ သစ္စာရှိစွာလိုက်နာကျင့်သုံးလျှင် ဆိုးယုတ်သောသားသမီးတို့၏အကျင့်ဆိုးများကြောင့် ဝမ်းနည်းကြေကွဲရသော ကိစ္စမျိုးမရှိသလောက် နည်းပါးသွားမည်ဖြစ်သည်။

**သားသမီးတို့၏အခွင့်အရေးများကိုလေးစားပါ** – မိဘများအနေ ဖြင့် လေးစားအပ်သော သားသမီးများ၏အခွင့်အရေးများကို သတိရပါ။

မိဘများအနေဖြင့် အသိအမှတ်ပြု၍ လေးစားရမည့်တောင်းဆိုချက် များသည် သားသမီးတို့၌ရှိထားသည်။ သူတို့အားလူ့ဘောင်လောကအသိုက် အဝန်းတွင် အသုံးဝင်သူ၊ လေးစားမှုခံရ၍ နောင်တမလွန်ဘဝတွင် သန့်ရှင်း မြင့်မြတ်သောအဖွဲ့အစည်းအတွက် အံဝင်ခွင်ကျဖြစ်သော စာရိတ္တမျိုးရရှိ စေမည့်အခွင့်အရေး သူတို့၌ရှိသည်။ သူတို့၏ပစ္စုပ္ပန်နှင့်အနာဂတ်ကာလ၏ ကောင်းကျိုးသည် သူတို့၏ငယ်စဉ်တောင်ကျေးအကလေးဘဝနှင့် လူငယ် လူရွယ်တို့တွင် လိုက်နာကျင့်သုံးရသောအကျင့်ဓလေ့များပေါ်တွင် အများ အားဖြင့်အမှီပြုကြောင်းကို သားသမီးတို့အားသင်ကြားပေးရမည်။ သူတို့သည် စောစောပိုင်းကပင် လူကြီးမိဘဆရာသမားတို့၏ဆုံးမပဲ့ပြင်ခြင်းကိုဝန်ခံခြင်း၊

မိမိတို့ကိုယ်ကိုငြင်းပယ်ခြင်းနှင့် သူတစ်ပါး၏အခွင့်အရေးများကိုလေးစားခြင်းတို့ကို နားလည်မှုရှိထားရမည်။ စိတ်တိုခြင်း၊ ဒေါသနှင့်ပြောဆိုတတ်ခြင်းတို့ကိုရှောင်ရှား၍ ကြင်နာတတ်ခြင်း၊ ယဉ်းကျေးစွာဆက်ဆံခြင်းနှင့် မိမိတို့ကိုချုပ်တည်းခြင်းကိုကျင့်သုံးရန် သားသမီးများအား သင်ကြားပေးအပ်သည်။

**မျက်စိမရှိသောမေတ္တာ၏လှည့်ဖြားမှုခံရသောမိဘတို့** – မျက်စိမရှိသောချစ်ခြင်း၊ အလွန်လျပ်ပေါ်သောမေတ္တာပြသခြင်းမျိုးကို မကျင့်သုံးအပ်ပေ။ သားသမီးတို့၏လည်းပင်းကိုဖက်ထားရန် ခဲယဉ်းသောအလုပ်အမဟုတ်ပေ။ သို့ရာတွင် လုံးဝစကားနားထောင်မှုကြောင့် အဓိပ္ပါယ်ရှိရှိ၊ တန်ဖိုးရှိရှိဖြင့်ပြရသောမေတ္တာမျိုးမဟုတ်လျှင် ယင်းပြသမှုကိုအားမပေးသင့်ပေ။ သင်တို့၏အလိုလိုက်ခြင်း၊ ဘုရားသခင်၏လိုအပ်ချက်များကို အလေးမမူဂရုမစိုက်ခြင်းသည် အပြင်းထန်ဆုံးသောရက်စက်မှုဖြစ်သည်။ သင်တို့သည် "ကျွန်တော်တို့သားသည် ကျွန်တော်တို့ကိုချစ်ပါသည်" ဟုဆိုခြင်းအားဖြင့် သင်တို့သည်နားမထောင်ခြင်းကိုအားပေး၍ခွင့်လွှတ်သည်။ ယင်းကဲ့သို့သောမေတ္တာမျိုးသည်အပေါ်စားဖြစ်၍ လှည့်ဖြားသောသဘောရှိသည်၊ မေတ္တာစစ်မေတ္တာမှန်လုံးဝမဟုတ်ပေ။ အိမ်ထောင်၌ထားရှိအပ်သော မေတ္တာစစ်မေတ္တာမှန်ဆိုသည်မှာတန်ဖိုးရှိသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် နားထောင်ခြင်းမှပေါ်ပေါက်လာသည်။

သင်တို့၏သားသမီးများ၏ဝိညာဉ်များကို သင်တို့ချစ်မြတ်နိုးလျှင် သူတို့အားစည်းကမ်းတကျထားရှိပါ။ သို့ရာတွင် ကလေးများအားနမ်းရှုပ်ခြင်းနှင့် ချစ်ကြောင်းပြသောအထိမ်းအမှတ်များသည် သင်တို့စကျွန့်ကွင်း၏အလင်းကိုကွယ်စေ၍ ယင်းအခြေအနေကိုလည်း သားသမီးများကသိရှိသည်။ သားသမီးတို့အားပွေ့ဖက်ခြင်းနှင့်နမ်းရှုပ်ခြင်းဖြစ်သောနည်းတို့ကို နည်းနိုင်သမျှနည်းပါးစွာကျင့်သုံး၍ ကိစ္စဟူသမျှ၏အောက်ခြေသို့ဆင်းသက်လျက် မိဘတို့၏မေတ္တာစစ်မေတ္တာမှန်သည် ဘာဖြစ်ကြောင်းကိုပြပါ။ ယင်းကဲ့သို့အပေါ်ယံပြသမှုများသည် သင်တို့စေခိုင်းသမျှကိုနားထောင်ခြင်းနှင့် လေးစား

ခြင်းတို့မှပေါ်ပေါက်လာခြင်းမရှိလျှင် ယင်းတို့ကိုလိမ်လည်လှည့်ဖြားခြင်း အနေဖြင့်ငြင်းပယ်ပါ။

**မျက်စိမရှိသောချစ်ခြင်းမေတ္တာနှင့် ပြင်းထန်စွာဆုံးမခြင်းကို ရှောင်ပါ** – ကျွန်ုပ်တို့သည် မျက်စိမရှိသောချစ်ခြင်းမေတ္တာမျိုးကို မကျင့်သုံးဘဲနေကြရမည်မှန်သော်လည်း ပြင်းထန်သောဆုံးမခြင်းမျိုးကိုလည်း ရှောင်ကြည်ကြရမည်။ သားသမီးများအားခရစ်တော်ထံသို့ အဓမ္မနည်းလမ်းမျိုးဖြင့် ခေါ်ဆောင်၍မရပေ။ သူတို့ကိုဦးဆောင်ပေး၍ခေါ်ဆောင်လာနိုင်သည်။ သို့ရာတွင် မောင်းနှင်၍မရပေ။ ခရစ်တော်အရှင်က "ငါ့သိုးတို့သည် ငါ့စကားကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏" ဟုမိန့်တော်မူသည်။ ကိုယ်တော်ရှင်က ငါ့သိုးတို့သည် ငါ၏အသံကိုကြား၍ နားထောင်စေရန် အဓမ္မနည်းလမ်းကိုအသုံးပြုရ၏ဟု ကိုယ်တော်ရှင်ကမိန့်တော်မမူပေ။ သားသမီးများကိုအုပ်ချုပ်ရာတွင် မေတ္တာကိုပြသရမည်။ ကြမ်းတမ်းသောနည်းကိုအသုံးပြုခြင်းဖြင့်လည်းကောင်း၊ မတရားတောင်းဆိုသောနည်းကိုကျင့်သုံးခြင်းဖြင့်လည်းကောင်း သားသမီးတို့အား အနာတရမဖြစ်ပါစေနှင့်။ ကြမ်းတမ်းစွာဆက်ဆံခြင်းသည် စိတ်ဝိညာဉ်တို့အား စာတန်၏ပိုက်ကွန်ထဲသို့တွန်းပို့တတ်သည်။

သြဇာအာဏာနှင့်မေတ္တာတို့ကို ပူးပေါင်းထားသောသြဇာသက်ရောက်မှုသည် အိမ်ထောင်အုပ်ချုပ်ရေးဆိုင်ရာကိစ္စအဝဝတို့ကို တင်းကျပ်စွာနှင့်ကြင်နာစွာဆောင်ရွက်နိုင်စေလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခြင်းနှင့် ကိုယ်တော်ရှင်အား သားသမီးများပြုအပ်သောဝတ်တို့ကို ရှေးရှုဆောင်ရွက်ခြင်းသည် ကျွန်ုပ်တို့အားပျော့ညံ့ခြင်းနှင့်မကောင်းမှုပြုခြင်းတို့မှ ကာကွယ်ထားလိမ့်မည်။

**ကြမ်းတမ်းစွာဆက်ဆံခြင်းသည် နားထောင်မှုအတွက်လိုအပ်ချက်မဟုတ်ပေ** – နားထောင်မှုရှိရန် ကြမ်းတမ်းစွာဆက်ဆံမှုနှင့်ပြင်းထန်စွာဆုံးမမှုတို့သည် လိုအပ်သည်ဟု မည်သူမျှစိတ်ကူးထဲသို့မထည့်ကြပါစေနှင့်။ ကြမ်းတမ်းသောစကားတစ်ခွန်းမျှမပြောဘဲ (သို့မဟုတ်) ကြမ်းတမ်းသောမျက်နှာကိုမပြဘဲ အိမ်ထောင်ဆိုင်ရာအုပ်ချုပ်ရေးကို အချောမောဆုံးနှင့်

အပြေပြစ်ဆုံးဆောင်ရွက်လျက်ရှိသောအိမ်ထောင်မျိုးကို ကျွန်ုပ်သည် မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ပါသည်။ စေခိုင်းချက်များကို အာဏာသံပါပါပေး၍ ကြမ်းတမ်းစွာအပြစ်ပြောလျက် ပြင်းထန်စွာဒဏ်ပေးခြင်းကို မကြာခဏပြုကြသော အိမ်ထောင်များသို့လည်း ကျွန်ုပ်ဝင်ထွက်သွားလာဖူးပါသည်။ ပထမကိစ္စတွင် သားသမီးများသည် မိဘတို့၏လမ်းစဉ်ကိုကျင့်သုံးလျက် တစ်ယောက်နှင့်တစ်ယောက် ကြမ်းတမ်းသောလေသံမျိုးဖြင့် စကားပြောခြင်းမရှိကြပေ။ ဒုတိယကိစ္စတွင် မိဘတို့၏ပုံသက်သေကိုသားသမီးတို့က အတုယူကျင့်သုံးကြသည်။ စိတ်ဆိုးသောအသုံးအနှုန်းများ၊ အပြစ်ရှာသောစကားများနှင့်ငြင်းခုံမှုများကို နံနက်အချိန်မှမိုးချုပ်သည့်အချိန်အထိ ကြားနေရသည်။

ကြောက်ရွံ့စေ၍ စိတ်နှလုံးထဲမှမေတ္တာကိုမောင်းထုတ်သော အသုံးအနှုန်းများကို ချုပ်တည်းထားရမည်။ ပညာရှိ၍စိတ်နူးညံ့သိမ်မွေ့လျက် ဘုရားသခင်ကိုကြောက်ရွံ့သောဖခင်သည် ကျေးကျွန်စိတ်ဆန်သောကြောက်ရွံ့ခြင်းမျိုးမဟုတ်ဘဲ မေတ္တာအရင်းခံသောဆက်ဆံမှုမျိုးကို အိမ်ထောင်အတွင်းသို့ ဆောင်လာလိမ့်မည်။ ကျွန်ုပ်တို့သည် အသက်စမ်းရေကိုသောက်သုံးကြလျှင် စမ်းရေသည် ခါးသောရေမဟုတ်ဘဲ အေးမြကြည်လင်သောရေကို ပန်းထွက်စေလိမ့်မည်။

ကြမ်းတမ်းသောစကားသည် စိတ်ကိုခါးသီးစေ၍ သားသမီးတို့၏ စိတ်နှလုံးကို နာစေတတ်သည်။ တစ်ခါတစ်ရံ ယင်းနာကျင်ခြင်းများသည် ကုသရခက်သောအခြေအနေသို့ ဆိုက်ရောက်တတ်သည်။ အနည်းငယ်သော မတရားပြုလုပ်ခြင်းကိုပင် သားသမီးတို့သည်သိတတ်သည်။ အချို့သော သားသမီးများက ယင်းသို့မတရားပြုလုပ်မှုခံရလျှင် စိတ်အားငယ်လာ၍ အော်ဟစ်ပြီး ဒေါသသံဖြင့်ပြောသောစကားကိုလည်းနားမထောင်၊ ပြစ်ဒဏ်ပေးမည်ဟူသောခြိမ်းခြောက်မှုကိုလည်း မကြောက်ဘဲရှိတတ်ကြသည်။

မမှုလောက်သောအရာများအတွက် အပြင်းအထန်ပြစ်တင်ပြောဆိုခြင်းသည် အန္တရာယ်များလှသည်။ ပြင်းထန်သောပြစ်တင်ပြောဆိုခြင်းနှင့် ကျပ်တည်းသောချုပ်ချယ်မှုထားရှိခြင်းတို့သည် စည်းကမ်းဥပဒေရှိသမျှတို့ကို

ဂရုမစိုက်သောအခြေအနေသို့ ပို့ဆောင်တတ်သည်။ ကြာရှည်သောအခါ မှန်ကဲ့သို့သောအခြေအနေ၌ ကြီးပြင်းလာသောကလေးတို့သည် ခရစ်တော်ထားရှိတော်မူသောပညတ်တော်များကိုလည်း ရိုသေလေးစားမှုမရှိသောအခြေအနေသို့ပို့ဆောင်လိမ့်မည်။

**တူညီသောစည်းကမ်းသတ်မှတ်မှုနှင့်အမျက်ဒေါသကင်းသော ထိန်းချုပ်မှုလိုအပ်ခြင်း** – ကလေးများတို့တွင်အကင်းပါး၍ ချစ်ဖွယ်သောသဘာဝများရှိသည်။ သူတို့အားစိတ်ကျေနပ်မှုရှိအောင် ပြုလုပ်ရလွယ်ကူသည်နှင့်အမျှ သူတို့အားစိတ်မချမ်းမသာဖြစ်အောင် ပြုလုပ်ရလွယ်ကူသည်။ ချစ်ဖွယ်သောစကားပြောလျက် သိမ်မွေ့စွာပြောဆိုဆုံးမခြင်းနှင့် အပြုအမူများအားဖြင့် မိခင်တို့သည် သူတို့၏သားသမီးများအား သူတို့၏နှလုံးသားနှင့်ချည်နှောင်ထားနိုင်သည်။ စိတ်လိုက်မာန်ပါဆက်ဆံခြင်းနှင့် အတင်းအဓမ္မတောင်းဆိုစေခိုင်းခြင်းတို့သည် မဟာအမှားတော်ကြီးမားဖြစ်သည်။ အိမ်ထောင်တိုင်းတွင်စည်းကမ်းများထားရှိရာတွင် တူညီသောစည်းကမ်းသတ်မှတ်မှုနှင့် အမျက်ဒေါသကင်းသောထိန်းချုပ်မှုလိုအပ်ပေသည်။ မိဘတို့သည် သူတို့၏လိုအပ်ချက်ကိုငြိမ်သက်စွာပြောဆို၍ စဉ်းစဉ်းစားစားလုပ်ကိုင်လျက် သူတို့ပြောဆိုသည့်အတိုင်း တစ်သဝေမတိမ်းပြုလုပ်ရကြမည်။

သင်တို့၏သားသမီးတို့နှင့်ဆက်ဆံရာတွင် မေတ္တာကိုပြသလျှင်များစွာအကျိုးရှိပေလိမ့်မည်။ ကလေးများတို့ဆိုင်ရာအားကစားမှုများ၊ ဝမ်းမြောက်ခြင်းများနှင့်ဝမ်းနည်းခြင်းများတို့တွင် ကိုယ်ချင်းစာနာမှုကိုပြသခြင်းမရှိဘဲ သူတို့ကိုမောင်းထုတ်မပစ်ပါနှင့်။ မျက်မှောက်ကုတ်နေသောမျက်နှာမျိုးကိုမပြပါနှင့်။ ဒေါသထွက်သောစကားလုံးများကိုလည်း သင်တို့နှုတ်မှမထွက်ပါစေနှင့်။ ဘုရားသခင်သည် ယင်းစကားလုံးနှင့်အသုံးအနှုန်းများကိုမှတ်တမ်းများတွင်ရေးသားမှတ်သားထားတော်မူသည်။

**ဟန့်တားခြင်းနှင့်သတိပေးခြင်းသည်မလုံလောက်ပေ** – ညီအစ်ကိုတို့၊ အသင်းတော်အနေဖြင့် သင်တို့သည် သင်တို့၏သားသမီးများနှင့်လူငယ်လူရွယ်များအတွက် ဆောင်ရွက်အပ်သည်တို့ကို ဝမ်းနည်းစွာလျစ်လျူရှုခဲ့

ကြပေပြီ။ သူတို့အတွက်စည်းကမ်းဥပဒေများနှင့်ချုပ်ချယ်မှုများကို ထားရှိခဲ့သော်လည်း သင်တို့၏အကျင့်စာရိတ္တတွင် စာတန်ဘက်တော်သားဆန်သောစိတ်သဘောထားမျိုးမဟုတ်ဘဲ ခရစ်တော်၏စိတ်သဘောထားမျိုးကို သားသမီးတို့အားပြသရန် သတိကြီးစွာထားရပေမည်။ ကလေးသူငယ်များသည် အမြဲတမ်းစောင့်ကြည့်မှုနှင့် သိမ်မွေ့နူးညံ့သောမေတ္တာတရားကို လိုအပ်ကြသည်။ သူတို့အား သင်တို့၏နှလုံးသားများနှင့်ချည်နှောင်ထား၍ သူတို့၏ရှေ့တွင် ဘုရားသခင်ကိုချစ်ခြင်းနှင့်ကြောက်ရွံ့ရိုသေခြင်းကို အမြဲတမ်းထားရှိပါ။ ဖခင်နှင့်မိခင်တို့သည် သူတို့၏စိတ်သဘောကို ချုပ်ထိန်းထားခြင်းမရှိပေ။ ထို့ကြောင့် သူတစ်ပါးတို့အားအုပ်ချုပ်ရန် တော်လျော်သင့်မြတ်ခြင်းမရှိပေ။ သင်တို့၏သားသမီးများအားဟန့်တားခြင်းနှင့်သတိပေးခြင်းသည် လုံလောက်သည် မဟုတ်ပေ။ သမာသမတ်ဖြစ်အောင်ဆောင်ရွက်ရန်နှင့် ကရုဏာတရားကို မြတ်နိုးလာရန်၊ ၎င်းအပြင် ဘုရားသခင်နှင့်အတူတကွ စိတ်နှိမ့်ချသောသဘောနှင့်လိုက်လျှောက်ရန် သင်ကြားလေ့လာဖို့ သင်တို့အနေဖြင့်လိုအပ်နေသေးသည်။

**စိတ်ခက်ထန်သောကလေး၏မိခင်အတွက်အကြံပေးချက်** – သင့်ကလေးကိုသင်မပိုင်ချေ။ သင်သည် သူ့အားသင့်ဆန္ဒရှိသည့်အတိုင်း ပြုလုပ်၍မရပေ။ အဘယ်ကြောင့်ဆိုသော် သူသည် သူ့အားဖန်ဆင်းတော်မူသောဘုရားသခင်ပိုင်တော်မူသည်။ ဖွဲလုံ့လဖြင့်သူ့အားအုပ်ထိန်းပါ။ သူ့ကိုဘုရားသခင်ပိုင်တော်မူကြောင်းကို သွန်သင်ပေးပါ။ ယင်းကဲ့သို့သောသင်ကြားပို့ချပေးမှုမျိုးဖြင့် ကလေးသည် သူ့ပတ်ဝန်းကျင်၌နေထိုင်လျက်ရှိသောသူတို့အတွက် အကျိုးပြုသောကလေးအနေဖြင့် ကြီးထွားလာလိမ့်မည်။ သို့ရာတွင် သူ့အလိုဆန္ဒအရပြုလုပ်လိုသောသဘောနှင့် သူ့လိုအင်ဆန္ဒဖြည့်ဆည်းလိုသောသဘောထားကိုနှိပ်ကွပ်ထားရန် ပြတ်သား၍ထက်မြက်သော နားလည်မှုလိုအပ်ပေလိမ့်မည်။

**ညီမျှတည်ငြိမ်စွာတိုးတက်သောအုပ်ချုပ်မှု** – အိမ်ထောင်ဦးစီးအနေဖြင့် အုပ်ချုပ်မှုလွန်ကဲစွာတင်းကျပ်ခြင်းကြောင့် ပြိုကွဲသွားသောအိမ်ထောင်

များကို ကျွန်ုပ်တို့တွေ့မြင်ဖူးသည်။ တစ်ဦးနှင့်တစ်ဦးတိုင်ပင်နှီးနှော၍ တူညီသောသဘောဖြင့် ကိစ္စအဝဝတို့ကိုဆောင်ရွက်ခဲ့လျှင် ယင်းကဲ့သို့သောစိတ်မချမ်းသာမှုမျိုးကို ရှောင်ရှားနိုင်ခဲ့မည်ဖြစ်သည်။

အိမ်ထောင်ကိုအုပ်ချုပ်ရာတွင် တည်ငြိမ်မှုမရှိခြင်းသည် ကြီးမားသောအန္တရာယ်ကိုဖြစ်စေတတ်သည်။ အမှန်အားဖြင့် အုပ်ချုပ်မှုလုံးဝမရှိသကဲ့သို့ ဆိုးရွားသည်။ ဘာသာတရားကိုင်းရှိုင်းမှုရှိသော မိဘတို့၏သားသမီးများသည် အများအားဖြင့်ဘာကြောင့်ခေါင်းမာသနည်း။ ဘာကြောင့်ပွင့်လင်းစွာတော်လှန်တတ်သနည်းဟူ၍ မေးခွန်းများမကြာခဏမေးတတ်သည်။ အဖြေကိုအိမ်ထောင်ဆိုင်ရာသွန်သင်ဆုံးမမှုအတွင်း တွေ့ရှိနိုင်သည်။ အများအားဖြင့် မိဘနှစ်ပါးတို့သည် သူတို့၏အိမ်ထောင်မှုဆိုင်ရာအုပ်ချုပ်မှုတွင် စည်းလုံးညီညွတ်ခြင်းမရှိကြပေ။

တစ်ခါတစ်ရံတွင် တင်းကျပ်စွာအုပ်ချုပ်၍ တစ်ခါတစ်ရံတွင် ပြစ်တင်ရှုတ်ချထားသောကိစ္စတစ်ခုခုကို ခွင့်ပြုထားခြင်းတည်းဟူသော မူမမှန်သောအုပ်ချုပ်မှုသည် သားသမီးများတို့အား ပျက်စီးရာလမ်းကြောင်းထဲသို့ တွန်းပို့သည်နှင့်တူသည်။

**မိဘတို့နှင့်သားသမီးတို့အတွက် အတုံ့အလှည့်ဖြစ်သောပညတ်** — ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ပညတ်တော်ချပေးတော်မူသောအရှင်နှင့် ရှင်ဘုရင်ဖြစ်တော်မူ၍ မိဘတို့သည် သူတို့ကို ကိုယ်တော်ရှင်၏အုပ်ချုပ်မှုအောက်တွင်ထားရှိကြရမည်။ ဤပညတ်တော်က မိဘတို့အနေဖြင့် သားသမီးတို့အားညှဉ်းပန်းနှိပ်စက်ခြင်းကိုလည်းကောင်း၊ သားသမီးတို့အနေဖြင့် မိဘတို့၏စကားနားမထောင်ခြင်းရှိသမျှကိုလည်းကောင်း တားမြစ်သည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ၊ ကရုဏာ၊ သမ္မာတရားတို့နှင့်ပြည့်ဝတော်မူသည်။ ကိုယ်တော်ရှင်၏ပညတ်တော်သည် သန့်ရှင်းဖြောင့်မတ်၍ ကောင်းမြတ်တော်မူသောကြောင့် မိဘတို့နှင့်သားသမီးများရိုသေနားထောင်ကြရမည်။ မိဘတို့နှင့်သားသမီးတို့၏ဘဝအသက်တာများကို စည်းမျဉ်းတကျဖြစ်စေရမည်။ စည်းကမ်းဥပဒေများသည် အကန့်အသတ်မရှိသော မေတ္တာလွှမ်းမိုးသော

နှလုံးသားထဲမှ စီးဆင်းလာရမည်။ ဘုရားသခင်၏ကြွယ်ဝသောကောင်းချီး မင်္ဂလာကို သူတို့၏အိမ်ထောင်များ၌ ကိုယ်တော်ရှင်၏ပညတ်တော်ကို ကျင့်သုံးစေသော မိဘတို့အပေါ်၌လည်းကောင်း၊ ဤပညတ်တော်ကိုရိုသေ နားထောင်သော သားသမီးများအပေါ်သို့လည်းကောင်း သွန်းလောင်းတော် မူမည်။ ကရုဏာတော်နှင့်ဖြောင့်မတ်ခြင်းတို့၏ဒွန်တွဲသော ဩဇာသက်ရောက် မှုကိုခံစားကြရမည်။ "ကရုဏာနှင့်သစ္စာဆုံမိပြီ။ တရားနှင့်ချမ်းသာသည် တစ်ပါးကိုတစ်ပါးနမ်းကြပြီ။ " ဤစည်းမျဉ်းအရ ရပ်တည်သောအိမ်ထောင် တို့သည် တရားမျှတမှုနှင့်ပိုင်းခြားဝေဖန်တတ်မှုဖြင့် ဘုရားသခင်ကြိုက်နှစ်သက် တော်မူသောလမ်းထဲတွင် လျှောက်လိုက်ကြမည်ဖြစ်သည်။

---o---

## အခန်း ၅၃
# စည်းလုံးညီညွတ်စွာဆောင်ရွက်ရေး

**အုပ်ချုပ်ရေးတာဝန်များကိုခွဲဝေဆောင်ရွက်ရမည်** – သူတို့၏ သားသမီးများလမ်းမှန်သို့ပို့ဆောင်ရာတွင် မိခင်နှင့်ဖခင်တို့တွင် မည်သူသည် ကြီးလေးသောတာဝန်ကို စည်းလုံးညီညွတ်စွာဖြင့်လည်းကောင်း၊ ဆုတောင်း လျက်လည်းကောင်း ဆောင်ရွက်ကြရမည်နည်း။

မိဘတို့သည် တစ်တပ်တစ်အားအနေဖြင့် လက်တွဲဆောင်ရွက်ကြ ရမည်။ သဘောကွဲလွဲမှုမရှိစေရ။ သို့ရာတွင် အများသောမိဘတို့သည် ဆန့်ကျင်ဘက်ဖြစ်သော ရည်စူးချက်များအားဖြင့် အလွဲလွဲအချော်ချော်အုပ်ချုပ် မှုကြောင့် သားသမီးတို့သည် ကလေးဆိုးကလေးများဖြစ်ကြရသည်။ ဖြစ်ပျက် တတ်သောအခြေအနေမှာ တစ်ခါတစ်ရံ ဖခင်နှင့်မိခင်တို့တွင် တစ်ဦးက သားသမီးများ၏အလိုလိုက်အားကြီး၍ ကျန်တစ်ဦးက ဆက်ဆံပုံပြင်းထန် လွန်းသည်။ သူတို့သားသမီးများ၏စာရိတ္တများကို ယင်းကဲ့သို့သောခြားနား မှုသည် သက်ရောက်နိုင်သောကောင်းကျိုးကို ဖျက်ဆီးတတ်သည်။ ပြုပြင် ပြောင်းလဲမှုများကိုဆောင်ရွက်ပေးနေစဉ် ပြင်းထန်သောအစမ္မနည်းကိုအသုံး မပြုရ။ သို့ရာတွင် တစ်ချိန်တည်းမှာပင် အားနည်းသောအလိုလိုက်မှုကိုမပြု ရ။ သားသမီးတို့၏အပြစ်များကို ဖခင်ဖြစ်သူမမြင်စေရန် မိခင်ကဖုံးဖိမထား ရ။ ဖခင်ဖြစ်သူကသားသမီးတို့အား မပြုလုပ်ရန်တားမြစ်ထားသောအရာများ ကိုလည်း သူတို့အားပြုလုပ်ခွင့်မပေးသင့်ပေ။ ဖခင်အုပ်ချုပ်မှုဉာဏ်အမြော် အမြင်ကြီးပုံနှင့်ပတ်သက်၍ သားသမီးတို့၏စိတ်ထဲတွင် ယုံမှားသံသယဖြစ် စေမည့်မျိုးစေ့ကို စိုက်ပျိုးခြင်းမပြုရ။ ဖခင်၏လက်ဖြင့်ရေးသမျှကို မိခင်က ခြေဖြင့်မဖျက်ရ။

အကယ်၍ ဖခင်နှင့်မိခင်တို့သည် ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ် နေလျှင်လည်းကောင်း၊ တစ်ဦး၏ဩဇာကိုတစ်ဦးကဖြိုခွင်းနေလျှင်လည်းကောင်း

အိမ်ထောင်သည် အမှုအကျင့်ဖောက်ပြန်သောအခြေအနေတွင်ရပ်တည်နေလျက် အုပ်ချုပ်မှုကောင်း၍ စည်းကမ်းသေဝပ်သောအိမ်ထောင်အတွက် လိုအပ်လှသောလေးစားမှုနှင့်ယုံကြည်မှုကို ဖခင်ရောမိခင်ပါ ရရှိလိမ့်မည်မဟုတ်ပေ။ အိမ်ထောင်တစ်ခု၏စည်းကမ်းပညတ်ချက်များ အထူးသဖြင့် သားသမီးတို့၏အပြုအမူများကို ချုပ်တည်းသောစည်းကမ်းချက်များကို ထိခိုက်မည့်မည်သည့်အရာကိုမဆို အသိမြန်သည်။

သူတို့၏သားသမီးများအား စည်းကမ်းသတ်မှတ်ပေးရာတွင် ဖခင်နှင့်မိခင်တို့ပူးပေါင်းဆောင်ရွက်ရကြမည်။ တစ်ဦး၏တာဝန်ကိုတစ်ဦးကဝေငှဆောင်ရွက်၍ တတ်နိုင်သမျှသူတို့အား ကျန်းမာရေးကောင်းမှုနှင့်ကြီးထွားရင့်သန်သောစာရိတ္တများရရှိစေရန် သွန်သင်ဆုံးမပေးရမည့်တာဝန်ကို သူတို့အားဘုရားသခင်က အပ်နှင်းထားတော်မူသည်ကို သူတို့အနေဖြင့်သိထားရကြမည်။

**လိမ်လည်လှည့်ဖြားခြင်းကိုသင်ပေးနိုင်သောနည်းလမ်းများ** – သားသမီးတို့ချစ်တတ်သောအချို့မိခင်များသည် မိမိတို့သားသမီးများ၌မရှိအပ်၊ မပြုအပ်သောအရာများကို ခွင့်ပြုထားတတ်ကြသည်။ တစ်ခါတစ်ရံသားသမီးတို့၏မှားယွင်းသောအပြုအမူများကို ဖခင်ဖြစ်သူအားအကြောင်းမကြားဘဲ ဖုံးအုပ်ထားတတ်ကြသည်။ အဝတ်အစားဖြစ်စေ၊ အခြားအလိုလိုက်၍ဝယ်ပေးထားသောပစ္စည်းတစ်ခုခုကို ဖခင်ကမနှစ်သက်သည့်အတွက် ဆူပူကြိမ်းမောင်းလိမ့်မည်ဖြစ်သောကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ဖခင်အားအသိမပေးရန် မိခင်ဖြစ်သူနှင့်သားသမီးတို့သည် နားလည်မှုယူထားကြသည်။

ယင်းကဲ့သို့ပြုလုပ်သောအခါ သားသမီးတို့အား လိမ်လည်လှည့်ဖြားခြင်းသင်ခန်းစာကို ထိထိရောက်ရောက်သွန်သင်ပေးလိုက်ခြင်းဖြစ်သည်။ ထိုနောက် ဖခင်ဖြစ်သူက ယင်းမှားယွင်းမှုများကိုသိရှိလာသောအခါ ဆင်ခြေအမျိုးမျိုးပေးကာ အမှန်ကိုပြည့်ပြည့်စုံစုံမပြောဘဲနေခဲ့သည်။ မိခင်ဖြစ်သူသည် ပွင့်ပွင့်လင်းလင်းဖြစ်သောသူမဟုတ်ပေ။ သူမကဲ့သို့ပင် ဖခင်ဖြစ်သူသည် သားသမီးတို့၏ကိစ္စအဝဝတွင် စိတ်ဝင်စားမှုမရှိကြောင်းကိုလည်းကောင်း

ငယ်**ရွယ်ချိန်တွင်** သားသမီးတို့၏ပြုပြင်ပေးသင့်သော မှားယွင်းချက်များကို **ဖခင်ဖြစ်**သူအားအသိမပေးဘဲနေတတ်သည်ကိုလည်းကောင်း မိခင်ဖြစ်သူသည် စဉ်းစားသင့်သော်လည်း မစဉ်းစားဘဲနေခဲ့သည်။ အဖြစ်အပျက်အားလုံးတို့ကို ဖုံးဖိထားခဲ့သည်။ မိဘနှစ်ပါးတို့သည် စည်းလုံးမှုမရှိသည်ကို သားသမီးတို့က သိရှိကြသည်။ ယင်းအခြေအနေသည် မကောင်းမှုကိုဖန်တီးလေသည်။ သားသမီးတို့သည် ငယ်စဉ်ကပင် လိမ်လည်လှည့်ဖြားတတ်ကြသည်။ မကောင်းမှုဒုစရိုက်ကို ဖုံးဖိတတ်လာကြသည်။ သူတို့၏မိခင်နှင့်ဖခင်ကိုပါ အဖြစ်သနစ်အမှန်ကိုဖုံးဖိ၍ မမှန်သောစကားကိုဆိုတတ်ကြသည်။ ပုံကြီးချဲ့၍ပြောဆိုတတ်ခြင်းသည် အကျင့်ဖြစ်လာ၍ အမှားကိုအမှားမှန်းသိလျက်နှင့် ၎င်းအပြင် ဩတ္တပ္ပစိတ်၏နှိုးဆော်မှုကိုဂရုမပြုဘဲ မုသားစကားကိုသာ အခမ့် ပြောတတ်လာကြသည်။ သူတို့သားသမီးများ၏စာရိတ္တပြုပြင်ရေးတွင် မိခင်နှင့်အတူတူပင် စိတ်ဝင်စားမှုရှိသောဖခင်အား အဖြစ်အပျက်မှန်သမျှကိုမပြောဘဲ ဖုံးဖိထားသောမိခင်က အထက်ပါဆိုးကျိုးများကို အစပြု၍ဖန်တီးတီထွင်ပေးခဲ့သည်။ မိခင်ဖြစ်သူသည် ဖခင်ဖြစ်သူအား အိမ်ထောင်မှုဆိုင်ရာကိစ္စတိုင်းကို အသိပေးရမည်။ သားသမီးတို့၏မှားယွင်းမှုအဖုံဖုံတို့ကို ဖုံးဖိကွယ်ဝှက်ထားခဲ့ခြင်းသည် သူတို့အားလိမ်လည်လှည့်ဖြားမှုကိုကျင့်သုံးစေရန်လည်းကောင်း၊ သစ္စာရှိခြင်းနှင့်ရိုးသားခြင်းတို့ကို ကျောခိုင်းစေရန်လည်းကောင်း အားပေးအားမြှောက်ပြုကြလေသည်။

သူတို့၏သားသမီးများကိုအုပ်ထိန်းရာတွင် ခရစ်ယာန်မိဘတို့သည် တိကျခိုင်မြဲသောအခြေခံမူတစ်ခုကို အမြဲတမ်းထားရှိရမည်။ ဤကိစ္စတွင် အချို့သောမိဘတို့တွင် မှားယွင်းမှုတစ်ခုရှိသည်။ ယင်းမှားယွင်းမှုမှာ စည်းလုံးညီညွတ်ခြင်းဟူ၍ ဗလာနတ္ထိမရှိခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ယင်းမှားယွင်းမှုတို့သည် ဖခင်ဖြစ်သူ၌ရှိသည်။ သို့ရာတွင် အများအားဖြင့် မိခင်ဖြစ်သူ၌ရှိသည်။ ချစ်တတ်သောမိခင်သည် သားသမီးတို့အားချော့မော့တတ်၍ အလိုလည်းလိုက်တတ်သည်။ မခင်မှာမူ မိမိ၏အလုပ်ကိစ္စကြောင့် မကြာခဏပင်သူ့အိမ်ထောင်နှင့်လည်းကောင်း၊ သူ့သားသမီးများနှင့်နီးနီးကပ်ကပ်နေထိုင်

ခြင်းဖြင့်လည်းကောင်း ကင်းကွာ၍နေရတတ်သည်။ မိခင်၏သြဇာလွှမ်းမိုးမှုကစကားပြောသည်။ သားသမီးတို့၏အကျင့်စာရိတ္တကြွံခိုင်မှုကို တည်ဆောက်ပေးရာတွင် မိခင်၏ပုဂ္ဂလိကပံ့သက်သေသည် အလွန်ပင်အရေးပါအရာရောက်လှသည်။

**စိတ်ဝမ်းကွဲသောမိဘများအတွက် သားသမီးတို့အဖို့ပြဿနာပေါ်လာတတ်သည်** – အိမ်ထောင်ကိုအခြေကျကျခိုင်ခိုင်မြဲမြဲ ဖွဲ့စည်းတည်ထောင်ထားရမည်။ မိမိတို့ထမ်းဆောင်ရမည့်တာဝန်များကို မိဘဖြစ်သူနှစ်ပါးတို့သည် တိုင်ပင်နှီးနှောဆွေးနွေးစဉ်းစားရကြမည်။ ထိုနောက် ကြည်လင်ပြတ်သားသောနားလည်မှုဖြင့် မိမိတို့၏သက်ဆိုင်ရာတာဝန်ကို ထမ်းဆောင်ရမည်။ စိတ်ဝမ်းကွဲမှုမရှိစေရ။ ဖခင်နှင့်မိခင်တို့သည် မိမိတို့သားသမီးများ၏ရှေ့တွင် တစ်ဦးနှင့်တစ်ဦး၏အကြံအစည်များ၊ ဝေဖန်ချက်များနှင့်ပတ်သက်၍ ဘယ်အခါမျှဝေဖန်ပြောဆိုခြင်းမပြုသင့်ကြပေ။

အကယ်၍မိခင်ဖြစ်သူသည် ဘုရားသခင်ကိုသိကျွမ်းခြင်းအရာမှာ အတွေ့အကြုံနည်းပါးလျှင် သူမသည်အကျိုးမှအကြောင်း၊ အကြောင်းမှအကျိုးဆင်ခြင်လျက် ဖခင်ကသူ့သားသမီးတို့၏ကယ်တင်ခြင်းခံစားစေမှုအတွက်ကြိုးပမ်းနေမှုများကို သူမ၏ဆုံးမသွန်သင်မှုက ပိုမိုအခက်အခဲဖြစ်စေသည် မဖြစ်စေသည်ကို ဆန်းစစ်ကြည့်သင့်ပေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထားရှိတော်မူသောနည်းလမ်းကို ကျင့်သုံးနေသလား။ ဤမေးခွန်းသည် အရေးပါအရာရောက်ဆုံးမေးခွန်းဖြစ်သည်။

မိဘတို့သည် သဘောတူညီမှုမရှိသောအခါ သူတို့သည် တစ်ဦးနှင့်တစ်ဦးနားလည်မှုရရှိသောချိန်တိုင်အောင် သားသမီးတို့၏ရှေ့တွင်မတွေ့ဆုံဘဲနေရန် သင့်လျော်ပေသည်။

အိမ်ထောင်ကိုထိန်းသိမ်းရာတွင် မိဘတို့သည် မကြာခဏတွင် စိတ်ဝမ်းကွဲနေတတ်ကြသည်။ သားသမီးတို့နှင့်အတူတကွ ဖခင်နေထိုင်ရသောအချိန်သည် အလွန်နည်းပါးသောကြောင့်လည်းကောင်း၊ သားသမီးတို့၏ထူးခြားသောစိတ်နေသဘောထားများကို မသိသောကြောင့်လည်းကောင်း

ကြမ်းတမ်းခက်ထန်သယောင်ရှိနေတတ်သည်။ သူ့ဒေါသစိတ်ကိုချုပ်တည်းခြင်းမပြုသော်လည်း အမျက်ဒေါသထွက်ပုံကိုပြုပြင်လိုက်သည်။ သားသမီးကဤအကြောင်းကိုသိရှိသည်။ သို့ရာတွင် ပေးသောပြစ်ဒဏ်ကိုခံရသောအခါသူသည်စိတ်ဆိုးသည်။ မိခင်အနေဖြင့် တစ်ကြိမ်ကအရေးမယူခဲ့သောကျင့်ကြံပြုမူချက်မျိုးကို တခြားအကြိမ်တွင် ပြင်းထန်စွာဆုံးမလိမ့်မည်။ သားသမီးများအနေဖြင့် မည်သည့်အရာကိုမျှော်လင့်ရန် ဘယ်အခါမျှမသိဘဲ သူတို့သည် ပြစ်ဒဏ်အပေးမခံရဘဲ မည်သည့်အခြေအနေအထိ သူတို့မကောင်းမှုကျူးလွန်၍နေနိုင်သည်ကို သိရှိလိုသောဆန္ဒမျိုး ပေါ်ပေါက်လာနိုင်ကြသည်။ ဤနည်းအားဖြင့် မကောင်းမှုဒုစရိုက်တည်းဟူသော မျိုးစေ့ကိုကြဲ၍ ဒုစရိုက်အသီးများသီးလာကြလေသည်။

သားသမီးတို့အား စည်းကမ်းကျကျထားရှိရေးလုပ်ငန်းတွင် မိဘနှစ်ပါးတို့သည် စည်းလုံးညီညွတ်မှုရှိလျှင် သားသမီးတို့အနေဖြင့် သူတို့ဘာလုပ်ရမည်၊ ဘာကိုရှောင်ကြဉ်ရမည်ကို သိရှိကြလိမ့်မည်။ သို့ရာတွင်မိခင်အနေဖြင့်သွန်သင်ဆုံးမမှုကို ဖခင်ဖြစ်သူက သဘောမကျကြောင်းစကားအားဖြင့်ဖြစ်စေ၊ အမူအရာအားဖြင့်ဖြစ်စေ ပြသသောအခါ၌လည်းကောင်း၊ မိခင်သည်တင်းကျပ်လွန်း၍ သူမ၏ကြမ်းတမ်းစွာဆက်ဆံမှုကိုအဖတ်ဆယ်ရန်သားသမီးတို့အားချော့မော့၍ အလိုလိုက်ရမည်ဟု ဖခင်အနေဖြင့်ယူဆသောအခါ၌လည်းကောင်း သားသမီးတို့သည် ပျက်စီးခြင်းသို့ဦးတည်သွားကြမည်ဖြစ်သည်။ မကြာခဏသားသမီးတို့က သူတို့စိတ်တိုင်းကျဘာမဆိုပြုလုပ်နိုင်သည်ဟူသော သဘောထားမျိုးကို ရရှိသွားလိမ့်မည်ဖြစ်သည်။ သားသမီးတို့အပေါ် ဤကဲ့သို့သောမှားယွင်းသောလမ်းစဉ်ကို ကျင့်သုံးခဲ့သောမိဘတို့သည် သူတို့၏သားသမီးများအား ဝိညာဉ်ပျက်စီးဆုံးပါးမှုအတွက် တာဝန်ရှိကြသူများဖြစ်သည်။

သားသမီးတို့အားမိဘများ၊ ကြည့်ရှုစောင့်ရှောက်ပေးရသူများ (သို့မဟုတ်) တာဝန်ယူရသောမိတ်ဆွေများက မည်ကဲ့သို့ပြုစုဆက်ဆံကြသည်ကို တွေ့မြင်သိရှိကြရန် ကောင်းကင်တမန်တို့သည် စိတ်အားထက်သန်

စွာစောင့်ကြည့်နေကြသည်။ ဖခင်ဖြစ်သူနှင့်မိခင်ဖြစ်သူတို့စိတ်ဝမ်းကွဲ၍ ပြဒါး တစ်လမ်းသံတစ်လမ်းဖြစ်နေသောအိမ်ထောင်မျိုးကို သူတို့တွေ့မြင်ရသော အခါ ဘယ်မျှလောက်ထူးဆန်းသောအလွဲအုပ်ချုပ်ထိန်းသိမ်းမှုကို သူတို့တွေ့ ကြဘိသနည်း။ ဖခင်နှင့်မိခင်တို့ပြောဆိုသောစကား၏လေသံများ၊ သူတို့၏ မျက်နှာထားများ၊ သူတို့၏အသုံးအနှုန်းများတို့က သူတို့၏သားသမီးများကို အုပ်ထိန်းရာတွင် သူတို့သည် စည်းလုံးညီညွတ်မှုမရှိကြောင်းကို ပြသကြ သည်။ ဖခင်ဖြစ်သူက မိခင်ဖြစ်သူအား အပြစ်တင်စကားများကိုပြောဆို၍ သားငယ်သမီးငယ်တို့အတွက် မိခင်၏ကြင်နာမှုနှင့်မေတ္တာကို သားသမီးတို့က မလေးမစားမခန့်မညားပြုစေရန် လမ်းပြပို့ဆောင်လေသည်။ မိခင်ဖြစ်သူက သူမအနေဖြင့် သားသမီးများအား များစွာချစ်ရန်တာဝန်ရှိသည်။ ၎င်းအပြင် သားသမီးတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးရမည်။ အလိုလိုက်ရမည်ဟု ယူဆထားသည်။ အဘယ်ကြောင့်ဆိုသော် ဖခင်ဖြစ်သူသည် ကြမ်းတမ်း ခက်ထန်သယောင်ရှိ၍ သည်းခံသောစိတ်ကင်းမဲ့သဖြင့် ယင်းကြမ်းတမ်း ခက်ထန်မှုကို သူမကတန်ပြန်ရမည်ဟုယူဆထားသည်။

**များစွာဆုတောင်းခြင်းနှင့်နက်နက်နဲနဲတွေးတောခြင်းတို့ကို လိုအပ်သည်** – လိုအင်ဆန္ဒနှင့်စိတ်သဘောထားတို့သည် ဘုရားသခင်၏ အလိုတော်နှင့်ညီညွတ်ခြင်းမရှိလျှင် အိမ်ထောင်အသိုက်အဝန်းထဲမှာပင် မေတ္တာ တရားသည် ကြည်ရှည်တည်တံ့ခြင်းမရှိနိုင်ပေ။ စွမ်းရည်နှင့်စိတ်ဆန္ဒရှိသမျှ တို့ကို ခရစ်တော်ယေရှု၏ဂုဏ်တော်များနှင့် တညီတညွတ်တည်းရှိစေရမည်။ အိမ်ထောင်တွင် သူတို့၏ဩဇာမညောင်းစေရန် ဖခင်ဖြစ်သူနှင့်မိခင်ဖြစ်သူ တို့သည် ဘုရားသခင်ကိုချစ်ကြောက်ရိုသေသောစိတ်ဖြင့် သူတို့၏ရည်စူး ချက်များကိုပူပေါင်းထားလျှင် သူတို့အနေဖြင့် များစွာဆုတောင်းခြင်းနှင့် နက်နက်နဲနဲဆင်ခြင်တွေးကောခြင်းတို့ကိုလိုအပ်ကြောင်း သူတို့တွေ့မြင်ကြ လိမ့်မည်။ သူတို့သည် ဘုရားသခင်ကိုရှာဖွေကြသောအခါ ယုံကြည်စွာဖြင့် တောင်းသော သူတို့၏ပတ္ထနာကိုဖြေကြားသည့်အနေဖြင့် သူတို့ကိုကာကွယ် စောင့်ရှောက်ရန် ကောင်းကင်တမန်များရှိနေကြသည်ကိုတွေ့မြင်ရန် သူတို့၏

မျက်စိများပွင့်လာကြမည်။ သူတို့၏အကျင့်စာရိတ္တအားနည်းချို့တဲ့မှုကို အောင်မြင်၍ပြည့်စုံသောဘဝသို့ တက်လှမ်းကြလိမ့်မည်ဖြစ်သည်။

**မေတ္တာပိုးကြိုးနှင့်နှလုံးသားချင်းကိုချည်နှောင်ထားရမည်** – ဖခင်ဖြစ်သူနှင့်မိခင်ဖြစ်သူတို့၏နှလုံးသားချင်းကို အရင်းနှီးဆုံးနှင့်အပျော်ရွှင်ဆုံးဖြစ်သောအခြေအနေတွင် ချည်နှောင်ထားကြပါ။ တစ်ဦးနှင့်တစ်ဦးမခွဲခွာဘဲ တစ်ဦးနှင့်တစ်ဦးအရင်းနှီးဆုံးအခြေအနေတွင် နှလုံးသားချင်းချည်နှောင်ထားကြပါ။ ထိုအခါ သင်တို့သားသမီးများ၏နှလုံးသားများနှင့် သင်တို့၏နှလုံးသားများကို မေတ္တာပိုးကြိုးဖြင့်ချည်နှောင်ထားရန် အသင့်ဖြစ်နေလိမ့်မည်။

မျိုးစေ့ကိုယခုကာလနှင့်ထာဝရကာလအတွက် ဆက်လက်စိုက်ပျိုးကြပါ။ ခရစ်ယာန်မိဘတို့၏ကြိုးပမ်းမှုအလုံးစုံတို့ကို ကောင်းကင်သားတို့သည် စောင့်ကြည့်နေကြပါသည်။

---o---

## အခန်း ၅၄
## အိမ်ထောင်၏ဘာသာအယူဝါဒ

**အိမ်ထောင်၏ဘာယာအယူဝါဒအတွက်ရှင်းပြချက်** – အိမ်ထောင်၏ဘာသာအယူဝါဒအရေးတွင် သားသမီးတို့အား ဘုရားသခင်၏သွန်သင်ဆုံးမတော်မူချင်အတိုင်းကြီးပြင်းလာစေရန် ဆောင်ရွက်မှုပါဝင်သည်။ အိမ်ထောင်သားတိုင်းအား စာတန်က ခရစ်တော်ထံမှသွေးဆောင်ခေါ်ငင်မသွားနိုင်စေရန် ခရစ်တော်ပေးထားတော်မူသောသင်ခန်းစာများအားဖြင့် ကြီးထွားရင့်သန်လာစေ၍ ဝိညာဉ်တိုင်းကိုလည်း ဝီရိယရှိရှိဖြင့် ကာကွယ်စောင့်ထိန်းရမည်။ ဤစံချိန်သို့အိမ်ထောင်တိုင်းကရောက်ရှိရန် ရည်စူးချက်ထားရှိလျက်ပျက်ကွက်မှုသော်လည်းကောင်း၊ စိတ်အားငယ်မှုကိုသော်လည်းကောင်း ခွင့်မပြုရန်သန္နိဋ္ဌာန်ချထားရမည်။ မိဘတို့အနေဖြင့် သူတို့၏ဆုံးမခြင်းကို ဝီရိယရှိစွာဖြင့်လည်းကောင်း၊ နိုးကြားစွာဖြင့်လည်းကောင်း၊ ဆောင်ရွက်၍ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေမည်ဟူသော ရည်စူးချက်ကိုထားရှိရန်သားသမီးတို့အားသွန်သင်ပေးလျှင်လည်းကောင်း ခရစ်တော်အသေခံတော်မူသော သားသမီးတို့၏ဝိညာဉ်များကိုကယ်ဆယ်ရာတွင် မိဘတို့သည်ဘုရားသခင်နှင့်လက်တွဲဆောင်ရွက်ကြသည်နှင့်အမျှ ကိုယ်တော်ရှင်သည်သူတို့နှင့်လက်တွဲဆောင်ရွက်တော်မူသည်။

ဘာသာအယူဝါဒဆိုင်ရာသင်ကြားမှုသည် သာမန်သင်ကြားမှုထက်အဓိပ္ပါယ်များစွာပိုမိုသက်ရောက်သည်။ ၎င်း၏အဓိပ္ပါယ်သက်ရောက်မှုမှာမိဘတို့သည် သားသမီးတို့နှင့်ဆုတောင်းပတ္ထနာပြုရကြမည်။ ယေရှုရှင်အထံတော်သို့ချဉ်းကပ်ပုံချဉ်းကပ်နည်းနှင့် သူတို့လိုအပ်သမျှကို ကိုယ်တော်ရှင်အထံတော်မှတောင်းဆိုပုံတို့ကို သင်ကြားပေးရမည်။ ထို့ပြင်မက ယေရှုရှင်သည် သင့်အတွက် ခပ်သိမ်းသောအရာဖြစ်တော်မူသည်ကို သင့်ဘဝအသက်တာတွင် လက်တွေ့ပြသခြင်းဖြစ်၍ ကိုယ်တော်ရှင်၏မေတ္တာတော်က သင်တို့

အားသည်းခံသောစိတ်၊ ကြင်နာသောစိတ်၊ ရှည်သောစိတ်ကိုပေးသော်လည်း အာဖြဟံပြုလုပ်ခဲ့သကဲ့သို့ သင်တို့၏သားသမီးများအားဆုံးမပဲ့ပြင်ရာတွင် တည်ကြည်မှုရှိခြင်းဖြစ်သည်။

သင်တို့၏အိမ်ထောင်၌နေထိုင်ကြသည့်အတိုင်း ကောင်းကင်ဘုံ၌ရှိသောစာစောင်များတွင် မှတ်တမ်းတင်ထားလိမ့်မည်ဖြစ်သည်။ ကောင်းကင်ဘုံတွင်သူတော်စင်ဖြစ်လိုသောသူသည် ပထမဆုံးသူ့အိမ်ထောင်တွင်သူတော်စင်ဖြစ်ရမည်။ အိမ်ထောင်တွင်ဖခင်နှင့်မိခင်တို့သည် ခရစ်ယာန်အစစ်အမှန်များဖြစ်ခဲ့လျှင် သူတို့သည် အသင်းတော်အတွက်အကျိုးပြုသော အသင်းသားများဖြစ်လာ၍ သူတို့အိမ်ထောင်တွင် အိမ်ထောင်မှုကိစ္စအဝဝတို့ကို စီမံခန့်ခွဲလုပ်ကိုင်သည့်အတိုင်း အသင်းတော်၏အမှုကိစ္စတို့ကို လုပ်ကိုင်ကြမည်ဖြစ်သည်။

မိဘတို့၊ သင်တို့ဘာသာအယူဝါဒသည် ပါးစပ်ပြောသာမဖြစ်စေဘဲ လက်တွေ့အကောင်းအထည်ဖော်သောကိစ္စဖြစ်ပါစေ။

**ဘာသာအယူဝါဒသည် အိမ်ထောင်ဆိုင်ရာပညာရေး၏တစ်စိတ်တစ်ဒေသဖြစ်ပေါ်စေ** – အိမ်ထောင်ဆိုင်ရာဘာသာအယူဝါဒကို မစဉ်းစားရဲလောက်အောင် လျစ်လျူရှုကြသည်။ အမျိုးသားများနှင့်အမျိုးသမီးတို့သည် ပင်လယ်ရပ်ခြားတိုင်းတစ်ပါး၌ သာသနာပြုရေးကိုများစွာစိတ်ပါဝင်စားကြသည်။ သူတို့သည် အလှူငွေများကိုရက်ရောစွာလှူဒါန်းကြသည်။ အိမ်ထောင်၌မှန်ကန်သောပုံသက်သေပြရန် ပေါ့လျော့သွားသောကြောင့် ဘုရားသခင်၏အမှုတော်အတွက် အလှူငွေများလှူဒါန်းလျှင် အပြစ်လွတ်ခွင့်ရမည်ဟူသောယူဆချက်ဖြင့် သူတို့၏သြတ္တပ္ပစိတ်ကို ကျေကျေနပ်နပ်ဖြစ်စေဖို့ ကြိုးပမ်းကြသည်။ သို့ရာတွင် သူတို့၏အိမ်ထောင်သည် သာသနာပြုအလုပ်ကိုလုပ်ကိုင်ရန် အထူးဒေသဖြစ်သောကြောင့်၊ ယင်းသာသနာပြုရမည့်နယ်မြေဒေသအတွက် လျစ်လျူရှုမှုကြောင့် မည်သည့်အကြောင်းပြချက်ကိုမျှ ဘုရားသခင်လက်ခံတော်မူမည်မဟုတ်ပေ။

ဘာသာအယူဝါဒလက်တွေ့ကျင့်သုံးသောအိမ်ဂေဟာတွင် ကောင်းကျိုးများမြောက်မြားစွာဖြစ်ထွန်းနိုင်သည်။ အိမ်ထောင်၌ဆောင်ရွက်ရန် ဘုရားသခင်ရည်စူးထားတော်မူသောအလုပ်ကို မပျက်မကွက်ဆောင်ရွက်စေရန် မိဘတို့အားဘာသာအယူဝါဒက လမ်းပြပို့ဆောင်မည်ဖြစ်သည်။၊ သားသမီးတို့အားဘုရားသခင်အလိုတော်နှင့်အညီ ဆုံးမသွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးကြရမည်။

ပစ္စုပ္ပန်ခေတ်တွင်ရှိကြသော လူငယ်လူရွယ်တို့သည် ဘာသာအယူဝါဒကိုင်းရှိုင်းကင်းမဲ့ခြင်းအကြောင်းရင်းတို့မှာ သူတို့ပညာရေးလောက၏ချွတ်ယွင်းမှုကြောင့်ဖြစ်သည်။ သူတို့တပ်မက်သောအရာကို လိုက်စားခွင့်ပြုခြင်းသည်လည်းကောင်း၊ မိဘတို့သတ်မှတ်ချပေးထားသောပညတ်များကိုနားမထောင်ဘဲနေခြင်းကိုလည်းကောင်း သားသမီးတို့အား မေတ္တာစစ်၊ မေတ္တာမှန်ဖြင့် ချစ်ခြင်းမရောက်ပေ။ နဂိုရှိ၍နဂိုင်းထွက်လာမည်ဖြစ်သည်။

ဘာသာအယူဝါဒသည် လူ့အဖွဲ့အစည်းအပေါ်ဩဇာသက်ရောက်မှုရှိရမည်ဆိုလျှင် ရှေးဦးစွာမိသားစုအသိုက်အဝန်း၌ ယင်းဩဇာသက်ရောက်မှုရှိရမည်။ သားသမီးတို့အား ဘုရားသခင်ကိုကြောက်ရွံ့ရိုသေမြတ်နိုးရန် အိမ်ထောင်၌သွန်သင်ဆုံးမမှုပြုလျှင် သူတို့သည် လောကကြီးထဲသို့ဝင်ရောက်သွားသောအခါ သူတို့သည် သူတို့အသီးသီးတို့၏အိမ်ထောင်များကို ဘုရားသခင်အတွက်သွန်သင်ဆုံးမပေးရန် အဆင်သင့်ဖြစ်နေကြလိမ့်မည်။ ဤနည်းအားဖြင့် လူ့အဖွဲ့အစည်းတွင် အမှန်တရား၏အခြေခံကျင့်ဝတ်များသည် အမြစ်စွဲလျက် ကမ္ဘာလောကကြီးအပေါ်တွင် အကျိုးပြုသောဩဇာသက်ရောက်မှုရှိလိမ့်မည်။ ဘာသာအယူဝါဒကို အိမ်ထောင်ဆိုင်ရာပညာရေးမှ ဖယ်ထားခြင်းမပြုသင့်ပေ။

**အိမ်ထောင်ဆိုင်ရာဘာသာအယူဝါဒကို အသင်းတော်၏ဘာသာအယူဝါဒအလျင်ဦးစားပေးဆောင်ရွက်ရမည်** – အသင်းတော်၏ကြီးထွားရင့်သန်လာမှုအတွက် အုတ်မြစ်ကိုအိမ်ထောင်တွင်စိုက်ထူရမည်။ အိမ်ထောင်၌ကျင့်သုံးသော ဘာသာအယူဝါဒလေးစားမှုကို အသင်းတော်ဘဝအသက်တာ

အတွင်းသို့ သွတ်သွင်းလာသည်။ ထိုကြောင့် အသင်းတော်လုပ်ငန်းများကို အိမ်ထောင်တွင်အစပြုလုပ်ဆောင်ရမည်။

ကျွန်ုပ်တို့သည် ကောင်းမွန်စွာအခြေခိုင်သောအိမ်ထောင်ဆိုင်ရာ ဘာသာအယူဝါဒတို့ကိုလက်ကိုင်ထားလျှင် ကျွန်ုပ်တို့တွင် အကောင်းဆုံး ဓမ္မအစည်းအဝေးများကိုတက်ရောက်သော ဘာသာအယူဝါဒရှိလိမ့်မည်။ အိမ်ထောင်၌ရှိသောခံတပ်ကို ခိုင်ခံ့မြဲမြံစေပါ။ သင်တို့၏အိမ်ထောင်သား များကို ဘုရားသခင်၏လက်တော်သို့အပ်နှံစေပါ။ ထိုနောက် အိမ်ထောင် တွင် ခရစ်ယာန်ပီသစွာပြောဆိုလုပ်ကိုင်ပါ။ သင်တို့သည် လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗစရိယမိနှင့်ဘဖြစ်သည်ကို အသိစိတ်ဓာတ်ဖြင့် အိမ်ထောင် တွင်သည်းခံခြင်းနှင့်စိတ်ရှည်ခြင်းတို့ကိုကျင့်သုံးပါ။ မိခင်တိုင်းသည် ဆရာမ ဖြစ်၍ သူမသည် သင်ကြားပေးပုံသင်ကြားပေးနည်းကိုသိရှိရန်လည်းကောင်း၊ သားသမီးတို့အား မှန်ကန်သောပုံသွင်းပေးမှုနှင့် မှန်ကန်သောစာရိတ္တအဆောက် အအုံဆောက်လုပ်ပေးမှုတို့ကို ဆောင်ရွက်နိုင်ရန်လည်းကောင်း မိခင်တိုင်း သည် ဆရာမတစ်ယောက်ဖြစ်သည်။

အိမ်ထောင်ဆိုင်ရာအယူဝါဒကျင့်သုံးမှုမရှိလျှင် ယုံကြည်ခြင်းဆိုသည် မှာ တန်ဖိုးမရှိပေ။ ခရစ်တော်ပြန်လည်ကြွလာတော်မူသောအခါ အကျင့် စာရိတ္တပြောင်းလဲမှုရှိလိမ့်မည်ဟု ယူဆခြင်းအားဖြင့် မြောက်မြားစွာသောသူ တို့သည် သူတို့ကိုယ်တိုင်လှည့်ဖြားနေကြသည်။ သို့ရာတွင် ကိုယ်တော်ရှင် ဒုတိယအကြိမ်ပေါ်ထွန်းတော်မူချိန်တွင် စိတ်ပြောင်းလဲမှုဆိုသည်မှာ ရှိတော့ မည်မဟုတ်ပေ။ ကျွန်ုပ်တို့၏အကျင့်စာရိတ္တချို့ယွင်းမှုအတွက် ဤကမ္ဘာပေါ် ၌ကျင်လည်နေချိန်တွင် နောင်တရရမည်။ စုံစမ်းရာကာလတည်နေသမျှကာလ ပတ်လုံး ကျွန်ုပ်တို့သည် ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ယင်းချို့ယွင်း ချက်များကို အောင်မြင်နိုင်နင်းရမည်ဖြစ်သည်။ ကောင်းကင်၌ရှိသောအိမ်ထောင် တွင် ခေါင်းဝင်ကိုယ်ဆံ့ဖြစ်နေရန် လိုအပ်သောပြင်ဆင်မှုကိုပြုလုပ်ရမည့် နေရာသည် ဤလောကကြီးပင်ဖြစ်သည်။

အိမ်ထောင်ဆိုင်ရာဘာသာအယူဝါဒသည် အလွန်လိုအပ်လျက်ရှိရာ အိမ်ထောင်၌ ကျွန်ုပ်တို့ပြောဆိုသောစကားများသည် မှန်ကန်သောအသုံးအနှုန်းများဖြစ်ရမည်။ သို့မဟုတ်လျှင် အသင်းတော်၌ ကျွန်ုပ်တို့၏သက်သေခံချက်များသည် ဘာကောင်းကျိုးမျှသက်ရောက်လာမည်မဟုတ်ပေ။ အိမ်ထောင်တွင် နူးညံ့သိမ်မွေ့ခြင်း၊ ကြင်နာခြင်းနှင့်ယဉ်ကျေးခြင်းတို့ကိုမပြလျှင် သင်တို့၏ဘာသာအယူဝါဒသည် အချည်းအနှီးဖြစ်သည်။ စစ်မှန်သောအိမ်ထောင်ဆိုင်ရာဘာသာအယူဝါဒပိုမိုထက်မြက်လာမည်။

**ဘာသာရေးဆိုင်ရာသွန်သင်မှုနေးကွေးခြင်းသည် မဟာအမှားတော်ကြီးဖြစ်သည်** – ဘုရားသခင်ကိုသိကျွမ်းခြင်းပညာမရှိဘဲ သားသမီးတို့အားကြီးပြင်းလာခွင့်ပြုခြင်းသည် အဆိုးရွားဆုံးကိစ္စတစ်ရပ်ဖြစ်သည်။ နောင်သောအခါ၌ သားသမီးတို့သည် သူတို့အလိုအလျောက်အသိတရားရှိလာ၍ အသက်ကြီးရင့်လာကြသည်နှင့်အမျှ ဘာသာအယူဝါဒရှိသေကိုင်းရှိုင်းမှုရှိလာကြလိမ့်မည်ဟူသောယူဆချက်ဖြင့် သူတို့၏သားသမီးများအားအိမ်ထောင်ဆိုင်ရာအယူဝါဒသွန်သင်ပြသမှုကို လျစ်လျူရှုခြင်းသည် မိဘတို့၏မဟာအမှားတော်ကြီးဖြစ်သည်။ မိဘတို့အမှန်တရားမျိုးစေ့၊ မေတ္တာမျိုးစေ့၊ ကောင်းကင်ဆိုင်ရာဂုဏ်အင်္ဂါလက္ခဏာမျိုးစေ့များကို သင်တို့သားသမီးများ၏နှလုံးသားမြေသြဇာတွင် စိုက်ပျိုးထားခြင်းမရှိလျှင် စာတန်သည် နှလုံးသားမြေသြဇာတွင် တောမျိုးစေ့များစိုက်ပျိုးထားလိမ့်မည်ကို သင်တို့အနေဖြင့်နားလည်ခြင်းမရှိသလော။

များသောအားဖြင့် သားသမီးတို့အား ဘာသာအယူဝါဒမရှိဘဲကြီးထွားလာခွင့်ပြုကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့အား ခရစ်ယာန်ဘာသာဆိုင်ရာတာဝန်များထမ်းဆောင်စေရန် အသက်အရွယ်အားဖြင့်ငယ်လွန်းသေးသည်ဟူသော ယူဆချက်ကြောင့်ဖြစ်သည်။

ဘာသာအယူဝါဒဆိုင်ရာတာဝန်များကို သားသမီးများကထမ်းဆောင်ရေးကိစ္စနှင့်ပတ်သက်၍ သူတို့သည် အိမ်ထောင်သားများအနေဖြင့် ရပ်တည်နေချိန်တွင် စောင့်ဆိုင်းခြင်းမရှိဘဲ မုချစီစဉ်ထားမှုရှိရမည်။

သားသမီးတို့သည် ဘာလုပ်ကိုင်ရမည်၊ ဘာကိုရှောင်ကြဉ်ရမည်ကို ကြပ်ကြပ်မတ်မတ်အားဖြင့်လည်းကောင်း၊ မိမိကိုယ်ကိုချုပ်တည်းရန်အတွက် လည်းကောင်း သူတို့အားပြောပြရန် မိဘတို့သည် ဘုရားသခင်၏နေရာတွင် ရပ်တည်နေကြသောသူများဖြစ်သည်။ သားသမီးတို့အတွက် ကြင်နာတရား နှင့်ကိုယ်ကိုချုပ်တည်းသောတရားကိုရှေ့ထား၍ ဆောင်ရွက်သောကြိုးပမ်းမှု ရှိသမျှသည် သူတို့၏အကျင့်စာရိတ္တများတွင်တည်ကြည်မှုနှင့် စိတ်ပြဋ္ဌာန်း တတ်မှုတည်းဟူသောကျင့်ကောင်းသီလများကို ဖွံ့ဖြိုးစေလိမ့်မည်ဖြစ်သည်။ သားသမီးတို့သည် ဥပုသ်နေ့ချိုးရန် ဘယ်အခါမျှမစဉ်းစားစေရန်လည်းကောင်း၊ ဘာသာရေးဆိုင်ရာဝတ်ပြုကိုးကွယ်မှုနှင့် မိသားစုစုပေါင်းဆုတောင်းဝတ်ပြု ပွဲတို့ကို လျစ်လျူရှုခြင်းမပြုစေရန်လည်းကောင်း မိဘတို့အနေဖြင့် မိဘတို့ ကိုယ်တိုင်ဆောက်လုပ်ထားရမည်။

သားသမီးများအနုပျိုဆုံးအချိန်မှအစပြု၍ ခရစ်တော်အားထားရှိတော် မူသောစံနမူနာအတိုင်း ပညာသင်ကြားရေးကိုလိုက်နာကျင့်သုံးပြီး ဆက်လက် ၍ကျင့်သုံးနေရမည်။ သားသမီးတို့၏နှလုံးသားသည် နုပျို၍မှတ်ဉာဏ်ကောင်း သောအချိန်တွင် ထာဝရကာလဆိုင်ရာအမှန်တရားနှင့်ပတ်သက်၍ သွန်သင် ပေးရမည်။ မိဘတို့သည် ဘုရားသခင်၏ရှေ့တော်တွင် နေထိုင်လျက်ရှိကြ သည်။ စကားပြောလျက်ရှိသည်။ လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို သတိ ပြုရကြမည်။

မိဘတို့၊ သင်တို့သည်မည်သည့်လမ်းစဉ်ကိုကျင့်သုံးနေကြသနည်း။ ဘာသာအယူဝါဒဆိုင်ရာကိစ္စများတွင် သားသမီးများအားချုပ်ချယ်မှုမရှိစေရ ဟူသောသဘောတရားအရ သင်တို့လုပ်ကိုင်ဆောင်ရွက်နေကြသလား။ သားသမီးတို့အား သူငယ်ဘဝနှင့်လူငယ်ဘဝများတွင် အကြံဉာဏ်များပေး ခြင်း (သို့မဟုတ်) ဆုံးမသွန်သင်ခြင်းတို့ကိုမပြုဘဲ သူတို့ကိုလွှတ်ထားသလား။ ယင်းကဲ့သို့ပြုလျှင် သင်တို့သည် ဘုရားသခင်ပေးထားတော်မူသောတာဝန် များကို လျစ်လျူရှုနေကြသည်။ ဆုံးမသြဝါဒပေးခြင်းကို ကလေးအရွယ်နှင့် လိုက်အောင်ဖြစ်ပါစေ၊ သားသယ်သမိးငယ်တို့သည် နားလည်နိုင်လောက်

သောအရွယ်သို့ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် ဗက်လင်မြို့၌ဖွားမြင်ခဲ့တော်မူသော သူငယ်တော်နှင့်ပတ်သက်သော သမ္မာတရားများကိုသိရှိစေရန် ယေရှုရှင်၏အတ္ထုပ္ပတ္တိကို သူတို့အားပြောပြကြရမည်။ ကလေးများတို့၏ အရွယ်စွမ်းရည်နှင့်သင့်လျော်သော ဘုရားရေးတရားရေးဆိုင်ရာကိစ္စများကို သူတို့အားသင်ကြားပေးရမည်။ ယေရှုရှင်အားဆုတောင်းပတ္ထနာပြုသောအခါ သင်တို့၏ကလေးများကိုခေါ်ဆောင်လာပါ။ အဘယ်ကြောင့်ဆိုသော် ဘာသာစကားမှစကားလုံးများကို သားသမီးတို့သည် သင်ကြားလေ့လာကြသောအခါ၌ ယင်းစကားလုံးများအားဖြင့် ဘာသာအယူဝါဒကိုလေ့လာသင်ကြားနိုင်စေရန် ကိုယ်တော်ရှင်သည် ပြုပြင်ထားတော်မူသည်။

နှပျိုသောအခါတွင် သားသမီးတို့သည် ဘာသာအယူဝါဒ၏ ပြုပြင်မှုကိုခံရလွယ်သည်။ ဘုရားသခင်သည် ဤကလေးသူငယ်တို့ကို ကိုယ်တော်ရှင်၏အထူးကာကွယ်စောင့်ရှောက်ထိန်းသိမ်းမှုအောက်တွင် ထားရှိတော်မူသည်။ သူတို့အားဘုရားသခင်အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကိုပြုလျက်ကျွေးမွေးသောအခါ သူတို့သည် မိဘတို့အတွက် အနှောင့်အယှက်မဖြစ်ဘဲ အထောက်အကူဖြစ်ကြသည်။

**မိဘတို့သည်လက်တွဲ၍ အိမ်ထောင်တွင်ဘာသာအယူဝါဒကို ဆောက်တည်းထားကြရမည်** – အိမ်ထောင်တွင် ဘာသာအယူဝါဒဆောက်တည်ထားရေးမှာ ဖခင်နှင့်မိခင်တို့၏တာဝန်ဖြစ်သည်။

သူမအိမ်ထောင်၏ဝိညာဉ်ရေးဆိုင်ရာလိုအပ်ချက်များကို ဆောင်ရွက်ရန်အချိန်မရလောက်အောင် မိခင်သည် စိုးရိမ်ကြောင့်ကြမှု၏ဝန်ထုပ်အောက်တွင် ပိမနေပါစေနှင့်။ သူတို့ဆောင်ရွက်စရာများကိုထမ်းဆောင်ရာတွင် မိဘတို့သည် ဘုရားသခင်၏လမ်းပြပို့ဆောင်မှုကို တောင်းခံကြသည်။ ကိုယ်တော်ရှင်၏ရှေ့တော်တွင် ဒူးထောက်ကြသောအခါ သူတို့၏လေးလံသောတာဝန်များကို အမှန်အတိုင်းသိရှိနားလည်မှုကိုရရှိ၍ ယင်းအချိန်မှာပင် အကြံဉာဏ်နှင့်ညွှန်ကြားမှုပေးရာတွင် ဘယ်အခါမျှမှားယွင်းမှုရှိမည်

မဟုတ်သော ကိုယ်တော်ရှင်၏လက်တော်သို့ သူတို့၏သားသမီးများကို အပ်နှံထားနိုင်ကြသည်။

ဝိညာဉ်ရေးဆိုင်ရာသင်ကြားပြသမှုလုပ်ငန်းကို ဖခင်ဖြစ်သူသည် မိခင်ကိုသာတာဝန်လွှဲအပ်မထားသင့်ပေ။ ဖခင်နှင့်မိခင်တို့အနေဖြင့် ဆောင်ရွက်ရန်တာဝန်မြောက်မြားစွာရှိရာ တရားစီရင်ဖို့အချိန်အတွက် သူတို့၏သားသမီးများကိုပြင်ဆင်ပေးရာတွင် သူတို့၏သက်ဆိုင်ရာကဏ္ဍကို မပျက်မကွက်အောင် ဆောင်ရွက်ရကြမည်ဖြစ်သည်။

မိဘတို့၊ ဘာသာအယူဝါဒဆိုင်ရာ ဓမ္မစည်းဝေးများကျင်းပရာနေရာများသို့ သင်တို့၏သားသမီးများကိုခေါ်ဆောင်သွားကြပါ။ သင်တို့၏ယုံကြည်ခြင်းဆိုင်ရာလက်မောင်းများဖြင့် သင်တို့၏သားသမီးများကိုပွေ့ပိုက်၍ သူတို့အားခရစ်တော်ထံသို့ဆက်ကပ်ပါ။ သူတို့အားမှန်ကန်စွာသွန်သင်ဆုံးမဩဝါဒပေးခြင်းဆိုင်ရာတာဝန်ကိုထမ်းဆောင်ရာတွင် မည်သည့်အရာကိုမျှအနှောင့်အယှက်ပြုခွင့်မပေးပါနှင့်။ မည်သည့်လောကီဆိုင်ရာစိတ်ဝင်စားမှုကို သင်တို့သားသမီးများအတွက်ဆောင်ရွက်ရမည်ကို လျစ်လျူရှုစေခွင့်မပြုပါနှင့်။ သင်တို့၏ခရစ်ယာန်ဘာသာအယူဝါဒဆိုင်ရာအတွေ့အကြုံကို ဘုရားသခင်ထံတော်သို့ခေါ်ဆောင်လာပါ။ သမ္မာတရားကိုသိကျွမ်းလာအောင် သူတို့အားသင်ကြားပေးပါ။ သူတို့အားဘုရားသခင်ကိုမြတ်နိုးသောသူတို့နှင့် ပေါင်းသင်းဆက်ဆံခွင့်ပြုပါ။ ထာဝရကာလနှင့်အံဝင်ခွင်ကျဖြစ်သော စာရိတ္တအဆောက်အအုံကို ဆောက်လုပ်ပေးရမည့်ကလေးများအနေဖြင့် သင်တို့၏သားသမီးတို့အား ဘုရားသခင်ကိုယုံကြည်သောသူတို့၏အသိုက်အဝန်းထဲသို့ ခေါ်ယူသွတ်သွင်းပေးပါ။

အိမ်ထောင်၌ထားရှိကျင့်သုံးသောဘာသာအယူဝါဒက အပြီးဆောင်ရွက်မပေးနိုင်သောအရာဘာရှိသနည်း။ ယင်းဘာသာအယူဝါဒက အိမ်ထောင်တိုင်းဆောင်ရွက်ရန် ဘုရားသခင်ရည်ရွယ်ထားတော်မူသောလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလိမ့်မည်။ သားသမီးတို့ကို ဘုရားသခင်၏အလိုတော်နှင့်အညီ ဆောင်ရွက်ရလိမ့်မည်။ သူတို့အား လူ့အဖွဲ့အစည်းအတွက်မဟုတ်၊

ဘုရားသခင်၏အိမ်ထောင်သားများဖြစ်လာစေရန် ပညာသင်ပေးရမည်။ ဆုံးမ သြဝါဒပေးရမည်။

**မိဘတို့၏အပြောနှင့်အလုပ်ကိုက်ညီသောဘဝအသက်တာမျိုးကို သားသမီးတို့ကကြည့်ရှုကြသည်** – မည်သည့်အပြောအဆိုအလုပ်အကိုင်မျိုးမဆို နုနယ်သောကလေးများ၏စိတ်ထဲတွင် မှတ်သားထားတတ်သည်။ မိဘတို့၏မျက်နှာထားကို သားသမီးတို့ကလေ့လာကြသည်။ မိဘတို့ပြောသောစကား၏လေသံသည် သြဇာသက်ရောက်မှုရှိသည်။ မိဘတို့၏အပြုအမူကို သားသမီးတို့က တိတိကျကျအတုခိုးတတ်ကြသည်။ ညည်းညူ၍ဆူပူကြိမ်းမောင်းလုပ်တတ်သောဖခင်နှင့်မိခင်တို့သည် သားသမီးတို့အား သူတို့၏အနာဂတ်ကာလ၏ဘဝအသက်တာတစ်လျှောက်လုံးတွင် ပြုပြင်၍မရသောသဘောထားများကို ကမ္ဘာလောကကြီးသို့ဖြန့်ချိကမ်းလှမ်းမည့်သင်ခန်းစာများကိုပေးလျက်ရှိကြသည်။ အဘတို့သည် သူတို့၏ယုံကြည်ချက်အတိုင်း အပြောနှင့်အလုပ်ညီညွတ်စွာကျင့်သုံးကြသည်ကို တွေ့မြင်စေရမည်။ အပြောနှင့်အလုပ်ကိုက်ညီ၍ ကိုယ့်ကိုကိုယ်ချုပ်တည်းခြင်းကိုကျင့်သုံးခြင်းအားဖြင့် မိဘတို့သည် သူတို့သားသမီးတို့၏စာရိတ္တများကို ပုံသွင်းပေးနိုင်ကြသည်။

**စည်းကမ်းစနစ်ရှိသောအိမ်ထောင်ကို ဘုရားသခင်ဂုဏ်ပြုတော်မူသည်** – မိမိတို့အိမ်ထောင်တွင် ဘုရားသခင်ကိုပထမနေရာ၌ထားရှိ၍ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ပညာ၏မူလဖြစ်ကြောင်းကို သားသမီးတို့အား သင်ကြားပေးသောမိဘတို့သည် ကောင်းကင်တမန်များနှင့်လူတို့ရှေ့တွင် ကမ္ဘာလောကကြီးအား စည်းကမ်းစနစ်ရှိသောအိမ်ထောင်ဖြစ်ကြောင်းကို ပြသခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်ကိုဖီဆန်ပုန်ကန်ခြင်းမပြုဘဲ ကိုယ်တော်ရှင်ကိုမြတ်နိုး၍ စကားတော်ကိုနာခံကြကြောင်းပြသခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသောသူများဖြစ်ကြသည်။ ခရစ်တော်သည် သူတို့အိမ်ထောင်တွင် ဧည့်သည်တော်အနေဖြင့် ကိန်းဝပ်နေခြင်းမဟုတ်ပေ။ ကိုယ်တော်ရှင်၏နာမတော်သည် သူတို့အိမ်ထောင်၏အမည်နာမဖြစ်၍ ရိုသေလေးစားကြသည်သာမက နာမတော်၏ဂုဏ်တော်

ကိုလည်း ချီးမွမ်းကြသည်။ ဘုရားသခင်၏အုပ်စိုးမှုကိုလက်ခံထားကြ၍ ဘာသာအယူဝါဒကိုလေးစားခြင်း၊ ကျမ်းစာတော်မြတ်ကိုလေးစားခြင်းနှင့် သူတို့ဖန်ဆင်းရှင်ကိုရိုသေလေးစားခြင်းတို့ကို သားသမီးတို့အား သင်ကြား ပေးသောအိမ်ထောင်များကို ကောင်းကင်တမန်များတို့သည် နှစ်သက်ကြ သည်။ ယင်းကဲ့သို့အိမ်ထောင်များသည် "ငါ့ကိုချီးမြှောက်သောသူတို့ကို ငါချီးမြှောက်မည်" ဆိုသောကတိတော်ကို တောင်းဆိုရရှိနိုင်ကြသည်။

**အိမ်ထောင်ထဲသို့ခရစ်တော်ကို ဘယ်ကဲ့သို့ခေါ်ဆောင်လာခြင်း**– ခရစ်တော်သည်စိတ်နှလုံးထဲ၌ကိန်းဝပ်တော်မူလျှင် ကိုယ်တော်ရှင်ကိုအိမ်ထောင် တွင်းသို့ခေါ်ဆောင်လာခြင်းဖြစ်သည်။ ကယ်တင်ခြင်း၏အမွေစားအမွေခံဖြစ် သော သူတို့၏အမှုကိုဆောင်ရွက်သော ကောင်းကင်တမန်တို့သည် အိမ်ထောင် တွင် သူတို့၏ဆရာသမားများအနေဖြင့်ဆောင်ရွက်လျက် သူတို့၏သားသမီး တို့အား သွန်သင်ပြသနိုင်မှုအတွက် သူတို့အားပညာပေးစေခြင်းငှာ ဖခင်နှင့် မိခင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏စကားတော်ကိုနာခံရန် အရေးကြီး ကြောင်းကိုသိရှိကြသည်။ အိမ်ထောင်တွင်ကယ်တင်ရှင်ကိုဂုဏ်ပြု၍ ဘုန်းတော် ကိုထင်ရှားစေနိုင်မည့် ဘုရားဝတ်ပြုရာဌာနငယ်ကလေးတစ်ခုကို ထားရှိ နိုင်သည်။

**ဘာသာအယူဝါဒဆွဲဆောင်မှုရှိအောင်လုပ်ပါ** – ခရစ်ယာန်ဘဝ အသက်တာကို ဆွဲဆောင်မှုရှိအောင်ပြုလုပ်ပါ။ ခရစ်တော်၏တပည့်တော်များ အမြဲတမ်းနေထိုင်ရမည့် နိုင်ငံတော်အကြောင်းကိုပြောပါ။ ဤကဲ့သို့ပြုလုပ်လျှင် ဘုရားသခင်သည် သင်တို့၏သားသမီးများကို သမ္မာတရားလမ်းထဲသို့ လမ်းပြ ပို့ဆောင်၍ ကိုယ်တော်ကိုချစ်သောသူတို့နေထိုင်ရန်အတွက် ကိုယ်တော်ရှင် သွားရောက်ပြင်ဆင်နေသော နေစရာအခန်းများတွင် နေသင့်ထိုင်သင့်သော သူများဖြစ်စေခြင်းငှာ သူတို့ကိုယ်ကိုပြင်ဆင်လိုသောစိတ်ဆန္ဒကို သူတို့စိတ် နှလုံးထဲ၌ ကိုယ်တော်ရှင်ပေးတော်မူပါလိမ့်မည်။

မိဘတို့သည် သားသမီးတို့အား ဟန်ပြအယူဝါဒဘာသာကိုမကျင့် သုံးစေဘဲ သူတို့ရှေ့တွင် ထာဝရအခြေခံကျင့်ဝတ်များကို ဆွဲဆောင်မှုရှိရှိဖြင့် ထားရှိရမည်။

သူတို့၏ရှင်လန်းခြင်း၊ သူတို့ခရစ်ယာန်ပီသသောယဉ်ကျေးမှုနှင့် သူတို့၏စိတ်နူးညံ့သိမ်မွေ့၍ သနားကြင်နာတတ်သော ကိုယ်ချင်းစာနာမှုများကိုကျင့်သုံးခြင်းအားဖြင့် ခရစ်တော်၏ဘာသာအယူဝါဒကို မိဘတို့သည် ဆွဲဆောင်မှုရှိရလေအောင် ပြုလုပ်ကြရမည်။ သို့ရာတွင် သူတို့အားရိုသေလေးစားမှုနှင့်နားထောင်မှုရှိစေရန် တင်းတင်းကျပ်ကျပ်ဆောင်ရွက်ရမည်။ မှန်ကန်သောအခြေခံကျင့်ဝတ်များကို သားသမီးတို့၏စိတ်နှလုံးထဲတွင် အခြေစိုက်ထားပေးရမည်။

မှန်ကန်သောအရာကိုပြုလုပ်စေရန် လူငယ်လူရွယ်တို့အတွက်ဆွဲဆောင်မှုတစ်ခုကို ထားရှိအပ်ပေသည်။ ဤလုပ်ငန်းအတွက် ရွှေ၊ ငွေဆိုင်ရာပစ္စည်းများသည် လုံလောက်မှုမရှိပေ။ ခရစ်တော်၏မေတ္တာတော်၊ ကရုဏာတော်နှင့်ကျေးဇူးတော်၊ ကိုယ်တော်ရှင်နူတ်ကပတ်တော်၏တန်ဖိုးထိုက်ခြင်း၊ အောင်မြင်သောသူတို့၏ဝမ်းမြောက်ခြင်းတို့ကို သူတို့အား ကျွန်ုပ်တို့၏မိဘများအနေဖြင့် ဖော်ပြရမည်။ ယင်းကဲ့သို့သောကြိုးပမ်းမှုပြုရာတွင် ထာဝရကာလပတ်လုံးရပ်တည်မည့်အလုပ်တစ်ခုကို သင်တို့ပြုလုပ်ကြမည်ဖြစ်သည်။

**ဘာကြောင့်အချို့သောမိဘများအောင်မြင်မှုမရှိခြင်း** – အချို့သောမိဘတို့သည် ဘုရားတရားမြဲကြပါသည်ဟုဆိုကြသော်လည်း ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်၍ စကားတော်ကိုနာခံရမည်ကိုလည်းကောင်း၊ ကိစ္စအရပ်ရပ်တို့အဆင်ပြေမှုဖြစ်စေ၊ ပျော်ရွှင်မှုဖြစ်စေ (သို့မဟုတ်) စိတ်ဆန္ဒရှိခြင်း၊ မရှိခြင်းဖြစ်စေ ဘုရားသခင်၏တောင်းဆိုထားချက်ကို ဝင်ရောက်နှောင့်ယှက်မှုပြုခွင့်မပေးသင့်သည်ကိုလည်းကောင်း သားသမီးတို့ရှေ့တွင် လက်တွေ့မပြကြပေ။ "ဘုရားသခင်ကိုကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်သည်။" ဤအချက်ကို သားသမီးတို့၏ဘဝအသက်တာနှင့်စာရိတ္တပေါ်တွင် သံမှိုစွဲထားသကဲ့သို့တည်မြဲနေစေရမည်။ ကျွန်ုပ်တို့ကယ်တင်ခြင်းသို့ဝင်စားစေခြင်းငှာ အသက်တော်စွန့်တော်မူသော ခရစ်တော်အားဖြင့် ဘုရားသခင်ကိုမှန်ကန်စွာသိနားလည်ခြင်းသည် သားသမီးတို့၏စိတ်နှလုံးထဲတွင် စွဲမှတ်ထားစေရမည်။

ဤအရာများကိုပြုလုပ်ရန် အချိန်မရှိဟုမိဘတို့စောဒကတက်ကြလိမ့်မည်။ သို့ရာတွင် သင်တို့အိမ်ထောင်မှုကိစ္စကို သင်တို့အနေဖြင့်အချိန်ယူ၍ဆောင်ရွက်ကြရမည်။ သို့မဟုတ်လျှင် စာတန်သည် လိုအပ်သောနေရာတွင်ဝင်ရောက်လျက် သူ့အဖျက်လုပ်ငန်းကိုဆောင်ရွက်လိမ့်မည်။ ဆောင်ရွက်မှုကိုအနှောင့်အယှက်ပြုမည့်ကိစ္စဟူသမျှကို သင်တို့၏ဘဝအသက်တာမှ ဖယ်ရှင်းပစ်၍ ဘုရားသခင်၏သတ်မှတ်ထားတော်မူချက်အတိုင်း သင်တို့၏သားသမီးတို့အား ဆုံးမသြဝါဒပေးကြလော့။ လောကီဆိုင်ရာသဘာဝရှိသောအရာဟူသမျှကို လျစ်လျူရှု၍ ချွေတာစွာနေထိုင်စားသောက်ရေးကိုကျင့်သုံးပါ။ လိုချင်မျက်စိရှိခြင်းကိုဖယ်ရှင်းပစ်ပါ။ သို့ရာတွင် ခရစ်တော်၏မျက်နှာတော်ကိုထောက်၍ သင်တို့ကိုယ်တိုင်အတွက်နှင့် သင်တို့သားသမီးများအတွက် ဘာသာအယူဝါဒဆိုင်ရာသင်ကြားလေ့လာမှုကို လျစ်လျူမရှုပါလေနှင့်။

**အိမ်ထောင်သားတိုင်းဘုရားသခင်ကိုဆက်ကပ်ထားပါ** – ပသခါပွဲတော်နှင့်ပတ်သက်၍ မောရှေပေးထားခဲ့သောညွှန်ကြားချက်သည် အလွန်ပင်အရေးပါအရာရောက်လှ၍ ယခုခေတ်ကမ္ဘာလောကကြီးအတွင်းဝယ်နေထိုင်လျက်ရှိကြသော မိဘများနှင့်သားသမီးတို့အတွက် အထူးသက်ဆိုင်သည်။

ဖခင်သည် အိမ်ထောင်၏ယဇ်ပုရောဟိတ်အနေဖြင့် ဆောင်ရွက်ရမည်။ အကယ်၍ဖခင်ဖြစ်သူသည် ကွယ်လွန်သွားခဲ့သည်ရှိသော် သားကြီးဩရဖဖြစ်သူက တံခါးပေါက်မှထုပ်ကိုသွေးဖြင့်လိမ်းကျံရသော အရေးပါအရာရောက်သောအလုပ်ကို ကွယ်လွန်သွားခဲ့သောဖခင်၏ကိုယ်စားလုပ်ကိုင်ရမည်။ ဤကဲ့သို့သောဆောင်ရွက်မှုသည် အိမ်ထောင်တိုင်း၌လိုက်နာကျင့်သုံးရမည့် အစဉ်အလာအထိမ်းအမှတ်ဖြစ်သည်။ မိဘတို့သည် သူတို့၏သားသမီးတို့အား အိမ်ဂေဟာတွင်စုရုံးစေ၍ သူတို့၏ရှေ့တွင် ခရစ်တော်အားသူတို့၏ပသခါသိုးသငယ်တော်ဖြစ်ကြောင်းကို ပြောပြရမည်။ ဖခင်ဖြစ်သူသည် အိမ်ထောင်သားတိုင်းကို ဘုရားသခင်၏လက်တော်သို့ဆက်ကပ်ထား၍ ပသခါပွဲတော်ကပုံဆောင်ထားသောလုပ်ငန်းကို လုပ်ကိုင်ရမည်။ ဤအရေးပါ

အရာရောက်လှသော လုပ်ငန်းကိုလုပ်ကိုင်ရာတွင် သူတစ်ပါး၏လက်သို့ လွှဲအပ်ထားခြင်းသည် အန္တရာယ်များလှသည်။

ခရစ်ယာန်မိဘတို့သည် ဘုရားသခင်ဘက်၌သစ္စာရှိရန် သန္နိဋ္ဌာန် ချပါစေ။ သူတို့သည် သူတို့နှင့်အတူ အိမ်ဂေဟာတွင် သူတို့၏သားသမီး များကိုစုရုံးစေ၍ ဖျက်ဆီးသောကောင်းကင်တမန်သည် မြတ်နိုးချစ်ခင်သော မိသားစု၏အိမ်ဂေဟာကို ဒဏ်ခတ်ခြင်းမပြုဘဲ အပေါ်မှဖြတ်ကျော်သွားစေ ခြင်းငှာ ကာကွယ်စောင့်ထိန်းကယ်တင်နိုင်စေတတ်မူသော ကိုယ်တော်ရှင်တစ်ပါး တည်းအနေဖြင့် ခရစ်တော်ကိုပံ့ဆောင်သောတံခါးထုပ်ပေါ်တွင် သုတ်လိမ်း ထားကြပါစေ။ အိမ်ထောင်တွင် လူသားတို့၏ဩဇာသက်ရောက်မှုထက် ပိုမိုမြက်သောဩဇာသက်ရောက်မှုသည် လုပ်ကိုင်ဆောင်ရွက်နေသည် ကို လောကကြီးအားတွေ့မြင်ပါလေစေ။ မိဘတို့သည် ဘုရားသခင်နှင့်အရေး ပါအရာရောက်လှသောဆက်သွယ်မှုကိုထားရှိ၍ ခရစ်တော်ဘက်၌မားမား မတ်မတ်ရပ်တည်လျက် မိဘတို့မှတစ်ဆင့် ဘယ်မျှလောက်ကြီးမားသော ကောင်းကျိုးကိုပြုနိုင်ကြောင်း ကိုယ်တော်၏ကျေးဇူးတော်အားဖြင့်ပြသကြ ပါစေ။

---ooo---

## အခန်း ၅၅
# ကိုယ်ကျင့်တရားဆိုင်ရာအဆင့်အတန်းများ

**ထိမ်းမြားမင်္ဂလာအဖွဲ့အစည်းကိုမှောက်လှန်ပစ်ရန် စာတန်ကြိုးပမ်းခြင်း** – ထိမ်းမြားမင်္ဂလာအဖွဲ့အစည်းကိုမှောက်လှန်ပစ်ရန်လည်းကောင်း၊ ယင်းအဖွဲ့အစည်းဆိုင်ရာတာဝန်များကို အားအင်ချည့်နဲ့စေ၍ ယင်း၏သန့်ရှင်းမှုကိုယုတ်လျော့စေရန်လည်းကောင်း ရေလွှမ်းမိုးခြင်းအကြိုခေတ်တွင် စာတန်သည် သေချာစွာလေ့လာပြီးမှ ကြိုးပမ်းခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့၌ ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုဖျက်ဆီး၍ စိတ်ဒုက္ခရောက်ခြင်းနှင့်မကောင်းမှုဒုစရိုက်များကိုကျူးလွန်စေရန် လမ်းဖွင့်ပေးရာတွင် ယင်းကဲ့သို့ပြုလုပ်ခြင်းထက် ပိုမိုထိရောက်သေချာသောနည်းကားမရှိနိုင်တော့ပြီ။

လူသားတို့၏နှလုံးသားထဲတွင် ဘယ်ကဲ့သို့သောအရာဝတ္ထုမျိုးကို ကိုင်တွယ်လုပ်ကိုင်ရမည်ကို စာတန်သည် ကောင်းမွန်စွာသိရှိသည်။ နှစ်ပေါင်းထောင်ပေါင်းများစွာ လေ့လာထားပြီးခဲ့သည့်အတွက်ကြောင့် အကျင့်စာရိတ္တ၌အလွယ်ကူဆုံးအောင်မြင်နိုင်နင်းသောအချက်အလက်များကို သူ့အနေဖြင့်သိရှိထားသည်။ နောင်သောလူမျိုးအစဉ်အဆက်များတွင် အားအင်အကောင်းဆုံးသောလူပုဂ္ဂိုလ်များ၊ ဣသရေလအမျိုးသားထဲမှ မင်းညီမင်းသားများတို့ကို ဗာလပေဂုရဘုရားယဇ်ပူဇော်သောပွဲတွင် အထူးအောင်မြင်စုံစမ်းသွေးဆောင်ခြင်းမျိုးနှင့်ပင် အလဲထိုးခဲ့သည်။ ခေတ်ကာလတစ်လျှောက်လုံးတွင် တဏှာရာဂလိုက်စားခြင်းတည်းဟူသော ကျောက်ဆောင်များပေါ်တွင် သောင်တင်ကျန်နေခဲ့သော၊ စာရိတ္တပျက်စီးခဲ့သောလူတို့၏အလောင်းများမှာ ဒုနှင့်ဒေးရှိခဲ့သည်။

**ဣသရေလလူမျိုးတွင်ဝမ်းနည်းဖွယ်ဖြစ်အင်** – ဣသရေလလူမျိုးတို့အား ဘုရားသခင်ကပြစ်ဒဏ်ခတ်စေသောပြစ်မှုသည် ကိလေသာလွန်ကျူးခြင်းဖြစ်သည်။ ယောကျ်ားဖြစ်သူတို့ကို ထောင်ချောက်တွင်ဖမ်းယူထားရန် မိန်းမများကစတင်၍ သွေးဆောင်ခေါ်ယူခြင်းသည် ဗာလပေဂုရဘုရားယဇ်

ပူဖော်ပွဲတွင် နိဂုံးချုပ်မသွားပေ။ ဣသရေလလူမျိုးတွင် အပြစ်ကျူးလွန်ခဲ့သောသူတို့အား ဒဏ်ခတ်ခဲ့လင့်ကစား ယင်းအပြစ်ဒုစရိုက်မျိုးကိုပင် အကြိမ်ပေါင်းများစွာ ထပ်တလဲလဲကျူးလွန်ခဲ့ကြသည်။ ဣသရေလလူမျိုးတို့၏ ကျဆုံးမှုကို ပြီးပြီးမြောက်မြောက်ဖြစ်သွားစေရန်ကြိုးပမ်းရာတွင် စာတန်သည် တက်တက်ကြွကြွအရှိဆုံးဖြစ်ခဲ့သည်။

ဟေဗြဲလူတို့၏ကိလေသာလိုက်စားသောအကျင့်ဓလေ့သည် သူတို့အတွက်လူမျိုးတကာတို့က ဆင်နွှဲကြသောစစ်ပွဲများနှင့် ဗာလမ်၏ကျိန်ဆဲခြင်းတို့က ပြုလုပ်နိုင်စွမ်းမရှိခဲ့သောအရာကို ပြုလုပ်ပြီးစီးခဲ့သည်။ သူတို့သည် ဘုရားသခင်နှင့်ကင်းကွာခဲ့ကြပါသည်။ သူတို့အားဖုံးအုပ်ထားသောအေးရာနှင့် အကာအကွယ်များကို ဖယ်ရှားပစ်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့၏ ရန်သူဖြစ်လာတော်မူသည်။ မင်းညီမင်းသားနှင့်ပြည်သူလူထုအမြောက်အမြားတို့သည် ကိလေသာလွန်ကျူးခြင်းကိုလိုက်စားကြသောကြောင့် ယင်းတစ်မျိုးသားလုံးအား ဘုရားသခင်အမျက်တော်ရှတော်မူသည်။

**နောက်ကြောင်းပြန်မည့်သမိုင်းစဉ်** – ပစ္စုပ္ပန်ကမ္ဘာလောကကြီး နိဂုံးချုပ်နီးကပ်လာချိန်တွင် စာတန်သည် ယင်းနည်းအတိုင်း စွမ်းရည်ရှိသမျှ အသုံးပြု၍လည်းကောင်း၊ ရှေးခေတ်ဣသရေလလူမျိုးတို့သည် ကတိထားတော်မူသောပြည်တော်သို့မဝင်ရောက်မီ ရင်ဆိုင်ခဲ့ရသောစုံစမ်းခြင်းမျိုးကိုပင် အသုံးပြု၍လည်းကောင်း လုပ်ကိုင်ဆောင်ရွက်လိမ့်မည်။ ဘုရားသခင်၏ပညတ်တော်များကိုစောင့်ရှောက်ပါသည်ဟု အခိုင်အမာဆိုလျက် ကောင်းကင်ခါနာန်ပြည်၏နယ်နိမိတ်အတွင်းသို့ရောက်လုဆဲဆဲဖြစ်နေသောအခါတွင် စာတန်သည် သူတို့အတွက်ထောင်ချောက်များကိုချထားပေးလိမ့်မည်။ ဝိညာဉ်များကိုထောင်ချောက်ထဲတွင် ဖမ်းဆီးချုပ်နှောင်ထားလျက် ဘုရားသခင်လူတို့၏ အားအနည်းဆုံးဖြစ်သောအချက်အလက်များကို အသုံးပြု၍အနိုင်ယူရန် သူသည် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လိမ့်မည်ဖြစ်သည်။ မိမိတို့၏တပ်မက်သောစိတ်များကို အထက်အရပ်မှကိုယ်တော်ရှင်၏ထိန်းချုပ်မှုအောက်တွင် ထားရှိခြင်းမရှိသောသူတို့ကိုလည်းကောင်း၊ ကိလေသာလွန်ကျူးမှုအတွက် ဇာတိ

ပကတိအလိုသို့လိုက်သူတို့ကိုလည်းကောင်း၊ ကိလေသာလိုက်စားသောဆန္ဒကို သွတ်သွင်းပေးခြင်းအားဖြင့်လည်းကောင်း သူတို့ကိုဖျက်ဆီးရန် စာတန်သည် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ စာတန်သည် အရေးမပါအရာမရောက်သောပစ်မှတ်များကို ချိန်ရွယ်နေသည်မဟုတ်ဘဲ ဘုရားသခင်၏ပညတ်တော်ထဲတွင် ရှုတ်ချပြောဆိုထားသောအရာများကို စိတ်တိုင်းကျကျူးလွန်စေရန် သူ့ကိုယ်စားလှယ်တော်များအနေဖြင့် ဆောင်ရွက်ကြမည့်သူများမှတစ်ဆင့် သူ့ထောင်ချောက်များကို သင်ကြားပို့ချပေးရသောတာဝန်ကိုထမ်းဆောင်၍ စာတန်၏တိုက်ခိုက်ဖြိုခွင်းနေမှုကို ရင်ဆိုင်နေရသော ဘုရားသခင်၏ပညတ်တော်ကို ကာကွယ်စောင့်ထိန်းထားမှုအတွက် အာပေါင်အားရင်းသန်သန်ဖြင့်ပြောလာကြသော တာဝန်ကြီးသောရာထူးများကိုထမ်းဆောင်ရသောပုဂ္ဂိုလ်ကြီးများ၏အားနည်းချက်တစ်ခုခုကိုအသုံးပြုကာ စာတန်သည် သူ့ယုတ်မာသောစွမ်းရည်နှင့် သူ့ကိုယ်စားလှယ်တော်များကိုအသုံးပြုခြင်းအားဖြင့် သူတို့ကိုအလဲထိုးနှက်လေသည်။ ပညတ်အလုံးစုံကိုစောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌မှားမိလျှင် ပညတ်အလုံးစုံကိုကျူးလွန်သော အပြစ်ရှိသည်ဆိုသောအသိတရားကိုလက်ကိုင်ထား၍ ယင်းအားနည်းချက်ကိုအသုံးပြုလျက်ကာယကံရှင်ပုဂ္ဂိုလ်ကြီးများအား တားမြစ်ထားသောအချက်ကို ကျူးလွန်ဖောက်ဖျက်စေခြင်းအားဖြင့် သူတို့အပေါ်အနိုင်ယူလိုက်လေသည်။ ယင်းပျက်စီးမှုတွင် ဉာဏခွန်အား၊ ဝိဉာဏခွန်အား၊ ကာယခွန်အားနှင့်သြတ္တပ္ပစိတ်တို့ပါဝင်ကြသည်။ အကယ်၍ ကာယကံရှင်သည် အလင်းတရားများစွာရရှိထားသောပုဂ္ဂိုလ်ဖြစ်၍ ဖြောင့်မတ်ခြင်းတရား၏စေတမန်ဖြစ်လျှင် သို့တည်းမဟုတ် သမ္မာတရားတော်ဆိုင်ရာကိစ္စတွင် ကိုယ်တော်ရှင်၏အထူးအမှုတော်ဆောင်အနေဖြင့် အသုံးပြုထားသောသူဖြစ်လျှင် စာတန်၏အောင်မြင်မှုသည်ကြီးမားလှပါတကား။ သူသည် ဘယ်မျှလောက်ဝမ်းမြောက်ဝမ်းသာဖြစ်မည်နည်း။ ဘုရားသခင်အနေဖြင့် ဘယ်မျှလောက်ကြီးမားသော မထီမဲ့မြင်ပြုခြင်းကိုခံရဘိသနည်း။

**စာရိတ္တပျက်ပြားမှုရေပန်းစားနေခြင်း** – ကြောက်မက်ဖွယ်ကောင်း လှသောကမ္ဘာ့အခြေအနေကို ကျွန်ုပ်အားပြတော်မူပါသည်။ စာရိတ္တပျက်ပြား မှုသည် နေရာတကာတွင်ရေပန်းစားလျက်ရှိသည်။ ယခုခေတ်၏အထူးအပြစ် ဒုစရိုက်၏ရုပ်ပျက်ဆင်းပျက်ဖြစ်နေသောဦးခေါင်း၊ ရဲဝံ့လှသောခေါင်းဆောင် နေမှုသည် ဘယ်ခေတ်ကနှင့်မျှမတူပေ။ လူတို့၏ကိုယ်အင်္ဂါအစိတ်အပိုင်း တို့သည် ထုံကျင်နေသကဲ့သို့ဖြစ်၍ ယင်းအပြစ်ဒုစရိုက်၏ရဲစွမ်းမှု၊ အင်အား ကောင်းမှုနှင့်ရေပန်းစားနေမှုကြောင့် ကျင့်ကောင်းသီလနှင့်စစ်မှန်သော ကောင်းမြတ်ခြင်းတို့ကိုမြတ်နိုးသောပုဂ္ဂိုလ်များသည် လက်မှိုင်ချရမည့်ဘဝကို ရင်ဆိုင်နေကြရသည်။ ရေပန်းစားနေသောအပြစ်ဒုစရိုက်သည် မယုံကြည် သောသူတို့နှင့်ပြက်ရယ်ပြုသော သူတို့၏အသိုက်အဝန်းတွင်သာ ရေပန်းစား နေသည်မဟုတ်ပေ။ ယင်းကဲ့သို့ဖြစ်နေလျှင်တော်သေး၏။ သို့ရာတွင် အဖြစ် မှန်ကထိုသို့မဟုတ်ပေ။ ခရစ်တော်၏ဘာသာအယူဝါဒကို လိုက်နာကျင့်သုံး နေကြသောသူမြောက်မြားစွာတို့သည် ယင်းအဖြစ်နှင့်မလွတ်ကင်းကြပေ။ ကိုယ်တော်ရှင်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို မြော်လင့်နေကြသည် ဆိုသောသူအချို့တို့သည်ပင် စာတန်ကိုယ်တိုင်ကဲ့သို့ ယင်းနေ့ထူးနေ့မြတ် ကိုကြိုဆိုရန် အသင့်မဖြစ်ကြတော့ပေ။ သူတို့သည် သူတို့၏ကိုယ်တိုင်ကို ညစ်ညူးမှုနှင့်လွတ်ကင်းအောင်မနေထိုင်ကြပေ။ သူတို့သည် သူတို့၏တပ်မက် ခြင်းများကိုလိုက်စားနေခဲ့သောအချိန်သည် ကြာညောင်းနေပြီဖြစ်သောကြောင့် သူတို့၏အတွေးအခေါ်နှင့်အကြံအစည်များတို့သည် ညစ်ညမ်းနေသည်မှာ ဓမ္မတာအတိုင်းပင်၊ နိုင်းဂရာရေတံခွန်မှကျဆင်းနေသောရေတို့ကို အထက်သို့ ပြန်လည်စီးရင်ပြုလုပ်၍မရသကဲ့သို့ သူတို့၏စိတ်နှလုံးကို သန့်ရှင်းမြင့်မြတ် သောအရာများ စဉ်းစားလိုက်နာကျင့်သုံးစေရန် ဆောင်ရွက်၍မရတော့ပေ။ မိမိတို့၏တပ်မက်သောစိတ်တို့ကိုချုပ်တည်းထား၍ အခြေခံကျင့်ဝတ်တရား များကို လိုက်နာကျင့်သုံးရန် ခရစ်ယာန်ဟူသောအမည်နာမနှင့်ထိုက်တန်သော သူများမဟုတ်ပေ။

အချစ်ဒုက္ခပင်လယ်ကြောတွင် မျောနေသူများလည်းရှိသေးသည်။ အိမ်ထောင်ရှိသောအမျိုးသားတို့သည် အခြားအိမ်ထောင်ရှိသောအမျိုးသမီးများ (သို့မဟုတ်) အိမ်ထောင်မပြုသေးသောအမျိုးသမီးများတို့နှင့် ချစ်ကြိုးသွယ်လျက်ရှိကြသည်။ အမျိုးသမီးများအနေဖြင့်လည်း ဤလိင်ဆိုင်ရာကိစ္စတို့တွင် စဉ်းစားဆင်ခြင်တုံတရားကင်းမဲ့နေဟန်လက္ခဏာရှိ၍ ပါဝင်ရှုပ်ထွေးနေသောသူများရှိသည်။ ဘုရားသခင်၏ပညတ်တော်ကလည်းကောင်း၊ ဘုရားသခင်၏သက်သေခံချက်များကလည်းကောင်း ပြစ်တင်ရှုတ်ချတားမြစ်ထားသောအရာများကိုပင် ကျူးလွန်ကြလေသည်။ သတိပေးစကားများနှင့် ဆုံးမသြဝါဒစကားများကို ရှင်းလင်းပြတ်သားစွာပေးထားလင့်ကစား သူတို့ရှေ့မှအချို့လူသားတို့လျှောက်လိုက်ခဲ့သော အဓမ္မလမ်းစဉ်ကိုပင် သူတို့အားမိုက်မဲမှောက်မှားစေသောလုပ်ရပ်မျိုးနှင့်ပလူးပလဲလုပ်နေကြသည်နှင့်တူညီသည်။ သူတို့ကိုပျက်စီးစေရန်လည်းကောင်း၊ ဘုရားသခင်၏အမှုတော်ကိုအန္တရာယ်ဖြစ်စေရန်လည်းကောင်း၊ ဘုရားသခင်၏သားတော်ကို အသစ်တစ်ဖန်လက်ဝါးကပ်တိုင်ပေါ်တွင်တင်၍ ကိုယ်တော်ကိုပြောင်လှောင်အရှက်ခွဲရန်လည်းကောင်း စာတန်သည် သူတို့ကိုခေါင်းဆောင်မှုပေးလေသည်။

အသိတရားကင်းမဲ့ခြင်း၊ အပျော်အပါးနှစ်သက်ခြင်း၊ အပြစ်များသောအကျင့်ဓလေ့တို့သည် ကာယခွန်အား၊ ဉာဏခွန်အားနှင့်ဝိဉာဏခွန်အားတို့ကိုညစ်ညမ်းယုတ်မာစေ၍ ကမ္ဘာလောကကြီးအား ကျင့်ဝတ်ဆိုင်ရာအနာကြီးရောဂါကိုစွဲကပ်စေလေသည်။ အကျင့်စာရိတ္တဆိုင်ရာငှက်ဖျားရောဂါသည်လည်း ထောင်သောင်းမကသောသူတို့အားဖျက်ဆီးနေလေသည်။ ကျွန်ုပ်တို့၏လူငယ်လူရွယ်တို့ကိုကယ်ဆယ်ရန် ဘာလုပ်ရမည်နည်း။ ကျွန်ုပ်တို့အနေဖြင့်လုပ်ကိုင်နိုင်စွမ်းမရှိသော်လည်း ဘုရားသခင်သည်အသက်ရှင်တော်မူ၍ စိုးစံတော်မူသောကြောင့် ကိုယ်တော်ရှင်မတတ်နိုင်သောအရာဟူ၍မရှိပေ။

**ဘုရားသခင်၏လူမျိုးတို့သည်လောကီသားတို့နှင့်မတူရ** — ဤညစ်ညမ်းဆိုးယုတ်သောကာလမျိုးတွင် လွတ်လပ်စွာသွားလာနေထိုင်လုပ်ကိုင်ခြင်းသည် ခရစ်တော်၏တပည့်တော်များအတွက် စံချိန်အနေဖြင့်မထားရှိရ။

မသေနိုင်သောဘဝအသက်တာတွင် အံဝင်ခွင်ကျဖြစ်စေရန် ကြိုးပမ်းနေကြသောခရစ်ယာန်တို့အထဲတွင် ယင်းကဲ့သို့စည်းလွတ်ကမ်းလွတ်လုပ်ကိုင်ဆောင်ရွက်နေထိုင်မှုမျိုးမရှိသင့်ပေ။ သမ္မာတရားကိုယုံကြည်သိကျွမ်းသောလူတို့ထဲတွင် ကာမရာဂတပ်မက်ခြင်း၊ ညစ်ညမ်းခြင်း၊ မတရားသောမေထုန်မှီဝဲခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်း၊ လူ့အသက်သတ်ခြင်းစသောဒုစရိုက်များကိုကျင့်သုံးနေ၍ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖော်ပြပါရှိသောအခြေခံကျင့်ဝတ်များတို့၏အုပ်ထိန်းမှုကိုငြင်းပယ်လျှင် ခရစ်တော်၏နောက်တော်သို့လိုက်သောသူတို့အနေဖြင့်လည်းကောင်း၊ ဘုရားသခင်နှင့်ကောင်းကင်တမန်တို့နှင့်ရင်းနှီးစွာ မိတ်သဟာယဖွဲ့သောသူတို့အနေဖြင့်လည်းကောင်း ပိုမိုကောင်းမွန်မြင့်မြတ်သောနည်းလမ်းကို ပြသင့်ကြသည်မဟုတ်ပါလော။ သန့်ရှင်းစေကြယ်ခြင်းနှင့် ကျင့်ကောင်းသီလရှိသောသူတို့သည်ဆိုးယုတ်ညစ်ညမ်းသောတပ်မက်ခြင်းတို့၏အုပ်ထိန်းခြင်းကို ခံနေရသောသူတို့နှင့် ဘယ်မျှလောက်ကွာခြင်းသည်ကိုပြရန် ဘယ်မျှလောက်အရေးကြီးဘိသနည်း။

**တိုးတက်များပြားလာသောအန္တရာယ်များ** – ယခုကဲ့သို့ဆိုးယုတ်သောကပ်ကြီးတွင် လူသူအများတို့သည် အပြစ်ဒုစရိုက်၏ဆိုးရွားပုံကို ပညာမျက်စိဖြင့်မသိမြင်မှုကြောင့် ကိလေသာလွန်ကျူးသောဘဝအသက်တာမျိုးကိုရွေးချယ်ကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့သောလမ်းစဉ်သည် ဇာတိပကတိနှင့်လွဲမှားသောစိတ်ယိုင်မှုနှင့် အံဝင်ခွင်ကျဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်တည်းဟူသောကြည့်မှန်တွင် သူတို့၏အခြေအနေကိုကြည့်၍ ဘုရားသခင်ထားရှိတော်မူသောစံချိန်မီအောင် သူတို့၏စိတ်နှလုံးများနှင့်အကျင့်စာရိတ္တများကို တိုင်းထွာခြင်းမရှိဘဲ စာတန်၏ကိုယ်စားလှယ်တို့အား စာတန်၏စံချိန်ကို သူတို့၏နှလုံးသားထဲတွင် ထားရှိခွင့်ပြုကြလေသည်။ သူတို့၏ဆိုးယုတ်ညစ်ညမ်းမှုနှင့်အပြစ်ဒုစရိုက်တို့ကိုစွန့်ပစ်၍ စိတ်နှလုံးနှင့်ဘဝအသက်တာတို့ကို စင်ကြယ်သန့်ရှင်းစွာထားရှိခြင်းထက် သူတို့ကိုယ်တိုင်ကို အပြစ်ဒုစရိုက်၌ဆက်လက်၍ နစ်မွန်းနေစေရန်

ကျမ်းစာကိုအလွဲအမှားအနက်အဓိပ္ပါယ်ပြန်ခြင်းက ပိုမိုလွယ်ကူသည်ဟု အကျင့်ပျက်သောသူတို့ကယူဆကြသည်။

ဤကဲ့သို့သောလူစားတို့၏ဦးရေသည် အများသောသူတို့ကထင်သည် ထက်ပို၍များပြားသည်။ ကပ်ကမ္ဘာကုန်ဆုံးချိန်နီးကပ်လာသောအခါ ယင်း လူစားမျိုးသည် ပိုမိုများပြားလာလိမ့်မည်။

စာတန်၏လှည့်စားဖမ်းစားတတ်သောစွမ်းရည်သည် လူတစ်ဦး တစ်ယောက်အားထိန်းချုပ်ထားလျှင် ထိုသူသည်ဘုရားသခင်ကိုမေ့လျော့နေ၍ ညစ်ညမ်းဆိုးယုတ်သောအကြံအစည်များရှိသူကို ချီးကျူးပြောဆိုတတ်သည်။ ဤကဲ့သို့လှည့်ဖြားခြင်းခံရသောသူတို့သည် ကိလေသာလွန်ကျူးခြင်းကို ကျင့်ကောင်းသီလတစ်ခုအနေဖြင့် လိုက်စားကြသည်။ ယင်းသည်ဖမ်းစား ခြင်းတစ်မျိုးဖြစ်သည်။ အယူဝါဒဖောက်ပြန်ခြင်းနှင့်ကိလေသာလိုက်စားခြင်း တို့တွင် ဖမ်းစားတတ်သောအင်အားသည် အမြဲတမ်းကပ်ပါလျက်ရှိသည်။ စိတ်သည် သတိပညာရှိစွာဖြင့် ကျိုးကြောင်းဆင်ခြင်မှုကိုမပြုလုပ်နိုင်လောက် အောင် လှည့်ဖြားမှုကိုခံခဲ့ရသည်။ လှည့်ဖြားမှုသည်လည်း စိတ်နှလုံးသန့်ရှင်း ခြင်းနှင့်ကင်းဝေးနေစေရန် အမြဲတမ်းဆောင်ရွက်လျက်ရှိသည်။ ဝိညာဉ်ရေး ဆိုင်ရာစက္ခုနှစ်ကွင်း၏အလင်းတို့သည် မှေးမှိန်သွားလျက် ယခုအချိန်အထိ အစွန်းအကွက်နှင့်ကင်းလွတ်သောစာရိတ္တကို ထိန်းသိမ်းလာခဲ့သောပုဂ္ဂိုလ်တို့ သည် အလင်းတရားစေတမန်၏အသွင်ဆောင်ထားသော စာတန်ကိုယ်စား လှယ်တော်တို့၏ထင်ယောင်ထင်မှားဖြစ်စေသောလုပ်ရပ်တို့ကြောင့် ရှုပ်ထွေး လာကြလေသည်။ ယင်းကဲ့သို့သောလှည့်ဖြားမှုကို ယင်းကိုယ်စားလှယ်တော် တွင် ခွန်အားကိုရရှိစေသည်။ သူတို့သည် ရဲဝံ့ပြောင်ကျကျသူတို့၏လှည့်ဖြား မှုကိုကျင့်သုံးလျှင် သူတို့သည် မဆိုင်းမတွဘဲတွန်းလှန်ခြင်းကိုခံရမည်သာ ဖြစ်သည်။ သို့ရာတွင် ကနဦး၌သူတို့အားသန့်ရှင်း၍ ကိုယ်ကျိုးကိုစွန့်သော ဘုရားသခင်၏လူများအနေဖြင့် ကိုယ်ချင်းစာနာမှုနှင့်ယုံကြည်မှုကိုရယူရန် ကြိုးပမ်းဆောင်ရွက်ကြသည်။ ထိုနောက် စာတန်၏အထူးစေတမန်များအနေ ဖြင့် ဘုရားသခင်၏ပညတ်တော်ကိုအဓိပ္ပါယ်ရှိရှိမဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်

ခြင်းအားဖြင့် လူတို့အားမှန်ကန်သောတရားလမ်းကိုကျော်ခိုင်းစေသည့် သူတို့၏ပရိယာယ်များသောလုပ်ငန်းကို စတင်လုပ်ကိုင်လေသည်။

**အမျိုးသားများနှင့် အမျိုးသမီးတို့သည် သူတို့၏သက်ဆိုင်ရာနေရာများတွင်နေထိုင်လျက် ကဲ့ရဲ့ပြစ်တင်ခံရမှုကိုရှောင်ကြည်ရမည်–** အမျိုးသား (သို့မဟုတ်) အမျိုးသမီးတို့၏စိတ်သည် တစ်ခဏချင်းမှာပင် ဖြူစင်သန့်ရှင်းသောအခြေအနေမှ ဆိုးယုတ်ညစ်ညမ်း၍ ပြစ်မှုကျူးလွန်သောအခြေအနေသို့ပြောင်းလဲသွားသည်မဟုတ်ပေ။ လူ့ဇာတိအနေမှဘုရားဇာတိအခြေသို့လည်းကောင်း၊ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားတော်မူသောလူတို့အား ရက်စက်ကြမ်းကြုတ်သောပုံသဏ္ဍာန် (သို့မဟုတ်) စာတန်၏ပုံသဏ္ဍာန်သို့လည်းကောင်း၊ ပြောင်းလဲခြင်းသည် အချိန်ကြာမြင့်စွာကြာပြီးမှဖြစ်ပျက်ရသည်ကိုကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပြောင်းလဲခြင်းသို့ရောက်ရကြသည်။ သူ့ဖန်ဆင်းရှင်၏ပုံသဏ္ဍာန်နှင့်အညီ လူအားဖန်ဆင်းထားခဲ့သော်လည်း သူ့အနေဖြင့် အထက်မှန်းတီးရှုံ့ရှာခဲ့သောအပြစ်ဒုစရိုက်သည် သူ့အတွက်နှစ်မြို့ဖွယ်ဖြစ်လာစေရန် သူ့စိတ်ကိုပြုပြင်ပေးနိုင်သည်။ သူသည် စောင့်ထိန်းခြင်းနှင့်ဆုတောင်းခြင်းကိုရပ်စဲလိုက်သောအခါ သူတို့သည် စိတ်နှလုံးတည်းဟူသောရဲတိုက်ကြီးကို ကာကွယ်စောင့်ထိန်းခြင်းမရှိတော့ဘဲ အပြစ်ဒုစရိုက်နှင့်ပြစ်မှုများကို ကျူးလွန်လေတော့သည်။ စိတ်သဘောထားသည် ယုတ်ညံ့နိမ့်ကျလာ၍ ဝိဉာဏဗလနှင့်ဉာဏဗလတို့အားကျေးကျွန်ဘဝသို့သက်ဆင်းစေလျက် ပိုမိုဆိုးရွားသောတပ်မက်ခြင်းတို့ကိုလိုက်စားနေခွင့်ပြုနေသမျှကာလပတ်လုံး ယင်းစိတ်သဘောထားကိုမြှင့်တင်ပေးရန် ခဲယဉ်းလေသည်။ ဇာတိပကတိစိတ်သဘောထားကို အမြဲတမ်းတိုက်ပွဲဆင်နေရမည်။ စိတ်သဘောထားကို အထက်အရပ်သို့ဆွဲဆောင်ပေး၍ သန့်ရှင်းစင်ကြယ်သောအရာများကိုသာစွဲလမ်းစေသော သခင်ကျေးဇူးတော်၏ပြုပြင်ပေးသော ဩဇာသက်ရောက်မှုအကူအညီကို ကျွန်ုပ်တို့ရရှိနေရမည်။

နုပျိုသူဖြစ်စေ၊ အသက်အရွယ်ကြီးရင့်သောသူဖြစ်စေ ခြေလှမ်းတိုင်းမှာအကြံဉာဏ်အတွက် ဘုရားသခင်ထံတော်မှတောင်းဆိုရန်လိုအပ်သည်

ဟူသောခံစားချက်မရှိဘဲ လုံခြုံမှုမရှိပေ။ ဘုရားသခင်နှင့်ရင်းနှီးစွာမိတ်သဟာယဖွဲ့ထားသောသူတို့သာလျှင် လူသားတို့အား ကိုယ်တော်ရှင်သတ်မှတ်ထားရှိတော်မူသောတန်ဖိုးကိုလည်းကောင်း၊ ဖြူစင်ခြင်း၊ ကောင်းမြတ်ခြင်း၊ နှိမ့်ချခြင်းနှင့်နူးညံ့သိမ်မွေ့ခြင်းတို့ကိုလေးစားရန်လည်းကောင်း သိရှိနားလည်ကြလိမ့်မည်။ စိတ်နှလုံးသည် ယောသပ်၏စိတ်နှလုံးကဲ့သို့ တောင့်တင်းခိုင်မာမှုရှိရမည်။ ထိုအခါ ရိုးဖြောင့်မှုကိုကျောခိုင်းစေမည့် စုံစမ်းသွေးဆောင်မှုများကိုရင်ဆိုင်ရသောအခါ "အပြစ်ကြီးသောဤအမှုကိုကျွန်တော်ပြု၍ ဘုရားသခင်ကိုအဘယ်သို့ပြစ်မှားနိုင်သနည်း" ဟု ပြတ်ပြတ်သားသားပြောဆိုရပ်တည်နိုင်လိမ့်မည်။ သွေးဆောင်ခြင်းသည် မလွန်ဆန်နိုင်လောက်အောင်ကြီးမားလှသောကြောင့် အပြစ်ကိုကျူးလွန်မိပါသည်ဆိုသောအကြောင်းပြချက်သည် တရားမဝင်ပေ။ သင်တို့သည် ဘယ်မျှလောက်ပြင်းထန်သောဖိအားပေးခြင်းခံရစေကာမူ အပြစ်ကျူးလွန်ခြင်းသည် သင်တို့တာဝန်သာဖြစ်သည်။ ခက်ခဲခြင်း၏အကြောင်းရင်းသည် အသစ်ပြုပြင်ခြင်းမခံရသော နှလုံးသားသာလျှင်ဖြစ်သည်။

ပစ္စုပ္ပန်ခေတ်တွင် များပြားလှသောအန္တရာယ်ရှိသောကြောင့် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းသောသူများအနေဖြင့် ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်အလုံးစုံတို့ကိုလည်းကောင်း၊ အလုံးစုံသောမှောက်မှားဆိုးသွမ်းမှုတို့ကိုလည်းကောင်း၊ ဖယ်ရှားပစ်သင့်သည်မဟုတ်ပါလော။ သမ္မာတရားကိုလိုက်နာကျင့်သုံးနေပါသည် ဆိုသောအမျိုးသမီးများသည်လည်း အိမ်ထောင်ရှိလျက်နှင့် အခြားသောယောကျ်ားတစ်ဦးဦးနှင့် မိတ်ဆွေသဘောထက်လွန်ကဲသောရင်းနှီးမှုမျိုးမရှိစေရန် မိမိတို့ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေသင့်ကြသည်မဟုတ်ပါလော။ သူတို့သည် အနေအထိုင်အသွားအလာအပြောအဆိုများကိုအချိန်မရွေးဆင်ခြင်လျှင် သူတို့သည် စုံစမ်းသွေးဆောင်ခြင်းများကို တွန်းလှန်ဖယ်ရှားနိုင်လိမ့်မည်မဟုတ်ပါလော။

**အမျိုးသမီးများသည် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်မှုရှိရမည်** – ယခုခေတ်တွင် အိမ်ထောင်မရှိသေးသောအမျိုးသမီးများနှင့် အိမ်ထောင်ရှိပြီးသား

အမျိုးသမီးများတို့တွင် လိုအပ်သောအိန္ဒြေဆယ်ခြင်းမျိုးမရှိတတ်ကြပေ။ သူတို့သည် မြူဆွယ်သောအမျိုးသမီးများကဲ့သို့ လုပ်ကိုင်တတ်ကြသည်။ သူတို့သည် လူပျို၊ လူအိုမရှောင် ရင်းနှီးခွင့်ပေးကြသည်။ စာရိတ္တကြံ့ခိုင်မှုမရှိသောသူတို့သည် ကိလေသာထောင်ချောက်တွင် ဖမ်းမိလျက်သားဖြစ်နေပေလိမ့်မည်။ ယင်းကဲ့သို့အပြုအမူမျိုးကိုခွင့်ပြုထားလျှင် ယင်းတို့သည် ကျင့်ကောင်းသီလသိရှိသောဉာဏ်ကိုထုံထိုင်းစေ၍ စိတ်နှလုံးစက္ခုနှစ်ကွင်း၏အလင်းကိုကွယ်စေသောကြောင့် ပြစ်မှုကိုအပြစ်ဟူ၍ သိမြင်ခြင်းမရှိတော့ပေ။ အကယ်၍အမျိုးသမီးသည် အိန္ဒြေရှိစွာနေထိုင်ခဲ့လျှင် ပေါ်လာစရာမရှိသောစိတ်ကူးဉာဏ်သည် နိုးကြားပေါ်လာကြမည်မဟုတ်ပေ။ သူမ၌တရားဝင်မဟုတ်သောရည်စူးချက်များရှိမည်မဟုတ်သော်လည်း စုံစမ်းသွေးဆောင်ခြင်းကိုခံရ၍သူတို့၏အပေါင်းအသင်းရောင်းရင်းများမှ ရနိုင်သမျှသောအကူအညီကို လိုအပ်နေသောအမျိုးသားများအား သူမကအားပေးအားမြှောက်ပြုခဲ့သည်။ ရှေ့နောက်မြော်မြင်တတ်ခြင်း၊ အိန္ဒြေရရနေထိုင်ခြင်း၊ မခန့်မညားပြုခြင်းကိုခွင့်မပြုခြင်း၊ အထူးအရေးပေးမှုကိုလက်မခံခြင်းတို့ကိုကျင့်သုံးလျက် စာရိတ္တကိုထိန်းသိမ်းကာ သင့်တင့်လျောက်ပတ်စွာနေထိုင်လျှင် မကောင်းမှုဒုစရိုက်မြောက်မြားစွာတို့ကို ရှောင်ကွင်းနိုင်မည်ဖြစ်သည်။

ဘုရားသခင်က ကျွန်ုပ်အား ရုံဖန်ရံခါထုတ်ဖော်ပြောဆိုတော်မူထားချက်အရ အများသောအပြစ်မှုကျူးလွန်မှုများဖြစ်ရသည့်အတွက် အမျိုးသမီးများတွင်တာဝန်ပိုမိုရှိကြောင်း ကျွန်ုပ်၏ညီမတော်အမျိုးသမီးများအားအသိပေးရန် ကျွန်ုပ်အနေဖြင့်ဆန္ဒရှိခဲ့သည်မှာ များစွာကြာခဲ့ပေပြီ။ သူတို့သည် မကောင်းသောအမှုအမျိုးမျိုးရှိသမျှကိုရှောင်ကြဉ်ရန် သတိမရှိကြပေ။ ဘုရားတရားရှိသေကိုင်းရှိုင်းမှုရှိပါသည်ဟုဆိုသော အမျိုးသမီးတို့၏ဂုဏ်ဒြပ်နှင့်ညီလျော်သောအပြုအမူအပြောအဆိုတို့တွင် ရှေ့နောက်မြော်မြင်တတ်မှုလုံးဝမရှိကြပေ။ ဘုရားသခင်၏ကျေးဇူးတော်မင်္ဂလာကို ခံစားရရှိခဲ့ကြပြီးဖြစ်သောအမျိုးသမီးများသည် အကွပ်အကဲမရှိ၊ ပရမ်းပတာဖြစ်နေလေသည်။ သူတို့သည် အမျိုးသားညီအစ်ကိုတော်များနှင့်ရင်းနှီးလွန်းအားကြီးသည်။ ယင်းအမျိုးသား

နှင့်အရောတဝင်ရှိလျက် သူတို့၏အသိုက်အဝန်းတွင် နေလေ့နေထရှိသည်။ အမျိုးသားတို့၏အရေးတယူဂရုစိုက်မှုကို သူတို့အနေဖြင့် များစွာပီတိဖြစ်နေကြသည်။

ကျွန်ုပ်အားဘုရားသခင်ပေးတော်မူသောအလင်းတရားအရ၊ ကျွန်ုပ်တို့၏ညီမတော်များသည် သူတို့၏လမ်းစဉ်ကိုပြောင်းပစ်ကြရမည်။ သူတို့သည် ပိုမို၍အိန္ဒြေကိုထိန်းသိမ်းထားရမည်။ ပြောရဲဆိုရဲဖြစ်ခြင်းကိုရှောင်ကြဉ်၍ "မိန်းမတို့၏အိန္ဒြေရှေ့ပေး၍မရ" ဟူသောဆောင်ပုဒ်နှင့်အညီ ကျင့်သုံးသင့်ကြပေသည်။ အမျိုးသားများနှင့်အမျိုးသမီးများတို့သည် တစ်ဦး၏အသိုက်အဝန်းသို့တစ်ဦးကရောက်ရှိကြသောအခါ နောက်ပြောင်ခြင်းနှင့်ရယ်မောခြင်းကို များစွာပြုတတ်ကြသည်။ ဘုရားတရားရိုသေကိုင်းရှိုင်းမှုရှိပါသည်ဆိုသောအမျိုးသမီးတို့သည် ကျီစယ်ခြင်း၊ နောက်ပြောင်ခြင်းနှင့်အော်ဟစ်ရယ်မောခြင်းတို့ကို များစွာပြုလုပ်တတ်ကြသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် မတော်လျော်ဘဲ ဘုရားသခင်ဝိညာဉ်တော်ကိုလည်း စိတ်မကောင်းဖြစ်စေကြသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် ခရစ်ယာန်များဆိုင်ရာရည်မွန်ယဉ်ကျေးမှုကို ဖောက်ဖျက်ရာကျသည်။ သူတို့၏ဝိညာဉ်အား ဘုရားသခင်ဘက်၌ ကြံ့ခိုင်မှုရှိစေရန်ပြုလုပ်ခြင်းမရှိဘဲ မည်းနက်သောမှောင်ရိပ်ကိုလွှမ်းမိုးစေလေသည်။ သူတို့သည်သန့်ရှင်း၍ ရည်မွန်သောကောင်းကင်တမန်များကိုမောင်းထုတ်ပစ်၍ ယင်းမှားယွင်းသောလမ်းစဉ်ကို လိုက်နာကျင့်သုံးသောသူတို့အား နိမ့်ကျသောအဆင့်သို့ကျဆင်းစေလေသည်။

အမျိုးသမီးများသည် များသောအားဖြင့် သွေးဆောင်သူများဖြစ်ကြသည်။ ဟန်ဆောင်မှုတစ်မျိုးမဟုတ်တစ်မျိုးကို အသုံးပြုခြင်းအားဖြင့် အိမ်ထောင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အမျိုးသားတို့၏အရေးပေးမှုကို ရရှိအောင်ပြုလုပ်၍ ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်သည့်တိုင်အောင်လည်းကောင်း၊ သူတို့၏အသုံးကျမှုပျက်စီးသည့်တိုင်အောင်လည်းကောင်း၊ သူတို့၏ဝိညာဉ်ဆုံးရှုံးရသောအန္တရာယ်ကို ရင်ဆိုင်ရသည်တိုင်အောင်လည်းကောင်း ယင်းအမျိုးသားတို့နှင့်ရင်းနှီးစွာသွားလာနေထိုင်လာကြလေသည်။

အမျိုးသမီးများသည် သူတို့၏ဘဝအသက်တာ၏အဆင့်အတန်းကိုမြှင့်တင်၍ ခရစ်တော်နှင့်လက်တွဲဆောင်ရွက်သော အမှုတော်ဆောင်များဖြစ်လာလျှင် သူတို့၏ဩဇာသက်ရောက်မှုသည် အန္တရာယ်မပြုတတ်ကြပေ။ သို့ရာတွင် အိမ်ထောင်ဆိုင်ရာတာဝန်များကိုလည်းကောင်း၊ ဘုရားသခင်ကသူတို့အား တောင်းဆိုထားသော ဆောင်ရွက်မှုများကိုလည်းကောင်း လျစ်လျူရှုကြလျှင် ဩဇာသက်ရောက်မှုသည် သူတို့၏မှားယွင်းသောလမ်းဘက်တွင်အင်အား ကောင်း၍ သူတို့၏စွမ်းရည်များသည်လည်းချည့်နဲ့လာလျက် သူတို့၏အလုပ် အကိုင်များသည်လည်း ဘုရားသခင်၏ကောင်းချီးပေးမှုကို မခံစားရတော့ပေ။

အမျိုးသားတို့၏အာရုံစူးစိုက်မှုကိုခံရအောင်လည်းကောင်း၊ လူငယ် လူရွယ်တို့၏အသိုက်အဝန်းထဲတွင် ခေါင်းဝင်ကိုယ်ဆံ့ဖြစ်စေရန်လည်းကောင်း၊ လူငယ်လူရွယ်တို့၏အရေးတယူဂရုတစိုက်ပြုစုဆက်သွယ်မှုကို ရရှိရန်လည်း ကောင်း၊ လူပျိုလူအိုမရှောင် ရင်းနှီးစွာပေါင်းသင်းဆက်ဆံကြသော ဇက်ရဲ လက်ရဲမိန်းမပျိုများနှင့်မိန်းမကြီးများရှိနေကြသောကြောင့် သင်တို့၏မျက်နှာ မူရာအရပ်သည် ခရစ်တော်ဘက်၌မရှိလျှင်လည်းကောင်း၊ သင်တို့သည် သံမဏိ ကဲ့သို့ကြံ့ခိုင်မှုမရှိလျှင်လည်းကောင်း စာတန်၏ထောင်ချောက်ထဲသို့ရောက် သွားကြမည်မှာ မြေခတ်မလွဲပင်။

ခရစ်တော်၏သံတမန်များအနေဖြင့် ကျွန်ုပ်သည်သင်တို့အား တောင်းပန်လိုသည်မှာ သမ္မာတရားကိုယုံကြည်လက်ခံကျင့်သုံးနေသောသူ များအနေဖြင့် မသန့်ရှင်းမစင်ကြယ်သောအရာဟူသမျှကိုရှောင်ကြဉ်၍ ညစ်ညမ်းသော၊ ဆိုးယုတ်သောအလုပ်အကိုင်များကို အားပေးအားမြှောက် ပြုတတ်သော လူ့အဖွဲ့အစည်းများကိုစွန့်ပယ်ပါ။ ညစ်ညမ်းဆိုးယုတ်သော အပြစ်ဒုစရိုက်ဟူသမျှကို မုန်းတီးရွံရှာပါ။ အပြောအဆိုအားဖြင့်ပင် မှားယွင်း သောလမ်းထဲသို့ပို့ဆောင်ပေးသည့် လူတို့ကိုရှောင်ကြဉ်ပါ။ အဘယ်ကြောင့် ဆိုသော် "စိတ်နှလုံးအပြည့်ရှိသည့်အတိုင်းနှုတ်မြွက်တတ်၏။"

ညစ်ညမ်းဆိုးယုတ်၍ တီးတိုးအကြံပြုချက်များကို လုံးဝလက်မခံ ပါနှင့်။ အဘယ်ကြောင့်ဆိုသော် မသန့်ရှင်းသောရေသည် ရေစီးကြောင်းကို

ညစ်ညမ်းစေသကဲ့သို့ ယင်းကဲ့သို့သောအကြံပြုချက်များသည် စိတ်ဝိညာဉ်ကိုညစ်ညမ်းစေသည်။

မိမိ၏ရှေ့တော်၌မတော်လျော်သောစကားလုံး (သို့မဟုတ်) စကားအရိပ်အမြွက်ကို ပြောဆိုခွင့်ပြုသောအမျိုးသမီးသည် ဘုရားသခင်သူမအတွက်ထားရှိတော်မူသောအစီအစဉ်ကို လိုက်နာခြင်းမရှိပေ။ အမျိုးသားတစ်ဦးဦးအား အလွန်အမင်းရင်းနှီးစွာဆက်ဆံခွင့်ပေးခြင်း (သို့မဟုတ်) မသန့်ရှင်းသောအကြံပြုချက်ပေးခွင့်ပြုသောအမျိုးသမီးသည် ဘုရားသခင်သတ်မှတ်ထားတော်မူသော အမျိုးသမီးစံချိန်ကို ထိန်းသိမ်းမှုမပြုသောအမျိုးသမီးမျိုးဖြစ်သည်။

**သန့်ရှင်းသောအသိုက်အဝန်း၏စင်ကြယ်မှုဖြင့်ကာကွယ်ထားခြင်း** – စစ်မှန်သောစိတ်နှလုံး၏နူးညံ့သိမ်မွေ့ခြင်းကို ကျွန်ုပ်တို့၏ညီမတော်များအနေဖြင့် အားပေးသင့်ပေသည်။ သူတို့သည် ဆိုးဆိုးဆတ်ဆတ်မဖြစ်ရ။ စကားမများရ။ ဇက်ရဲလက်ရဲမဖြစ်ရဘဲ သိမ်မွေ့နူးညံ့၍ စဉ်းစဉ်းကြရမည်။ ကြင်နာခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ သနားခြင်းနှင့်စိတ်နှိမ့်ချခြင်းတို့သည် သင့်လျော်လျော်ပတ်၍ ဘုရားသခင်နှစ်သက်တော်မူသောအရာများဖြစ်သည်။ ယင်းကဲ့သို့အခြေအနေ၌ရပ်တည်လျှင် အသင်းတော်အတွင်း၌ဖြစ်စေ၊ အသင်းတော်အပြင်ဘက်၌ဖြစ်စေ ရှိကြသောအမျိုးသားတို့၏လွန်ကဲသောအရေးတယူဂရုစိုက်ရှိမှုကို ခံရကြမည်မဟုတ်ပေ။ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေကြသော ဤအမျိုးသမီးများ၏ပတ်လည်က မလိုလားအပ်သောရင်းနှီးစွာဆက်ဆံမှုမျိုးမှကာကွယ်ထားကြောင်းကို လူတိုင်းကသိရှိကြလိမ့်မည်ဖြစ်သည်။

ဘုရားတရားမြဲပါသည်ဟုဆိုကြသော အချို့အမျိုးသမီးများတွင် မှားယွင်းမှုနှင့်ဒုစရိုက်ကျူးလွန်မှုကို ပို့ဆောင်ပေးတတ်၍ ပညာမျက်စိမရှိသော အပြုအမူမျိုးရှိတတ်ကြသည်။ သို့ရာတွင် သန့်ရှင်းစင်ကြယ်သောဘဝအသက်တာမျိုးကို ကြံ့ခိုင်စေ၍ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့စေရန်

စိတ်ဝိညာဉ်ကိုမြှင့်တင်ပေးသောအကြောင်းအရာများကိုသာ အာရုံပြုခြင်းအားဖြင့် မအားမလပ်ဖြစ်နေသောစိတ်နှလုံးမျိုးရှိသော ဘုရားတရားမြဲသော အမျိုးသမီးများသည်မှန်ကန်၍ အကျင့်ကောင်းသီလဖြင့်ပြည့်ဝသောလမ်းမှ အလွယ်တကူလွဲမှားတိမ်မှောက်သွားကြမည်မဟုတ်ပေ။ ယင်းအမျိုးသမီးတို့သည် စာတန်၏ပရိယာယ်များကို ကြံ့ကြံ့ခိုင်ခံ့နိုင်သောသတ္တိရှိကြမည်ဖြစ်သည်။ သူတို့သည် စာတန်၏ဆွဲဆောင်မှုကိုတွန်းလှန်ရန် အသင့်ရှိနေကြလိမ့်မည်ဖြစ်သည်။

မွန်မြတ်မြင့်မားသောယုံကြည်မှုကို လက်ခံကျင့်သုံးနေကြသော ခရစ်တော်၏တပည့်တော်များအနေဖြင့် တန်ဖိုးဖြတ်၍မရသော အိန္ဒြေရှိသည့်ဘဝအသက်တာသည် ကျင့်ကောင်းသီလကိုကာကွယ်ထိန်းသိမ်းထားလိမ့်မည်ဖြစ်သည်။

**အတွေးအခေါ်များကိုချုပ်တည်းထားပါ** – သင်တို့သည် သင်တို့၏အတွေးအခေါ်များကို ချုပ်တည်းထားသင့်ကြပေသည်။ ယင်းလုပ်ငန်းသည်မလွယ်ကူပေ။ အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်မှုမရှိဘဲ ယင်းလုပ်ငန်းကိုအကောင်အထည်မဖော်နိုင်ပေ။ သို့ရာတွင် ယင်းကဲ့သို့အနေဖြင့်ဆောင်ရွက်ရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ တာဝန်သိသိဆောင်ရွက်တတ်သောသူတိုင်း ထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်။ သင်တို့အတွေးအခေါ်များအတွက် ဘုရားသခင်နှင့်စာရင်းရှင်းရကြမည်။ သင်တို့သည် အကျိုးမဲ့စိတ်ကူးယဉ်မှုများကိုပြုလုပ်သည်ဖြစ်စေ၊ ညစ်ညမ်းဆိုးယုတ်သောအကြောင်းအရာများကို စိတ်ကူးနေသည်ဖြစ်စေ၊ သင်တို့သည် ယင်းစိတ်ကူးချက်များကိုအကောင်အထည်ဖော်ပြီးသကဲ့သို့ သင်တို့သည် ဘုရားသခင်ရှေ့တော်၌ အပြစ်ရှိကြသည်။ အကောင်အထည်ဖော်မှုကို ဟန့်တားထားသောအရာသည် အခွင့်အရေးမရသောကြောင့်သာဖြစ်သည်။ နေ့ညမရွေး "လေထဲတိုက်အိမ်ဆောက်ခြင်း" သည် ဆိုးယုတ်၍ အန္တရာယ်များလှသောအကျင့်ဓလေ့ဖြစ်သည်။ ယင်းအကျင့်ဓလေ့များသည် အမြစ်စွဲသွားလျှင် စိတ်နှလုံးအား စင်ကြယ်သန့်ရှင်း၍မြင့်မြတ်သောအကြောင်းအရာများကို စဉ်းစားဆင်ခြင်

စေရန်အတွက် ယင်းအကျင့်ဓလေ့များကိုဖြိုဖျက်၍မရလောက်အောင် ခိုင်မြဲသွားမည်ဖြစ်သည်။

**မြှောက်ထိုးပင့်ကော်စကားမျိုးကိုသတိပြု၍ရှောင်ကြဉ်ပါ** – ချီးမွမ်းခြင်းနှင့်မြှောက်ထိုးပင့်ကော်ပြုလုပ်ခြင်းနှင့် ချော့မော့ခြင်းခံရသောအမျိုးသားများကိုတွေ့မြင်ရသောအခါ ကျွန်ုပ်သည် များစွာစိတ်မချမ်းမသာဖြစ်မိပါသည်။ ယင်းကဲ့သို့သောအရေးတယူဂရုတစိုက်ပြုခြင်းကို လက်ခံကြသောပုဂ္ဂိုလ်တို့သည် သူတို့၏နှုတ်ဖျားတွင် ကိုယ်တော်ရှင်၏နာမတော်ကိုဆောင်ယူခြင်းမပြုထိုက်ကြောင်း ဘုရားသခင်သည်ကျွန်ုပ်အား ထုတ်ဖော်ပြတော်မူပြီ။ သို့စေကာမူ အပေါ်ယံ၏ပုံသဏ္ဍာန်ကိုကြည့်မြင်တတ်ကြသောပကတိလူသားတို့၏ချီးကျူးဂုဏ်ပြုခြင်းကို မိုးကောင်းကင်အထိခံရကြပြီ။ ကျွန်ုပ်၏ညီမတော်တို့၊ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ လူပျိုဖြစ်စေ၊ လူအိုဖြစ်စေ သနားဖွယ်ကောင်း၍မှားယွင်းတတ်ပြီးလျှင် မှားယွင်းနေသောအမျိုးသားတို့အား မြှောက်ထိုးပင့်ကော်မပြုပါလေနှင့်။ သင်တို့အနေဖြင့် သူတို့၏အားနည်းချက်များကို မသိရှိကြပေ။ ယင်းကဲ့သို့သော အလွန်အကြူးချီးကျူးခြင်းနှင့် အရေးတယူဂရုတစိုက်ပြုလုပ်ခြင်းများသည် သူတို့၏ပျက်စီးရာပျက်စီးကြောင်းကိုဖန်တီးပေးလိမ့်မည်ကို သင်တို့မသိကြပါတကား။ ယင်းကိစ္စမျိုးတွင် လူအများတို့၏အမြင်တိုခြင်းနှင့် ဉာဏ်ပညာကင်းမဲ့ခြင်းတို့အတွက် ကျွန်ုပ်အနေဖြင့်ကြောက်လန့်မိပေသည်။

ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေ၍ သူတို့၏နှလုံးသားထဲ၌ ခရစ်တော်ကိန်းဝပ်တော်မူခြင်းကျေးဇူးကို ခံစားရသောသူတို့သည် ကျင့်ကောင်းသီလ၏အဆင့်အတန်းကိုမနိမ့်ကျစေဘဲ ယင်းကိုမြှင့်တင်ရန် အမြဲတမ်းကြိုးပမ်းနေမည်ဖြစ်သည်။ သူတို့အနေဖြင့် အမျိုးသမီးများ၏မြှောက်ထိုးပင့်ကော်ပြုလုပ်ခြင်းကိုလည်းကောင်း၊ ချော့မော့ပြောဆိုခြင်းကိုလည်းကောင်း အားရဝမ်းမြောက်ခြင်းရှိကြမည်မဟုတ်လော။ လူပျိုလူအိုအပါအဝင်အမျိုးသားတိုင်းက ဤကဲ့သို့ပြောနိုင်ကြပါစေ။ "ဖယ်ကြရှားကြ၊ ကျွန်ုပ်၏ကောင်းမြတ်သောအပြုအမူများကို မကောင်းပြောခံရဖို့အနည်းငယ်မျှပင် အခွင့်ပေးမည်

မဟုတ်ပါ။ ကျွန်ုပ်၏ကောင်းသောနာမည်သည် ကျွန်ုပ်အတွက်ရွှေ (သို့မဟုတ်) ငွေထက်ပင် တန်ဖိုးရှိအရင်းအနှီးဖြစ်သည်။ ယင်းနာမည်ကောင်းကိုမှည့် တစ်ပေါက်အစွန်းမခံရစေဘဲ ထိန်းသိမ်းထားပါရစေ။” အကယ်၍ယင်းနာမည်ကောင်းကို ထိပါးစော်ကားလာကြသောအခါ ကျွန်ုပ်ကသူတို့အားအခွင့်ပေးသောကြောင့်မဟုတ်ဘဲ ခရစ်တော်ကိုသူတို့မကောင်းပြောသောအကြောင်းရင်းကြောင့်ဖြစ်သည်။ ယင်းအကြောင်းရင်းမှာ သူတို့သည် ကိုယ်တော်ရှင်၏ဖြူစင်သန့်ရှင်းသောဂုဏ်တော်ကို မလိုမုန်းတီးဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ရှင်၏အပြစ်ကင်းသောဂုဏ်တော်က သူတို့၏မသန့်ရှင်းမှုကို အမြဲတမ်းဆုံးမသြဝါဒပေးနေသောကြောင့်ဖြစ်သည်။

**အကယ်၍ဓမ္မဆရာကစုံစမ်းသွေးဆောင်သော်** – အပြစ်ဒုစရိုက်ကိုကျူးလွန်စေရန် (သို့မဟုတ်) အနည်းငယ်သောခင်မင်ရင်းနှီးမှုကိုခွင့်ပြုရန်သင်တို့အားလက်ယပ်ခေါ်သော စုံစမ်းသွေးဆောင်မှုသည် မည်သည့်ဌာန၊ မည်သည့်နေရာမှလာသည်မဆို သင်တို့အမျိုးသမီးဘဝ၏ဂုဏ်ဒြပ်ကို အဆိုးရွားဆုံးစော်ကားမှုအနေဖြင့် ငြင်းပယ်ကြပါ။ အချိန်မှန်နေရာမှန်မဟုတ်သောအခါမျိုးတွင် သင်တို့၏ပါင်းပြင်ကိုနမ်းရှုပ်ခြင်းအား သင်တို့သည်ရွံ့ရှာစွာဖြင့်စာတန်၏စေတမန်ကိုတွန်းလှန်ပစ်သင့်ကြသည်။ အကယ်၍ ယင်းကာယကံရှင်သည် သန့်ရှင်းသောအမှုတော်ကိုထမ်းဆောင်ရသော ကြီးမြင့်သောအရပ်မှပုဂ္ဂိုလ်ဖြစ်လျှင် ယင်းအပြစ်သည် ဆယ်ဆပိုမိုကြီးလေးသည်ဖြစ်သောကြောင့်ဘုရားသခင်ကိုရိုသေကြောက်ရွံ့သောအမျိုးသမီး (သို့မဟုတ်) ပျိုမေငယ်တို့သည် သူတို့အားကျူးလွန်ပြစ်မှားစေသောအပြစ်ကိုသာမဟုတ်ဘဲ ဘုရားသခင်၏အမှုတော်ဆောင်အနေဖြင့် လူတကာတို့ကိုရိုသေကိုင်းရှိုင်းမှုကိုခံရသောသူ၏ဟန်ဆောင်မှုနှင့်မိုက်မှားမှုကိုပါ မုန်းတီးရွံ့ရှာသောစိတ်ဖြင့် တွန်းလှန်ပစ်ရမည်။

ဧဝံဂေလိဓမ္မဆရာတစ်ဦးသည် သူ့တပ်မက်သောစိတ်တို့ကိုချုပ်တည်းခြင်းနှင့် တမန်တော်၏ပုံသက်သေကိုလိုက်နာကျင့်သုံးခြင်းမရှိဘဲ သူ့အလုပ်အကိုင်နှင့်ယုံကြည်ခြင်းတို့ကိုမထီမဲ့မြင်ပြု၍ သူကကျူးလွန်စေလိုသောအပြစ်

ကိုပင် အမည်နာမထုတ်ဖော်ပြလျှင် ဘုရားတရားရှိပါသည်ဆိုသော ကျွန်ုပ်တို့၏ညီမတော်များက သူတို့၏ဓမ္မဆရာပင်ကျူးလွန်ဝံ့သောအပြစ်ဒုစရိုက် (သို့မဟုတ်) ပြစ်မှုသည် အပြစ်လုံးဝမဟုတ်တော့ပြီဆို၍ သူတို့ကိုယ်ကို မြှောက်ထိုးပင့်ကော်ပြောဆိုလျက် ယင်းသွေးဆောင်မှုကိုနားမထောင်မိစေရန် များစွာသတိပြုရှောင်ကြဉ်ရကြမည်။ တာဝန်ကြီးသောအလုပ်အကိုင်ကို ထမ်းဆောင်ရသောသူများက အပြစ်ဒုစရိုက်နှင့်အကျွမ်းဝင်ကြောင်းကိုပြသခြင်းက အပြစ်ဒုစရိုက်၏ယုတ်မာဆိုးသွမ်းမှုကို ဘယ်သူ့စိတ်ထဲ၌မျှယုတ်လျော့မသွားစေသင့်ပေ။ အပြစ်ဒုစရိုက်သည် ယုတ်မာဆိုးသွမ်းသည်ဟု ယခုအချိန်တိုင်အောင် ခံယူထားရှိခဲ့ကြသောယုံကြည်ချက်ကို ဘယ်သောအခါမျှပြောင်းလွှဲမှုမပြုသင့်ပေ။ သန့်ရှင်းစင်ကြယ်သောနှလုံးသားရှိသောသူတို့သည် သေစေတတ်သောအဆိပ်နှင့်ပြည့်ဝသည့် မြွေဆိုးကိုရှောင်ရှားသကဲ့သို့ အပြစ်ဒုစရိုက်၌ကျင်လည်သောသူကို ရှောင်ရှားသင့်ပေသည်။ ခရစ်ယာန်ညီမတော်တို့သည် မြင့်မြတ်သန့်ရှင်းဖြူစင်သောနှလုံးသားပိုင်ရှင်များဖြစ်လျှင် သူတို့၏ဓမ္မဆရာ အပါအဝင် မည်သည့်ယောကျ်ားတစ်ဦးတစ်ယောက်၏ယုတ်မာညစ်ညူးသော အဆိုပြုလာချက်ကို နောက်တစ်ကြိမ်မပေါ်ပေါက်လာစေရန် ပြတ်ပြတ်သားသား တိတိကျကျငြင်းဆန်ခါထုတ်ပစ်ရမည်။

**ထိမ်းမြားမင်္ဂလာကတိသစ္စာကိုခါးဝတ်ပုဆိုးကဲ့သို့မြဲစေပါ** – ဖခင်လည်းဖြစ်၊ ခင်ပွန်းလည်းဖြစ်သောယောကျ်ားသည် သူပြုခဲ့သောထိမ်းမြားမင်္ဂလာကတိသစ္စာကို ခါးဝတ်ပုဆိုးကဲ့သို့မြဲစေရန် ဘယ်မျှလောက်အရေးကြီးပေသနည်း။ ဘုရားသခင်၏ပညတ်တော်များဖြစ်သော၊ မြင့်မြတ်သန့်ရှင်းသောအဆင့်အတန်းနှင့်ညီလျော်မှုမရှိသော စိတ်ကူးအကြံအစည်များကို မိန်းမငယ်များ၌ဖြစ်စေ၊ လင်ရှိမယားများ၌ဖြစ်စေ လက်ခံအားပေးခြင်းမပြုမိစေရန် ဖခင်ဖြစ်သောသူသည် ဘယ်မျှလောက်သတိတရားထားရှိသင့်ပါသနည်း။ ခရစ်တော်အရှင်ဖော်ပြထားတော်မူသော ယင်းပညတ်များသည် အလွန်အမင်းကျယ်ဝန်းသည်ဖြစ်၍ နှလုံးသား၏စိတ်ကူးဉာဏ်နှင့်ရည်စူးချက်များအတွင်းသို့ပင် ထိုးဖောက်ဝင်ရောက်သွားလေသည်။ ဤအချက်တွင် မြောက်မြားစွာ

သောသူတို့ပေါ့လျော့ပျက်ကွက်ကြသည်။ သူတို့၏စိတ်ကူးအကြံအစည်များ သည် ဘုရားသခင်အလိုရှိတော်မူသော ဖြူစင်သန့်ရှင်းသောသဘာဝမရှိပေ။ သူတို့ထမ်းဆောင်ရသောတာဝန်သည် ဘယ်မျှလောက်ပင်မြင့်မြတ်စေကာမူ၊ သူတို့အနေဖြင့် ဘယ်မျှလောက်စွမ်းရည်ရှိစေကာမူ ဘုရားသခင်သည် သူတို့၏အပြစ်ဒုစရိုက်ကိုမှတ်သားထားတော်မူ၍ သူတို့သည် သူတို့လောက်စွမ်းရည် မရှိ၊ သူတို့လောက်အလင်းရောင်ရရှိမှုမရှိဘဲ သူတို့လောက်ဩဇာသက်ရောက် မှုမရှိသော သူတို့ထက်အပြစ်ကြီး၍ ကိုယ်တော်ရှင်၏အမျက်ဒေါသစူးရှဖွယ် ဖြစ်သောသူများဖြစ်ကြသည်ဟူ၍လည်း မှတ်တော်မူမည်။

အိမ်ထောင်ရှိသောသူတို့အား ဤကဲ့သို့တိုက်တွန်းနှိုးဆော်ရန် ကျွန်ုပ် သည် ကိုယ်တော်ရှင်၏စေခိုင်းချက်ကို ရရှိထားပါသည်။ ခင်ပွန်းတို့၊ သင်တို့ ၏သားသမီးများ၏မိခင်များဖြစ်သော သင်တို့၏ဇနီးများကိုသာလျှင် သင်တို့ သည် ရိုသေလေးစားခင်တွယ်ရမည်။ ခင်ပွန်းတို့သည် သူတို့၏ဇနီးများအား ချစ်ခင်မြတ်နိုး၍ သူတို့၏သာယာပျော်ရွှင်သော ဘဝအသက်တာတည်ဆောက် မှုအတွက် အသုံးပြုမည့်စီမံကိန်းများကို ကြံစည်တွေးဆနေရမည်။

ခရစ်တော်၏နောက်တော်လိုက်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် သင့်လျော် ထားရှိအပ်သော လူကြီးဘဝ၏အိန္ဒြေရှိခြင်း၊ စိတ်ထားမြင့်မြတ်ခြင်းနှင့်မွန်မြတ် ခြင်းတို့တည်းဟူသော ကျင့်ကောင်းသီလများကိုကျင့်သုံးခြင်းမပြုသောဖခင် လည်းဖြစ်၍ ခင်ပွန်းလည်းဖြစ်သောသူတို့၏အိမ်ထောင်များအခြေအနေကို ကျွန်ုပ်ရူပါရုံတွင်တွေ့မြင်ခဲ့ရပါသည်။ ယင်းခင်ပွန်းမျိုးတို့သည် သူတို့၏ ဇနီးများအား သူတို့နှစ်ဦးအသက်ရှင်နေသမျှကာလပတ်လုံး သူမအားချစ်ပါ မည်၊ လေးစားပါမည်၊ ဂုဏ်ပြုပါမည်ဟု ဘုရားသခင်နှင့်ကောင်းကင်တမန် တို့ရှေ့တွင် ကတိသစ္စာပြုခဲ့ကြသော်လည်း လက်တွေ့တွင်တာဝန်မကျေဖြစ် ကြသည်။ အိမ်၏တာဝန်များကိုထမ်းဆောင်ထားသော အိမ်ဖော်အမျိုးသမီး ကလေးများကို မျက်နှာသာပေးထား၍ ယင်းမိန်းမငယ်က အိမ်ထောင်ရှင် ဖြစ်သောခင်ပွန်းလည်းဖြစ်ပြီး ဖခင်လည်းဖြစ်သောသူ၏ဆံပင်များကိုဖြီးပေး၍ သူပြောသမျှကိုလိုက်လိုက်လျောလျောနားထောင်သောအခါ သူသည်နှစ်သက်

သဘောကျသည်။ မိုက်မဲစွာနှစ်သက်သဘောကျသည်။ သူ့ဇနီးအားနှစ်သက်စွာဖြင့် ဂရုစိုက်ယုယုယယကြည့်ရှုပြုစုရသောကိစ္စတွင် ရှေးကလောက်တက်ကြွမှုမရှိပေ။ ယင်းအခြေအနေတွင် စာတန်သည် အလုပ်လုပ်နေသည်ကိုသတိပြုပါ။ သင်တို့အိမ်တွင် အလုပ်လုပ်ပေးဖို့ငှားရမ်းထားသောအိမ်ဖော်ကို လေးစားမှုရှိပါ။ သူတို့ကိုသနားကြင်နာစွာဆက်ဆံပါ။ သူတို့အားပြုသင့်ပြုထိုက်သော၀တ်ကိုပြုပါ။ ယင်းထက်ပို၍မပြုလုပ်ပါနှင့်၊ လိုသည်ထက်ပိုသောအရောတ၀င်ဆက်ဆံနေထိုင်မှုမျိုးကို ရှောင်ကြဉ်ပါ။

**အိမ်ထောင်၏တစ်သီးပုဂ္ဂလရပ်တည်မှုကို ထိန်းသိမ်းကာကွယ်ထားပါ** – အိမ်ထောင်တိုင်းအား တစ်သီးပုဂ္ဂလရပ်တည်မှုကို ထိန်းသိမ်းကာကွယ်ထား၍ ယင်းအိမ်ထောင်၏သန့်ရှင်းစင်ကြယ်မကိုလည်း ထိန်းသိမ်းထားရန်ရည်စူးထားသော အကာအရံများပြိုကွဲပျက်စီးမှုကြောင့် မည်မျှလောက်များပြားသောအိမ်ထောင်သားတို့သည် တစ်ဦးအပေါ်တစ်ဦးမုန်းတီးလျက်လမ်းခွဲသွားကြပြီနည်း။ ကြားလူတစ်ဦးအား ဇနီး၏နေရာတို့တွင် တိုင်ပင်ဖော်တိုင်ပင်ဖက်ပြုလုပ်၍ ဇနီးသည်က ဆောင်ရွက်အပ်သောအိမ်ထောင်ကိစ္စများကို ယင်းကြားလူအမျိုးသမီးကို ပုံအပ်ထားလေပြီ။ အိမ်ထောင်၏အတွင်းရေးကိစ္စများကိုလည်း ယင်းအထူးမိတ်ဆွေအားအသိပေးလေသည်။ ယင်းအခြေအနေသည် ခင်ပွန်းဖြစ်သူနှင့်ဇနီးဖြစ်သူတို့အား တစ်ဦးနှင့်တစ်ဦးစိမ်းကာစေရန် စာတန်၏ဆောင်ရွက်မှုဖြစ်သည်။ ယင်းကဲ့သို့အပြုအမူမျိုးကိုရပ်တန့်ကရပ်ပါလေစေ။ ဒုက္ခအပေါင်းတို့ကင်းငြိမ်းသွားပါလိမ့်မည်။ အိမ်ထောင်သားချင်းတစ်ဦး၏အပြစ်အနာအဆာများကို တစ်ဦးကနှလုံးသားအတွင်းသော့ခတ်ထားပါ။ သင်တို့၏ဒုက္ခများကို တစ်ဦးတည်းအနေဖြင့်သာဘုရားသခင်ကိုရင်ဖွင့်ပါ။ ကိုယ်တော်ရှင်သည် သင့်အားမှန်ကန်သောအကြံဉာဏ်နှင့်စိတ်သက်သာမှုကို ပေးနိုင်စွမ်းရှိတော်မူသည်။

အမျိုးသမီးတစ်ဦးသည် သူမ၏အိမ်ထောင်မှုဆိုင်ရာဒုက္ခများ (သို့မဟုတ်) သူမခင်ပွန်းနှင့်ပတ်သက်၍ အခြားသောယောကျ်ားတစ်ဦးတစ်ယောက်အားရင်ဖွင့်လျှင် သူမသည် သူမ၏ထိမ်းမြားမင်္ဂလာဆိုင်ရာကတိ

သစ္စာများကို ဖောက်ဖျက်ကျူးလွန်နေသည်။ ထို့ပြင်မက သူမ၏ခင်ပွန်းသည် အားဂုဏ်နိမ့်စေ၍ ထိမ်းမြားမင်္ဂလာဆိုင်ရာဆက်သွယ်မှု၏သန့်ရှင်းမှုကို ကာကွယ်ထိန်းသိမ်းထားရန် တည်ဆောက်ထားသောနံရံကြီးကို ဖြိုခွင်းပစ်လိုက်သည်။ သူမသည် တံခါးကိုကျယ်ကျယ်ဖွင့်ပေးလိုက်၍ စာတန်အား သူလက်ကိုင်ထားသော၊ ညစ်ညမ်းဆိုးယုတ်သော စုံစမ်းသွေးဆောင်ခြင်းများနှင့်ဝင်ရောက်လာစေရန် ဖိတ်ခေါ်လေသည်။ ယင်းအခြေအနေသည် စာတန်၏စိတ်ကြိုက်အခြေအနေမျိုးဖြစ်သည်။ အကယ်၍အမျိုးသမီးတစ်ဦးသည် မိမိ၏စိတ်ဒုက္ခများကိုလည်းကောင်း၊ စိတ်အားငယ်မှုများနှင့်စုံစမ်းခြင်းများကို အသင်းတော်သားညီအစ်ကိုတော်တစ်ဦးထံယူဆောင်လာလျှင် သူမ၏ဒုက္ခများကို တစ်ဦးတစ်ယောက်အားရင်ဖွင့်မှုဖြစ်မည်ဆိုလျှင် သူမအားအတွင်းစကားကိုပြောကြားအတိုင်ပင်ခံရသူအနေဖြင့် အခြားအမျိုးသမီးများကိုရွေးချယ်ရန် သူမအားအကြံပေးပါ။ သို့မှသာ ဘုရားသခင်၏အမှုတော်အား ကဲ့ရဲ့သင်္ကြိုဟ်သူများဆိုခံရခြင်းဒုက္ခမှ ကင်းလွတ်ပေလိမ့်မည်။

**လမ်းလွဲလိုက်မှုမှကာကွယ်ရေး** – ကျွန်ုပ်သည် ကျွန်ုပ်တို့၏ တပည့်တော်မတို့ကို စကားပြောနေပါသည်။ သင်တို့သည် ယေရှုရှင်အနီးသို့ ချဉ်းကပ်၍ စည်းကမ်းတကျနေထိုင်ခြင်းနှင့်ဘုရားတရားကို ရိုသေသောအပြောအဆိုမျိုးတို့ကိုကျင့်သုံးရန်ကြိုးပမ်းလျှင် သင်တို့သည် တားမြစ်ထားသောလမ်းများထဲသို့လမ်းမှားဝင်သွားခြင်းမှ ကင်းဝေးလိမ့်မည်ဖြစ်သည်။ သင်တို့သည် အမြဲတမ်းဆုတောင်းလျက်စောင့်နေလျှင်လည်းကောင်း၊ ခပ်သိမ်းသော အရာများကို ဘုရားသခင်၏မျက်မှောက်တော်၌ ပြုဘိသကဲ့သို့ပြုလုပ်လျှင်လည်းကောင်း၊ သင်တို့သည် စုံစမ်းသွေးဆောင်ခြင်းကိုလိုက်လျောခြင်းမှ ကင်းလွတ်၍ အဆုံးတိုင်အောင်စင်ကြယ်ခြင်း၊ အပြစ်အနာအဆာကင်းခြင်းနှင့်ညစ်ညူးမှုနှင့်ကင်းစင်ခြင်းတည်းဟူသော ဆုကျေးဇူးများခံစားရန်မျှော်လင့်နိုင်သည်။ သင်တို့၏ယုံကြည်ကိုးစားခြင်း၏အစကို အဆုံးတိုင်အောင်ထိန်းသိမ်းထားလျှင် သင်တို့၏လမ်းခရီးများသည် ဘုရားသခင်၌တည်တံ့ခိုင်မြဲလိမ့်မည်။ ကျေးဇူးတော်ကစတင်ခဲ့သောအရာကို ကျွန်ုပ်တို့ဘုရားသခင်၏နိုင်ငံ

တော်၌ ဘုန်းတော်ကိုသရဖူဆောင်းလိမ့်မည်ဖြစ်သည်။ ဝိညာဉ်ပကတိ၏ အကျိုးကျေးဇူးမှုကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုတတ်ခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်တရားကို အဘယ်တရားမျှမမြစ်တား။ ခရစ်တော်သည် ကျွန်ုပ်တို့၌ကိန်းဝပ်တော်မူလျှင် ကျွန်ုပ်တို့၏ဇာတိပကတိကို ၎င်း၏တွယ်တာမှုများ၊ တပ်မက်မှုများနှင့်အတူ လက်ဝါးကပ်တိုင်တွင် ရိုက်ထားကြလိမ့်မည်။

---ooo---

## အခန်း ၅၆
## လင်မယားကွာရှင်းရေး

ထိမ်းမြားမင်္ဂလာသည်ရာသက်ပန်ကိစ္စဖြစ်သည် လူငယ်လူရွယ်တို့၏စိတ်ထဲတွင် ထိမ်းမြားမင်္ဂလာဆိုသည်မှာ ယောကျ်ားကလေးနှင့် မိန်းကလေးတစ်ဦးနှင့်တစ်ဦးချစ်ကြိုက်စွဲလမ်းနေခြင်းမှ ပေါ်ပေါက်လာသော ကိစ္စတစ်ခုအနေဖြင့်ယူဆထားကြရာ စိတ်ကူးယဉ်မှုအမျိုးမျိုးတို့ဖြင့် လွှမ်းမိုးဖုံးအုပ်နေသော ယင်းချစ်ကြိုက်ရည်ငံနေမှုကဏ္ဍကို ထိမ်းမြားမင်္ဂလာကိစ္စမှ ခွဲထုတ်ပစ်ရန်လည်းကောင်း၊ ထိမ်းမြားမင်္ဂလာပြုခြင်းဆိုင်ရာကတိသစ္စာပြုခြင်း၌ ဒွန်တွဲပါရှိသော လေးလံသည့်တာဝန်များကို သူတို့အားသိရှိနားလည်စေဖို့ ပြုလုပ်ရန်လည်းကောင်း ခဲယဉ်းသည်ကိုတွေ့ရှိရပေသည်။ ယင်းတစ်ဦးနှင့်တစ်ဦးကတိသစ္စာပြုခြင်းကို သေခြင်းမှအပ မည်သည့်အရာကမှ ပယ်ဖျက်နိုင်စွမ်းမရှိပေ။

ထိမ်းမြားမင်္ဂလာဆိုင်ရာကိစ္စအဝဝကို သေချာစွာစဉ်းစားဆင်ခြင်လုပ်ကိုင်ရမည်။ အဘယ်ကြောင့်ဆိုသော် ထိမ်းမြားမင်္ဂလာကိစ္စသည် ရာသက်ပန်ကိစ္စဖြစ်သည်။ သူတို့နှစ်ဦးအသက်ရှင်နေသမျှကာလပတ်လုံး ဘဝအသက်တာ၏ပြောင်းလဲမှုအရပ်ရပ်တို့ကို ဖြတ်ကျော်ရသောအခါဝယ် တစ်ဦးအပေါ်တစ်ဦးသစ္စာရှိစွာပေါင်းသင်းဆက်ဆံလျက် နေနိုင်မည်၊ မနေနိုင်မည်ကို သေချာစွာဆင်ခြင်စဉ်းစားကြည့်ရကြမည်။

**ထိမ်းမြားမင်္ဂလာဆိုင်ရာမှားယွင်းသောယူဆချက်ကို ယေရှုရှင်က အမှန်ဖြစ်အောင်ပြုလုပ်ပေးတော်မူခြင်း** – ဂျူးလူမျိုးတို့၏ဓလေ့ထုံးစံတွင် ယောကျ်ားတစ်ဦးသည် သူ့ဇနီးအားမမှုလောက်သောအပြစ်အနာအဆာအတွက် ကွာရှင်းပစ်နိုင်၍ ယင်းအမျိုးသမီးမှာလည်း သူ့ခင်ပွန်းကကွာရှင်းပြီးနောက် အသစ်တစ်ဖန်အိမ်ထောင်ပြုခွင့်ရှိသည်။ ယင်းကဲ့သို့သောလုပ်ရိုးလုပ်စဉ်က စိတ်မကောင်းဖွယ်ရာအခြေအနေများနှင့်အပြစ်ဒုစရိုက်များကို ဖန်တီးပေသည်။ တောင်ပေါ်မှာဟောတော်မူသောမင်္ဂလာတရားတော်တွင် ထိမ်းမြားမင်္ဂလာ

ဆိုင်ရာကတိသစ္စာဖောက်ခြင်းမှအပ မည်သည့်အခြားကိစ္စကြောင့်မျှ ထိမ်းမြား မင်္ဂလာကို ရုပ်သိမ်းဖျက်သိမ်းခြင်းမပြုရဟု ယေရှုရှင်ကပြတ်ပြတ်သားသား မိန့်ကြားထားတော်မူခဲ့သည်။ ကိုယ်တော်ရှင်ကမိန့်တော်မူထားသည်မှာ "အကြင်သူသည် မိမိမယားနှင့်ကွာ၍ အခြားသောမိန်းမနှင့်စုံဖက်ခြင်းကိုပြု ၏။ ထိုသူသည် မိမိမယားကိုပြစ်မှား၏။ လင်ကွာသောမိန်းမနှင့်စုံဖက်ခြင်း ကိုပြုသောသူသည်လည်း သူ့မယားကိုပြစ်မှားသည်။"

လင်မယားကွာရှင်းခြင်းသည် တရားသောအမှုဖြစ်ကြောင်းနှင့် ပတ်သက်၍ ဖာရိရှဲတို့သည် ယေရှုရှင်အား အနည်းငယ်ကြားပြီးနောက် မေးမြန်းကြည့်ပြီးသောအခါ လူသားတို့အားဖန်ဆင်းတော်မူသောအချိန်က ကိုယ်တော်ရှင်တည်ထောင်ခဲ့သောထိမ်းမြားမင်္ဂလာကို သူ့ပရိသတ်တို့အား ပြန်လည်ညွှန်ပြတော်မူလေသည်။ ကိုယ်တော်ရှင်ကမိန့်တော်မူသည်မှာ "သင်တို့စိတ်နှဲးခိုင်မာသောကြောင့် မယားနှင့်ကွာရသောအခွင့်ကို မောရှေ သည်စီရင်ချက်ချရ၏။ အစဦး၌ထိုသို့မဟုတ်။" ဖန်ဆင်းထားပြီးတော်မူသော အရာတို့သည် "အလွန်ကောင်း၏" ဟု ဘုရားသခင်မိန့်တော်မူချိန်က ဧဒင် အရပ်၏မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောခေတ်ကို ကိုယ်တော်ရှင်သည်ကိုးကား ၍ သူတို့အားမိန့်တော်မူသည်။ ထိုအချိန်တွင် ထိမ်းမြားမင်္ဂလာနှင့်ဥပုသ်နေ့ တို့သည် အစပြုပေါ်ပေါက်လာကြရာ ယင်းတို့သည် လူသားတို့အားအကျိုး ကျေးဇူးဖြစ်စေ၍ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေမှုအတွက်ဖြစ်သည်။ ထိုနောက် သန့်ရှင်းသောလူယောကျ်ားနှင့်လူမိန်းမတို့အား အကြင်လင်မယား ဖြစ်စေရန် ထိမ်းမြားမင်္ဂလာကိုဆောင်ရွက်တော်မူရာတွင် ဖန်ဆင်းတော်မူ သောအရှင်က မိန့်ကြားတော်မူသည်မှာ "ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍ ကိုယ်ခင်ပွန်းနှင့်မှီဝဲသဖြင့် ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်။" ခေတ်ကာလကုန်ဆုံးချိန်တိုင်အောင် အာဒံမှဆင်းသက်လာ သောလူမျိုးအစဉ်အဆက် ကျင့်သုံးရမည့်ထိမ်းမြားမင်္ဂလာဆိုင်ရာဥပဒေပညတ် ကို ကိုယ်တော်သည် သတ်မှတ်ချမှတ်၍မိန့်တော်မူခဲ့သည်။ ထာဝရခမည်း တော်ကိုယ်တိုင်က ကောင်းသည်ဟုကြော်ငြာထားတော်မူခဲ့သော ငါသည်

လူသားတို့အတွက် အမြင့်မားဆုံးမင်္ဂလာဖြစ်စေ၍ ကြီးထွားဖွံ့ဖြိုးစေမည့် ဥပဒေပညတ်ဖြစ်သည်။

ဤအမှားများကိုအမှန်ဖြစ်စေရန်လည်းကောင်း၊ လူသားတို့၌ ဘုရားသခင်၏ကျင့်ဝတ်တရားနှင့်ပြည့်စုံသောပုံသဏ္ဍာန်တော်ကို ပြန်လည်သွတ်သွင်းပေးရန်လည်းကောင်း ယေရှုရှင်သည် ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးသို့ ကြွဆင်းလာခဲ့တော်မူသည်။ ထိမ်းမြားမင်္ဂလာနှင့်ပတ်သက်၍ ဣသရေလလူမျိုးဆရာသမားများတို့၏စိတ်ထဲတွင် မှားယွင်းသောသဘောတရားရေးရာတို့သည် ဝင်ရောက်မွေနှောက်လျက်ရှိလေသည်။ ထိမ်းမြားမင်္ဂလာဆိုင်ရာ သန့်ရှင်းသော အထုံးအဖွဲ့ကို အကျိုးသက်ရောက်မှုမရှိစေရန် သူတို့သည်ပြုလျက်ရှိကြသည်။ ယောကျ်ားတို့သည် စိတ်နှလုံးခိုင်မာသောကြောင့် အလွန်ပင်ဂရုမပြုလောက်သောအကြောင်းပြချက်ဖြင့် သူ့မယားနှင့်ကွာရှင်းကြသည်။ သို့တည်းမဟုတ် သူမအား သားသမီးများနှင့်ခွဲခွာစေ၍ အိမ်မှဆင်းသွားခိုင်းလေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် ကြီးမားလှသောအရှက်တကွဲအကျိုးနည်းခြင်းဖြစ်၍ စွန့်ပစ်ခြင်းခံရသောကာယကံရှင်အတွက် ယူကျုံးမရဖြစ်ဖွယ်ရာဖြစ်သည်။

ယင်းအပြစ်အနာအဆာများကို ပြန်လည်ဖြေရှင်းပေးတော်မူရန် ခရစ်တော်သည်။ ဤလောကသို့ကြွမြန်းလာတော်မူခဲ့သည်။ ကိုယ်တော်ရှင်၏ ပထမဆုံးနိမိတ်လက္ခဏာကို ထိမ်းမြားမင်္ဂလာတစ်ခုကျင်းပနေချိန်တွင် ပြသတော်မူခဲ့သည်။ ဤနည်းအားဖြင့် ထိမ်းမြားမင်္ဂလာကိုသန့်ရှင်းစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ထားလျှင် ယင်းသည် မွန်မြတ်သောအထုံးအဖွဲ့ဖြစ်ကြောင်းကို ကိုယ်တော်ရှင်သည် ကမ္ဘာကြီးသို့ကြေညာလိုက်သည်။

**လင်မယားကွာရှင်းရန်ခြေလှမ်းပြင်နေသောသူအား အကြံဉာဏ်ပေးချက်** – ထိမ်းမြားမင်္ဂလာဆိုင်ရာအထုံးအဖွဲ့နှင့်ပတ်သက်၍ သင်၏ သဘောတရားရေးရာများသည် မှားယွင်းနေသည်။ ထိမ်းမြားမင်္ဂလာဆိုင်ရာ နှောင်ကြိုးကိုချိုးဖျက်ဖြို့ခွင်းခြင်းသည် ထိမ်းမြားမင်္ဂလာဆိုင်ရာကတိသစ္စာကို ပယ်ဖျက်လိမ့်မည်။ သို့တည်းမဟုတ် အဓိပ္ပါယ်ကင်းမဲ့စေလိမ့်မည်။ ကျွန်ုပ်တို့သည် ဘေးအန္တရာယ်များပြားလှသောခေတ်မျိုးတွင် ရပ်တည်နေကြရာ

ခရစ်တော်ယေရှု၌ခိုင်မြဲ၍ မယိမ်းမယိုင်သောယုံကြည်ခြင်းမှအပ အခြား မည်သည့်အရာကိုမျှစိတ်မချရပေ။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးသည် ဆုတောင်း လျက်စောင့်နေခြင်းမရှိလျှင် စာတန်၏ပရိယာယ်များကြောင့် ဘုရားသခင် အထံတော်မှ လမ်းလွဲကင်းကွာမသွားဘဲနေမည့်သူတစ်ဦးတစ်ယောက်မျှ မရှိပေ။

သင်၏စိတ်သည် ငြိမ်သက်သာယာမှုရှိလျှင် သင်၏ကျန်းမာမှုသည် များစွာပိုမိုကောင်းမွန်သောအခြေအနေ၌ ရပ်တည်နေပေလိမ့်မည်။ သို့ရာတွင် သင့်စိတ်သည်ရှုပ်ထွေးလာလျက် မညီမမျှတစ်ဖက်စောင့်နင်းဖြစ်လာခဲ့၍ လင်မယားကွာရှင်းမှုနှင့်ပတ်သက်ပြီး သင့်စဉ်းစားဆင်ခြင်ပုံတို့သည် မှားယွင်း လာခဲ့ကြသည်။ သင့်ကျိုးကြောင်းဆင်ခြင်ပုံအရ သင့်ယူဆချက်များကိုယုံကြည် လက်ခံရန်မဖြစ်နိုင်ပေ။ ယောကျ်ားဖြစ်သူတို့သည် သူတို့ကိုယ်တိုင်အတွက် ဥပဒေစည်းမျဉ်းများကို ကိုယ်တိုင်ပြဋ္ဌာန်းရန်လည်းကောင်း၊ ဘုရားသခင်၏ ဥပဒေပညတ်ကိုရှောင်တိမ်း၍ သူတို့၏စိတ်ဆန္ဒအရပြုလုပ်ရန်လည်းကောင်း လုပ်ခွင့်မရှိပေ။ သူတို့သည် ဘုရားသခင်၏ကြီးမြတ်သောအကျင့်သီလ ဆိုင်ရာ ဖြောင့်မတ်ခြင်းအဆင့်အတန်းနှင့်ရင်ပေါင်တန်းရကြမည်။

မယားဖြစ်သူသည် လင်ဖြစ်သူမှကွာရှင်းရခြင်းသည်လည်းကောင်း၊ လင်ဖြစ်သူသည် မယားဖြစ်သူမှကွာရှင်းနေရခြင်းသည်လည်းကောင်း ဘုရားသခင်ပေးထားတော်မူသော တစ်ခုတည်းသောအကြောင်းရင်းမှာ အခြား သူတစ်ဦးတစ်ယောက်နှင့်ပြစ်မှားမိခြင်းသာလျှင်ဖြစ်မည်။ ဤအချက်ကို ဆုတောင်းလျက်စဉ်းစားဆင်ခြင်ပါ။

**ကွာရှင်းပြီးသားလင်မယားတို့အတွက်အကြံဉာဏ်ပေးချက်** – ကျွန်ုပ်၏အစ်ကိုတော်နှင့်ညီမတော်၊ သင်တို့နှစ်ဦးအတူတကွနေထိုင်ခဲ့ကြသည် မှာ အချိန်ကာလကြာရှည်သွားလေပြီ။ သင်တို့သည် ဤလမ်းစဉ်ကိုကျင့်သုံး မှုမပြုခဲ့သင့်ပေ။ အကယ်၍ သင်တို့နှစ်ဦးစလုံးသည် လင်နှင့်မယားနှစ်ဦး စလုံးတို့၌ တည်ရှိထိန်းသိမ်းထားအပ်သော သည်းခံခြင်းနှင့်ကြင်နာခြင်း၊ စိတ်ရှည်ခြင်းတို့ကိုလက်ကိုင်ထား၍ ကျင့်သုံးခဲ့လျှင် ထိုကဲ့သို့ကွာရှင်းနေထိုင်

ခြင်းကိုပြုခဲ့ကြမည်မဟုတ်ပေ။ ဘယ်ကဲ့သို့သောအကျိုးသက်ရောက်သည်မဆို သင်တို့နှစ်ဦးစလုံးသည် သင်တို့၏သက်ဆိုင်ရာသဘောတရားရေးရာများနှင့် စီမံကိန်းများကိုတွေးတောကြံဆ၍ အကောင်အထည်ဖော်ခြင်းကို မပြုလုပ်သင့်ခဲ့ပေ။ သင်တို့နှစ်ဦးစလုံးသည် သင်တို့စိတ်ဆန္ဒအရသာပြုလုပ်ရန် စိတ်ပြဋ္ဌာန်းမှုမရှိခဲ့သင့်ပေ။ သင်တို့၏စိတ်နှလုံးများကိုလည်းကောင်း၊ သင်တို့၏သားသမီးများအား သွန်သင်ဆုံးမရန်အတွက် ဆောင်ရွက်ထိုက်သောသူများဖြစ်လာစေရန်လည်းကောင်း၊ ဘုရားသခင်ဝိညာဉ်တော်၏ပျော့ပျောင်း၍ဖြစ်သူကလည်းကောင်း၊ မယားဖြစ်သူကိုလင်ဖြစ်သူကလည်းကောင်း တစ်ဦးနှင့်တစ်ဦးသည်းခံစိတ်ကင်း၍ အမနာပပြောဆိုဆက်ဆံခြင်းမျိုးကိုကျင့်သုံးစေမည့် စုံစမ်းသွေးဆောင်ခြင်းမှကင်းဝေးရန် သင်တို့၏ကောင်းကင်ဘုံရှင်အဖဘုရားသခင်ထံဆုတောင်းကြပါ။ သင်တို့နှင့်နှစ်ဦးစလုံး၌ ပြည့်စုံသောစာရိတ္တများမရှိကြပေ။ သင်တို့သည် ဘုရားသခင်၏အုပ်ထိန်းမှုအောက်တွင်မရှိကြသောကြောင့် သင်တို့၏တစ်ဦးနှင့်တစ်ဦးဆက်ဆံမှုသည် ဥာဏ်အမြော်အမြင်မရှိကြပေ။

သင်တို့ကိုယ်တိုင်ကို ဘုရားသခင်၏အုပ်ထိန်းမှုအောက်တွင်ထားရှိကြရန် သင်တို့ကိုကျွန်ုပ်တော်ငးပန်ပါရစေ။ တစ်ဦးကတစ်ဦးကိုထစ်ငေါ့၍ မခံချင်အောင်ပြောဆိုဖို့ စုံစမ်းမှုခံရသောအခါ သင်တို့ပါးစပ်ကိုပိတ်ထားကြပါ။ ဤကဲ့သို့မလိုလားအပ်သောအပြုအမူမျိုးကို သင်တို့အနေဖြင့် တစ်ခါမျှအောင်မြင်မှုမရှိခဲ့သောကြောင့် သင်တို့သည်စုံစမ်းခြင်းကိုခံရကြပေလိမ့်မည်။ သို့ရာတွင် မှားယွင်းသောအကျင့်ဓလေ့ဟူသမျှကို အောင်မြင်နိုင်နင်းရမည်။ ဘုရားသခင်အား မိမိတို့ကိုယ်ကိုလုံးဝဆက်ကပ်အပ်နှံပါ။ ခရစ်တော်ယေရှုတည်းဟူသောကျောက်ပေါ်တွင်ကျ၍ ကျိုးပဲ့ကြေမွခြင်းရှိပါ။ လင်မယားအနေဖြင့်သင်တို့သည် စည်းကမ်းကိုထိန်းသိမ်းပါ။ ကူညီမှုရရှိရန်ခရစ်တော်ထံချဉ်းကပ်ကြပါ။ ကိုယ်တော်ရှင်၏ကိုယ်ချင်းစာတရားနှင့် ကိုယ်တော်ရှင်၏

အခမဲ့ကျေးဇူးတော်ကို သင်တို့အား လိုလိုလားလားပေးကမ်းတော်မူပါလိမ့်မည်။

သင်တို့၏အတိတ်ကာလ၌ ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်အတွက် ဘုရားသခင်၏ရှေ့တော်၌နောင်တရကြပါ။ နားလည်မှုရှိအောင်ပြုလုပ်၍ လင်နှင့်မယားအနေဖြင့် ပြန်လည်ပေါင်းသင်းကြပါ။ အတိတ်ကာလမှ မလိုလားအပ်၍ စိတ်ညစ်စေခဲ့သောအတွေ့အကြုံကို အတိတ်၌ထားခဲ့ပါ။ ထာဝရဘုရားသခင်၌အားယူ၍ ရဲရင့်ခြင်းရှိပါ။ လောကီဘက်သို့မျက်နှာမူသော ပြတင်းပေါက်များကိုပိတ်ထား၍ ယင်းတို့ကိုကောင်းကင်ဘက်သို့ မျက်နှာမူလျက်ဖွင့်ထားပါ။ လင်းရောင်ခြည်ကိုရရှိရန် သင်တို့သည် ပတ္ထနာပြုကြသောအခါ အလင်းနှင့်အသက်၊ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်အရှင်ဖြစ်တော်မူသောယေရှုရှင်သည် သင်တို့၏တောင်းလျှောက်သံကို နားညောင်းတော်မူသည်။ ဖြောင့်မတ်ခြင်းနေရောင်ခြည်ဖြစ်တော်မူသော ကိုယ်တော်ရှင်သည် သင်တို့၏စိတ်နှလုံးမှအခန်းများတွင်းသို့ လင်းရောင်ခြည်ကိုထိုးဖောက်ဝင်ရောက်စေလျက် စိတ်ဝိညာဉ်ဗိမာန်ကို လင်းရောင်ခြည်ဖြင့်ထွန်းလင်းနေစေတော်မူလိမ့်မည်။ ကိုယ်တော်မျက်မှောက်တော်၏နေရောင်ခြည်ကို သင်တို့၏အိမ်ဂေဟာအတွင်းကြိုတင်လက်ခံထားရှိလျှင် သင်တို့သည် စိတ်မချမ်းမြေ့ဖွယ်သောအပြောအဆိုများကို ရှောင်ကြဉ်ကြလိမ့်မည်ဖြစ်သည်။

**မတရားညှဉ်းပန်းနှိပ်စက်ခံရသောဇနီးသည်အတွက် အမှာစကား** – ကျွန်ုပ်သည် သင်ရေးသားပေးပို့လိုက်သောစာကိုရရှိပါသည်။ ဤပြန်စာတွင် ကျွန်ုပ်အကြံပေးလိုသည်မှာ ကွဲကွာနေသောသင့်ခင်ပွန်းတွင် စစ်မှန်သောစိတ်သဘောထားပြောင်းလဲမှုမျိုးကို မတွေ့မြင်ရသေးဘဲ သူ့ထံသို့ ပြန်သွားဖို့စိတ်မကူးပါလေနှင့်။ ခင်ပွန်းအနေဖြင့် ဇနီးသည်အပေါ်ထားရှိအပ်သော စိတ်နေသလောထားမျိုးမထားရှိခဲ့မှုအတွက် ဘုရားသခင်သည် နှစ်သက်တော်မမူပေ။ သူသည် စိတ်နေသဘောထားပြောင်းလဲမှုမရှိသေးလျှင် သင်၏အနာဂတ်ဘဝရပ်တည်မှုသည် အတိတ်ကာလမှဘဝရပ်တည်မှုနှင့်

မည်သို့မျှခြားနားမှုရှိလိမ့်မည်မဟုတ်ပေ။ သူ့အနေဖြင့် ဇနီးဖြစ်သူအား ဘယ်ကဲ့သို့ပေါင်းသင်းနေထိုင်ရမည်ကို အသိတရားမရှိသောသူဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်အနေဖြင့် အလွန်ပင်စိတ်မချမ်းမသာ ဖြစ်နေပါသည်။ ကျွန်ုပ်သည် သင့်ခင်ပွန်းအတွက် အမှန်ပင်စိတ်မကောင်း ဖြစ်မိပါသည်။ သို့ရာတွင် သင်သဘောမတူဘဲ သူ့ထံသို့ပြန်သွားရန် ကျွန်ုပ် အကြံမပေးလိုပေ။ သင်၏ခင်ပွန်းအား ပွင့်ပွင့်လင်းလင်းပြောခဲ့သည့်အတိုင်း သင့်အားပွင့်ပွင့်လင်းလင်းပြောဆိုပါသည်။ အခြေအနေပြောင်းလဲမှုမရှိဘဲနှင့် သင်သည် သူ့လက်အောက်သို့ပြန်လည်ရောက်ရှိသွားလျှင် သင့်အတွက် အန္တရာယ်များလှပေမည်။ သင့်ခင်ပွန်းသည် စိတ်ပြောင်းလဲသွားလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ခဲ့သည်။

သင်၏အတွေ့အကြုံများကို ထာဝရအရှင်ဘုရားသခင်သည် နားလည် တော်မူသည်။ ထာဝရဘုရား၌အားယူ၍ ရဲရင့်ခြင်းရှိလော့။ ကိုယ်တော်ရှင် သည် သင့်အားစွန့်ပစ်တော်မူမည်မဟုတ်ပေ။ သင့်အတွက် ကျွန်ုပ်များစွာ စိတ်မကောင်းဖြစ်မိပါသည်။

**စွန့်ပစ်ခြင်းခံရသောခင်ပွန်းသို့** – "သင်၏လက်ဝါးကပ်တိုင်ကို ထမ်းလော့။" ဤကိစ္စတွင် နောက်ဆက်တွဲအနေဖြင့် ဘယ်ကဲ့သို့ပြုလုပ်ရ မည့်နည်းလမ်းကို ကျွန်ုပ်အနေဖြင့် မတွေ့မြင်နိုင်သလောက်ဖြစ်နေပါပြီ။ သင့်အနေဖြင့် တစ်ခုတည်းသောဆောင်ရွက်ရန်နည်းလမ်းမှာ သင်၏ဇနီးကို စွန့်လွှတ်ခြင်းဖြစ်သည်။ သင့်ဇနီးသည် သင်နှင့်ပြန်လည်ပေါင်းဖက်ခြင်းမပြု ရန်ဆုံးဖြတ်ထားလျှင် ပြန်လည်ပေါင်းဖက်ရန်ကြိုးပမ်းမှုသည် သင်နှင့်သင့် ဇနီးနှစ်ဦးစလုံးအတွက် စိတ်မကောင်းဖွယ်ရာသာအဖြေထွက်လိမ့်မည်။ ဇနီး အနေဖြင့် သင်နှင့်ပြန်လည်ပေါင်းဖက်မှုကိုမပြုရန် စိတ်ဒုန်းဒုန်းချထားပြီးဖြစ် သောကြောင့် သင့်အနေဖြင့် ကိုယ့်ကပ်တိုင်ကိုထမ်း၍ ယောကျ်ားပီသကြောင်း ပြရန်သာရှိတော့သည်။

**လင်မယားကွာရှင်းထားသော်လည်း ဘုရားသခင်၏မျက်မှောက် တော်တွင်လင်မယားဖြစ်နေသေးခြင်း** – တိုင်းပြည်၏တရားဥပဒေအရ

အမျိုးသမီးတစ်ဦးသည် မိမိ၏ခင်ပွန်းနှင့်တရားဝင်ကွာရှင်းထားပြီးဖြစ်ကောင်း ဖြစ်လိမ့်မည်။ သို့စေကာမူ ကောင်းကင်မှတရားဥပဒေအရနှင့် ဘုရားသခင်၏ မျက်မှောက်တော်တွင် သူတို့နှစ်ဦးသည် အကြင်လင်မယားအနေဖြင့် ဆက်လက်ရပ်တည်နေကြသည်။ ဇနီးဖြစ်သူကဖြစ်စေ၊ ခင်ပွန်းဖြစ်သူက ဖြစ်စေ တစ်ဦးမဟုတ်တစ်ဦးက အခြားသောသူတစ်ဦးတစ်ယောက်နှင့်ပြစ်မှား မိခြင်းတည်းဟူသော အပြစ်ကသာလျှင် ဘုရားသခင်ရှေ့တော်တွင် သူတို့ နှစ်ဦးသည် ထိမ်းမြားမင်္ဂလာဆိုင်ရာကတိသစ္စာအရ ချုပ်နှောင်ထားမှုမှ ကင်းလွတ်စေနိုင်သည်။ တိုင်းပြည်၏တရားဥပဒေက လင်မယားကွာရှင်းမှု ကိုခွင့်ပြုစေကာမူ ဘုရားသခင်၏ပညတ်တော်များအတိုင်း သမ္မာကျမ်းစာ၌ ပြထားသောအလင်းတရားအရ သက်ဆိုင်ရာဇနီးနှင့်ခင်ပွန်းတို့သည် လင်မယား အနေဖြင့်ရပ်တည်နေဆဲဖြစ်သည်။

လင်မယားကွာရှင်းထားသောညီမတော်သည် အခြားသောယောကျ်ား နှင့်အိမ်ထောင်ပြုခွင့်မရှိသေးကြောင်း ကျွန်ုပ်တွေ့မြင်ရသည်။ သို့ရာတွင် သူမကဖြစ်စေ၊ အခြားအမျိုးသမီးတစ်ဦးဦးကဖြစ်စေ သူမ၏ခင်ပွန်းသည် အခြားအမျိုးသမီးတစ်ဦးနှင့်ပြစ်မှားမိသောကြောင့် တရားဝင်လင်မယားကွာရှင်း ခွင့်ရရှိထားပြီးဖြစ်လျှင် သူမသည် နောက်ထပ်လွတ်လွတ်လပ်လပ်နှင့် နှစ်သက်ရာယောကျ်ားတစ်ဦးကို အိမ်ထောင်ပြုနိုင်သည်။

**ဘာသာအယူဝါဒချင်းမတူသောအိမ်ထောင်ဖက်နှင့်ကွာရှင်းခြင်း–** အကယ်၍ဇနီးဖြစ်သူသည် ခင်ပွန်းနှင့်ဘာသာအယူဝါဒချင်းမတူဘဲ ခင်ပွန်း ၏ဘာသာအယူဝါဒကိုဆန့်ကျင်ဘက်ပြုနေသူဖြစ်နေလျှင် ဘုရားသခင်၏ ပညတ်တော်အရ ယင်းအကြောင်းပြချက်တစ်ခုတည်းဖြင့်သာ ယင်းကာယကံရှင် ခင်ပွန်းသည် သူ့ဇနီးအားကွာရှင်းမှုမပြုနိုင်ပေ။ ယေဟောဝါထာဝရအရှင် ဘုရားသခင်၏ပညတ်တော်နှင့်ကိုက်ညီစေရန် ဇနီးဖြစ်သူက မပေါင်းနိုင်ဟု ဆို၍ အလိုအလျောက်စွန့်ခွာသွားသည့်အချိန်တိုင်အောင် သူ့ဇနီးနှင့်ဆက်လက် ပေါင်းသင်းနေထိုင်ရမည်။ ခင်ပွန်းအနေဖြင့်ဆန့်ကျင်ဘက်ပြုခံရမည်။ အမျိုးမျိုး စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ခြင်းကိုခံရပေမည်။ သို့ရာတွင် အရေးပေါ်

ကာလမျိုးတိုင်းအတွက် ကျေးဇူးတော်ကိုပေးနိုင်စွမ်းရှိတော်မူသော ဘုရားသခင် အထံတော်မှ သူသည် ခွန်အားနှင့်အထောက်အကူကိုရယူနိုင်သည်။ ခင်ပွန်း အနေဖြင့် စင်ကြယ်သောစိတ်နှလုံးသားရှိရမည်။ မှန်ကန်သောဆုံးဖြတ်ချက် ချထားရမည်။ တည်မြဲကြံ့ခိုင်သောကျင့်စဉ်များကို ကျင့်သုံးသောပုဂ္ဂိုလ်ဖြစ် ရမည်။ သူရင်ဆိုင်နေရသောအခြေအနေမျိုးတွင် ရှေ့တွင်ဘယ်ကဲ့သို့လုပ်ကိုင် ဆောင်ရွက်ရမည့်ကိစ္စနှင့်ပတ်သက်၍ ဘုရားသခင်သည် သူ့အားဉာဏ်ပညာ ကိုပေးတော်မူမည်။ စိတ်လိုက်မာန်ပါပြုလုပ်တတ်ခြင်းသည် သူ့ကျိုးကြောင်း ဆင်ခြင်တတ်မှုကို စိုးမိုးမထားနိုင်ပေ။ သို့ရာတွင် တပ်မက်မှုကိုချုပ်တည်း ထားနိုင်စေရန် သူမ၏ခိုင်မြဲသောလက်ထဲ၌ရှိသော ချုပ်တည်းမှုဆိုင်ရာကြိုး များက ကျိုးကြောင်းဆင်ခြင်တတ်မှုကို ချုပ်ကိုင်ထားလိမ့်မည်ဖြစ်သည်။

**ထိမ်းမြားမင်္ဂလာဆိုင်ရာအခြေအနေကိုမဟုတ်ဘဲ စိတ်နေသဘော ထားကိုပြောင်းလဲပစ်ရန် ဇနီးဖြစ်သူအားတိုက်တွန်းချက်** – သင့်ခင်ပွန်း ထံမှ ကျွန်ုပ်စာတစ်စောင်ရရှိခဲ့ပါသည်။ လင်မယားကွာရှင်းမှုအတွက် တစ်ခုတည်းသောတရားဝင်အကြောင်းရင်းသည် လင်ကသော်လည်းကောင်း၊ မယားကသော်လည်းကောင်း၊ အခြားသူတစ်ဦးဦးနှင့်ပြစ်မှားမိခြင်းဖြစ်ကြောင်း ကျွန်ုပ်ပြောဆိုလိုပါသည်။

သင်တို့၏စိတ်နေသဘောထားများသည် တိုက်ဆိုင်မှုမရှိလျှင်၊ ယင်း စိတ်သဘောထားကိုပြောင်းလဲလျှင် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှား စေလိမ့်မည်မဟုတ်ပါလော။

ခင်ပွန်းဖြစ်သူနှင့်ဇနီးဖြစ်သူတို့သည် တစ်ဦးကိုတစ်ဦးလေးစား၍ ချစ်ခင်စုံမက်တတ်သောစိတ်ထားမျိုးကို မွေးမြူထားသင့်ကြသည်။ စိတ်ဆိုး စေမည့်စကားမျိုးနှင့် စိတ်အနှောင့်အယှက်ဖြစ်စေမည့်စကားများ တစ်လုံး တစ်ပါဒမျှ နှုတ်မှမထွက်မိစေရန် ဇနီးမောင်နှံနှစ်ဦးစလုံးသည် သူတို့၏ စိတ်နေသဘောထား၊ အပြောအဆိုနှင့်အပြုအမူများကို သတိရှိစွာထိန်းသိမ်း ထားရှိသင့်ပေသည်။ တစ်ဦးကတစ်ဦးကိုဂရုတစိုက်ကြည့်ရှုပြုစုလျက် သူတို့၏

တစ်ဦးအပေါ်တစ်ဦးကထားရှိသော မေတ္တာနှောင်ကြိုးကိုခိုင်မြဲစေရန် သူတို့နှစ်ဦးစလုံးက တတ်နိုင်သမျှကြိုးပမ်းရမည်။

သင်တို့နှစ်ဦးစလုံးအား ဘုရားသခင်ကိုရှာကြပါလော့ဟု ကျွန်ုပ်အကြံပေးလိုပါသည်။ တစ်ဦးကတစ်ဦးအားပြုအပ်သောတာဝန်ကို မေတ္တာဖြင့်လည်းကောင်း၊ ကြင်နာမှုဖြင့်လည်းကောင်း ဆောင်ရွက်ကြပါ။ ခင်ပွန်းအနေဖြင့်ဝီရိယရှိခြင်း၊ သူ့အိမ်ထောင်ကိုထောက်ပံ့ရန်တတ်နိုင်သမျှကြိုးပမ်းတတ်ခြင်းစသော စိတ်သဘောများကိုမွေးမြူထားသင့်ပေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းက သူ့အားသူ့ဇနီး၏ရိုသေလေးစားမှုကို ရရှိလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်၏ညီမတော်၊ သင့်လက်ရှိစိတ်သဘောထားမျိုးကိုထားရှိခြင်းအားဖြင့် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်ပါ။ သင့်ခင်ပွန်း၏အပြစ်ကိုဖြေလွှတ်ပါ။ သူသည် သင်၏ယောကျ်ားဖြစ်၍ သင့်အနေဖြင့်တာဝန်ကျေပွန်၍ မေတ္တာဖြင့်ပြည့်ဝသောဇနီးဖြစ်အောင်ကြိုးပမ်းရာတွင် သင့်အားဘုရားသခင်သည် ကောင်းချီးပေးပါလိမ့်မည်။ သနားကြင်နာတတ်သောဥပဒေပညတ်သည် သင်၏နှုတ်ဖျားတွင်ရှိပါစေ။ သင်၏စိတ်နေသဘောထားကို သင်သည်ပြောင်းလဲနိုင်သည်။ ပြောင်းပစ်ရမည်။

သင်တို့နှစ်ဦးစလုံးသည် တစ်ဦးနှင့်တစ်ဦးသဘောထားအယူအဆချင်းကွဲလွဲမှုကိုရှောင်ရှား၍ အပေးအယူအနေဖြင့် သင့်သဘောထားချင်းအမြဲတမ်းတိုက်ဆိုင်မှုရှိစေရန် ကြိုးပမ်းသင့်ကြပေသည်။ နူးညံ့သိမ်မွေ့သောနည်းများကိုအသုံးပြုလျှင် သင်တို့၏အသက်တာသည် အံ့သြဖွယ်ကောင်းလောက်အောင် ပြောင်းလဲမှုရှိပေလိမ့်မည်။

**သူ့သားမယားပြစ်မှားခြင်း၊ လင်မယားကွာရှင်းခြင်းနှင့်အသင်းသူအသင်းသားဘဝရပ်တည်ခြင်း** – နစ်နာမှုခံရရှာသောညီမတော် ----- ၏ကိစ္စတွင်-----အကြောင်းနှင့်ပတ်သက်သောမေးခွန်းများအတွက် ကျွန်ုပ်ဖြေကြားလိုသည်မှာ ညီမတော်၏ခင်ပွန်းကဲ့သို့အပြစ်ဒုစရိုက်နွံ၌ခြေကျွံနေသောသူတို့၌ ဖြစ်မြဲဖြစ်တတ်သောကဏ္ဍတစ်ရပ်ဖြစ်၍ ကာယကံရှင်ခင်ပွန်း

များအနေဖြင့် သူတို့၏ယုတ်မာမှုကို မှန်ကန်သောရှုထောင့်မှတွေ့မြင်ခြင်း မရှိသောအခြေအနေ၌ ရပ်တည်နေသောကိစ္စမျိုးဖြစ်သည်။ သို့ရာတွင် အချို့သောခင်ပွန်းတို့သည် သူတို့၏အပြစ်ကိုခြွင်းချက်မရှိဝန်ချတောင်းပန်၍ စေတနာအပြည့်အဝဖြင့် နောင်တရသောဘဝအသက်တာမျိုးကိုပြသခြင်းအားဖြင့် ဘုရားသခင်လူတို့၏ယုံကြည်မှုကိုရရှိလျှင် သူတို့အား အသင်းတော်၏ဘောင်အတွင်းသို့ ပြန်လည်လက်ခံကြသည်။ ယခုကိစ္စများသည် အချို့သောအခြားကိစ္စများ၌မတွေ့ရှိရသော အခက်အခဲများရှိနေပါသဖြင့် အောက်ပါအချက်များကိုသာ ကျွန်ုပ်တို့အနေဖြင့် ထပ်လောင်း၍ဖော်ပြလိုပါသည်။

၁။ အပြစ်ကျူးလွန်ခဲ့သောကာယကံရှင်သည် စစ်မှန်သောနောင်တရခြင်းကို လက်တွေ့အပြုသဘောသာရှိသော သတ္တမမြောက်ပညတ်တော်ကို ကျူးလွန်ချိုးဖောက်သောကိစ္စမျိုးတွင် အကယ်၍ နစ်နာမှုခံရသောဘက်က သူတို့ကိုယ်တိုင်နှင့် သူတို့၏သားသမီးများအတွက် အမှုမလုပ်ဘဲ လင်မယားကွာရှင်းမှုကိုရနိုင်လျှင်၊ ယင်းကွာရှင်းမှုများကို ကာလကံရှင်လင်မယားတို့ကရရှိထားလျှင် ယင်းကဲ့သို့ရရှိခြင်းက အခြေအနေပိုမိုဆိုးရွားစေသည်။ သူတို့သည် လွတ်လပ်စွာပြုလုပ်နိုင်ကြပြီ။

၂။ လင်မယားကွာရှင်းခြင်းအားဖြင့် လင်မယားနှစ်ဦးစလုံးနှင့် သူတို့၏သားသမီးတို့အား ပိုမိုဆိုးရွားသောအခြေအနေသို့ ဆိုက်ရောက်စေမည့်အလားအလာရှိလျှင် ယင်းအခြေအနေ၌ဆက်လက်ရပ်တည်နေခြင်းအားဖြင့် အပြစ်ကင်းသောခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ အပြစ်ရှိသည်ဟု အထောက်အထားပြနိုင်သည့် ကျမ်းဆိုချက်တစ်ချက်ကို ကျွန်ုပ်တို့မတွေ့ရှိရပေ။

၃။ အချိန်၊ ကြိုးပမ်းဆောင်ရွက်ခြင်း၊ ဆုတောင်းခြင်း၊ သည်းခံခြင်း၊ ယုံကြည်ခြင်းနှင့်ဘုရားတရားမြဲသော ဘဝအသက်တာတို့သည် အခြေအနေကိုပြုပြင်ပြောင်းလဲပေးနိုင်သည်။ ထိမ်းမြားမင်္ဂလာဆိုင်ရာ

ကတိသစ္စာကိုချိုးဖောက်၍ အရှက်တကွဲအကျိုးနည်းဖြစ်ရသောအခြေ
အနေတို့နှင့်ပြည့်ဝသည့် အပြစ်မကင်းသောမေတ္တာမျိုးကိုမွေးမြူ
ထားလျက် မိမိကိုယ်၏အခြေအနေမှန်ကိုမသိသောသူနှင့် ပေါင်းဖက်
မေတ္တာဂဟေဆက်ရခြင်းသည် စိတ်ဝိညာဉ်ကိုဒုက္ခပေးသော ရောဂါ
ကြီးတစ်ခုဖြစ်သည်။ သို့စေကာမူ လင်မယားကွာရှင်းခြင်းသည်
ပိုမို၍စိတ်ကြေကွဲဖွယ်သောအဖြစ်အပျက်ဖြစ်သည်။

၄။ လေးစားဖွယ်လည်းဖြစ်၍ လူကောင်းသူကောင်းလည်းဖြစ်လျက်
နောက်ဆုံးတွင် ကောင်းကင်ဘုံ၌စံမြန်းရမည်ဖြစ်သော ယောကျ်ား
နှင့်မိန်းမတို့သည် ဘာကြောင့်ထိုမျှလောက်ဈေးပေါပေါနှင့် မိမိတို့
ကိုယ်ကိုမာရ်နတ်လက်သို့ ရောင်းစားကြမည်နည်း။ မိတ်ဆွေ
အပေါင်းအသင်းရောင်းရင်းတို့ကို စိတ်နာစေကြမည်နည်း၊ မိမိတို့
အိမ်ထောင်ရေး၏အသရေကို အရှက်တကွဲအကျိုးနည်းဖြစ်စေ
ကြမည်နည်း။ အမှုတော်၏ဂုဏ်သိက္ခာကိုထိခိုက်အောင်ပြုလုပ်ကြ
မည်နည်း။ နောက်ဆုံးတွင် ငရဲထဲသို့ဘာကြောင့်ရောက်လိုကြသနည်း။
ဘုရားသခင်သည် ကရုဏာတော်အရှင်ဖြစ်တော်မူသည်။ ပြစ်မှု
ကျူးလွန်မိသောပုဂ္ဂိုလ်သည် မိမိကျူးလွန်ခဲ့သောပြစ်မှုနှင့် အချိုးအစား
ညီလျော်သောနောင်တရခြင်းကို လက်တွေ့ပြသ၍ သူတို့ပယောဂ
ကြောင့်ဖြစ်ပျက်ပေါ်ပေါက်ခဲ့ရသော နာကြည်းမှုအတွက်တတ်နိုင်
သမျှ ကရုဏာတော်နှင့်ကုသမှုကိုခံစားရရှိရန် ခရစ်တော်ထံသို့
ဘာကြောင့်မချဉ်းကပ်နေကြသနည်း။

၅။ သို့ရာတွင် သူတို့သည် သူတို့ပြုလုပ်သင့်သောအရာကို မပြုလုပ်
မဆောင်ရွက်ဘဲနေလျှင်လည်းကောင်း၊ ခင်ပွန်းလွန်ကျူးခဲ့သော
အပြစ်ကိုသိလျက်နှင့် ယင်းအပြစ်ရှိသောခင်ပွန်းနှင့် ဆက်လက်၍
ပေါင်းသင်းနေထိုင်ခြင်းအားဖြင့် အပြစ်ကင်းသောဇနီးသည်
လင်မယားကွာရှင်းမှုဆိုင်ရာတရားဥပဒေက ပေးထားသောအခွင့်

အရေးကို ဆုံးရှုံးစေလျှင်လည်းကောင်း၊ ယင်းကဲ့သို့ဆက်လက် ပေါင်းသင်းနေထိုင်ခြင်းသည် သူမ၏ကျန်းမာခြင်းနှင့်ဘဝအသက် တာ၏အခြေအနေမျိုးကို အန္တရာယ်ပြုလျှင်လည်းကောင်း ယင်းကဲ့သို့ သူ့ခင်ပွန်းနှင့်ဆက်လက်ပေါင်းသင်းနေထိုင်မှုအတွက် သူမ၌အပြစ် ရှိသည်ဟု ကျွန်ုပ်တို့မတွေ့မြင်ပေ။

---ooo---

## အခန်း ၅၇
# ဘာသာအယူဝါဒမတူသောအိမ်ထောင်ဖက်အပေါ် သဘောထား

ခရစ်ယာန်ဇနီးသည် ဘာသာအယူဝါဒမတူသောခင်ပွန်းနှင့်ကွာရှင်းသင့်သလော သူတို့အိမ်ထောင်များတွင် ရင်ဆိုင်နေရသောပြဿနာများကိုဖော်ပြ၍ ယင်းပြဿနာများဖြေရှင်းမှုအတွက် ကျွန်ုပ်ထံအကြံဉာဏ်များတောင်းဆိုသောမိခင်များထံမှ စာများရရှိခဲ့ပါသည်။ အိမ်ထောင်တစ်ခုက ရင်ဆိုင်ရသောပြဿနာများကိုဆွေးနွေးလျှင် အခြားအိမ်ထောင်များရင်ဆိုင်ရသောပြဿနာများသည်လည်း အကျုံးဝင်ပါဝင်ပေမည်။ ခင်ပွန်းလည်းဖြစ်၍ ဖခင်လည်းဖြစ်သောသူသည် ခရစ်ယာန်ဘာသာဝင်မဖြစ်သောကြောင့် မိခင်အနေဖြင့်သားသမီးတို့အား သွန်သင်ဆုံးမရာတွင် အစစအရာရာ၌ များစွာအခက်အခဲများကိုရင်ဆိုင်ရပေသည်။ ခင်ပွန်းဖြစ်သူသည် သူ့ဇနီးအားပြောဆိုရာတွင် ညစ်ညမ်းယုတ်မာရိုင်းစိုင်းသောအသုံးအနှုန်းများကို အသုံးပြုတတ်သည်။ ၎င်းအပြင် မိခင်၏ဩဇာကိုမခံဖို့ရန် သားသမီးတို့အားသွန်သင်ပေးတတ်သည်။ မိခင်သည် သားသမီးတို့နှင့်အတူတကွ ဘုရားဝတ်ပြုရန်ကြိုးပမ်းသောအခါ ခင်ပွန်းဖြစ်သူသည် အခန်းထဲသို့ဝင်လာ၍ တတ်နိုင်သမျှအသံဗလံများဆူနေအောင်ပြုလုပ်ပြီး ဘုရားသခင်ကိုအော်ကျယ်ဟစ်ကျယ်ဆဲဆိုရေရွတ်၍ သမ္မာကျမ်းစာကိုလည်း ယုတ်မာကြမ်းတမ်းစွာပုတ်ခတ်ပြောဆိုလေသည်။ ဇနီးဖြစ်သူသည် များစွာစိတ်ပျက်လာသောကြောင့် သူမ၏ဘဝအသက်တာသည် သူမအတွက် လေးလံသောဝန်ထုပ်ကြီးတစ်ခုဖြစ်လာတော့သည်။ သူမအနေဖြင့် မည်သည့်ကောင်းသောအရာကိုပြုနိုင်သနည်း။ သူမအနေဖြင့် တစ်ချိန်လုံးအိမ်တွင်းအောင်းနေရခြင်းသည် သူမ၏သားသမီးတို့အား မည်သည့်ကောင်းကျိုးကိုပြုသနည်း။ သူမသည် ထာဝရအရှင်ဘုရားသခင်၏စပျစ်ဥယျာဉ်၌လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန် ပြင်းပြသောဆန္ဒရှိလျက် သူမ၏

ခင်ပွန်းလည်းဖြစ်၊ သားသမီးတို့၏ဖခင်လည်းဖြစ်သောသူက သူမအပေါ် ရှိသေလေးစားမှုမရှိဘဲ၊ သူမ၏စကားကိုလည်းနားမထောင်ဘဲနေကြရန် သားသမီးတို့အား အမြဲတမ်းသွေးထိုးပေးနေချိန်တွင် အိမ်တွင်း၌အောင်းနေသည်ထက် အိမ်မှထွက်ခွာ၍ အမှုတော်တစ်ခုခုကိုထမ်းဆောင်နေခြင်းက အကောင်းဆုံးဟုစိတ်ကူးနေမိသည်။

ယင်းကိစ္စမျိုးတွင် ကျွန်ုပ်အကြံပေးလိုသည်မှာ မိခင်တို့၊ ဆင်းရဲနွမ်းပါးမှုကြောင့်လည်းကောင်း၊ စိတ်ဝိညာဉ်၏ဒဏ်ရာဒဏ်ချက်များနှင့် နာကြည်းမှုကြောင့်လည်းကောင်း၊ ခင်ပွန်းလည်းဖြစ်၍ ကလေးတို့၏ဖခင်ဖြစ်သောသူ၏ကြမ်းတမ်းရိုင်းပျ၍ မခံချိမခံသာဖြစ်သောဆက်ဆံမှုကို ရင်ဆိုင်နေရသောကြောင့်လည်းကောင်း မည်ကဲ့သို့သောစုံစမ်းနှောင့်ယှက်မှုမျိုးကို ခံရသည်မဆို သားသမီးတို့အားစွန့်ပစ်၍ထွက်မသွားပါလေနှင့်။ ဘုရားတရားမရှိသော ဖခင်ဖြစ်သူ၏လက်သို့ သားသမီးတို့အားလွှဲအပ်မထားပါလေနှင့်။ သင်တို့၏အလုပ်မှာ စာတန်၏အုပ်စိုးချယ်လှယ်မှုကိုခံနေရသော ဖခင်ဖြစ်သူတို့၏လုပ်ရပ်များကို ဉပဒေဘောင်အတွင်းမှ တန်ပြန်မည့်အလုပ်ဖြစ်သည်။

**မိမိကိုယ်ကိုချုပ်တည်းတတ်ခြင်းကို လက်တွေ့ပုံသက်သေပြသခြင်း** – သင်တို့သည် အနှောင့်အယှက်များကိုရင်ဆိုင်နေရကြောင်း ကျွန်ုပ်သိရှိပါသည်။ သို့ရာတွင် ဆွဲငင်ခြင်းထက်မောင်းနှင်ခြင်းပြုရသောအခါလည်းရှိသည်။ သင်တို့၏ခင်ပွန်းတို့သည် နေ့စဉ်နှင့်အမျှ မိမိတို့ကိုယ်ကိုချုပ်တည်းခြင်းနှင့်သည်းခံခြင်းနှင့်ပတ်သက်၍ သင်တို့၏လက်တွေ့ပုံသက်သေပြသမှုကို တွေ့မြင်ကြရန်လိုအပ်နေကြသည်။ ခင်ပွန်းတို့၏စိတ်ကြိုက်ကိုလိုက်လျောရန်ကြိုးစားပါ။ သို့ရာတွင် သမ္မာတရား၏ကျင့်ဝတ်တစ်ခုကိုမျှ စွန့်လွှတ်ခြင်းမပြုပါနှင့်။

ကိုယ်တော်ရှင်၏အမှုတော်ဆောင်ရာတွင် ဘုရားသခင်သည် စိတ်နှလုံး၊ ဝိညာဉ်ဉာဏ်ပညာနှင့်ခွန်အားတို့အပါအဝင် လူ့တစ်ကိုယ်လုံးကို အလိုရှိတော်မူသည်။ ကိုယ်တော်ရှင်သည် သင့်ထံမှတောင်းဆိုသမျှကို သင်သည်ဆက်ကပ်သောအခါ သင်တို့သည် ကိုယ်တော်ရှင်ကို အကျင့်စာရိတ္တ

အားဖြင့်ကိုယ်စားပြုကြမည်။ သင့်အားသန့်ရှင်းသောဝိညာဉ်တော်က ပြုပြင်ပေးနေတော်မူသည်ကို သင့်ခင်ပွန်းသိပါလေစေ။ သတိဝီရိယရှိပါ။ စဉ်းစဉ်းစားစားရှိပါ။ သည်းခံပါ။ စိတ်ရှည်ပါ။ အဖြစ်မှန်ကိုသူ့အားယုံကြည်စေရန် အဓမ္မနည်းမသုံးပါနှင့်။ ဇနီးအနေဖြင့် သင်ဆောင်ရွက်အပ်သည်တို့ကို ဆောင်ရွက်၍ သင့်ဆောင်ရွက်မှုသည် သင့်ခင်ပွန်း၏နှလုံးသားအပေါ် ထိခိုက်မှုရှိမရှိကိုစောင့်ကြည့်ပါ။ သင့်ခင်ပွန်းအပေါ်၌ထားရှိသော သင့်မေတ္တာကို ဘယ်အခါမျှမကင်းကွာစေနှင့်။ တတ်နိုင်သမျှ သူ့စိတ်ကြိုက်ကိုလုပ်ကိုင်ပေးပါ။ သင့်ဘာသာအယူဝါဒယုံကြည်မှုက သင်တို့လင်မယား၏နှောင်ကြိုးကို မပြတ်စေပါနှင့်။ သတိတရားရှိရှိဖြင့် ဘုရားသခင်၏စကားတော်ကိုနာခံလျက် သင့်ခင်ပွန်းကိုလည်း တတ်နိုင်သမျှ သူ့စိတ်ကြိုက်ဖြစ်ရန်ဆောင်ရွက်ပေးပါ။

သင်သည် ယေရှုရှင်ကိုချစ်၍ ကိုယ်တော်ရှင်အားယုံကြည်ကိုးစားကြောင်းကို လူတိုင်းတွေ့မြင်ပါလေစေ။ အမှန်တရား၏မြတ်နိုးဖွယ်ဖြစ်ပုံကို သင်၏ခင်ပွန်းနှင့်တပည့်တော်များ၊ တပည့်တော်များမဟုတ်သောသူတို့အား သင့်အနေဖြင့်တွေ့မြင်စေလိုသောဆန္ဒရှိကြောင်း အထောက်အထားကိုပြပါ။ သို့ရာတွင် ကောင်းသောအလုပ်မှန်သမျှကို အများအားဖြင့် ဖျက်ဆီးသော စိတ်ညစ်မှုနှင့်စိတ်ဆင်းရဲမှုအမူအရာများကိုမပြပါလေနှင့်။ အပြစ်တင်သော စကားတစ်လုံးတစ်ပါဒကိုမျှ သင့်ခင်ပွန်း၏နားသို့မရောက်ပါစေနှင့်။ သင်တို့အနေဖြင့် တစ်ခါတစ်ရံကျဉ်းမြောင်းကျပ်တည်းသောလမ်းထဲတွင် လျှောက်သွားကြရသည်။ သို့ဖြစ်လင့်ကစား ဤဒုက္ခများကိုမဆွေးနွေးပါနှင့်။ ဆိတ်ဆိတ်နေဘိသမ္မောဓိဆိုသောထုံးကို နှလုံးသွင်းထားပါ။ စိတ်လိုက်မာန်ပါစကားပြောဆိုခြင်းသည် သင်တို့၏စိတ်မသာညည်းတွားမှုကို ပိုမိုဆိုးရွားစေလိမ့်မည်။ ပျော်ပျော်ရွှင်ရွှင်နေထိုင်ပါ။ နေရောင်ခြည်ရှိသမျှကို အိမ်တွင်းသို့ သွတ်သွင်း၍မှောင်ရိပ်ရှိသမျှကို အိမ်ပြင်ပသို့ထုတ်ပစ်ပါ။ ဖြောင့်မတ်ခြင်းအရှင်၏လင်းရောင်ခြည်သည် သင့်ဝိညာဉ်၏ဗိမာန်တွင်ထွန်းလင်းပါလေစေ။ ထိုအခါ ခရစ်ယာန်အသက်တာ၏ထုံသင်းမွှေးကြိုင်သောရနံ့သည် သင်တို့၏အိမ်ထောင်ထဲသို့ဝင်လာလိမ့်မည်။ အများအားဖြင့် အမှန်တရားကင်းမဲ့သော

မလိုလားအပ်သည့်အကြောင်းခြင်းရာများသည် သင်တို့အိမ်တွင်းသို့ ချင်းနင်းဝင်ရောက်ခြင်းရှိလိမ့်မည်မဟုတ်ပေ။

**ဝန်လေးပင်ပန်းနေသောဇနီးအား ပျော်ရွှင်မှုရှိရန်အကြံပေးချက်–** သင်၏ခင်ပွန်းသည် ယေရှုရှင်အားကျောခိုင်းသွားပြီးဖြစ်သောကြောင့် ယခုအခါတွင် သင်ထမ်းဆောင်ရမည့်တာဝန်သည် နှစ်ခုဖြစ်လာလေပြီ။

သင်သည် တစ်ကိုယ်တည်းရပ်တည်နေရသောဘဝအတွက် များစွာစိတ်မချမ်းသာသောအဖြစ်နှင့်ရင်ဆိုင်ရသည်ကို ကျွန်ုပ်သိရှိပါသည်။ သို့စေကာမူ၊ ဇနီးဖြစ်သူ၊ သင်၏လက်တွေ့သဘောရှိသော ယုံကြည်ခြင်းနှင့်နားထောင်ခြင်းတို့သည် သင့်ခင်ပွန်းဖြစ်သူသည် သင့်ရင်ခွင့်သို့ပြန်လည်ရောက်ရှိလာနိုင်သည်ကို သင်သိပါသလော။ ချစ်ဖွယ်သောသားသမီးတို့အားယေရှုရှင်ထံသို့ပို့ဆောင်ပါ။ သူတို့အား သမ္မာတရားကိုအလွယ်ဆုံးစကားအားဖြင့်ပြောပြပါ။ ခရစ်တော်၏မေတ္တာတော်ကိုဖော်ပြသော နားဝင်ချို၍ဆွဲဆောင်မှုရှိသောဓမ္မသီချင်းများကိုသီဆိုပါ။ ယေရှုရှင်သည် ကလေးသူငယ်များကိုချစ်တော်မူသောကြောင့် သားသမီးတို့အား ကိုယ်တော်ရှင်ထံတော်သို့ခေါ်ဆောင်သွားပါ။

ပျော်ပျော်ရွှင်ရွှင်နေပါ။ ခရစ်တော်ခန့်ထားတော်မူခဲ့သောဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့နှင့်အတူရှိတော်မူကြောင်းကိုမမေ့ပါနှင့်။ သင်သည် ဘယ်အခါမျှတစ်ဦးတည်းနေရသည်မဟုတ်ပေ။ ယခုအခါတွင် သင့်အားပြောဆိုနေတော်မူသောအသံတော်ကိုနားထောင်လျှင်လည်းကောင်း၊ သင်၏စိတ်နှလုံးတံခါးကိုခေါက်လျက်နေခြင်းကို မဆိုင်းမတွဘဲတုံ့ပြန်လျက် "ကိုယ်တော်ရှင်ယေရှုသခင်၊ အကျွန်ုပ်သည်ကိုယ်တော်ရှင်နှင့်အတူစားသောက်နိုင်ရန်နှင့်ကိုယ်တော်ရှင်သည် အကျွန်ုပ်နှင့်စားသောက်နိုင်ရန် အကျွန်ုပ်၏စိတ်နှလုံးအတွင်းသို့ဝင်လာတော်မူပါ" ဟူ၍ပြောဆိုလျှင်လည်းကောင်း ကောင်းကင်မှဧည့်သည်တော်ကြီးသည် သင့်စိတ်နှလုံးတွင်းသို့ဝင်လာတော်မူမည်။ ယင်းကဲ့သို့သောအခြေအနေရောက်

ရှိသောအခါ ငြိမ်သက်ခြင်းနှင့်သက်သာခြင်းတည်းဟူသောမင်္ဂလာတို့ကို ခံစားရမည်ဖြစ်သည်။

**ခရစ်ယာန်တို့၏အခြေခံကျင့်ဝတ်များကိုထိန်းသိမ်းပါ** – ဘုရားသခင်ကိုကိုးကွယ်ဝတ်ပြုခြင်းမရှိသောအိမ်ထောင်သည် ပင်လယ်ပြင်ကြီးတွင် ရေကြောင်းပြ (သို့မဟုတ်) တက်မရှိသောသင်္ဘောကြီးနှင့်တူသည်။ ယင်းသင်္ဘောကြီးသည် ပင်လယ်ပြင်တွင် လေပြင်းတိုက်ခတ်မှုကိုခံရသောအခါ သင်္ဘောပေါ်၌စီးနင်းလိုက်ပါလာသောခရီးသည်အပေါင်းတို့သည် သေကျေပျက်စီးခြင်းကိုခံရမည့်အန္တရာယ်ရှိနေသည်။ ခရစ်တော်အတွက် သင်နှင့်သင်တို့သားသမီးများ၏အသက်သည် အဖိုးထိုက်သည်ဟူ၍ သဘောထားရှိပါ။ အဘယ်ကြောင့်ဆိုသော် သင်သည် သင့်သားသမီးတို့နှင့်သင့်ခင်ပွန်းတို့ကို ဘုရားသခင်၏ရာဇပလ္လင်တော်ရှေ့တွင် တွေ့ဆုံကြရမည်။ သင်၏တည်တံ့ခိုင်မြဲသော ခရစ်ယာန်တို့၏အခြေခံကျင့်ဝတ်များသည် အင်အားချည့်နဲ့မလာဘဲ သန်မာသည်ထက်သန်မာခိုင်မြဲလာရမည်ဖြစ်သည်။ သင်၏ခင်ပွန်းဖြစ်သူသည် မည်မျှပင်ဒေါသထွက်နေစေကာမူ၊ ဘယ်မျှလောက်သင့်အားဆန့်ကျင်နေစေကာမူ၊ သင့်အနေဖြင့် အဟောနှင့်အပြောညီ၍ သစ္စာရှိသောခရစ်ယာန်တို့၏တည်မြဲခိုင်မာမှုကိုပြသရမည်။ သူကဘယ်ကဲ့သို့သောဝေဖန်စကားပြောစေကာမူ၊ သူ၌ကိုယ်ချင်းစာတရားနှလုံးသားမျိုးရှိလျှင် သူသည် သင့်အားရိုသေလေးစားလိမ့်မည်။

**ဘုရားသခင်အားဦးစားပေးရန် ကိုယ်တော်ရှင်ကတောင်းဆိုထားတော်မူသည်** – ထိုနောက် ကျွန်ုပ်အားချွေးမကိုပြသပါ။ သူ့အားဘုရားသခင်ချစ်တော်မူသည်။ သို့ရာတွင် ယင်းချွေးမအားငွေဝယ်ကျွန်သဖွယ် ထားရှိဆက်ဆံသောကြောင့် ယင်းချွေးမသည် ကြောက်ရွံ့တုန်လှုပ်၍ စိုးရိမ်ကြောင့်ကြအခြေမလှသောဘဝတွင် ရပ်တည်နေရရှာသည်။ ဤညီမတော်သည် သူ့ထက်အသက်ငယ်၍ ဘုရားတရားမဲ့သောယောကျ်ားအား သူပြုမှုနှုရမည့်ဘဝတွင် ရပ်တည်နေရမည်ဟု မယူဆသင့်ပေ။ ယင်းလူငယ်နှင့်အိမ်ထောင်ပြုခဲ့မှုက သူမ၏လွတ်လပ်စွာတွေးခေါ်လှုပ်ရှားလုပ်ကိုင်မှုကို ဖျက်ဆီးခြင်းမပြုကြောင်း

သတိပြုသင့်ပါသည်။ ကမ္ဘာမြေကြီးဆိုင်ရာတောင်းဆိုမှုတစ်ခုခုထက် ပိုမိုကြီးမား၍ ရေးကြီးခွင်ကျယ်ဖြစ်သောတောင်းဆိုမှုကို ဘုရားသခင်သည်ပြုတော်မူသည်။ ခရစ်တော်သည် မိမိ၏အသွေးတော်အားဖြင့် သူမအားဝယ်ယူတော်မူခဲ့ပြီးဖြစ်သည်။ သူမကိုယ်ကိုသူမမပိုင်ဆိုင်ပေ။ သူမသည်ဘုရားသခင်အား လုံးဝယုံကြည်ကိုးစားခြင်းမရှိဘဲ သူမ၏ယုံကြည်မှုနှင့်သြတ္တပ္ပစိတ်တို့ကိုချိုးနှိပ်ထားလျက် ဤကြောက်ရွံ့တုန်လှုပ်၍ သင့်အားချည့်နဲ့သောဒုက္ခသည်အားခြောက်လှန့်ရန် စာတန်ကြိုးဆွဲရာသို့ "က" နေသော၊ သည်းခံစိတ်ကင်း၍ ရက်စက်ကြမ်းကြုတ်လှသော သူ့ယောကျ်ား၏အလိုသို့လိုက်နေခဲ့သည်။ သူမသည် အကြိမ်ပေါင်းမြောက်မြားစွာ စိတ်အနှောင့်အယှက်ဖြစ်ရသောဘဝမျိုး၌ ရပ်တည်နေခဲ့ရသောကြောင့် သူမ၏အာရုံကြောများမှပျက်ပြားလျက် မည်သို့မျှမတတ်နိုင်သောအခြေအနေ၌ ရပ်တည်နေရရှာသည်။ ယင်းအခြေအနေ၌ရပ်တည်လျက် ဘုရားသခင်အတွက် ဆောင်ရွက်မှုလုံးဝမရှိသောဘဝမျိုး၌ကျင်လည်နေစေရန် ကိုယ်တော်ရှင်သည် အလိုတော်ရှိတော်မူသလော။ အလိုတော်ရှိတော်မမူပါ။ သူမ၏ထိမ်းမြားမင်္ဂလာပြုမှုသည်မာရ်နတ်၏လှည့်ဖြားမှုသာလျှင်ဖြစ်သည်။ သို့စေကာမူ ယခုအခြေအနေတွင်သူမအနေဖြင့် တတ်နိုင်သမျှသည်းခံလျက် သူမ၏ခင်ပွန်းအား ကြင်နာသောစိတ်ဖြင့်ပြုစု၍ သူမ၏သြတ္တပ္ပစိတ်ကိုအနှောင့်အယှက်မဖြစ်စေဘဲ သူ့ခင်ပွန်းအားပျော်ရွှင်နိုင်သမျှ ပျော်ရွှင်သောအခြေအနေမျိုးတွင် ထားရှိရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတော်လှန်ပုန်ကန်နေသောဘဝတွင် သူသည်ဆက်လက်၍ကျင်လည်နေလျှင် သူသည် ဤလောကတစ်ခုတည်းအတွက်သာ အသက်ရှင်ရမည်ဖြစ်သည်။ သို့ရာတွင် သူမသည် ဓမ္မစည်းဝေးများကိုဆုံးရှုံးပြီး နဂါးတည်းဟူသော မာရ်နတ်၏စိတ်သဘောထားမျိုးကို လက်ခံထားရှိ၍ သည်းခံစိတ်လုံးဝကင်းသော သူမယောကျ်ား၏အလိုသို့လိုက်နေရခြင်းသည် ဘုရားသခင်၏အလိုတော်အတိုင်းမဟုတ်ပေ။

"အခြားသောသူက အကျွန်ုပ်သည်မယားနှင့်လက်ထပ်ပြီ၊ ထိုကြောင့်မလာနိုင်ပါ" ဤလူ၏အပြစ်သည် ထိမ်းမြားမင်္ဂလာပြုခြင်းမဟုတ်ပေ။

သို့ရာတွင် ဘဝအသက်တာအတွက်ပိုမိုမြင့်မား၍ ပိုမိုအရေးကြီးသောကိစ္စများကို ဘေးဖယ်ထားတင်ပြသောသူကို ထိမ်းမြားမင်္ဂလာပြုခြင်းသာလျှင် သူ့အပြစ်ဖြစ်သည်။ သူ့စိတ်ကူးအကြံအစည်များကို ခရစ်တော်ထံမှလွှဲဖယ်လျက် (သို့မဟုတ်) ဧဝံဂေလိတရားတော်၏မေတ္တာဖြင့်ဖိတ်ခေါ်ချက်များကို သူ့အားငြင်းပယ်ကျောခိုင်းစေရန် ခင်ပွန်းဖြစ်သူသည် သူ့ဇနီးနှင့်အိမ်ထောင်တို့အား ခွင့်မပြုသင့်ပေ။

**အားလုံးဆုံးရှုံးရသည်ထက် တစ်ချို့တစ်ဝက်ထိန်းသိမ်းကယ်ဆယ်ထားပါ** – ညီအစ်ကိုတော်ဦးကြည်၊ သင့်အနေဖြင့် စိတ်မကောင်းဖြစ်ဖွယ်အဖြစ်အပျက်မြောက်မြားစွာတို့ကို ရင်ဆိုင်ခဲ့ရပါသည်။ သို့ရာတွင် သင်၏အိမ်ထောင်၌ သင်၏တာဝန်များကိုကျေပွန်စွာထမ်းဆောင်၍ တတ်နိုင်သမျှသင်နှင့်အတူ သင့်အိမ်ထောင်သားများကိုလက်တွဲခေါ်ဆောင်သွားရန် သင့်အနေဖြင့် စိတ်ထက်သန်ရမည်။ တည်ကြည်ရမည်။ စိတ်ပိုင်းဖြတ်ထားရမည်။ သင်သည် အထက်ကောင်းကင်သို့ခရီးသွားရာတွင် သင်နှင့်လက်တွဲ၍အတူလိုက်ပါရန် သင့်အိမ်ထောင်သားများကို အတတ်နိုင်ဆုံးကြိုးစား၍ခေါ်ဆောင်ရမည်။ သို့ရာတွင် မိခင်ဖြစ်သူနှင့်သားသမီးများတို့က သင်နှင့်အတူလက်တွဲ၍အတူမလိုက်လိုဘဲ သင့်အား သင်၏တာဝန်များနှင့်ဘာသာအယူဝါဒဆိုင်ရာအခွင့်အရေးများကို ကျောခိုင်းစေရန်ကြိုးပမ်းလျှင် သင်သည် တစ်ကိုယ်တည်းပင်သွားရလင့်ကစား ရှေ့သို့ခရီးဆက်ရမည်။ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေနေရမည်။ ဓမ္မစည်းဝေးများတက်ရောက်ခြင်းနှင့် တတ်နိုင်သမျှဝိညာဉ်ရေးဆိုင်ရာခွန်အားကိုရယူရန်အတွက် သင်ရရှိသောအခွင့်အရေးများကို လက်မလွှတ်စေရ။ အဘယ်ကြောင့်ဆိုသော် သင်သည် အနာဂတ်ကာလဆိုင်ရာရင်ဆိုင်ရေးတွင် ယင်းခွန်အားကိုလိုအပ်လိမ့်မည်ဖြစ်သည်။ လောတ၏ပစ္စည်းများအားလုံး မီးလောင်ပျက်စီးသွားခဲ့သည်။ အကယ်၍ သင်သည် ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရလျှင် စိတ်အားမလျှော့ပါနှင့်။ သင်သည် သင့်အိမ်ထောင်သားတို့၌ တချို့တစ်ဝက်သာကယ်ဆယ်နိုင်လျှင် အားလုံးကို ဆုံးရှုံးသည်ထက် များစွာတော်သေးသည်ဟုဆိုရပေမည်။

---ooo---

## အခန်း ၅၈
# ဓမ္မဆရာ၏အိမ်ထောင်

**ဓမ္မဆရာ၏အိမ်ထောင်ဘဝသည် သတင်းစကားတော်ကိုသက်သေပြရမည်** – သမ္မာကျမ်းစာကိုသင်ကြားပို့ချရသောဆရာသမားသည် သူ့အိမ်ထောင်တွင် သူသင်ကြားပို့ချပေးသော သမ္မာတရားများအတွက် ပုံသက်သေဖြစ်ရမည်။ လူတစ်ဦး၏အပြောအဆိုထက် သူ့ဘဝရပ်တည်မှုကို ပိုမို၍ဩဇာသက်ရောက်ပါသည်။ နေ့စဉ်ဘဝလမ်းတစ်လျှောက်လုံးတွင် ဘုရားတရားမြဲခြင်းသည် လူထုဆိုင်ရာသက်သေခံချက်ကို ပိုမိုထက်မြက်စေလိမ့်မည်။ တရားဟောပြောချက်များကို ထိရောက်အောင်မပြုနိုင်သောအရာကို သည်းခံခြင်း၊ အဟောနှင့်အပြောညီညွတ်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့က ယင်းအရာတို့ကို နှလုံးသားအပေါ်တွင်စွဲကပ်နေစေလိမ့်မည်။

ဓမ္မဆရာ၏သားသမီးတို့အား သွန်သင်ဆုံးမရသောအလုပ်ကို ကောင်းမွန်စွာဆက်လက်လုပ်ကိုင်သွားလျှင် တရားဟောပလ္လင်တွင် ယင်းဆုံးမမှုက ဓမ္မဆရာအနေဖြင့်ပေးသောသင်ခန်းစာများကို သရုပ်သကန်ဖော်ပေးလိမ့်မည်ဖြစ်သည်။ သို့ရာတွင် သူ၏သားသမီးတို့အား မှားယွင်းသောအသိပညာများကိုသင်ကြားပို့ချခဲ့လျှင် ဓမ္မဆရာသည် အုပ်ချုပ်မှုရေးရာတွင် စွမ်းရည်မရှိကြောင်းကိုပြသောကြောင့် ဘုရားသခင်၏သိုးစုအတွက် သိုးထိန်း၏တာဝန်ကိုမထမ်းဆောင်မီ သူ့အားပေးထားသောသားသမီးများကို ကောင်းမွန်စွာကြပ်မတ်၍ သွန်သင်ဆုံးမပေးရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူကြောင်းကိုသိရှိရန် သူ့အနေဖြင့် သင်ကြားမှတ်သားထားရန် လိုအပ်ပေသည်။

**ဖခင်သည်သားသမီးများအတွက် ဦးစားပေးဆောင်ရွက်ရမည်**– ဓမ္မဆရာ၏တာဝန်များသည် ရပ်နီးရပ်ဝေးတို့တွင် ပတ်ချာဝိုင်းလျက်ရှိသည်။ သို့ရာတွင် သူသည် သားသမီးများအတွက် ဦးစားပေးဆောင်ရွက်ရမည်။ သူ့သားသမီးများအနေဖြင့် သူ့ထံမှရသင့်ရထိုက်သော ဆုံးမသွန်သင်မှုကို

သူတို့အားပေးရန်အချိန်မရှိနိုင်လောက်အောင် သူသည် ပြင်ပတာဝန်များကို ထမ်းဆောင်နေခြင်းမပြုသင့်ပေ။ သူ့အိမ်ထောင်ဆိုင်ရာတာဝန်များသည် အရေးမပါအရာမရောက်လှဟု သဘောထားလိမ့်မည်။ သို့ရာတွင် အမှန်အားဖြင့် ယင်းအိမ်ထောင်ဆိုင်ရာတာဝန်တို့သည် ပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ လူ့အဖွဲ့အစည်းအနေဖြင့်လည်းကောင်း ကြီးပွားတိုးတက်ရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်သည်။ လူသားတို့၏ပျော်ရွှင်သာယာမှုနှင့် အသင်းတော်အောင်မြင်မှုတို့သည် အိမ်ထောင်၏ဩဇာသက်ရောက်မှုပေါ်တွင် အများအားဖြင့်တည်နေသည်။

ပြင်ပလောက၌ရှိသော လူ့အသိုက်အဝန်းကြီးအတွက် အမှုထမ်းနေရသောကြောင့် အိမ်တွင်းအသိုက်အဝန်းအတွက်ဆောင်ရွက်မှုကို လျစ်လျူရှုရပါသည်ဆိုသောအကြောင်းပြချက်မျိုးကို လက်မခံနိုင်ပေ။ သူ့အိမ်ထောင်၏ ဝိညာဉ်ရေးဆိုင်ရာကောင်းစားရေးသည် ပထမနေရာတွင်ရပ်နေသည်။ နောက်ဆုံးတရားစီရင်သောနေ့တွင် သူတာဝန်ယူသောသားသမီးတို့အား ခရစ်တော်ထံသို့လမ်းပြပို့ဆောင်ပေးရန် မည်ကဲ့သို့သောဆောင်ရွက်မှုကိုပြုခဲ့သနည်းဟု ဘုရားသခင်စစ်ဆေးမေးမြန်းတော်မူခြင်းကို ခံရလိမ့်မည်။ သူ့သားသမီးတို့အားကြည့်ရှုပြုစုရန်အတွက် ဘုရားသခင်အားပေးဆပ်စရာရှိသောအကြွေးကို သူတစ်ပါးအတွက်ပြုလုပ်ခဲ့သောကောင်းမှုများက ပယ်ဖျက်ဆပ်ပေးခြင်းမပြုလုပ်နိုင်ပေ။

**ဓမ္မဆရာ၏ကြီးမားလှသောဩဇာသက်ရောက်မှု** – ကမ္ဘာပေါ်တွင် ဓမ္မဆရာ၏သားသမီးများသည် တစ်ခါတစ်ရံလျစ်လျူရှုမှုအခံရဆုံးသားသမီးများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖခင်ဖြစ်သူသည် သားသမီးများနှင့်အတူနေထိုင်ရသောအချိန်ကာလသည် မရှိသလောက်နည်းပါးသောကြောင့် သားသမီးတို့အား သူ့တို့စိတ်ကြိုက်အလုပ်အကိုင်နှင့်ပျော်ရွှင်မှုမျိုးကို သူတို့ရွေးယူရကြလေသည်။

အဘယ်အခြေအနေမျိုး၌မဆို မိဘဖြစ်သူတို့၏သစ္စာမဲ့မှုသည် ကြီးမားသောပြစ်မှုကြီးဖြစ်ရာ လူထုအားသင်ကြားပို့ချပေးရန် ဆရာများအနေဖြင့်

ခန့်အပ်ထားသောသူတို့၏အိမ်ထောင်တွင် ယင်းကဲ့သို့လျစ်လျူရှုခြင်းသည် ပိုမိုကြီးမားသောပြစ်မှုဖြစ်သည်။ ယင်းဓမ္မဆရာတို့သည် မိမိတို့၏အိမ်ထောင်မှုများကို အုပ်ထိန်းထားရန်ပျက်ကွက်လျှင် သူတို့သည် သူတို့၏မှားယွင်းသောပုံသက်သေအားဖြင့် မြောက်မြားစွာသောသူတို့အား မှားယွင်းသောလမ်းထဲသို့ လမ်းပြပို့ဆောင်ကြလေသည်။ သူတို့သည် ပိုမိုတာဝန်ရှိသောသူများဖြစ်သောကြောင့် သူတို့၏အပြစ်သည် အခြားသောသူတို့၏အပြစ်ထက်ကြီးမားလေသည်။

**ဓမ္မဆရာ၏ဘုရားတရားမြဲမှုအတွက် ဇနီးနှင့်သားသမီးတို့သည် အကောင်းဆုံးဓမ္မတရားသူကြီးများဖြစ်သည်** – တရားဟောပလ္လင်မှကျဆင်းလာသော ဘာသာအယူဝါဒထက် အိမ်ထောင်၏ဘာသာအယူဝါဒက ကျွန်ုပ်တို့၏စာရိတ္တမှန်သည်မမှန်သည်ကို ထုတ်ဖော်ပြသည်။ ဓမ္မဆရာ၏ဇနီး၊ သူ့သားသမီးများနှင့်သူ့အိမ်ထောင်ကိုအဆုံးအဖြတ်ပြုရန် အကောင်းဆုံးတရားသူကြီးများဖြစ်သည်။ လူကောင်းသူကောင်းတစ်ဦးသည် သူ့အိမ်ထောင်အတွက်ဆုမင်္ဂလာတစ်ရပ်ဖြစ်သည်။ သူ့ဘာသာအယူဝါဒ၏တည်မြဲထက်သန်မှုသည် ဇနီး၊ သားသမီးများတို့နှင့်အိမ်ဖော်တို့အတွက် ပိုမိုကောင်းမွန်သည်။

ညီအစ်ကိုတို့၊ ခရစ်တော်ရှင်အား သင်တို့၏အိမ်ထောင်သားများအတွင်း၌လည်းကောင်း၊ တရားဟောပလ္လင်ပေါ်သို့လည်းကောင်း၊ သင်တို့သွားရောက်သောနေရာများသို့လည်းကောင်း သင်တို့နှင့်အတူခေါ်ဆောင်သွားကြပါ။ ထိုအခါ ဓမ္မအမှုဆောင်ရွက်ခြင်းကိုနှစ်သက်သဘောကျဖို့ သူတို့အားတိုက်တွန်းပြောဆိုရန်မလိုတော့ပေ။ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ခရစ်တော်၏ဓမ္မအမှုဆောင်များဖြစ်ကြောင်း ကောင်းကင်ဆိုင်ရာခန့်အပ်လွှာများကို ယူဆောင်ထားပြီးဖြစ်လိမ့်မည်။

**ဓမ္မဆရာ၏ဇနီးသည်ကူဖော်လောင်ဖက်ဖြစ်သလော၊ သို့တည်းမဟုတ် ခလုတ်တံသင်းဖြစ်သလော** – ယောကျ်ားတစ်ယောက်သည် ဓမ္မဆရာ၏တာဝန်များကိုဆောင်ရွက်ရန်လက်ခံသောအခါ သူသည်ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသောသူဖြစ်သည်ဟူ၍လည်းကောင်း၊ ဘုရားသခင်မိန့်တော်

မှုသမျှကို လူထုထံသို့လက်ကမ်းရသောသူဖြစ်သည်ဟူ၍လည်းကောင်း အခိုင်အမာဆိုတတ်ကြသည်။ ထို့ကြောင့် သူသည် သိုးထိန်းတော်ကြီးဘက်တွင် ခိုင်မာရင်းနှီးစွာရပ်တည်နေရန် ဘယ်မျှလောက်လိုအပ်ဘိသနည်း။ ထို့ပြင် မိမိကိုယ်ကို လူ့မြင်ကွင်း၌ထားရှိခြင်းမပြုဘဲ ခရစ်တော်ကိုချီးမြှောက်လျက် ဘုရားသခင်၏ရှေ့တော်တွင် စိတ်နှိမ့်ချစွာဖြင့်လျှောက်လိုက်ရန် မည်မျှလောက်လိုအပ်ဘိသနည်း။ သူ့ဇနီး၏ဘဝအသက်တာသည်လည်း သမ္မာကျမ်းစာထဲ၌ ဖော်ပြပါရှိသောပုံစံအတိုင်းဖြစ်၍ သူ့သားသမီးတို့သည်လည်း စည်းကမ်းတကျအုပ်ထိန်းမှုအောက်တွင်ရပ်တည်နေစေရန် ဘယ်မျှလောက်လိုအပ်ဘိသနည်း။

ဧဝံဂေလိဓမ္မဆရာ၏ဇနီးသည် သူမခင်ပွန်းအတွက် အောင်မြင်မှုအရှိဆုံးကူဖော်လောင်ဖက်နှင့် ကြီးမားလှသောမင်္ဂလာတစ်ရပ်ဖြစ်နိုင်သည်။ သို့တည်းမဟုတ် သူ့အလုပ်အကိုင်အတွက် အနှောင့်အယှက်ခလုတ်တံသင်းဖြစ်နိုင်သည်။ ဓမ္မဆရာသည် အသုံးကျမှုနယ်ပယ်တွင် နေ့စဉ်ရက်ဆက်ဘယ်မျှလောက်တိုးတက်မှုရှိခြင်း၊ သို့တည်းမဟုတ်သူသည် သာမန်အခြေအနေသို့ကျဆင်းမှုရှိခြင်းဆိုသည်မှာ သူ့ဇနီးဖြစ်သူအပေါ်တွင် များစွာရပ်တည်နေသည်။

ဓမ္မဆရာများ၏ဇနီးသည်တို့သည် ခင်ပွန်းသည်တို့၏အလုပ်အကိုင်များတွင်ကူညီဆောင်ရွက်လျက် သူတို့၏ဩဇာသက်ရောက်မှုသည် တိကျမှန်ကန်၍ သတိပညာနှင့်ပြည့်စုံစေရပါမည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါးတို့က သူတို့အားစောင့်ကြည့်နေကြ၍ အခြားသူများထက်သူတို့အနေဖြင့် ပိုမိုစိတ်အားထက်သန်စွာဆောင်ရွက်ကြမည်ဟု မျှော်လင့်ထားကြလေသည်။ သူတို့၏ဝတ်စားဆင်ယင်မှုသည် ပုံသက်သေကောင်းဖြစ်ရမည်။ သူတို့၏ဘဝအသက်တာနှင့်အပြောအဆိုများသည် ပုံသက်သေကောင်းကိုပြသရမည်။ သေခြင်းလမ်းသို့မဟုတ်ဘဲ အသက်ရှင်ခြင်းလမ်းသို့ လမ်းပြပို့ဆောင်ရမည်။ သူတို့သည် စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းရှိရမည်မှန်သော်လည်း စိတ်ထားမြင့်မြတ်စွာရပ်တည်လျက် စိတ်နှလုံးအားကောင်းကင်

သို့အာရုံမပြုစေသောအရာများကို ရှောင်ရှားသင့်ကြောင်း ကျွန်ုပ်သည် ရူပါရုံတွင်တွေ့မြင်ခဲ့ရပါသည်။ အရေးပါအရာရောက်သောမေးခွန်းတစ်ခုမှာ “ကျွန်ုပ်ကိုယ်တိုင်၏ဝိညာဉ်ကို ဘယ်ကဲ့သို့ကယ်ဆယ်နိုင်သနည်း။ ၎င်းအပြင် ကျွန်ုပ်သည် သူတစ်ပါးတို့အားကယ်တင်သောပုဂ္ဂိုလ် ဘယ်ကဲ့သို့ဖြစ်လာနိုင်သနည်း။” ဤကိစ္စမျိုးတွင် စိတ်မပေါ့တပေါ့ဆောင်ရွက်မှုမျိုးကို ဘုရားသခင်သည် လက်ခံတော်မမူပေ။ စိတ်နှလုံးအကြွင်းမဲ့နှင့် ရာနှုန်းပြည့်စိတ်ဝင်စားမှုဖြင့်ဆောင်ရွက်မှုကိုသာ ကိုယ်တော်ရှင်သည် အလိုတော်ရှိတော်မူသည်။ ယင်းစံချိန်မမီသောဆောင်ရွက်မှုမျိုးကို ကိုယ်တော်သည် လက်ခံတော်မမူ။ သူတို့၏ဩဇာသက်ရောက်မှုက သူတို့၏ဆောင်ရွက်မှုသည် သမ္မာတရားအတွက်ဖြစ်သည်မဖြစ်သည်ကိုလည်းကောင်း၊ ဆန့်ကျင်ဘက်ဖြစ်သည်မဖြစ်သည်ကိုလည်းကောင်း ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းအထောက်အထားပြသည်။ သူတို့သည် ယေရှုရှင်နှင့်အတူ စုသိမ်းခြင်းကိုသော်လည်းကောင်း၊ စုသိမ်းခြင်းကိုမပြုဘဲ ဖြန့်ကြဲခြင်းကိုသော်လည်းကောင်း ပြုလုပ်ကြသည်။ ဖြောင့်မတ်ခြင်းကင်းမဲ့သောဇနီးသည် ဓမ္မဆရာတစ်ဦးအတွက် အကြီးမားဆုံးသော ဆူးငြောင့်ခလုတ်ဖြစ်သည်။

သမ္မာတရားကိုဟောပြောရန် ဘုရားသခင်ရွေးချယ်ထားတော်မူသော ဓမ္မဆရာများကို စိတ်အားငယ်စေ၍ လမ်းလွဲသို့ပို့ဆောင်ပေးရန် စာတန်သည် အမြဲတမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ သူဆောင်ရွက်နိုင်သော သူ့အတွက်အကျိုးပြုဆုံးနည်းလမ်းမှာ အိမ်ထောင်၏ဩဇာသက်ရောက်မှုများမှတစ်ဆင့်သော်လည်းကောင်း၊ ဘုရားသခင်အား မိမိကိုယ်ကိုဆက်ကပ်ထားခြင်းမရှိသော အပေါင်းအသင်းများမှတစ်ဆင့်သော်လည်းကောင်း ဆောင်ရွက်ပေးခြင်းဖြစ်သည်။ စာတန်အနေဖြင့် သူတို့၏စိတ်ကိုအုပ်ထိန်းထားနိုင်လျှင် သူတို့မှတစ်ဆင့် အသက်ဝိညာဉ်များကိုကယ်တင်ရန် ဟောပြောခြင်းအားဖြင့်လည်းကောင်း ဆောင်ရွက်နေသောခင်ပွန်းဖြစ်သူထံသို့ ပိုမိုလွယ်ကူစွာလက်လှမ်းမီနိုင်သည်။ အတ္တစိတ်ရှိ၍ သက်သာမှုကိုနှစ်သက်ကြသောအပေါင်းအသင်းတို့၏ဩဇာသက်ရောက်မှုမှတစ်ဆင့် စာတန်သည် ဓမ္မဆရာများ၏

အမှုတော်ဆောင်ရွက်ခြင်းကိုချုပ်ကိုင်ထားနိုင်ရန် စာတန်သည် မနားမနေ ကြိုးပမ်းလျက်ရှိသည်။

**အိမ်ထောင်၏အုပ်ချုပ်မှုနှင့်ပတ်သက်၍ ဓမ္မဆရာများအားအကြံပြုချက်** – သင်တို့အနေဖြင့် ခေါင်းရှောင်၍မရသော်လည်း ဘုရားသခင်အပေါ်၌လည်းကောင်း၊ သင့်အားဘုရားသခင်လွှဲအပ်ထားတော်မူသောလုပ်ငန်းအပေါ်၌လည်းကောင်း သစ္စာစောင့်ထိန်းရမည့်တာဝန်ကို ထားရှိတော်မူသည်။ ဧဝံဂေလိတရားတော်ကိုဖြန့်ချိရမည့်ဒေသသည် ကမ္ဘာလောကကြီးဖြစ်သည်။ သင်တို့အနေဖြင့် ကမ္ဘာလောကကြီးတွင် ဧဝံဂေလိဆိုင်ရာသမ္မာတရားမျိုးစေ့ကို စိုက်ပျိုးလိုကြသည်။ ယင်းမျိုးစေ့များမှအသီးများသီးသည့်အထိ စိုက်ပျိုးထားခဲ့သောမျိုးစေ့များအား ဘုရားသခင်ရေလောင်းပေးတော်မူမည့်အချိန်ကို သင်တို့သည် စောင့်ဆိုင်းလျက်ရှိနေကြသည်။ သင်တို့ကိုယ်တိုင်အတွက် သင်တို့သည် မြေကွက်တစ်ခုကိုပေးအပ်ခဲ့သည်။ သင်တို့သည် သူတစ်ပါးတို့၏ဥယျာဉ်ထဲ၌ပေါက်ရောက်လျက်ရှိသော ပေါင်းပင်များကိုနုတ်ပေးရသောကြောင့် သင်တို့ကိုယ်တိုင်၏မြေကွက်တွင် ဆူးပင်ပေါင်းပင်များပေါက်နေသည်တိုင်အောင် လျစ်လျူရှုထားကြသည်။ ဤလုပ်ငန်းသည် သေးငယ်သောလုပ်ငန်းမဟုတ်ဘဲ အလွန်ပင်အရေးပါအရာရောက်သောလုပ်ငန်းဖြစ်သည်။ သင်တို့သည် အခြားသောသူတို့အား ဧဝံဂေလိတရားတော်ကို ဟောပြောလျက်ရှိကြသည်။ သင်တို့၏အိမ်ထောင်များတွင်လည်း အလားတူဆောင်ရွက်မှုမျိုးကို လုပ်ကိုင်ကြရမည်။

သင်တို့၏သားသမီးတို့ကို သွန်သင်ဆုံးမရသောလုပ်ငန်းတွင် သင်တို့လင်မယားနှစ်ယောက်သည် စည်းလုံးညီညွတ်စွာလက်တွဲ၍မဆောင်ရွက်နိုင်မီ ဇနီးဖြစ်သူသည် သူမ၏ခင်ပွန်းသာသနာလုပ်ငန်းလုပ်ကိုင်နေသောနေရာနှင့်ဝေးလံသောနေရာတွင် သူမ၏သားသမီးများနှင့်အတူနေထိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အသင်းတော်အတွက် အမှုတော်ကိုထမ်းဆောင်နေသောအခါမျိုးတွင် လျော့ရိလျော့ရဲစည်းကမ်းထိန်းသိမ်းသောပုံသက်သေမျိုးမပြမိရန် အရေးကြီးပေသည်။

ဆုံးမရခက်သောသားသမီးတို့ကို သူတို့သာသနာပြုလုပ်ငန်း ဆောင်ရွက်ရာနေရာဒေသများသို့ ခေါ်ဆောင်သွားတတ်သောဓမ္မဆရာအမြောက် အမြားကို ကျွန်ုပ်တို့သိရှိခဲ့ပါသည်။ သူတို့၏သာသမီးများမပြသော မနှစ်မြို့ ဖွယ်သောအပြုအမူများက တရားဟောပလ္လင်ထက်မှသူတို့ဆောင်ရွက်မှုများကို ဆန့်ကျင်ဘက်ပြုလျက်ရှိလေသည်။

**အခြားသောသူတို့၏သားသမီးများကို စိတ်ဝင်စားမှုရှိပါ** – သင်တို့၏စိတ်ဝင်စားမှုသည် အခြားသူတို့အားဝိုင်းပယ်ထား၍ သင်တို့၏ အိမ်ထောင်များကိုသာကွက်ပြီး အာရုံမစုးစိုက်သင့်ပေ။ သင်တို့အနေဖြင့် သင်တို့ညီအစ်ကိုများ၏ဧည့်ဝတ်ပြုခြင်းကိုလက်ခံလျှင် သူတို့ကသင်တို့ထံမှ သင့်လျော်သောတုံ့ပြန်မှုကို မျှော်လင့်နေကြမည်ဖြစ်ပါသည်။ သင်တို့၏ စိတ်ဝင်စားမှုများကို သင်တို့မိဘတို့နှင့်သားသမီးတို့၏စိတ်ဝင်စားမှုများနှင့် တညီတညာတည်းဖြစ်စေ၍ သူတို့အားဆုံးမသြဝါဒပေးရန် ၎င်းအပြင်ကောင်းချီး မင်္ဂလာခံစားစေရန်ကြိုးပမ်းရမည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန် သင့်ကိုယ်ကိုအပ်နှံ၍ သင်တို့အားဧည့်ခံသောသူတို့အား ကောင်းချီးမင်္ဂလာ များရရှိစေလျက် မိဘတို့၏ကလေးသူငယ်တို့နှင့်လည်း စကားပြောဆိုသည့် အလုပ်ကိုလုပ်ကိုင်ရမည်။ ဘုရားသခင်၏ရှေ့တော်၌ သင့်ကလေးသူငယ် များသည် အခြားကလေးသူငယ်များထက် ပိုမိုတန်ဖိုးထိုက်သည်ဟူ၍ သဘော မထားပါလေနှင့်။

**လမ်းလွဲနေသောဓမ္မဆရာ၏သားသမီးအားတိုက်တွန်းလျက်** – သင်၏ဖခင်သည် ဧဝံဂေလိတရားတော်၏ဓမ္မဆရာဖြစ်သောကြောင့် ဓမ္မဆရာ ၏သားသမီးများတို့သည် မိဘတို့အားရိုသေလေးစားမှုမရှိဘဲ အသရေကျဆင်း စေသောအလုပ်မျိုးလုပ်ကိုင်စေရန် စာတန်သည် အားကြိုးမာန်တက်ကြိုးစား လုပ်ဆောင်လျက်ရှိသည်။ ဖြစ်နိုင်လျှင် ယင်းသားသမီးတို့အား သူ့အာဏာ စက်ကွင်းထဲသို့ကျဆင်းစေ၍ သူ့ဆိုးယုတ်ညစ်ညမ်းသောစိတ်ယိုင်မှုများကို သူတို့ဦးနှောက်များထဲသို့ သွတ်သွင်းပေးလိမ့်မည်။ သင့်မိဘ၏မျှော်လင့်ခြင်း နှင့်စိတ်ချမ်းမြေ့မှုတို့ကိုဖျက်ဆီးပစ်ရန် သင့်အားအသုံးပြုခွင့်ကို စာတန်အား

ပေးကမ်းမည်လား။ သင့်ကိုယ်ကို စာတန်၏ထိန်းချုပ်မှုအောက်သို့သွတ်သွင်းထားရှိမှုကြောင့် သင့်မိဘတို့ကအမြဲဝမ်းနည်းစွာဖြင့် သင့်ကိုကြည့်ရှုနေရမည်လော။ မိဘတို့၏ဆုံးမသွန်သင်မှုကိုငြင်းပယ်၍ မည်ကဲ့သို့ဖြစ်စေကာမူ သူတို့၏စိတ်ဆန္ဒအရသာလုပ်ကိုင်ကြသောသားသမီးမျိုးကို သူတို့မွေးထုတ်မိခဲ့ပါပြီဟူသောယူဆချက်ဖြင့် သူတို့အားစိတ်အားငယ်နေသောအခြေအနေ၌ ရပ်တည်နေစေမည်လော။

သင်၌ကောင်းသောမျှော်မှန်းချက်များရှိ၍ သင့်မိဘတို့၏စိတ်ထဲမှ မျှော်လင့်ချက်များတဘွားဘွားပေါ်ထွက်လာစေသည်။ သို့ရာတွင် ယခုအထိ စုံစမ်းသွေးဆောင်ခြင်းများကိုတွန်းလှန်ရန် သင်၌အားအင်မရှိသောကြောင့် သူစာတန်ကသင့်အား သူလိုသလိုပုံသွင်းခံဖို့ သင်သည်အဆင်သင့်ဖြစ်နေသောကြောင့် သူသည် များစွာဝမ်းမြောက်ဝမ်းသာဖြစ်နေရသည်။ မကြာခဏပင်သင်သည် သင့်မိဘတို့၏မျှော်လင့်ချက်ကို လှုံ့ဆော်ပေးသောစကားများကိုပြောလေ့ရှိပါသည်။ သို့ရာတွင် သင်တို့သည်ရန်သူကိုမတွန်းလှန်သောကြောင့် မကြာခဏပင် ယင်းလှုံ့ဆော်မှုမျိုးပြုလုပ်ရန် ပျက်ကွက်ခဲ့ကြသည်။ သင်တို့သည် စာတန်၏ဘက်တော်သားများတို့အနေဖြင့် ရပ်တည်နေကြသောအခါ သင်တို့၏မိခင်ဖခင်ကျေးဇူးရှင်နှစ်ပါးစလုံးတို့သည် ဘယ်ကဲ့သို့သောနာကြည်းခြင်းဝေဒနာခံစားကြရသည်ကို သင်တို့သိနိုင်စွမ်းမရှိပေ။ သင်တို့က "ဒီဟာကျွန်တော်၊ ကျွန်မတို့မလုပ်နိုင်ဘူး" ဟုဆိုကာ မကြာခဏပြောတတ်ကြသည်။ ယင်းကဲ့သို့မျှော်လင့်ကစား၊ သင်တို့မလုပ်နိုင်ဟုဆိုသောအရာတို့သည် သင်တို့လုပ်သင့်လုပ်ထိုက်သောအရာများဖြစ်သည်ကို သင်တို့သိရှိကြသည်။ သင်တို့သည် သင်တို့ခွန်အားဖြင့်မဟုတ်ဘဲ သင်တို့အားပေးကမ်းရန် အမြဲတမ်းအဆင်သင့်ဖြစ်နေသော ဘုရားသခင်၏ခွန်အားဖြင့်သူ့ကိုတွန်းလှန်တိုက်ခိုက်နိုင်ကြသည်။ ကိုယ်တော်၏မိန့်တော်မူချက်ကိုယုံကြည်ကိုးစားလျက် "ကျွန်တော်ကျွန်မမလုပ်နိုင်" ဟု သင်တို့သည် ဘယ်အခါမျှပြောကြလိမ့်မည်မဟုတ်ပေ။

များစွာနောက်မကျမီ ဘုရားသခင်အထံတော်သို့ပြန်လာကြရန် ဘုရားသခင်၏နာမတော်ကိုအမှီပြု၍ သင်တို့အားတိုက်တွန်းပါရစေ။ သင်တို့သည် ဘုရားသခင်နှင့်လက်တွဲ၍ အမှုတော်ကိုဆောင်ရွက်ကြသော မိဘတို့၏သားသမီးများဖြစ်ကြသောကြောင့် သင်တို့၏အခြေအနေသည် အလွန်ကောင်းမွန်သည်ဟုဆိုရပေမည်။ သို့ရာတွင် သင်တို့၏လမ်းလွဲလုပ်ကိုင်မှုက သင်တို့မိခင်ဖခင်တို့၏ဂုဏ်ကိုရှုတ်ချ၍ သူတို့ကြိုးစားပြီးလုပ်ကိုင်နေသမျှကိုလည်း ဖျက်လိုဖျက်ဆီးလုပ်တတ်လေသည်။ သင်တို့၏လမ်းလွဲလိုက်မှုမရှိဘဲနှင့်ပင် သင်တို့၏မိခင်များအား စိတ်ဒုက္ခပေးသောကိစ္စများအလုံအလောက်ရှိထားနှင့်ပြီမဟုတ်ပါလော။ သင်တို့ဖခင်များ၏နှလုံးများကိုပူပင်သောကဝမ်းနည်းမှုများဖြင့် ပြည့်နှက်လေးလံနေစေမည့် သင်တို့၏လမ်းလွဲလိုက်ခြင်းကို ဆက်လက်ကျင့်သုံးနေဦးမည်လော။ ကောင်းကင်တမန်အပေါင်းတို့က ဝမ်းနည်းစွာဖြင့် သင်တို့အားစောင့်ကြည့်နေခြင်းသည် သင်တို့အတွက် ပျော်စရာရွှင်စရာဖြစ်နေသလော။ ရန်သူ၏အသိုက်အဝန်းထဲသို့ သင်တို့ကိုယ်ကိုထားရှိ၍ သူ့စေခိုင်းမှုနှင့်ထိန်းချုပ်မှုခံရခြင်းတို့အတွက် သင်တို့အဖို့စိတ်ကျေနပ်ဖွယ်ဖြစ်သောကိစ္စဖြစ်သလော။

ယနေ့ဟုခေါ်သောယခုအချိန်မှာပင် သင်တို့သည် ထာဝရအရှင်ဘုရားသခင်အထံတော်သို့ပြန်လာကြပါလော့။ သင်တို့၏အပြုအမူတိုင်းက သင်တို့၏အခြေအနေကို ပိုမိုကောင်းမွန်စေလိမ့်မည်။ သို့တည်းမဟုတ် ပိုမိုဆိုးရွားစေလိမ့်မည်။ သင်တို့၏အပြုအမူများသည် စာတန်၏ကောင်းကျိုးအတွက်ဖြစ်လျှင် ယင်းတို့သည် ယင်းတို့ဆိုးကျိုးအတွက် ဆက်လက်ဆောင်ရွက်မည့် ဩဇာသက်ရောက်မှုမျိုးကိုကျန်ရှိနေစေလိမ့်မည်။ သန့်ရှင်းစင်ကြယ်သောသူတို့သာလျှင် ဘုရားသခင်၏မြို့တော်ထဲသို့ဝင်စားကြရလိမ့်မည်။ သင်တို့လျှောက်သွားရသောလမ်းခရီးသည် ယင်း၏လမ်းကြောင်းတွင်ပျက်စီးခြင်းကိုထားရှိခြင်းမရှိစေခြင်းငှာ "ယနေ့တွင်သင်တို့သည် ဗျာဒိတ်တော်အသံကိုကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ်နှလုံးမရှိ" ဘဲ ဘုရားသခင်အထံတော်သို့ပြန်လာကြလော့။

**ဓမ္မဆရာသည်သားသမီးတို့အား ကြင်နာခြင်း၊ လေးစားခြင်းတို့ဖြင့်ဆက်ဆံရမည်** – သားသမီးတို့နှင့်ဆက်ဆံရာတွင် ဓမ္မဆရာအနေဖြင့် ကြင်နာမှုနှင့်လေးစားမှုရှိပါ။ သားသမီးတို့သည် အငယ်စားများဖြစ်သဖြင့် ဘုရားသခင်၏အိမ်ထောင်သားငယ်များဖြစ်သည်ကို ဓမ္မဆရာ၏နှလုံးသားအတွင်း၌ အမြဲတမ်းသွင်းထားပါ။ ဘုရားသခင်သည် သင်တို့ကိုချစ်တော်မူ၍ သူတို့အားကောင်းမွန်သောသွန်သင်မှုနှင့် စည်းကမ်းသေဝပ်မှုဘောင်အတွင်းထားရှိလျှင် သူတို့သည် လူငယ်လူရွယ်အချိန်မှာပင် ကိုယ်တော်ရှင်အတွက် အမှုတော်ကိုဆောင်ရွက်ကြမည်ဖြစ်သည်။ ကြမ်းတမ်းခက်ထန်သယောင်ရှိ၍ ဆင်ခြင်တိုင်းထွာမှုကင်းသော အပြောအဆိုများဖြင့် ကလေးသူငယ်များအားဆက်ဆံမှုသည် ခရစ်တော်အတွက် စိတ်မချမ်းသာမှုဖြစ်တော်မူသည်။ သူတို့၏အခွင့်အရေးများကို အမြဲတမ်းလေးစားမှုမရှိ၊ မှားယွင်းတိမ်းပါးခြင်းမရှိစေဘဲ သင့်လျော်စွာကြီးထွားရင့်သန်လာမှုရှိစေရန် လိုအပ်သောပုဂ္ဂလိကစာရိတ္တမျိုးမရှိသောသူများကဲ့သို့ သားသမီးများကိုဆက်ဆံကြသောကြောင့် သူတို့၏ဘဝအသက်တာအတွက်ထားရှိတော်မူသော ဘုရားသခင်၏ရည်စူးချက်သည် အကောင်အထည်မပေါ်ဘဲပျက်ကွက်ရလေသည်။

အသင်းတော်အနေဖြင့် သိုးစုမှသိုးငယ်များကိုအထူးဂရုစိုက်၍ ကြည့်ရှုထိန်းသိမ်းပေးပြီး ကလေးသူငယ်တို့၏မေတ္တာကိုရရှိရန်နှင့် သူတို့အားသမ္မာတရားဖြင့်ချည်နှောင်ထားရန် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်သင့်ပေသည်။ သားသမီးတို့အား ဘေးအန္တရာယ်ကင်းသောလမ်းထဲသို့ လမ်းပြပို့ဆောင်ပေးရန်ကြိုးပမ်းဖို့ မိဘဖြစ်သူတို့အား ဓမ္မဆရာများနှင့် အသင်းသားတို့က တိုက်တွန်းပြောဆိုသင့်ကြပေသည်။ ထာဝရအရှင်ဘုရားသခင်သည် လူငယ်လူရွယ်တို့ကိုခေါ်နေတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ရှင်၏အောင်လံတော်အောက်တွင် ကောင်းသောအမှုတော်ကိုထမ်းဆောင်ရန် ကိုယ်တော်ရှင်၏ကူဖော်လောင်ဖက်များ ဖြစ်စေတော်မူမည်ဖြစ်သည်။

**ဘုရားတရားဘက်၌စိတ်အားကြီးခြင်းနှင့်ပတ်သက်၍ အကျိုးပြုသောတရားဟောပြောချက်** – သားသမီးတို့အားအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဓမ္မဆရာများသည် သူတို့အားသင်ကြားပို့ချပေးသင့်ပေသည်။ သူတို့ကိုယ်တိုင်၏သားသမီးများသည် သင့်လျော်သောဆုံးမပဲ့ပြင်မှုကိုခံယူမှုတွင် နမူနာများဖြစ်သင့်ကြပေသည်။

လက်တွေ့ဘုရားတရားဘက်၌ စိတ်အားကြီးခြင်းနှင့်ပတ်သက်၍ အကျိုးပြုသောတရားဟောချက်ကိုတင်ပြမည့် စည်းလုံးညီညွတ်မှုမျိုးသည် ဓမ္မဆရာ၏အိမ်ထောင်တွင် တည်ရှိနေသင့်ပေသည်။ အိမ်ထောင်တွင် မိမိတို့၏တာဝန်ထမ်းဆောင်ခြင်း၌လည်းကောင်း၊ မကောင်းမြစ်တားကောင်းရာညွှန်လတ်ခြင်း၌လည်းကောင်း၊ ဆုံးမပဲ့ပြင်ခြင်း၌လည်းကောင်း၊ အကြံကောင်းဉာဏ်ကောင်းပေးခြင်း၌လည်းကောင်း၊ လမ်းပြပို့ဆောင်ခြင်း၌လည်းကောင်း ဓမ္မဆရာနှင့်သူ့ဇနီးသည် သစ္စာရှိစွာဆောင်ရွက်ကြသောအခါ သူတို့သည် အသင်းတော်တွင်အမှုတော်ထမ်းရန် ပိုမိုအံဝင်ခွင်ကျဖြစ်လာ၍ အိမ်ထောင်ပြင်ပလောကတွင် ဘုရားသခင်၏အမှုတော်အပြီးဆောင်ရွက်မှုအတွက် ကိုယ်စားလှယ်တော်ဦးရေပိုမိုများပြားလာကြမည်ဖြစ်သည်။ အိမ်ထောင်သားများသည် ကောင်းကင်အိမ်ထောင်သားများဖြစ်လာပြီး ကောင်းမွန်၍ ခရီးရောက်အကျိုးဖြစ်ထွန်းလှသော ဩဇာသက်ရောက်မှုဖြန့်ကြပေးသောအင်အားစုဖြစ်လာကြသည်။

---ooo---

## အခန်း ၅၉
# သက်ကြီးရွယ်အိုမိဘများ

**"သင်၏မိဘကိုရိုသေစွာပြုလော့"** – သားသမီးများအနေဖြင့် မိဘကိုရိုသေစွာပြုရသောတာဝန်သည် ရာသက်ပန်တည်မြဲသောတာဝန်ဖြစ်သည်။ မိဘတို့အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းရှိလာကြသောအခါ ဖခင်ဖြစ်သူနှင့်မိခင်ဖြစ်သူတို့၏လိုအပ်ချက်များနှင့်ညီလျော်သော မေတ္တာတရားထားရှိခြင်းနှင့်ဂရုတစိုက်ကြည့်ရှုပြုစုခြင်းတို့ ရရှိရပေမည်။ သက်ကြီးရွယ်အိုမိဘနှစ်ပါးတို့၏စိတ်ထဲမှ ကိန်းဝပ်နေတတ်သောစိုးရိမ်ကြောက်ရွံ့မှုနှင့် စိတ်အနှောင့်အယှက်ဖြစ်မှုတို့ကိုဖယ်ရှားပစ်နိုင်ရန် သားသမီးတို့အနေဖြင့် သူတို့ကိုယ်တိုင်၏အနစ်နာခံမှုလိုအပ်လာစေကာမူ သားသမီးတို့သည် သူတို့၏ဆက်ဆံပြုစုနည်းကို စိတ်ထားမြင့်မြတ်စွာဖြင့်လည်းကောင်း၊ ပြတ်သားစွာဖြင့်လည်းကောင်း ပြုပြင်ကြရမည်။

မိခင်ဖခင်တို့အားချစ်ခင်မြတ်နိုး၍ ကြင်နာယုယစွာပြုစုကြရန် သားသမီးတို့အား သင်ကြားပို့ချပေးသင့်ပေသည်။ သားသမီးတို့၊ သင်တို့၏မိဘတို့ကို သင်တို့ကိုယ်တိုင်ကြည့်ရှုပြုစုကြပါ။ သင်တို့မှအပ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကြင်နာသနားတတ်သောစိတ်မျိုးဖြင့် မပြုစုနိုင်ပေ။ သနားကြင်နာတတ်သောမျိုးစေ့များကို ကြဲဖြန့်စိုက်ပျိုးကြရန် သင်တို့၏တန်ဖိုးရှိလှသောအခွင့်အရေးများကို တိုးတက်ကောင်းမွန်လာအောင်ပြုလုပ်ပါ။

မိဘတို့အား ကျွန်ုပ်တို့ပြုအပ်သောဝတ်သည် ဘယ်အခါမျှရပ်စဲသည်ဟူ၍မရှိပေ။ သူတို့အပေါ်၌ကျွန်ုပ်တို့ထားရှိသောမေတ္တာနှင့် သူတို့ကကျွန်ုပ်တို့အပေါ်ထားရှိတော်မူသောမေတ္တာကို နှစ်ပရိစ္ဆေဒဖြင့်ဖြစ်စေ၊ ခရီးအကွာအဝေးအားဖြင့်ဖြစ်စေ တိုင်းထွာရသည်မဟုတ်ပေ။ ထိုကြောင့် ကျွန်ုပ်တို့၏တာဝန်ကို ဘယ်အခါမျှဘေးဖယ်ထား၍မရပေ။

သက်ကြီးရွယ်အိုမိဘများအနေဖြင့် စိတ်ပျော်ရွှင်ခြင်းနှင့်စိတ်ချမ်းမြေ့ခြင်းဟူ၍မရှိသလောက်နည်းပါးသည်ကို သားသမီးတို့က သေသေချာချာ

သတိပြုသင့်ကြသည်။ သူတို့သားသမီးတို့၏လျစ်လျူရှုခြင်းခံရသည်ထက် ကြီးမားသောဝမ်းနည်းခြင်းမျိုး သူတို့၌ရှိနိုင်ပါမည်လား။ အသက်ကြီးရင့်၍ အကူအညီမဲ့ဖြစ်နေသောမိခင် (သို့မဟုတ်) ဖခင်အား ဝမ်းနည်းကြေကွဲအောင် ပြုလုပ်သောအပြစ်ထက် ပိုမိုဆိုးရွားသောအပြစ် သားသမီးတို့၌ရှိနိုင်ပါ မည်လား။

**လမ်းခရီးကိုချောမွတ်စေပါ** – သားသမီးတို့သည် အရွယ်ရောက် လာချိန်တွင် သူတို့မိဘများအတွက် နေရာထိုင်ခင်းများကိုစီစဉ်ထားပေးပြီး နေရာထိုင်ခင်းနှင့်စားရေးသောက်မှုကိစ္စများကို စီစဉ်ဆောင်ရွက်နေချိန်တွင် သူတို့အားချစ်ကြောင်းနှင့်ကိုယ်ချင်းစာတရားထားရှိကြောင်းကို မပြသကြပေ။ မေတ္တာတရားနှင့်ကိုယ်ချင်းစာတရားများ လက်တွေ့ပြသမှုကို မျှော်တလင့်လင့် ဖြစ်နေသော သက်ကြီးရွယ်အိုပိုင်းရောက်ရှိချိန်တွင် သားသမီးတို့သည် သူတို့ အားရက်စက်စွာလျစ်လျူရှုကြလေသည်။ သားသမီးတို့သည် မိဘဖြစ်သူ တို့အား ရိုသေလေးစားခြင်းနှင့်ချစ်ခြင်းမပြရသောအချိန်အခါဟူ၍မရှိပေ။ မိဘတို့အသက်ရှင်နေသမျှကာလပတ်လုံး သူတို့အားဂုဏ်ပြုခြင်းနှင့်လေးစား ခြင်းသည် သားသမီးတို့၏ဝမ်းမြောက်ဖွယ်သောလုပ်ငန်းဖြစ်ရမည်။ သက်ကြီး ရွယ်အိုမိဘတို့၏ဘဝအသက်တာတွင် ဝမ်းမြောက်ခြင်းနှင့်နေရောင်ခြည် အပြည့်ဖြစ်နေစေရန် သားသမီးတို့သည် တတ်နိုင်သမျှဆောင်ရွက်ကြရမည်။ သက်ကြီးရွယ်အိုမိဘတို့ရှေးရှုသွားနေသော မရဏာလမ်းကိုဖြောင့်ဖြူးချောမွတ် စေရမည်။ သားသမီးတို့သည် သူတို့၏မိဘများအား ဂုဏ်ပြုလေးစားကြ သည်ဆိုသောထောက်ခံချက်ထက် ပိုမိုကောင်းမွန်သောထောက်ခံချက်မျိုး ဤလောကကြီးတွင်မရှိတော့ပြီ။ သားသမီးတို့သည် သူတို့၏မိဘနှစ်ပါးတို့ အားချစ်ခင်မြတ်နိုး၍ ဂုဏ်ပြုလေးစားခဲ့ကြပြီဆိုသောမှတ်တမ်းထက် ပိုမို ကောင်းမွန်သောမှတ်တမ်းတို့သည် ကောင်းကင်စာစောင်ထဲ၌မရှိတော့ပြီ။

**မိဘတို့အားကျေးဇူးကန်းခြင်း** – ဝမ်းနည်းဖွယ်ဖြစ်စေသောအမှု ကိစ္စအရပ်ရပ်တို့ကို လိုလိုလားလားဖြင့် သူတို့တတ်နိုင်သမျှဖယ်ရှားပေးခြင်း

မရှိလောက်အောင်လည်းကောင်း၊ မောပန်းသည်ဟုသဘောမထားဘဲ ဂရုတစိုက်ကြည့်ရှုပြုစုစောင့်မခြင်းနှင့် မြတ်နိုးခြင်းမရှိလောက်အောင်လည်းကောင်း သားသမီးဖြစ်သူတို့သည် မိဘတို့၏တောင်းဆိုချက်များကို လျစ်လျူရှုထားနိုင်ကြပါသလား။ မိဘတို့အတွက် သူတို့၏နောက်ဆုံးသောနေ့ရက်များကို အပျော်ရွှင်ဆုံးအချိန်အခါဖြစ်စေရန် သားသမီးတို့အနေဖြင့် ဝမ်းပန်းတသာကြည်ကြည်ဖြူဖြူပေးရမည့်တာဝန်ကို မဆောင်ရွက်ဘဲနေနိုင်ကြသလား။ သားဖြစ်သူကသော်လည်းကောင်း၊ သမီးဖြစ်သူကသော်လည်းကောင်း သူ့ဖခင်ကိုဖြစ်စေ၊ မိခင်ကိုဖြစ်စေ ကျွေးမွေးကြည့်ရှုပြုစုရမည့်တာဝန်ကို သူစိမ်းတို့၏လက်သို့ လွှဲအပ်ထားလိုသောဆန္ဒ ဘယ်ကဲ့သို့ထားရှိနိုင်ပါမည်နည်း။ မိခင်သည် တပည့်တော်မတစ်ဦးဖြစ်သည့်အပြင် သားသမီးတို့၏အလိုကိုလိုက်လျောတတ်ခြင်းမရှိသဖြင့် ယင်းအခြေအနေတွင် သားသမီးတို့သည် ဘုရားသခင်အပ်နှင်းထားတော်မူသောမိဘတို့ကို ကြည့်ရှုပြုစုရမည့်တာဝန်ကို ပယ်ဖျက်ပေးသည်မဟုတ်ပေ။

**ရိုသေလေးစားမှုမရှိခြင်းအတွက် အချို့သောမိဘတို့၏တာဝန်ဖြစ်ခြင်း** – ကလေးဘဝတွင် သားသမီးတို့ကမိဘတို့အား ရိုသေလေးစားမှုမရှိခြင်းကို မိဘတို့ကခွင့်ပြုထားလျှင်ဖြစ်စေ၊ မိဘတို့အား ကြမ်းတမ်းသောအသုံးအနှုန်းမျိုးဖြင့် ပြန်ပြောဆိုခြင်းကိုခွင့်ပြုထားလျှင်ဖြစ်စေ၊ နောင်သောအချိန်ကာလများတွင် ကြောက်မက်ဖွယ်သောရိတ်သိမ်းမှုကို ပြုရလိမ့်မည်။ မိဘတို့၏စကားကိုနားထောင်လိုက်လျောစေဖို့ မိဘတို့ကသားသမီးတို့အားချက်ချင်းဆုံးမပဲ့ပြင်ခြင်းကိုမပြုပေးလျှင် သူတို့သားသမီးငယ်တို့၌ မှန်ကန်သောစာရိတ္တအုတ်မြစ်ချပေးရသောတာဝန်ကို ပျက်ကွက်ကြသည်။ မိဘတို့သည် အသက်အရွယ်ကြီးရင်လာသောအခါ သူတို့အားသားသမီးတို့ကရိုသေလေးစားမှုမရှိစေရန်လည်းကောင်း၊ ခရစ်တော်၏ကျေးဇူးက သူတို့၏သားသမီးများ စိတ်နှလုံးများနှင့်အကျင့်စာရိတ္တများကို ပြောင်းလဲပေးခြင်းမရှိခဲ့လျှင် သင်္ချိုင်းများအတွင်းသက်ဆင်းရမည့်အချိန် နီးကပ်လာသောအချိန်

တွင် သူတို့အားဝမ်းနည်းကြေကွဲဖွယ်ဖြစ်သော အပြုအမူမျိုးကိုပြုစေရန်လည်းကောင်း မိဘတို့ကသားသမီးတို့အား ပြင်ဆင်ပေးကြသည်။

**တရားမျှတမှုမရှိသောမိဘတို့အားကလဲ့စားမချေပါနှင့်**

"ကျွန်တော့်မိခင်ကြီးကို ကျွန်တော်အမြဲသိပ်မုန်းတာပဲ" ယင်းစကားများကိုကောင်းကင်စာစောင်များတွင် မှတ်တမ်းတင်ထားပြီးဖြစ်၍ လူတိုင်းအား မိမိတို့အကျင့်အလျောက် ဆုများပေးမည့်တရားစီရင်သောနေ့တွင် ယင်းစကားတို့ကိုဖော်ထုတ်တော်မူလိမ့်မည်။

သားသမီးများက သူတို့၏ကလေးဘဝတွင် မိဘတို့၏ကြမ်းတမ်းသောဆုံးမပဲ့ပြင်မှုကိုခံရလျှင် ယင်းဆက်ဆံမှုမျိုးသည် သူတို့အားကျေးဇူးတော်နှင့်ခရစ်တော်ကိုသိကျွမ်းခြင်း၌ ကြီးထွားရင့်သန်လာစေရန်အထောက်အကူပြုလိမ့်မည်လား။ သူတို့အား ကိုယ်တော်ရှင်၏ပုံသဏ္ဍာန်တော်ကိုရောင်ပြန်ဟပ်စေမည်လား။ အထူးသဖြင့် မိဘတို့သည် အိုမင်းမစွမ်းရှိလာသောအခါ သားသမီးတို့အားလက်စားချေမည်လား။ မိဘတို့၏မစမဲ့အခြေအနေက သားသမီးတို့၏မေတ္တာကို တောင်းဆိုလိမ့်မည်မဟုတ်ပါလား။ အသက်အရွယ်ကြီးရင့်သော ဖခင်နှင့်မိခင်၏လိုအပ်ချက်များက နှလုံးသား၏မြင့်မြတ်သောစိတ်နှလုံးသဘောထားများကိုကျင့်သုံးရန် လှုံ့ဆော်ပေးသည်မဟုတ်ပါလား။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သားသမီးတို့၏ကရုတစိုက်ကြည့်ရှုစောင့်မမှုနှင့်လေးစားစွာဆက်ဆံမှုများကို ထိုမိဘတို့အနေဖြင့် ခံစားထိုက်သည်မဟုတ်ပါလော။ အို၊ သားသမီးအပေါင်းတို့၊ မိခင်ဖခင်တို့အပေါ် သံမဏိကဲ့သို့ ကိုယ်ချင်းစာတရားကင်းမဲ့စွာမဆက်ဆံကြပါလေနှင့်။ ခရစ်တော်နာမတော်ကိုခံယူသောသားသမီးသည် အထူးသဖြင့် ဖျားနာ၍အိမင်းမစွမ်းဖြစ်သောမိခင်ကြီးအပေါ်မုန်းတီးစိတ်ကို ဘယ်ကဲ့သို့ထားရှိနိုင်ပါမည်နည်း။ ခရစ်ယာန်ဘဝအသက်တာ၏အရသာဖြင့် အပြည့်စုံဆုံးအသီးများဖြစ်သောသနားကြင်နာခြင်းနှင့်ချစ်ခြင်းမေတ္တာတို့သည် မိမိတို့နှင့်ဆက်ဆံရာတွင် သားသမီးတို့၏နှလုံးသားအိမ်ထဲ၌ အပြည့်အဝရှိပါစေ။

**အိုမင်းမစွမ်းဖြစ်သောသူတို့အားသည်းခံပါ** – အသက်အရွယ်ကြီးရင့်၍ အင်အားချည့်နဲ့လာသောမိခင်၊ သူငယ်ပြန်သောအရွယ်သို့ရောက်ရှိလာသောကြောင့် အိုမင်းမစွမ်းဖြစ်လာသောမိခင်ကို သားသမီးတစ်ယောက်က မုန်းတီးခြင်းကိုစဉ်းစားကြည့်ရုံမျှဖြင့် ကြက်သီးမွေးညင်းထသဖွယ်ဖြစ်သည်။ ယင်းကဲ့သို့သော အသက်အရွယ်ကြီးရင့်လာမှုကြောင့် အားအင်ချည့်နဲ့၍ အိုမင်းမစွမ်းဖြစ်လာသောမိခင်ကို သားသမီးများက ဘယ်မျှလောက်ကြင်နာယုယစွာသည်းခံပြုစုသင့်ကြပေသနည်း။ အမျက်ဒေါသကိုနှိုးဆော်ပေးခြင်းမရှိသည့် နူးညံ့သိမ်မွေ့သောစကားများကို ပြောအပ်ပေသည်။ ခရစ်ယာန်စစ်ဖြစ်သောသူတစ်ယောက် ဘယ်အခါမျှကြင်နာမှုကင်းသောအခါဟူ၍မရှိ၊ ဘယ်သောအခါမျှ မိခင်ဖခင်တို့ကိုလျစ်လျူရှုထားခြင်းမရှိဘဲ "သင်တို့၏မိဘတို့ကိုရိုသေစွာပြုလော့" ဆိုသောပညတ်တော်ကို နားထောင်လိမ့်မည်။ ဆံပင်ဖြူသောသူရှေ့မှထရမည်။ အသက်ကြီးသောသူ၏မျက်နှာကိုရိုသေရမည်။

သားသမီးတို့၊ အိုမင်းမစွမ်းဖြစ်၍ သူတို့ကိုယ်ကိုမကြည့်ရှုနိုင်သော သင်တို့မိဘတို့အား သူတို့၏နောက်ဆုံးနေ့ရက်များတွင် တင်းတိမ်ရောင့်ရဲခြင်း၊ ငြိမ်သက်ခြင်းနှင့်မေတ္တာတို့ဖြင့် ပြည့်စုံကြွယ်ဝဖြစ်နေပါစေ။ သင်တို့ထံမှကြင်နာသောစကား၊ မေတ္တာဖြင့်ပြည့်ဝသောစကား၊ ကရုဏာဖြင့်ကြွယ်ဝသောစကား၊ အပြစ်ဖြေလွှတ်သောစကားများကိုသာကြားနေရပြီးမှ ခေါင်းချခွင့်ပေးဖို့ ခရစ်တော်၏နာမတော်ကိုအမှီပြု၍ တောင်းပန်ပါရစေ။ ဘုရားသခင်သည် သင်တို့ကိုသနား၍ သင်တို့အားအပြစ်ဖြေလွှတ်ပေးရန်လည်းကောင်း၊ သင်တို့သည် ဖျားနာ၍တုံးလုံးပတ်လက်နေရသောအခါ ကိုယ်တော်ရှင်က သင်တို့ကိုပြန်လည်၍ ကျန်းမာပကတိချမ်းသာစေရန် ကောင်းချီးမင်္ဂလာများချပေးဖို့လည်းကောင်း အလိုရှိကြသည်။ သင်တို့ကိုယ်တိုင်ပြုစုခြင်းခံလိုသည်အတိုင်း၊ သူတစ်ပါးတို့အားပြုစုမည်မဟုတ်ပါလော။

**အသက်အရွယ်အိုတို့အားကြည့်ရှုပြုစုရန် ဘုရားသခင်၏စီမံကိန်း** – အိမ်ပိုင်မရှိသော သက်ကြီးရွယ်အိုအသင်းသူအသင်းသားများအတွက် ကြည့်ရှုပြုစုရေးနှင့်ပတ်သက်၍ လိုအပ်သောအစီအစဉ်များလုပ်ပေး

ရမည့်ကိစ္စသည် အမြဲတမ်းပေါ်ထွက်လာလျက်ရှိသည်။ ယင်းအသက်အရွယ်အိုများအတွက် ဘာပြုလုပ်ပေးနိုင်သနည်း။ ဘုရားသခင်သည် ကျွန်ုပ်အားပေးတော်မူခဲ့သောအလင်းတရားကို ထပ်မံပေးတော်မူခဲ့သည်။ သက်ကြီးရွယ်အိုတို့အား တစ်စုတစ်ရုံးတည်းရှိစေရန် သူတို့အတွက် သပ်သပ်အဆောက်အအုံဆောက်လုပ်ပေး၍နေထိုင်စေခြင်းသည် အကောင်းဆုံးအစီအစဉ်မဟုတ်ပေ။ အိမ်ထောင်တိုင်းမှအိမ်သူအိမ်သားတို့သည် မိမိတို့သက်ကြီးရွယ်အိုများကို မိမိကိုယ်တိုင်တာဝန်ယူ၍ ကြည့်ရှုပြုစုသင့်ကြပေသည်။ ယင်းကဲ့သို့မဖြစ်နိုင်၊ ယင်းအလုပ်သည် အသင်းတော်၏တာဝန်ဖြစ်လာရာ အသင်းတော်အနေဖြင့်ယင်းတာဝန်ဝတ္တရားအနေဖြင့်လည်းကောင်း၊ အခွင့်အရေးအနေဖြင့်လည်းကောင်း လက်ခံဆောင်ရွက်သင့်ပေသည်။ ခရစ်တော်၏စိတ်သဘောထားရှိသောသူအားလုံးတို့သည် အင်အားချည့်နဲ့၍အသက်အရွယ်ကြီးရင့်သောသူတို့အား အထူးလေးစား၍ ကြင်နာစွာပြုစုသင့်ကြပေသည်။

**ကျေနပ်ခြင်းနှင့်ဝမ်းမြောက်ခြင်းပေးသောအခွင့်ရေး** – သူတို့မိဘတို့အားလုပ်ကျွေးသမှုပြု၍ ကြည့်ရှုစောင့်ထိန်းခြင်းသည် ဘဝအသက်တာတစ်လျှောက်လုံး စိတ်ကျေနပ်ရာဖြစ်၍ သူတို့ကိုယ်တိုင်ကိုယ်ချင်းစာနာခြင်းနှင့်မြတ်နိုးစွာပြုစုခံရခြင်းတို့ကို လိုအပ်လာနေသောအချိန်တွင် သူတို့အားအထူးသဖြင့် ပျော်ရွှင်အားရမှုကိုပေးပါလိမ့်မည်။ ချစ်ခြင်းမေတ္တာအပြည့်အဝရှိသောသူတို့သည် သူတို့သက်ကြီးရွယ်အိုမိဘတို့အား အသေဖြောင့်အောင်ဆောင်ရွက်ပေးရသောအခွင့်အရေးကို တန်ဖိုးဖြတ်၍မရသောအခွင့်အရေးမျိုးဖြစ်သည်ဟူ၍ သဘောထားကြပါလိမ့်မည်။ သူတို့ချစ်ခင်မြတ်နိုးသောမိဘတို့အား နောက်ဆုံးနေ့တိုင်အောင် စိတ်သက်သာရမှုကိုဖန်တီးပေးရာတွင်သူတို့လည်းပါဝင်ဆောင်ရွက်ခွင့်ရရှိသည့်အတွက်ကြောင့် သူတို့သည် အားရဝမ်းမြောက်ဝမ်းသာဖြစ်ကြလိမ့်မည်။ ကူညီမစမှုကင်းမဲ့သော သက်ကြီးရွယ်အိုမိဘတို့အတွက် ယင်းထမ်းဆောင်ပေးသင့်သောတာဝန်ကို ထမ်းဆောင်ခြင်းမရှိခဲ့လျှင် သားသမီးတို့သည် ဝမ်းနည်းပက်လက်ဖြစ်ရသောအချိန်သည်ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာလိမ့်မည်။

–––ooo–––

အပိုင်း (၁၃)

# ငွေကြေးအသုံးပြုခြင်း

## အခန်း ၆၀
# ဘုရားသခင်၏ဘဏ္ဍာစိုးများ

**ဘုရားသခင်ပိုင်ဆိုင်ကြောင်းကို ကျွန်ုပ်တို့အသိအမှတ်ပြုရကြမည်** ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာရိုးဖြောင့်မှုနှင့် စစ်မှန်သောအောင်မြင်မှုတို့၏အုတ်မြစ်သည် ဘုရားသခင်ပိုင်ဆိုင်တော်မူခြင်းကို အသိအမှတ်ပြုခြင်းဖြစ်သည်။ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူသောအရှင်သည် မူလပိုင်ရှင်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ဘဏ္ဍာစိုးများဖြစ်ကြသည်။ ကျွန်ုပ်တို့လက်ဝယ်ပိုင်ဆိုင်ထားသမျှသည် ကိုယ်တော်အထံတော်မှရရှိသောအရာများဖြစ်၍ ကိုယ်တော်ရှင်၏ညွှန်ကြားချက်အတိုင်း အသုံးပြုရမည်ဖြစ်သည်။

ယင်းဝတ္တရားများကို လူသားတိုင်းဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။ ယင်းသည် လူသားတို့ဆိုင်ရာဆောင်ရွက်လုပ်ကိုင်မှုတစ်ခုလုံးနှင့်စပ်ဆိုင်သည်။ ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးများဖြစ်၍ စွမ်းရည်များနှင့်အသုံးအဆောင်များကို ဘုရားသခင်အထံတော်မှရရှိထားလျက် ကမ္ဘာလောကကြီးတွင် ကိုယ်တော်ရှင်သတ်မှတ်ထားရှိသောအမှုတော်အတွက် ယင်းတို့ကိုအသုံးပြုရမည်ဖြစ်သည်။

ကြေးငွေသည် ကျွန်ုပ်တို့ကိုယ်ပိုင်မဟုတ်ပေ။ အိမ်ဂေဟာများနှင့် မြေယာများ၊ ရုပ်ပုံကားချပ်များနှင့်ပရိဘောဂများ၊ အဝတ်အစားများနှင့်ဇိမ်ခံပစ္စည်းများတို့သည် ကျွန်ုပ်တို့ကိုယ်ပိုင်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဧည့်သည်များဖြစ်ကြသည်။ ကျွန်ုပ်တို့၏ကျန်းမာမှုနှင့်ဘဝအသက်တာရပ်တည်မှုအတွက် လိုအပ်သောအရာများကိုသာ ကျွန်ုပ်တို့အားပေးထားတော်မူသည်။

ကျွန်ုပ်တို့၏လောကီဆိုင်ရာကောင်းချီးမင်္ဂလာများကို ကျွန်ုပ်တို့အား ယုံကြည်အပ်နှင်းထားသောအရာအနေဖြင့် ပေးကမ်းထားတော်မူသည်။ ယင်းကဲ့သို့ပေးထားတော်မူခြင်း၏အကြောင်းရင်းမှာ ကျွန်ုပ်တို့အား ထာဝရကာလဆိုင်ရာကြွယ်ဝပြည့်စုံခြင်းတို့ဖြင့် အပ်နှင်းထားနိုင်မထားနိုင်သည်ကို စမ်းသပ်

ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စမ်းသပ်ခြင်းကိုခံနိုင်ရည်ရှိလျှင် ဘုန်းတန်ခိုး၊ ဂုဏ်ဒြပ်နှင့်မသေနိုင်သောအဖြစ်တည်းဟူသော အသွေးတော်အားဖြင့် ဝယ်ယူထားတော်မူသောမင်္ဂလာများကို ကျွန်ုပ်တို့သည် အပိုင်ရရှိကြလိမ့်မည်ဖြစ်သည်။

**ကျွန်ုပ်တို့သည်စာရင်းရှင်းရကြမည်** – ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့လက်ဝယ်အပ်နှင်းထားသောငွေကြေး အထူးသဖြင့် မိမိလိုအင်ဆန္ဒများအတွက် သုံးဖြုန်းပစ်သောငွေကြေးများကို ဘုရားသခင်အမှုတော်အတွက် ပေးကမ်းလှူဒါန်းကြလျှင် သူတို့သည် ကောင်းကင်တွင်ဘဏ္ဍာကိုဆည်းပူး၍ ဘုရားသခင်က သူတို့အားလုပ်ကိုင်စေသောအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ပုံပမာစကားတော်တစ်ခုထဲ၌ ဖော်ပြပါရှိသောသူဌေးကြီးကဲ့သို့ သူတို့သည် ရွှေဘုံပေါ်ခံစားနေကြသည်။ သူတို့အားဘုရားသခင်က ယုံကြည်စွာအပ်နှင်းထား၍ ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေရန် အသုံးပြုမည့်ငွေကြေးတို့ကို သူတို့သည် လွန်ကျူးစွာသုံးဖြုန်းပစ်ကြသည်။ သူတို့သည် ယင်းငွေကြေးများအတွက် ဘုရားသခင်နှင့်စာရင်းရှင်းရမည်ကိုမသိကြပေ။ မကြာမီကာလတွင် စာရင်းရှင်းရမည့်နေ့ရောက်ရှိလာသောအခါ သူတို့၏ဘဏ္ဍာစိုးလုပ်ငန်းအတွက် စာရင်းရှင်းရကြမည်။

တရားစီရင်သောနေ့တွင် ဘုရားသခင်ပိုင်သတော်မူသောငွေကြေးကို ကျွန်ုပ်တို့အသုံးပြုခဲ့ပုံသည် ဘုရားသခင်သတ်မှတ်ထားရှိတော်မူသောစံချိန်နှင့် ကိုက်ညီခြင်းရှိမရှိကို တင်ပြရမည်ကို ကျွန်ုပ်တို့သတိရသင့်ကြပေသည်။ ငွေကြေးအမြောက်အမြားကို ကိုယ့်စိတ်ကြိုက်သုံးစွဲဖြုန်းတီးခြင်း၊ ကိုယ့်လိုအင်ဆန္ဒအတွက်ပြည့်စုံရန်အသုံးပြုခြင်းတို့သည် ကျွန်ုပ်တို့အတွက် စစ်မှန်သောကောင်းကျိုးကိုမပြုဘဲ မုချနစ်နာမှုကိုရင်ဆိုင်စေလေသည်။ ဘုရားသခင်သည် ကောင်းသောအရာခပ်သိမ်းတို့ကို ကျွန်ုပ်တို့အားပေးသနားတော်မူသောအရှင်ဖြစ်သည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ငွေကြေးများကိုသုံးစွဲရာတွင် ကျွန်ုပ်တို့သည် ဆင်ခြင်တုံတရားထားရှိလျက် ကိုယ်တော်ရှင်၏သန့်ရှင်းသော

အလိုတော်နှင့်ညီလျော်စွာ သုံးစွဲကြမည်ဖြစ်သည်။ လောကကြီး၏ထုံးတမ်းစဉ်လာများကို လိုက်လျောက်ကျင့်သုံးကြမည်မဟုတ်ပေ။ ၎င်းအပြင် ကျွန်ုပ်တို့၏လိုအင်ဆန္ဒများကို ကျွန်ုပ်တို့အားစိုးမိုးထားခွင့်ပြုကြမည်မဟုတ်ပေ။

ကျွန်ုပ်တို့၏ကြေးငွေကိုအသုံးပြုရာတွင် မောက်မာဝါကြွားခြင်းအတွက်လည်းကောင်း၊ ခံတွင်းအလို (သို့မဟုတ်) တပ်မက်ခြင်းတို့ကိုအာသာပြေစေခြင်းအတွက်လည်းကောင်း အသုံးပြုခြင်းမဟုတ်ဘဲ ယင်းကြေးငွေအတွက်သန့်ရှင်းသောဘဏ္ဍာထိန်းအနေဖြင့် ကျွန်ုပ်တို့အားခန့်အပ်ထားသည်ဟုသဘောထားလျက် ယင်းကြေးငွေကို ဝိညာဉ်ရေးဆိုင်ရာတိုးတက်ကောင်းမွန်မှုအတွက် အသုံးပြုရကြမည်။

ဘုရားသခင်ကိုဆက်ကပ်၍ ဘဏ္ဍာတော်ထဲသို့ထည့်သွင်းသောအလှူတော်ငွေရှိသမျှကိုလည်းကောင်း၊ ယင်းကဲ့သို့ချပေးတော်မူခဲ့သောကြေးငွေတို့၏နောက်ဆုံးအကျိုးသက်ရောက်ပုံကိုလည်းကောင်း မှတ်တမ်းတင်သောကောင်းကင်တမန်များက စေ့စပ်သေချာစွာမှတ်တမ်းတင်ထားသည်ကို ကျွန်ုပ်တို့သည် ရူပါရုံတွင်တွေ့မြင်ရမည်။ ကိုယ်တော်ရှင်၏အမှုတော်အတွက် လှူဒါန်းသောကျပ်ပြားတိုင်းကိုလည်းကောင်း ဘုရားသခင်သည်ကြည့်ရှုမှတ်သားထားတော်မူသည်။ အလှူပေးလှူခြင်း၏စေတနာရင်းကိုလည်းမှတ်သားထားတော်မူသည်။

**အိမ်ထောင်အတွက်စနစ်တကျလှူဒါန်းခြင်း** – အကြီးဆုံးမှအငယ်ဆုံးတိုင်အောင် အိမ်ထောင်သားတိုင်းသည် ဤရက်ရောစွာလှူဒါန်းမှုတွင်ပါဝင်နိုင်ကြသည်။ ရှေးခေတ်အသင်းတော်အနေဖြင့် ရက်သတ္တပတ်အစဉ်အတိုင်း ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများစုဆောင်းသော အလေ့အထတို့ကိုကျင့်သုံးခြင်းသည် မလိုအပ်သောအရာဝတ္ထုများအတွက် ကြေးငွေများသုံးဖြုန်းရန်သွေးဆောင်ခြင်းကို ကာကွယ်စေနိုင်လိမ့်မည်။ အထူးသဖြင့် ချမ်းသာကြွယ်ဝသောသူတို့သည် အသုံးအဖြုန်းကြီးသောအကျင့်ဓလေ့များကို ကာကွယ်နိုင်ခြင်းအားဖြင့် သူတို့အတွက်ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်နိုင်သည်။

အလှူငွေလှူဒါန်းသောစနစ်ကို အိမ်ထောင်သားတိုင်းက တာဝန်မပျက်ဆောင်ရွက်ခြင်းအားဖြင့် ရက်သတ္တပတ်တိုင်း ဘုရားသခင်၏တောင်းဆိုတော်မူချက်ကို အိမ်ထောင်တိုင်းအားသတိရစေသည်။ သူတို့သည် ဘုရားသခင်၏ဘဏ္ဍာထဲသို့ ကြေးငွေများကိုထည့်သွင်းနိုင်စေရန် အပိုဖြစ်သောအရာများကို ဝယ်ယူအသုံးပြုခြင်းမရှိသောကြောင့် ဘုရားသခင်၏ဂုဏ်တော်အတွက် မိမိကိုယ်ကိုငြင်းပယ်ရသောသင်ခန်းစာများသည် သူတို့၏နှလုံးသားများပေါ်တွင် သံမှိုဖြင့်စွဲထားသကဲ့သို့ ခိုင်မြဲနေသည်။ ရက်သတ္တပတ်တစ်ကြိမ် အိမ်ထောင်သားတိုင်းသည် လွန်ခဲ့သောအပတ်တွင် လုပ်ကိုင်ခဲ့သောလုပ်ကိုင်ဆောင်ရွက်ချက်များကို ရင်ဆိုင်ရသည်။ (သူသည်ချွေတာသုံးစွဲခဲ့လျှင် သူရရှိခဲ့မည့်ဝင်ငွေနှင့် သူ့အလိုလိုက်မိခဲ့သည့်အတွက် သူမရရှိခဲ့သောကြေးငွေများ။) သူ့ဩတ္တပ္ပစိတ်သည် ဘုရားသခင်၏ရှေ့တော်၌နိုးကြားလာ၍ သူ့အားချီးကျူးသော်လည်းပြုမည်။ (သို့မဟုတ်) စွပ်စွဲပြောဆိုသော်လည်းပြုမည်။ သူသည် တည်ငြိမ်သောစိတ်နှလုံးနှင့် ဘုရားသခင်၏အလိုတော်ကိုဆောင်လျှင် သူသည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ ဝတ်စားဆင်ယင်မှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ပြုရမည်ကို သူသိရှိသည်။

**ဘုရားသခင်၏လိုအပ်ချက်များကိုဦးစားပေးပါ** – ဘုရားသခင်၏လိုအပ်ချက်ကိုဦးစားပေးရမည်။ ကျွန်ုပ်တို့၏စိတ်ကူးအားဖြင့် လိုအပ်ချက်များအတွက် ဝင်ငွေကိုသုံးဖြုန်းပြီးမှ ကျန်ရှိသောကြေးငွေကို ဘုရားသခင်အားဆက်ကပ်အပ်နှံလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်အလိုတော်ကိုဆောင်ရွက်နေကြသည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ဝင်ငွေမှတစ်ပြားတစ်ချပ်မျှအသုံးမပြုမီ ကိုယ်တော်ရှင်တောင်းဆိုတော်မူသောအပိုင်းကို အရင်နုတ်ယူထား၍ ကိုယ်တော်ရှင်ကိုဆက်ကပ်ရမည်။ ရှေးခေတ်ကယဇ်ပလ္လင်ပေါ်တွင် ကျေးဇူးတော်ကိုချီးမွမ်းသောပူဇော်သကာယဇ်သည် အမြဲတမ်းတောက်လောင်လျက်ရှိသည်။ ဤနည်းအားဖြင့် လူသားတို့၏အဆုံးမရှိသော ဘုရားသခင်အဖို့ဆောင်ရွက်ရမည့်တာဝန်ကိုပြထားသည်။ လောကီဆိုင်ရာလုပ်ငန်းများကို

လုပ်ကိုင်သောအခါ ကျွန်ုပ်တို့သည်ကြီးပွားမှုရှိလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အားကောင်းချီးပေးသောကြောင့်ဖြစ်သည်။ ယင်းဝင်ငွေမှတစ်စိတ်တစ်ဒေသကို ဆင်းရဲသောသူတို့အားပေးကမ်းရမည်။ များစွာသောအပိုင်းကို ဘုရားသခင်အမှုတော်အတွက် လှူဒါန်းရမည်။ ကိုယ်တော်ရှင်တောင်းဆိုတော်မူသောအပိုင်းကို ကိုယ်တော်အားဆက်ကပ်အပ်နှံလျှင် ကျန်ရှိနေသောကြေးငွေသည် ကျွန်ုပ်တို့အသုံးပြုရန်အတွက်သန့်ရှင်း၍ ကောင်းချီးမင်္ဂလာနှင့်ကြွယ်ဝပြည့်စုံနေမည်။ သို့ရာတွင် ကိုယ်တော်ရှင်လိုအပ်သောအပိုင်းကိုမပေးဘဲနေခြင်းအားဖြင့် ကိုယ်တော်ရှင်၏ဥစ္စာကိုလုယူလျှင် ငွေတစ်လုံးပေါ်တွင် ကျိန်ခြင်းအမင်္ဂလာသည် တည်မြဲနေမည်ဖြစ်သည်။

**ဆင်းရဲနွမ်းပါးသောသူကိုသတိရပါ** – ကျွန်ုပ်တို့သည် ခရစ်တော်၏ဂုဏ်တော်ကိုကိုယ်စားပြုလျှင် အတ္တစိတ်မှန်သမျှကိုရှောင်ကြဉ်ဖယ်ရှားပစ်ရမည်။ ကိုယ်တော်ရှင်က ကျွန်ုပ်တို့အားလွှဲအပ်ထားတော်မူသောအမှုတော်ကို ရှေ့သို့တိုးတက်ဆောင်ရွက်ရမည်ဆိုလျှင် ကျွန်ုပ်တို့ပေးကမ်းလှူဒါန်းသမျှသောကြေးငွေကို ကိုယ်တော်၏အမှုတော်အတွက် ပေးကမ်းလှူဒါန်းရပေမည်။ ဆင်းရဲနွမ်းပါးခြင်းနှင့်စိတ်ဒုက္ခတို့ကို ရင်ဆိုင်နေကြရသောအိမ်ထောင်တို့အကြောင်းကို ကျွန်ုပ်တို့ကြားသိရလိမ့်မည်။ ယင်းဒုက္ခအပေါင်းတို့ကို ရင်ဆိုင်နေကြရရှာသော သူတို့၏သက်သာမှုအတွက် ကျွန်ုပ်တို့ဆောင်ရွက်သင့်ပေသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌နေထိုင်ကြသောသူတို့ရင်ဆိုင်ခံစားနေရသော ဒုက္ခဝေဒနာအဖြာဖြာကို ကျွန်ုပ်တို့အနေဖြင့် လုံးဝမသိရှိကြသောအခြေအနေ၌ရှိကြသည်။ သို့ရာတွင် ကျွန်ုပ်တို့၌အခွင့်အရေးရှိသည်အားလျော်စွာ ကျပ်တည်းကျဉ်းမြောင်းသောအခြေအနေတို့၌ ကျင်လည်နေကြရသောသူတို့အား အမြန်မနှေးအကူအညီပေးသင့်ကြပေသည်။

စည်းစိမ်၌ယစ်မူးလျက် ကြေးငွေများကိုသုံးဖြုန်းခြင်းသည် ဆင်းရဲနွမ်းပါးသောသူတို့၏အဆင်မပြေသော စားဝတ်နေရေးမြှင့်တင်မှုအတွက် လိုအပ်သောကြေးငွေများထောက်ပံ့မှုကို ဟန့်တားထားသည်။ ဝတ်စားဆင်ယင်ရာတွင်လည်းကောင်း၊ အဆောက်အအုံများဆောက်လုပ်ရာတွင်လည်းကောင်း၊

အိမ်ထောင်ပရိဘောဂဝယ်ယူရာတွင်လည်းကောင်း၊ အိမ်ထောင်ကိုမွမ်းမံခြယ်လှယ်ရာတွင်လည်းကောင်း ဝါကြွားမှုအတွက်ဖြုန်းတီးပစ်သောငွေများသည် ဒုက္ခမျိုးစုံရင်ဆိုင်နေကြရသောမိသားစုများအတွက် များစွာအထောက်အကူပြုနိုင်ပေသည်။ ဘုရားသခင်၏ဘဏ္ဍာစိုးများသည် မရှိဆင်းရဲသားတို့ကို ကြည့်ရှုထောက်ပံ့ပြုစုကြရမည်။

**အတ္တစိတ်နှင့်လိုချင်တပ်မက်ခြင်းအတွက် ဘုရားသခင်၏ကုသချက်** – မိမိကိုယ်ကိုးငြင်းပယ်သောအသီးဖြစ်သော ပေးကမ်းစွန့်ကြဲခြင်းသည် စွန့်ကြဲသောသူအတွက် အံ့ဩဖွယ်ကောင်းသောအထောက်အကူဖြစ်သည်။ လူအပေါင်းတို့အားချမ်းသာမှုကိုပေးလျက် လှည့်လည်တော်မူ၍ စိတ်ဒုက္ခကိုယ်ဒုက္ခရောက်နေသူများနှင့် ရောဂါဝေဒနာများကိုခံစားနေရသောသူတို့အား စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်စေတော်မူသော ကိုယ်တော်ရှင်၏ဆောင်ရွက်တော်မူချက်တို့ကို ပိုမိုပြည့်စုံကုံလုံနားလည်စေနိုင်သည့် ဉာဏ်ပညာကို ယင်းစွန့်ကြဲပေးကမ်းခြင်းကပေးသည်။

အမြဲတမ်းကိုယ့်ကိုကိုယ်ငြင်းပယ်သောရက်ရောမှုသည် ပုပ်ပျက်တတ်သောအတ္တစိတ်နှင့်တပ်မက်မှုတည်းဟူသော အပြစ်ဒုစရိုက်များအတွက် ဘုရားသခင်ကုသပေးသောဆေးဝါးဖြစ်သည်။ ကိုယ်တော်၏အမှုတော်ကို ထောက်ပံ့ထားရန်နှင့် ဒုက္ခဝေဒနာခံစား၍ မရှိဆင်းရဲဖြစ်နေသောသူတို့အား စိတ်သက်သာမှုနှင့်ကိုယ်သက်သာမှုဖြစ်စေရန် စနစ်တကျရက်ရောစွာပေးကမ်းလှူဒါန်းသောအစီအစဉ်ကို ဘုရားသခင်သည် တီထွင်ထားတော်မူသည်။ ပေးကမ်းလှူဒါန်းခြင်းသည် အကျင့်ဓလေ့ဖြစ်လာစေရန်လည်းကောင်း၊ ကြောက်မက်ဖွယ်ကောင်း၍ လှည့်စားတတ်သောတပ်မက်မှုအပြစ်ဒုစရိုက်ကို ဖြိုခွင်းဖျက်ဆီးပစ်ရန်လည်းကောင်း ဘုရားသခင်ပေးကမ်းလှူဒါန်းသောအစီအစဉ်ကို တီထွင်ထားရှိတော်မူသည်။ အမြဲတမ်းလှူဒါန်းပေးကမ်းခြင်းသည် တပ်မက်မှုကိုချုပ်ငြိမ်းစေသည်။ ဘဏ္ဍာများကိုရှာဖွေစုဆောင်းရာတွင် လျင်မြန်စွာပြည့်စုံများပြားလာသည်နှင့်အမျှ တပ်မက်သောစိတ်ကို ယင်းဘဏ္ဍာများမှကင်းကွာနေစေရန်လည်းကောင်း၊ ယင်းဘဏ္ဍာများကိုပိုင်ဆိုင်တော်မူသော

ဘုရားသခင်ထာဝရဘုရားအား ယင်းဘဏ္ဍာများကိုဆက်ကပ်စေရန်လည်းကောင်း ဘုရားသခင်၏အစီအစဉ်တွင် စနစ်တကျရက်ရောစွာလှူဒါန်းခြင်းကို ထည့်သွင်းထားရှိတော်မူသည်။

ဘုရားသခင်၏စနစ်တကျရက်ရောစွာလှူဒါန်းသောစီမံကိန်းကို အမြဲတမ်းကျင့်သုံးခြင်းသည် တပ်မက်သောစိတ်ကို အင်အားချည့်နဲ့စေ၍ ရက်ရောခြင်းကိုခိုင်မာတောင့်တင်းစေသည်။ ဥစ္စာပစ္စည်းများကြွယ်ဝချမ်းသာတိုးပွားလာသောအခါ လူသားတို့သည် ဘုရားတရားမြဲပါသည်ဆိုသောသူတို့ပင်လျှင် ယင်းဥစ္စာပစ္စည်းတို့ကို စွဲလမ်းနေတတ်ကြသည်။ ဤနည်းအားဖြင့် ချမ်းသာကြွယ်ဝမှုသည် လူသားတို့အား အတ္တစိတ်များစေ၍ ဥစ္စာပစ္စည်းများစုဆောင်းခြင်းသည် တပ်မက်ခြင်းကိုမွေးမြူထားစေသည်။ ဤဒုစရိုက်တို့သည် လေ့ကျင့်ဖန်များသောအခါ အားအင်တောင့်တင်းခိုင်မာလာသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အန္တရာယ်ကိုသိရှိတော်မူ၍ ကျွန်ုပ်တို့၏ဖျက်ဆီးမှုကိုကာကွယ်ထားရန် ကျွန်ုပ်တို့ပတ်လည်၌ ခြံစည်းရိုးကိုဆောက်လုပ်ထားတော်မူသည်။ ကောင်းသောအကျင့်သီလများကို ဆောက်တည်ခြင်းအရှိန်အဝါအား မကောင်းသောအကျင့်သီလတို့ကိုနှိမ်နင်းဖျက်ဆီးပစ်စေရန် ရက်ရောစွာလှူဒါန်းခြင်းကို အမြဲတမ်းကျင့်သုံးဖို့ ဘုရားသခင်သည် အလိုရှိတော်မူသည်။

———ooo———

## အခန်း ၆၁
# အိမ်ထောင်ကြေးငွေဆိုင်ရာအခြေခံသဘောတရားများ

**ငွေသည်ကောင်းချီးမင်္ဂလာသော်လည်းကောင်း၊ ကျိန်ခြင်းအမင်္ဂလာသော်လည်းကောင်းဖြစ်နိုင်သည်** – ငွေသည် ကျိန်ခြင်းအမင်္ဂလာမဖြစ်သင့်ပေ။ ယင်းကိုမှန်ကန်စွာအသုံးပြုလျှင် များစွာတန်ဖိုးရှိ၍ ဝိညာဉ်များကိုကယ်ဆယ်ရာတွင်လည်းကောင်း၊ ကျွန်ုပ်တို့ထက်ဆင်းရဲနွမ်းပါးသောသူတို့အား ကောင်းကျိုးကိုပြုရာတွင်လည်းကောင်း အလွန်ခရီးရောက်သည်။ အသိပညာကင်းမဲ့စွာအသုံးပြုလျှင် ငွေသည်အသုံးပြုသောသူအတွက် ထောက်ချောက်ဖြစ်လာပါလိမ့်မည်။ ဝါကြွားထောင်လွှားမှုနှင့် လောကီဆိုင်ရာရည်စူးချက်များ အကောင်အထည်ဖော်ရေးအတွက် ကြေးငွေများကိုသုံးဖြုန်းပစ်သောသူတို့သည် ယင်းသုံးဖြုန်းလိုက်သောကြေးငွေအား မင်္ဂလာမဖြစ်စေဘဲ အမင်္ဂလာသာဖြစ်စေသည်။ ကြေးငွေဆိုသည်မှာ လူသားတို့၏စွဲလမ်းမှုကို အမြဲတစေစမ်းသပ်သောအရာဖြစ်သည်။ စိတ်ကူးအားဖြင့်ဖြစ်သော လိုအပ်သမျှကိုဝယ်ယူရရှိ၍ သစ္စာမဲ့သောဘဏ္ဍာစိုးဖြစ်လာလျက် ထာဝရအရှင်ဘုရားသခင်ကအပ်နှင်းထားသောမတည်ငွေကို ရက်ရောစွာသုံးဖြုန်းခြင်းကိုမပြုလုပ်မိစေရန် မိမိအမှန်တကယ်လိုအပ်သည်ထက် ပိုမို၍ဝင်ငွေကောင်းသောသူသည် မိမိ၏စိတ်နှလုံးအခြေအနေကိုသိရှိ၍ သူ့နှလုံးသားအားဝီရိယရှိရှိဖြင့် ထိန်းသိမ်းထားနိုင်ဖို့ အသိဉာဏ်နှင့်ကျေးဇူးတော်ကိုလိုအပ်ပေသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ကိုအခြားအရာခပ်သိမ်းတို့ထက်မြတ်နိုးလျှင် ကျွန်ုပ်တို့၏စွဲလမ်းမှုများ လောကီဆိုင်ရာအဖြာဖြာတို့ကို သူ့နေရာနှင့်သူထားရှိရမည်။ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာများကို ကျွန်ုပ်တို့သည် မှန်ကန်စွာအသုံးပြုမှုအတွက် ဉာဏ်ပညာနှင့်စွမ်းရည်ကို နှိမ့်ချသောစိတ်နှင့်တက်တက်ကြွကြွရှိစွာဖြင့်ရှာဖွေလျှင် ကျွန်ုပ်တို့သည် အထက်အရပ်မှအသိဉာဏ်ကို ရရှိကြမည်ဖြစ်သည်။ နှလုံးသားသည် ၎င်း၏စွဲလမ်းမှုများနှင့်

အာရုံစူးစိုက်မှုများဘက်သို့ ယိမ်းယိုင်လျှင်လည်းကောင်း၊ ဘုရားသခင်နှစ်သက်တော်မူခြင်းမရှိသော်လည်း ကြေးငွေသည် ပျော်ရွှင်မှုကိုဖန်တီးပေးနိုင်သည်ဟူသော စွဲလမ်းမှုကိုမွေးမြူထားလျှင်လည်းကောင်း ယင်းအခါမျိုးတွင် ကြေးငွေသည် အာဏာရှင်အနေဖြင့် လူသားကိုစိုးမိုးအုပ်ချုပ်ထားလေသည်။ ထိုအခါကြေးငွေသည် လူသားတို့၏ယုံကြည်မှုများနှင့်အထင်ကြီးမှုများကို ခံရ၍ ဘုရားတစ်ဆူဂူတစ်လုံးအနေဖြင့် ကိုးကွယ်ခြင်းကိုခံရလေသည်။ ဂုဏ်ဒြပ်အမှန်တရား၊ ဖြောင့်မတ်ခြင်းနှင့်တရားမျှတမှုတို့ကို ယဇ်ပလ္လင်ပေါ်တွင် ယဇ်ပူဇော်ကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖော်ပြပါရှိသောအမိန့်တော်များကို ဘေးဖယ်ထားပြီးလျှင် မာရ်နတ်စာတန်က စီမံခန့်ခွဲထားသော ထုံးတမ်းစဉ်လာများနှင့်အသုံးအနှုန်းတို့သည် အုပ်ထိန်းထားသောတန်ခိုးအားဏာဖြစ်လာကြသည်။

**အိမ်ထောင်ကိုပိုင်ဆိုင်ရာတွင်လုံခြုံမှုကိုရှာဖွေပါ** – ဘုရားသခင်ချပေးထားတော်မူသော စည်းကမ်းဥပဒေများကို ဆက်လက်၍ကျင့်သုံးခဲ့လျှက် ကမ္ဘာ့လက်ရှိအခြေအနေသည် အကျင့်အားဖြင့်လည်းကောင်း၊ ဝိညာဉ်ရေးအားဖြင့်လည်းကောင်း၊ လောကီရေးရာအားဖြင့်လည်းကောင်း ဘယ်မျှလောက်ခြားနားသောအခြေအနေမျိုးတွင် ရပ်တည်နေခဲ့မည်ဖြစ်သနည်း။ ယခုမှာကဲ့သို့ အတ္တစိတ်နှင့်ကိုယ့်ကိုကိုယ်အထင်ကြီးခြင်းတို့ကိုပြသခြင်းမရှိဘဲ လူတိုင်းသည် အခြားသောသူတို့၏ပျော်ရွှင်မှုနှင့်ကောင်းစားရေးတို့ကို ကြင်နာစွာစဉ်းစားသောသဘောထားရှိကြမည်။ ချမ်းသာကြွယ်ဝသောသူတို့သည် ညှဉ်းပန်းနှိပ်စက်မှုသံဖိနပ်အောက်တွင် ဆင်းရဲသားများအားနင်းပြားမဖြစ်စေဘဲ ၎င်းအပြင် လောကီလောကုတ္တရာအရေးတို့တွင် သူတို့အတွက်အခြားသောသူတို့အား ဦးနှောက်ကိုအသုံးပြုလျက် အစီအစဉ်များရေးဆွဲခြင်းမပြုလုပ်စေဘဲ သူတစ်ပါးတို့အား လွတ်လပ်စွာတွေးတောဆင်ခြင်လုပ်ကိုင်ခွင့်ကို ပေးကြလိမ့်မည်ဖြစ်သည်။

သူတို့၏အိမ်ထောင်များကို သူတို့ကိုယ်တိုင်ပိုင်ဆိုင်သည်ဆိုသော အသိစိတ်ဓာတ်က တိုးတက်မှုအတွက်ဆောင်ရွက်ရန် ပြင်းပြသောဆန္ဒကို

လှုံ့ဆော်ပေးသည်။ မကြာမီသတို့သည် သူတို့ကိုယ်တိုင်အတွက် စီမံကိန်းရေးဆွဲနိုင်သောစွမ်းရည်ကို ရရှိလာကြလိမ့်မည်။ ဝီရိယနှင့်ချွေတာရေးဆိုင်ရာအကျင့်ဓလေ့များကျင့်သုံးမှုတွင် သူတို့၏သားသမီးတို့သည် သွန်သင်မှုကိုခံရ၍ သူတို့၏ဉာဏ်ပညာသည်လည်း တောင့်တင်းခိုင်မာလိမ့်မည်။ သူတို့သည် ကျေးကျွန်မဟုတ်ဘဲ လူလားမြောက်၍အရွယ်ရောက်သောလူသားများဖြစ်လာကြပြီဆိုသော ခံစားချက်မျိုးရှိလျက် သူတို့ပျောက်ဆုံးလက်လွတ်ဖြစ်ခဲ့မိသော မိမိကိုယ်ကိုလေးစားခြင်းနှင့်ကျင့်ဝတ်ဆိုင်ရာလွတ်လပ်မှုကို အများအားဖြင့် ပြန်လည်ရရှိလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏အသင်းသူအသင်းသားတို့အား မြို့ကြီးပြကြီးများတွင်မနေထိုင်စေဘဲ ဝေးသောတောပိုင်းတောင်ပိုင်းများတွင်နေထိုင်ရန် ပညာပေးကြပါ။ ယင်းတောပိုင်းတောင်ပိုင်းတွင် သူတို့မြေကွက်တစ်ကွက်ကိုရရှိနိုင်၍ယင်းမြေကွက်ပေါ်တွင် သူတို့ကိုယ်တိုင်နှင့်သူတို့၏သားသမီးတို့အတွက်အိမ်ရာကိုဆောက်လုပ်နိုင်ကြမည်ဖြစ်သည်။

**အိမ်များကိုရောင်းချခြင်းနှင့်ပတ်သက်သောအကြံပြုချက်** – ဆင်းရဲသောသူအချို့တို့က သူတို့၏ကိုယ်ပိုင်အိမ်များကိုရောင်းချ၍ ရရှိသောကြေးငွေကို ဘုရားသခင်၏အမှုတော်အတွက်ပေးလှူရန် သင့်မသင့်အကြံပြုရန် ကျွန်ုပ်အားစာဖြင့်ရေး၍မေးမြန်းကြသည်။ ကြေးငွေအကူအညီတောင်းခံမှုများက သူတို့၏စိတ်များကိုလှုံ့ဆော်ပေး၍ သူတို့အတွက်လိုအပ်သမျှကိုဆောင်ရွက်ပေးခဲ့တော်မူသော ခရစ်တော်သခင်အတွက် တစ်ခုခုကိုတုံ့ပြန်ဆောင်ရွက်လိုကြောင်းပြောကြပါသည်။ ယင်းကဲ့သို့သောပုဂ္ဂိုလ်တို့အားကျွန်ုပ်ပြောဆိုလိုသည်မှာ "လတ်တလောအချိန်တွင် သင်တို့၏နေအိမ်များကိုရောင်းချပစ်ရန် သင်တို့၏တာဝန်မဟုတ်နိုင်ပါ။ သင်တို့ကိုယ်တိုင်ဘုရားသခင်၏အထံတော်သို့ချဉ်းကပ်ပါ။ သင်တို့ဆောင်ရွက်အပ်သောတာဝန်ကို နားလည်သောဉာဏ်ပညာကိုတောင်းဆိုသော သင်တို့၏ပတ္ထနာစကားကို ကိုယ်တော်ရှင်သည် နားညောင်းတော်မူမည်။"

ကိုယ်တော်ရှင်၏လူတို့နေထိုင်ရန် လိုအပ်နေသောအိမ်ဂေဟာများကို ဘုရားသခင်သည် ယခုအခါတွင်တောင်းဆိုခြင်းပြုတော်မမူပါ။ သို့ရာတွင် ကြွယ်ဝချမ်းသာသောသူတို့သည် ကိုယ်တော်၏မိန့်တော်မူသံကိုကြားခြင်း မရှိ၊ လောက၏သံယောဇဉ်ကိုဖြတ်၍ ဘုရားသခင်အတွက်အနစ်နာခံလျှင် ကိုယ်တော်ရှင်သည် သူတို့ကိုကျော်လွန်သွားတော်မူ၍ အမှုတော်၏လိုအပ် ချက်ကိုဖြည့်ဆည်းပေးနိုင်ဖို့ သူတို့နေအိမ်ကိုပင်ရောင်းချကြသည်တိုင်အောင် ယေရှုရှင်အတွက် ဘာမဆိုလုပ်ကိုင်လိုသောသူတို့ကို ကိုယ်တော်ရှင်သည် ခေါ်တော်မူမည်။

**ချီးကျူးထိုက်သောလွတ်လပ်မှု၊ လွတ်လပ်မှုတစ်မျိုးကိုချီးကျူး ဂုဏ်ပြုထိုက်ပေသည်** – သူများကိုအားကိုးအားထားပြုသော အစားအစာ ကို စားသောက်ခြင်းမပြုဘဲ ကိုယ်ထူကိုယ်ထစနစ်ကိုကျင့်သုံးလိုသောဆန္ဒသည် မှန်ကန်သည်။ အလိုဆန္ဒအား ကိုယ်ထူကိုယ်ထစနစ်ကိုကျင့်သုံးစေသော ရည်စူးချက်သည် မြင့်မြတ်ရက်ရော်သောရည်စူးချက်ဖြစ်သည်။ ဝီရိယရှိသော အကျင့်ဓလေ့များနှင့်ချွေတာမှုတို့သည် လိုအပ်သောအရည်အသွေးများ ဖြစ်သည်။

**ဝင်ငွေနှင့်အသုံးစရိတ်ကိုချိန်ခွင်လျှာကဲ့သို့ဖြစ်စေခြင်း** – မိမိ တို့၏အသုံးစရိတ်ကို သူတို့၏ဝင်ငွေဘောင်အတွင်း ချိန်ခွင်လျှာကဲ့သို့ဖြစ်စေ ရန် မိမိတို့ကိုယ်ကိုပညာမပေးဘဲနေသောသူတို့သည် ဒုနှင့်ဒေးရှိသည်။ သူတို့ သည် သူတို့ကိုယ်ကိုအခြေအနေနှင့်ကိုက်ညီအောင် နေတတ်ထိုင်တတ်ခြင်း မရှိဘဲ ထပ်တလဲလဲချေးငှားသုံးစွဲခြင်းအားဖြင့် ကြွေးလည်ပင်းရောက်သည့် အဆုံးတွင် သူတို့သည် စိတ်ပျက်အားလျော့သောအခြေအနေကို ရင်ဆိုင်ကြ ရလေသည်။

**ကုန်ကျစရိတ်ကိုစာရင်းမှတ်ထားပါ** – ကိုယ့်ဆန္ဒကိုအလိုလိုက် သောအကျင့်ဓလေ့များ (သို့မဟုတ်) ဇနီး (သို့မဟုတ်) မိခင်ဖြစ်သူ၏ဉာဏ် အမြော်အမြင်ထက်မြက်မှုနှင့် လုပ်ရည်ကိုင်ရည်ကင်းမဲ့ခြင်းတို့ကြောင့် အိမ်ထောင်၏ဝင်ငွေနှင့်အသုံးစရိတ်တို့သည် အမြဲတမ်းမမျှမတဖြစ်နေသည်။

သို့စေကာမူ ယင်းမိခင်အနေဖြင့် သူမနှင့်သူ့သားသမီးတို့၏လိုအင်ဆန္ဒများ ကို နည်းပါးနိုင်သမျှနည်းပါးစေရန် ဆုံးမသွန်သင်မှုမခံခဲ့ရသောကြောင့်လည်း ကောင်း၊ အိမ်ထောင်မှုကိစ္စအဝဝနှင့်ပတ်သက်၍ တစ်ခါမျှလုပ်ရည်ကိုင်ရည် နှင့် ဉာဏ်အမြော်အမြင်မရှိခဲ့သောကြောင့်လည်းကောင်း သူမလုပ်ကိုင်သမျှ သည် အကောင်းဆုံးအတတ်နိုင်ဆုံးဟု ယူဆထားပေလိမ့်မည်။ သို့ဖြစ်သော ကြောင့် အိမ်ထောင်နှစ်အိမ်ထောင်သည် အိမ်ထောင်သားဦးရေချင်းတူညီ သော်လည်း တစ်အိမ်ထောင်၏သုံးငွေသည် အခြားအိမ်ထောင်၏သုံးငွေ နှစ်ဆမျှလိုအပ်နေပေလိမ့်မည်။

စာရင်းအင်းဆိုင်ရာအတတ်ပညာကို အားလုံးသင်ကြားအပ်ပေသည်။ အချို့သောသူတို့က ဤအတတ်ပညာမျိုးသင်ကြားခြင်းသည် မလိုအပ်ဟု ယူဆကြသည်။ မှားသောယူဆချက်ဖြစ်သည်။ ကုန်ကျစရိတ်မှန်သမျှကို မှန်ကန်စွာစာရင်းမှတ်သားထားရမည်။

**အသုံးကြီးသောအကျင့်ဓလေ့၏မကောင်းမှုဒုစရိုက်များ** – မိမိ တို့၏သားသမီးများအားချွေတာရေးကို သင်ကြားပို့ချပေးစေရန်၊ မိဘတို့အား သတိပေးစကားပြောကြားရန်၊ အသုံးဖွာသောအကျင့်ဓလေ့မှပေါက်ပွားလာ တတ်သော မကောင်းမှုဒုစရိုက်များတို့ကို ကျွန်ုပ်အားဖော်ပြရန် ဘုရားသခင် သည် အလိုတော်ရှိတော်မူခဲ့သည် သူတို့မလိုအပ်သောအရာဝတ္ထုများအတွက် ငွေကြေးသုံးဖြုန်းခြင်းသည် မှောက်မှားကြောင်း သားသမီးတို့အားသွန်သင် ပေးပါ။ သင်တို့၌ဖြုန်းတီးတတ်သောအကျင့်ဓလေ့များရှိလျှင် ယင်းတို့ကို ချက်ချင်းဖြတ်တောက်ပစ်ပါ။ ယင်းကဲ့သို့မပြုလုပ်လျှင် သင်တို့သည် ထာဝရ ကာလပတ်လုံး လူမွဲအဖြစ်၌ကျင်လည်ရလိမ့်မည်။ ချွေတာစုဆောင်းသော အကျင့်ဓလေ့များ၊ ဝီရိယရှိခြင်း၊ စိတ်သဘောတည်ငြိမ်ခြင်းတို့သည် သင်တို့ ၏သားသမီးများအတွက် ခန်းဝင်ပစ္စည်းထက်ကောင်းသော အမွေအနှစ်ဖြစ် ပေသည်။

ကျွန်ုပ်တို့သည် ဤလောကအတွက် ဧည့်သည်များနှင့်တစ်ကျွန်း တစ်နိုင်ငံသားများဖြစ်ကြသည်။ ဘုရားသခင်ကနိုပ်ကွပ်စေလိုတော်မူသော

လိုအင်ဆန္ဒများကိုဖြည့်ဆည်းပေးရန် ကျွန်ုပ်တို့၏ကြေးငွေများကို အသုံးမပြုကြပါနှင့်။ ကျွန်ုပ်တို့၏လိုအင်ဆန္ဒများကို ထိန်းချုပ်ထားခြင်းအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို သင့်လျော်စွာကြိုးစားပြကြစို့။

**လက်ဖွာသောမိဘတို့အားပြစ်တင်ဆုံးမထားခြင်း** – သင်တို့သည် ချွေတာသုံးစွဲရေးကို သိနားလည်သူများမဟုတ်ပေ။ သင်တို့၏လိုအင်ဆန္ဒများနှင့်ဝင်ငွေတို့ကို ဝန်နှင့်အား၊ မြားနှင့်လေးဖြစ်စေရန် ဘယ်ကဲ့သို့ဆောင်ရွက်ကြရမည်ကို မသိကြပေ။ သင်တို့သည် သင်တို့၏လိုအင်ဆန္ဒတိုက်တွန်းချက်အရ ကြေးငွေများကိုလွတ်လပ်စွာအသုံးပြုရန် ယင်းငွေများကိုရယူလိုသောဆန္ဒပြင်းပြလျက်ရှိသည်။ သင်တို့၏သင်ကြားပို့ချမှုနှင့်ပုံသက်သေတို့သည် သင်တို့၏သားသမီးများအတွက် အမင်္ဂလာဖြစ်နေသည်။ သူတို့သည် အခြေခံကျင့်ဝတ်ကို ဂရုတစိုက်မရှိပါတကား။ သူတို့သည် ဘုရားသခင်ကို တစ်နေ့တခြားမေ့လျော့လာ၍ ကိုယ်တော်ရှင်၏စိတ်တော်နှင့်မတွေ့ဘဲဖြစ်နေမည်ကို စိုးရိမ်ကြောင့်ကြမှုနည်းပါးသည်ထက်နည်းပါးလာ၍ ချုပ်ထိန်းမှုကိုသည်းခံသောစိတ်တို့မှာလည်း လျော့နည်းသွားလေပြီ။ ကြေးငွေကိုပိုမိုလွယ်ကူစွာရရှိသည်နှင့်အမျှ ကျေးဇူးတင်ကြောင်းပြောဆိုရန် ပိုမိုလေးလံနှေးကွေးလာသည်။

**ဝင်ငွေထက်ပိုမို၍သုံးဖြုန်းသောမိသားစုသို့** – သင်တို့ရရှိသောဝင်ငွေထက် သင်တို့၏ကုန်ကျစရိတ်များမပိုစေရန် သတိပြုသင့်ပေသည်။ သင်တို့လိုချင်သောအရာတိုင်း မဝယ်မိပါစေနှင့်။ ငွေယိုပေါက်ကြီးများကို သတိပြုရှောင်ကြဉ်ရန်ကိစ္စတွင် သင်၏ဇနီးသည်သင့်အားအထောက်အကူမဖြစ်နိုင်လောက်အောင် သင်ကဲ့သို့ပင်အသုံးကြီးသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။ သင်တို့၏အိမ်ထောင်ရေးကိုကွပ်ကဲအုပ်ချုပ်စီမံရာတွင် မလိုအပ်သောကုန်ကျစရိတ်များ အမြဲတမ်းရှိနေသည်ကိုတွေ့ရှိရပါသည်။ သူမ၏သားသမီးများအား ဝတ်စားဆင်ယင်ပေးရာတွင် သင်၏ဇနီးသည်ဝင်ငွေနှင့်မမျှသောအဝတ်အစားများကိုဝယ်ယူပေးရန် နှစ်သက်သည်။ ထိုကြောင့်ပင် သင်တို့၏သားသမီးများ၌ ဝါကြွားသောအကျင့်ဓလေ့များပေါက်ပွားလာ

စေသည်။ ချွေတာသုံးစွဲရေးဆိုင်ရာသင်ခန်းစာကို သင်ကြားမှတ်သား၍ သင့်ကိုယ်တိုင်အားလည်းကောင်း၊ သင့်သားသမီးတို့အားလည်းကောင်း၊ ဘုရားသခင်၏အမှုတော်အားလည်းကောင်း ဤအသုံးဖွာမှုကပြုသောအန္တရာယ်ကိုတွေ့မြင်လျှင် သင်သည် သင်၏ခရစ်ယာန်ဆိုင်ရာ စာရိတ္တပြည့်စုံမှုအတွက် လိုအပ်သောအတွေ့အကြုံကို ရရှိပေလိမ့်မည်။ ယင်းကဲ့သို့သောအတွေ့အကြုံမျိုးမရရှိလျှင် သင်၏သားသမီးတို့သည် သူတို့အသက်ရှင်သမျှကာလပတ်လုံး ချို့တဲ့သောပညာရေး၏ပုံစံကိုသာ ဆောင်ကြလိမ့်မည်ဖြစ်သည်။

သင်တို့အား သင်တို့ကြေးငွေများကိုဆောင်းထားရန် ကျွန်ုပ်က တိုက်တွန်းနေသည်မဟုတ်ပါ။ သင်တို့အနေဖြင့် ကြေးငွေများစုဆောင်းရန် ခဲယဉ်းပေလိမ့်မည်။ သို့ရာတွင် သင်တို့အကြင်လင်မယားနှစ်ဦးတို့သည် သင်တို့၏ဝင်ငွေကို သတိဖြင့်အသုံးပြု၍ သင်တို့၏နေ့စဉ်ပုံသက်သေက ချွေတာသုံးစွဲရေး၊ ကိုယ်ကိုကိုယ်ငြင်းပယ်ရေးနှင့် တင်းတိမ်ရောင့်ရဲရေးတို့ဆိုင်ရာသင်ခန်းစာများကို သင်တို့၏သားသမီးတို့အား သင်ကြားပေးပါလေစေ။ ပညတ်ထားခြင်းဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း သင်တို့သားသမီးတို့အား ပညာပေးရန်လိုအပ်ပေသည်။

**ကိုယ်ကိုကိုယ်ငြင်းပယ်ရန် အိမ်ထောင်တစ်ခုအားအကြံပေးချက်**– ကျွန်ုပ်၏အစ်ကိုတော်နှင့်ညီမတော်၊ သင်တို့နှစ်ဦးအနေဖြင့် သင်ကြားလေ့လာရန်များစွာလိုအပ်နေသည်ကို ကျွန်ုပ်အားသခင်ဘုရားပြတော်မူပြီ။ သင်တို့နှစ်ဦးသည် သင်တို့ရရှိသောဝင်ငွေဘောင်အတွင်း၌ သုံးစွဲခြင်းမပြုကြပေ။ ချွေတာသုံးစွဲရေးကို သင်တို့မသိကြသေးပေ။ သင်တို့သည် လစာကြီးကြီးရလျှင် ၎င်းကိုအကျိုးပြုဆုံးဖြစ်စေရန် ဘယ်ကဲ့သို့ပြုလုပ်ရမည်ကို သင်တို့မသိရှိကြပေ။ သင်တို့သည် ဉာဏ်ကိုအသုံးမပြုဘဲ သင်တို့၏တပ်မက်လိုချင်ခြင်းနှင့် တိုင်ပင်နှီးနှောကြသည်။ တစ်ခါတစ်ရံ သင်တို့သည် အခြားသောသူတို့မစားနိုင်သော ဈေးနှုန်းကြီးသည့်အစားအစာများကို ဝယ်ယူစားသောက်ကြသည်။ သင်တို့သည် အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ဖြစ်နေသည်။

ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းတည်းဟူသောသင်ခန်းစာကို သင်တို့လင်မယား နှစ်ဦးစလုံးက သင်ကြားရန်လိုအပ်သေးသည်။

မိဘတို့သည် သူတို့၏ဝင်ငွေနှင့်လောက်ငအောင် သုံးစွဲတတ်ရန် လိုအပ်ပေသည်။ သူတို့သားသမီးများအား ကိုယ်ကိုငြင်းပယ်သောစိတ်ထား မျိုးကို မွေးမြူထားရန်သင်ကြားပေး၍ ယင်းသင်ခန်းစာသင်ကြားပေးမှုကို ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း သင်ကြား ပြုလုပ်အပ်ပေသည်။ သားသမီးတို့ဉာဏသတ္တိနှင့်ဝိဉာဏသတ္တိတို့ တိုးတက် ကြီးပွားလာစေဖို့အချိန်ပေးနိုင်ရန် သူတို့လိုချင်သောအရာများသည်နည်းပါး၍ ရိုးရိုးဖြစ်စေသင့်ပေသည်။

**အလိုလိုက်ခြင်းသည်မေတ္တာကိုဖော်ပြခြင်းမဟုတ်ပေ** – သားသမီး တို့၏ဝါကြွားမှု၊ အသုံးဖွာမှုနှင့်ဟိတ်ဟန်ပြမှုနှစ်သက်ခြင်းကို အလိုလိုက်၍ ဆောင်ရွက်ပေးခြင်းအားဖြင့် မိဘတို့၏မေတ္တာကိုပြသရမည်ဟု သားသမီး တို့အားမယူဆပါစေနှင့်။ ယခုအခါတွင် ကြေးငွေသုံးဖြုန်းနည်းကိုတီထွင်ရန် အချိန်မဟုတ်တော့ပြီ။ ချွေတာသုံးစွဲရေးကိုကြိုးပမ်းဆောင်ရွက်ရာတွင် သင်တို့ ၏တီထွင်တတ်သောစွမ်းရည်များကို အသုံးပြုပါလေ။

**ရက်ရောမှုနှင့်ဆီလျော်သောချွေတာရေး** – ယခုခေတ်တွင် လူငယ်လူရွယ်တို့၏စိတ်နေသဘောထားသည် ချွေတာရေးကိုလျစ်လျူရှု၍ မထီမဲ့မြင်ပြုလျက် ချွေတာရေးကိုကပ်စေးနှဲခြင်း၊ သဘောထားကျဉ်းမြောင်း ခြင်းတို့နှင့်ရောနှော၍ စဉ်းစားကြသည်။ သို့ရာတွင် ချွေတာရေးဆိုသည်မှာ အလွန်ကျယ်ဝန်း၍ရက်ရောမှုအဖြစ်ဆုံးသောရှုထောင့်များ၊ စိတ်ခံစားမှုတို့နှင့် ဆီလျော်ပတ်သက်နေလေသည်။ ယင်းချွေတာကျင့်သုံးမှုမရှိသောနေရာတွင် စစ်မှန်သောရက်ရောမှုမရှိနိုင်ပေ။ ချွေတာရေးနှင့်အကြွင်းအကျန်အသေးအဖွဲ့ ကလေးများကို ကြည့်ရှုထိန်းသိမ်းရန် အကောင်းဆုံးနည်းလမ်းများကိုလေ့လာ ခြင်းသည် ဂုဏ်နိမ့်သောအလုပ်ဟူ၍ ဘယ်သူမျှမယူဆသင့်ပေ။

**တစ်ဖက်စွန်းရောက်ခြင်း – ဉာဏအမြော်အမြင်ကင်းသောချွေတာခြင်း** – ကိုယ်ခန္ဓာကိုဂရုတစိုက်မကြည့်ရှုဘဲ လျစ်လျူရှုထားခြင်း၊ သို့တည်း မဟုတ် အလွဲသုံးစားပြုခြင်းအားဖြင့် ကိုယ်တော်ရှင်၏အမှုတော်ကိုထမ်းဆောင်

ရန်မသင့်လျော်သောအခြေအနေသို့ ရောက်ရှိအောင်ပြုလုပ်ခြင်းသည် ဘုရားသခင်အားဂုဏ်ပြုရာမရောက်ပေ။ အရသာရှိ၍ အင်အားဖြစ်စေသော အစာအာဟာရများကို ကိုယ်ခန္ဓာအားကျွေးမွေးပေးခြင်းအားဖြင့် ၎င်းကိုကြည့်ရှုပြုစုခြင်းသည် အိမ်ထောင်ဦးစီးဖြစ်သူ၏ဦးစားပေးသင့်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ စားကောင်းသောက်ဖွယ်များကိုချွေတာသည်ထက် ဈေးချိုသော အဝတ်အစားနှင့်အိမ်ထောင်ပရိဘောဂများထားရှိခြင်းက ပိုမိုကောင်းမွန်ပေသည်။

စရိတ်စကများစွာအကုန်ခံ၍ ဧည့်သည်များအားဧည့်ခံနိုင်ရန် အချို့သောအိမ်ထောင်ဦးစီးများက စားကောင်းသောက်ဖွယ်များကို ချွေတာကြသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် ဉာဏ်အမြော်အမြင်ရှိခြင်းမဟုတ်ပေ။ ဧည့်သည်များကိုဧည့်ခံရာတွင် ပိုမိုသောရိုးသားမှုရှိစေရမည်။ အိမ်ထောင်၏ လိုအပ်ချက်များကို ဦးစားပေးစဉ်းစားရမည်။

ဉာဏ်အမြော်အမြင်ကင်းသော ချွေတာရေးနှင့်ထုံးတမ်းစဉ်လာတို့သည် ဧည့်ဝတ်ကျေပွန်ခြင်းလိုအပ်၍ မင်္ဂလာဖြစ်စေမည့်နေရာမျိုးတွင် ယင်းအားကျင့်သုံးခြင်းကို ဟန့်တားထားတတ်ကြသည်။ အိမ်ရှင်မအနေဖြင့် နောက်ထပ်အပိုချက်ပြုတ်ရန်မလိုတော့ဘဲ မျှော်လင့်ခြင်းမရှိဘဲရောက်ရှိလာသောဧည့်သည်ကိုကျွေးမွေးရန် လုံလောက်သောအစားအစာကို စားပွဲပေါ်တွင် အမြဲတမ်းထားရှိသင့်ပေသည်။

ကျွန်ုပ်တို့၏ချွေတာရေးသည် မလောက်မငစားရသောအခါမျိုးကို မဖြစ်ပေါ်စေရ။ ကျောင်းသားများအား အားအင်ဖြစ်စေသောအစားအစာများကို မြောက်မြားစွာကျွေးမွေးပေးရမည်။ သို့ရာတွင် ချက်ပြုတ်မှုကိုတာဝန်ယူရသောသူတို့သည် စားကြွင်းစားကျန်များကို အလဟဿမဖြစ်စေရန် သိမ်းဆည်းထားသင့်ပေသည်။

ချွေတာရေးဆိုသည်မှာ နှမြောခြင်းမဟုတ်ဘဲ ကြေးငွေများကို ဉာဏ်အမြော်အမြင်ရှိစွာသုံးစွဲခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆောင်ရွက်စရာအမှုတော်ကြီးတစ်ရပ်ရှိနေခြင်းကြောင့်ဖြစ်သည်။

**ဇနီးဖြစ်သူအတွက်တာဝန်ပေါ့စေရန် လိုအပ်သောအသုံးအဆောင်များထားပေးပါ** – ဦးဇ၏အိမ်ထောင်သားများသည် ချွေတာရေးကိုစေ့စပ်သေချာစွာကျင့်သုံးကြသောသူများဖြစ်သည်။ အိမ်ထောင်သားဦးရေများသောသူ့အိမ်ထောင်အတွက် အသုံးပြုရန်လွယ်ကူသောထင်းရုံတစ်ခုနှင့်မီးဖိုဆောင်များကို ဦးဇသည် ဆောက်လုပ်ထားပေးခြင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏အမှုတော်ကို ရှေ့သို့တိုးတက်ဆောင်ရွက်ရန် ကြေးငွေများလိုအပ်နေချိန်တွင် ပုဂ္ဂလိကအသုံးအဆောင်များအတွက် ကြေးငွေကုန်ကျမခံလိုသောဆန္ဒရှိသောကြောင့်ဖြစ်သည်။ သူ့သားသမီးများ၏ကျန်းမာရေးနှင့်စာရိတ္တကောင်းမွန်စေရန်လိုအပ်ကြောင်း သူ့အိမ်ထောင်ကို ပျော်ရွှင်သာယာအိမ်ဂေဟာဖြစ်ရန်နှင့် သူ့ဇနီး၏လုပ်ငန်းဆောင်တာများကိုပေါ့ပါးစေရန်လိုအပ်သောအသုံးအဆောင်များကိုထားပေးရသင့်ကြောင်းတို့ကို သူ့အားကျွန်ုပ်ကပြောပြလိုက်ပါသည်။

**ပုဂ္ဂလိကအသုံးငွေအတွက်ဇနီးအားခွင့်ပြုချက်** – သင်တို့၏ဇနီးမောင်နှံသည် တစ်ဦးကိုတစ်ဦးကူညီမစကြရမည်။ ပိုက်ဆံအိတ်ကိုပိတ်ထား၍ သင့်ဇနီးသုံးစွဲရန်ကြေးငွေများပေးဖို့ငြင်းပယ်ခြင်းကို ပါရမီတစ်ပါးဟုသဘောမထားပါလေနှင့်။

သင့်ဇနီးကြိုက်သလိုသုံးစွဲရန် အပတ်စဉ်ကြေးငွေများပေးပါ။ သူ့စိတ်ကြိုက်သုံးစွဲခွင့်ကိုပေးပါ။ ဇနီးအနေဖြင့် အဘယ်အခြေအနေမျိုးတွင်ရပ်တည်နေရမည်ကို သင်သည် ကောင်းမွန်သောအသိတရားကင်းမဲ့မှုကြောင့်သူမအားသူမ၏အသိဉာဏ် (သို့မဟုတ်) သူမ၏စဉ်းစားဉာဏ်အသုံးပြုခွင့်ကိုသင်သည်မပေးခဲ့ပေ။ သင့်ဇနီး၌အကောင်းဆုံးစိတ်သဘောထားနှင့် သမ္မစိတ္တဖြစ်သောစိတ်နှလုံးမျိုးရှိသည်။

သင်ရရှိသောကြေးငွေများကို သင့်ဇနီးအားဝေငှပေးပါ။ ယင်းပေးလိုက်သောကြေးငွေကို သူမကိုယ်ပိုင်အနေဖြင့် သူမစိတ်ကြိုက်သုံးစွဲပါလေစေ။ သူမ၏လုပ်အားဖြင့် လုပ်ကိုင်ရရှိသောကြေးငွေများကိုလည်း သူမအတွက်အကောင်းဆုံးယူဆရသောကိစ္စ (သို့မဟုတ်) အရာဝတ္ထုတစ်ခုခုအတွက်

သုံးစွဲခွင့်ကိုပြုသင့်ခဲ့ပေသည်။ အကယ်၍ သူမကိုယ်ပိုင်ငွေအနေဖြင့်သုံးစွဲရန် ကြေးငွေများရရှိခဲ့လျှင် ယင်းသုံးစွဲခွင့်ကို အဘယ်ကဲ့သို့မှဝေဖန်ခြင်းမပြုဘဲ ပေးလျှင် သူမ၏စိတ်ထဲ၌ရှိသောဝန်ထုပ်ကြီးသည် အလိုအလျောက်ပျောက် ကွယ်သွားလိမ့်မည်ဖြစ်သည်။

**သက်သောင့်သက်သာဖြစ်မှုနှင့်ကျန်းမာမှုကိုရှာပါ** – ဦးပုသည် သူ့ကြေးငွေများကို ဆင်ဆင်ခြင်ခြင်သုံးစွဲခြင်းမရှိခဲ့ပေ။ အမြော်အမြင်ရှိစွာဖြင့် ကိုယ်တိုင်ဆုံးဖြတ်ခြင်းထက် သူ့သားသမီးတို့၏ပြောသံဆိုသံများနှင့် လိုအင် ဆန္ဒများကိုလိုက်လျောခြင်းက သူ့အပေါ်ပိုမိုဩဇာလွှမ်းမိုးလျက်ရှိသည်။ သူ့လက်တွင်းရှိသောကြေးငွေများကို သူ့အိမ်ထောင်အတွက် အလိုအပ်ဆုံး အရာဝတ္ထုများအတွက်လည်းကောင်း၊ သက်သောင့်သက်သာဖြစ်မှုနှင့် ကျန်းမာ မှုအတွက်လည်းကောင်း သတိတရားရှိစွာဖြင့်သုံးစွဲရမည်ကို သူ၌သတိတရား မရှိပေ။ သူ့အိမ်ထောင်တစ်ခုလုံးသည် ဤကိစ္စနှင့်ပတ်သက်၍ ပြုပြင်ရန် လိုအပ်ပေသည်။ မှုကိစ္စအပေါင်းဆောင်ရွက်ရာတွင် လွယ်တင့်တကူဖြစ်မှုနှင့် သက်သောင့်သက်သာရှိမှုအတွက် လိုအပ်နေသောအရာမြောက်မြားစွာရှိနေ သည်။ အိမ်ထောင်မှုကိစ္စအဖြာဖြာကို စီစဉ်ထားရှိရာတွင် အစီအစဉ်ကျမှုနှင့် စနစ်တကျဖြစ်မှုကင်းမဲ့ခြင်းသည် ပျက်စီးယိုယွင်းမှုနှင့်အကျိုးပျက်ပြားမှုဆီ သို့ တွန်းပို့တတ်သည်။

ဂုန်နီအိတ်ကိုဝတ်ဆင်ခြင်းဖြစ်စေ၊ အိမ်ထောင်၏သက်သောင့် သက်သာဖြစ်မှုနှင့် ကိစ္စအဝဝတို့အဆင်ခြေမှုအတွက် ဖန်တီးပေးခြင်းမရှိခြင်း ဖြစ်စေ ကျွန်ုပ်တို့၏စိတ်နှလုံးကို ပို၍စင်ကြယ်အောင်ပြုလုပ်နိုင်ခြင်းမရှိပေ။ ကိုယ်တော်ရှင်၏သားသမီးအပေါင်းတို့သည် သူတို့၏ကျန်းမာမှုနှင့်သက်သောင့် သက်သာဖြစ်မှုတို့အတွက် တကယ်အမှန်လိုအပ်သောအရာများကို မရရှိစေ ဘဲနေစေရန် ဘုရားသခင်သည် အလိုတော်မရှိပေ။ သို့ရာတွင် ကိုယ်တော်ရှင် သည် အသုံးဖွာခြင်း၊ ဖြုန်းတီးခြင်းနှင့် ဟိတ်ဟန်ပြုခြင်းတို့ကို ရှုံ့ချတော် မူသည်။

**အသုံးနှင့်အဖြုန်းကိုလေ့လာသင်ကြားပါ** – အသုံးနှင့်အဖြုန်းကို ခွဲခြားသိမြင်အောင် လေ့လာသင်ကြားထားပါ။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ငြင်းပယ်၍ ကပ်တိုင်ကိုမချီထားခြင်းမရှိလျှင် ခရစ်တော်၏တပည့်တော်များ မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့၏ဘဝအသက်တာရပ်တည်မှုတွင် အပိုသုံးဖြုန်းခဲ့သော အရာများကို ဖြတ်တောက်ငြင်းပယ်၍ ကျွန်ုပ်တို့အမှန်တကယ်ပိုင်ဆိုင်သော အစိတ်အပိုင်းသည် အဘယ်အရာဖြစ်သည်ကို သိရှိရန်လိုအပ်ပေသည်။ မိမိ လိုအင်ဆန္ဒကိုလိုက်လျောသည့်အနေဖြင့် သုံးဖြုန်းခဲ့သောအသေးအဖွဲ့ကုန်ကျ စရိတ်များကို ပေါင်းကြည့်သင့်ပေသည်။ တပ်မက်ခြင်းကိုအာသာပြေစေရန် နှင့် မှောက်မှားသောခံတွင်းအရသာကိုဖြည့်ဆည်းမှုအတွက်သာ သုံးဖြုန်းခဲ့ သောကုန်ကျစရိတ်များကိုသတိပြုပါ။ အသုံးမကျမရေရာသောစားသောက် ဖွယ်ရာများ ဝယ်ယူမှီဝဲခဲ့ရာတွင် သုံးဖြုန်းခဲ့သောကြေးငွေကို အိမ်ထောင် တစ်ခုလုံး၏သက်သောင့်သက်သာရှိမှုနှင့် လွယ်လင့်တကူအသုံးပြုနိုင်မှုအတွက် လိုအပ်သောအရာများကိုဝယ်ယူရာတွင် အသုံးပြုနိုင်သည်။ သင်တို့သည် ကြေးငွေပြတ်နေသောအခြေအနေမျိုး၌ ရပ်တည်းခြင်းမရှိရပါ။ သင်တို့ကိုယ်တိုင် အပေါ်၌လည်းကောင်း ရိုးသားမှုရှိရမည်။ ကြေးငွေနှင့်ကပ်စေးနှဲခြင်းသည် ဘုရားသခင်အတွက်ရက်ရောစွာပေးတော်မူသော ကောင်းချီးမင်္ဂလာများကို အလွဲသုံးစားပြုရာရောက်သည်။ ဖြုန်းတီးခြင်းသည်လည်း အလွဲသုံးစားမှု တစ်ရပ်ဖြစ်သည်။ စကားထဲပင်ထည့်ပြောရန်မသင့်ဟု သင်တို့ယူဆထား သော ကြေးငွေတို့ကိုစုပေါင်းထားလျှင် ကြေးငွေမြော်မြားစွာဖြစ်လာ နိုင်သည်။

**ဆက်ကပ်ထားသောစိတ်နှလုံးကို လမ်းပြပို့ဆောင်တော်မူမည်**– ချွေတာရေးကို မည်သည့်အခြေအနေ၌ကျင့်သုံးရမည်ကို ဤနေရာတွင်အတိ အကျသတ်မှတ်ပြောဆိုရန်မလိုအပ်ပေ။ မိမိတို့၏စိတ်နှလုံးအား ဘုရားသခင် ကိုပြည့်ပြည့်စုံစုံအပ်နှံထား၍ ကိုယ်တော်၏နှုတ်ကပတ်တော်အား မိမိတို့၏ လမ်းပြအနေဖြင့်လက်ခံသောသူတို့သည် ဘဝအသက်တာ၏တာဝန်ရှိသမျှ တို့ကို ဘယ်ပုံဘယ်နည်းဆောင်ရွက်ရမည်ကို သိရှိကြပေလိမ့်မည်။ စိတ်နှလုံး

နူးညံ့သိမ်မွေ့၍ နှိမ့်ချတော်မူသောယေရှုရှင်ထံမှသူတို့သည် နည်းခံကြလိမ့်မည်။ ယေရှုရှင်၏နူးညံ့သိမ်မွေ့ခြင်းမျိုးကို ကျင့်သုံးကြသောအခါ သူတို့သည် မရေမတွက်နိုင်သော စုံစမ်းသွေးဆောင်ခြင်းများကို ကာကွယ်တားဆီးထားနိုင်ကြမည်ဖြစ်သည်။

---o---

## အခန်း ၆၂
# ချွေတာရေးကျင့်သုံးခြင်း

**"ကျန်ကြွင်းသောအကျိုးအပဲ့တို့ကိုကောက်သိမ်းကြလော့"**

သေချာစွာသတိပြုထိုက်သောချွေတာရေးနှင့်ပတ်သက်၍ ခရစ်တော်သည် ကိုယ်တော်ရှင်၏တပည့်တော်များအား တစ်ကြိမ်ကတိုက်တွန်းနှိုးဆော်တော်မူခဲ့သည်။ ကိုယ်တော်၏ဓမ္မဒေသနာတော်ကိုကြားနာခဲ့ကြသော ဆာလောင်နေကြသည့် ထောင်ပေါင်းများစွာသောဓမ္မပရိသတ်ကြီးအတွက် ကိုယ်တော်ရှင်သည် နိမိတ်လက္ခဏာတစ်ခုကိုပြုခဲ့တော်မူသည်။ ဓမ္မပရိသတ်ကြီးသည် အစားအစာကိုစားသောက်ပြီး၍ဝကြသောအခါ စားကြွင်းစားကျန်များကို အလဟဿဖြစ်စေရန် ကိုယ်တော်ရှင်သည်အခွင့်ပေးတော်မမူပေ။ ကိုယ်တော်ရှင်၏တန်ခိုးတော်အားဖြင့် ကြီးမားလှသောလူထုကြီးအား သူတို့၏လိုအပ်နေချိန်တွင် ကျွေးမွေးခဲ့တော်မူသောကိုယ်တော်ရှင်သည် အလေအလွင့်မရှိစေရန် ကျန်ကြွင်းသောအကျိုးအပဲ့တို့ကိုကောက်သိမ်းရန် တပည့်တော်တို့အားအမိန့်ပေးတော်မူခဲ့သည်။ ခရစ်တော်၏လက်ထက်၌ရှိကြသောသူတို့အတွက် ဤသင်ခန်းစာကိုပေးတော်မူသကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ယင်းသင်ခန်းစာကိုပေးတော်မူသည်။ လောကီဆိုင်ရာဘဝအသက်တာရပ်တည်မှု၏လိုအပ်ချက်များစွာကို ဘုရားသခင်၏သားတော်သည် ဂရုစိုက်တော်မူခဲ့သည်။ စားသောက်ပွဲကြီးပြီးဆုံးသွားပြီးသည့်နောက် ယင်းကဲ့သို့သောစားသောက်ပွဲမျိုးကို အချိန်မရွေးထပ်မံကျင်းပနိုင်စွမ်းရှိတော်မူသော်လည်း ကိုယ်တော်ရှင်သည် စားကြွင်းစားကျန်များကို လျစ်လျူရှုထားတော်မမူ။

ခရစ်တော်ယေရှုသင်ကြားပေးတော်မူခဲ့သော သင်ခန်းစာများကို လက်တွေ့ဘဝအသက်တာ၏ကဏ္ဍအမျိုးမျိုးတွင် ကျင့်သုံးကြရမည်။ အရာခပ်သိမ်းတို့တွင် ချွေတာရေးကိုကျင့်သုံးရမည်။ အလဟဿမဖြစ်စေရန် စားကြွင်းစားကျန်များကိုစုသိမ်းရမည်။ စိတ်နှလုံးထိခိုက်ခြင်းမရှိဘဲ စကားလုံးများအနေဖြင့်သာ ရပ်တည်နေသောဘာသာအယူဝါဒတစ်ခုရှိသည်။ ယင်းကို

ဘဝအသက်တာကဏ္ဍတိုင်းတွင် ကျင့်သုံးခြင်းမပြုပေ။ ဘာသာရေးဆိုင်ရာတာဝန်နှင့် ရောင်းဝယ်ဖောက်ကားမှုဆိုင်းရာနယ်ပယ်တွင် အမြင့်ဆုံးသောလူသားတို့၏ဉာဏ်ပညာကို ပေါင်းစပ်ထားမရှိရမည်။

**မိမိကိုယ်ကိုငြင်းပယ်ရာတွင် ခရစ်တော်၏နမူနာကိုကျင့်သုံးပါ**– လူသားတို့ရင်ဆိုင်ရသောစိတ်ပျက်ခြင်းများ၊ စုံစမ်းခြင်းများနှင့်ဝမ်းနည်းခြင်းများကို ပိုမိုသိကျွမ်းလာစေရန် ခရစ်တော်သည် အနိမ့်ကျဆုံးသောဆင်းရဲဒုက္ခနှင့်နှိမ့်ချခြင်းများကို ခံတော်မူခဲ့လေသည်။ ကိုယ်တော်ရှင်လျှောက်လိုက်တော်မူခဲ့သောလမ်းကို ကိုယ်တော်၏တပည့်တော်များလျှောက်လိုက်ရန်စေခိုင်းတော်မူခဲ့ပါသည်။ "ငါ့ထံသို့ချဉ်းကပ်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်၍ နေ့စဉ်သူ၏လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်" ဟု ကိုယ်တော်ရှင်ကတပည့်တော်များကို မိန့်ကြားတော်မူခဲ့သည်။ သို့ရာတွင် ခရစ်ယာန်ဟုခေါ်သောသူမြောက်မြားစွာတို့သည် ကယ်တင်ရှင်ကမိန့်မှာထားတော်မူသော ကိုယ်ကိုငြင်းပယ်ခြင်းမျိုးကို ကျင့်သုံးလိုသောစိတ်မရှိကြပေ။ သူတို့အနေဖြင့် ကိုယ်တော်ရှင်အား ပိုမိုလှူဒါန်းနိုင်စေရန် သူတို့၏လိုအင်ဆန္ဒများကို လိုက်လျောမှုလျော့ပါးနိုင်သမျှလျော့ပါးရန် အလိုမရှိကြပေ။ ပုဂ္ဂိုလ်တစ်ဦးကပြောသည်မှာ "ကျွန်တော့်အိမ်ထောင်သားတွေရဲ့စားဝတ်နေရေးကုန်ကျစရိတ်တွေဟာသိပ်များတယ်၊ ဒါကြောင့် ဝင်ငွေနဲ့သုံးငွေဟာမမျှတသလိုဖြစ်နေပါတယ်" ယင်းအဖြစ်အပျက်က ယင်းအိမ်ထောင်သားများသည် ခရစ်တော်၏ဘဝအသက်တာက သွန်သင်ပေးခဲ့သောချွေတာရေးကိုသင်ကြားလေ့လာရန် လိုအပ်နေကြောင်းကိုပြသည်။

ကိုယ်ကျိုးဆိုင်ရာနှင့်အသုံးဖွာသောလိုအင်ဆန္ဒများကို လိုက်လျောရန်စုံစမ်းခြင်းမျိုးကို လူအားလုံးတို့ရင်ဆိုင်ကြရသည်။ သို့ရာတွင် မိမိကိုယ်ကိုငြင်းပယ်မှုဆိုင်ရာသင်ခန်းစာကို လူသားတို့အားသင်ကြားပေးရန် အသက်နှင့်ဘုန်းတော်အာနုဘော်ရှင်ဖြစ်တော်မူသော ကယ်တင်ရှင်သည် ဤလောကသို့ကြွဆင်းလာတော်မူခဲ့သည်ကို ကျွန်ုပ်တို့အားလုံးသတိရကြပါစို့။

မိမိကိုယ်ကျိုးအတွက် အသက်မရှင်သောသူတို့သည် စိတ်ကူးအားဖြင့် သူတို့လိုချင်သောအရာနှင့်သူတို့ဘဝအဆင်ပြေမှုအတွက် လိုအပ်သောအသုံးအဆောင်များကိုဝယ်ယူခြင်းအားဖြင့် မိမိတို့၏ကြေးငွေများကိုသုံးစွဲမည်မဟုတ်ဘဲ သူတို့သည် ခရစ်တော်၏တပည့်တော်များဖြစ်သည်ကိုလည်းကောင်း၊ စားဝတ်နေရေးအဆင်မပြေသော အခြားသောသူတို့အမြောက်အမြားရှိသည်ကိုလည်းကောင်း စိတ်ထဲ၌မှတ်သားကြမည်ဖြစ်သည်။

**ဘုရားသခင်၏အမှုတော်ကိုမစရန်ချွေတာရေးကိုကျင့်သုံးပါ** – ချွေတာရေးနှင့်ကိုယ်ကိုကိုယ်ငြင်းပယ်မှုနှင့်စပ်ဆိုင်သော သင်ခန်းစာများကိုလေ့လာသင်ကြားခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်ကိုမစနိုင်သော သူတို့၏အခွင့်အရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်တို့အား ပြောပြစရာများစွာရှိသည်။ အများသောသူတို့က သူတို့သည် ပျော်ရွှင်မှုအမျိုးမျိုးကိုလိုက်စားသင့်သည်ဟု ယူဆကြသည်။ ယင်းကဲ့သို့လိုက်စားနိုင်ရန် သူတို့၏ဝင်ငွေရှိသမျှကို သုံးဖြုန်းပစ်ကြသည်။ ယင်းကိစ္စမျိုးတွင် ကျွန်ုပ်တို့အနေဖြင့်ကြေးငွေများကိုပိုမိုအကျိုးရှိစွာသုံးစွဲကြစေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ ကျွန်ုပ်တို့သည် စားဝတ်နေရေးတွင်လုံလောက်ရုံမျှဖြင့်ကျေနပ်နေလျှင် ကျွန်ုပ်တို့ကိုယ်တိုင်ကို ပြစ်မှားရာရောက်သည်။ ကျွန်ုပ်တို့အတွက်ပိုမိုမြင့်မားသောအစီအစဉ်ကို ဘုရားသခင်သည် ထားပေးတော်မူသည်။ ကျွန်ုပ်တို့၏ကိုယ်ကျိုးပြုဆန္ဒများကိုဘေးဖယ်၍ ကျွန်ုပ်တို့၏စိတ်နှလုံးစွမ်းရည်များကို ဘုရားသခင်၏အမှုတော်အတွက် အသုံးပြုကြရန်အလိုရှိလျှင် ကျွန်ုပ်တို့အား လူသားတို့အတွက်အကျိုးဖြစ်ထွန်းစေရန် ကောင်းကင်တမန်အပေါင်းတို့သည် ကျွန်ုပ်တို့နှင့်အတူ လက်တွဲဆောင်ရွက်ကြမည်ဖြစ်သည်။

လူငယ်လူရွယ်တစ်ဦးသည် ဆင်းရဲနွမ်းပါးစေကာမူ၊ လုံ့လဝီရိယရှိ၍ ချွေတာရေးကျင့်သုံးလျှင် ဘုရားသခင်၏အမှုတော်အတွက် အနည်းငယ်စုဆောင်းနိုင်သည်။

**မလိုအပ်ဘဲသုံးစွဲရန်စုံစမ်းခြင်းခံရသောအခါ** – အသေးအဖွဲများကိုဝယ်ယူရန် သွေးဆောင်ခြင်းခံရသောအခါ သင်တို့သည် အပြစ်ရှိသော

လူသားတို့အားကယ်တင်ရန် ခရစ်တော်သည် သည်းခံခြင်းအပြည့်အဝဖြင့် အောင်မြင်စွာရင်ဆိုင်ခဲ့သော ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် မိမိကိုယ်ကို ချုပ်တည်းရန်တို့ကို သင်ကြားပေးသင့်သည်။ မြောက်မြားစွာသောဓမ္မဆရာများတို့သည် ငွေရေးကြေးရေးနှင့်ပတ်သက်၍ အခက်အခဲကိုရင်ဆိုင်ရသော အကြောင်းမှာ သူတို့၏လိုအင်ဆန္ဒများ၊ ခံတွင်းအရသာများနှင့်တပ်မက်ခြင်းများကို မချုပ်ထိန်းနိုင်သောကြောင့်ဖြစ်သည်။ အများသောသူတို့သည် လူမွဲစာရင်းဝင်များဖြစ်လာကြ၍ ကြေးငွေများကိုအလွဲသုံးစားပြုကြသောအကြောင်းမှာ သူတို့သားမယားတို့၏အသုံးဖွာမှုကို လိုက်လျောနေရသောကြောင့်ဖြစ်သည်။ မိဘတို့သည် ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း ချွေတာရေးကို မိမိတို့၏သားသမီးတို့အားသင်ကြားပေးရန် ဘယ်မျှလောက်ဂရုတစိုက်ပြုလုပ်အပ်သနည်း။

စိတ်ကူးအားဖြင့် လိုချင်သောအရာများအတွက် ဘုရားသခင်၏ ကြေးငွေများကိုဖြုန်းတီးပစ်ခြင်းသည် ဘယ်မျှလောက်အပြစ်ကြီးကြောင်းကို လူတိုင်းအားစွဲစွဲမြဲမြဲမှတ်သားရန် ကျွန်ုပ်ပြောကြားလိုပါသည်။ အလွန်နည်းပါးသည်ဟုယူဆရသော ငွေကြေးများကိုသုံးစွဲခြင်းသည် ထာဝရကာလသို့ရောက်ရှိသွားစေရန် ကွင်းဆက်အခြေအနေများကို စတင်ဖန်တီးပေးလိမ့်မည်။ တရားစီရင်တော်မူသောအချိန်တွင် စာစောင်များကိုဖွင့်ထားသောအခါ အရှုံးစာရင်းကိုကျွန်ုပ်တို့တွေ့မြင်ကြလိမ့်မည်။ ယင်းဆုံးရှုံးမှုမှာ ကောင်းကျိုးများစွာပြုနိုင်သောကိစ္စများအတွက် သုံးစွဲခြင်းပြုမည့်အစား ကိုယ်ကျိုးအတွက်သာ သုံးစွဲမှုကြောင့် ရင်ဆိုင်ရသောဆုံးရှုံးမှုများဖြစ်သည်။

**ပြားစေ့များကိုသတိပြုပါ** – မလိုအပ်သောအရာဝတ္ထုများတို့အတွက် သင်တို့၏ကျပ်ပြားစေ့များကို မဖြုန်းတီးပစ်ပါနှင့်။ ဤပြားစေ့များသည် တန်ဖိုးမရှိသည်ဟု သင်တို့ယူဆကြလိမ့်မည်။ ဤတန်ဖိုးနည်းသောပြားစေ့များကို စုလိုက်သောအခါ တန်ဖိုးကြီးမားလာလိမ့်မည်။ မလိုအပ်သောအရာများ၊ အဝတ်အစားများနှင့်ကိုယ်ကျိုးကိုအလိုလိုက်၍သုံးစွဲခြင်းတို့အတွက် ကြေးငွေများကိုဖြုန်းတီးပစ်ရန် ကျွန်ုပ်တောင်းပန်လိုသည်။ ဆင်းရဲနွမ်းပါးခြင်းသည်

ပုံသဏ္ဍာန်အမျိုးမျိုးကိုဆောင်၍ ခေါင်းထောင်လျက်ရှိသည်။ ကျွန်ုပ်တို့သည် တတ်နိုင်သောနည်းဖြင့် ဒုက္ခဆင်းရဲခြင်းကို ကျွန်ုပ်တို့အား ဘုရားသခင်ပေးထားတော်မူသည်။

ကိုယ်တော်ရှင်၏လူတို့သည် သတိဝီရိယရှိလာသူများဖြစ်စေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ သူတို့သည် အရာရာတွင်ချွေတာရေးကိုကျင့်သုံး၍ အဖြုန်းအတီးကိုရှောင်ကြဉ်ရန်လည်း ဘုရားသခင်အလိုရှိတော်မူသည်။

"ငါးပြားကလေးပါပဲ" "ဆယ်ပြားကလေးပါပဲ" ဆိုသောစိတ်ကူးဖြင့် မလိုအပ်သောအရာများအတွက် နေ့စဉ်သုံးဖြုန်းလိုက်သောငွေကြေးများသည် အလွန်သေးနုပ်ဟန်လက္ခဏာရှိသော်လည်း နှစ်တစ်နှစ်၏နေ့ရက်များဖြင့် ယင်းငါးပြား၊ ဆယ်ပြားများကိုမြှောက်လိုက်လျှင် နှစ်ပေါင်းများစွာကုန်လွန်သွားသောအခါ ရရှိသောကိန်းဂဏန်းများသည် မယုံနိုင်လောက်အောင်များပြားလာပါသည်။

**ခေတ်ဆန်သောအိမ်နီးနားချင်းများကိုအတုမခိုးပါနှင့်** – သူဌေးသူကြွယ်ဖြစ်ဟန်ဆောင်ခြင်းသည် အကောင်းဆုံးမဟုတ်ပေ။ (သို့မဟုတ်) စိတ်နှုးညွှံ့သိမ်မွေ့၍နှိမ့်ချတော်မူသော ကယ်တင်ရှင်၏ကျွန်ုပ်တို့ကဲ့သို့သော တပည့်တော်များနှင့်မဆီလျော်သော ဟန်ဆောင်မှုမျိုးမရှိအပ်ပေ။ ကျွန်ုပ်တို့အနေဖြင့် လိုက်နာကျင့်သုံးခွင့်မရှိသော ဆောက်ပုံဆောက်နည်းမျိုးဖြင့် ကျွန်ုပ်တို့၏အိမ်နီးနားချင်းများက သူတို့၏နေအိမ်များကိုဆောက်လုပ်၍ ခေတ်မီပရိဘောဂများ သူတို့နေအိမ်များ၌ထားရှိကြလျှင် ကျွန်ုပ်တို့သည် စိတ်အနှောင့်အယှက်မဖြစ်သင့်ကြပေ။ ကျွန်ုပ်တို့၏ခံတွင်းအလိုလိုက်မှုအတွက်လည်းကောင်း၊ ကျွန်ုပ်တို့၏ဧည့်သည်များကို စိတ်ကြိုက်ဖြစ်စေရန်လည်းကောင်း၊ သို့တည်းမဟုတ် ကျွန်ုပ်တို့ကိုယ်တိုင်၏လိုအင်ဆန္ဒကို အကောင်အထည်ဖော်စေရန်လည်းကောင်း ကျွန်ုပ်တို့၏အတ္တစိတ်ဖြင့်ဝယ်ယူသုံးစွဲမှုများကို ယေရှုရှင်သည် ဘယ်ကဲ့သို့ရှုစိမ့်တော်မူမည်နည်း။ ဟန်ပြဖြစ်စေရန်

(သို့မဟုတ်) ကျွန်ုပ်တို့၏အုပ်ထိန်းမှုအောက်၌ရှိသော သားသမီးတို့အား ဟန်ပြရည်မှန်းခြင်းသည် ကျွန်ုပ်တို့အတွက်ထောင်ချောက်ဖြစ်သည်။

**မစ္စပ္ပိုက်၏အပျိုဘဝပုဂ္ဂလိကအတွေ့အကြုံ** – ကျွန်ုပ်သည် ဆယ့်နှစ်နှစ်အရွယ်သို့ရောက်ရှိသောအခါ ချွေတာရေးဆိုသည်မှာ အဘယ် အရာဖြစ်သည်ကို သိရှိခဲ့ပါသည်။ ကျွန်ုပ်၏အစ်မနှင့်ကျွန်ုပ်သည် အိမ်တွင်း မှုပညာတစ်ရပ်ဖြင့် အလုပ်လုပ်ကိုင်ကြရာ တစ်နေ့လျှင်နှစ်ဆယ့်ငါးဆင့် (မြန်မာငွေတန်ဖိုးနှစ်ကျပ်) သာလျှင်ရရှိကြသော်လည်း သာသနာတော်ကို လှူဒါန်းရန် ယင်းဝင်ငွေထဲမှကြေးငွေအနည်းငယ်ကို စုဆောင်းထားကြပါသည်။ ယင်းကဲ့သို့အနည်းငယ်ချင်းစုဆောင်းလာခဲ့ကြရာ ကျွန်ုပ်တို့စုဆောင်းထားသော ကြေးငွေမှာ ဒေါ်လာသုံးဆယ် (မြန်မာငွေတန်ဖိုးတရာ့ရှစ်ဆယ်ကျပ်) ရရှိ ခဲ့ပါသည်။ ထိုနောက် ခရစ်တော်ယေရှုဒုတိယအကြိမ်ပြန်လည်ကြွလာတော် မူမည့်သတင်းစကားကို ကျွန်ုပ်တို့ကြားသိရသောအခါ ယင်းအကြောင်းကို ဟောပြောဖြန့်ချိရန် အမှုတော်ဆောင်များနှင့် ယင်းအမှုတော်ဆောင်များကို စေလွှတ်ဖို့ ကြေးငွေများလိုအပ်လာပါသည်။ ကျွန်ုပ်တို့စုဆောင်းရရှိခဲ့သော ဒေါ်လာသုံးဆယ်ကိုအသုံးပြု၍ ယင်းသတင်းစကားကိုမသိသောသူတို့အား သိစေဖို့ ဝေစာများထုတ်ဝေဖြန့်ချိရန် ကျွန်ုပ်တို့၏ဖခင်ကြီးလက်သို့ ယင်း ငွေကိုပေးအပ်ဖို့ ဆုံးဖြတ်လိုက်ကြပါသည်။

ကျွန်ုပ်တို့၏ချွေးနဲ့စာဖြင့်ရရှိခဲ့သောကြေးငွေများဖြင့် ကျွန်ုပ်နှင့်ကျွန်ုပ် အစ်မတို့သည် အဝတ်အစားများကိုဝယ်ယူရပါသည်။ ကျွန်ုပ်တို့ရရှိခဲ့သော ကြေးငွေအားလုံးကို မိခင်လက်သို့အပ်ရင် "မေမေ၊ ကျွန်မတို့လိုအပ်နေတဲ့ အဝတ်အစားများဝယ်ပြီးတဲ့နောက် ကျန်ရှိနေတဲ့ငွေကို သာသနာလုပ်ငန်း အတွက်ပေးလှူပါ" ဟုပြောခဲ့ပါသည်။ ယင်းကဲ့သို့တတ်နိုင်သမျှလှူဒါန်းခွင့်ကို မိခင်ကြီးကပေးခြင်းအားဖြင့် ကျွန်ုပ်တို့စိတ်ထဲ၌ သာသနာပြုလုပ်ငန်းကို စိတ်ဝင်စားအောင်ပြုလုပ်ခဲ့ပါသည်။

**ချွေတာရေးကိုအခြေခံကျင့်ဝတ်အနေဖြင့်ကျင့်သုံးပါ** – ဘုရား သခင်၏အမှုတော်ကိုထောက်ပံ့ကူညီ၍ ဒုက္ခရောက်ရှိနေသောသူများနှင့်

မရှိဆင်းရဲသားတို့အား လိုအပ်သောအကူအညီကိုပေးရန် ကြေးငွေများတောင်းခံခြင်းကိုလိုက်လျောရန် သဒ္ဒါတရားကိုရှေ့ထားသောသူတို့သည် မိမိတို့၏လုပ်ငန်းများကိုဦးစီးကြိုးကိုင်ဆောင်ရွက်ရာတွင် စည်းမဲ့ကမ်းမဲ့လက်နှေးသောသူများမဟုတ်ပေ။ သူတို့သည် ဝင်ငွေနှင့်ထွက်ငွေကိုချင့်ချိန်တိုင်းဆ၍သုံးစွဲရန် အမြဲတမ်းသတိပြုသောသူများဖြစ်သည်။ သူတို့သည် ချွေတာရေးကိုအခြေခံကျင့်ဝတ်အနေဖြင့် ကျင့်သုံးသောသူများဖြစ်သည်။ သူတို့အနေဖြင့် လှူဒါန်းနိုင်အောင်စုဆောင်းထားရမည့်တာဝန်သည် သူတို့၏တာဝန်ဖြစ်သည်ကို သိရှိနားလည်သောသူများဖြစ်သည်။

---o---

## အခန်း ၆၃
# ငွေကြေးရှာဖွေနည်းနှင့်အသုံးပြုခြင်းကို သားသမီးများအားသွန်သင်ပေးခြင်း

**နေ့စဉ်ဘဝအသက်တာတွင် ရိုသားလွယ်ကူသောအကျင့်ဓလေ့များကိုသင်ကြားပေးပါ** – မိမိကိုယ်ကိုချုပ်တည်းခြင်းနှင့် မိမိကိုယ်ကိုငြင်းပယ်ခြင်းဆိုင်ရာအကျင့်ဓလေ့များကို မိဘတို့သည် သူတို့၏သားသမီးများအား ပညာပေးရမည်။ သွန်သင်ပေးရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားထောင်ရန်နှင့် ယေရှုရှင်၏အမှုတော်ကိုဆောင်ရွက်ရန်အတွက် အသက်ရှင်ရန်တာဝန်ကို သူတို့ရှေ့မှောက်တွင် အမြဲတမ်းထားရှိသင့်ပေသည်။ သူတို့၏နေ့စဉ်ဘဝအသက်တာတွင် ရိုးသားသောအကျင့်ဓလေ့များနှင့်ညီလျော်စွာနေထိုင်ရန်လိုအပ်ကြောင်းနှင့် ဈေးနှုန်းကြီးမြင့်သောအဝတ်များဝတ်ဆင်ခြင်း၊ ဈေးနှုန်းကြီးမြင့်သောစားသောက်ဖွယ်ရာများကို ဝယ်ယူစားသောက်ခြင်း၊ ဈေးနှုန်းကြီးမြင့်သောနေအိမ်များ၌နေထိုင်ခြင်းနှင့် ဈေးနှုန်းကြီးမြင့်သောအိမ်ထောင်ပရိဘောဂများကိုဝယ်ယူခြင်းတို့အား ရှောင်ကြဉ်အပ်ကြောင်းများကို သားသမီးများအားမိဘတို့က ပညာပေးသင့်ကြပေသည်။

ငယ်စဉ်တောင်ကျေးကလေးဘဝမှစတင်၍ သားသမီးတို့အတွက် "အသုံးလုံး" ဖြစ်သော အရေးအဖက်နှင့်အတွက်များကိုသင်ကြားပေး၍ သူတို့၏ပုဂ္ဂလိကစာရင်းအင်းများထားရှိနည်းကိုပါ သင်ကြားပေးအပ်လှပေသည်။ ဤပညာရပ်များတွင် သားသမီးတို့၏အသိပညာနှင့်အတတ်ပညာတို့သည် တဖြည်းဖြည်းတစ်စတစ်စဖြင့် ရှေ့သို့တိုးတက်မြင့်မားသွားသင့်ပေသည်။ သို့ရာတွင် အခြားအရာအားလုံးထက် ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသည် ပညာ၏အချုပ်အခြာဖြစ်သည်ဟုဆိုခြင်းဖြစ်သည်။

**အိမ်ထောင်၏ငွေရေးကြေးရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များသတိထားအပ်ခြင်း** – ငွေကြေးနှင့်ပတ်သက်၍ မှားယွင်းသောသဘောတရားရေးရာများကြောင့် လူငယ်လူရွယ်တို့သည် အန္တရာယ်ပေါင်းစုံတို့ကို

ရင်ဆိုင်ကြရသည်။ စိတ်ကူးအားဖြင့်လိုအပ်သည်ဟု ယူဆသောအရာများ ရရှိမှုအတွက် မကုန်ခန်းနိုင်သောငွေတွင်းရွှေတွင်းထဲမှ နှိုက်ယူသုံးစွဲနိုင်သည့် အနေဖြင့် သားသမီးတို့အားတောင်းသမျှသောကြေးငွေများကို ပေးရန်မသင့်ပေ။ ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ရန်လည်းကောင်း၊ ကိုယ်တော်ရှင်၏နိုင်ငံတော်ကိုဆောက်လုပ်ရန်အတွက်လည်းကောင်း သုံးစွဲဖို့ကြေးငွေကို ကျွန်ုပ်တို့အား ဘုရားသခင်အပ်နှင်းထားတော်မူသည်ဟု ကျွန်ုပ်တို့သဘောထားရကြမည်။

အထူးသဖြင့် အိမ်ထောင်အတွက်ဝင်ငွေသည် အကန့်အသတ်နှင့်ဖြစ်လျှင် သင်တို့အလိုရှိသောအရာဝတ္ထုများ၏အရေအတွက်ကို လျှော့နိုင်သမျှလျှော့ပစ်ပါ။ သင်တို့လိုချင်သောအရာများသည် သင့်မိဘတို့ဝင်ငွေဘောင်အတွင်း၌သာရှိစေရမည်။ ဘုရားသခင်သည် သင်တို့၏အတ္တစိတ်ကင်းသောကြိုးပမ်းမှုများကို အသိအမှတ်ပြု၍ ချီးကျူးဂုဏ်ပြုတော်မူမည်။--- သေးငယ်သောအမှုကိစ္စတွင် သစ္စာရှိကြလော့။ ထိုသို့ပြုလျှင် ပိုမိုတာဝန်ကြီးသောအမှုကိစ္စတွင် လျစ်လျူရှုရမည့်အန္တရာယ်ရှိလိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်က "အနည်းငယ်သောအမှု၌သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်" ဟုဆိုထားသည်။

**ကြေးငွေများတန်ဖိုးအကြောင်းသင်ခန်းစာများပေးပါ** - ကိုယ်တိုင်ပင်ပင်ပန်းပန်းမလုပ်ကိုင်ရဘဲနှင့် ရရှိသောကြေးငွေများကို လူငယ်လူရွယ်တို့သည် တန်ဖိုးထားကြလိမ့်မည်မဟုတ်ပေ။ အချို့သောမိဘတို့သည် ကြေးငွေများရရှိရန် ကြိုးကြိုးပမ်းပမ်းလုပ်ကိုင်ကြရသည်။ ချို့ချို့တဲ့တဲ့စားသောက်ရမည်။ သို့ရာတွင် သူတို့သုံးဖြုန်းသောကြေးငွေသည် ဘယ်ကလာသည်ကိုလည်းကောင်း၊ သူတို့ဝတ်စားဆင်ယင်သောဝတ်စုံနှင့် စားသောက်သောအစားအသောက်တို့သည် ဘယ်မျှလောက်ကုန်ကျသည်ကိုလည်းကောင်း၊ နေအိမ်ကိုဝယ်ရာတွင် ဘယ်မျှလောက်တန်ဖိုးပေးရသည်ကိုလည်းကောင်း သိရှိနားလည်သောလူငယ်လူရွယ်တို့သည် ဘယ်မျှလောက်ပိုမိုလုံခြုံမှုရှိကြလိမ့်မည်နည်း။

သားသမီးတို့ကိုယ်တိုင်ဝင်ငွေရအောင် လုပ်ကိုင်စေသူတို့အတွက် မိမိ၏အသက်တော်ကိုစွန့်တော်မူသောယေရှုရှင်အား ကျေးဇူးတင်အလှူငွေများ ပေးလှူစေနိုင်မည့်နည်းလမ်းမြောက်မြားစွာရှိသည်။--- သူတို့လုပ်ကိုင်ရရှိ သောဝင်ငွေကို သူတို့၏အတွေ့အကြုံနည်းသေးသောစိတ်ဆန္ဒက ရွေးချယ် သည့်အတိုင်း သုံးဖြုန်းပစ်ရမည်မဟုတ်ဘဲ ၎င်းဝင်ငွေကို သတိဝီရိယနှင့် သာသနာပြုဆိုင်ရာလုပ်ငန်းအတွက်လည်း လှူဒါန်းရမည်။ သားသမီးများသည် မိခင် (သို့မဟုတ်) ဖခင်ထံမှကြေးငွေများကိုယူ၍ သူတို့မပိုင်သောကြေးငွေ များကို အလှူအနေဖြင့် ဘဏ္ဍာတော်တိုက်ထဲသို့ထည့်သွင်းရုံဖြင့် ကျေနပ်မှု မရှိသင့်ကြပေ။ သူတို့ကိုယ်ကိုသူတို့ပြောဆိုသင့်သည်မှာ "ကျွန်ုပ်အနေဖြင့် အဖိုးအခလုံးဝမပေးရသောအရာကို လှူဒါန်းရန်သင့်သလား။" အခြားသော သူတစ်ဦးတစ်ယောက်၏အနစ်နာခံမှုကြောင့် ခံစားရသောအကျိုးကျေးဇူးများ ကို သက်ဆိုင်ရာကာယကံရှင်များကနှစ်သက်သည်ထက် ကောလိပ်ကျောင်း တက်နေရင်းအလုပ်လုပ်၍ ကျောင်းစရိတ်စကများကို ပေးဆပ်သွားသောသူ တို့သည် သူတို့ခံစားရသောအကျိုးကျေးဇူးများကို ပို၍နှစ်သက်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ပေးရသောတန်ဖိုးကို သူတို့သိရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏သားသမီးတို့သည် မစမှုကင်းမဲ့သောတာဝန်ကြီးများ ဖြစ်လာသည်တိုင်အောင် ကျွန်ုပ်တို့သည် သူတို့ကိုသယ်ပိုးမနေပါ။

အသုံးဝင်၍ အင်တိုက်အားတိုက်ဆောင်ရွက်ရသောလုပ်ငန်းတစ်ခုကို လုပ်ကိုင်ရာတွင် အတွေ့အကြုံမရရှိသေးမီ ဓမ္မဆရာသော်လည်းကောင်း၊ သမားတော်ကြီးသော်လည်းကောင်း ဖြစ်လာစေရန်သင်တန်းတက်ဖို့ ခန္ဓာ အင်အားနှင့်ပြည့်စုံသောလူငယ်တစ်ဦးအား ကြေးငွေများကိုအကန့်အသတ် မရှိဘဲပေးကမ်းခြင်းအားဖြင့် မိဘတို့သည် သူတို့၏တာဝန်ကို အလွဲဆောင်ရွက် ကြပါသည်။

**သားသမီးတို့အား သူတို့ကိုယ်တိုင်ဝင်ငွေရရန်အလုပ်လုပ်ကိုင်မှု ကိုအားပေးပါ** – မြို့ပြင်၌နေထိုင်ကြသော ကလေးသူငယ်တို့သည် သူတို့ ကိုယ်တိုင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဖို့ မြေကွက်တစ်ခုကိုရရှိနိုင်ကြသည်။

ယင်းစိုက်ပျိုးရေးကို ဘုရားသခင်၏အမှုတော်အတွက် ကြေးငွေများကိုလှူဒါန်းစေမည့်လုပ်ငန်းဖြစ်စေရန် သူတို့ကိုသင်ကြားပေးနိုင်သည်။ ဤအလုပ်အကိုင်မျိုးကို ယောကျ်ားကလေးများသာမဟုတ်ဘဲ မိန်းကလေးများလည်းလုပ်ကိုင်နိုင်သည်။ သားသမီးတို့ကိုမှန်ကန်စွာသွန်သင်ပေးလျှင် ယင်းလုပ်ငန်းက သူတို့အား ငွေ၏တန်ဖိုးနှင့်ချွေတာခြင်းကိုပါ သွန်သင်ပေးလိမ့်မည်။ သာသနာပြုဦးတည်ချက်များအတွက် ကြေးငွေများကိုစုဆောင်းပေးသည်သာမက သူတို့ကိုယ်တိုင်အတွက် အဝတ်အစားများကိုဝယ်ယူရာတွင် အထောက်အကူပြုနိုင်သောကြောင့် ယင်းလုပ်ငန်းမျိုးကိုလုပ်ကိုင်စေရန် သားသမီးတို့ကိုအားပေးသင့်ပေသည်။

**ကြေးငွေများစည်းမဲ့ကမ်းမဲ့သုံးစွဲမှုမပြုပါစေနှင့်** – အိမ်တွင်း၌ အသုံးမကျမရေရာသောဝတ္ထုပစ္စည်းများအတွက်လည်းကောင်း၊ လိုအပ်သောအရာဝတ္ထုမဟုတ်ဘဲ ပိုသောအရာဝတ္ထုအတွက်လည်းကောင်း၊ ချိုချဉ်စားသောက်ဖွယ်ရာများအတွက်လည်းကောင်း၊ ကျွန်ုပ်အနေဖြင့် မလိုသောအခြားဝတ္ထုပစ္စည်းများအတွက်လည်းကောင်း၊ ကျွန်ုပ်တို့သုံးဖြုန်းပစ်သောကြေးငွေများသည် ဘယ်မျှလောက်များပြားလှဘိသနည်း။ မိဘတို့၊ အတ္တစိတ်အလိုဖြည့်စွက်ရန် ဘုရားသခင်ပိုင်ဆိုင်တော်မူသောငွေများကိုသုံးဖြုန်းခြင်းသည် မှားယွင်းကြောင်းကို သင်တို့သားသမီးများအားသင်ကြားပေးပါ။ သာသနာပြုလုပ်ငန်းတွင် အသုံးပြုရန် တတ်နိုင်သမျှ သူတို့၏ကြေးငွေများကိုစုဆောင်းထားဖို့ သူတို့ကိုအားပေးပါ။ သူတို့ကိုယ်ကိုငြင်းပယ်သောအလေ့အကျင့်မှသူတို့သည် အဖိုးတန်သောအတွေ့အကြုံများကို ရရှိကြလိမ့်မည်။ ယင်းသင်ခန်းစာများက သူတို့အားကိုယ်ကိုချုပ်တည်းခြိုးခြံမှုကင်းမဲ့သော အလေ့အကျင့်ရရှိလိုက်စားခြင်းမှ ကာကွယ်ထားလိမ့်မည်။

သူတို့လက်လွတ်စပယ်သုံးဖြုန်းဝယ်ယူခဲ့သည့် မလိုအပ်၍စာမဖွဲ့လောက်သောအရာဝတ္ထုများကို စိတ်ဆန္ဒအလိုကိုငြင်းပယ်ခြင်းအားဖြင့် ခရစ်တော်အပေါ် သူတို့၏ချစ်ခြင်းမေတ္တာကိုပြသရန် သားသမီးတို့သည် သင်ကြားနိုင်ကြသည်။ အိမ်ထောင်တိုင်း၌ ဤစနစ်ကိုကျင့်သုံးသင့်ပေသည်။

ထိုသို့ပြုလုပ်ရန် နေရာတကျစီမံတတ်ခြင်းနှင့် နည်းစနစ်မှန်ကန်ရန်လိုအပ်သည်။ သို့ရာတွင် ယင်းသည် သားသမီးအတွက် အကောင်းဆုံးပညာဖြစ်လိမ့်မည်။ အကယ်၍ ကလေးသူငယ်အားလုံးတို့သည် သူတို့၏အလှူငွေများကို ဘုရားသခင်အားဆက်ကပ်ကြလျှင် ယင်းကြေးငွေများသည် မြစ်လက်တက်ကလေးများတစ်ခုနှင့်တစ်ခုပေါင်းစည်း၍ စီးဆင်းကြသောမြစ်ကြီးတစ်သွယ်ဖြစ်လာသကဲ့သို့ဖြစ်လိမ့်မည်။

ငွေထည့်သောသေတ္တာငယ်တစ်ခုကို လုံခြုံ၍မြင်နိုင်သောနေရာတွင်ထားရှိပါ။ ယင်းငွေသေတ္တာထဲသို့ ကလေးများက ဘုရားသခင်အားလှူဒါန်းမည့် သူတို့၏ကြေးငွေများကို ထည့်သွင်းထားနိုင်သည်။ ယင်းနည်းအားဖြင့် သူတို့ကိုဘုရားသခင်အတွက် အသိစိတ်ဓာတ်ထားရှိဖို့ သင်ကြားပေးနိုင်သည်။

**ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများလှူဒါန်းရန် သားသမီးများကို သင်ကြားပေးပါ** – ဘုရားသခင်သည် ဆယ်ဖို့တစ်ဖို့ကို ကိုယ်တော်ရှင်၏ဘဏ္ဍာတော်ဖြစ်ကြောင်း မိန့်တော်မူထားသည်သာမက ယင်းကြေးငွေကိုကိုယ်တော်ရှင်အတွက် ဘယ်ကဲ့သို့ထားရမည်ကိုလည်း မိန့်မှာထားတော်မူသည်။ ကိုယ်တော်ရှင်က "သင်သည် ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားအားပူဇော်လော့" ဟုမိန့်တော်မူသည်။ ကျွန်ုပ်တို့၏ဥစ္စာပစ္စည်းများကို ကျွန်ုပ်တို့ကိုယ်ရေးကိုယ်တာအတွက်အသုံးပြုပြီးမှ ၎င်းကဲ့သို့အသုံးမပြုဘဲလှူဒါန်းသောကြေးငွေသည် ရိုးသားမှန်ကန်သော ဆယ်ဖို့တစ်ဖို့ပင်ဖြစ်လင့်ကစား၊ အသုံးပြုပြီးမှကျန်ရှိသောအစိတ်အပိုင်းမှ ဘုရားသခင်အားလှူဒါန်းပါဟု ၎င်းကျမ်းချက်ကသင်ကြားပေးနေသည်မဟုတ်ပေ။ ရှေးဦးစွာဘုရားသခင်၏အစိတ်အပိုင်းကိုဖယ်ထားရမည်။ လှူဒါန်းခြင်းနှင့်ပတ်သက်၍ပေါလုမှတစ်ဆင့် သန့်ရှင်းသောဝိညာဉ်တော်ကပေးထားတော်မူသော ညွှန်ကြားချက်များသည် ဆယ်ဖို့တစ်ဖို့နှင့်လည်းသက်ဆိုင်သော အခြေခံကျင့်ဝတ်တစ်ခုကို တင်ပြထားပါသည်။ "ငါရောက်လာသောအခါ လှူဒါန်း၍စုထားစရာမရှိစေခြင်းငှာ ခုနစ်ရက်တွင်ပထမနေ့ရက်၌ အသီးသီးကောင်းစားသည်အတိုင်း မိမိတို့ဥစ္စာဆယ်ဖို့တစ်ဖို့ကို ထုတ်၍စုထားကြလော့။"

**တစ်ခါတစ်ခါမှားယွင်းမှုကို ချမ်းသာကြွယ်ဝသောဖခင်များက ကျူးလွန်ကြသည်** - ကလေးသူငယ်တစ်ဦးရပ်တည်နေရသောအခြေအနေသည် သူ့အပေါ်တွင် မိဘတို့၏ပုံသက်သေထက်ပင် ပိုမိုထိရောက်သော ဩဇာသက်ရောက်မှုရှိလိမ့်မည်။ ချမ်းသာကြွယ်ဝသောသူအချို့တို့သည် သူတို့ငယ်စဉ်တောင်ကျေးအကလေးဘဝ၌ ရပ်တည်ခဲ့သောဘဝမျိုး၌ ရပ်တည်စေဖို့မျှော်လင့်ကြသည်။ အကယ်၍ သူတို့၏မှန်းချက်နှင့်နမ်းထွက်မကိုက်လျှင် သူတို့သည် ခေတ်၏ဆိုးသွမ်းမှုကိုအပြစ်တင်ကြသည်။ သို့ရာတွင် သူတို့ကိုယ်တိုင်ရပ်တည်ခဲ့သောအခြေအနေမျိုးကို သူတို့၏သားသမီးများအတွက် ဖန်တီးပေးခဲ့ခြင်းမရှိဘဲ သူတို့၏မျှော်မှန်းချက်အကောင်အထည်ဖော်ရန်ခဲယဉ်းပေသည်။ ဖခင်ဘဝအသက်တာ၏အခြေအနေက သူ့လက်ရှိအခြေအနေကို ဖန်တီးပေးသည်။ သူ့လူငယ်လူရွယ်ဘဝတွင် သူသည် ဆင်းရဲခြင်းနွံတွင်း၌ရုန်းကန်၍ ပရိယေသနဝမ်းစားနပ်မှန်မှုအတွက် ဇွဲရှိရှိဖြင့်လုံးပမ်းခဲ့ရသည်။ သူ့အကျင့်စာရိတ္တကို ဆင်းရဲခြင်းစာသင်ခန်းတွင် ပုံသွင်းခဲ့သည်။ သူ့လိုအင်ဆန္ဒများကို အုပ်အုပ်ထိန်းထိန်းထားရှိ၍ အလုပ်ကိုတက်တက်ကြွကြွလုပ်ကိုင်လျက် ရိုးသားစွာနေထိုင်စားသောက်ခဲ့ရသည်။ စားဝတ်နေရေးအတွက် သူ့စွမ်းရည်ရှိသမျှကို သူ့နေရာနှင့်သူအသုံးပြုခဲ့ရသည်။ သူသည်ချွေတာစွာနေထိုင်စားသောက်မှုကို ကျင့်သုံးခဲ့ရသည်။

ဖခင်များသည် မိမိတို့သားသမီးများအား သူ့တို့ကိုယ်တိုင်အစပြုခဲ့သောနေရာများ၌မထားဘဲ ချမ်းသာကြွယ်ဝလိုတရသောအခြေအနေမျိုး၌ ထားရှိရန် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဤမှားယွင်းမှုနှင့်ကင်းသောသူနည်းပါးလှသည်။ သူတို့၏ဖခင်များရင်ဆိုင်ခဲ့ရသောအခြေအနေမျိုးကို ယခုခေတ်သားသမီးတို့သည်ရင်ဆိုင်ခဲ့ရလျှင် သူတို့သည် သူတို့ဖခင်များကဲ့သို့ အသုံးဝင်သောသူများဖြစ်လာကြမည်။ ဖခင်များသည် သူတို့သားသမီးများ၏အခြေအနေများကို ပြောင်းလဲပေးခဲ့ကြသည်။ ဆင်းရဲနွမ်းပါးခြင်းသည် ဖခင်များ၏ဆရာသမားများဖြစ်ခဲ့သည်။ ကြေးငွေကြွယ်မှုသည် သားတို့အား ဝန်းရံထားလျက်ရှိသည်။ သားသမီးများအား လိုအင်ဆန္ဒရှိသမျှကိုဖြည့်စွက်

ပေးကမ်းခဲ့သည်။ သူတို့၏ဖခင်များ၏အကျင့်စာရိတ္တကို ချွေတာခြိုးခြံမှု၏ ကျပ်တည်းပြင်းထန်သော ဆုံးမသွန်သင်မှုအောက်တွင် ပုံသွင်းခဲ့ရသည်။ သေးနုပ်သောအကောင်းဟူသမျှကို နှစ်သက်ခဲ့သည်။ သူတို့သားသမီးများ၏ အကျင့်ဓလေ့များနှင့် စာရိတ္တများကို တစ်ကြိမ်ကရှိခဲ့ဖူးသောအခြေအနေအရ မဟုတ်ဘဲ ချမ်းသာခြင်းနှင့်အလိုလိုက်ခြင်းတည်းဟူသော လက်ရှိအခြေအနေ အရ ပုံသွင်းပေးကြလိမ့်မည်။ အဘက်ဘက်တွင် စည်းစိမ်ခံစားမှုများရှိသော ကြောင့် ယင်းစည်းစိမ်များကို သားသမီးတို့အားမပေးကမ်းဘဲ ဘယ်ကဲ့သို့ နေနိုင်အံ့သနည်း။

**သားသမီးတို့အတွက် မိဘတို့၏အကောင်းဆုံးသောအမွေအနှစ်**– မိဘများအနေဖြင့် သားသမီးများအတွက် ထားရစ်နိုင်ခဲ့သောအကောင်းဆုံး အမွေအနှစ်သည် အကျိုးပြုသောလုပ်ငန်းဆောင်ရွက်ခြင်းကိုသိကျွမ်းခြင်းနှင့် စေတနာသုံးတန်အခြေခံသောရက်ရောမှုနှင့် ပြည့်ဝသောဘဝအသက်တာ၏ ပုံသက်သေပြသခြင်းတို့ဖြစ်ပါသည်။ ယင်းကဲ့သို့သောဘဝအသက်တာမျိုး အားဖြင့် ကြေးငွေ၏တန်ဖိုးအစစ်ကိုလည်းကောင်း၊ ကောင်းကျိုးအတွက် သာ ယင်းဘဝအသက်တာမျိုးကိုနှစ်သက်သဘောကျခြင်းကိုလည်းကောင်း၊ သူတို့ကိုယ်တိုင်၏လိုအင်ဆန္ဒများနှင့် အခြားသောသူတို့၏လိုအပ်မှုများကို ပြည့်စုံစေမည်ဖြစ်ကြောင်းကိုလည်းကောင်း သူတို့သည်ပြသကြသည်။

———o———

## အခန်း ၆၄
# လုပ်ငန်းဆိုင်ရာရိုးသားမှု

**သမ္မာကျမ်းစာသည်လုပ်ငန်းဆိုင်ရာကျင့်စဉ်များ၏ပင်ရင်းဌာန**– မည်သည့်တရားဝင်အလုပ်အကိုင်မျိုးအတွက်ကိုမဆို သမ္မာကျမ်းစာကလိုအပ်သောပြင်ဆင်မှုကို မပြုလုပ်ဘဲမနေခဲ့ပေ။ သမ္မာကျမ်းစာကချမှတ်ထားသော ဝီရိယရှိခြင်း၊ ရိုးသားခြင်း၊ ချွေတာခြင်း၊ ခြိုးခြံခြင်းနှင့်စင်ကြယ်ခြင်းဆိုသော အခြေခံကျင့်စဉ်များသည် စစ်မှန်သောအောင်မြင်ခြင်း၏လျှို့ဝှက်မှုဖြစ်သည်။ သုတ္တံကျမ်းတွင်ရေးသားဖော်ပြထားသော ယင်းအခြေခံကျင့်စဉ်များသည် လက်တွေ့ပညာ၏ဘဏ္ဍာကြီးဖြစ်သည်။ ကုန်သည်ပွဲစားသော်လည်းကောင်း၊ လက်မှုပညာသည်လည်းကောင်း၊ မည့်သည့်လုပ်ငန်းဌာန၌မဆို လုပ်သားများကိုအုပ်ချုပ်ညွှန်ကြားရသောပုဂ္ဂိုလ်များသည် သူတို့အတွက်လည်းကောင်း သူတို့လုပ်သားများအတွက်လည်း ပညာရှင်ကြီးကပြောဆိုထားသောသုတ္တံစကားများတွင် ဖော်ပြပါရှိသောစကားပုံများထက် ပိုမိုကောင်းမွန်သော စကားပုံများကို အဘယ်မျာတွေ့ရှိနိုင်အံ့နည်း။

"ဆောင်ရွက်စရာအမှုကို ကြိုးစား၍ပြီးစီးစေတတ်သောသူရှိသလော။ ထိုသူသည် သာမညလူ၏အမှုကိုမဆောင်ရွက်၊ ရှင်ဘုရင်၏အမှုတော်ကို ဆောင်ရွက်ရ၏။"

"ကြိုးစား၍လုပ်လေရာရာ၌ကျေးဇူးရှိ၏။ စကားများခြင်းအကျိုးမူကား ဆင်းရဲခြင်းသက်သက်တည်း။"

"ပျင်းရိသောသူသည် အဘယ်အရာကိုမျှတောင့်တ၍မရတတ်။ လုံ့လဝီရိယပြုသောသူမူကား မိမိအလိုဆန္ဒပြည့်စုံရ၏။"

"သောက်ကြူးသောသူနှင့်စားကြူးသောသူသည် ဆင်းရဲခြင်းသို့ ရောက်လိမ့်မည်။ အိပ်ကြူးသောသဘောသည် လူကိုအဝတ်စုတ်နှင့်ခြုံတတ်၏။"

ကျမ်းစာထဲတွင်အကြိမ်ပေါင်းများစွာထပ်တလဲလဲပေးထားသော သတိပေးစကားများကို လိုက်နာကျင့်သုံးခြင်းအားဖြင့် မြောက်မြားစွာသော သူတို့သည် ငွေကြေးဆိုင်ရာဆုံးရှုံးမှုနှင့် စီးပွားရေးပျက်ပြားမှုများကို ရှောင်ရှား နိုင်ခဲ့မည်ဖြစ်သည်။

"ငွေရတတ်ခြင်းငှာအလျင်အမြန်ပြုသောသူကား အပြစ်နှင့် မလွတ်ရ။"

"လျှပ်ပေါ်ခြင်းအားဖြင့် ဥစ္စာသည်လျော့တတ်၏။ ကြိုးစားအားထုတ် ၍ဆည်းပူးသော သူ၏ဥစ္စာမူကား ပြန့်ပွားတတ်၏။"

"မုသားစကားများဖြင့် ဘဏ္ဍာကိုဆည်းပူးခြင်းအမှုသည် သေမင်း ကျော့ကွင်းတို့တွင် ပျောက်လွင့်သောအနတ္တဖြစ်၏။"

"ချေးငှားယူသောသူသည် ချေးငှားပေးသောသူ၌ကျွန်ဖြစ်၏။"

"အကျွမ်းမဝင်သောသူ၏အမှု၌ အာမခံသောသူသည် အလွန်နာ လိမ့်မည်။ လက်ဝါးချင်းရိုက်သောအမှုကို မုန်းသောသူမူကား စိုးရိမ်စရာ မရှိ။"

အဌမပညတ်က ခိုးဝှက်ခြင်းနှင့်လုယူခြင်းကို ပြစ်တင်ရှုတ်ချထား သည်။ ယင်းပညတ်က ဘဝအသက်တာဆိုင်ရာကိစ္စအဝဝတို့တွင် အသေး စိတ်အားဖြင့် လုံးဝသစ္စာရှိမှုကိုတောင်းဆိုထားသည်။ ၎င်းပြင် ယင်းပညတ်က ဘဝအသက်တာတွင်ကူးသန်းရောင်းဝယ်မှုနှင့်တင်စီးမှုကို ရှောင်ကြဉ်ရန်နှင့် တရားဝင်ကြွေးမြီများနှင့်လုပ်ခများကိုပေးရန် တိုက်တွန်းထားသည်။

**စိတ်နှလုံးနှင့်အကျင့်စာရိတ္တတို့သည် မရိုးသားမှုကြောင့်ယုတ်မာ လာခြင်း** – မုသားပြောဆိုခြင်း (သို့မဟုတ်) လိမ်လည်လှည့်ဖြားခြင်းကို ကျင့်သုံးသောသူသည် သူ့ကိုယ်ကိုအရိုအသေတန်အောင်လုပ်သောသူဖြစ် သည်။ ဘုရားသခင်သည် သူ့ကိုတွေ့မြင်တော်မူ၍ ရောင်းဝယ်ဖောက်ကား မှုပြုသမျှကို သိရှိတော်မူသည်ကိုလည်းကောင်း၊ သူ၏ဦးတည်ချက်များအား သန့်ရှင်းသောကောင်းကင်တမန်တို့သည် ချင့်ချိန်နေကြ၍ သူတို့ပြောဆိုသော စကားများကို နားထောင်နေကြသည်ကိုလည်းကောင်း၊ သူတို့ကိုယ်ကျင့်တရား

အတိုင်း အကျိုးအပြစ်ကိုခံစားရလိမ့်မည်ကိုလည်းကောင်း သူသည်သိချင်မှ သိပေမည်။ သို့ရာတွင် သူ့မှားယွင်းစွာလုပ်ဆောင်မှုကို ဘုရားနှင့်လူသား တို့မသိအောင် ထိမ်ဝှက်ထားနိုင်စေကာမူ ယင်းမှားယွင်းစွာလုပ်ဆောင်မှုကို သူကိုယ်တိုင်သိရှိခြင်းက သူ့စိတ်နှလုံးနှင့်အကျင့်စာရိတ္တတို့ကို ယုတ်မာလာ စေသည်။ အပြုအမူတစ်ခုတည်းက အကျင့်စာရိတ္တကိုအဆုံးအဖြတ်မပြုပေ။ သို့ရာတွင် ယင်းအပြုအမူသည် အကာအရံများကိုချိုးဖျက်ချ၍ နောက်ဆက် တွဲစုံစမ်းသွေးဆောင်ခြင်းကို ပိုမိုလွယ်ကူစွာလိုက်လျောသည့်အဆုံးတွင် ရောင်းဝယ်ဖောက်ကားပြုခြင်း၌ လီဆယ်ပြောဆိုလုပ်ကိုင်ခြင်းနှင့်မရိုးသားခြင်း တို့ကို ကျင့်သုံးလာသောကြောင့် ထိုသူသည် ယုံကြည်ကိုးစား၍ရသောသူ မဟုတ်တော့ပေ။

ကျွန်ုပ်တို့လူသားအချင်းချင်းအပေါ် စိုးစဉ်းမျှသောမရိုးသာမှုကျင့်သုံး ခြင်း (သို့မဟုတ်)မျက်နှာပြောင်တိုက်၍ လိမ်လည်ခြင်းပြုလုပ်သည့်နည်း အတိုင်း ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆက်ဆံကြလိမ့်မည်။ ရိုးသားမှုမရှိ သောလမ်းစဉ်ကို ခေါင်းမာစွာဆက်လက်ကျင့်သုံးသောသူတို့သည် သူတို့ ကိုယ်တိုင်၏စိတ်ဝိညာဉ်များကိုလိမ်လည်၍ ကောင်းကင်နှင့်ထာဝရအသက် ကိုဆုံးရှုံးရသည်တိုင်အောင် သူတို့၏ကျင့်စဉ်များကို အကောင်အထည်ဖော် ကြလိမ့်မည်။ သေးနုပ်သောလောကီဆိုင်ရာအကျိုးခံစားမှုအတွက် သူတို့ သည် ဂုဏ်သိက္ခာနှင့်ဘာသာအယူဝါဒကို အနစ်နာခံကြလိမ့်မည်ဖြစ်သည်။

**ကြွေးမြီကိုရှောင်ကြဉ်ပါ** – မြောက်မြားစွာသောမိသားစုတို့သည် ဆင်းရဲနွမ်းပါးခြင်းကိုရင်ဆိုင်နေရသောအကြောင်းမှာ သူတို့လက်ထဲသို့ငွေ ကြေးများရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် ခရီးရောက်မဆိုက်သုံးစွဲပစ် ကြသည်။

ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ကိုယ်ရေးကိုယ်တာကိစ္စများကို ကြွေးမြီ တင်အောင်စီစဉ်ဆောင်ရွက်ခြင်းမပြုသင့်ပေ။ ပုဂ္ဂိုလ်တစ်ဦးသည် ကြွေးမြီ တင်လျှင် စာတန်ကထောင်ထားသောထောင်ချောက်တစ်ခုထဲသို့ ရောက်ရှိ သွားသည်။

ငွေကြေးများမရရှိမီ ကိစ္စတစ်ခုခုအတွက် လမ်းလှမ်းမီရာမှကြေးငွေများဆွဲယူသုံးစွဲခြင်းသည် ထောင်ချောက်တစ်ခုဖြစ်သည်။

**ဝင်ငွေနှင့်မမျှအောင်အသုံးအစွဲကြီးသောသူအတွက်အကြံပေးချက်**– ငွေရေးကြေးရေးနှင့်ပတ်သက်၍ စိတ်မကောင်းစရာဖြစ်ရသောဘဝသို့ သင့်ကိုယ်တိုင်မတွန်းမပို့ပါနှင့်။ သင်၏ကြွေးမြီများတင်ရှိခြင်းက သင်၏ယုံကြည်ခြင်းကိုအားနည်းစေ၍ သင့်အားစိတ်အားငယ်စေသည်။ ယင်းကြွေးတင်သောအဖြစ်အပျက်ကိုစဉ်းစားမိခြင်းကပင် သင့်အားဒေါသပုန်ထသောဘဝသို့တွန်းပို့တတ်သည်။ သင်၏အသုံးစရိတ်များကိုလျှော့ပေါ့၍ ချို့တဲ့မှုကိုသင့်အကျင့်စာရိတ္တတွင် ဖြည့်ဆည်းပေးရန်ကြိုးပမ်းပါ။ သင့်ဝင်ငွေထက်ပိုမိုသုံးစွဲသောအကျင့်ကို ချိုးနှိမ်ချုပ်တည်းထားရန် သင်သည် စိတ်ပြဋ္ဌာန်းချက်ပြည့်ပြည့်ဝဝဖြင့်ကြိုးပမ်းပါ။

**ဘုရားသခင်၏အမှုတော်ကဲ့ရဲ့ပြစ်တင်ခံရနိုင်ခြင်း** – ကျမ်းစာအလိုတော်နှင့်အညီ လိုက်နာကျင့်သုံးကြသော ခရစ်ယာန်တို့၌ပြည့်မီစုံလင်သော ရိုးသားမှုရှိကြမည်ဟု လောကကြီးအနေဖြင့် မျှော်လင့်ခွင့်ရှိသည်။ ပုဂ္ဂိုလ်တစ်ဦး၏တရားဝင်ဆပ်ပေးရန်ရှိသော ကြေးငွေများကိုဆပ်ပေးရာတွင် ဂရုတစိုက်မရှိသောကြောင့် ကျွန်ုပ်တို့အားလုံးသည် ယုံကြည်စိတ်ချရသောသူများမဟုတ်ကြဟူ၍ အထင်ခံရမည့်အန္တရာယ်ကို ရင်ဆိုင်နေကြရသည်။

ဘုရားတရားမြဲသည်ဟုဆိုသောသူတို့သည် သူတို့လက်ခံယုံကြည်သောဩဝါဒကို ဦးထိပ်ထားရကြမည်။ သူတို့၏ဆင်ခြင်ထောက်ထားမှုမရှိသောအပြုအမူတို့ကြောင့် သမ္မာတရားအားပြက်ရယ်ပြုခွင့်မပေးသင့်ကြပေ။ တမန်တော်က "အဘယ်အကြွေးမျှမတင်စေနှင့်" ဟု ဆုံးမဩဝါဒပေးထားသည်။

**ကြွေးတင်သောပုဂ္ဂိုလ်အတွက်အကြံပေးချက်** – နောက်ထပ်ကြွေးမတင်စေရန် စိတ်ပိုင်းဖြတ်ထားပါ။ ကြွေးတင်ခံမည့်အစား အရာဝတ္ထုပေါင်းသောင်းခြောက်ထောင်ကို ဝယ်ယူသုံးစွဲခြင်းမပြုပါနှင့်။ ကြွေးတင်ခြင်းသည် သင့်အတွက် ကျိန်ခြင်းအမင်္ဂလာတစ်ရပ်ခြင်းဖြစ်နေခဲ့သည်။ သင်တို့သည်

ကြွေးတင်ခြင်းကို ကျောက်ကြီးရောဂါအားရှောင်ကြဉ်သကဲ့သို့ ရှောင်ရှားကြပါ။

ကိုယ်တော်၏ကောင်းချီးမင်္ဂလာအားဖြင့် သင်တို့သည် သင်တို့၏ကြွေးမြီများကိုဆပ်ပေး၍ ဆန်ပြုတ်ပင်စားသောက်မှီဝဲနေရစေကာမူ ကြွေးကင်းအောင်နေထိုင်ပါမည်ဟု ဘုရားသခင်နှင့်ပဋိညာဉ်ပြုလုပ်ထားပါ။ ဟင်းလျာများချက်ပြုတ်ရာတွင် ငွေပိုငွေလျှံများသုံးစွဲရန် လွယ်ကူလှပေသည်။ ပြားစေ့များကိုသတိရှိစွာဖြင့်သုံးစွဲလျှင် ကျပ်စေ့များက သူတို့ကိုယ်တိုင်ကိုသတိရှိစွာ ထိန်းသိမ်းထားကြလိမ့်မည်။ ဤနေရာတွင် ပြားစေ့၊ ထိုနေရာတွင် ပြားစေ့များကိုအလီလီသုံးစွဲခြင်းကြောင့် စုပေါင်းလိုက်လျှင် ကျပ်စေ့များဖြစ်လာကြသည်။ သင်တို့သည် ကြွေးမြီများတည်းဟူသော နံရံကြီးများ၏ဝိုင်းဝန်းကာရံထားမှုကိုခံရစဉ် မိမိကိုယ်ကိုငြင်းပယ်ကြပါ။ ဆိုင်းတွဖင့်နွှဲခြင်းမရှိပါနှင့်။ စိတ်အားမငယ်ပါစေနှင့်။ နောက်မဆုတ်ပါနှင့်။ သင်တို့၏လိုအင်ဆန္ဒကိုငြင်းပယ်ပါ။ ခံတွင်းအရသာ၏အလိုကိုမလိုက်ပါနှင့်။ ပြားစေ့များကိုစုဆောင်းထားပါ။ သင်တို့၏ကြွေးမြီများကိုဆပ်ပေးပါ။ ကြွေးမြီများကင်းဝေးနိုင်သလောက်ကင်းဝေးအောင်နေပါ။ သင်တို့သည် ကြေးငွေများမှလွတ်ကင်းလာသည်နှင့်တစ်ပြိုင်နက်၊ ဘယ်သူ့ကိုယ်မှကြွေးဆပ်စရာမရှိသည်နှင့်တစ်ပြိုင်နက် သင်တို့သည် ကြီးမားသောအောင်မြင်မှုကို ရရှိပြီးဖြစ်ကြလိမ့်မည်။

**ကံကောင်းအကြောင်းမလှသောကြွေးမြီများ (သို့မဟုတ်) ကြွေးတင်သောသူတို့အပေါ်စာနာမှုပြပါ** – အချို့သောသူတို့သည် ကြွေးတင်၍ သူတို့၏ကြွေးဆပ်ရမည့်တာဝန်ကို အမှန်တကယ်ထမ်းဆောင်နိုင်စွမ်းမရှိလျှင် သူတို့မထမ်းနိုင်သောတာဝန်ကို အဓမ္မမထမ်းဆောင်ပါစေနှင့်။ သူတို့အားအခါအခွင့်ပေးသောအခါ သူတို့၏ကြွေးဆပ်ရမည့်တာဝန်ကို ထမ်းဆောင်ခွင့်ပေးခြင်းအားဖြင့် သူတို့အားကြွေးမြီများကို လုံးဝပေးဆပ်ခြင်းမပြုနိုင်သောအခြေအနေသို့ တွန်းပို့ခြင်းကိုရှောင်ကြဉ်ပါ။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် တရားမျှတမှုဟုယူဆနိုင်သော်လည်း ယင်းသည် ဘုရားသခင်၏ကရုဏာတော်နှင့်မေတ္တာတော်မဟုတ်ပေ။

**တစ်ဖက်စွန်းရောက်သောအခြေအနေများတွင်ရှိသောအန္တရာယ်**– အချို့သောသူတို့သည် ဆင်ခြင်တိုင်းကွာခြင်းမရှိဘဲ ရှောင်ကွင်းနိုင်သော ကြွေးမြီများကို တင်အောင်ပြုလုပ်ကြသည်။ အခြားသောသူတို့မှာ ယုံကြည်မှုကင်းသောသတိဝီရိယရှိပုံမျိုးကို ကျင့်သုံးကြသည်။ ကျွန်ုပ်တို့သည် အခြေအနေအခွင့်ကောင်းကိုယူ၍ ဘုရားသခင်၏အမှုတော်ကို ကျစ်လျစ်ခိုင်မာစေသည်သာမက ကြီးပွားတိုးတက်စေလျက် မှန်ကန်သောအခြေခံကျင့်ဝတ်များနှင့်လည်း လုံးဝညီလျော်သောအရင်းအနှီးမြှုပ်နှံမှုများကို ပြုလုပ်နိုင်ကြသည်။

---o---

## အခန်း ၆၅
# နောင်ရေးအတွက်ပြင်ဆင်ချက်

**အိုးအိမ်ပိုင်ဆိုင်ခြင်းနှင့်စုဆောင်းခြင်းတစ်ဖက်တွင် အသုံးဖွာသောအကျင့်ဓလေ့များ** – ဦးဘီတို့ဇနီးမောင်နှံသည် ချွေတာရေးဆိုင်ရာကိစ္စများကို သိကျွမ်းခြင်းမရှိကြပေ။ သူတို့သည် ရသမျှဝင်ငွေများကို အားလုံးသုံးဖြုန်းပစ်ကြသည်။ သူတို့သည် ပျော်ပျော်နေသေခဲဆိုသောထုံးကိုနှလုံးသွင်း၍ စားသောက်နေထိုင်ကြရာ အကျပ်အတည်းကိုရင်ဆိုင်ရကြသောအခါ သူတို့၌လိုအပ်သောပြင်ဆင်မှုမရှိကြပေ။ ဦးဘီတို့ဇနီးမောင်နှံသည် ချွေတာသုံးစွဲမှုကိုကျင့်သုံး၍ မိမိတို့၏လိုအင်ဆန္ဒများကိုငြင်းပယ်ခဲ့လျှင် သူတို့သည် ယခုအချိန်အကျပ်အတည်းကိုရင်ဆိုင်ရမည့်အစား အိမ်ပိုင်ယာပိုင်ဖြစ်နေမည်သာမက လိုနေသောအချိန်သုံးငွေများကိုလည်း ထုတ်ယူသုံးစွဲရန်စုဆောင်းထားပြီးဖြစ်လိမ့်မည်။

သို့ရာတွင် သူတို့တစ်ခါတစ်ရံအားကိုးအားထားပြုခဲ့သောသူများပြုလုပ်ခဲ့သည့်အတိုင်း သူတို့သည် ချွေတာသုံးစွဲရေးလမ်းစဉ်ကို ကျင့်သုံးခဲ့ခြင်းမရှိကြပေ။ အကယ်၍သူတို့သည် ဤချွေတာရေးသင်ခန်းစာများကိုသင်ကြားရန် လျစ်လျူရှုနေလျှင် သခင်ဘုရားသည်း၏နေ့ရက်ရောက်သောအခါ သူတို့၏အကျင့်စာရိတ္တများသည် စုံလင်ခြင်းရှိကြမည်မဟုတ်ပေ။

**ဤအကြံပေးချက်သည် သင့်အတွက်အထောက်အကူပြုနိုင်ပါသည်။** – တစ်ခါတစ်ရံ သင့်အားတစ်ကြိမ်တည်းနှင့် များစွာသောအမြတ်အစွမ်းများရရှိခဲ့သော ရောင်းဝယ်ဖော်ကကားမှုလုပ်ငန်းတွင် သင်သည်လုပ်ကိုင်ခဲ့လေပြီ။ သင်သည် ကြေးငွေများရရှိပြီးနောက် ထိုမျှလောက်လွယ်ကူစွာကြေးငွေများမရနိုင်သော အချိန်အခါမျိုးရှိတတ်သည်ကိုအကြောင်းပြု၍ သင်ရရှိထားသောကြေးငွေများကို ချွေတာသုံးစွဲခြင်းမပြုဘဲ စိတ်ကူးအားဖြင့် လိုချင်သမျှကိုဝယ်ယူခြင်းအားဖြင့် ကြေးငွေများကိုဖြုန်းတီးပစ်ကြသည်။ သင်နှင့်သင့်ဇနီးတို့သည် သင်တို့၏လိုအင်ဆန္ဒများကိုငြင်းပယ်၍ အနာဂတ်ကာလ

အတွက် ကြေးငွေများကိုစုဆောင်းထားရန်တာဝန်ကို သင်တို့အားဘုရားသခင် အပ်နှင်းထားတော်မူသည်ကို သင်တို့သိရှိကြသည်။ ပစ္စုပ္ပန်ခေတ်ကာလ အတွက်သာ အသက်ရှင်မည့်အစား စုစုဆောင်းဆောင်းထားရှိခဲ့လျှင် ယခု အခါတွင် သင်တို့သည် မတောင့်မတမကြောင့်မကြဖြစ်နေမည်သာမက သင်တို့အိမ်ထောင်သည် ဘဝအသက်တာ၏သက်သောင့်သက်သာရှိမှုနှင့် ပြည့်ဝနေကြမည်။ သင်တို့သည် သင်ခန်းစာယူတတ်ကြရမည်။ ၎င်းသင်ခန်းစာ မှာ နည်းနည်းနှင့်ကြဲကြဲဝိုင်းတတ်ခြင်းဖြစ်ပါသည်။

**စနစ်တကျစုဆောင်းသင့်သောအိမ်ထောင်သို့** – သင်သည် ချွေတာသုံးစွဲရေးစနစ်ကိုကျင့်သုံးခဲ့လျှင် ယခုအခါတွင် အရေးပေါ်ကိစ္စအတွက် အသုံးပြုရန်လည်းကောင်း၊ ဘုရားသခင်၏အမှုတော်ကိုထောက်ပံ့ရန်လည်း ကောင်း သင့်ကိုလက်ထဲ၌ငွေအရင်းအနှီးများရှိနေစေမည်ဖြစ်သည်။ အပတ် စဉ်သင်ရရှိသောအခကြေးငွေများထဲမှ တစ်ပိုင်းတစ်စကိုသိမ်းဆည်းထား၍ အမှန်မုချသုံးစွဲရန်လိုအပ်သောအခါ၌ အလှူငွေအနေဖြင့် ခပ်သိမ်းသောဆု ကျေးဇူးများကို ပေးကမ်းတော်မူသောကျေးဇူးရှင်သခင်ဘုရားအား ပြန်လည် လှူဒါန်းသောအခါမျိုးတို့မှအပ ၎င်းသိမ်းဆည်းထားသောကြေးငွေများကို အလျှင်းသုံးစွဲခြင်းမပြုသင့်ပေ။

အကယ်၍ သင်သည် နာဖျားမကျန်းဖြစ်၍ သင့်မိသားစုအတွက် ကြေးငွေများမယူဆောင်လာနိုင်သောအခါမျိုး၌ သုံးစွဲရန်လက်ထဲ၌စုဆောင်း ထားသောကြေးငွေများမရှိဘဲနေရလောက်အောင် သင်သည် သင်ရရှိခဲ့သော ကြေးငွေများကို ဉာဏ်အမြော်အမြင်ရှိစွာဖြင့်လည်းကောင်း၊ ချွေတာစွာဖြင့်လည်း ကောင်း သုံးစွဲခြင်းမပြုခဲ့ပေ။ သင်သည် အကျပ်အတည်ဖြစ်သောအခါမျိုး ကိုရင်ဆိုင်ရသောအချိန်တွင် သင့်အိမ်ထောင်သားများ အားကိုးအားထားပြု နိုင်သော ကြေးငွေများကိုစုဆောင်းထားပြီးဖြစ်စေသင့်သည်။

**ကြေးငွေများစုဆောင်းထားသင့်ကြောင့် အခြားအိမ်ထောင်တစ်စု အားအကြံပေးချက်** – နာဖျားမကျန်းဖြစ်သောအချိန်မဟုတ်ဘဲ သုံးစွဲခြင်း လုံးဝမပြုရမည့်ကြေးငွေငါးကျပ်ဖြစ်စေ၊ တစ်ဆယ်ကျပ်ဖြစ်စေ လုံခြုံသော

နေရာတွင် အပတ်စဉ်စုဆောင်းထားသင့်သည်။ စုဆောင်းထားသောကြေးငွေကိုတိုးပွားလာစေရန် အတိုးပေးသောငွေစုဆောင်းရေးဌာနများတွင် ထည့်သွင်းထားနိုင်သည်။ လိမ္မာစွာချင့်ချိန်လုပ်ကိုင်ခြင်းအားဖြင့် အကြွေးများပေးဆပ်ပြီးသည့်နောက် သင်သည် တတ်နိုင်သမျှကိုစုဆောင်းထားနိုင်သည်။

ကျွန်ုပ်သိရှိဖူးသောအိမ်ထောင်တစ်ခုသည်တစ်ပတ်လျှင် သူတို့ရရှိသောကျပ်တစ်ရာခြောက်ဆယ်ကို တစ်ပြားမကျန်အကုန်သုံးစွဲပစ်သည်။ မိသားစုဦးရေချင်းတူသော အခြားအိမ်ထောင်တစ်ခုသည် တစ်ပတ်လျှင်ကျပ်ငွေကိုးဆယ်ထဲမှရှစ်ကျပ် (သို့မဟုတ်) ဆယ့်ခြောက်ကျပ်မျှကိုစုဆောင်းနိုင်သောအကြောင်းမှာ လိုအပ်ဟန်လက္ခဏာရှိသော်လည်း မရှိလျှင်ဖြစ်နိုင်သောအရာဝတ္ထုများကို ဝယ်ယူခြင်းမပြုဘဲနေသောကြောင့်ဖြစ်သည်။

**သင့်လျော်သောသေတမ်းစာအားဖြင့် ပစ္စည်းများကိုလုံခြုံမှုရှိအောင်ပြုလုပ်ထားပါ** – ဘုရားသခင်ပေးသနားတော်မူသော ကြေးငွေများ၏သစ္စာရှိသောဘဏ္ဍာစိုးများသည် သူတို့၏အလုပ်အကိုင်များ အဘယ်အခြေအနေ၌ရှိနေသည်ကို သိရှိကြမည်ဖြစ်ပြီး ပညာရှိကြီးများကဲ့သို့ သူတို့သည် မည်သည့်အရေးပေါ်ကိစ္စအတွက်မဆို ရင်ဆိုင်ရန်အသင့်ဖြစ်နေမည်။ သူတို့၏စုံစမ်းရာကာလသည် ရုပ်တရက်ပိတ်သွားခဲ့သည်ရှိသော် သူတို့ကိုယ်ပိုင်ပစ္စည်းများနှင့်ပတ်သက်၍ ဖြေရှင်းပေးရန်တာဝန်ပေးခံရသောသူတို့အတွက် ရှုပ်ရှုပ်ထွေးထွေးဖြစ်စရာလိုမည်မဟုတ်ပေ။

အများသောသူတို့သည် သူတို့၏ကျန်းမာရေးကောင်းမွန်နေချိန်တွင် သေတမ်းစာများကြိုတင်ရေးထားရန် စိတ်ကူးထဲပင်မထည့်တတ်ကြပေ။ သို့ရာတွင် ခရစ်ယာန်ညီအစ်ကိုမောင်နှမတို့အနေဖြင့် ဤကိစ္စကိုလေးစားစွာဆောင်ရွက်သင့်ကြပေသည်။ သူတို့ပိုင်ကြေးငွေသည် အဘယ်အခြေအနေ၌ရပ်တည်နေသည်ကို သူတို့သိသင့်၍ သူတို့၏အလုပ်အကိုင်များရှုပ်ထွေးလာသောအခြေအနေသို့ မရောက်ရှိသင့်ပေ။ သူတို့ပိုင်ပစ္စည်းများကို အချိန်အခါမရွေးထားရစ်ခဲ့နိုင်လောက်အောင် အစီအစဉ်များပြုလုပ်ထားသင့်ပေသည်။

သေတမ်းစာများကို ဥပဒေ၏လိုအပ်ချက်နှင့်မဆန့်ကျင့်စေရန်အတွက် ရေးဆွဲထားရမည်။ ၎င်းတို့ရေးဆွဲပြီးနောက် အကယ်၍အမှုတော်အတွက် လိုအပ်သမျှအလှူတော်ငွေများ ရုံဖန်ရုံခါဆက်လက်၍ လှူဒါန်းပေးကမ်းနေလျှင် ၎င်းတို့သည် ဘေးအန္တရာယ်မပြုဘဲ နှစ်ပရိစ္ဆေဒပေါင်းမြောက်မြားစွာရပ်တည်နေမည်။ ညီအစ်ကိုတို့ ၎င်းသေတမ်းစာကိုရေးဆွဲထားမှုကြောင့် ကာယကံရှင်သည် စောစောအနိစ္စရောက်သွားမည်မဟုတ်ပေ။ သေတမ်းစာများရေးဆွဲထားခြင်းအားဖြင့် သင့်ကိုယ်ပိုင်ပစ္စည်းများကိုလွှဲပြောင်းခွဲဝေပေးရာတွင် ဘုရားသခင်၏အလှူတော်အတွက်လည်း လှူဒါန်းရန်မမေ့လျော့ပါနှင့်။ သင်သည် ကိုယ်တော်ရှင်၏ကိုယ်စာလှယ်အနေဖြင့် ကိုယ်တော်ရှင်၏ပစ္စည်းထိန်းဖြစ်သည်။ ထိုကြောင့် ကိုယ်တော်ရှင်၏တောင်းဆိုတော်မူချက်များကို ဦးစားပေးဆောင်ရွက်သင့်ပေသည်။ ဇနီးနှင့်သားသမီးများအား ဆင်းရဲနွမ်းပါးသောအခြေအနေ၌မရှိစေရ။ သူတို့သည် ဆင်းရဲနွမ်းပါးဖြစ်နေလျှင် သူတို့အားကူညီထောက်ပံ့ရမည်။ သို့ရာတွင် ထုံးတမ်းစဉ်လာအရဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးခြင်းမရှိသောဆွေမျိုးများကို တသီတတန်းကြီးသေတမ်းစာထဲတွင် ဖော်ပြထားခြင်းမပြုရ။

**အသက်ရှင်နေချိန်တွင် ဘုရားသခင်၏အမှုတော်ကိုမမေ့ပါနှင့်**– ဘဝအသက်တာတစ်လျှောက်လုံးတွင် ပစ္စည်းဥစ္စာများကိုစုဆောင်း၍သေဆုံးသောအခါ ၎င်းပစ္စည်းတချို့တစ်ဝက်ကို ပရဟိတလုပ်ငန်းတစ်ခုခုအတွက် အမွေအနှစ်အနေဖြင့်လှူဒါန်းလျှင် ခရစ်တော်၏စိတ်တော်နှင့်တွေ့မည်ဟု မည်သူမျှမယူဆပါစေနှင့်။

အချို့သောသူတို့သည် သူတို့၏အသက်ရှင်နေချိန်တွင် အတ္တစိတ်အပြည့်အဝဖြင့် သူတို့၏ကြေးငွေများကိုသိမ်းဆည်းထားကာ သူတို့၏သေတမ်းစာများပြုလုပ်ကြသောအခါမှသာ လှူဒါန်းရန်သတိရခြင်းအားဖြင့် သူတို့၏ပျက်ကွက်မှုများကို အစားပြန်ထိုးနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။ သို့ရာတွင် ၎င်းနည်းအားဖြင့်ပေးခဲ့သောအမွေအနှစ်များ၏ထက်ဝက်မျှသော ကြေးငွေများပင်သတ်မှတ်ထားသောရည်စူးချက်ကို အကျိုးမပြုပေ။ ညီအစ်ကိုမောင်နှမ

တို့၊ ကောင်းကင်ဘဏ်တိုက်တွင် သင်တို့ကိုယ်အရင်းအနှီးထည့်သွင်းထား ကြပါ။ သင်တို့၏ဘဏ္ဍာစိုးအရာများကို အခြားသောသူတို့၏ပခုံးပေါ်လွှဲပြောင်း ခြင်းမပြုပါလေနှင့်။

**ဘဏ္ဍာစိုးအရာကို သားသမီးတို့အားလွှဲပြောင်းပေးခြင်းသည် လျော်ကန်မှုမရှိပေ** – သားသမီးတို့သည် ဘုရားသခင်၏အမှုတော်ကို သူတို့၏မိဘများထက် ဆတက်ထမ်းပိုးတိုး၍စိတ်ဝင်စားမှု၊ ပိုမိုမြတ်နိုးမှုနှင့် ပိုမိုလေးစားမှုရှိကြသည်ကိုလည်းကောင်း၊ ဤသားသမီးတို့သည် ဘုရားသခင် ၏အမှုတော်ကို ရှေ့သို့တိုးချဲ့ဆောင်ရွက်မှုနှင့်ပတ်သက်၍ ပိုမိုစိတ်အား ထက်သန်၍ ပိုမိုအင်တိုက်အားတိုက်ရှိလျက် ကြေးငွေလိုအပ်နေသောအလုပ် အကိုင်များကို ရှေ့သို့တိုးချဲ့ဆောင်ရွက်ရတွင်လည်း ရက်ရောစွာပေးကမ်း လှူဒါန်းကြမည့်သူများဖြစ်ကြသည်ကိုလည်းကောင်း ယုံကြည်စိတ်ချလောက် သောအထောက်အထားမရှိဘဲနှင့် သူတို့လက်သို့ဘုရားသခင်အပ်နှင်းထား တော်မူသောကြေးငွေများကို သူတို့သားသမီးများအားလွှဲပြောင်းပေးခြင်းကို မိဘတို့သည် သူတို့၏ကြေးငွေများကို သူတို့၏သားသမီးများလက်သို့အပ် ခြင်းအားဖြင့် သူတို့ဆောင်ရွက်ရမည့်ဘဏ္ဍာစိုးတာဝန်ကို မိဘတို့သည် သားသမီးတို့အားပခုံးပြောင်းပေးကြရာတွင် သူတို့သည် စာတန်၏စေခိုင်း ချက်ကို လိုက်လျောဆောင်ရွက်ကြလေသည်။ ၎င်းကဲ့သို့ပြုလုပ်ခြင်းအားဖြင့် သူတို့၏ကြေးငွေများကို ရန်သူ၏လက်ထဲသို့ ထိထိရောက်ရောက်ထားရှိ လိုက်ခြင်းဖြစ်သည်။ ၎င်းကိစ္စကိုဆောင်ရွက်ရာတွင် စာတန်၏ရည်စူးချက် မှာ ဘုရားသခင်၏အမှုတော်က လိုအပ်နေသောကြေးငွေများကိုဟန့်တား ထား၍ သူ့အဖျက်လုပ်ငန်းအတွက် ထောက်ပံ့ကြေးမြောက်မြားစွာရရှိရန် ဖြစ်သည်။

**စုဆောင်းသိုလှောင်ထားသောစည်းစိမ်ဥစ္စာ၏အမင်္ဂလာ** – စုဆောင်း ထားရန်အတွက် စည်းစိမ်ဥစ္စာကိုရှာဖွေသောသူတို့သည် သားသမီးများကို သူတို့၏စည်းစိမ်ဥစ္စာ၏အမင်္ဂလာကို သူတို့၏သားသမီးများသို့ လက်ဆင့်

ကမ်းကြသည်။ ၎င်းကဲ့သို့ပြုလုပ်ခြင်းသည် မိဘနှစ်ပါးတို့အတွက် အလွန်ကြောက်မက်ဖွယ်ကောင်းသောဒုစရိုက်ဝိညာဉ်ကို ဖျက်ဆီးသောဒုစရိုက်ဖြစ်၍ ၎င်းဒုစရိုက်သည် သားစဉ်မြေးဆက်သို့သက်ဆင်းသွားသည်။ အများအားဖြင့် သားသမီးတို့မိဘတို့ထံမှရရှိလိုက်သောကြေးငွေများကို သုံးဖြုန်းပစ်ကြပြီးသည့်နောက် အဆုံးတွင် တောင်းစားရသောသူတို့ဘဝသို့ အတင်းသက်ဆင်းကြလေတော့သည်။ သူတို့သည် သူတို့ဖြုန်းတီးပစ်သောအမွေအနှစ်၏တန်ဖိုးကို မသိရှိကြပေ။ အကယ်၍ သူတို့၏မိဘတို့သည် သူတို့ကောင်းသော၊ သင့်လျော်သောပုံသက်သေကိုပြသခဲ့လျှင် (သို့မဟုတ်) စုဆောင်းသို့လှောင်ခြင်းမဟုတ်ဘဲ သူတစ်ပါးတို့အားဝေငပေးကမ်းလှူဒါန်းခဲ့လျှင်၊ သူတို့သည် ကောင်းကင်ဥ္စဘဏ္ဍာကိုစုဆောင်းထားပြီးဖြစ်လျှင် ဤကမ္ဘာမြေကြီးပေါ်မှာပင် ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းကိုရရှိ၍ တမလွန်ဘဝတွင် ထာဝရစည်းစိမ်နှင့်ချမ်းသာမှုကို ပြန်လည်ရရှိကြမည်ဖြစ်သည်။

---ooo---

အပိုင်း (၁၄)

# ဝိညာဉ်သို့ရောက်ရှိရာလမ်းများကိုစောင့်ကြပ်ခြင်း

## အခန်း ၆၆
# ကျွန်ုပ်တို့စောင့်ကြပ်ရမည့်တံခါးဝများ

**မျက်စိများ၊ နားရွက်များနှင့်စကားပြောတတ်ခြင်းများကို ကျွန်ုပ်တို့အားဘာကြောင့်ဘုရားသခင်ကပေးထားခြင်း** – တရားတော်၌အံ့ဖွယ်သောအရာတို့ကိုမြင်နိုင်စေရန် ဘုရားသခင်သည် လူသားတို့အား မျက်စိကို ပေးထားတော်မူသည်။ အသက်ရှိသောဓမ္မဆရာကတစ်ဆင့် ဟောပြောသော ကိုယ်တော်ရှင်၏သတင်းစကားများကိုနားထောင်စေရန် သူတို့ကိုယ်တိုင်ကြားနိုင်သော နားရွက်များကိုပေးထားတော်မူသည်။ အပြစ်ဒုစရိုက်ကိုဖြေလွှတ်တော်မူသောကယ်တင်ရှင်အနေဖြင့် ခရစ်တော်ကိုပြည်သူအများလူတကာတို့အားတင်ပြနိုင်စေရန် စကားပြောနိုင်သောစွမ်းရည်ကို ပေးထားတော်မူသည်။ စိတ်နှလုံးအားဖြင့် လူသည် ဖြောင့်မတ်ခြင်းတရားကိုယုံကြည်၍ ပါးစပ်အားဖြင့် ကယ်တင်ခြင်းသို့ပို့ဆောင်ပေးသော အပြစ်ဝန်ချတောင်းပန်ခြင်းကို ပြုသည်။

**စာတန်သည် ဝိညာဉ်ထဲသို့ဘယ်ပုံဘယ်နည်းဝင်ရောက်ခြင်း–** စာတန်သည် အာရုံခြောက်ပါးတို့ကို အောင်မြင်နိုင်နင်းခြင်းမရှိစေရန် ၎င်းတို့ကိုစောင့်ကြပ်ထားသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအာရုံခြောက်ပါးတို့သည် ဝိညာဉ်တော်တံခါးဝများဖြစ်သည်။

သင်တို့၏စိတ်ကိုချုပ်တည်းထားလိုလျှင်လည်းကောင်း၊ သင့်ဝိညာဉ်သည် ဝါကြွား၍ညစ်ညမ်းသောအတွေးအခေါ်များဖြင့် စွန်းကွက်ခြင်းမှကာကွယ်လိုလျှင်လည်းကောင်း သင်၏မျက်စိများ၊ နားရွက်များနှင့်သင့်အာရုံရှိသမျှတို့ကို သစ္စာရှိစွာစောင့်ကြပ်ထားရမည်။ ဤအလိုရှိဆုံးသောအလုပ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကျေးဇူးတော်၏တန်ခိုးတည်းသာတတ်နိုင်သည်။

သတိပေးချက်များ၊ နှိုးဆော်တိုက်တွန်းချက်များနှင့်ဆုံးမခြင်းတို့ကို ကြားနာခြင်းမရှိစေရန် အာရုံအားလုံးတို့အား ထုံထိုင်းနေစေသောအခြေအနေ

မျိုးဖြုန်းတီးပေးရန် စာတန်နှင့်သူ၏ကောင်းကင်တမန်တို့သည် အလုပ်များ လျက်ရှိကြသည်။ (သို့မဟုတ်) အကယ်၍ ၎င်းသတိပေးချက်များကို လူတို့ သည်ကြားနာလျှင်လည်း ကြားရသမျှသည် စိတ်နှလုံး၌အမြစ်မစွဲဘဲ ဘဝ အသက်တော်ကိုလည်း ပြုပြင်ပေးမည်မဟုတ်ပေ။

ညီအစ်ကိုတို့၊ ကိုယ်တော်ရှင်၏တပည့်တော်များအနေဖြင့် အလင်း ၌လျှောက်လိုက်ရန် ဘုရားသခင်သည် သင်တို့အားခေါ်တော်မူသည်။ သင်တို့ အားသတိပေးနှိုးဆော်ရန်လိုအပ်နေသည်။ ကျွန်ုပ်တို့ထဲတွင် အပြစ်ဒုစရိုက် သည် သွားလာလှုပ်ရှားနေ၍ အမြင်အားဖြင့် ၎င်းသည်အပြစ်ရှိဟန်မတူပေ။ ခံတွင်းအလိုလိုက်၍ အပြစ်ဒုစရိုက်နှင့်သင့်နေသောကြောင့် အာရုံတို့သည် ထုံထိုင်းလျက်ရှိကြသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံနှင့်ပိုမိုနီးကပ်စွာ ရောက်ရှိနေရန် ရှေ့သို့ချီတက်သွားရန်လိုအပ်ပေသည်။

**စာတန်၏ပရိယာယ်သည် အာရုံများကိုရှုပ်ထွေးစေရန်ဖြစ်သည်** – စာတန်၏အလုပ်သည် လူသားတို့အား ဘုရားသခင်ကိုလျစ်လျူရှုစေရန်နှင့် ဘုရားသခင်အား သူတို့၏စိတ်ကူးဉာဏ်များတွင် လုံးဝမထည့်စေရန် သူတို့ ၏စိတ်နှလုံးများကို အခြားသောတွေးခေါ်မှုအားဖြင့် ပြည့်နှက်နေအောင် ပြုလုပ်ခြင်းဖြစ်သည်။ သူတို့သင်ကြားရရှိခဲ့သောပညာရေးသည် စိတ်နှလုံး ကိုရှုပ်ထွေးစေ၍ မှန်ကန်သောအလင်းရောင်ကို တိမ်ဖုံးသွားစေသည်။ လူသား တို့အနေဖြင့် ဘုရားသခင်ကိုသိကျွမ်းစေရန် စာတန်သည်အလိုမရှိပေ။ သူလူသားတို့၏ဘေးပတ်လည်တွင် လင်းရောင်ခြည်ထွန်းတောက်နေချိန်တွင် သူတို့သည် မှောင်မိုက်၌ပျက်စီးစေလောက်အောင် အားကစားမှုများနှင့်ကဇာတ်၊ ပြဇာတ်တို့ဖြင့် လူငယ်လူရွယ်တို့၏အာရုံများကိုရှုပ်ထွေးနေစေရန် သူပြုလုပ် နိုင်လျှင် စာတန်သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သည်။

**ကျွန်ုပ်တို့သဘောမတူဘဲစာတန်စိတ်တွင်းသို့မဝင်နိုင်ပေ** – ကျွန်ုပ် တို့မခံနိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို ကျွန်ုပ်တို့၌ရောက်စိမ့်သောငှာ ဘုရားသခင်သည် အခွင့်ပေးတော်မမူကြောင်း၊ ကျွန်ုပ်တို့ခံနိုင်မည့်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်းကိုလည်း စီရင်

ပြုပြင်ပေးတော်မူမည်ဖြစ်ကြောင်းတို့ကို ကျွန်ုပ်တို့သည် လူတို့အားတင်ပြရကြမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် လုံးလုံးလျားလျားအသက်ရှင်ကြလျှင် ကျွန်ုပ်တို့သည် အတ္တရေးရာများကိုစိတ်ကူးစေရန် ကျွန်ုပ်တို့၏စိတ်နှလုံးများကို ခွင့်ပြုကြမည်မဟုတ်ပေ။

စိတ်တွင်းသို့ချင်းနင်းဝင်ရောက်ရန် နည်းလမ်းတစ်ခုခုရှိလျှင် စာတန်သည် သူ့တောပင်များကိုကြီးမားသောရိတ်သိမ်းပွဲကြီးကျင်းပနိုင်ချိန်အထိ စိုက်ပျိုးပေါက်ရောက်စေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လိုလိုလားလား စိတ်နှလုံးတံခါးကိုဖွင့်၍ စာတန်အားဝင်လာရန်ခေါ်ဖိတ်ခြင်းမပြုလျှင် သူသည် ကျွန်ုပ်တို့၏စိတ်ကူးဉာဏ်များ၊ အပြောအဆိုများနှင့်အပြုအမူများအပေါ် ဘယ်နည်းနှင့်မျှစိုးမိုးနိုင်လိမ့်မည်မဟုတ်ပေ။

**စုံစမ်းသွေးဆောင်သူမဝင်နိုင်စေရန် တံခါးဝတိုင်းကိုပိတ်ထားပါ** – ခရစ်တော်၏တပည့်တော်မှန်သမျှတို့သည် စောင့်မျှော်ဆုတောင်းလျက် ဝိညာဉ်၏တံခါးဝရှိသမျှကို ပိတ်ထားရမည်။ အဘယ်ကြောင့်ဆိုသော် စာတန်သည် အနည်းငယ်သောအခွင့်အရေးရသည်နှင့်တစ်ပြိုင်နက် ညစ်ညမ်းစေမည့် လုပ်ရပ်နှင့်အဖျက်လုပ်ငန်းများကို လုပ်ကိုင်ရန်စောင့်စားလျက်ရှိသည်။

စာတန်၏သွေးဆောင်မှုများကိုလိုက်လျောခြင်းအားဖြင့် ကျွန်ုပ်တို့ရိတ်သိမ်းရမည့်အကျိုးကျေးဇူးများကို ရေတွက်ရန်ကြိုးပမ်းခြင်းသည် အန္တရာယ်များသောလုပ်ငန်းမျိုးဖြစ်သည်။ အပြစ်ကိုကျူးလွန်သောသူတိုင်းအား အပြစ်ဒုစရိုက်သည် ဂုဏ်ယုတ်ညှံ့စေခြင်းနှင့်ပျက်စီးခြင်းဆိုသောအမိပ္ပါယ်ကို ဆောင်သည်။ သို့ရာတွင် အပြစ်ဒုစရိုက်၏သဘာဝသည် စက္ခုအာရုံကို တိမ်သလ္လာဖုံးအုပ်စေ၍ လိမ်လည်လှည့်ဖြားပြီးလျှင် ၎င်းသည် မြှောက်ထိုးပင့်ကော်ပြောဆိုမှုအားဖြင့် ကျွန်ုပ်တို့အားသွေးဆောင်လိမ့်မည်။ ကျွန်ုပ်တို့သည် စာတန်၏သွေးဆောင်ရာနယ်မြေထဲသို့ အရဲစွန့်သွားလျှင် သူ့အာဏာစက်ကွင်းမှကာကွယ်ထားပေမည်ဟူသော ကတိပြုထားချက်မရှိပေ။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ထံသို့ စုံစမ်းသွေးဆောင်သောသူရောက်ရှိလာနိုင်သော လမ်းရှိသမျှတို့ကို ပိတ်ဆို့ထားရမည်။

စုံစမ်းသွေးဆောင်ခြင်းခံရသောအချိန်ကလေးတွင် မှားယွင်းသော ခြေလှမ်းတစ်လှမ်းကို ရေးကြီးသုတ်ပျာလှမ်းမိခြင်းအားဖြင့် ကြောက်ဖွယ် သောအကျိုးသက်ရောက်မှုများရှိမည်မရှိမည်ကို ဘယ်သူအတပ်ပြောနိုင်သနည်း။ ကျွန်ုပ်တို့အတွက် တစ်ခုတည်းသောလုံခြုံမှုမှာ ကျွန်ုပ်တို့သည် အပြစ်ကို ကျင့်ကောင်းသီလ၊ ကျင့်ကောင်းသီလကိုအပြစ်ဟုခေါ်ဆိုကြရလောက်အောင် ကျွန်ုပ်တို့၏ဝိညာဉ်ရေးဆိုင်ရာ စက္ခုနှစ်ကွင်း၏အလင်းကို မှေးမှိန်ဖုံးအုပ် သွားအောင်ပြုလုပ်ခြင်းမဟုတ်ဘဲ မိနစ်တိုင်းကျွန်ုပ်တို့သည် ဘုရားသခင်၏ ကာကွယ်ထားမှုကိုရရှိခြင်းဖြစ်သည်။

ခရစ်ယာန်တိုင်းသည် အမြဲတမ်းတသိဖြင့်ရပ်တည်လျက် စာတန် ချင်းနင်းဝင်ရောက်နိုင်သောတံခါးဝများကို စောင့်ကြပ်ပိတ်ဆို့ထားရမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ကူညီမစမှုကိုတောင်းခံ၍ တစ်ချိန်တည်း မှာပင် အပြစ်ဒုစရိုက်ကျူးလွန်လိုသောဆန္ဒတိုင်းကို ဖိနှိပ်တွန်းလှန်ပစ်ရမည်။ ရဲစွမ်းသတ္တိရှိရှိဖြင့်လည်းကောင်း၊ ယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ဖွဲလုံ့လ ဖြင့်လည်းကောင်း သူသည်အောင်ပွဲကိုဆင်နွှဲနိုင်သည်။ သို့ရာတွင် အောင်ပန်း ဆွတ်ခူးသွားနိုင်ရန်အတွက် သူသည် ခရစ်တော်၌ရပ်တည်၍ ခရစ်တော်သည် သူ့၌ရပ်တည်ရမည်ကို သတိပြုပါစေ။

**အပြစ်ဒုစရိုက်ကိုဖတ်ခြင်း၊ ကြည့်ရှုခြင်း (သို့မဟုတ်) နားထောင် ခြင်းကိုရှောင်ကြဉ်ပါ** – တားမြစ်ပိတ်ပင်ထားသောအကြောင်းအရာများနှင့် ပတ်သက်၍ စိတ်လေလွင့်လျက် လေယူရာတိမ်းခြင်း (သို့မဟုတ်) သေးသိမ် သောအကြောင်းအရာများအပေါ် စိတ်အာရုံစူးစိုက်မှုကိုရှောင်ကြဉ်ရန် ဘယ်မျှ လောက်အရေးပါအရာရောက်ကြောင်းကို တပည့်တော်များအားဆုံးမသြဝါဒ ပေးရန် တမန်တော်ပေတရုသည် ဘယ်မျှလောက်ကြိုးပမ်းခဲ့ပြီနည်း။ စာတန် ပရိယာယ်များ၏လှည့်ဖြားခြင်းမှကင်းလွတ်လိုသောသူတို့သည် ဝိညာဉ်၏ တံခါးဝရှိသမျှတို့ကို ကောင်းမွန်စွာစောင့်ကြပ်ထားရမည်။ ဆိုးညစ်ယုတ်ညံ့ သောစိတ်ကူးများသို့ ပို့ဆောင်ပေးသောစာဖတ်ခြင်း၊ ကြည့်ရှုတွေ့မြင်ခြင်း (သို့မဟုတ်) နားထောင်ခြင်းတို့ကို ရှောင်ကြဉ်ရမည်။ ဝိညာဉ်တော်၏ရန်သူက

လမ်းခင်းပေးသောအကြောင်းအရာတိုင်းအပေါ် မတော်တဆပင် စိတ်ကူးဉာဏ် မသက်ရောက်စေရ။ စိတ်နှလုံးကိုသစ္စာရှိစွာစောင့်ထိန်းထားရမည်။ သို့မဟုတ်လျှင် ပြင်ပလောကကြီး၌ရှိသော အပြစ်ဒုစရိုက်တို့သည် စိတ်နှလုံးအတွင်း၌ မကောင်းမှုဒုစရိုက်များနိုးကြားထကြွစေ၍ စိတ်ဝိညာဉ်သည် မှောင်မိုက်၌လေလွင့်နေမည်ဖြစ်သည်။

ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့၏သားသမီးတို့အား ကမ္ဘာလောကကြီးထဲ၌ လိုက်နာကျင့်သုံးနေသောအပြစ်ဒုစရိုက်များကို မတွေ့မြင်ရသောနေရာ၌ထားရှိရန် ပြုဖွယ်ရှိသမျှကိုပြုလုပ်ရမည်ဖြစ်သည်။ ဤကြောက်မက်ဖွယ်သောအရာတို့သည် ကျွန်ုပ်တို့၏စိတ်ထဲသို့မဝင်နိုင်စေရန် ကျွန်ုပ်တို့၏စက္ခုအာရုံမျက်စိနှင့်သဒ္ဒါရုံ (နား) တို့ကို သေချာစွာစောင့်ထိန်းထားရကြမည်။ နေ့စဉ်ထုတ်သတင်းစာသည် ကျွန်ုပ်တို့၏နေအိမ်သို့ရောက်ရှိလာသောအခါ ရယ်ဖွယ်ကောင်းပြီး စိတ်ချုပ်တည်းနိုင်စွမ်းမရှိ၍ ချောက်ချားတုန်လှုပ်စေသောသတင်းများကိုမတွေ့မြင်စေရန် ကျွန်ုပ်သည် ၎င်းသတင်းစာကိုမဖတ်ဘဲ ဝှက်ထားလိုသောစိတ်မျိုးပေါ်ပေါက်ခဲ့သည်။ သတင်းစာများထဲ၌ဖော်ပြပါရှိသောအရာများတို့ကို ပုံနှိပ်ထုတ်ဝေသောနောက်ကွယ်တွင် ရန်သူ၏ပယောဂအများဆုံးပါဟန်လက္ခဏာရှိသည်။ တွေ့ရှိနိုင်သမျှသောဒုစရိုက်လုပ်ငန်းဟူသမျှကိုထုတ်ဖော်၍ ကမ္ဘာလောကကြီးရှေ့ဝယ် အထုတ်ဖြေပြထားသည်။

ဘုရားသခင်၏အထံတော်မှဆင်းသက်သောဉာဏ်ပညာကို လိုအင်ဆန္ဒရှိသောသူတို့သည် ဉာဏ်ပညာဖြင့်ပြည့်စုံသောသူများဖြစ်လာစေရန် ယခုခေတ်အပြစ်များသောအသိပညာမျိုးတွင် ထုံအသောသူများဖြစ်ရကြမည်။ အဆိုးဟူသမျှကိုမတွေ့မြင်မသင်ကြားမိစေရန် သူတို့မျက်စိများကိုစုံမှိတ်ထားရမည်။ အဆိုးကိုနားဖြင့်ကြား၍ သူတို့၏ဖြူစင်သန့်ရှင်းသော အတွေးအခေါ်များနှင့်အပြုအမူများကို မစွန်းမကွက်စေရန် သူတို့၏နားရွက်များကိုပိတ်ထားသင့်ကြပေသည်။ ညစ်ညူးသောစကားကို မပြောမိစေခြင်းငှာလည်းကောင်း၊

သူတို့၏နှုတ်၌ မှုသားမရှိစေခြင်းငှာလည်းကောင်း သူတို့၏လျှာများကို ကောင်းမွန်စွာထိန်းသိမ်းထားအပ်ပေသည်။

**တံခါးကိုဖွင့်ပေးခြင်းအားဖြင့် ခုခံနိုင်သောစွမ်းအင်ယုတ်လျော့သွားသည်** – တောင်စွန်သောဖျားနှင့်အနီးကပ်ဆုံးလျှောက်သွားလျက် ဘေးကင်းပါသည်ဟုမဆိုပါနှင့်။ အန္တရာယ်များကို ပထမဆုံးအနီးကပ်ခြင်းကိုရှောက်ကြဉ်ပါ။ ဝိညာဉ်ဆိုင်ရာရေးရာများကို ပေါ့ဆစွာကိုင်တွယ်ခြင်းမပြုပါနှင့်။ သင့်အရင်းအနှီးသည် စာရိတ္တဖြစ်သည်။ ရွှေဘဏ္ဍာကိုယုယစွာသိမ်းဆည်းခြင်းပြုသကဲ့သို့ စာရိတ္တကိုထိန်းသိမ်းကာကွယ်ပါ။ စာရိတ္တဖြူစင်ခြင်း၊ ကိုယ့်ကိုကိုယ်လေးစားခြင်း၊ တွန်းလှန်ခြင်းပြုနိုင်သော ခွန်အားသတ္တိတို့ကို ကျစ်လျစ်ခိုင်မာစွာတစ်သက်ပတ်လုံး ထိန်းသိမ်းထားရမည်။ တိမ်းစောင်းခြင်းဆို၍လုံးဝမရှိစေရ။ အပြစ်နှင့်အရောတဝင်ပြုခြင်း၊ ဉာဏ်ပညာကင်းမဲ့စွာပြုလုပ်ခြင်းတို့သည် စုံစမ်းသွေးဆောင်ခြင်းတို့ကိုဖိတ်ခေါ်ရန် ဝိညာဉ်အားဘေးမကင်းသောအခြေအနေသို့တွန်းပို့ပေး၍ ခုခံတွန်းလှန်နိုင်သောစွမ်းအင်သည် ယုတ်လျော့သွားလိမ့်မည်။

**အနာဂတ်ကာလ၏ဝမ်းမြောက်ခြင်းတို့ကို စာတန်ကတိမ်ဖုံးစေလိမ့်မည်** – အနာဂတ်ကာလ၏ဝမ်းမြောက်ခြင်းများကို တိမ်ဖုံးထား၍ ဤဘဝအသက်တာဆိုင်ရာများကိုသာ အာရုံပြုကြစေရန် စာတန်သည် အမြဲတစေကြိုးပမ်းလျက်ရှိသည်။ ကျွန်ုပ်တို့သည် ထာဝရကာလဆိုင်ရာအမှန်တရားကို တွေ့မြင်သိနားလည်ခြင်းမရှိလောက်အောင် ကျွန်ုပ်တို့အား ဤလောကီရေးရာများကိုသာအာရုံပြု၍ လုပ်ကိုင်ဆောင်ရွက်စေရန် စာတန်သည် ခပ်သိမ်းသောအမှုကိစ္စများကို ဖန်တီးထားဖို့အမြဲတစေကြိုးပမ်းခဲ့သည်။ သူ့ဖန်တီးထားမှုကြောင့် ကျွန်ုပ်တို့၏စိတ်ကူးများနှင့်စွဲလမ်းခြင်းများတွင် ကမ္ဘာလောကကြီးနှင့်၎င်းဆိုင်ရာပူပန်သောကများတို့သည် အလွန်အမင်းကြီးမားသောနေရာယူထား၍ ယေရှုရှင်နှင့်ကောင်းကင်ဆိုင်ရာရေးရာများသည် ကျဉ်းမြောင်းသေးငယ်သောနေရာ၌သာ တည်ရှိနေသည်။ ကျွန်ုပ်တို့နေ့စဉ်ဘဝအသက်တာ၏တာဝန်များကို ဖြောင့်မှန်စွာလုပ်ကိုင်ဆောင်ရွက်ရမည်။ သို့ရာတွင် ခပ်သိမ်း

သောအရာထက် ခရစ်တော်ယေရှုအပေါ်ရှိသေမြတ်နိုးသောစိတ်ကို မွေးမြူဖွံ့ဖြိုးစေရန်လည်း လိုအပ်လှပေသည်။

**ကောင်းကင်တမန်များသည် ကျွန်ုပ်တို့အားကူညီကြမည်**– မျက်မြင်ကိုယ်တွေ့မဟုတ်သော ကောင်းကင်တမန်များနှင့်နတ်ဆိုးနှစ်မျိုးစလုံးသည် ကျွန်ုပ်တို့၏စိတ်ကိုချုပ်ကိုင်ထားရန် ကြိုးပမ်းလျက်ရှိသည်ကို ကျွန်ုပ်တို့ဘယ်အခါမျှမမေ့အပ်ပေ။ သူတို့၏ဆောင်ရွက်နေမှုကို မျက်မြင်ကိုယ်တွေ့မဖြစ်စေကာမူ သူတို့သည် မဆုတ်မနစ်အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိသည်။ ကောင်းသောကောင်းကင်တမန်တို့သည် စေလွှတ်တော်မူသောအစေခံနံဝိညာဉ်များဖြစ်၍ စိတ်နှလုံးများအပေါ်သို့ ကောင်းကင်ဆိုင်ရာဩဇာသက်ရောက်မှုဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်လျက် ဝိညာဉ်များ၏ရန်သူဖြစ်သောမာရ်နတ်နှင့် သူ့တပည့်အပေါင်းတို့သည် ကျွန်ုပ်တို့ပျက်စီးရာပျက်စီးကြောင်းအတွက် အမြဲတစေဆောင်ရွက်လျက်ရှိကြသည်။

မျက်မြင်ကိုယ်တွေ့မဖြစ်သောရန်သူတို့၏တိုက်ခိုက်မှုများကို ကျွန်ုပ်တို့ခံနေရသည်ဆိုသော အသိစိတ်ဓာတ်ကိုထားရှိလျက် ကျွန်ုပ်တို့၏အလိုတူခြင်းမရှိဘဲ ကျွန်ုပ်တို့အား ၎င်းရန်သူများဘေးမပြုနိုင်သည်ကို ကျွန်ုပ်တို့သည် စိတ်ချနိုင်ကြသည်။

---o---

## အခန်း ၆၇
# သွေးဆောင်သောမြင်ကွင်းများနှင့်အသံဗလံများ

**ကျွန်ုပ်တို့ပတ်လည်၌ရှိသော ဒုစရိုက်မြင်ကွင်းများနှင့်အသံဗလံများ** – ရှေ့သို့ခြေလှမ်းတိုင်းစုံစမ်းသွေးဆောင်ခြင်းများကို ရင်ဆိုင်ရမည့် သင်တို့၏သားသမီးများအားသတိပေးရန် သင်တို့မိဘများ၌ ကြီးလေးသော တာဝန်ရှိသည်။ သင်တို့သားသမီးများသည် ဆိုးရွားသောအပေါင်းအသင်းများကို ရှောင်ကြဉ်ရန်ခဲယဉ်းလေသည်။ သူတို့သည် မြင်ကွင်းများကိုတွေ့မြင်ကြရ၍ အသံဗလံများကြားရပြီးလျှင် အကျင့်စာရိတ္တများကိုပျက်ပြားစေသည်သာမက ၎င်းတို့ကိုလုံးဝကာကွယ်မတားဆီးထားလျှင် မသိမသာဖြစ်သော်လည်း မုချစိတ်နှလုံးကိုညစ်ညမ်းစေ၍ အကျင့်ဖောက်ပြန်စေသောသြဇာသက်ရောက်မှုများ၏ဒဏ်ကို ခံရလိမ့်မည်။

**စုံစမ်းသွေးဆောင်မှုကိုတားဆီးမည့်အကွယ်အကာအားလုံးလိုအပ်ခြင်း** – ခရစ်ယာန်အိမ်ထောင်များတွင် စုံစမ်းသွေးဆောင်ခြင်းအတွက် အကာအကွယ်ကိုပါဆောက်လုပ်ထားသင့်ပေသည်။ ရာဇဝတ်မှုနှင့်ယုတ်ညံ့သောမကောင်းမှုဒုစရိုက်ကို လူကြိုက်များစေရန်ပြုလုပ်ဖို့ စာတန်သည် နည်းအမျိုးစုံဖြင့်အသုံးပြုလျက်ရှိသည်။ ကျွန်ုပ်တို့မြို့ကြီးပြကြီးများ၏အချို့သောအဆောက်အအုံများပေါ်တွင် ဝတ္ထုစာအုပ်ထဲ၌ဖော်ပြပါရှိသော ရာဇဝတ်မှုတစ်ခုကို သရုပ်ဖော်ကားချပ်ကြီးများတွင် ကူးဆွဲချိန်ဆွဲထားပါသည်။ ၎င်းဇာတ်လမ်းကို ဇာတ်ရုံတစ်ရုံတွင်ကပြမည်ဖြစ်ကြောင်း ကြော်ငြာထားလေသည်။ အပြစ်ဒုစရိုက်နှင့်ရင်းနှီးမှုရှိစေရန် စိတ်ကိုပညာပေးသည်။ ယုတ်ညံ့သိမ်ဖျင်းသောသူတို့လိုက်နာကျင့်သုံးသောလမ်းစဉ်ကို လူထုအားထုတ်ဝေဖြန့်ချိထားသောစာစောင်များတွင်တင်ပြထားလျက် တပ်မက်သောစိတ်တို့ကိုလှုံ့ဆော်ပေးသောအဖြစ်အပျက်များကို စိတ်တက်ကြွစေသောပုံဝတ္ထုတို့တွင် ရေးသားဖော်ပြထားကြသည်။

အချို့သောမိခင်ဖခင်တို့သည် ဂရုတစိုက်မရှိ၊ အရေးမယူအမှုမထားသောကြောင့် သူတို့၏သားသမီးများသည် ဘုရားကျောင်းများကိုလည်းကောင်း၊ စာသင်ကျောင်းများကိုလည်းကောင်း တက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ ဘယ်ကဲ့သို့မျှအကြောင်းမထူးဟု ယူဆကြသည်။ သူတို့ကပြောဆိုသေးသည်မှာ "ကျွန်ုပ်တို့တစ်တွေဟာ လောကကြီးထဲမှာကျင်လည်နေတဲ့လောကီသားတွေပဲ၊ အဲဒီအထဲကဘယ်လိုလုပ်ပြီးထွက်ရပ်လမ်းကိုရှာရမှာလဲ" သို့ရာတွင် မိဘတို့၊ ကျွန်ုပ်တို့သည်အလိုရှိလျှင် ဤလောကကြီးထဲမှထွက်ရပ်လမ်းကောင်းကို ရရှိနိုင်ပါသည်။ ယခုခေတ်ကဲ့သို့ နောက်ဆုံးကာလတွင် များပြားလျက်ရှိသောမကောင်းမှုဒုစရိုက်များ မတွေ့မြင်ရဘဲရှောင်ကြဉ်နိုင်ကြပါသည်။ များပြားစွာပေါ်ပေါက်လျက်ရှိသောမကောင်းမှုဒုစရိုက်များအကြောင်းကိုလည်းကောင်း၊ ကြားရခြင်းကိုလည်းကောင်း ရှောင်ကြဉ်နိုင်ပါသည်။

**တရားဥပဒေမျိုးစေ့ကိုစိုက်ပျိုးလျှင် ရာဇဝတ်မှုသီးနှံများကိုရိတ်သိမ်းရမည်** – ယခုခေတ်လူသိများသောစာပေများသည် လူငယလူရွယ်တို့အား မကောင်းမှုဒုစရိုက်များကို လိုက်နာကျင့်သုံးရန်အတွက် ပညာပေးသည်သာမက ပျက်စီးရာလမ်းထဲသို့တွန်းပို့ပေးသော စိတ်တတ်ကြွဖွယ်သော ပုံဝတ္ထုဇာတ်လမ်းများဖြင့် ပြည့်နှက်လျက်ရှိပါသည်။ ကလေးသူငယ်များသည် အသက်အရွယ်အားဖြင့် ငယ်ရွယ်သေးသော်လည်း ပြစ်မှုကျူးလွန်သောကိစ္စများကိုသိကျွမ်းရာတွင် ဝါရင့်သူများဖြစ်ကြပါသည်။ သူတို့ဖတ်ရှုရသောဝတ္ထုဇာတ်လမ်းများက မကောင်းမှုဒုစရိုက်ကိုကျူးလွန်ရန် တိုက်တွန်းပေးသည်။ ပြစ်မှုကျူးလွန်ရာတွင်သူတို့သည် ဘယ်မျှလောက်လက်သံပြောင်၍ ပြစ်ဒဏ်ပေးခြင်းကိုရှောင်ရှားရာတွင်လည်း မည်မျှကျွမ်းကျင်နိုင်သည်ကို တွေ့မြင်ရသည်တိုင်အောင် သရုပ်သကန်ပေါ်အောင်ရေးသားထားသောလုပ်ရပ်များကို စိတ်ကူးအားဖြင့်အကောင်အထည်ဖော်ကြည့်ကြသည်။

တက်ကြွလှုပ်ရှားသောစိတ်မျိုးရှိသည့်ကလေးများနှင့် လူငယလူရွယ်တို့အတွက် အနာဂတ်ကာလ၏စိတ်ကူးအားဖြင့် ဖော်ပြလိုက်သောမြင်ကွင်းများသည် တကယ့်အဖြစ်အပျက်များဖြစ်နေသည်။ ပုန်ကန်တော်လှန်မှုများ

ကိုကြိုတင်ပြောထား၍ တိုင်းပြည်၏စည်းမျဉ်းဥပဒေများနှင့် ကိုယ်ကိုကိုယ် ချုပ်တည်းမှုတို့ကို ဖြိုခွဲဖျက်ဆီးစေသောလုပ်ရပ်များကို ဖော်ထုတ်ရာတွင် ၎င်းသရုပ်ဆောင်မှုတို့သည် အများသောသူတို့စိတ်ထဲတွင် စွဲမြဲနေစေတတ်သည်။ ၎င်းစိတ်တက်ကြွအောင်ရေးသားထားသောစာရေးဆရာတို့က ဖော်ပြထားသောဇာတ်လမ်းဇာတ်ကွက်ထက် တတ်နိုင်လျှင်ပိုမိုဆိုးရွားသောပြစ်မှုများကိုပင် ကျူးလွန်စေလေသည်။ ယင်းကဲ့သို့သြဇာသက်ရောက်မှုများ၏ ပယောဂကြောင့် လူ့အဖွဲ့အစည်းသသည် စည်းမဲ့ကမ်းမဲ့ဖြစ်လာသည်။ ဥပဒေမဲ့လုပ်ရပ်တို့သည် ကျယ်ပြန့်လာသည်။ ဆိုးကျိုးသက်ရောက်မှုသည် တားမြစ်မှုများတည်းဟူသော သီးနှံရိတ်သိမ်းရခြင်းသည် ဘယ်သူအတွက်မျှအံ့ဖွယ်မဟုတ်ပေ။

**လူကြိုက်များသောတေးဂီတ၏ဆွဲဆောင်မှု** – သမ္မာတရားကို ယုံကြည်ကြသည်ဆိုသော လူငယ်လူရွယ်တို့၏သိမ်ဖျင်းသေးနုပ်သောပျော်ရွှင်မှုကို လိုက်စားနေကြသည်ကို နေရာတကာတွင်တွေ့မြင်ရသောအခါ ကျွန်ုပ်သည် များစွာတုန်လှုပ်ချောက်ချားမိသည်။ သူတို့၏စိတ်ကူးဉာဏ်ထဲတွင် ဘုရားသခင်ရှိဟန်မတူပေ။ သူတို့၏စိတ်များတို့သည်သိမ်ဖျင်း၍ အထူးအဓိပ္ပါယ်ကင်းမဲ့သောအကြောင်းအရာများဖြင့် ပြည့်နှက်လျက်ရှိသည်။ သူတို့၏နှုတ်များမှထွက်ပေါ်လာသောစကားများသည် ပေါ့ပျက်၍အနှစ်သာရမရှိဘဲ ဝါကြွားမှုများဖြင့်ရောပြွမ်းနေသော အသုံးအနှုန်းများသာဖြစ်သည်။ သူတို့သည် တေးဂီတကိုများစွာစုံမက်သည်။ ထို့ကြောင့် သူတို့သည် ခရစ်တော်ကိုမလိုလားစေရန် သူတို့စိတ်တက်ကြွစေဖို့ စိတ်စောနေဖို့နှင့်စွဲလမ်းနေစေရန် ဘယ်ကဲ့သို့လှုံ့ဆော်ရမည်ကို စာတန်သည်သိရှိသည်။ သူတို့သည်ကား ဘုရားသခင်နှင့်ပတ်သက်၍ အသိပညာတိုးပွားရန်အတွက်လည်းကောင်း၊ ကျေးဇူးတော်၌ကြီးထွားရင့်သန်ရန်အတွက်လည်းကောင်း ဝိညာဉ်ရေးဆိုင်ရာမျှော်ကိုးချက်သည် ပျောက်ကွယ်သွားလေသည်။

လူငယ်လူရွယ်တို့သည် သာ၍မြင့်မြတ်သောစိတ်ထားကို မွေးမြူ၍ သူတို့၏တိုင်ပင်ဖော်တိုင်ပင်ဖက်နှင့် လမ်းပြပို့ဆောင်သူအနေဖြင့်

ဘုရားသခင်၏နှုတ်ကပတ်တော်ကို လက်ခံရကြမည်ဖြစ်ကြောင်း ကျွန်ုပ်အား ရူပါရုံတွင်ပြတော်မူပြီ။ လူငယ်များအနေဖြင့် မထီမလေးစားပြုသည့် ကြီးလေးသောတာဝန်များသည် သူတို့အပေါ်၌တည်နေပါသည်။ သူတို့၏အိမ်ဂေဟာများထဲသို့သွတ်သွင်းလာသော တေးဂီတများသည် သန့်ရှင်းခြင်းနှင့်ဝိညာဉ်ရေးဆိုင်ရာတိုးတက်မှုအတွက် အထောက်အကူပြုမည့်အစား သူတို့၏အာရုံကို သမ္မာတရားမှလွှဲဖယ်ပစ်လေသည်။ သေးနုပ်သိမ်ဖျင်းသောသီချင်းများနှင့် ခေတ်မီတေးဂီတမျိုးကို သူတို့နှစ်သက်ကြသည်။ ဆုတောင်းပတ္ထနာပြုရမည့်အချိန်ကို တေးဂီတမှုတ်ခြင်းဖြင့်အသုံးပြုကြသည်။ အလွဲသုံးစားပြုခြင်းမခံရသောတေးဂီတသည် မင်္ဂလာကြီးတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ၎င်းသည် အလွဲသုံးစားအပြုမခံရသောအခါ ကြောက်မက်ဖွယ်ကောင်းသော အမင်္ဂလာကြီးတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏လိုအပ်မှုများကို စိတ်နှိမ့်ချစွာတောင်းလျှောက်နေချိန်တွင် ၎င်းအပြင်ကျယ်လောင်သောငိုကြွေးခြင်းမျက်ရည်များကျဆင်းလျက် မာရ်နတ်၏အင်းအားကြီးမားသောစုံစမ်းသွေးဆောင်ခြင်းများကို ကြံ့ကြံ့ခိုင်ခံ့စွာကာကွယ်နိုင်ရန်အတွက် ကောင်းကင်ဆိုင်ရာအစွမ်းသတ္တိကိုစောင့်ရှောက်နေချိန်တွင် ကျေးဇူးတော်ပလ္လင်တော်၌သာ ခရစ်ယာန်များရရှိနိုင်သောခွန်အားနှင့်ရဲစွမ်းသတ္တိကို ၎င်းတေးဂီတကမပေးဘဲ စိတ်တက်ကြွမှုကိုသာဖန်တီးပေးသည်။ စာတန်သည် သူဖမ်းဆီးထားသောလူငယ်သို့ပန်းကို ဦးဆောင်လျက်ရှိသည်။ သူတို့အား မကောင်းမှုကိုစွဲလမ်းစေသောတန်ခိုးကို ချိုးဖျက်ဖြိုခွဲပစ်ရန် ကျွန်ုပ်သည် သူတို့အားဘယ်ကဲ့သို့သောစကားကို ဆိုနိုင်ပါအံ့နည်း။ စာတန်သည် အလွန်ကျွမ်းကျင်သည့်ပြုစားတတ်သောသူဖြစ်သည်အတိုင်း သူတို့ကိုဖျက်ဆီးရာလမ်းထဲသို့ သွတ်သွင်းထားသည်။

**ညစ်ညမ်းယုတ်မာသောစိတ်ကူးများသည် ညစ်ညမ်းယုတ်မာသောအပြုအမူများကိုကျူးလွန်စေသည်** – ယခုခေတ်သည် နေရာတကာတွင် ညစ်ညမ်းယုတ်မာမှုရေပန်းစားနေသောခေတ်ဖြစ်သည်။ မျက်စိဖြင့်တွေ့မြင်ခြင်းကလည်းကောင်း၊ စာပေများကိုဖတ်ခြင်းကလည်းကောင်း၊ မျက်စိတပ်မက်ခြင်းနှင့်ညစ်ညမ်းသောတပ်မက်ခြင်းတို့ကို ဖန်တီးပေးသည်။

စိတ်ကူးယဉ်ခြင်းအားဖြင့် စိတ်နှလုံးသည် ညစ်ညမ်းလာသည်။ ညစ်ညမ်းဆိုးယုတ်သောတပ်မက်ခြင်းများကို လှုံ့ဆော်ပေးသောမြင်ကွင်းများကိုအာရုံပြုရန် စိတ်နှလုံးသည်နှစ်သက်လာသည်။ ညစ်ညမ်းသောစိတ်ကူးယဉ်မှုမှတစ်ဆင့်တွေ့မြင်ရသော ၎င်းစက်ဆုပ်ဖွယ်သောရုပ်ပုံများသည် အကျင့်သီလကိုညစ်ညမ်းပျက်ပြားစေပြီး မကောင်းမှုကိုစွဲလမ်းတပ်မက်၍ လှည့်ဖြားမှုခံရသောလူသားတို့အား ကိလေသာတပ်မက်ခြင်းများကိုလိုက်စားရန် ပြင်ဆင်ပေးလေသည်။ ထိုနောက် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်တညီတည်းဖန်ဆင်းထားသောလူသတ္တဝါတို့အား သားရဲတိရစ္ဆာန်တို့၏အဆင့်အတန်းသို့ဆွဲချသောအပြစ်ဒုစရိုက်များနှင့်ပြစ်မှုများကို ကျူးလွန်စေသည်အဆုံးတွင်ပျက်စီးခြင်း၏နွံတွင်းသို့ သက်ဆင်းစေလေသည်။

**ဆိုးယုတ်သောအရာကိုကျွန်ုပ်မတွေ့မြင်ပါ** – သူတို့၏သားသမီးတို့သည် ဘုရားသခင်အားအာရုံပြုခြင်းကင်းမဲ့သွားခြင်းမဖြစ်စေရန် မိဘတို့သည် မပြတ်သောလုံ့လဖြင့် စောင့်ကြည့်နေအပ်ကြသည်။ ဆာလံ ၁၀၁ ၌၊ မှတ်တမ်းတင်ထားသော ဒါဝိဒ်မင်း၏ကတိသစ္စာပြုထားချက်သည် အိမ်ထောင်၏ဩဇာသက်ရောက်မှုများကို ကာကွယ်စောင့်ထိန်းရသောတာဝန်ကိုထိမ်းဆောင်နေရသောသူတို့အားလုံး၏ကတိသစ္စာဖြစ်သင့်ပေသည်။ ဆာလံဆရာကပြောထားသည်မှာ "အဓမ္မအမှုအရာကို မျက်မှောက်မပြုပါ။ လမ်းလွှဲသောသူ၏အမှုကိုရွံရှာသည်ဖြစ်၍ ငါ၌မမှီမကပ်ရ၊ သဘောကောက်သောသူသည် ငါ့ထံမှထွက်သွားရမည်။ မကောင်းသောသူနှင့်ငါမပေါင်းဖော်။ မိမိအိမ်နီးချင်း၏အသရေကိုတိတ်ဆိတ်စွာဖျက်သောသူကို ငါပယ်ဖြတ်မည်။ မျက်နှာထောင်လွှား၍ စိတ်မြင့်သောသူကိုသည်းမခံ၊ သစ္စာရှိသောပြည်သားတို့သည် ငါ့ထံမှာနေမည်အကြောင်း သူတို့ကိုငါကြည့်ရှုမည်။ စုံလင်သောတရား၌ကျင်လည်သောသူသည် ငါ၏အမှုကိုဆောင်ရွက်ရမည်။ လှည့်စားတတ်သောသူမူကား ငါ့အိမ်၌မနေရ။ မုသားစကားကိုပြောတတ်သောသူသည်လည်း ငါ့မျက်မှောက်၌အခွင့်မရှိရ။ ဆိုးသောအမှုကိုပြုသောသူအပေါင်း

တို့ကို ထာဝရဘုရား၏မြို့တော်မှပယ်ဖြတ်မည်အကြောင်း မတရားသော
ပြည်သားရှိသမျှတို့ကို စောစောဖျက်ဆီးလေအံ့သတည်း။"

ခိုင်မာတည်တံ့စွာဤကဲ့သို့ပြောဆိုပါ။ "ကျွန်ုပ်အားအကျိုးမပြုသည့်
အပြစ် အခြားသောသူတို့အတွက်ဆောင်ရွက်ပေးနိုင်စွမ်းကို အညွန့်တုံးစေ
သောစာပေများကိုဖတ်ခြင်းအားဖြင့် ကျွန်ုပ်၏တန်ဖိုးရှိလှသောအချိန်များကို
ဖြုန်းတီးပစ်မည်မဟုတ်ပါ။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်
သင့်လျော်သောအရည်အချင်းကိုရရှိစေဖို့ ကျွန်ုပ်၏အချိန်နှင့်စိတ်ကူးဉာဏ်
များကို အသုံးပြုပါမည်။ ယုတ်ညံ့သေးသိမ်၍ အပြစ်မကင်းသောအရာများ
ကိုမကြည့်ဘဲ ကျွန်ုပ်၏မျက်စိများကိုပိတ်ထားပါမည်။ ကျွန်ုပ်တို့၏နားရွက်
များကို ဘုရားသခင်ပိုင်ဆိုင်တော်မူ၏။ ထို့ကြောင့် ရန်သူ၏ပါးနပ်လိမ္မာ
သောအတွေးအခေါ်များကို ကျွန်ုပ်သည်နားမထောင်ပါ။ ဘုရားသခင်ဝိညာဉ်
တော်၏စိုးမိုးမှုနှင့်ကင်းလွတ်သောလုပ်ရပ်ဆန္ဒမျိုးကို ကျွန်ုပ်သည် ဘယ်နည်း
နှင့်မျှလိုက်လျောမည်မဟုတ်ပါ။ ကျွန်ုပ်၏ကိုယ်ခန္ဓာသည် ဘုရားသခင်၏
ဝိညာဉ်တော်ဗိမာန်ဖြစ်၍ ကျွန်ုပ်၏စွမ်းရည်ရှိသမျှကို ထိုက်တန်သောအလုပ်
အကိုင်များသာလုပ်ကိုင်ရန် ကျွန်ုပ်၏ကိုယ်ခန္ဓာကိုဆက်ကပ်ထားပါမည်။

---o---

## အခန်း ၆၈
## စာဖတ်ခြင်းနှင့် ၎င်း၏ဩဇာသက်ရောက်မှု

**ကလေးသူငယ်တို့၏စိတ်ကိုသင့်တင့်လျော်ကန်သောအစာများကျွေးပါ** – ခံယူတတ်၍တိုးချဲ့လျက်ရှိသောကလေးသူငယ်၏စိတ်သည် အသိပညာကိုတောင့်တလျက်ရှိသည်။ သူတို့သားသမီးများ၏စိတ်များကို သင့်မြတ်လျော်ကန်သောအစာများကျွေးနိုင်ရန် မိဘတို့သည် အသိပညာဖြင့်ကြွယ်ဝသောသူများဖြစ်ရန် ကြိုးပမ်းသင့်ပေသည်။ ကိုယ်ခန္ဓာကဲ့သို့စိတ်သည် မိမိရရှိနေသောအစာမှခွန်အားကိုရရှိသည်။ ၎င်းသည် စင်ကြယ်၍ခွန်အားပေးသောစိတ်ကူးဉာဏ်များအားဖြင့် ကျယ်ဝန်း၍မြင့်မားလသည်။ သို့ရာတွင် ၎င်းသည် လောကီဆန်လှသောစိတ်ကူးဉာဏ်များအားဖြင့် ကျဉ်းမြောင်းယုတ်ညံ့လာသည်။

မိဘတို့၊ သင်တို့၏သားသမီးများစိတ်သည် မြင့်မြတ်သန့်ရှင်းသောစိတ်ကူးဉာဏ်များ (သို့မဟုတ်) ဆိုးယုတ်ညစ်ညမ်းသော စိတ်ကူးဉာဏ်များဖြင့်ပြည့်နှက်စေရန် ဆုံးဖြတ်ချက်ချပေးရမည့်ပုဂ္ဂိုလ်များသည် သင်တို့ကိုယ်တိုင်ပင်ဖြစ်သည်။ သားသမီးတို့၏လှုပ်ရှားတက်ကြွမှုရှိသောစိတ်များကို လွတ်လွတ်လပ်လပ်ထား၍မရပေ။ မကောင်းမှုဒုစရိုက်ကိုလည်းမလာပါနှင့်ဟု ပြောဆို၍မရပေ။ စစ်မှန်သောအခြေခံစည်းမျဉ်းများကို အတန်တန်သွန်သင်ပို့ချပေးခြင်းသာလျှင် မှားယွင်းသောစိတ်ကူးဉာဏ်များကို တားဆီးပိတ်ပင်ထားနိုင်သည်။ သားသမီးများ၏စိတ်နှလုံးများထဲ၌ သမ္မာတရားမျိုးစေ့များကို မိဘတို့ကစိုက်ပျိုးမထားလျှင် ရန်သူသည် တောပင်များကိုစိုက်ထားလိမ့်မည်။ မကောင်းသောသူတို့နှင့်ပေါင်းဖော်ခြင်းအားဖြင့် ကောင်းသောအကျင့်ဓလေ့ယိုယွင်းတ်ခြင်းကို တစ်ခုတည်းသောအကာအကွယ်သည် ကောင်းမွန်၍ခိုင်လုံသော ဆုံးမသွန်သင်မှုဖြစ်ပါသည်။ ရင်ဆိုင်ရမည့်ဆုံးစမရှိသောစုံစမ်းသွေးဆောင်ခြင်းများကို ဝိညာဉ်အားသမ္မာတရားအကာအကွယ်ထားမည်ဖြစ်သည်။

**စာဖတ်ခြင်းအကျင့်ဓလေ့များကို မိဘများကအုပ်ထိန်းထားရန်–** လူငယ်လူရွယ်အများတို့သည် စာဖတ်ဝါသနာပါကြသည်။ ရနိုင်သမျှသော စာပေများကို သူတို့သည်ဖတ်ရှုကြသည်။ ယင်းကဲ့သို့သောသားသမီးတို့၏ စာဖတ်ဝါသနာကိုအုပ်ထိန်းထားရန် မိဘဖြစ်သူတို့အား ကျွန်ုပ်ပန်ကြားလို ပါသည်။ အချစ်ဇာတ်လမ်းများပါရှိသောမဂ္ဂဇင်းများနှင့်သတင်းစာများကို သင်တို့၏စားပွဲများတွင် မထားရှိပါလေနှင့်။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း နှင့် ခရစ်တော်ကိုသိကျွမ်းခြင်းတည်းဟူသော အကောင်းတကာ့အကောင်း ဆုံးဆောက်လုပ်ရေးပစ္စည်းများဖြစ်သောစာအုပ်မျိုးကို သူတို့၏စာရိတ္တအဆောက် အအုံဆာက်လုပ်ရာတွင် အသုံးပြုပါစေ။ တန်ဖိုးရှိသောအသိပညာကို စိတ် နှလုံးထဲ၌သိုထားရန်လည်းကောင်း၊ အောက်ကျနောက်ကျဖြစ်၍ ယုတ်ညံ့ သောစိတ်ကူးဉာဏ်များကိုနေရာမပေးဘဲ ကောင်းမြတ်သောအရာကို ဝိညာဉ် အဖြစ်ကွယ်စေလျက် ၎င်းဝိညာဉ်၏စွမ်းရည်များကိုလည်း အုပ်ထိန်းခွင့်ပြု စေရန်လည်းကောင်း သင်တို့၏သားသမီးများကို အားပေးတိုက်တွန်းပါ။ စိတ်နှလုံးအား အစာကောင်းပေးခြင်းမပြုသောစာပေများ ဖတ်ရှုလိုသောဆန္ဒ ကိုတားမြစ်ချုပ်တည်းထားပါ။

ကောင်းမြတ်ခြင်းကိုထုတ်ဖော်ပေးခြင်းမပြုသော ဩဇာသက်ရောက် မှုရှိသမျှကို အိမ်ထောင်တွင်းသို့ဝင်ခွင့်မပြုရန် မိဘများသည် ကြိုးစားအားထုတ် ကြရမည်။ ဤကိစ္စတွင် အချို့သောမိဘများသည် သင်ခန်းစာများစွာယူ တတ်ရန် လိုအပ်နေသည်။ မဂ္ဂဇင်းများတွင်ဖော်ပြပါရှိသောဝတ္ထုများနှင့်ဝတ္ထု စာအုပ်များကို လွတ်လွတ်လပ်လပ်ဖတ်ရှုခွင့်ရှိသည်ဟု ယူဆသောသူတို့အား ကျွန်ုပ်ကဤကဲ့သို့အကြံပြုသဘောပြောပါရစေ။ သင်သည် မရိတ်သိမ်းလို သောကောက်လှိုင်းများကို ရိတ်သိမ်းရမည့်မျိုးစေ့များကို စိုက်ပျိုးနေသည်။ ၎င်းစာပေမျိုးကိုဖတ်ရှုရခြင်းမှ သင်သည် ဝိညာဉ်ခွန်အားရရှိနိုင်မည်မဟုတ် ဘဲ နှုတ်ကပတ်တော်၏စင်ကြယ်သောသမ္မာတရားအား မြတ်နိုးခြင်းကို ဖျက်ဆီးပစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စေ့စေ့ကြည့်ရှုလေ့လာ သင့်သောစိတ်နှလုံးများကို စာတန်သည် ဝတ္ထုစာအုပ်များနှင့်မဂ္ဂဇင်းများ၌

ပါရှိသောပုံဝတ္ထုများမှ မဟုတ်မမှန်လုပ်ကြံရေးသားထားသော သေးသိမ် ညံ့ဖျင်းသောစိတ်ကူးများဖြင့် ဖြည့်ဆည်းပေးရန်ကြိုးပမ်းလျက်ရှိသည်။ ဤ နည်းအားဖြင့် ဘဝအသက်တာ၏ကြီးမားလေးလံသောပြဿနာကတောင်းဆို သော မြောက်မြားစွာသောအချိန်စွမ်းအားနှင့် ကိုယ်တိုင်စည်းကမ်းသေဝပ် ခြင်းတို့ကို သူသည်လုယူဖြုန်းတီးပစ်သည်။

စိတ်အမူအရာကိုပျက်ပြားစေသော (သို့မဟုတ်) ကိုယ်ခန္ဓာကို ပင်ပန်းနွမ်းနယ်ခြင်းမဖြစ်စေဘဲ စိတ်ပျော်ရွှင်မှုနှင့်စိတ်ပြေလက်ပျောက်ဖြစ် စေမည့် သင့်လျော်မှန်ကန်သောစာဖတ်ခြင်းမျိုးကို ကလေးသူငယ်အနေဖြင့် လိုအပ်ပေသည်။ သူတို့အားဆန်းကြယ်သောပုံဝတ္ထုများနှင့်သတင်းစာများ ထဲ၌ဖော်ပြပါရှိသော ဝတ္ထုဆန်ဆန်အဖြစ်အပျက်များကို နှစ်သက်ရန်သင်ကြား ပေးလျှင် ကောင်းသောသင်ခန်းစာပေးစာအုပ်များနှင့်စာစောင်များသည် သူတို့ အတွက်မနှစ်မြို့ဖွယ်ဖြစ်လာလိမ့်မည်။ များစွာသောကလေးများနှင့်လူငယ် လူရွယ်များတို့သည် စာဖတ်ဝါသနာပါကြသည်။ အကယ်၍ သူတို့ဖတ်သင့် သောစာပေများကို တာဝန်ရှိသောသူတို့ကရွေးချယ်ပေးခြင်းမရှိလျှင် သူတို့ ကိုယ်တိုင်သူတို့စိတ်ကြိုက်ကိုရွေးချယ်ကြသည်။ သူတို့သည် သူတို့အား အကျိုးမပြုသောစာပေများကို မည်သည့်နေရာ၌မဆို တွေ့ရှိနိုင်ကြသည်။ ထို့ကြောင့် ၎င်းစာပေများကိုဝယ်ယူဖတ်ရာတွင် မကြာမီ၎င်းစာပေများကို နှစ်သက်သဘောကျလာကြသည်။ သို့ရာတွင် စင်ကြယ်သောစာကောင်း ပေကောင်းများကို သူတို့အားရှာဖွေပေးလျှင် ၎င်းစာပေများကိုဖတ်ရှုသော အလေ့အထကို ကျင့်သုံးကြမည်ဖြစ်သည်။

**စည်းကမ်းသေဝပ်ခြင်းနှင့်စိတ်အာသီသကိုပညာပေးခြင်း** – စိတ်အာသီသများကို စည်းကမ်းသေဝပ်မှုရှိစွာ သတိထား၍ပညာပေးရမည်။ လျော်ကန်သင့်မြတ်သောတွေးခေါ်မှုအကျင့်သီလများကို လိုက်နာကျင့်သုံးနိုင် စေရန် တိုးချဲ့လာနေသောသူတို့သားသမီးတို့၏စိတ်အာရုံများအား ကျမ်းစာ ကိုဖွင့်ပြသောလုပ်ငန်းကို မိဘတို့သည် စောစောစတင်လုပ်ဆောင်ပေးရမည်။

မှန်ကန်သောစာပေလေ့လာခြင်းအကျင့်ဓလေ့များကို တည်ဆောက် ပေးရန် အတတ်နိုင်ဆုံးကြိုးပမ်းရမည်။ အကယ်၍ စိတ်လေလွင့်နေလျှင်

၎င်းကိုပြန်လည်ယူဆောင်လာပါ။ ဒဏ္ဍာရီပုံပြင်တို့ကိုဖတ်ရှုခဲ့မှုကြောင့် ဝိဉာဏ ခွန်အားနှင့်စာရိတ္တခွန်အားတို့သည် စိတ်ကိုပြုပြင်၍မရလောက်အောင်မှောက် မှားနေခဲ့လျှင် ၎င်းအကျင့်ဓလေ့ကိုအောင်မြင်စေရန် တိုက်ပွဲဆင်နွှဲရတော့ မည်။ ဒဏ္ဍာရီစာအုပ်များ (သို့မဟုတ်) ပုံဝတ္ထုများကိုဖတ်လိုသောဆန္ဒကို အမြန်မနှေးအောင်မြင်အောင်ပြုလုပ်ရမည်။ စိတ်နှလုံးကိုသင့်မြတ်လျော်ကန် သောလမ်းကြောင်း၌ထားရှိစေရန် တင်းကျပ်သောစည်းကမ်းဥပဒေများကို ချမှတ်၍ လိုက်နာကျင့်သုံးစေရမည်။

**ဒဏ္ဍာရီပုံများဖတ်ရှုလိုသောဆန္ဒမွေးမြူရေးကို ရှောင်ကြဉ်ရမည်**– ကျွန်ုပ်တို့၏သားသမီးများသည် မည်သည့်စာအုပ်မျိုးကိုဖတ်ရမည်နည်းဆို သောမေးခွန်းသည် ကြီးလေးသောမေးခွန်းဖြစ်၍ ကြီးလေးသောအခြေကိုပေး ရပါမည်။ ကလေးသူငယ်များနှင့်လူငယ်လူရွယ်တို့၏နှလုံးသားများအပေါ်တွင် ကောင်းမြတ်ခြင်းပါရမီကို အမြစ်စွဲကျန်ရစ်စေခဲ့ခြင်းမဖြစ်စေသော ဆက်ရန်ရှိ သေးသည်ဟု ဖော်ပြထားသောပုံဝတ္ထုများပါရှိသောစာစောင်များနှင့်သတင်း စာများကို ဥပုသ်စောင့်ထိန်းသောအိမ်ထောင်များက ဝယ်ယူဖတ်ရှုနေကြ သည်ကိုတွေ့မြင်ရသောအခါ စိတ်မချမ်းမသာဖြစ်မိပါသည်။ ဤကဲ့သို့ပြုလုပ် ခြင်းအားဖြင့် ဒဏ္ဍာရီပုံပြင်ဝတ္ထုများ၌ စိတ်ဝင်စားမွေးမြူကြပုံကို ကျွန်ုပ် စောင့်ကြည့်တွေ့မြင်ခဲ့ရပါသည်။ သူတို့သည် သမ္မာတရားကိုကြားနာရသော အခွင့်အရေးကိုလည်းကောင်း၊ ကျွန်ုပ်တို့ယုံကြည်ခြင်း၏အကြောင်းရင်းများ ကို သိရသောအခွင့်အရေးကိုလည်းကောင်းရရှိခဲ့ပါသည်။ သို့ရာတွင် စစ်မှန် သောဘုရားတရားရှိသေကိုင်းရှိုင်းမှုနှင့် လက်တွေ့ဘုရားတရားကြည်ညိုခြင်း စသောပါရမီများမရှိဘဲနှင့် အသက်အရွယ်ကြီးရင့်သောဘဝသို့ ရောက်ရှိ လာကြသည်။

ဒဏ္ဍာရီပုံပြင်များဖတ်ရှုသောသူတို့သည် ဝိဉာဉ်ရေးကိုဖျက်ဆီး၍ သန့်ရှင်းသောကျမ်းစာတော်မြတ်၏လှပခြင်းကို တိမ်သလ္လာဖုံးအုပ်စေသော အကျင့်ဓလေ့ဆိုးတစ်ခုကို လိုက်စားနေကြသည်။

**အန္တရာယ်ပြုသောစာအုပ်များပေါများခြင်း** – ဖြန့်ဝေမည့်အစားမီးတင်ရှို့ပစ်ခြင်းက ပိုမိုကောင်းမွန်သည့်စာအုပ်များသည် ကမ္ဘာလောကကြီးတစ်ခုလုံးကို ဖုံးလွှမ်းလျက်ရှိသည်။ ငွေဝင်ကောင်းသောစီမံကိန်းတစ်ခုအနေဖြင့် ပုံနှိပ်ထုတ်ဝေလိုက်သော စိတ်ကိုထိခိုက်တက်ကြွစေသောအကြောင်းအရာများပါရှိသောစာအုပ်များကို လူငယ်လူရွယ်တို့သည် ဘယ်သောအခါမျှမဖတ်သင့်ကြပေ။ ၎င်းကဲ့သို့သောစာအုပ်များတွင် ဆိုးညစ်ယုတ်မာသောတပ်မက်မှုကို အားပေးသောအကြောင်းအရာများပါဝင်သည်။

ဝိညာဉ်များကိုဖျက်ဆီးရန်စာတန်သည် ပုံဝတ္ထုဖတ်သောအလေ့အကျင့်ကို နည်းတစ်နည်းအနေဖြင့်အသုံးပြုသည်။ ၎င်းကဲ့သို့ပုံဝတ္ထုဖတ်ခြင်းသည် မှားယွင်း၍ စိတ်၏ကျန်းမာမှုကိုထိခိုက်သောလှုပ်ရှားမှုကိုဖန်တီးပေးလျက်စိတ်ကူးဉာဏ်ကိုထကြွစေသည်သာမက စိတ်၏အသုံးကျမှုလျော့ပါးစေ၍ဝိညာဉ်ရေးဆိုင်ရာ စိတ်၏လှုပ်ရှားမှုကိုလည်းညှိုးဖျင်းစေသည်။ ၎င်းအလေ့အထသည် ဆုတောင်းခြင်းကိုလည်းကောင်း၊ ဝိညာဉ်ရေးဆိုင်ရာများအားစိတ်၏နှစ်သက်မြတ်နိုးခြင်းကိုလည်းကောင်း ယုတ်လျော့စေသည်။

ဆန်းကြယ်သောပုံဝတ္ထုများ၊ သေးနုပ်သိမ်ဖျင်းသောဝတ္ထုဇာတ်လမ်းများ၊ စိတ်တတ်ကြွဖွယ်သောအဖြစ်အပျက်များတို့သည်လည်း စာဖတ်သူအားအလားတူအမင်္ဂလာကြီးတစ်ရပ်ဖြစ်သည်။ စာရေးသားပြုစုသူက ဘဝအသက်တာအတွက် သင်ခန်းစာသင်ပေးရန်ဆိုသောရည်စူးချက်မျိုးဖြင့် ရေးသားထားချက်ဖြစ်ကောင်းဖြစ်ပေသည်။ သူ့ရေးသားသည့်အချက်တစ်လျှောက်လုံးတွင်သူသည် ဘာသာရေးဆိုင်ရာသဘောတရားများကို ကွက်ကျားသည့်သွင်းဖော်ပြထားပေလိမ့်မည်။ သို့ရာတွင် အများအားဖြင့် ၎င်းဖော်ပြချက်တို့သည်အောက်ခြေတွင်စီကုံးထားသော မှားယွင်းမှုများနှင့်ကောင်းကျိုးမပြုသောအချက်အလက်များကို ဖုံးကွယ်ထားရန်သာဖြစ်သည်။

**ဘုရားတရားမကြည်ညိုသောစာရေးဆရာများ** – ကျွန်ုပ်တို့မအမြဲတမ်းသတိထား၍ ရှောင်ကြဉ်ရမည့်အခြားသောဘေးအန္တရာယ်ပြုနိုင်သောဌာနသည် ဘုရားတရားမကြည်ညိုသောစာရေးဆရာများက ရေးသားပြုစု

ထားသောစာပေများဖြစ်သည်။ ၎င်းစာပေများကိုရေးသားပြုစုရာတွင် သမ္မာတရား၏ရန်သူကတိုက်တွန်းနှိုးဆော်ထားချက်အရ ရေးသားပြုစုထားချက်ဖြစ်၍ ၎င်းတို့ကိုဖတ်သောသူတို့၏ဝိညာဉ်ဖျက်ဆီးခြင်းသို့ ပို့ဆောင်မည်သာဖြစ်သည်။ ၎င်းစာပေများ၏ဒဏ်ကိုခံရသောသူအချို့တို့သည် နောက်ဆုံးတွင် ပြန်လည်နာလန်ထူလာမည်ဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် ၎င်းစာပေများ၏မကောင်းမှုဒုစရိုက်စက်ကွင်းသို့ ဝင်သွားသောသူတို့သည် သူတို့ကိုယ်ကိုစာတန်၏နယ်မြေထဲသို့ ကျူးကျော်ဝင်ရောက်စေသောကြောင့် စာတန်သည်အခွင့်ကောင်းယူ၍ မိမိ၏လိုတပြည့်အောင်ဆောင်ရွက်လေသည်။ ၎င်းစာပေများကိုဖတ်သောသူတို့သည် စာတန်၏စုံစမ်းသွေးဆောင်မှုများကို လက်ယပ်ခေါ်သောကြောင့် ၎င်းစုံစမ်းသွေးဆောင်ခြင်းများ၏သဘာဝကို နားလည်ရန် သူတို့၌ဉာဏ်ပညာမရှိ၊ သို့တည်းမဟုတ် ၎င်းတို့ကိုတွန်းလှန်ကာကွယ်ရန် ခွန်အားမရှိဖြစ်ကြသည်။ စွဲလမ်းစေသောတန်ခိုးဖြင့်လည်းကောင်း၊ နှစ်ခြိုက်အောင်ပြုလုပ်တတ်သောတန်ခိုးဖြင့်လည်းကောင်း မယုံကြည်ခြင်းနှင့်သစ္စာဖောက်ခြင်းတို့သည် စိတ်နှလုံးပေါ်တွင်စွဲမြဲစွာခြေကုပ်ယူထားကြလေသည်။

**ဒဏ္ဍာရီပုံများ** – ကလေးသူငယ်တို့ပအား ပညာသင်ကြားပေးရာတွင် ယခုအခါ၌ဒဏ္ဍာရီပုံပြင်များကို အများအပြားအသုံးပြုလျက်ရှိကြသည်။ ၎င်းစာအုပ်မျိုးကို စာသင်ကျောင်းများတွင်အသုံးပြုသည့်အပြင် များစွာသောအိမ်ထောင်များတွင် ဝယ်ယူဖတ်ရှုနေကြသည်ကို တွေ့မြင်ရပါသည်။ ၎င်းကဲ့သို့မမှန်မကန်သောအကြောင်းအရာများဖြင့်ပြည့်နှက်လျက်ရှိသော ၎င်းစာအုပ်မျိုးကိုခရစ်ယာန်မိဘများသည် သူတို့၏သားသမီးများအား ဘယ်ကဲ့သို့အသုံးပြုနိုင်ခွင့်ပေးနိုင်ပါအံ့နည်း။ သူတို့၏မိဘများကသွန်သင်ပေးထားသောအရာများနှင့် ထိုမျှလောက်ဆန့်ကျင့်ဘက်ဖြစ်သောပုံဝတ္ထုများ၏အဓိပ္ပါယ်ကို မေးမြန်းလျှင် အဖြေမှာ ၎င်းပုံဝတ္ထုများသည် မှန်ကန်သောအရာများ "မဟုတ်ပါ" ဟူ၍ဖြစ်သည်။ သို့ရာတွင် ထိုကဲ့သို့ဖြေကြားရုံဖြင့် ၎င်းစာပေများဖတ်မှုမှသက်ရောက်သောဆိုးကျိုးသည် ကွယ်ပျောက်မသွားပေ။ ၎င်းစာပေ

များ၌ပါရှိသော သဘောတရားရေးရာတို့သည် ကလေးသူငယ်တို့အား လှည့်စားသည်။ ဘဝအသက်တာနှင့်ပတ်သက်၍ မမှန်ကန်သောရှုထောင့် မျိုးကိုဖန်တီးပေး၍ မမှန်ကန်သောအရာတို့ကို မျှော်မှန်းတမ်းတလိုအင်ဆန္ဒ ရှိအောင်ပြုလုပ်လေသည်။

အမှန်တရားကိုအမှောက်မှောက်အမှားမှားဖြစ်စေသော မည်သည့်စာပေ ကိုမျှ ကလေးသူငယ်များ (သို့မဟုတ်) လူငယ်လူရွယ်တို့၏လက်ထဲသို့မရောက် ရှိစေရ။ ပညာသင်ကြားပေးလျက်ရှိသော ကျွန်ုပ်တို့၏သားသမီးတို့အား မကောင်းမှုဒုစရိုက်၏မျိုးစေ့ဖြစ်မည့် သဘောတရားရေးရာများကို မရရှိပါ စေနှင့်။

**ဉာဏခွန်အားဘယ်ကဲ့သို့ဖျက်ဆီးခံရခြင်း** – ချိန်ခွင်လျှာကဲ့သို့ တစ်ဖက်ဖက်သို့တိမ်းစောင်းခြင်းမရှိသော စိတ်နှလုံးများအနည်းငယ်သာရှိ သောအကြောင်းမှာ အားနည်းသောဂုဏ်အင်္ဂါအမူအရာများကို လှုံ့ဆော်မြေ တောင်မြှောက်ပေးခြင်း၊ မှားယွင်းသောအမူအရာများကိုနှိပ်ကွပ်ခြင်း စသော သူတို့၏တာဝန်များကိုဆောင်ရွက်ရာတွင် မိဘတို့သည် မိုက်မဲစွာပျက်ကွက် ကြသည်။ သားသမီးတိုင်း၏စိတ်နေသဘောထားကို စောင့်ကြည့်ရန်လည်း ကောင်း၊ သားသမီးတို့အား မှန်ကန်သောအကျင့်ဓလေ့များနှင့် မှန်ကန်သော တွေးခေါ်ပုံတို့ကိုသင်ကြားပေးရန်လည်းကောင်း သူတို့၏၏ကြီးလေးသော တာဝန်ဖြစ်သည်ကို သူတို့သည်သတိမရကြပေ။

သားသမီးတို့၏စာရိတ္တခွန်အားနှင့် ဉာဏခွန်အားတို့ကြီးထွားရင်သန် လာစေရန် ပြုစုပျိုးထောင်ပေးပါ။ ပုံပြင်စာအုပ်များကိုပင် အလွန်အမင်း ဖတ်ရှုခြင်းအားဖြင့် ၎င်းခွန်အားနှစ်တန်ကို ကမောက်ကမမဖြစ်ပါစေနှင့်။ ချင့်ချင့်ချိန်ချိန်သုခမိန်ဆိုသောဆောင်ပုဒ်ကိုမလိုက်နာဘဲ အတိုင်းထက်အလွန် စာဖန်ခြင်းကြောင့် အားအင်ပြည့်ဖြိုးသောစိတ်နှလုံးများ တစ်ဖက်စောင်းနင်း ဖြစ်ခြင်းနှင့်တစ်ဝက်တစ်ပျက်ထုံထိုင်းလာတတ်သည်ဖြစ်ကြောင်း ပြသော သာဓကေများကို ကျွန်ုပ်သိရှိခဲ့သည်။

**စိတ်တက်ကြွစေသောစာမျိုးကို ဖတ်ခြင်းသည် ကလေးသူငယ်အားအငြိမ်မနေစိတ်ကူးဖြင့်လွှမ်းနေသောသူဖြစ်စေသည်** – သေးသိမ်ညံ့ဖျင်း၍ စိတ်တက်ကြွစေသောပုံဝတ္ထုများကိုထမ်းဆောင်ရန် မသင့်လျော်သောသူများဖြစ်လာကြသည်။ သူတို့သည် စိတ်ကူးယဉ်သောလောက၌ကျင်လည်နေကြသည်။ ၎င်းကဲ့သို့သောပုံဝတ္ထုများကိုဖတ်သောအလေ့အကျင့်ကို လိုက်ခွင့်ပြုထားသောကလေးသူငယ်များကို ကျွန်ုပ်စောင့်ကြည့်ဖူးပါသည်။ သူတို့သည် သူတို့၏မွေးရင်း၌ဌာနီချက်မြုပ်ပြည်မှာဖြစ်စေ၊ နိုင်ငံခြားတွင်ဖြစ်စေ၊ သူတို့ရှိရာဌာနတွင်မငြိမ်မသက်ဖြစ်ခြင်း၊ လေထဲ၌တိုက်အိမ်ဆောက်ခြင်းဖြင့်သာအချိန်ကုန်၍ သာမန်အကြောင်းအရာများမှအပ ရေးကြီးခွင်ကျယ်ဖြစ်သောအကြောင်းအရာများကိုပြောဆိုနိုင်ခြင်းလည်းမရှိကြပေ။ သူတို့အတွက်ဘာသာရေးဆိုင်ရာအတွေးအခေါ်နှင့်စကားပြောဆိုခြင်းသည် လုံးဝအသစ်အဆန်းဖြစ်နေလေသည်။ စိတ်လှုပ်ရှားတက်ကြွမှုပြုသောပုံဝတ္ထုများနှစ်ခြိုက်သောစိတ်မျိုးကိုမွေးမြူထားသောကြောင့် ဉာဏခွန်အားဆိုင်ရာအာသီသတို့သည် အမှောက်မှောက်အမှားမှားဖြစ်၍ ၎င်းအာဟာရမဖြစ်သောအစာမျိုးစားမနေရလျှင် စိတ်နှလုံးသည် ကျေနပ်မှုမရှိပေ။ ၎င်းကဲ့သို့သောစာပေများကိုဖတ်ရှုသောသူတို့အတွက် ဉာဏခွန်အားယစ်ထုပ်ကြီးများဟူသောအမည်နာမထက် ပိုမိုသင့်လျော်သောအမည်နာမမရှိဟု ကျွန်ုပ်ဆိုချင်ပါသည်။ ချုပ်တည်းခြိုးခြံမှုမရှိသည့် စာဖတ်သောအကျင့်ဓလေ့များက ဦးနှောက်ကိုထိခိုက်ပုံမှာ ချုပ်တည်းခြိုးခြံမှုမရှိသောစားသောက်မှုအကျင့်ဓလေ့များကကိုယ်ခန္ဓာအားထိခိုက်ပုံနှင့်သဏ္ဍာန်တူသည်။

ယခုဟောပြောသောသမ္မာတရားကိုလက်မခံမီ အချို့သောသူတို့သည်ဝတ္ထုဖတ်သောအလေ့အကျင့်ကိုကျင့်သုံးခဲ့သည်။ အသင်းတော်ထဲသို့ဝင်ရောက်လာပြီးနောက် ဤအကျင့်ဓလေ့ကိုအောင်မြင်ရန် သူတို့သည်ကြိုးပမ်းကြသည်။ ဤကဲ့သို့သောပုဂ္ဂိုလ်တို့ရှေ့တွင် သူတို့စွန့်ပစ်ခဲ့သောစာပေမျိုးကိုထားရှိခြင်းတွင် ယစ်ထုပ်ကြီးများရှေ့တွင် မူးယစ်သေစာများချထားပေးခြင်းနှင့်တူသည်။ သူတို့ရှေ့၌အမြဲတမ်းရှိနေသော စုံစမ်းသွေးဆောင်ခြင်းကိုလိုက်လျောခြင်း

ကြောင့် သူတို့သည် အားကိုးအားထားပြုနိုင်သောစာပေများဖတ်လိုသော ဆန္ဒသည် မကြာမီပျောက်ကွယ်သွားသည်။ ကျမ်းစာလေ့လာရန် သူတို့သည် လုံးဝစိတ်မဝင်စားပေ။ သူတို့၏စာရိတ္တခွန်အားသည် ချည့်နဲ့လာသည်။ မကောင်းမှုဒုစရိုက်၏စက်ဆုပ်ဖွယ်ဖြစ်ခြင်းသည် ဖြည်းဖြည်းပျောက်ကွယ်သွားသည်။ သစ္စာမဲ့ခြင်းသည် သိသာစွာတိုးတက်လာ၍ ဘဝအသက်တာလက်တွေ့တာဝန်များထမ်းဆောင်မှုသည်လည်း လျော့ရိလျော့ရဲနိုင်လာတော့သည်။ စိတ်နှလုံးသည် ကမောက်ကမဖြစ်လာသောအခါ ၎င်းအားလှုံ့ဆော်သည့်သဘာဝဒ္ဒရှိသော မည်သည့်စာအုပ်မျိုးကိုမဆို ဖတ်ရှုလိုသောစိတ်ပေါ်ပေါက်လာသည်။ ဤနည်းအားဖြင့်စာတန်သည် စိတ်ဝိညာဉ်အားသူ့အာဏာစက်အတွင်းသို့ လုံးဝသွတ်သွင်းရန် လမ်းသည်ပွင့်လျက်ရှိနေသည်။

**ရေးကြီးသုတ်ပျာစာဖတ်ခြင်းနှင့် သာမန်ကာလျှံကာစာဖတ်ခြင်းသည် အာရုံပြုနိုင်သောသတ္တိကိုအားနည်းစေသည်** – ပုံနှိပ်တိုက်များမှ ဒီရေအလားကြီးမားသောအရှိန်အဟုန်ဖြင့် ထွက်ပေါ်လာသောစာစောင်များကို အလျဉ်မီဖတ်နိုင်စေရန် လူကြီးလူငယ်တို့သည် စာစောင်များရေးကြီးသုတ်ပျာဖြင့်လည်းကောင်း၊ သာမန်ကာလျှံကာဖတ်ခြင်းအားဖြင့်လည်းကောင်း ၎င်းစာပေများကိုဖတ်ရှုရာတွင် စိတ်သည်အဆက်မပြတ် ၎င်းအပြင် အင်တိုက်အားတိုက်တွေးခေါ်နိုင်သောသတ္တိကို လက်လွတ်ဖြစ်ရသည်။ ထို့ပြင်မကသေး၊ အဲဂုတ္တုတစ်ပြည်လုံးကိုဖုံးလွှမ်းသွားအောင် တက်လာသောဖားများကဲ့သို့ တိုင်းပြည်၌ပလူပျံအောင် ပုံနှိပ်ထုတ်ဝေလျက်ရှိသည့် မြောက်မြားစွာသောစာပေတို့သည် သိမ်ဖျင်းနိမ့်ကျ၍အကျိုးမပြုဘ ဉာဏခွန်အားကိုအင်အားယုတ်လျော့ကျစေသည်သာမက ညစ်ညမ်း၍အောက်တန်းလည်းကျလှသည်။ ၎င်းစာပေများ၏ဆိုးကျိုးများသည် စိတ်ကိုထုံထိုင်းပျက်စီးစေသည်သာမက ဝိညာဉ်ကိုပါညစ်ညမ်းစေ၍ ဖျက်ဆီးပစ်သည်။

**“အသင်းတော်မှထုတ်ဝေသောစာစောင်များကို ဝယ်ယူဖတ်ရှုရန်ကြေးငွေများမတတ်နိုင်ပါ”** – အသင်းသားဟုခေါ်ဆိုသော အချို့သူတို့

သည် အသင်းတော်မှထုတ်ဝေဖြန့်ချိလျက်ရှိသော **"ရီဗျူး" "ဆိုင်းစ်" "အင်စတြပ်တာ"** (သို့မဟုတ်) **"ဂွတ်ဟက်လ်သ်"** စသောစာစောင်များကို ဝယ်ယူဖတ်ရှုခြင်းမပြုသော်လည်း လောကီစာစောင်တစ်မျိုး (သို့မဟုတ်) သုံးလေးမျိုးကို ဝယ်ယူဖတ်ရှုကြသည်။ သူတို့၏သားသမီးတို့သည် ၎င်းလောကီစာစောင်များ၌ ဖော်ပြပါရှိသောဒဏ္ဍာရီပုံပြင်များနှင့်အချစ်ဇာတ်လမ်းများကိုဖတ်ရှုကြရာတွင် လွန်မင်းစွာစိတ်ဝင်စားကြသည်။ သူတို့၏မိဘများကမူ ယခုဟောပြောသောသမ္မာတရားနှင့်ပတ်သက်သောစာစောင်များကိုဝယ်ယူရန် ကြေးငွေများမရှိဟု အခိုင်အမာဆိုခဲ့ကြသည်။

မိဘတို့သည် သူတို့၏သားသမီးများကိုထိန်းသိမ်းစောင့်ရှောက်ထား၍ စင်ကြယ်သန့်ရှင်းသောစိတ်ကူးယဉ်မှုမျိုးကိုပျိုးထောင်မွေးမြူ၍ အနာကြီးရောဂါသည်တစ်ဦးကိုရှောင်ရှားရသကဲ့သို့ သတင်းစာများထဲတွင်ဖော်ပြထားသော အချစ်ဇာတ်လမ်းများအားဖတ်ရှုခြင်းတို့ကိုရှောင်ရှားရန် သွင်သင်ပေးရမည်။ စာရိတ္တခွန်အားနှင့်ဝိဉာဏခွန်အားတို့ တိုးတက်ကြီးထွားလာစေရာတွင် အထောက်အကူပြုသည့်စာပေများ သင်တို့၏စားပွဲများပေါ်၌လည်းကောင်း၊ စာဖတ်ခန်းများ၌လည်းကောင်း ထားရှိခြင်းအားဖြင့် သင်တို့သားသမီးများအား အကျိုးပြုစာဖတ်ဝါသနာမျိုးရရှိစေပါသည်။

**စာဖတ်ခြင်း၏ရည်စူးချက်များနှင့်စပ်ဆိုင်၍ လူငယ်လူရွယ်တို့အတွက်အကြံပေးချက်များ** – လျော်ကန်သင့်မြတ်မှုမရှိသော စာဖတ်ခြင်း၏အန္တရာယ်က လူငယ်လူရွယ်တို့အားခြိမ်းခြောက်နေသည်ကို ကျွန်ုပ်တွေ့မြင်ရသောအခါ ဤမကောင်းမှုဒုစရိုက်နှင့်ပတ်သက်၍ ကျွန်ုပ်အားပေးထားတော်မူသောသတိပေးချက်များကို လူငယ်လူရွယ်တို့အား လက်ဆင့်မကမ်းဘဲမနေနိုင်ပါ။

ကန့်ကွက်ဖွယ်ဖြစ်သောသဘာဝ၌ရှိသည့်ကိစ္စများကို ကိုင်တွယ်ရှင်းလင်းပေးရာတွင် အမှုတော်ဆောင်များအနေဖြင့် ရင်ဆိုင်ခဲ့ရသောဆိုးကျိုးများကို ပမာဏပြုသူနည်းပါးလှသည်။ သူတို့ကိုင်တွယ်နေရသောကိစ္စကို အာရုံစူးစိုက်မိ၍ သူတို့၏စိတ်ဝင်စားမှုသည် နိုးကြားလာသည်။ ကြားခဲ့ရ

သောဝါကျများသည် သူတို့၏ဦးနှောက်၌စွဲကပ်နေသည်။ အကြံဉာဏ်ပေါ်ထွက်လာသည်။ စာဖတ်ပရိသတ်သည် စာရေးသားသူစိတ်သဘော၏ဩဇာသက်ရောက်လွှမ်းမိုးခြင်းကို မသိမသာခံရလေပြီ။ စိတ်နှင့်အကျင့်စာရိတ္တတို့သည် မကောင်းမှုဒုစရိုက်တို့ကို လိုက်စားစေမည့်ဖိနှိပ်မှုကိုခံရလေပြီ။ ယုံကြည်ခြင်းအနည်းငယ်သာရှိ၍ ကိုယ်ကိုချုပ်တည်းထားနိုင်သော သတ္တိအနည်းအကျဉ်းသာရှိသောသူများရှိကြသည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်များအတွက် ယခုကိုးကားပြောဆိုနေသော စာပေတို့ကပေးသောအကြံပြုချက်များကိုပယ်ထုတ်ရန် ခဲယဉ်းလေသည်။

စိတ်ကိုလှုပ်ရှားတက်ကြွစေသောပုံဝတ္ထုများသည် စိတ်နှလုံးအပေါ်ဘယ်မျှလောက်ဩဇာသက်ရောက်မှုရှိသည်ကို လူငယ်လူရွယ်တို့သည် စဉ်းစားဆင်ခြင်စေလိုသည်။ ၎င်းစာပေမျိုးကိုဖတ်ပြီးနောက် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖွင့်၍ သက်ရှင်စကားများကို စိတ်ဝင်စားစွာဖတ်ရှုလိုသောဆန္ဒရှိဦးမည်ထင်သလား။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် စိတ်ဝင်စားဖွယ်မဖြစ်တော့သည်ကို သင့်တွေ့ရှိရသည်မဟုတ်ပါလား။ ၎င်းအချစ်ဇာတ်လမ်းသည် သင့်စိတ်၌စွဲကပ်နေ၍ စိတ်၏ကျန်းမာရေးကိုဖျက်ဆီးပစ်သောကြောင့် သင့်ထာဝရကာလဆိုင်ရာအကျိုးကျေးဇူးများနှင့်ပတ်သက်သော၊ အရေးပါအရာရောက်လှသော သမ္မာတရား၏အနှစ်သာရများကို သင့်စိတ်ထဲ၌စွဲအောင်မပြုလုပ်ရန်ခဲယဉ်းလေသည်။ သင့်မိဘတို့အား ဝတ်ကြီးဝတ်ငယ်ပြုစုရမည့်အချိန်ကို ၎င်းအကျိုးမပြုသောစာပေများကိုဖတ်ရှုခြင်းအားဖြင့် ဖြုန်းတီးပစ်သောကြောင့် သင်တို့သည် သင်တို့၏မိဘများကိုပစ်မှားကြသည်။ တစ်ချိန်တည်းမှာပင် ကိုယ်တော်ရှင်အားဝတ်ပြုကိုးကွယ်ရမည့်အချိန်ကို ၎င်းစာပေများကိုဖတ်ရှုခြင်းအားဖြင့် ဘုရားသခင်ကိုသင်တို့ပြစ်မှားကြသည်။

ကလေးသူငယ်တို့၊ သင်တို့အားကြားပြောရန် ကျွန်ုပ်၌သတင်းစကားတစ်ရပ်ရှိသည်။ သင်တို့သည် ယခုအခါ သင်တို့၏အနာဂတ်ကံကြမ္မာကိုအဆုံးအဖြတ်ပြုနေကြသည်။ သင်တို့၏စာရိတ္တအိမ်ကြီးဆောက်လုပ်နေသောပုံစံမျိုးသည် သင်တို့အား ဘုရားသခင်ပါရဒိသုဘုံ၏အပြင်ဘက်တွင် နေရာ

ချထားမည့်ပုံစံမျိုးဖြစ်သည်။ ဘုရားသခင်အားရိုသေမြတ်နိုးခြင်းမရှိသော အိမ်ထောင်အနေဖြင့် ပုံဝတ္ထုများကိုသာဖတ်ရှုနေသောအိမ်ထောင်မျိုးကြောင့် ကမ္ဘာ့ကယ်တင်ရှင်ကြီးဖြစ်တော်မူသော ယေရှုရှင်ကြီးအတွက် ဘယ်မျှလောက် စိတ်ဆင်းရဲဖွယ်ဖြစ်ဘိသနည်း။ ၎င်းနည်းအားဖြင့် အချိန်ကိုသုံးဖြုန်းခြင်းသည် အိမ်ထောင်ဆိုင်ရာတာဝန်များကိုထမ်းဆောင်ရာတွင် သင့်အား အားကြိုး မာန်တက်ဆောင်ရွက်လိုသောဆန္ဒမျိုးကို ဝပျောက်စေလိမ့်မည်။ ၎င်းအပြင် သင့်အားအိမ်ထောင်ဦးစီးနှင့်မထိုက်တန်သောဘဝမျိုးသို့ ပို့ဆောင်လိမ့်မည်။ ဆက်လက်၍ ၎င်းနည်းအတိုင်းသင့်အချိန်ကိုဖြုန်းတီးနေလျှင် သင်သည် မာရ်နတ်၏ကျော့ကွင်းတွင် ပို၍ခိုက်မြဲစွာငြိတွယ်နေလိမ့်မည်။ သင်ဖတ်ရှုနေ သော အချို့စာအုပ်များတွင် အကောင်းဆုံးအခြေခံစည်းမျဉ်းများပါရှိ သည်။ သို့ရာတွင် သင်သည် ပုံဝတ္ထုကိုသိရှုံမျှအတွက်သာဖတ်ရှုသည်။ သင့်စာရိတ္တကိုဆောက်လုပ်ရာတွင် အထောက်အကူပြုမည့်အရာများကို သင်ဖတ်သောစာအုပ်များမှကောက်နုတ်၍ အကောင်အထည်ဖော်လျှင် သင့် စာဖတ်ခြင်းသည် သင့်အားအကောင်းကျိုးကိုပြုပေမည်။ သင်သည် စာအုပ်များ မှစာမျက်နှာတစ်ခုစီကိုဖတ်ရှုသွားစဉ် ကျွန်ုပ်စာပေခြင်း၏ရည်စူးချက်သည် ဘာနည်းဟူသောမေးခွန်းကို သင့်ကိုယ်ကိုမေးမြန်းကြည့်သလား။ ကျွန်ုပ်တို့ သည် အကျိုးပြုမည့်အသိပညာကိုရှာဖွေနေသလား။ တိုက်မြစ်အတွက်သစ် သား၊ မြက်ပင်ကောက်ရိုးများကိုအသုံးပြုခြင်းအားဖြင့် ခိုင်မာတောင့်တင်းသည့် မှန်ကန်သောစာရိတ္တအိမ်ကြီးကို ဆောက်လုပ်နိုင်မည်မဟုတ်ပေ။

**စိတ်မြေဩဇာတွင် ကျမ်းစာ၏သမ္မာတရားမျိုးစေ့ကိုစိုက်ပျိုးပါ**– ထွန်ယက်စိုက်ပျိုးမှုမရှိသောမြေကွက်နှင့် သွန်သင်ဆုံးမခြင်းမခံရသောစိတ် နှလုံးတို့တွင် ထူးခြားသောတူညီမှုရှိသည်။ ကလေးသူငယ်များနှင့် လူငယ် လူရွယ်တို့၏စိတ်နှလုံးမြေကွက်တွင် ရန်သူသည် တောမျိုးစေ့ကိုစိုက်ပျိုး ထားသည်။ ထို့ကြောင့် မိဘတို့အနေဖြင့် သတိဝီရိယရှိရှိဖြင့် ထိန်းသိမ်း စောင့်ရှောက်မှုမရှိခဲ့လျှင် ၎င်းတောမျိုးစေ့များမှမကောင်းမှုဒုစရိုက်အသီးများ သီးပွင့်လာမည့်အပင်များ ပေါက်လာလိမ့်မည်။ စိတ်နှလုံး၏မြေဩဇာကို

ထွန်ယက်စိုက်ပျိုးရာတွင် သမ္မာကျမ်းစာ၏တန်ဖိုးရှိလှသောမျိုးစေ့များကို စိုက်ပျိုးထားရန် သတိဝီရိယရှိရှိဖြင့်ဆောင်ရွက်ဖို့လိုအပ်သည်။ အသုံးမကျ မရေရာ၍ စိတ်ကိုတက်ကြွစေသောပုံဝတ္ထုများကိုဖတ်ခြင်းကိုငြင်းပယ်၍ ကျမ်းစာထဲ၌ဖော်ပြပါရှိသောအတ္ထုပ္ပတ္တိများ၊ သမိုင်းစဉ်နှင့်ဆင်ခြင်ဖွယ်ရာ အဖြာဖြာတို့တွင် စိတ်ဝင်စားစေမည့် အဓိပ္ပါယ်ရှိသောစာဖတ်ခြင်းမျိုးကိုစိတ် ပါစေရန် သားသမီးတို့အားဆုံးမပဲ့ပြင်ပေးရမည်။ ကျမ်းစာတော်မြတ်ကိုပိုမို နားလည်စေ၍ ပိုမိုဖတ်ရှုလေ့လာသောဆန္ဒကိုဖန်တီးပေးမည့်စာဖတ်ခြင်းမျိုး သည် အန္တရာယ်ကင်း၍အကျိုးဖြစ်ထွန်းသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ဖတ်ရှုခြင်းကို နှစ်ခြိုက်သဘောကျ ခြင်းမရှိဘဲ လူငယ်လူရွယ်တို့၏ကျန်းမာပကတိချမ်းသာမှုရှိသော စိတ်နှင့် စစ်မှန်သောဘာသာအယူဝါဒဆိုင်ရာ အခြေခံကျင့်ဝတ်များထားရှိနိုင်ရန် ခဲယဉ်း ပေသည်။ ဤစာအုပ်များတွင် စိတ်ဝင်စားဖွယ်အကောင်းဆုံးသမိုင်းစဉ်ပါရှိ သည်သာမက ထိုစာအုပ်သည် ခရစ်တော်အားဖြင့် ကယ်တင်ခြင်းသို့ဝင်စား နိုင်သောနည်းလမ်းကိုဖော်ညွှန်းပြလျက် ပိုမိုမြင့်မားကောင်းမွန်သောဘဝ အသက်တာသို့ရောက်ရှိစေရန် လမ်းပြပို့ဆောင်ပေးသည်။

---၀---

အပိုင်း (၁၅)

# အိမ်ထောင်သက်ကိုအရောင်တင်ပေးသော တင့်တယ်မှုများ

## အခန်း ၆၉
# ယဉ်ကျေးမှုနှင့်ကြင်နာမှု

**ယဉ်ကျေးမှုသည် ဘဝအသက်တာဘေးဒုက္ခများ၏ထက်ဝက်ကို ကင်းငြိမ်းစေမည်** – "ညီအစ်ကိုချစ်ခြင်းအရာမှာ ပကတိပေါက်ဖော်ကဲ့သို့ တစ်ယောက်ကိုတစ်ယောက်စုံမက်ကြလော့" ဆိုသော ဆုံးမချက်၏အခြေခံ ကျင့်ဝတ်သည် ပျော်ရွှင်မှုစစ်အိမ်တွင်းဖြစ်၏အုတ်မြစ်ဖြစ်သည်။ အိမ်ထောင် တိုင်းတွင် ခရစ်ယာန်ယဉ်ကျေးမှုကို စိုးမိုးထားစေရမည်။ ၎င်းသည် ဈေးပေါ သော်လည်း ၎င်းကိုအခြေမခံသော ကြမ်းတမ်းခက်ထန်သယောင်ရှိလာမည့် သဘာဝများကို ပျော့ပျောင်းစေသည်။ တစ်သမတ်တည်းယဉ်ကျေးမှုကို မွေးမြူ ထိန်းသိမ်းခြင်းနှင့် ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါးကိုပြုစု ခြင်းသည် ၎င်းဘဝအသက်တာ၏ဘေးဒုက္ခများထက်ဝက်ကို ကင်းငြိမ်းစေ မည်ဖြစ်သည်။

**လုပ်ကျွေးမှုအစအိမ်တွင်းက** – ကျွန်ုပ်တို့၏သားသမီးများအား ကြင်နာခြင်း၊ ယဉ်ကျေးမှုနှင့်ချစ်ခြင်း စသောကျင့်ကောင်းသီလများကို ကျင့်သုံးစေလိုလျှင် ကျွန်ုပ်တို့မိဘများက သူတို့အားကောင်းသောပုံသက်သေ ကိုပြရကြမည်။

သေးငယ်သောအရာ၌ပင်လျှင် မိဘနှစ်ပါးတို့သည် တစ်ဦးပေါ်တစ်ဦး ယဉ်ကျေးမှုကိုပြရမည်။ ဝေနေယျသတ္တဝါအပေါင်းတို့အား ကြင်နာခြင်းသည် အိမ်ထောင်၏ဥပဒေကပညတ်ဖြစ်သင့်ပေသည်။ ကြမ်းတမ်းရိုင်းပျသောအသုံး အနှုန်းများကို ရှောင်ကြဉ်ရမည်။ ခါးသီးသောစကားလုံးများဟူ၍ တစ်လုံး တစ်ပါဒကိုမျှမသုံးစွဲရ။

အားလုံးသောသူအပေါင်းတို့သည် ပျော်ရွှင်သောမျက်နှာထားကို လည်းကောင်း၊ ယဉ်ကျေးမှုအမူအရာကိုလည်းကောင်း ရရှိနိုင်ကြသည်။ ၎င်းတို့သည် စွမ်းဆောင်မှုကိုဖန်တီးပေးနိုင်သော အရည်အသွေးများဖြစ်သည်။ ကလေးသူငယ်တို့သည် ပျော်ရွှင်သောအမူအရာကို နှစ်သက်တတ်ကြသည်။

သူတို့အားကြင်နာခြင်းနှင့်ယဉ်ကျေးခြင်းကိုပြပါ။ သူတို့က သင်တို့ကိုလည်းကောင်း၊ သူတို့အချင်းချင်းကိုလည်းကောင်း အလားတူတုံ့ပြန်ပါလိမ့်မည်။

သင်တို့၏ယဉ်ကျေးမှုနှင့်ကိုယ်ကိုချုပ်တည်းမှုသည် သာမန်စကားများထက် သင်တို့သားသမီးတို့၏စာရိတ္တပေါ်တွင် ပိုမိုသြဇာသက်ရောက်မှုရှိလိမ့်မည်။

**အချင်းချင်းအပြန်အလှန်ကြင်နာမှုသည် အိမ်ထောင်ကိုပါရဒိသုဘုံဖြစ်စေသည်** – သားသမီးတို့အား ကြင်နာစွာစကားပြောဆိုခြင်းအားဖြင့် ၎င်းအပြင် မှန်ကန်သောအရာကိုပြုလုပ်ရန်ကြိုးပမ်းကြသောအခါ သူတို့အားချီးကျူးစကားပြောဆိုခြင်းအားဖြင့် မိဘတို့သည် သူတို့၏ကြိုးပမ်းမှုကိုအားပေးနိုင်သည်။ သူတို့အားပျော်ရွှင်အောင်ပြုလုပ်နိုင်ကြသည်။ မိသားစုအသိုက်အဝန်း၏စည်းဝိုင်းပတ်လည်တွင် မည်းမှောင်သောမှောင်ရိပ်များကိုမောင်းနှင်ပယ်ရှင်းပစ်၍ ဝမ်းမြောက်ဖွယ်သောလင်းရောင်ခြည်သွတ်သွင်းလာမည့် စွဲလမ်းတပ်မက်ဖွယ်ကောင်းသောအခြေအနေကို ဖန်တီးပေးလိမ့်မည်။ အချင်းချင်းတစ်ဦးအပေါ်တစ်ဦး ကြင်နာခြင်းနှင့်သည်းခံခြင်းသည် အိမ်ကိုပါရဒိသုဘုံဖြစ်စေ၍ သန့်ရှင်းသောကောင်းကင်တမန်များအား မိသားစုအသိုက်အဝန်းအတွင်းသို့ ဝင်ရောက်လာစေလိမ့်မည်။ သို့ရာတွင် မနှစ်သက်ဖွယ်သောစကားများပြောဆိုခြင်း၊ သည်းခံမှုကင်းခြင်းနှင့်ရန်ပြုခြင်းများရှိသောအိမ်ထောင်တို့မှ ကောင်းကင်တမန်တို့သည် ထွက်ပြေးကြလိမ့်မည်။ ကြင်နာမှုကင်းခြင်း၊ ညည်းညူခြင်းနှင့်အမျက်ဒေါသထွက်ခြင်းတို့သည် ယေရှုရှင်အား အိမ်ထောင်တွင်းသို့မဝင်စေရန် ပိတ်ဆို့ထားလိမ့်မည်။

နေ့စဉ်နေ့တိုင်းဘဝအသက်တာတွင် ကျင်လည်ရမည့်ယဉ်ကျေးမှုနှင့်မိသားစုအသိုက်အဝန်းအတွင်း မေတ္တာတရားစိုးမိုးခြင်းသည် ပြင်ပလောကၥ်ရှိသော အခြေအနေများအပေါ်အမှီတံကဲမပြုပေ။

သာယာနာပျော်ဖွယ်ဖြစ်သောပြောဆိုသံများ၊ ရည်မွန်သိမ်မွေ့သောအပြုအမူများနှင့် အပြုအမူရှိသမျှတို့တွင်တွေ့ရှိရသည့် စေတနာသန့်သောချစ်ခြင်းတို့နှင့် တွဲဖက်ထားသောဝီရိယရှိခြင်းသည်လည်းကောင်း၊ သပ်ရပ်

ခြင်းနှင့်ချွေတာခြင်းတို့သည် တဲကုပ်ကလေးကိုပင် အပျော်ရွှင်ဆုံးအိမ်ဂေဟာကြီးအဖြစ်သို့ ပြောင်းလဲစေသည်။ ဖန်ဆင်းရှင်သည် ၎င်းအိမ်ထောင်မျိုးကို နှစ်ခြိုက်တော်မူသည်။

ပြင်ပလောကကြီးအတွက် လျှော့ပေါ့၍တာဝန်ထမ်းဆောင်သောသူတို့၏မိသားစုအသိုက်အဝန်းအတွက် ဆတက်ထမ်းပိုးတိုး၍ တာဝန်များထမ်းဆောင်ပေးသင့်သော ပုဂ္ဂိုလ်မြောက်မြားစွာရှိသည်။ သူစိမ်းများနှင့်ဧည့်သည်များအား သာမန်ကာလျှံကာမျှဖြစ်သော ရိုသေကိုင်းရှိုင်းခြင်းနှင့်ချစ်ခြင်းမေတ္တာပြသမှုတို့ကို လျော့ပေါ့ပြုလုပ်၍ မေတ္တာစစ်မေတ္တာမှန်နှင့်ကိုယ်ချင်းစာနာမှုမှထွက်ပေါ်လာသော ယဉ်ကျေးသိမ်မွေ့မှုနှင့်ရိုသေကိုင်းရှိုင်းမှုကို မိသားစုဖြစ်သောသွေးချင်းသားချင်းတို့အား ပိုမိုပြပါ။

**စစ်မှန်သောရိုသေကိုင်းရှိုင်းမှုဖော်ပြခြင်း** — အိမ်တွင်းရည်မွန်စွာဆက်ဆံခြင်း၊ ရိုသေကိုင်းရှိုင်းမှုရှိခြင်းတို့ကို ကျင့်သုံးရန်များစွာလိုအပ်နေသည်။ ၎င်းကျင့်ကောင်းသီလများကိုကျင့်သုံးမှုသည် သမ္မာတရားအတွက်ခိုင်မာတောင့်တင်းသောသက်သေခံချက်ဖြစ်သည်။ ညစ်ညမ်းသောအပြောအဆိုနှင့်အပြုအမူကိုကျင့်သုံးသောမည်သူမဆို သူ့အတွင်းစိတ်၏ဆိုးညစ်ယုတ်မာမှုကိုပြသည်။ ကောင်းကင်မှဆင်းသက်သောအမှန်တရားသည် ရယူသောသူအား ဘယ်အခါမျှအဆင့်အတန်းမနိမ့်စေပါ။ ဘယ်အခါကြမ်းတမ်းခက်ထန်သယောင်မဖြစ်စေပါ။ အမှန်တရားသည် ၎င်း၏သြဇာသက်ရောက်မှုလွှမ်းမိုးရာတွင် ပျော့ပျောင်း၍ယဉ်ကျေးသိမ်မွေ့သည်။ သမ္မာတရားကိုစိတ်နှလုံးတွင်း၌ခံယူလိုက်သောအခါ လူငယ်လူရွယ်တို့အား ရိုသေကိုင်းရှိုင်းတတ်ခြင်းနှင့်ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံခြင်းတည်းဟူသော အကျင့်ကောင်းသီလများကိုထိန်းသိမ်းထားစေသည်။ ခရစ်ယာန်ဆိုင်ရာယဉ်ကျေးသိမ်မွေ့မှုကို သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ပေးမှုကြောင့်သာရရှိသည်။ ၎င်းယဉ်ကျေးသိမ်မွေ့မှုသည် အရောင်တင်မှုတွင်လည်းကောင်း၊ ဦးညွှတ်ခြင်းတွင်လည်းကောင်း၊ ဟန်ဆောင်ခြင်း၌လည်းကောင်းမရှိပေ။ ၎င်းယဉ်ကျေးသိမ်မွေ့မှုမျိုးကို လောကီသားတို့ကကျင့်သုံးရာတွင် ၎င်းတို့၌စစ်မှန်သောခရစ်ယာန်ဆိုင်ရာ ယဉ်ကျေး

သိမ်မွေ့မှုမျိုးမရှိကြပေ။ မှန်ကန်သောအရောင်တင်ခြင်းသည်လည်းကောင်း၊ မှန်ကန်သောယဉ်ကျေးသိမ်မွေ့ခြင်းသည်လည်းကောင်း ခရစ်တော်၏ဧဝံဂေလိတရားတော်ကို လက်တွေ့သိရှိခြင်းမှသာလျှင် ရရှိသောပါရမီများဖြစ်သည်။ စစ်မှန်သောယဉ်ကျေးသိမ်မွေ့ခြင်းဆိုသည်မှာ လူ့အဆင့်အတန်းမရွေး၊ ဆင်းရဲချမ်းသာမရွေး လူသားဟူသမျှတို့အား ပြသရသောကြင်နာခြင်းတရားများဖြစ်သည်။

စစ်မှန်သောယဉ်ကျေးသိမ်မွေ့ခြင်း၏အနှစ်သာရသည် ပရဟိတတည်းဟူသော သူတစ်ပါးတို့၏အကျိုးကိုသိရှိဆောင်ရွက်ခြင်းဖြစ်ပါသည်။ လိုအပ်၍တည်မြဲသောပညာသည် ကိုယ်ချင်းစာတရားကို ကျယ်ပြန့်စွာကျင့်သုံးခြင်းနှင့် အများပြည်သူတို့အပေါ် သနားကြင်နာခြင်းကို အားပေးခြင်းဖြစ်သည်။ လူငယ်လူရွယ်တို့အား မိဘတို့ကိုရိုသေကိုင်းရှိုင်းရန် ပြုပြင်ပေးခြင်းမရှိသောယဉ်ကျေးမှု၊ မိဘတို့၏ကျေးဇူးကို နှစ်ခြိုက်ခြင်းမရှိသောယဉ်ကျေးမှု၊ မိဘတို့၏အားနည်းခြင်းများကို သည်းခံခြင်းမရှိသောယဉ်ကျေးမှု၊ မိဘတို့အားပြုအပ်သော ဝတ်ကြီးဝတ်ငယ်များပြုခြင်းမရှိသောယဉ်ကျေးမှု၊ သူတစ်ပါးတို့၏အကျိုးကို ဆင်ခြင်စဉ်းစားမှုမရှိသောယဉ်ကျေးမှု၊ ကြီးငယ်လတ်အရွယ်မှ ရွေးကာအကြောင်းမလုသောသူအား ကျေးဇူးမပြုသောယဉ်ကျေးမှုနှင့် လူအပေါင်းတို့အား ရိုသေကိုင်းရှိုင်းမှုမရှိသောယဉ်ကျေးမှုသည် အောင်မြင်မှုမရှိသောယဉ်ကျေးမှုဖြစ်ပါသည်။

ခရစ်တော်၏ယဉ်ကျေးမှုသည် အိမ်ထောင်သားတို့အား နေ့စဉ်ရက်ဆက်ပိုမိုတောင့်တင်းခိုင်မာလာသောမေတ္တာဖြင့် စုစည်းချည်နှောင်ထားသော ရွှေနှောယ်ကြိုးဖြစ်သည်။

**ရွှေပညတ်အားအိမ်ထောင်၏ဥပဒေပညတ်ဖြစ်ပါစေ** – လူမှုရေးဆိုင်ရာနှင့် အိမ်ထောင်သားရေးဆိုင်ရာပေါင်းသင်းဆက်ဆံမှုအတွက် တန်ဖိုးအရှိဆုံးဥပဒေပညတ်များကို ကျမ်းစာထဲတွင်တွေ့ရှိရသည်။ သမ္မာကျမ်းစာထဲတွင် ကိုယ်ကျင့်တရားနှင့်စပ်ဆိုင်၍ အကောင်းဆုံးနှင့်အသန့်ရှင်းဆုံးအဆင့်အတန်းကိုသာမက ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်စပ်ဆိုင်၍ တန်ဖိုးအရှိဆုံးဥပဒေစု

(သို့မဟုတ်) နည်းနာများကိုပါဖော်ပြထားပါသည်။ တောင်တော်ပေါ်မှာ ဟောကြားတော်မူသော ကျွန်ုပ်တို့ကယ်တင်ရှင်၏မင်္ဂလာတရားတော်ထဲတွင် လူကြီးလူငယ်တို့အတွက် တန်ဖိုးမဖြတ်နိုင်သောဆုံးမစကားများပါရှိသည်။ ၎င်းမင်္ဂလာတရားတော်ကို မိသားစုအသိုက်အဝန်းတွင် မကြာခဏဖတ်ရှု၍ ၎င်းတရားတော်၏ဆုံးမစကားများကို နေ့စဉ်ဘဝအသက်တာ၌ လက်တွေ့ကျင့်သုံးပေးသင့်သည်။ "သင်တို့၌ သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါးတို့အားပြုကြလော့" ဟူသောရွှေပညတ်နှင့် တမန်များ၏ညွှန်ကြားချက်ဖြစ်သော "ချီးမွမ်းခြင်း၏အရာမှာ သူတစ်ပါးကိုကိုယ်ထက်ချီးမြှောက်ကြလော့" တို့သည် အိမ်ထောင်၏ဥပဒေပညတ်များအနေဖြင့် သတ်မှတ်ထားသင့်ပေသည်။ ခရစ်တော်၏စိတ်နေသဘောမျိုးကို ရင်ဝယ်ပိုက်ထားသောသူတို့သည် အိမ်ထောင်တွင်ယဉ်ကျေးသိမ်မွေ့သောသဘောကို လက်တွေ့ပြ၍ သေးနုပ်သောကိစ္စမျိုးမှာပင် ရက်ရောသောစိတ်သဘောကိုပြသလိမ့်မည်။ သူတို့၏ပတ်ဝန်းကျင်၌နေထိုင်သောသူတို့အား ပျော်ရွှင်စေရန်အမြဲတမ်းကြိုးပမ်း၍ သူတစ်ပါးတို့အား ကြင်နာစွာဆက်ဆံရာတွင်လည်း အတ္တစိတ်ကိုလျှော့ထားကြလိမ့်မည်။ ဤအခြေအနေသည် ခရစ်ယာန်သစ်ပင်ပေါ်တွင်သီးလျက်ရှိသော အသီးဖြစ်သည်။

ရွှေပညတ်သည် စစ်မှန်သောယဉ်ကျေးသိမ်မွေ့ခြင်း၏အခြေခံကျင့်ဝတ်ဖြစ်၍ ၎င်းကိုအမှန်ကန်ဆုံးလက်တွေ့ကျင့်သုံးမှုကို ယေရှုရှင်၏ဘဝအသက်တာတော်နှင့်စာရိတ္တတော်တွင် တွေ့မြင်ရသည်။ ကျွန်ုပ်တို့ကယ်တင်ရှင်၏နေ့စဉ်ဘဝအသက်တွင် နူးညံ့သိမ်မွေ့ခြင်းနှင့်တင့်တယ်ခြင်းလင်းရောင်ခြည်တို့သည် ဘယ်မျှလောက်တောက်ပစွာထွန်းတောက်ခဲ့ပါသနည်း။ ကိုယ်တော်ရှင်၏အထင်အရှားရှိနေတော်မူခြင်းမှ ဘယ်မျှလောက်များပြားသော သုခချမ်းသာစီးဆင်းခဲ့ဘိသနည်း။ ကိုယ်တော်ရှင်၏သားသမီးတို့၌ အလားတူသဘောထားမျိုးဖော်ပြထားသည်ကို တွေ့မြင်ရလိမ့်မည်။ ခရစ်တော်ကိန်းဝပ်တော်မူခြင်းရှိသောသူတို့သည် ဘုရားသခင်၏အရိပ်အာဝါသတွင် ရပ်တည်သောသူဖြစ်လိမ့်မည်။ သူတို့၏ဝတ်ရုံဖြူတည်းဟူသော ဖြူစင်သန့်ရှင်းခြင်းသည်

ဘုရားသခင်၏ဥယျာဉ်တော်မှ ထုံသင်းသောရနံ့များဖြင့် မွှေးကြိုင်နေလိမ့်မည်။ သူတို့၏မျက်နှာများသည် ကိုယ်တော်ရှင်၏မျက်နှာတော်မှလင်းရောင်ခြည်ဖြင့် ရောင်ပြန်ဟပ်လျက် တုန်ချည့်မောပန်းသောခြေထောက်များလျှောက်သွားရာလမ်းကို ထွန်းလင်းနေစေသည်။

**လောကဝတ်ထုံးနည်းနှင့်ပတ်သက်၍အကောင်းဆုံးစာ** – လူသားတို့လက်ဖြင့်ရေးသားထားသောစာများထဲတွင် တန်ဖိုးအရှိဆုံးစာသည် ကယ်တင်ပေးထားတော်မူသော မွန်မြတ်သောဩဝါဒ၊ တမန်တော်ပေါလုမှတစ်ဆင့် သန့်ရှင်းသောဝိညာဉ်မိန့်ကြားတော်မူသောစကားဖြစ်သည်။ ၎င်းစကားလုံးများကို လူကြီးလူငယ်မရွေး အာဂုံဆောင်ထားသင့်ပေသည်။

"ငါသည်သင်တို့ကိုချစ်သကဲ့သို့ သင်တို့သည် အချင်းချင်းချစ်ကြလော့။"

"မေတ္တာသည်စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျောက်ပတ်စွာမကျင့်တတ်။

ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ဝမ်းမြောက်ခြင်းမရှိတတ်။

သမ္မာကျမ်း၌ဝမ်းမြောက်တတ်၏၊ ခပ်သိမ်းသောအရာတို့ကိုဖုံးအုပ်တတ်၏။

ခပ်သိမ်းသောအရာတို့ကိုယုံတတ်၏၊ ခပ်သိမ်းသောအရာတို့ကိုမျှော်လင့်တတ်၏။

ခပ်သိမ်းသောအရာတို့ကိုသည်းခံတတ်၏၊ မေတ္တာသည် ဖော်ပြန်ခြင်းသဘောနှင့်အစဉ်ကင်းလွတ်၏။"

ယဉ်ကျေးသိမ်မွေ့ခြင်းရှိရန် သမ္မာကျမ်းစာကဆုံးမထားသည်။ စစ်မှန်သောရိုသေကိုင်းရှိုင်းမှုကိုပြသော အတ္တစိတ်ကင်းသည့်စိတ်သဘော၊ နူးညံ့သိမ်မွေ့သောကောင်းမြတ်ခြင်း၊ နှစ်မြို့ဖွယ်သောစိတ်သဘောတို့နှင့်ပတ်သက်၍ ကျမ်းစာထဲတွင် များစွာသောသာဓကများကို ဖော်ပြထားသည်။

၎င်းစိတ်သဘောထားများသည် ခရစ်တော်၏စိတ်သဘောထားကို ရောင်ပြန်ဟပ်ခြင်းများသာဖြစ်သည်။ လောက၌ကျင့်သုံးနေသမျှသော စစ်မှန်သည့်နူးညံ့သိမ်မွေ့ခြင်းများနှင့်ယဉ်ကျေးခြင်းဟူသမျှသည်လည်းကောင်း၊ ကိုယ်တော်၏နာမတော်ကို ဝန်ခံခြင်းမပြုသောသူတို့ကျင့်သုံးနေသောယဉ်ကျေးမှုသည်ပင်ကိုယ်တော်ထံမှသက်ရောက်လာသည်။ ၎င်းဂုဏ်အင်္ဂါလက္ခဏာများကိုကိုယ်တော်ရှင်၏သားသမီးများတွင် ပြည့်ပြည့်ဝဝရောင်ပြန်ဟပ်နေစေရန်ကိုယ်တော်ရှင်သည် အလိုတော်ရှိတော်မူသည်။ ကိုယ်တော်၏လှပခြင်းကိုကျွန်ုပ်တို့၌လူတကာတို့တွေ့မြင်စေခြင်းသည် ကိုယ်တော်ရှင်၏ရည်စူးချက်ဖြစ်သည်။

ခရစ်ယာန်ဘာသာအယူဝါဒသည် လူတစ်ဦးအား လူကြီးလူကောင်းဖြစ်စေသည်။ ခရစ်တော်သည် သူ့အားမတရားစွပ်စွဲပြောဆိုသောသူတို့ကိုပင်ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံတော်မူသည်။ ကိုယ်တော်ရှင်၏တပည့်တော်စစ်များသည်လည်း ၎င်းစိတ်သဘောထားကိုပြသကြလိမ့်မည်။ အာဏာပိုင်များရှေ့သို့ခေါ်တော်မူခြင်းခံရသောပေါလုကိုကြည့်ပါ။ အဂြိပ္ပမင်းကြီးရှေ့တွင်ပေါလုပြောသောစကားများသည် စစ်မှန်သောယဉ်ကျေးမှုကို ကွက်ကွက်ကွင်းကွင်းပြ၍နေသည်နှင့်အမျှ ဖျောင်းဖျနိုင်သောအရည်အသွေးနှင့်ပြည့်စုံသော မိန့်ခွန်းစကားဖြစ်သည်။ လောကကြီးကကျင့်သုံးသော နာမည်ခံယဉ်ကျေးမှုမျိုးကို ဧဝံဂေလိတရားများကအားမပေးဘဲ အသည်းထဲမှထွက်ပေါ်လာသော စစ်မှန်သည့်ကြင်နာခြင်းမျိုးကိုအားပေးသည်။

ကမ္ဘာလောကကြီးသို့ခေါ်ဆိုသောယဉ်ကျေးမှုမျိုးပြသရန် ကျွန်ုပ်တို့တိုက်တွန်းနေခြင်းမဟုတ်ဘဲ မင်္ဂလာရှိသောသူတို့ဝင်စားရမည့်နေစရာအခန်းများသို့ ကာယကံရှင်ကိုယ်တိုင်ယူဆောင်သွားမည့် ယဉ်ကျေးသိမ်မွေ့မှုမျိုးကိုကျင့်သုံးရန်အတွက် ကျွန်ုပ်တို့ပြောဆိုနေခြင်းဖြစ်သည်။

**စစ်မှန်သောယဉ်ကျေးသိမ်မွေ့ခြင်းသည် မေတ္တာကိုအရင်းခံရမည်** – ဘဝအသက်တာနှင့်သင့်မြတ်လျော်ကန်သောဓလေ့ထုံးစံများကိုအပေါ်ယံအားဖြင့် သတိဝီရိယရှိစွာဖြင့် လိုက်နာကျင့်သုံးခြင်းသည်

စိတ်ညစ်ညမ်းခြင်းရှိသမျှကိုလည်းကောင်း၊ ပြင်းထန်သောဝေဖန်မှုကိုလည်းကောင်း၊ မတော်လျော်သောအပြောအဆိုကိုလည်းကောင်း တားဆီးပိတ်ပင်ထားရန်မလုံလောက်ပေ။ အတ္တအကျိုးကိုအကြီးမားဆုံးရည်စူးချက်အနေဖြင့်ထားရှိသမျှကာလပတ်လုံး စစ်မှန်သောနူးညံ့သိမ်မွေ့ခြင်းသည် ဘယ်အခါမျှပေါ်ထွက်လာလိမ့်မည်မဟုတ်ပေ။ မေတ္တာသည် စိတ်နှလုံးထဲ၌အမြစ်စွဲနေရမည်။ ခရစ်ယာန်စစ်တစ်ဦးသည် သူ့အပြုအမူအတွက်ရည်စူးချက်ကိုသူ့အရှင်သခင်ဖြစ်သောဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ချစ်ခြင်းမှထုတ်ယူတတ်သည်။ ခရစ်တော်အပေါ်ထားရှိသော သူ့မေတ္တာရေသောက်မြစ်တစ်လျှောက်လုံးတွင် သူ့ညီအစ်ကိုခရစ်ယာန်အပေါင်းတို့အတွက် အတ္တစိတ်ကင်းသော အကျိုးပြုဆောင်ရွက်မှုများကို စီးထွက်လာစေသည်။

ရှာဖွေထိန်းသိမ်းပြုပြင်ထားသောအရာအားလုံးအနက် ဘုရားသခင်၏ရှေ့တော်တွင် စင်ကြယ်သောစိတ်နှလုံးကျေးဇူးတင်ခြင်းနှင့် ငြိမ်သက်ခြင်းအပြည့်အဝရှိသော စိတ်နေသဘောထားလောက် တန်ဖိုးရှိသောအရာသည်မရှိပေ။

အမှန်တရားနှင့်မေတ္တာသည် တညီညာတည်းပေါင်းစပ်၍ စိတ်နှလုံးထဲ၌တည်ရှိလျှင် ၎င်းတို့သည် အပြောအဆိုနှင့်အပြုအမူများတွင် ထွန်းတောက်လာမည်ဖြစ်သည်။ မေတ္တာသည် မိမိပိုင်ရှင်အားကရုဏာတရားထားရှိခြင်း၊ အကျင့်ဓလေ့မှန်ခြင်းနှင့်ယဉ်ကျေးသိမ်မွေ့ခြင်းတည်းဟူသော ကျင့်ကောင်းသီလများကိုပေးကမ်းသည်။ မေတ္တာသည် မျက်နှာကိုရွှင်ပြုံးကြည်လင်စေ၍ အသံနေအသံထားကိုလည်း ထိန်းချုပ်ပေးသည်။ ၎င်းသည် လူတစ်ကိုယ်လုံးကိုယဉ်ကျေးသိမ်မွေ့စေ၍ စိတ်ထားကိုလည်းမြင့်မြတ်စေသည်။ ၎င်းသည်လူအားဘုရားသခင်နှင့်သဘောညီညွတ်စေသည်။ အဘယ်ကြောင့်ဆိုသော်၎င်းသည် ကောင်းကင်ဆိုင်ရာဂုဏ်အင်္ဂါလက္ခဏာတစ်ရပ်ဖြစ်သည်။

စစ်မှန်သောယဉ်ကျေးသိမ်မွေ့မှုဆိုသည်မှာ လောကဝတ်ဆိုင်ရာစည်းမျဉ်းများကိုကျင့်သုံးရုံဖြင့် သင်ကြားတတ်မြောက်လာသည်မဟုတ်ပေ။ လျော်ကန်သင့်မြတ်သောအမူအရာများကို တစ်ချိန်လုံးကျင့်သုံးနေရမည်။

အခြေခံကျင့်ဝတ်ကိုနားလည်မှုဖြင့် အလဲအလှယ်ပြုလုပ်ခြင်းမရှိလျှင် အခြားသောသူတို့၏ကောင်းကျိုးကို ဆင်ခြင်တိုင်းတွာရာတွင် လက်ခံကျင့်သုံးနေသောဓလေ့ထုံးစံများကို လိုက်လျှောက်ဆောင်ရွက်ခြင်းသို့ ပို့ဆောင်လိမ့်မည်။ သို့ရာတွင် စစ်မှန်သောယဉ်ကျေးသိမ်မွေ့ခြင်းသည် လောကဝတ်ကျေပွန်မှုအတွက် အခြေခံကျင့်ဝတ်ကိုစွန့်လွှတ်ရန်မလိုအပ်ပေ။ ၎င်းသည် အမျိုးအနွယ်မြင့်မြတ်ခြင်းကို အသိအမှတ်မပြုပေ။ ကိုယ့်ကိုကိုယ်ရိုသေလေးစားခြင်း၊ လူသားအနေဖြင့် လူ့ဂုဏ်ဒြပ်ကိုလေးစားခြင်း၊ လူသားတစ်ရပ်လုံး၏အဖွဲ့အစည်းတွင် ပါဝင်သောလူသားဟူသမျှအား လေးစားခြင်းရှိရန် စစ်မှန်သောယဉ်ကျေးသိမ်မွေ့ခြင်းက သွန်သင်ပေးသည်။

**ရုပ်လက္ခဏာများ၊ အပြောအဆိုများ၊ အပြုအမူများနှင့်မေတ္တာကိုဖော်ပြထားသည်** – ခပ်သိမ်းသောအရာများထက် မိဘတို့သည် သူတို့သားသမီးများ၏ပတ်ဝန်းကျင်တွင် ဝမ်းမြောက်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ချစ်ခြင်းတည်းဟူသော ပါရမီများဖြင့်ဝန်းရံထားရမည်။ ချစ်ခြင်းမေတ္တာရှိသောအိမ်ထောင်၊ ရုပ်လက္ခဏာများ၊ အပြောအဆိုများနှင့်အပြုအမူများတွင်မေတ္တာကိုဖော်ပြထားသောအိမ်ထောင်သည် ကောင်းကင်တမန်များဝမ်းမြောက်ဝမ်းသာစွာ ကိန်းဝပ်နေလိုသောနေရာဌာနဖြစ်သည်။ မိဘတို့၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်ဝမ်းသာသော ကျေနပ်ခြင်းတို့၏နေရောင်ခြည်သည် သင်တို့၏နှလုံးသားထဲသို့ဝင်ရောက်ပါစေ။ ၎င်း၏နှစ်မြို့ဖွယ်သောဩဇာသက်ရောက်မှုသည် အိမ်ထောင်တစ်ခုလုံးတွင်ပြည့်ဝနေပါစေ၊ ကြင်နာ၍အပြစ်ဖြေလွှတ်တတ်သောစိတ်သဘောကို လက်တွေ့ပြသ၍ သင်တို့သားသည်လည်း အလားတူပြုလုပ်ကြရန် အားပေးတိုက်တွန်းပါ။ ၎င်းအပြင် အိမ်ထောင်တစ်ခုလုံးအားထွန်းလင်းတောက်ပစေမည့် ကျင့်ကောင်းသီလအားလုံးတို့ကို ကျင့်သုံးပါစေ။ ထိုကဲ့သို့ပြုလုပ်ခြင်းမှထွက်ပေါ်လာသောအကျိုးအမြတ်သည် လေနှင့်နေရောင်ခြည်တို့က သီးနှံလောကတစ်ခုလုံးကိုပြုလုပ်ပေးခြင်းမှ ထွက်ပေါ်လာသောအကျိုးအမြတ်ကဲ့သို့ဖြစ်လျက် စိတ်နှင့်ကိုယ်ခန္ဓာတို့နှင့် ကျန်းမာခြင်းနှင့်အားအင်ပြည့်ဝခြင်းတို့ကို တိုးတက်ရရှိစေလိမ့်မည်။

နူးညံ့သိမ်မွေ့သောအမူအရာများ၊ ရွှင်ပျသောအပြောအဆိုနှင့် ချစ်ဖွယ်သောအပြုအမူတို့သည် ရွှေမေတ္တာနှောင်ကြိုးဖြင့် သားသမီးများ၏ စိတ်နှလုံးများကို မိဘတို့နှင့်ချည်နှောင်ထား၍ မိသားစုတို့၏သံယောဇဉ်ကို ခိုင်မာတောင့်တင်းအောင်ပြုလုပ်ရာတွင် အဖိုးထိုက်တန်လုပ်သောရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်လက်စားများထက် ပိုမိုထိရောက်စွာဆောင်ရွက်ပေးလိမ့်မည်ဖြစ်သည်။

**ကွဲပြားသောနဂိုသဘောထားများပေါင်းစည်းညီညွတ်ရမည်** – နဂိုသဘောထားချင်းကွဲပြားခြားနားသောသူတို့သည် အတူတကွပေါင်းဖက်နေထိုင်ကြစေရန် ဘုရားသခင်သည် အစီအစဉ်တစ်ခုအနေဖြင့် ထားရှိတော်မူသည်။ ထိုသို့ဖြစ်သောကြောင့် အိမ်ထောင်သားတိုင်းသည် မိသားစုအချင်းချင်းတို့၏စိတ်ခံစားချက်များနှင့် ကိုယ်ပိုင်အခွင့်အရေးများကို လေးစားကြရမည်။ ၎င်းကဲ့သို့ပြုလုပ်ခြင်းအားဖြင့် တစ်ဦး၏အကျိုးကိုတစ်ဦးကဆင်ခြင်တတ်ခြင်းနှင့် တစ်ဦးအပေါ်တစ်ဦးစိတ်ရှည်ခြင်းတည်းဟူသောပါရမီများကို ပြုစုပျိုးထောင်ပြီးဖြစ်လိမ့်မည်။ ၎င်းအပြင် အာဃာတထားတတ်ခြင်းကို ဖယ်ရှားပစ်၍ စာရိတ္တဥ္စကြမ်းတမ်းခက်ထန်သယောင်ရှိမှုတို့ကို ချောမွတ်ပြေပြစ်စေလိမ့်မည်။ စည်းလုံးညီညွတ်ခြင်းကိုရရှိနိုင်သည့်အပြင် ကွဲပြားသောနဂိုသဘောထားများကို ပေါင်းစည်းညီညွတ်ခြင်းသည် မိသားစုတိုင်းအတွက် အကျိုးပြုလိမ့်မည်။

**ယဉ်ကျေးသိမ်မွေ့မှုကင်းခြင်းကို မည်သည့်အရာကမျှပြေလည်စေနိုင်မည်မဟုတ်ပေ** – ခရစ်ယာန်များဟု မိမိကိုယ်ကိုခေါ်ဆိုကြသောသူတို့သည် တစ်ချိန်တည်းမှာပင် စိတ်ထားကြမ်းတမ်းခြင်း၊ ကြင်နာမှုကင်းခြင်းနှင့်အပြောအဆိုနှင့်အပြုအမူတို့တွင် ယဉ်ကျေးသိမ်မွေ့ခြင်းမရှိလျှင် သူတို့သည် ယေရှုရှင်ထံတော်၌ နည်းနာခံခဲ့ခြင်းမရှိကြသေးပေ။ ကျယ်လောင်သောအသံဖြင့် ဝါကြွားပြောဆိုတတ်သောသူ၊ နိုင်လိုမင်းထက်လုပ်သောသူတို့နှင့် အပြစ်ရှာတတ်သောသူသည် ခရစ်ယာန်မဟုတ်ပေ။ ခရစ်ယာန်တစ်ယောက်ဖြစ်လာရန် ခရစ်တော်နှင့်တူရမည်။ အချို့သောခရစ်ယာန်ဟု

ခေါ်ဆိုကြသောသူတို့၏အကျင့်စာရိတ္တသည် ကြင်နာမှုနှင့်နူးညံ့သိမ်မွေ့ခြင်း ကင်းလှသောကြောင့် သူတို့၏ကောင်းမြတ်ခြင်းကိုပင် မကောင်းပြောကြသည်။ သူတို့၏စေတနာကို ယုံမှားသံသယဖြစ်ရန်မလိုပေ။ သူတို့၏ရိုးဖြောင့်ခြင်းကိုအပြစ်ပြောစရာမရှိပေ။ သို့ရာတွင် စေတနာသန့်သန့်ထားခြင်းနှင့် ရိုးဖြောင့်ခြင်းတို့သည် ကြင်နာမှုနှင့်နူးညံ့သိမ်မွေ့ခြင်းမရှိခြင်းတို့ကို ပြေလည်စေမည်မဟုတ်ပေ။ ခရစ်ယာန်တစ်ဦးသည်ကိုယ်ချင်းစာရမည်။ မှန်ကန်ရမည်။ သနားရမည်။ နူးညံ့သိမ်မွေ့ရမည်။ ရိုးသားရမည်။

ခရစ်ယာန်ညီအစ်ကိုတို့သည် အချင်းချင်းရိုသေကိုင်းရှိုင်းစွာဖြင့်လည်းကောင်း၊ ကြင်နာစွာဖြင့်လည်းကောင်း ဆက်ဆံရန်ပျက်ကွက်သည်ဖြစ်စေ၊ မိသားစုအသိုက်အဝန်းတွင်ကြင်နာ၍ အားပေးစကားပြောရန် လျစ်လျူရှုသည်ဖြစ်စေ၊ မိသားစုနှင့်သားသမီးတို့ အပြန်အလှန်ပြုအပ်သောဝတ်များကိုပြုလုပ်ရန် လစ်ဟင်းသည်ဖြစ်စေ၊ မိမိတို့၏ၾငင်းပျက်ကွက်ခြင်းတို့က ခရစ်ယာန်မဆန်သောအကျင့်ဓလေ့များကို ကျင့်သုံးစေလေသည်။ သို့ရာတွင် ဤသေးနုပ်သောအရာကလေးများကို လိုက်နာကျင့်သုံးလျှင် ၎င်းတို့သည် ကြီးမားသောပမာဏသို့ ကြီးထွားရင့်သန်လာကြသည်။ သန့်ရှင်းသောနံ့သာပေါင်းအနေဖြင့် ဘုရားသခင်အထံတော်သို့တက်ရောက်သောသင်းပျံ့မွှေးကြိုင်သည့်ရနံ့ဖြင့် ဘဝအသက်တာကိုသင်းထုံစေသည်။

**အများသောသူတို့သည် စဉ်းစားထောက်မျှော်ခြင်းကိုမျှော်မှန်းတမ်းတကြသည်** – မြောက်မြားစွာသောသူတို့သည် မိတ်ဆွေပီသသောကိုယ်ချင်းစာနာမှုမျိုးဖြင့် ဆက်ဆံမှုကိုမျှော်မှန်းတမ်းတလျက်ရှိကြသည်။ ကျွန်ုပ်တို့သည် အတ္တကျိုးကိုမေ့ပျောက်ထား၍ သေးနုပ်သောအရာကလေးများ၌ပင်ဖြစ်စေ အခြားသောသူတို့ထံမှ လက်ခံရရှိသောကျေးဇူးပြုခြင်းအတွက် ကျေးဇူးတင်ကြောင်းပြခြင်းအားဖြင့် တုံ့ပြန်ရန်အခွင့်အရေးကို စောင့်မျှော်သည်သာမက ကြင်နာသောအပြုအမူနှင့် မေတ္တာအရင်းခံသောဆောင်ရွက်မှုများအားဖြင့် အခြားသောသူတို့၏ဝမ်းနည်းခြင်းများနှင့် ဝန်ထုပ်များကိုပေါ့ပါးစေရန် အားပေးစကားပြောကြားရသောအခွင့်အရေးများကို အမြဲတမ်းစောင့်မျှော်

နေရမည်။ ကျွန်ုပ်တို့၏အိမ်ထောင်များမှအစပြု၍ လုပ်ကိုင်သည့်ယင်းကဲ့သို့ သောစဉ်းစားဆင်ခြင်မှုအရင်းခံသော ယဉ်ကျေးသိမ်မွေ့မှုဆိုင်ရာဆောင်ရွက်မှုတို့သည် မိသားစုအသိုက်အဝန်း၏စည်းဝိုင်းမှကျော်လွန်၍ ဘဝအသက်တာ၏ပျော်ရွှင်မှုကို တိုးတက်ကောင်းမွန်စေသည်။ ဤသေးနုပ်သောအရာများကို လျစ်လျူရှုလျှင် ဘဝအသက်တာ၏ဝမ်းနည်းခြင်းနှင့်စိတ်ဒုက္ခတို့၏ဒီဂရီကို တိုးတက်စေသည်။

**လူမှုရေးဆိုင်ရာဆယ်သွယ်မှုအားဖြင့် ကမ္ဘာလောကကြီးနှင့်တွေ့ထိမှုရှိသည်** – လူမှုရေးဆိုင်ရာဆက်သွယ်မှုအားဖြင့် ခရစ်ယာန်အယူဝါဒသည် ကမ္ဘာလောကကြီးနှင့်တွေ့ထိမှုရှိသည်။ ခရစ်တော်၏မေတ္တာတော်ကိုမြည်းစမ်းပြီး၍ စိတ်နှလုံးထဲ၌ ကိုယ်တော်ရှင်၏မွမ်းမံခြယ်လှယ်မှုကိုခံရသောသူတိုင်း သူ့ကိုရရှိထားသည့်အလင်းတရားသည် မှောင်မိုက်သောလမ်းခရီး၌ရှိသည်။ ကောင်းမွန်သောလမ်းကိုမသိကျွမ်းသေးသည့်သူတို့အတွက် အလင်းပေးကြရန် ဘုရားသခင်သည်အလိုရှိတော်မူသည်။

မိတ်ဆွေပီသသော အပြောအဆိုများနှင့်အမူအရာများဆိုင်ရာ ထောင်သောင်းမကသေးငယ်သောဆောင်ရွက်မှုများကို ကျွန်ုပ်တို့ပြသနိုင်ကြသည်။ အခြားသောသူတို့အားလျစ်လျူရှုခြင်းအားဖြင့် ဆင်ခြင်တွေးတောခြင်းမရှိသောခရစ်ယာန်တို့သည် သူတို့အနေဖြင့် ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းမရှိကြောင်းကို ပြသကြသည်။ ခရစ်တော်၌တစ်လုံးတစ်ဝတည်းဖြစ်လျက် အခြားသောသူတို့အပေါ် ကြင်နာမှုကင်းသူတို့၏အခွင့်အရေးများကို မေ့လျော့နေခြင်းဆိုသည်မှာ မဖြစ်နိုင်သောအခြေအနေမျိုးဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် ယေရှုရှင်အတွက်သက်သေခံများဖြစ်လာကြရမည်။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သန့်စင်ထားသောလူမှုရေးဆိုင်ရာအခွင့်အရေးကို ကယ်တင်ရှင်အတွက် ဝိညာဉ်များကိုကယ်တင်ခြင်းအားဖြင့် ပိုမိုထက်မြက်စေရမည်။ ကျွန်ုပ်တို့သည် အတ္တကျိုးကိုကြည့်သူများမဟုတ်ဘဲ ကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာများနှင့်အခွင့်အရေးများကို အခြားသောသူတို့အားဝေငှစေလိုသောဆန္ဒရှိကြောင်းကို ကမ္ဘာလောကကြီးအား

တွေ့မြင်ပါစေ။ ကျွန်ုပ်တို့ယုံကြည်လက်ခံထားသော ဘာသာအယူဝါဒက ကျွန်ုပ်တို့အားကိုယ်ချင်းစာတရားကင်းအောင်ပြုလုပ်ထားသည်မဟုတ်၊ သို့တည်း မဟုတ် အတင်းအကျပ်ယုံကြည်ခိုင်းခြင်းမရှိကြောင်းကိုလည်း ကမ္ဘာသူကမ္ဘာ သားတို့အား တွေ့မြင်ပါလေစေ။ ခရစ်တော်အရှင်တို့တွေ့ရှိပြီဆိုလေသော သူတို့အား လူသားတို့၏ကောင်းကျိုးအတွက် ကိုယ်တော်ရှင်ဆောင်ရွက်တော် မူသကဲ့သို့ ဆောင်ရွက်ကြပါစေ။ ခရစ်ယာန်များသည် ပျော်ရွှင်မှုကင်း၍ အမြဲတမ်းသုန်မှုန်ညှိုးငယ်နေရသောသူများဖြစ်သည်ဆိုသော မှားယွင်းသည့် ထင်မြင်ချက်ကို ဘယ်အခါမျှအလောတကြီးမရရှိစေပါနှင့်။

ကျွန်ုပ်တို့သည် နေအိမ်တွင်ရိုသေကိုင်းရှိုင်း၍ စိတ်နူးညံ့သိမ်မွေ့ သောသူများဖြစ်လျှင် ကျွန်ုပ်တို့သည် အခြားအရပ်သို့သွားကြသောအခါ ကျွန်ုပ်တို့သည် နှစ်မြို့ဖွယ်ကောင်းသောစိတ်နေသဘောထားကိုလည်း ယူဆောင် သွားကြမည်ဖြစ်သည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် တည်ကြည်ကြံ့ခိုင်ခြင်း စသောကျင့်ကောင်းသီလများကို အိမ်ထောင်တွင် ပြသကျင့်သုံးလျှင် ကျွန်ုပ်တို့သည် လောကကြီးအတွက် အလင်းများဖြစ်နိုင် ကြလိမ့်မည်။

---o---

## အခန်း ၇၀
# ရွှင်လန်းခြင်း

**ခရစ်ယာန်တစ်ယောက်သည် ရွှင်လန်းသောသူဖြစ်လိမ့်မည်**

နေ့စဉ်ရက်ဆက်ရင်ဆိုင်ရသော စိတ်ညစ်ဖွယ်အသွယ်သွယ်တို့ကြောင့် သင့်စိတ်ကိုအနှောင့်အယှက်မဖြစ်ပါစေနှင့်။ အနှောင့်အယှက်ဖြစ်စေလျှင် သင့်အတွက်စိတ်မကောင်းစရာနှင့်အမျက်ထွက်စရာအမြဲတမ်းရှိနေလိမ့်မည်။ ဘဝအသက်တာသည် ကျွန်ုပ်တို့ကပုံပြင်ထားသည့်အတိုင်းဖြစ်၍ ကျွန်ုပ်တို့ရှာဖွေနေသောအရာကို ကျွန်ုပ်တို့တွေ့ရှိရလိမ့်မည်။ ကျွန်ုပ်တို့သည် ဝမ်းနည်းခြင်းနှင့်ဒုက္ခကိုရှာလျှင်လည်းကောင်း၊ ကျွန်ုပ်တို့သည် သေးငယ်သောခက်ခဲမှုများကိုပုံကြီးချဲ့လိုလျှင်လည်းကောင်း၊ ကျွန်ုပ်တို့တွေးခေါ်မှုပြုရန်နှင့်ဆွေးနွေးပြောဆိုရန် ယင်းဒုက္ခများကိုတွေ့ရှိနိုင်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့သည်အကြောင်းကိစ္စတို့၏အကောင်းဘက်ကိုကြည့်လျှင် ကျွန်ုပ်တို့အားရွှင်လန်းစေမည့်အရာများ အလုံအလောက်တွေ့ရှိလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပြုံးရွှင်ခြင်းကိုပေးလျှင် ၎င်းတို့အတိုင်း ကျွန်ုပ်တို့အားပြန်လည်ပေးကမ်းလိမ့်မည်။ ကျွန်ုပ်တို့သည် နှစ်သက်ဖွယ်ဖြစ်၍ ဝမ်းမြောက်ဖွယ်သောအပြောအဆိုများကိုပြောဆိုလျှင် ကျွန်ုပ်တို့အား ၎င်းအပြောအဆိုအားဖြင့်ပြောဆိုကြလိမ့်မည်။

ခရစ်ယာန်များကိုကိုယ်တိုင်သူတို့သည် မိတ်ဆွေမဲ့ဖြစ်ကြပြီဟုယူဆနေသကဲ့သို့ စိတ်ပျက်အားလျော့နေသောအခါ သူတို့သည် သူတို့၏ဘာသာအယူဝါဒနှင့်ပတ်သက်၍ မှားယွင်းသောစွဲမှတ်ခြင်းကိုပေးကြသည်။ အချို့သောကိစ္စမျိုးတွင်ရွှင်လန်းခြင်းသည် ခရစ်ယာန်စာရိတ္တ၏ဂုဏ်ဒြပ်နှင့်မညီလျော်ဟု သဘောထားကြသည်။ သို့ရာတွင် ၎င်းသဘောထားသည်မှားသည်။ ကောင်းကင်ဘုံတစ်ခုလုံးသည် ပျော်ရွှင်မှုကြီးစိုးသောဌာနကြီးဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်များ၌ ကောင်းကင်ဘုံမှပျော်ရွှင်မှုများကိုစုဆောင်းသိုလှောင်ထား၍ တတ်နိုင်သမျှ၎င်းတို့ကို ကျွန်ုပ်တို့၏အပြောအဆို

များနှင့်အပြုအမူများတွင်ဖော်ပြလျှင် ကောင်းကင်ဘုံရှင်အဘဘုရားသခင်အတွက် ပိုမိုနှစ်သက်သဘောကျစရာဖြစ်လိမ့်မည်။

ဝမ်းနည်းခြင်းနှင့်ဒုက္ခများအတွက် စိုးရိမ်ကြောင့်ကြနေမည့်အစား ရှင်လန်းသောစိတ်ကိုမွေးမြူရန် လူတိုင်း၏တာဝန်ဖြစ်သည်။ အများသောသူတို့သည် ဝမ်းနည်းခြင်းများနှင့် ဒုက္ခများအတွက်စိုးရိမ်ကြောင့်ကြဖြစ်နေမှုကြောင့် စိတ်ဒုက္ခရောက်ကြရသည်။ သူတို့သည် ကျန်းမာမှုကိုမပြုသောစိတ်ကူးယဉ်ခြင်းဖြင့် သူတို့၏ကာယကျန်းမာမှုနှင့်စိတ်ပျော်ရွှင်မှုကို အနစ်နာခံကြသည်။ သူတို့၏ပတ်ဝန်းကျင်၌ရှိသောအရာများသည် သူတို့အတွက်စိတ်တိုင်းကျမဖြစ်သည့်အတွက်ကြောင့် သူတို့၏မျက်နှာထားများသည် အမြဲတမ်းမျက်မှောက်ကုတ်နေခြင်းက သူတို့၌စိတ်ကျေနပ်မှု (သို့မဟုတ်) တင်းတိမ်ရောင့်ရဲမှုမရှိကြောင်းကို စကားအားဖြင့်ပြောဆိုခြင်းထက် ပိုမိုရှင်းလင်းပြတ်သားစွာပြသည်။ ဤထိုင်းမှိုင်းစေသောစိတ်လှုပ်ရှားမှုတို့သည် သူတို့၏ကျန်းမာခြင်းကိုများစွာထိခိုက်သည်။ အဘယ်ကြောင့်ဆိုသော် အစာကြေညက်ပေးသောလုပ်ရိုးလုပ်စဉ်ကို နှောင့်ယှက်စေခြင်းအားဖြင့် သူတို့ကိုယ်ခန္ဓာကြီးထွားတိုးတက်မှုကို ဟန့်တားထားကြသည်။ ဝမ်းနည်းခြင်းနှင့်စိတ်သောကရောက်ခြင်းတို့သည် အပြစ်အနာအဆာတစ်ခုကိုမျှ ကုသပေးနိုင်စွမ်းမရှိသော်လည်း ကြီးမားသောအန္တရာယ်ကိုပြုနိုင်သည်။ သို့ရာတွင် စိတ်ပျော်ရွှင်မှုနှင့်မျှော်လင့်ချက်တို့သည် သူတစ်ပါးတို့၏လမ်းကိုထွန်းလင်းတောက်ပစေသည်နှင့်အမျှ "သူတို့၏အသက်ရှင်ခြင်း၊ တစ်ကိုယ်လုံးကျန်းမာခြင်းအကြောင်းကိုတွေ့" စေသည်။

**မစ္စစ်ပိုက်သည်အခက်အခဲရင်ဆိုင်ရချိန်တွင် ပျော်ရွှင်နေသည်**– ကျွန်ုပ်သည် စိတ်ညှိုးငယ်ခြင်း၊ စိတ်မသာညည်းညူခြင်းများပြုနေသည်ကိုသင်တို့တွေ့မြင်ဖူးကြပါသလား။ ၎င်းကဲ့သို့မဖြစ်စေရန်တားမြစ်ထားသောယုံကြည်ခြင်းမျိုး ကျွန်ုပ်၌ရှိသည်။ စိတ်ကို၎င်းအခြေအနေမျိုးသို့ ပို့ဆောင်ခွင့်ပြုခြင်းသည် ခရစ်ယာန်ဆိုင်ရာအကျင့်စာရိတ္တနှင့်ခရစ်ယာန်ဆိုင်ရာဝန်ထမ်းတို့၏စစ်မှန်သောရည်စူးချက်ကို အလွဲနားလည်မှုဖြစ်သည်။ စိတ်ညှိုးငယ်ခြင်း

နှင့်စိတ်အားလျော့ခြင်း၊ ဝမ်းနည်းခြင်းတို့သည် စစ်မှန်သောဘာသာအယူဝါဒ ကင်းမှုကြောင့်ဖြစ်သည်။ စိတ်အားထက်သန်သောခရစ်ယာန်တို့သည် ယေရှုရှင်အားအတုယူရန်ကြိုးပမ်းသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန် ဖြစ်ခြင်းသည် ခရစ်တော်နှင့်တူညီခြင်းဖြစ်သည်။ ခရစ်တော်နှင့်တူညီလိုသော ကျွန်ုပ်တို့၏ဘဝအသက်တာတွင် ကိုယ်တော်ရှင်၏အခြေခံကျင့်ဝတ်များကို တစ်ဆင့်ပြန်လည်ဖော်ထုတ်ရန် ခရစ်တော်၏ဘဝအသက်တာနှင့် ခရစ်တော် ၏အကျင့်စလေ့တော်များကို မှန်ကန်စွာနားလည်ရန် အမှန်ပင်လိုအပ်သည်။

စိတ်မပေါ့တပါဝန်ထမ်းခြင်း၊ လောကကိုချစ်ခြင်း၊ မိမိကိုယ်ကိုချစ် ခြင်း၊ သိမ်ဖျင်းသောပျော်ပွဲရွှင်ပွဲများနှစ်သက်ခြင်းတို့သည် သူရဲဘောနည်း သောအမှုထမ်းများဖြစ်စေသည်။ သူသည် ခရစ်တော်၏နောက်တော်သို့ အဝေးမှလိုက်သောသူဖြစ်သည်။ စိတ်ပါကိုယ်ရောက်ဖြင့်လည်းကောင်း၊ သဘောထားကြည်ဖြူစွာဖြင့်လည်းကောင်း ယေရှုရှင်အတွက်အမှုတော် ထမ်းဆောင်ခြင်းသည် ပျော်ရွှင်ဖွယ်သောဘာသာအယူဝါဒကို ဖြစ်ပေါ်လာ စေသည်။ ခရစ်တော်နောက်တော်သို့ အနီးကပ်ဆုံးလိုက်လျှောက်သောသူတို့ သည် စိတ်ဆင်းရဲခြင်းမရှိခဲ့ပေ။ ခရစ်တော်၌အလင်းငြိမ်သက်ခြင်းနှင့်ထာဝရ ကာလတည်မြဲသောပျော်ရွှင်မှုရှိသည်။ ကျွန်ုပ်တို့သည် လောကီဆန်ခြင်းထက် ခရစ်တော်ကိုပိုမိုသိကျွမ်းရန်လိုအပ်သည်။ အတ္တစိတ်ထက်ခရစ်တော်ကိုပိုမို လိုအပ်သည်။

**အလင်း၏သားသမီးများတို့ကဲ့သို့လျှောက်ကြလော့** – ကျွန်ုပ် တို့သည် စိတ်ညှိုးငယ်ခြင်း၊ သည်းခံစိတ်ကင်းခြင်း၊ ပေါ့တန်ခြင်းနှင့်သိမ်ဖျင်း ခြင်းတို့ကိုကျင့်သုံးရန် ဘုရားသခင်သည် အလိုတော်မရှိပေ။ လူသားတို့ အား တစ်ဖက်အစွန်းမှအခြားတစ်ဖက်စွန်းသို့ပို့ပေးရန် စာတန်၏လေ့လာ ထားပြီးဖြစ်သော အကြံအစည်ဖြစ်သည်။ အလင်း၏သားသမီးများအနေဖြင့် ကျွန်ုပ်တို့သည် “မှောင်မိုက်ထဲမှအံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော် မူသောသူ၏ဂုဏ်ကျေးဇူးတော်များကို ဖော်ပြစေခြင်းငှာ” ပျော်ရွှင်သော စိတ်နေသဘောထားကို မွေးမြူထိန်းသိမ်းထားရကြမည်။

**သားသမီးတို့၏မေတ္တာကိုရယူခြင်း** – မိဘတို့၊ ပြုံးရွှင်သောမျက်နှာထားကိုဆောင်ကြကုန်လော့။ ဆရာသမားတို့၊ ပြုံးရွှင်သောမျက်နှာထားကိုဆောင်ကြကုန်လော့။ သင်တို့စိတ်နှလုံးသည် ဝမ်းနည်းနေလျှင် ၎င်းဝမ်းနည်းခြင်းကို သင်တို့မျက်နှာတွင်မပေါ်လွင်ပါစေနှင့်။ ချစ်ခြင်း၊ ကျေးဇူးတင်ခြင်းနှင့်ပြည့်ဝနေသောနှလုံးသားမှနေရောင်ခြည်အား မျက်နှာကိုထွန်းလင်းတောက်ပနေပါလေစေ။ သံမဏိကဲ့သို့တင်းသော သင့်ဂုဏ်သိက္ခာကိုလျော့ပါး၍ သားသမီးတို့၏လိုအပ်ချက်များနှင့်ကိုက်ညီအောင် သင့်ကိုယ်ကိုပြုပြင်ပေးပါ။ သင့်ကိုသူတို့ချစ်ခင်မြတ်နိုးလာအောင်လုပ်ပါ။ ဘာသာအယူဝါဒဆိုင်ရာအမှန်တရားကို သူတို့နှလုံးပေါ်တွင်စွဲမှတ်ထားစေလိုလျှင် သင်သည်သူတို့၏ချစ်ခြင်းမေတ္တာကိုရယူရမည်။

**ကြည်နူးဖွယ်သောမျက်နှာထားနှင့် သာယာချိုအေးသောစကားပြောဆိုသံကိုထိန်းသိမ်းထားပါ** – မိဘတို့၊ သာမန်ပျော်ရွှင်ခြင်း၊ မမှုလောက်သောပျော်ရွှင်ခြင်းမျိုးမဟုတ်သော ပျော်ရွှင်ခြင်းမျိုးထားရှိ၍ ကောင်းကင်ဘုံရှင်သင်တို့၏အဘဘုရားသခင်ကိုကျေးဇူးတင်ပါ။ စကားတော်ကိုနားထောင်ပြီးလျှင် အလိုတော်ကိုလိုက်နာပါ။ အကယ်၍ အမျက်ထွက်စေသောအဖြစ်အပျက်များပေါ်ထွက်လာခဲ့သော် သင်စိတ်ခံစားချက်အတိုင်းလုပ်ကိုင်ရန် သင်၌လွတ်လပ်ခွင့်မရှိပေ။ သူတစ်ပါးတို့၏ချစ်ခြင်းမေတ္တာကိုရယူခြင်းဆိုသည်မှာ နက်ရှိုင်းသောရေကဲ့သို့ သင်တို့၏သားသမီးများကိုအုပ်ထိန်းရာတွင် အမြဲတမ်းစီးဆင်းနေရမည်။ သူတို့သည် ဘုရားသခင်၏သိုးစုတွင် သိုးငယ်များဖြစ်ကြသည်။ သင်တို့၏သားသမီးများကို ဘုရားသခင်အထံတော်သို့ ယူဆောင်လာကြပါ၊ သားသမီးတို့အားနူးညံ့သိမ်မွေ့ခြင်းကိုသွန်သင်ပေးလိုလျှင် သူတို့အားဘယ်သောအခါမျှ ဆူပူကြိမ်းမောင်းခြင်းမပြုပါလေနှင့်။ သိမ်မွေ့သောမျက်နှာထားမျိုးရရှိရန် မိဘတို့သည် သူတို့ကိုယ်ကိုသွန်သင်ဆုံးမ၍ သင်တို့၏စကားပြောသောလေသံကို အချိုပေါ်သကာရည်လောင်းထားသကဲ့သို့ ချိုမြရမည်။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သင်တို့၏သားသမီးငယ်များအနီးတွင် အမြဲတမ်းရှိကြသောကြောင့်

သင်တို့၏စူးရှပြင်းထန်သော ဆုပူကြိမ်းမောင်းသံတို့သည် သူတို့အတွက် မနှစ်မြို့ဖွယ်ဖြစ်သည်။

မိခင်တို့သည် ပျော်ရွှင်ရောင့်ရဲတင်းတိမ်သောသဘောထားမျိုး မွေးမြူထားရကြမည်။ သူတို့သားသမီးတို့၏ကာယကျန်းမာမှုနှင့် စာရိတ္တ ကြံ့ခိုင်မှုတို့တွင် မိခင်တို့ကြိုးပမ်းသမျှတို့၏အကျိုးကျေးဇူးများကို တွေ့မြင်ရလိမ့်မည်။ ပျော်ရွှင်သောစိတ်သဘောသည် မိခင်တို့၏အိမ်ထောင်စိတ်ချမ်းသာမှုကိုတိုးတက်စေ၍ သူတို့ကိုယ်တိုင်၏ကျန်းမာမှုကိုလည်း အထူးသဖြင့်တိုးတက်ကောင်းမွန်စေလိမ့်မည်။

**မှောင်ရိပ်များကိုလင်းစေ၍ တာဝန်များကိုပေါ့ပါးစေရမည်**

အရာခပ်သိမ်းတို့ကို ပျော်ရွှင်သောရှုထောင့်မှကြည့်၍ မွေးမြူထားလျှင် ဝိညာဉ်ကိုဖုံးလွှမ်းသွားစေမည့်မှောင်ရိပ်များကိုလင်းစေရန် အမြဲတမ်းကြိုးပမ်းရမည်။ သူတစ်ပါးတို့အပေါ် ကိုယ်ချင်းစာသောစိတ်သဘောထားကိုမွေးမြူပါ။ ပျော်ရွှင်ခြင်း၊ ကြင်နာခြင်းနှင့်ချစ်ခြင်းတို့အား အိမ်ထောင်တွင်အပြည့်ရှိနေပါလေစေ။ ၎င်းအခြေအနေက ဘာသာရေးဆိုင်ရာလေ့ကျင့်မှုအပေါ် နှစ်သက်မြတ်နိုးခြင်းကိုတိုးတက်စေ၍ အိမ်ထောင်မှုဆိုင်ရာ ဝတ်ကြီးဝတ်ငယ်တို့ကို ရွှင်မြူးစွာထမ်းဆောင်စေလိမ့်မည်။

**အိန္ဒြေမဲ့ခြင်းကင်းသောရွှင်လန်းခြင်းသည် ခရစ်ယာန်တို့၏ပါရမီဖြစ်သည်** – ကျွန်ုပ်တို့သည် စစ်မှန်သောခရစ်ယာန်တို့၏ဂုဏ်သိက္ခာကို ထားရှိနိုင်သည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏အပြုအမူများကို ရွှင်လန်းစွာဖြင့်လည်းကောင်း၊ သိမ်မွေ့စွာဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ကြသည်။ အိန္ဒြေမဲ့ခြင်းကင်းသောရွှင်လန်းခြင်းသည် ခရစ်ယာန်တို့၏ပါရမီတစ်ပါးဖြစ်သည်။

---o---

## အခန်း ၇၁
# ပြောဆိုတတ်သောသတ္တိ

**အသံသည်စွမ်းရည်တစ်မျိုးဖြစ်သည်** – အသံသည် ကျွန်ုပ်တို့အား ယုံကြည်အပ်နှံထားသောစွမ်းရည်တစ်မျိုးဖြစ်၍ ကျွန်ုပ်တို့လူသားအချင်းချင်းအားကူညီမစရန်လည်းကောင်း၊ အားပေးရန်လည်းကောင်း၊ ခွန်အားရရှိစေရန်လည်းကောင်း ၎င်းအသံကိုကျွန်ုပ်တို့အသုံးပြုရမည်။ မိဘများသည် ဘုရားသခင်ကိုချစ်၍ တရားမျှတစွာဖြင့်လည်းကောင်း၊ ချိန်ချိန်ဆဆရှိစွာဖြင့်လည်းကောင်း ဘုရားသခင်၏နည်းလမ်းတော်အတိုင်း ထိန်းသိမ်းလုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင် သူတို့ပြောဆိုသောစကားများတွင် စက်ဆုပ်ဖွယ်သောအသုံးအနှုန်းများပါဝင်မည့် လက္ခဏာရှိမည်မဟုတ်ပေ။ သူတို့ပြောဆိုသံသည် ခိုင်လုံမှုရှိခြင်း၊ သန့်ရှင်းခြင်နှင့်အကျိုးပြုခြင်းသဘောရှိသည်။ သူတို့သည် အိမ်ထောင်၌ရှိသည်ဖြစ်စေ၊ အိမ်ပြင်လောက၌ရှိသည်ဖြစ်စေ သူတို့၏အသုံးအနှုန်းများသည် သေချာစွာရွေးချယ်ထားသောစကားလုံးများဖြစ်သည်။ လူတို့သည် ဘယ်အခါမျှသေးသိမ်သောစကားမျိုး ပြောဆိုမည်မဟုတ်ပေ။ စကားလုံးတိုင်း၌သြဇာသက်ရောက်မှုရှိသည်။ မိဘတို့သည် ဒေါသပါပါဖြင့်ပြောဆိုလျှင်လည်းကောင်း၊ လောကီသားတို့၏စိတ်သဘောထားမျိုးကို သူတို့အားပြလျှင်လည်းကောင်း ကိုယ်တော်ရှင်သည်သူတို့အားကိုယ်တော်ရှင်၏သားသမီးများအနေဖြင့်မဟုတ်ဘဲ လောကီသားများအနေဖြင့်မှတ်ယူတော်မူမည်။

အချိန်အခါအားလျော်စွာ ပြောဆိုလိုက်သောစကားတစ်ခွန်းသည် နုနယ်သောစိတ်ဓာတ်မြေဩဇာတွင် စိုက်ပျိုးထားသည့်မျိုးစေ့ကောင်းကဲ့သို့ သေးငယ်သောခြေထောက်များကို မှန်ကန်သောလမ်းကြောင်းထဲသို့ လမ်းပြပို့ဆောင်ပေးလိမ့်မည်။ သို့ရာတွင် မှားယွင်းသောစကားတစ်ခွန်းသည် သူတို့၏ခြေထောက်များကို ပျက်စီးရာလမ်းကြောင်းထဲသို့ ပို့ဆောင်ပေးလိမ့်မည်။

အိမ်ထောင်၌ပြောဆိုသောစကားများကို ကောင်းကင်တမန်တို့သည် ကြားကြသည်။ ထိုကြောင့် ဘယ်အခါမျှဆူပူကြိမ်းမောင်းခြင်းမပြုကြပါနှင့်။ သို့ရာတွင် သင်တို့ပြောဆိုသောစကားလုံးများ၏ဩဇာသက်ရောက်မှုသည် မွေးကြိုင်သောနံ့သာပေါင်းမီးရှို့ရာယဇ်ကဲ့သို့ ကောင်းကင်ဘုံသို့တက်ရောက်သောစကားမျိုးဖြစ်ပါစေ။

မိဘတို့သည် အိမ်ထောင်၏ပတ်ဝန်းကျင်တစ်ခုလုံးကို ကြင်နာသောစကားလုံးများ၊ နူးညံ့သောကိုယ်ချင်းစာနာမှုနှင့်မေတ္တာတရားတို့ဖြင့် စင်ကြယ်မွေးကြိုင်နေစေရန် ပြုလုပ်သင့်ကြပေသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် သူတို့သည်တည်ကြည်မှုရှိ၍ အခြေခံကျင့်ဝတ်များနှင့်ပတ်သက်၍ လျှော့ပေးခြင်းမရှိစေရ။ သင်သည် သင့်သမီးများနှင့်ဆက်ဆံရာတွင် တည်ကြည်မှုမရှိလျှင် သင်တို့သည် သူတို့ကိုမချစ်ကြဟူ၍ သူတို့ကယူဆကြပေလိမ့်မည်။ ယင်းအခြေအနေမျိုးဖြစ်တတ်သည်ကို မိဘတို့သည်မျှော်လင့်ထားရကြမည်။ သို့ရာတွင် သင်တို့ဘယ်အခါမျှ ကြမ်းသောအမူအရာကိုမပြကြပါနှင့်။ တရားမျှတနှင့်ကရုဏာတရားတို့သည် ဒွန်တွဲနေရမည်။ စိတ်ဒယိမ်းဒယိုင်မှုဖြစ်စေ၊ စိတ်လိုက်မာန်ပါဖြစ်စေ ပြုလုပ်မှုများလုံးဝမရှိစေရ။

**ပြောဆိုသောစကားအသုံးအနှုန်းသည် အတွင်းစိတ်၏လုပခြင်းကိုဖော်ပြခြင်းဖြစ်စေရမည်** – စကားအသုံးအနှုန်းအတွက် စိတ်၏အဓိကလိုအပ်ချက်သည် စင်ကြယ်ရမည်။ ကြင်နာရမည်။ မှန်ကန်ရမည်။ အချုပ်အားဖြင့် "အတွင်းစိတ်၏လုပခြင်းကိုပြင်ပ၌ဖော်ပြခြင်း" ဖြစ်စေရမည်။ ၎င်းစကားအသုံးအနှုန်းသင်ကြားလေ့လာမှုအတွက် အကောင်းဆုံးစာသင်ကျောင်းသည် အိမ်ထောင်ဖြစ်သည်။

ကြင်နာသောအပြောအဆိုများသည် ဝိညာဉ်အတွက်ဆီးနှင်းနှင့် ဖြည်းညင်းစွာရွာချသောမိုးရေနှင့်တူသည်။ ခရစ်တော်အရှင်သည် "ပင်ပန်းသောသူအားမစခြင်းငှာစကားပြောတတ်မည်အကြောင်း အရှင်ထာဝရဘုရားသခင်သည် လူတို့၏နှုတ်သတ္တိကို" ကိုယ်တော်ရှင်အားပေးတော်မူသည်ဟု သမ္မာ

ကျမ်းစာကဖော်ပြထားသည်။ ကျွန်ုပ်တို့အား ကိုယ်တော်ရှင်ကမှာကြားထားတော်မူသည်မှာ "လူအသီးသီးတို့အား အဘယ်သို့ပြန်ပြောရမည်ကိုသိနိုင်မည်အကြောင်း၊ သင်တို့စကားသည် ဆားအားဖြင့်ငန်သောအရသာနှင့်ပြည့်စုံလျက် အစဉ်မပြတ်သင့်တင့်လျောက်ပတ်ပါလေစေ။"

**အသံနေအသံထားပြုပြင်မှုကို အိမ်ထောင်တွင်ပြုလုပ်ပေးသင့်ပေသည်** – အသံနေအသံထားပြုပြင်မှုဆိုင်ရာသွန်သင်ပေးမှုကို မိသားစုအသိုက်အဝန်းတွင် ပြုလုပ်ပေးသင့်ပေသည်။ ပြောဆိုလိုက်သောစကားလုံးတိုင်းကို ကြားရသောသူတိုင်းကနားလည်စေရန် စကားကိုပြတ်ပြတ်သားသားရှင်းရှင်းလင်းလင်းပြောတတ်ဖို့ သားသမီးတို့အားမိဘများက သင်ကြားပေးသင့်ကြသည်။ ဘုရားသခင်အားကြောက်ရွံ့ရိုသေသောနည်းမျိုးဖြင့် ကျမ်းစာစကားလုံးများကို ကြည်လင်ပြတ်သားစွာဖတ်ရန် သင်ကြားပေးသင့်ပေသည်။ မိသားစုတို့သည် ဘုရားသခင်ထံဆုတောင်းခြင်းအားဖြင့် ချဉ်းကပ်ကြသောအခါ သူတို့၏မျက်နှာများကို လက်ဝါးများဖြင့်အုပ်ထားခြင်းမပြုပါစေနှင့်။ မျက်နှာများကိုလည်း ကုလားထိုင်နှင့်ကပ်မထားပါစေနှင့်။ သူတို့၏ဦးခေါင်းများကိုကြွ၍ရိုသေကြောက်ရွံ့သောအမူအရာမျိုးဖြင့် ကျေးဇူးတော်ပလ္လင်သို့ ချဉ်းကပ်ကြပါစေ။

သူတို့နှင့်စကားပြောသောအခါ စင်ကြယ်သောအသုံးအနှုန်းများကို အသုံးပြုပါ။ ကြမ်းတမ်းခက်ထန်သယောင်ရှိ၍ အာဏာရှင်ဆန်သောလေသံမျိုးမဟုတ်ဘဲ သာယာပျော့ပျောင်း၍ သွေးဆောင်တတ်သောလေသံမျိုးဖြင့် ပြောဆိုတတ်အောင်သွန်သင်ပေးပါ။ အသံကိုမှန်ကန်စွာအသုံးပြုနည်းဆိုင်ရာသင်ခန်းစာများကို သင်ကြားပို့ချပေးပါ။ ဘယ်ကဲ့သို့သောစုံစမ်းသွေးဆောင်ခြင်းမျိုးကိုမဆို ရင်ဆိုင်ရသောအခါ သူတို့၏နှုတ်မှကြမ်းတမ်းသောအပြောအဆိုများ အလိုအလျောက်ထွက်ပေါ်မလာသည်တိုင်အောင် သူတို့၏စကားကောင်းပြောဆိုသောအကျင့်ဓလေ့များကို သွန်သင်ပေးပါ။

အသံကိုထိန်းတတ်အောင်ပြုပြင်ပေးခြင်းသည် စာသင်သားတို့၏ကျန်းမာမှုနှင့်များစွာဆက်သွယ်နေသည်။ အသက်ကိုမှန်ကန်စွာရှုရှိုက်နည်း

ကိုလည်းကောင်း၊ လည်ချောင်းနှင့်အဆုတ်တို့အတွက် သဘာဝမကျသော အားစိုက်ခွန်စိုက်ဆောင်ရွက်မှုမရှိစေဘဲ ဝမ်းဗိုက်အသားကြောများက ပါဝင် ဆောင်ရွက်စေသောနည်းမျိုးဖြင့် စာဖတ်ရန်နည်းကိုလည်းကောင်း လူငယ် တို့အားသင်ကြားပေးရမည်။ လည်ချောင်းမှစကားပြောခြင်း၊ အသံဆိုင်ရာ အင်္ဂါအစိတ်အပိုင်းများ၏အထက်ပိုင်းဆီမှအသံများ ပေါ်ထွက်လာစေခြင်းများ သည် ဤအင်္ဂါများ၏ကျန်းမာမှုကိုပျက်ပြားစေ၍ ၎င်းတို့၏အကျိုးဖြစ်ထွန်း စေမှုကို လျော့နည်းစေပါသည်။ ဝမ်းဗိုက်အသားကြောများသည် လည်ချောင်း ကိုလမ်းကြောင်းအနေဖြင့်အသုံးပြုလျက် အများဆုံးအလုပ်လုပ်ရမည်။ အသံ ကိုမှန်ကန်စွာအသုံးပြုနည်းကိုသွန်သင်ပေးခဲ့လျှင် သေဆုံးခဲ့ပြီးသောသူ မြောက်မြားစွာတို့သည် အသက်မသေဘဲအသက်ချမ်းသာရာရခဲ့မည်ဖြစ်သည်။ စာဖတ်သောအခါ၌ဖြစ်စေ၊ စကားပြောသောအခါ၌ဖြစ်စေ ဝမ်းဗိုက်အသား ကြောများကို မှန်ကန်စွာအသုံးပြုခြင်းသည် အသံနှင့်ရင်ဘတ်ဆိုင်ရာအခက် အခဲမျိုးစုံတို့ကို သက်သာပျောက်ကင်းစေ၍ အသက်တာကိုလည်းရှည် စေသည်။

**ကြမ်းတမ်း၍ ဆူပူကြိမ်းမောင်းသောအပြောအဆိုများ၏ဆိုးကျိုး–** ကြမ်းတမ်း၍ဆူပူကြိမ်းမောင်းသော အပြောအဆိုများကိုသုံးစွဲသောအိမ်ထောင် မျိုးတွင် ကလေးသူငယ်တစ်ဦးသည် များစွာဒိုကြွေးတတ်သည်။ ၎င်း၏နုနယ် လှသော သိတတ်သည့်ဉာဏ်များပေါ်တွင် စိတ်မချမ်းမသာဖြစ်ခြင်းနှင့်စိတ် ဝမ်းကွဲခြင်းတို့၏အမှတ်အသားသည် ပေါ်လာလေသည်။ ထို့ကြောင့် မိခင် များတို့သည် သင်တို့၏မျက်နှာထားများပေါ်တွင် ပြုံးရွှင်ခြင်းတည်းဟူသော လင်းရောင်ခြည်ကို အမြဲတမ်းထွန်းတောက်နေပါလေစေ။ တတ်နိုင်လျှင် ပြုံးရွှင်သောအသွင်ကိုဆောင်ပါ။ သင်တို့၏သားငယ်သမီးငယ်တို့၏စိတ်နှလုံး တို့သည် ပြောင်လက်သောအိုးခွက်များတွင် လူရုပ်ပုံကိုရောင်ပြန်ဟပ်သကဲ့ သို့ ၎င်းပြုံးရွှင်ခြင်းကိုရောင်ပြန်ဟပ်ပေးကြလိမ့်မည်။ မိခင်တို့၊ သင်တို့သား သမီးတို့၏နုနယ်၍ပြုပြင်လွယ်သော နှလုံးသားပေါ်တွင် ဘုရားသခင်၏

ပုံသဏ္ဌာန်တော်ပေါ်လွင်စေခြင်းငှာ သင်တို့စိတ်နှလုံးတွင်း၌လည်း ခရစ်တော်ဘုရားကိုကိန်းဝပ်နေတော်မူပါလေစေ။

**စိတ်ကိုထိခိုက်စေမည့် မနှစ်သက်ဖွယ်သောလေသံကိုရှောင်ပါ–** အိမ်ထောင်တွင်ရန်ပြုခြင်း (သို့မဟုတ်) သဘောထားကွဲလွဲခြင်းတို့ကို ခွင့်မပြုပါနှင့်။ သိမ်မွေ့စွာစကားပြောပါ။ သင့်အပြောအဆိုများတွင် ဒေါသသံမပါပါစေနှင့်။ စိတ်ကိုတည်ငြိမ်စွာထားရှိပါ။ အပြစ်ရှာခြင်းနှင့်သစ္စာမရှိခြင်းတို့ကိုရှောင်ကြဉ်ပါ။ ငြိမ်သက်ခြင်းစိုးမိုးသောနေရာ၊ ဒေါသသံမပါဘဲစကားပြောဆိုသောနေရာဖြစ်သည့် သန့်ရှင်းသောကောင်းကင်ဘုံသို့ဝင်စားရန်အတွက် ပြင်ဆင်မှုရှိဖို့ သူတို့ကိုမစကူညီရန်သင်တို့အလိုရှိကြောင်း သားသမီးများကိုပြောပြပါ။ သားသမီးတို့ရင်ဆိုင်ကြရသော စုံစမ်းသွေးဆောင်ခြင်းများသည် အမြင်အားဖြင့်သေးနုပ်သော်လည်း သူတို့အတွက်ကြီးမားသောစုံစမ်းသွေးဆောင်ခြင်းကိုရင်ဆိုင်ရသောအခါ သူတို့ကိုသည်းခံပါ။

ဖခင်နှင့်မိခင်တို့သည် ပြောင်းလဲသောသူများဖြစ်လျှင် သူတို့၏အိမ်ထောင်မှုကိုကွပ်ကဲထိန်းချုပ်လုပ်ကိုင်သော အခြေခံကျင့်ဝတ်တို့တွင် လုံးဝပြောင်းလဲခြင်းရှိလိမ့်မည်။ သူတို့၏စိတ်ကူးဉာဏ်တို့သည် ပြောင်းလဲခြင်းရှိလိမ့်မည်။ သူတို့၏လျှာများသည်လည်း ပြောင်းလဲခြင်းရှိလိမ့်မည်။

အိမ်ထောင်တွင်ကျယ်လောင်၍ ဒေါသဖြင့်ပြောဆိုသံများကြားရလိမ့်မည်မဟုတ်ပေ။ ကြားရသောသူအားနားဝင်ချို၍ မင်္ဂလာဖြစ်စေသောများကိုဖယ်ရှားပစ်ပါ။

ဒေါသထွက်မြန်သောစိတ်ကိုအောင်မြင်ရမည့်အပြင် အပြောအဆိုများကိုအုပ်ထိန်းထားရမည်။ ကျွန်ုပ်တို့၏အပြောအဆိုများနှင့်စိတ်ကိုချုပ်ထိန်းမှုမရှိလျှင် ကျွန်ုပ်တို့သည် စာတန်၏ကျွန်တွင်းသို့သက်ဆင်းရကြမည်။ ကျွန်ုပ်တို့သည် သူ၏စိုးမိုးမှုအောက်သို့ကျရောက်သွားကြသည်။ သူသည် ကျွန်ုပ်တို့အားသုံ့ပန်းဘဝသို့ပို့ဆောင်မည်။ အော်ဟစ်ငေါက်ငေါ်ပြောဆိုခြင်းရှိသမျှ၊

မနှစ်မြို့ဖွယ်သောစကားရှိသမျှတို့သည် စာတန်တည်းဟူသောမဟာမင်းကြီးအား ပူဇော်ပသသောပူဇော်သကာများဖြစ်သည်။ ၎င်းပူဇော်သကာများသည် ဘုရားသခင်အားကျွန်ုပ်တို့ဆက်ကပ်သော မည်သည့်ပူဇော်သကာထက်မဆို ပိုမိုတန်ဖိုးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအခြေအနေသည် အိမ်ထောင်တစ်ခုလုံး၏ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းကိုလည်းကောင်း၊ ကျန်းမာခြင်းကိုလည်းကောင်းဖျက်ဆီး၍ နောက်ဆုံးတွင် ထာဝရပျော်ရွှင်ခြင်းကိုဆုံးရှုံးစေသည်။

**အပြောအဆိုများအားနေရောင်ခြည်ဖြစ်စေသင့်သလား၊ (သို့မဟုတ်) မှောင်ရိပ်ဖြစ်စေသင့်သလား** – သူတို့၏အပြောအဆိုများနှင့်အပြုအမူတို့အား အုပ်အုပ်ထိန်းထိန်းဖြင့်ထားရှိရန် ကလေးများနှင့်လူငယ်လူရွယ်တို့အား သွန်သင်ပေးသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏အပြုအမူများသည် သူတို့၏အိမ်တွင်း၌သာမဟုတ်ဘဲ ပြင်ပလောကတွင် သူတို့နှင့်တွေ့ထိမှုရှိသောသူအားလုံးတို့အား နေရောင်ခြည် (သို့မဟုတ်) မှောင်ရိပ်ဖြစ်စေသည်။

စိတ်မချမ်းမမြေ့ဖြစ်ရခြင်းသည် စကားအပြောအဆိုလိမ္မာမှုကင်းသောကြောင့်ဖြစ်ရမည်။ အိမ်ထောင်တွင် စိတ်ဝမ်းကွဲမှုနှင့်စိတ်မချမ်းမသာမှုဖြစ်စေသည့် ကြမ်းတမ်းခက်တရော်ဖြစ်သည့်အပြောအဆိုများကိုသုံးစွဲရန် ဘုရားသခင်၏နှုတ်ကပတ်တော်က မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွင့်ပြုထားခြင်းမရှိပေ။ သူတို့၏စိတ်ကိုချုပ်တည်းထားလျှင် အားလုံးတို့၏ချစ်ခင်ယုံကြည်လေးစားမှုကိုခံရမည်ဖြစ်သော်လည်း ၎င်းကဲ့သို့သောအသုံးအနှုန်းများကိုသုံးစွဲသောသူတို့သည် အခြားသောအိမ်ထောင်သားတို့၏လေးစားမှုကိုမခံရဘဲရှိလေသည်။

**သားသမီးတို့အားသာယာပြေပြစ်စွာပြောဆိုပါ။ မိဘတို့အားရိုသေလေးစားစွာပြောဆိုပါ။** မိဘတို့၊ သားသမီးတို့အား သာယာပြေပြစ်စွာစကားပြောဆိုပါ။ သားသမီးတို့၊ မိဘတို့အားရိုသေလေးစားစွာပြောဆိုပါ။ အိမ်ထောင်တွင် ဤအရာများကိုဂရုတစိုက်ပြုလုပ်ရမည်။ အဘယ်ကြောင့်

ဆိုသော် အကယ်၍သူတို့၏စာရိတ္တအဆောက်အအုံကိုဆောက်လုပ်ရာတွင် ကလေးများသည် မှန်ကန်သောအကျင့်ဓလေ့များကိုလိုက်နာကျင့်သုံးလျှင် သူတို့သည် ဘုရားသခင်၏သွန်သင်မှုကိုခံယူရန်လည်းကောင်း၊ ကိုယ်တော်ရှင်၏လိုအပ်ချက်များကို နာခံကျင့်သုံးရန်လည်းကောင်း များစွာလွယ်ကူပေလိမ့်မည်။

**ညစ်ညမ်းမှုရှိသမျှကိုရှောင်ကြဉ်ပါ** – ဖခင်များ၊ မိခင်များ၊ ခင်ပွန်းများနှင့်ဇနီးများ၊ ညီအစ်ကိုများနှင့်ညီအစ်မများတို့အပြုအမူအားဖြင့်လည်းကောင်း၊ အပြောအဆိုအားဖြင့်လည်းကောင်း၊ စိတ်ကူးအားဖြင့်လည်းကောင်း ညစ်ညမ်းမှုဟူသမျှတွင် ပညာမယူပါလေနှင့်။ အိမ်ထောင်တွင် ကြမ်းတမ်းသောအပြောအဆိုများ၊ ယုတ်ညံ့သောကျီစယ်မှုများနှင့် ယဉ်ကျေးသိမ်မွေ့ခြင်းကင်းမဲ့မှုတို့သည် သင်တို့အတွက်ဝမ်းတွင်းပါကဲ့သို့ဖြစ်လာ၍ သမ္မာတရားအားဖြင့်သန့်ရှင်းလာသောသူတို့၏အသိုက်အဝန်းတွင် သင်တို့သည် အံဝင်ခွင်ကျဖြစ်မည်မဟုတ်ပေ။ ညစ်ညမ်းခြင်း၊ အာရုံလိုက်စားခြင်း၊ ပြစ်တင်စွပ်စွဲခြင်း၊ သွားပုပ်လေလွင့်ပြောဆိုခြင်းများကိုကျင့်သုံးခြင်းအားဖြင့် အလွန်မှပင်သန့်ရှင်းသောအိမ်ထောင်ကို မညစ်ညူးပါစေနှင့်။ ဆိုးယုတ်ညစ်ညမ်းသောအသုံးအနှုန်းများ သင့်နှုတ်မှမထွက်ပါစေနှင့်။ မသန့်ရှင်းသောစိတ်ကူးများကိုပယ်ရှားပစ်ပါ။ အဘယ်ကြောင့်ဆိုသော် စစ်မှန်သောသက်သေခံတော်ကြီးသည် စကားလုံးတိုင်းကိုချိန်တော်မူ၍ အပြုအမူတိုင်းတို့ကိုလည်းတန်ဖိုးဖြတ်လျက်မိန့်တော်မူသည်ကား "ငါသည်သင့်အကျင့်ကျင့်ခြင်းကိုသိ၏။"

အိမ်ထောင်တွင်အောက်တန်းကျသောစကား၊ တန်ဖိုးမဲ့သောစကားနှင့် အရည်မရအဖတ်မရ စသောစကားများပြောဆိုခြင်းမရှိစေရ။ စိတ်နှလုံးသည်စင်ကြယ်လျှင် ၎င်းအတွင်းမှကြွယ်ဝသောဉာဏ်ပညာဆိုင်ရာဘဏ္ဍာများသည် စီးဆင်းလာလိမ့်မည်။

သင်တို့အိမ်ထောင်များ၌မိုက်မဲ၍ မချောင်သောစကားပြောဆိုခြင်းမရှိပါစေနှင့်။ ငယ်ရွယ်သောကလေးများပင် လေးနက်၍အဓိပ္ပါယ်ရှိသော

စကားများ၏အကျိုးကျေးဇူးများကို ခံစားရလိမ့်မည်။ ဖခင်နှင့်မိခင်ဖြစ်သူတို့စပ်ကြား အပြန်အလှန်ပြောဆိုကြသော မိုက်မဲ၍မချောင်သောစကားများတို့သည် သားသမီးများအချင်းချင်းဆက်ဆံရာတွင် ၎င်းအသုံးအနှုန်းများကို အသုံးပြုစေလိမ့်မည်။ မှန်ကန်သောစကား၊ ပွင့်လင်းသောစကား၊ သစ္စာနှင့်ပြည့်စုံသောစကားနှင့် အဓိပ္ပါယ်ရှိသောစကားတို့သည် တစ်အိမ်သားလုံးအား ၎င်းအသုံးအနှုန်းမျိုးကိုပင် အသုံးပြုစေသည်သာမက မှန်ကန်သောအပြုအမူမျိုးကို ပြုလုပ်စေလိမ့်မည်။

**ဒေါသနှင့်လည်းကောင်း၊ စိတ်လိုက်မာန်ပါပြောသောစကားတို့၏မကောင်းမှုများ** – သင်တို့၏သားသမီးတို့အား ဒေါသနှင့်ပြောဆိုလျှင် သင်တို့သည် ဖြောင့်မတ်ခြင်းဟူသမျှ၏ရန်သူ့မှုကိစ္စများကို ထောက်ခံအားပေးနေခြင်းသာဖြစ်သည်။ ကလေးသူငယ်တိုင်း နို့စို့အရွယ်မှစ၍ ရသင့်ရထိုက်သောအခွင့်အရေးကိုရရှိပါစေ။ သွန်သင်ဆုံးမခြင်းကို ကလေးအရွယ်မှအစပြု၍ ဆောင်ရွက်ပေးနေချိန်တွင် ကြမ်းတမ်းစွာမဆက်ဆံဘဲ ကြင်နာစွာဖြင့်လည်းကောင်း၊ သည်းခံသောစိတ်ဖြင့်လည်းကောင်း ဆောင်ရွက်သင့်ပေသည်။ ဤကဲ့သို့သောဆုံးမသွန်သင်ခြင်းကို သားသမီးများလူလားမြောက်သည်တိုင်အောင် ကျင့်သုံးရမည်။

ဘုရားသခင်အပ်နှင်းထားတော်မူသောအမှုတော်ကို ဆောင်ရွက်ရန်ကူညီမစခြင်းရရှိစေဖို့ အိမ်ထောင်တိုင်းသည် ဘုရားသခင်အထံတော်သို့ စိတ်အားထက်သန်စွာတောင်းဆုပတ္ထနာပြုကြပါစေ။ စိတ်လိုက်မာန်ပါပြောဆိုခြင်း၊ သူတစ်ပါးတို့အပေါ် အပြစ်ဖို့ခြင်းပြုလုပ်တတ်သောအကျင့်ဓလေ့များကို အောင်မြင်ပါစေ။ အိမ်ထောင်၌ကြင်နာစွာဖြင့်လည်းကောင်း၊ ယဉ်ကျေးသိမ်မွေ့စွာဖြင့်လည်းကောင်းဆက်ဆံရန် ၎င်းအပြင် တစ်ဖက်သား၏သာယာမှုကို ဂရုစိုက်တတ်သောအကျင့်ဓလေ့များကိုဆောက်တည်ရန် သားသမီးတို့အားသင်ကြားလေ့လာပါလေစေ။

သည်းခံခြင်းကင်းမဲ့သောစကားများကိုပြောဆိုခြင်းအားဖြင့် ဘယ်မျှလောက်ကြီးမားသောအန္တရာယ်ကို မိသားစုအသိုက်အဝန်း၌ပြုဘိသနည်း။

အဘယ်ကြောင့်ဆိုသော် တစ်ဦးသောသူက သည်းခံစိတ်ကင်းမဲ့စွာပြောဆိုလိုက်ခြင်းက အခြားသောသူတို့အား ၎င်းပြောဆိုသောနည်းအတိုင်းပင်တုံ့ပြန်စေလေသည်။ ထိုနောက် ကလဲ့စားချေသောအသုံးအနှုန်းများ၊ တစ်ကိုယ်ကောင်းဆန်သောစကားများကိုပြောဆိုခြင်းအားဖြင့် သင်တို့အတွက်လေးလံ၍ ခါးသီးသောထမ်းပိုးကို သင်တို့လည်ပင်းအတွက်ပြင်ဆင်ထားလေပြီ။ အဘယ်ကြောင့်ဆိုသော် ၎င်းခါးသီးသောစကားများတို့သည် သင့်ဝိညာဉ်ထံသို့ ပူဆွေးဒုက္ခရောက်စေတတ်သောဆိုးကျိုးအနေဖြင့် ပြန်လာလိမ့်မည်။

ကြမ်းတမ်းသောစကားများသည် နားရွက်မှတစ်ဆင့် နှလုံးသားကိုထိခိုက်လျက် ဝိညာဉ်မှဆိုးသွမ်းလှသောအမျက်ဒေါသကို လှုံ့ဆော်နိုးကြားလာစေလျက် လူတို့အားဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်ရန်သွေးဆောင်လေသည်။ စကားများသည် စိုက်ပျိုးထားသောမျိုးစေ့များကဲ့သို့ဖြစ်သည်။

**စိတ်လိုက်မာန်ပါပြောဆိုသောစကားများသည် ကျိန်ဆဲသောစကားတစ်မျိုးဖြစ်သည်** – မြောက်မြားစွာသောအိမ်ထောင်များမှ အိမ်ထောင်သားများသည် လျော့ရဲစွာဖြင့်လည်းကောင်း၊ သတိမဲ့စွာဖြင့်လည်းကောင်း ပြောဆိုတတ်ကြသည်။ စိတ်မချင့်မရဲဖြစ်အောင် ပြောဆိုတတ်သောအကျင့်ကိုလည်းကောင်း၊ ကြမ်းတမ်းသောစကားများပြောဆိုတတ်သောအကျင့်ကိုလည်းကောင်း ကျင့်သုံးခြင်းသည် အခြေအနေပိုမိုဆိုးရွားစေ၍ ဘုရားသခင်၏အလိုတော်အတိုင်းမဟုတ်ဘဲ စာတန်၏အလိုအတိုင်း မပြောအပ်သောစကားများကိုပြောကြလေသည်။ ဒေါသအလျောက်ပြောသောစကားများကိုဘယ်အခါမျှနှုတ်မှမထွက်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်နှင့်သန့်ရှင်းသောကောင်းကင်တမန်တို့ရှေ့တွင် ၎င်းစကားမျိုးသည် ကျိန်ဆဲသောစကားတစ်မျိုးဖြစ်သည်။

**ဖခင်တစ်ဦးသည် သားသမီးတို့၏ယုံကြည်မှုကို ဘယ်ကဲ့သို့ဆုံးရှုံးရပုံ** – ကျွန်ုပ်၏ညီအစ်ကိုတော်၊ သင်ပြောသောအခံရခက်သည့်စကား

များကြောင့် သင့်သားသမီးတို့သည် စိတ်မကောင်းဖြစ်ရကြသည်။ သူတို့သည် အသက်အရွယ်ကြီးရင့်လာသောအခါ သူတို့၏ဝေဖန်တတ်သောစိတ်သည်လည်း ရင့်သန်လာသည်။ အပြစ်ရှာတတ်ခြင်းသည် သင်၏ဘဝအသက်တာကိုညစ်ညူးစေ၍ ၎င်းညစ်ညူးမှုကို သင်၏ဇနီးနှင့်သားသမီးများထံသို့ ကူးစက်စေလေသည်။ သင့်အပေါ်ယုံကြည်ကိုးစားမှုရှိရန် သင့်သားသမီးတို့သည် အားပေးတိုက်တွန်းမှုကိုမခံရပေ။ (သို့မဟုတ်) သူတို့၏အပြစ်များကို ဝန်ခံခြင်းမပြုကြပေ။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ပြုလုပ်သော်လည်း သင့်ပြင်းထန်သောဆူပူကြိမ်းမောင်းမှုခံရမည်ကို သူတို့သိရှိကြသည်။ သင့်စကားတို့သည် အများအားဖြင့် နုနယ်သေးသောအပင်ငယ်များကို ချိုးဖဲ့ဖျက်ဆီးသောမိုးသီးမိုးပေါက်ကြီးများကဲ့သို့ဖြစ်သည်။ ယင်းကဲ့သို့သောအန္တရာယ်ကိုချင့်ချိန်မှန်းဆရန် အလွန်ခဲယဥ်းပေသည်။ သင့်ပြင်းထန်သောအသုံးအနှုန်းများကိုရှောင်ရှားရန် သင့်သားသမီးများသည် မုသားကိုပြောဆိုကြလိမ့်မည်။ ဆူပူကြိမ်းမောင်းခြင်းနှင့်ပြစ်ဒဏ်ပေးခံရခြင်းမှလွတ်မြောက်ရန် သူတို့သည် သစ္စာစကားများကိုရှောင်ကြဥ်ကြလိမ့်မည်။ ခက်ထန်ကြမ်းတမ်းသောအမိန့်ပေးခြင်းသည် သူတို့အားကောင်းကျိုးမပြုပေ။

**အကြံပြုကတိခံဝန်ချက်** – သူ့အိမ်ထောင်တွင် ကြင်နာယုယစွာစကားပြောဆိုမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ သူ့အပြောအဆိုများသည် မေတ္တာကရုဏာတရားအပေါ် အခြေခံစေမည်ဖြစ်ကြောင်းကိုလည်းကောင်း ကတိခံဝန်ချက်တစ်ခုကို အိမ်ထောင်ဦးစီးတိုင်းက လက်မှတ်ရေးထိုးထားလျှင် သင့်လျော်လှပေသည်။ မိဘတို့၊ ဘယ်အခါမျှစိတ်လိုက်မာန်ပါမပြောဆိုပါနှင့်။ သင်တို့၏သားသမီးများသည် မှားယွင်းမှုတစ်ခုခုကိုကျူးလွန်မိလျှင် ဆုံးမပါ။ သို့ရာတွင် သင်ပြောဆိုသမျှသောစကားများသည် နူးညံ့သိမ်မွေ့ခြင်းနှင့်လည်းကောင်း၊ မေတ္တာကရုဏာဖြင့်လည်းကောင်း ပြည့်ဝနေပါစေ။ သင်သည် ဆူပူကြိမ်းမောင်းသောအခါတိုင်း သင်သည်သည်းခံခြင်းဆိုင်ရာ သင်ခန်းစာသင်ကြားပေးရသော အခွင့်ကောင်းကိုဆုံးရှုံးရသည်။ မှားယွင်းမှု

အတွက်ပြုပြင်ပေးရာတွင် မေတ္တာသည် အရေးပါအရာရောက်ဆုံးကဏ္ဍမှ ပါဝင်ပါစေ။

**ထမင်းစားပွဲဆိုင်ရာစကားလက်ဆုံ** – သက်ာမကင်းဖြစ်မှုများ နှင့် သို့လောသို့လောတွေးတောမှုများဖြင့်ပြည့်ဝသောစိတ်နှလုံးဖြင့် ထမင်း လက်ဆုံစားကြသောအိမ်ထောင်များ ဘယ်မျှလောက်များပြားကြသနည်း။ သူတို့၏အပေါင်းအသင်းရောင်းရင်းတို့၏စာရိတ္တများနှင့်ပတ်သက်၍ အမနာပ ဝေဖန်ပြောဆိုကြပြီးလျှင် စားသောက်ဖွယ်အစားအစာများကို စားသောက်ရ သကဲ့သို့ပြု၍ မြိန်ရည်ရှက်ရည်ပြစ်တင်ဝေဖန်ကြသည်။ ကဲ့ရဲ့သဂြိုဟ်ပြောဆို လိုက်သောစကားတစ်ခွန်းကိုဝေဖန်ရန် ထမင်းစားပွဲ၌ထိုင်လျက်ရှိသောသူတို့ တစ်ဦးမှတစ်ဦးဆီသို့ လက်ဆင့်ကမ်းကြသည်။ လူကြီးပိုင်းသာမက ကလေး များကိုပင် ဝေဖန်ခြင်းပြုခိုင်းကြသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းအားဖြင့် ဘုရားသခင်ကိုမထီမဲ့မြင်ပြုကြသည်။

အိမ်ထောင်တွင် တစ်ဦးကိုတစ်ဦးဝေဖန်ခြင်းသော်လည်းကောင်း၊ အပြစ်ရှာခြင်းသော်လည်းကောင်းမရှိစေရ။ ဤစိတ်သဘောမျိုးအားဖြင့် အိမ်ထောင်၏ငြိမ်သက်ချမ်းသာမှုကို မဖျက်ဆီးသင့်ပေ။ သို့ရာတွင် ထမင်း စားပွဲဆုံမိကြသောအခါ အိမ်ထောင်သားများသည် အခြားသောသူတို့အား ပြစ်တင်ဝေဖန်ခြင်း၊ အပြစ်ရှာခြင်းနှင့်သွားပုပ်လေလွင့်ပြောဆိုခြင်းတို့ကို ပြုလုပ်ကြသောအခါ အကြိမ်ပေါင်းမည်မျှလောက်များပြားခဲ့ပြီနည်း။ အကယ် ၍ခရစ်တော်အရှင်သည် ယနေ့ကြွလာမည်ဆိုလျှင် ခရစ်ယာန်အိမ်ထောင်ဟု ခေါ်ကြသော အိမ်ထောင်များစွာတို့သည် ပြစ်တင်ဝေဖန်တတ်သောစိတ်သဘော ထား၊ ကြင်နာသနားမှုကင်းသောစိတ်သဘောထားများ ကျင့်သုံးနေကြသည် ကို တွေ့မြင်တော်မူမည်မဟုတ်ပါလော။ ၎င်းကဲ့သို့သောအိမ်ထောင်များမှ အိမ်ထောင်သားတို့သည် အထက်အရပ်မှအိမ်ထောင်သားများနှင့်ပေါင်းဖက် ကြရန် အဆင်သင့်မဖြစ်ကြသေးပေ။

ထမင်းစားပွဲ၌ပြောဆိုသောစကားများသည် သားသမီးတို့၏စိတ်ထဲ ၌ ရနံ့သင်းပျံ့မွှေးကြိုင်သောအနံ့ကဲ့သို့ စွဲကျန်ရစ်နေစေရမည်။

**အတင်းပြောခြင်းနှင့်ကုန်းချောခြင်း** – လူသားစားဘီလူးက လတ်လတ်ဆတ်ဆတ်ပူပူနွေးနွေးဖြစ်၍ တုန်သောသားတစ်ကိုစားမျိုနေကြောင်း ကျွန်ုပ်တို့စဉ်းစားကြည့်လျှင် ကြက်သီးမွေးညင်းမထဘဲ ဘယ်သူမှုမနေနိုင်ပေ။ သို့ရာတွင် ဤကဲ့သို့သောလုပ်ဆောင်မှု၏ရလဒ်များသည် တလွဲတချော်ယူဆစေရန်ဟူသော ရည်စူးချက်ဖြင့်ပြောဆိုမှုကြောင့်လည်းကောင်း၊ သူများဂုဏ်သိက္ခာကိုပြိုကွဲစေသောဝေဖန်မှုကြောင့်လည်းကောင်း၊ သူတစ်ပါးတို့၏အကျင့်စာရိတ္တမှိုချိုးမြစ်ချိုးအမနာပပြောဆိုမှုကြောင့်လည်းကောင်း ဖြစ်ပျက်ရသောစိတ်နာကြည်းဆင်းရဲမှုနှင့်စိတ်ပျက်ပြားမှုတို့မှ ပေါ်ပေါက်လာသောဆိုးကျိုးများထက် ပိုမိုဆိုးရွားသလော။ ကလေးများနှင့်လူငယ်ပိုင်းတို့အပါအဝင် ယင်းကိစ္စများနှင့်ပတ်သက်၍ ဘုရားသခင်၏မိန့်ကြားထားတော်မူချက်ကို သိရှိကြပါစေ။ "လျှာသည်အသက်သေခြင်းနှင့်ရှင်ခြင်းကိုအစိုးရ၏။"

စိတ်ဝမ်းကွဲခြင်းနှင့်ရန်သသတ္တရုပ်ပြုခြင်းတို့ကိုလည်းကောင်း၊ မိတ်ဆွေများကွဲကွာခြင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့၏မှန်ကန်သောအခြေအနေ၌ရပ်တည်မှုနှင့်ပတ်သက်၍ အများသောသူတို့၏ယုံကြည်မှုပြိုကွဲခြင်းကိုလည်းကောင်း ဖန်တီးပေးရန် စာတန်၏လက်နက်ကောင်းတစ်ခုသည် အတင်းပြောတတ်သောသဘော၊ ကုန်းချောတတ်သောသဘောဖြစ်သည်။

**တစ်ဦးအပေါ်တစ်ဦးယုံကြည်မှုကင်းသောမျိုးစေ့စိုက်ပျိုးခြင်းသည် ရန်သူအားအထောက်အကူပြုသည်** – သူတစ်ပါးတို့၏ဂုဏ်အသရေကိုထိခိုက်အောင်ပြောဆိုခြင်းသည် လူသားတို့၏သဘာဝဖြစ်သည်။ ယင်းကဲ့သို့ပြောဆိုခြင်းမျိုးကို လိုက်လျောကျင့်သုံးသောသူတို့သည် သူတို့၏စိတ်နှလုံးအတွင်းသို့ စာတန်ဝင်ရောက်စေရန်လည်းကောင်း၊ သူတို့အားသူတစ်ပါး၏မှားယွင်းမှုများကို လျင်မြန်စွာတွေ့မြင်စေရန်လည်းကောင်း စာတန်အားတံခါးဖွင့်ပေးကြသည်။ သူတစ်ပါးတို့၏ပျက်ကွက်မှုများကို မြိန်ရှည်ရှက်ရည်ပြောဆိုကြသည်။ သူတစ်ပါးတို့၏ပြည့်စုံမှုတို့ကိုဝေဖန်ကြသည်။ ဘုရားသခင်ထံ၌

အလုပ်လုပ်သောသူတစ်ဦးအားဖြင့် သူ့တာဝန်ကိုကျေပွန်အောင်ဆောက်ရွက်ရန် အတတ်နိုင်ဆုံးကြိုးပမ်းနေသောသူ၌ ယုံကြည်ကိုးစားမှုစိတ်ဓာတ်ကျဆင်းစေမည့်စကားများကိုပြောကြသည်။ အများအားဖြင့် ယုံကြည်မှုကင်းမဲ့စေသောစကားများဖြစ်သော မျိုးစေ့များကိုစိုက်ပျိုးပြောဆိုကြသောအကြောင်းမှာ စိုက်ပျိုးပြောဆိုကြသောကာယကံရှင်များက သူတို့အားမျက်နှာလိုက်သင့်သည်ဟုယူဆကြသော်လည်း သူတို့ကိုမျက်နှာမလိုက်သောကြောင့်ဖြစ်သည်။

တပည့်တော်များသည် တစ်ဦးကိုတစ်ဦးအပြစ်ရှာခြင်း၊ တစ်ဦးအားတစ်ဦးက အမနာပပြောဆိုဝေဖန်ခြင်းတို့ကိုရပ်တန့်ကရပ်စေရန် ဘုရားသခင်သည်အလိုရှိတော်မူသည်။ မိဘတို့၊ သင်တို့၏သားသမီးတို့အားကောင်းကင်တမန်က ခရစ်တော်ထံသို့ပို့ဆောင်ပေးကြရာတွင် သင်တို့၏အကူအညီကိုရစေခြင်းငှာ သားသမီးတို့အားသင်တို့ပြောဆိုသောစကားများသည် ကြင်နာမှုနှင့်သာယာမှုရှိပါစေ။ အိမ်ထောင်တည်းဟူသော ဘုရားဝတ်ပြုကျောင်းတွင် လုံးဝပြုပြင်ပြောင်းလဲမှုလိုအပ်နေသည်။ ၎င်းဝတ္တရားကိုအမြန်မနှေးဆောင်ရွက်ပါ။ ညည်းညူခြင်းဟူသမျှကိုလည်းကောင်း၊ စိတ်လိုက်မာန်ပါပြောဆိုခြင်းကိုလည်းကောင်း ရပ်တန့်ကရပ်ပါစေ။ စိတ်လိုက်မာန်ပါပြောဆိုသောသူတို့နှင့်ဆူပူကြိမ်းမောင်းသောသူတို့သည် ကောင်းကင်တမန်များကိုအိမ်တွင်းမှမောင်းထုတ်၍ မကောင်းဆိုးဝါးကောင်းကင်တမန်စိတ်ဝင်လာစေရန် တံခါးကိုဖွင့်ထားပေးကြသည်။

**မိဘတို့သည်းခံခြင်းကိုချုပ်တည်းခြင်းရှိရန်မေတ္တာရပ်ခံချက်**–

မိဘတို့၊ သင်တို့သည် စိတ်လိုက်မာန်ပါပြောဆိုလုပ်ကိုင်လိုသောစိတ်ပေါ်ပေါက်လာသောအခါ ဤမျှလောက်အန္တရာယ်များလှသောဒေါသထွက်မှုအားဖြင့် သင်တို့၏အိမ်ထောင်တစ်ခုလုံးအား အဆိပ်အတောက်ဖြစ်စေသောပြစ်မှုကြီးကို မကျူးလွန်ကြပါနှင့်။ ယင်းကဲ့သို့အခါမျိုးတွင် သင်တို့ကိုယ်ကိုအထူးသတိဝီရိယရှိရှိဖြင့်ချုပ်တည်းထားပြီးလျှင် သင်တို့သည် နှုတ်အားဖြင့်ပြစ်မှားခြင်းမပြုမိစေရန်လည်းကောင်း၊ နူးညံ့သိမ်မွေ့၍ ပျော်ရွှင်ဖွယ်ဖြစ်သော

စကားကိုသာဆိုပါမည်ဟူ၍လည်းကောင်း သင်တို့စိတ်နှလုံးထဲ၌သန္နိဋ္ဌာန် ချပါ။ သင်တို့ကိုယ်ကို "စိတ်လိုက်မာန်ပါပြောဆိုခြင်းအားဖြင့် ကျွန်ုပ်တို့ သားသမီးတို့၏ပျော်ရွှင်ခြင်းကို ကျွန်ုပ်တို့ဖြိုပြီးခွဲပစ်လိမ့်မည်မဟုတ်ပါ" ဟု ပြောဆိုကြပါ။ ဤနည်းအတိုင်း သင်တို့ကိုယ်ကိုချုပ်တည်းခြင်းအားဖြင့် သင်တို့သည် ပိုမိုကြံ့ခိုင်မှုရှိလာကြမည်။ သင်တို့၏အာရုံကြောများသည် ထိုမျှလောက်လျင်မြန်စွာထိခိုက်လွယ်မည်မဟုတ်ပေ။ သင်တို့သည် မှန်ကန်မှု၏အခြေခံကျင့်ဝတ်များအားဖြင့် ကြံ့ခိုင်မှုရှိလာကြမည်။ သင်တို့၏တာဝန်ကို သစ္စာရှိစွာထမ်းဆောင်နေသည်ဟူသောအသိစိတ်ဓာတ်က သင်တို့အား ကြံ့ခိုင်မှုရှိလာစေလိမ့်မည်။ သင်တို့၏ကြိုးပမ်းမှုကိုကြည့်ရှု၍ပီတိဖြစ်လျက် သင်တို့ကိုကူညီမစကြလိမ့်မည်။

မိခင်နှင့်ဖခင်တို့၊ သင်တို့၏သားသမီးတို့အား ကြင်နာစွာဆက်ဆံကြပါ။ သင်တို့ကိုယ်တိုင် ဘယ်မျှလောက်စိတ်ဆတ်သည်ကိုလည်းကောင်း၊ အပြစ်တင်ခံရသည်ကို ဘယ်မျှလောက်မခံချင်စိတ်ရှိသည်ကိုလည်းကောင်း သတိရပါ။ သင်တို့၏သားသမီးများသည် သင်တို့ကဲ့သို့ပင်ဖြစ်သည်ကို စဉ်းစားကြည့်ပါ။ သိရှိပါ။ သင်တို့ကိုယ်တိုင်မခံရပ်နိုင်သောအရာကို သားသမီးတို့အပေါ်သို့မတင်ပါနှင့်။ သင်တို့သည် ဆူပူကြိမ်းမောင်းခြင်းနှင့်ပြစ်တင်ခြင်းကိုမခံနိုင်လျှင် သင်တို့၏ထက်အားနည်း၍ သင်တို့လောက်ခံနိုင်ရည်မရှိသော သင်တို့၏သားသမီးများသည် ခံနိုင်ကြမည်မဟုတ်ပေ။ သင်တို့၏သာယာ၍ဝမ်းမြောက်ဖွယ်ဖြစ်သောစကားများသည် သင်တို့၏အိမ်ထောင်တွင် နေရောင်ခြည်ကဲ့သို့ဖြစ်ပါစေ။ ကိုယ်ကိုချုပ်တည်းခြင်း၊ ပရဟိတသဘောထားရှိခြင်းနှင့်ကြိုးပမ်းဆောင်ရွက်ခြင်းတို့သည် အဆတစ်ရာသောအကျိုးကျေးဇူးများကိုဖြစ်ထွန်းလိမ့်မည်။

**နှုတ်ပိတ်ထားရန်အချိန် (သို့မဟုတ်) သီချင်းဆိုရန်အချိန်–** စုံစမ်းသွေးဆောင်မှုများသည် မိမိတို့ကိုယ်ကို ဘုရားသခင်အားလုံးဝဆက်ကပ်ထားသောသူတို့ထံသို့ပင်ရောက်ရှိလာမည်ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။

သည်းခံခြင်းပါရမီအရှိဆုံးဖြစ်သောပုဂ္ဂိုလ်၏သည်းခံခြင်းသည် ပြင်းထန်စွာ စုံစမ်းခံရလိမ့်မည်။ ခင်ပွန်းဖြစ်သူကသော်လည်းကောင်း၊ ဇနီးဖြစ်သူကသော် လည်းကောင်း၊ ရေးကြီးသုတ်ပျာအဖြေမျိုးကိုပေးစေသောစကားများကို ပြောဆို ကြပေလိမ့်မည်။ သို့ရာတွင် ယင်းစကားမျိုးအပြောခံရသောပုဂ္ဂိုလ်သည် တိတ်ဆိတ်စွာနေပါလေစေ။ တိတ်ဆိတ်စွာနေခြင်းတွင်လုံခြုံမှုရှိသည်။ နှုတ်အားဖြင့်ပြစ်မှားခဲ့သောသူအား အပြင်းထန်ဆုံးသောနည်းသည် အများ အားဖြင့်တိတ်ဆိတ်စွာနေခြင်းဖြစ်သည်။

ကလေးများနှင့်လူငယ်တို့သည် ကိုယ်ကိုချုပ်တည်းခြင်းမရှိတော့ဘဲ စိတ်လိုက်မာန်ပါပြောကြသောအခါ မိဘများအနေဖြင့် သူတို့ကိုကြိမ်းမောင်း ခြင်းလည်းမပြု၊ ငြင်းခုံခြင်းလည်းမပြု၊ (သို့မဟုတ်) ရှုတ်ချပြောဆိုခြင်းလည်း မပြုဘဲ နှုတ်ပိတ်နေခြင်းသည် အကောင်းဆုံးစနစ်တစ်ခုဖြစ်သည်။ သားသမီး တို့သည် နောင်တရကြလိမ့်မည်။ တိတ်ဆိတ်နေဘိသန္တောခိဖြစ်သောနှုတ် ပိတ်ခြင်းသည် အာပေါက်အောင်ပြောရသည်ထက် ပိုမိုအကျိုးဖြစ်ထွန်း တတ်သည်။

အခြားသောသူတို့သည် ကိုယ်ကိုမချုပ်တည်းနိုင်သောကြောင့် သည်းခံ စိတ်မရှိသောအခါ၌လည်းကောင်း၊ ညည်းညည်းညူညူဖြစ်နေသောအခါ၌ လည်းကောင်း ဇိအုန်သီချင်းများကိုစတင်သီဆိုပါ။ ခရစ်တော်သည် လက်သမား ခုံတန်းရှည်တွင်အလုပ်လုပ်တော်မူချိန်၌ အချို့သောသူတို့သည် ကိုယ်တော်ရှင် ၏အပါးတော်သို့ချဉ်းကပ်၍ ကိုယ်တော်ရှင်အားစိတ်ဆိုးအောင်ကျီစယ်ကြ သည်။ သို့ရာတွင် ကိုယ်တော်ရှင်သည် သာယာနာပျော်ဖွယ်သောဆာလံ သီချင်းကို သီဆိုတော်မူသောအခါ ထိုပြက်ရယ်ပြုသောသူတို့သည် ကိုယ်တော် နှင့်အတူ ၎င်းဆာလံသီချင်းများကိုရောနှောသီဆိုကြလျက် ၎င်းပရဝဏ်တွင် ကိန်းဝပ်နေတော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏ဩဇာလွှမ်းမိုးမှုကို ခံလိုက်ရကြသည်။

**စကားအပြောအဆိုတွင် ကိုယ်ကိုချုပ်တည်းမှုဆိုင်ရာတိုက်ပွဲ—** မိဘတို့သည် ကိုယ်ကိုချုပ်တည်းခြင်းအားဖြင့်လည်းကောင်း၊ ကြံ့ခိုင်မှုရှိသော စာရိတ္တ၏ပုံသက်သေကိုပြခြင်းအားဖြင့်လည်းကောင်း သူတို့၏အိမ်ဂေဟာ အတွင်း၌ရှိသော သိုးစုငယ်အတွက် အလင်းကိုထွန်းလင်းကြစေရန် ဘုရားသခင် သည် အလုပ်လုပ်တော်မူသည်။ သိမ်ဖျင်း၍အောက်တန်းကျသောစကားဟူ၍ မပြောဆိုသင့်ပေ။ ဘုရားသခင်သည် ဘဝအသက်တာ၏အတွင်းရေးရှိသမျှ ကို ကြည့်ရှုတော်မူသည်။ အချို့သောသူတို့သည် ကိုယ်ကိုချုပ်တည်းမှုဆိုင်ရာ တိုက်ပွဲကို အမြဲတမ်းဆင်နွှဲနေကြသည်။ နေ့တိုင်းသူတို့သည် စကားပြော ကြမ်းတမ်းခြင်းနှင့် စိတ်တိုခြင်းတို့ကိုအောင်မြင်နိုင်နင်းရန် တိတ်ဆိတ်စွာ ဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်လည်းကောင်း ကြိုးပမ်းကြလျက် ရှိသည်။ ၎င်းကြိုးပမ်းမှုများကိုလူသားများအနေဖြင့် ဘယ်အခါမျှနှစ်သက် ကြမည်မဟုတ်ပေ။ နှုတ်မှတိုးထွက်ရန်ကြိုးပမ်းသော စိတ်လိုက်မာန်ပါပြောဆို သောအသုံးအနှုန်းများကို ဟန့်တားပိတ်ပင်ထားမှုအတွက် ချီးကျူးစကား အပြောခံရမည်မဟုတ်ပေ။ ကမ္ဘာကြီးသည် ဤအောင်မြင်မှုကို ဘယ်အခါမျှ တွေ့မြင်လိမ့်မည်မဟုတ်ပေ။ တွေ့မြင်ပြန်လျှင်လည်း အောင်မြင်သောသူတို့ ကိုမထီမဲ့မြင်ပြုမည်သာဖြစ်သည်။ သို့ရာတွင် ကောင်းကင်စာစောင်များတွင် သူတို့ကိုအောင်မြင်သောသူများအနေဖြင့် မှတ်တမ်းတင်ထားလိုက်သည်။ လျှို့ဝှက်စွာဆင်နွှဲနေရသောတိုက်ပွဲတိုင်းနှင့်အောင်ပွဲတိုင်းကို တွေ့မြင်တော် မူသောကိုယ်တော်ရှင်က "စိတ်ရှည်သောသူသည် စစ်သူရဲထက်လည်းကောင်း၊ မိမိစိတ်ကိုချုပ်တည်းသောသူသည် မြို့ကိုတိုက်၍နိုင်သောသူထက်လည်းကောင်း သာ၍မြတ်၏" ဟုမိန့်တော်မူထားပါသည်။

သင်တို့သည် ဒေါသပုန်ထခြင်း (သို့မဟုတ်) ဆူပူကြိမ်းမောင်းခြင်း တို့ကိုမပြုဘဲနေလျှင် ကိုယ်တော်ရှင်သည် သင်တို့အားအောင်မြင်သောလမ်း သို့ ပို့ဆောင်တော်မူလိမ့်မည်။ ခရစ်တော်အရှင်အသုံးပြုတော်မူသောလမ်း

အတိုင်း စကားပြောဆိုသောစွမ်းရည်ကိုအသုံးပြုနိုင်ရန် ကိုယ်တော်ရှင်သည် သင်တို့အားမစတော်မူမည်ဖြစ်၍ တန်ဖိုးရှိလှသည့်မင်္ဂလာတရားတည်းဟူသော သည်းခံခြင်း၊ စိတ်သက်သာမှုရှိခြင်းနှင့်ချစ်ခြင်းတို့သည် သင်တို့၏အိမ်ဂေဟာ အတွင်းသို့ရောက်ရှိလာလိမ့်မည်။

---o---

## အခန်း ၇၂
# ဧည့်ဝတ်ပြုခြင်း

**ယနေ့ပင်ကောင်းကင်တမန်များကိုဧည့်ဝတ်ပြုမိပေမည်** – ဧည့်ဝတ်ပြုသောအလေ့အကျင့်နှင့်ပတ်သက်၍ ကျမ်းစာတော်က အလေးပေးပြောဆိုထားပါသည်။ ဧည့်ဝတ်ပြုခြင်းကို တာဝန်တစ်ခုအနေဖြင့်ဆောင်ရွက်ရန်တိုက်တွန်းထားသည်သာမက ဤကျင့်ကောင်းသီလကိုကျင့်သုံးခြင်းနှင့် ၎င်းအကျိုးဆက်များ၏မွန်မြတ်လှသည့်သာဓကေများအနက် အထင်ရှားဆုံးမှာ အာဗြဟံ၏အတွေ့အကြုံဖြစ်သည်။

ဤလောကဝတ်ပျူငှာခြင်းကို ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်တွင် မှတ်တမ်းတင်ထားရလောက်အောင် အရေးပါအရာရောက်ကြောင်းကို ဘုရားသခင်သည် အသိအမှတ်ပြုတော်မူသည်။ နှောင်နှစ်ပေါင်းတစ်ထောင်ကြာပြီးသည်နောက် ဝိညာဉ်တော်၏တိုက်တွန်းမှုကြောင့် ရေးသားပြုစုသောတမန်တော်တစ်ဦးက ကိုးကားပြောဆိုထားသည်မှာ "ဧည့်သည်ဝတ်ပြုခြင်းအမှုကိုမမေ့လျော့ကြနှင့်။ အကြောင်းမူကား၊ အချို့သောသူတို့သည် ဧည့်သည်ဝတ်ကိုပြုသည်တွင် ကောင်းကင်တမန်တို့ကိုမသိဘဲဧည့်ခံခဲ့ရကြပြီ။

အာဗြဟံနှင့်လောတတို့အား ပေးတော်မူခဲ့သောအခွင့်အရေးမျိုးကို ကျွန်ုပ်တို့အားလည်းမပေးဘဲနေတော်မမူ။ ဘုရားသခင်၏သားသမီးတို့အား ဧည့်ဝတ်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့၏အိမ်ဂေဟာများအတွင်းသို့ ကိုယ်တော်ရှင်၏ကောင်းကင်တမန်များကို ကျွန်ုပ်တို့လည်းဧည့်ဝတ်ပြုနိုင်ကြသည်။ ကျွန်ုပ်တို့၏ခေတ်၌ပင် ကောင်းကင်တမန်များသည် လူသားတို့၏သဏ္ဍာန်ကိုဆောင်လျက် လူသားတို့၏အိမ်ဂေဟာများသို့ဝင်ရောက်ခဲ့ရကြရာဝယ် သူတို့သည် ဧည်သည်ဝတ်ပြုခြင်းကိုခံခဲ့ရကြလေပြီ။ ဘုရားသခင်၏အလင်းတရား၌ လျှောက်လိုက်ကြသောခရစ်ယာန်များသည် သွားလေရာရာ၌မျက်မြင်ကိုယ်တွေ့မဖြစ်သော ကောင်းကင်တမန်များသည် သူတို့နှင့်အတူလိုက်ပါ

သွားလျက် ဤသန့်ရှင်းသောကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏ အိမ်ဂေဟာများတွင် ကောင်းချီးမင်္ဂလာများကိုထားရှိခဲ့ကြသည်။

**လျစ်လျူရှုခဲ့သောအခွင့်အရေးများ** – အသင်းတော်၏တာဝန်ကို ထမ်းဆောင်ရမည့်ပုဂ္ဂိုလ်အား အမှတ်အသားတစ်ခုအနေဖြင့် "ဧည့်ဝတ်ပြုခြင်းကိုနှစ်သက်သောသူ" ဟူ၍ သန့်ရှင်းသောဝိညာဉ်တော်က သတ်မှတ်ထားတော်မူသည်။ အသင်းတော်တစ်ခုလုံးအနေဖြင့် ပေးထားတော်မူသော အမိန့်တော်မှ "ညည်းညူခြင်းမရှိဘဲ အချင်းချင်းဧည့်သည်ဝတ်ကိုပြုကြလော့။ သင်တို့သည် ဆုကျေးဇူးတော်ကိုအသီးသီးခံရကြသည်နှင့်အညီ ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော်ဘဏ္ဍာစိုးကောင်းကဲ့သို့ အချင်းချင်းဝေငှပေးကမ်းကြလော့။"

ဤတိုက်တွန်းချက်များကို ထူးထူးခြားခြားလျစ်လျူရှုခဲ့ကြပြီ။ ခရစ်ယာန်များဟုခေါ်ဆိုကြသောသူတို့၏အသိုက်အဝန်းများ၌ပင် စစ်မှန်သော ဧည့်သည်ဝတ်ပြုခြင်းကိုဆောင်ရွက်ခြင်းမှာ မရှိသလောက်နည်းပါးလှသည်။ ကျွန်ုပ်တို့သည် အချင်းချင်းဧည့်ဝတ်ပြုအပ်သောအခွင့်ကောင်းတစ်ခုအနေဖြင့် လည်းကောင်း၊ မင်္ဂလာတစ်ရပ်အနေဖြင့်လည်းကောင်း သဘောမထားကြပေ။ ပေါင်းသင်းဆက်ဆံမှုဟူ၍ မရှိသလောက်နည်းပါးလှ၏။ ထမင်းစားပွဲသို့ ဧည့်သည်သုံးလေးဦးတို့အား ဖိတ်ခေါ်ကျွေးမွေးလိုသောစိတ်လည်းမရှိပေ။

**လုံလောက်မှုမရှိသောဆင်ခြေ** – ဘုရားသခင်၏သန့်ရှင်းသော သူတို့အား အိမ်ဂေဟာများသို့ဖိတ်ခေါ်၍ ကျွေးမွေးခြင်းမပြုနိုင်ကြောင်း အများသောသူတို့ကပေးကြသောဆင်ခြေများအနက် ကျွန်ုပ်ကြားဖူးသောဆင်ခြေ တစ်ခုမှာ "ကျွန်တော်ကျွန်မတို့မှာအဆင်သင့်မရှိဘဲ ဘာမှချက်ပြုတ်ထားတာလည်းမရှိတော့ သူတို့တစ်တွေတခြားနေရာမှာသွားရကြမှာပဲ" ဧည့်ဝတ်ပြုခဲ့ ရန်လိုအပ်နေသောသူတို့အားလက်ခံ၍ ဧည့်ဝတ်မပြုမှုအတွက် တီထွင်ထားသောအခြားသောဆင်ခြေများ၊ ၎င်းအိမ်ထောင်၌ရှိကောင်းရှိပေဦးမည်။ ထိုကြောင့် ဧည့်သည်များအနေဖြင့် များစွာစိတ်ဆင်းရဲခြင်းကိုခံစားရသည်။ ညီအစ်ကိုမောင်နှမတို့၏ဧည့်သည်ဝတ်ပြုခြင်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍

လွန်မင်းစွာစိတ်မကောင်းဘဲ ထွက်သွားရကြသည်။ ညီမတော်၊ သင်၌ပေါင်မုန့် မရှိလျှင် ကျမ်းစာထဲ၌ဖော်ပြထားသောနည်းလမ်းကို အတုယူ၍လုပ်ကိုင်ပါ။ သင့်အိမ်နီးချင်းဆီသို့သွား၍ "အဆွေ၊ အကျွန်ုပ်အဆွေခင်ပွန်းတစ်ယောက် သည် ခရီးမှလာ၍ကျွန်ုပ်ထံသို့ရောက်ပါပြီ၊ သူ့ကိုကျွေးစရာမရှိသောကြောင့် မုန့်သုံးလုံးချေးနင့်ပါ" ဟုပြောဆိုချေးယူပါ။

အိမ်၌ပေါင်မုန့်မရှိသည်ကို ဆင်ခြေအဖြစ်အသုံးပြု၍ ဧည့်သည်ဝတ်ကိုပြုရန်တောင်းဆိုသောသူအား အိမ်ထဲသို့ဝင်ခွင့်မပြုသောသာဓကကို လက်ညှိုးထိုးပြန်ရန်မရှိပေ။ ဧလိယသည် ဇရတ္တမြို့မုဆိုးမထံသို့ရောက်ရှိ သွားသောအခါ သူမသည်သူ့အားဧည့်ဝတ်ကိုပြုရာတွင် သူမ၏အနည်းငယ် မျှသောမုန့်ကို ဘုရားသခင်၏ပရောဖက်အားဝေမျှပေးစားသောအခါ ဧလိယ သည် နိမိတ်လက္ခဏာတစ်ခုကိုပြုလုပ်ခဲ့သောကြောင့် မုဆိုးမသည် စာနပ် ရိက္ခာလုံလောက်စွာရရှိလျက် သူမနှင့်သူမသားတို့၏ဘဝအသက်တာရပ်တည် မှုသည်လည်း စိတ်ချသွားရလေသည်။ ထိုနည်းတူစွာ ဘုရားသခင်၏ဂုဏ် တော်ကိုထင်ရှားစေရန် ပျူပျူငှာငှာလူတကာတို့အား ဧည့်သည်ဝတ်ကိုပြု ကြသောသူတို့ ၎င်းကောင်းချီးမင်္ဂလာမျိုးကိုခံစားရကြလိမ့်မည်။

အချို့သောသူတို့အား ဧည့်သည်ဝတ်ကိုပြုလိုသော်လည်း သူတို့၏ ကျန်းမာရေးအခြေအနေကခွင့်မပြုသောကြောင့် ဧည့်သည်ဝတ်ကိုမပြုရကြောင်း ဖြင့် ပြောဆိုကြသည်။ ထိုသို့သောသူတို့သည် သူတို့၏ကိုယ်ရေးကိုယ်တာ ကိုသာအာရုံပြု၍ ကိုယ့်ဒုက္ခဝေဒနာများကိုသာ နောက်ကြောင်းပြန်နေတတ် သောကြောင့် အခြားပြောစရာစကား၊ ပြစရာအကြောင်းကားမရှိတော့ပြီ။ အခြားသောသူတို့သည် ကိုယ်ချင်းစာနာမှုနှင့်ထောက်ပံ့ကူညီမှုကို ဘယ်မျှ လောက်လိုအပ်နေစေကာမူ သူတို့သည် ၎င်းအခြေအနေကိုမျက်နှာလွှဲ၍ သူတို့၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှကိုသာ မျက်နှာမူကြသည်။ ဒုက္ခ ဝေဒနာခံစားနေရသောသူအပေါင်းတို့၊ သင်တို့အတွက်ကုသရာဆေးရှိပါသည်။ သင်တို့သည် အဝတ်မရှိသောသူအားအဝတ်ဝတ်ပေး၍ နှင်ထုတ်ခြင်းခံရသော မရှိဆင်းရဲသားအား သင့်အိမ်ဂေဟာသို့ခေါ်ဆောင်လာ၍ကျွေးမွေးလျှင်

"သင်၏အလင်းသည် အရုဏ်ကဲ့သို့ပေါ်ထွက်၍ ကျန်းမာခြင်းသည်လည်း အလျင်အမြန်ရောက်လိမ့်မည်။" ရောဂါအတွက်အကောင်းဆုံးကုသမှုသည် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းမျိုးကိုလုပ်ကိုင်သောသူ သည် ဘုရားသခင်ထံအကူအညီတောင်းခံကြရန် ဖိတ်ခေါ်ထားသည်။ ကိုယ်တော်ရှင်သည် သူတို့၏ပတ္ထနာကို နားညောင်းတော်မူမည်ဖြစ်ကြောင်း ကတိထားရှိတော်မူသည်။ သွေ့ခြောက်သောအရပ်၌ရောင့်ရဲစေ၍ ခွန်အား သစ်နှင့်ပြည့်စုံစေတော်မူမည်။ သင်သည် ရေလောင်းသောဥယျာဉ်ကဲ့သို့လည်း ကောင်း၊ ရေမကုန်မခန်းနိုင်သော စမ်းရေတွင်းကဲ့သို့လည်းကောင်းဖြစ် လိမ့်မည်။

**အတ္တစိတ်ဖြင့်တစ်ကိုယ်တည်းနေခြင်းကြောင့် ဆုံးရှုံးရသော ကောင်းချီးမင်္ဂလာများ** – "ကျွန်ုပ်နှင့်ကျွန်ုပ်၏မိသားစုအတွက်" ဆိုသော တစ်ကိုယ်ကောင်းသဘောထားမျိုးကို မကြာခဏပြသကြသောကြောင့် ဘုရားသခင်သည် စိတ်တော်မကောင်းဖြစ်ရတော်မူသည်။ ဤသဘောထား မျိုးထားရှိသောအိမ်ထောင်တိုင်းသည် ခရစ်တော်၏ဘဝအသက်တာတော်တွင် လက်တွေ့ပုံသက်သေဖော်ပြထားသော စင်ကြယ်သည့်အခြေခံအကျင့်သီလများ အားဖြင့် ပြောင်းလဲခြင်းသို့ရောက်ရှိရန်လိုအပ်ပေသည်။ မိမိတို့၏အိမ်ထောင် များကိုပိတ်ဆို့ကာရံထားလျက် ဧည့်ဝတ်ပြုခြင်းကိုရှောင်ကွင်းသောသူတို့သည် များစွာသောကောင်းချီးမင်္ဂလာများကို ဆုံးရှုံးနစ်နာရကြသည်။

ကျွန်ုပ်တို့လက်လှမ်းမီသောအခွင့်အရေးများကိုအသုံးပြုလျက် ကောင်းမှု ကုသိုလ်များပြုလုပ်သည်မပြုလုပ်သည်ကို ကောင်းကင်တမန်များသည် စောင့်ကြည့် လျက်နေကြသည်။ ကောင်းကင်တမန်များကတုံ့ပြန်သောအနေဖြင့် ကျွန်ုပ် တို့အားကောင်းချီးမင်္ဂလာများကိုပေးနိုင်ရန် ကျွန်ုပ်တို့သည် သူတစ်ပါးတို့ အား ကောင်းချီးမင်္ဂလာဖြစ်စေသည်မဖြစ်စေသည်ကို စောင့်ကြည့်နေကြသည်။ ကျွန်ုပ်တို့အားလုံး၏စာရိတ္တကြံ့ခိုင်မှုကိုရရှိစေရန် ကျွန်ုပ်တို့အားဆင်းရဲသော သူ၊ ချမ်းသာသောသူ၊ ဒုက္ခဆင်းရဲရောက်သောသူဟူ၍ မတူညီသောအခြေ အနေများကို ကိုယ်တော်ရှင်သည်ထားရှိတော်မူသည်။ ထို့ပြင် ကျွန်ုပ်တို့အား

စုံစမ်းစစ်ဆေးရန်နှင့် ကျွန်ုပ်တို့စိတ်နှလုံးများထဲ၌ရှိသော ကြွခိုင်စေရန်ဆင်းရဲသောသူတို့အားရပ်တည်ခွင့်ကို တမင်တကာပေးထားတော်မူသည်။

ဧည့်သည်ဝတ်ပြုတတ်သော စိတ်သဘောထားကွယ်ပျောက်သွားသောအခါ စိတ်နှလုံးသည် အတ္တစိတ်ဖြင့်ခိုင်မာလာလေသည်။

**မည်သူ့ကိုဧည့်သည်ဝတ်ပြုရပါမည်နည်း** – ကျွန်ုပ်တို့၏မိတ်ဆုံဧည့်ခံပွဲများကို ထုံးတမ်းစဉ်လာများအရမဟုတ်ဘဲ ခရစ်တော်၏ဝိညာဉ်တော်နှင့် ကိုယ်တော်နှုတ်ကပတ်တော်၏ဩဝါဒအရကျင်းပရမည်။ ဣသရေလလူမျိုးတို့ကျင်းပခဲ့သောပွဲတော်များတွင် ဆင်းရဲသောသူများ၊ ဧည့်သည်များ၊ ဗိမာန်တော်၌ လက်ထောက်ယဇ်ပုရောဟိတ်လည်းဖြစ်၍ ဘာသာရေးဆိုင်ရာနည်းပြဆရာနှင့်သာသနာပြုလည်းဖြစ်သော လေဝိအမျိုးသားတို့ပါဝင်ဆင်နွှဲကြသည်။ ဤပုဂ္ဂိုလ်များတို့ကို လူထု၏လူမှုရေးနှင့်ဘာသာရေးဆိုင်ရာဧည့်ခံပွဲအမျိုးမျိုးတွင် ပါဝင်ဆင်နွှဲရမည့်လူထုဧည့်သည်တော်များအနေဖြင့်လည်းကောင်း၊ ဖျားနာသောအချိန်၌လည်းဖြစ်စေ၊ ဒုက္ခဆင်းရဲရောက်သောအခါ၌ဖြစ်စေ၊ ယုယစွာကူညီထောက်ပံ့ရမည့်ပုဂ္ဂိုလ်များအနေဖြင့်လည်းကောင်း သဘောထားကြလေသည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်များကို ကျွန်ုပ်တို့အိမ်ဂေဟာများတွင် ဖိတ်ခေါ်ဧည့်ခံရမည်ဖြစ်သည်။ ၎င်းကဲ့သို့ကြိုဆိုဧည့်သည်ဝတ်ကိုပြုခြင်းမျိုးသည် သာသနာပြု၊ သူနာပြု (သို့မဟုတ်) သာသနာပြုဆရာအတွက်လည်းကောင်း၊ စိုးရိမ်ကြောင့်ကြမှုများ၍ ကြိုးစားပမ်းစားလုပ်ကိုင်ဆောင်ရွက်နေရသော မိခင်အတွက်လည်းကောင်း၊ အိုးအိမ်မဲ့ဖြစ်၍ ဆင်းရဲခြင်းနှင့်စိတ်ပျက်ဖွယ်မျိုးတို့ကိုရင်ဆိုင်နေရသော အားအင်ချည့်နဲ့အိုမင်းမစွမ်းဖြစ်နေသောသူတို့အတွက်လည်းကောင်း ဘယ်မျှလောက်ဝမ်းမြောက်အားတက်ဖွယ်ဖြစ်ဘိသနည်း။

"သင်သည် နံနက်စာညစာလုပ်ကျွေးသောအခါ အဆွေခင်ပွန်း၊ ညီအစ်ကို၊ အမျိုးသားချင်း၊ ငွေရတတ်သောအိမ်နီးချင်းမျိုးကိုမခေါ်မဖိတ်နှင့်။ ထိုသို့ခေါ်ဖိတ်လျှင် သူတို့သည် နောက်တစ်ဖန်သင့်ကိုခေါ်ဖိတ်၍ ကျေးဇူးဆပ်ကြလိမ့်မည်။ သင်သည်ပွဲခံသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊

ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူများကိုခေါ်ဖိတ်လော့။ ထိုသို့ခေါ်ဖိတ်လျှင်မင်္ဂလာရှိလိမ့်မည်။ အကြောင်းမူကား၊ ထိုသူတို့သည် ကျေးဇူးမဆပ်နိုင်သည်ဖြစ်၍ ဖြောင့်မတ်သောသူတို့ထမြောက်သည်ကာလ၌ သင်သည် ကျေးဇူးဆပ်ခြင်းအကျိုးကိုခံရလတ္တံ့" ဟု ခရစ်တော်အရှင်က မိန့်တော်မူထားပါသည်။

ငှင်းကဲ့သို့သောဧည့်သည်များသည် သင်တို့လက်ခံကျွေးမွေး၍ သင်တို့အတွက်တာဝန်မလေးသောဧည့်သည်မျိုးဖြစ်သည်။ သူတို့အားဧည့်ခံမှုအတွက် စရိတ်စကကြီးကြီးမားမားကုန်ကျရန်မလိုအပ်ပေ။ ဧည့်ခံမှုနှင့်ပတ်သက်၍ ဟိတ်ဟန်ပြရန်လည်းမလိုအပ်ပေ။ ဧည့်ခံမှုနှင့်ပတ်သက်၍ မိတ်ဆွေသဘောအပြည့်အဝပါဝင်သော ခရီးဦးကြိုမှု၊ သင့်မီးပုံဘေး၌နေရာချပေးထားမှု၊ သင့်ထမင်းစားပွဲ၌နေရာထိုင်ခင်းပေးထားမှု၊ ဆုတောင်းပတ္ထနာပြုချိန်မှရရှိသော ကောင်းချီးမင်္ဂလာကိုခွဲဝေခံစားနိုင်သောအခွင့်အရေးရရှိမှုတို့သည် အများသောသူတို့အတွက် ကောင်းကင်ဘုံမှရရှိသော ကောင်းချီးမင်္ဂလာများကဲ့သို့ဖြစ်လိမ့်မည်။

ကျွန်ုပ်တို့၏ကိုယ်ချင်းစာမှုများသည် အတ္တစိတ်နှင့်မိသားစုနံရံကြီးများ၏နယ်နိမိတ်များကိုဖြတ်ကျော်၍ အခြားသောသူတို့ထံသို့စီးဆင်းသွားရမည်။ လူမှုရေးဆိုင်ရာသြဇာသက်ရောက်မှုသည် အံ့သြဖွယ်သောတန်ဖိုးအာနိသင်ဖြစ်သည်။ ကျွန်ုပ်တို့ကအလိုရှိလျှင် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌နေထိုင်လျက်ရှိကြသောသူတို့အား ကူညီသောနည်းလမ်းအနေဖြင့် ငှင်းသြဇာသက်ရောက်မှုကိုအသုံးပြုနိုင်ကြသည်။ စုံစမ်းသွေးဆောင်မှုခံရသောလူငယ်ပိုင်းအတွက်ခိုလှုံရာအရပ်။ စုံစမ်းသွေးဆောင်မှုခံရသောလူငယ်ပိုင်းအတွက် ကျွန်ုပ်တို့အိမ်ဂေဟာများသည် ခိုလှုံရာအရပ်ဖြစ်စေရမည်။ လမ်းဆုံလမ်းခွ၌ရောက်ရှိနေသောလူငယ်မြောက်မြားစွာရှိကြသည်။ သြဇာသက်ရောက်မှုတိုင်းနှင့်စွဲလမ်းမှုတိုင်းသည် သူတို့၏လောကီအကျိုးနှင့်လောကုတ္တရာအကျိုးကိုဖန်တီးပေးသောရွေးချယ်မှုကို အဆုံးအဖြတ်ပြုပေးသည်။ မကောင်းမှုဒုစရိုက်ကသူတို့ကိုဖိတ်ခေါ်သည်။ ငှင်းမကောင်းမှုဒုစရိုက်ကြီးစိုးမိုးသော

နေရာများကို ထွန်းလင်းတောက်ပ၍ဆွဲဆောင်မှုရှိအောင် ပြုပြင်ထားသည်။ ၎င်းတို့ဆီသို့လာသောသူတိုင်းကိုကြိုဆိုသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ အိမ်ခြေရာခြေမရှိသောလူငယ်မြောက်မြားစွာရှိကြသည်။ အိမ်ထောင်များ၏ အကူအညီနှင့်စာရိတ္တကြံ့ခိုင်မှုဖြစ်စေသောအုပ်ထိန်းသင်ကြားမှုမရရှိသောကြောင့် အများသောလူငယ်လူရွယ်တို့သည် အပြစ်၏နွံထဲသို့ကျဆင်းကြရလေသည်။ သူတို့သည် ကျွန်ုပ်တို့အရိပ်အာဝါသအတွင်းမှာပင် ပျက်စီးခြင်းနွံတွင်းသို့ သက်ဆင်းကြရလေသည်။

ဤလူငယ်တို့သည် ကိုယ်ချင်းစာနာသောသဘောဖြင့်ဆန့်ထားသော ကျွန်ုပ်တို့၏လက်ကိုကိုင်ဆွဲထားရန်လိုအပ်ပေသည်။ ရိုးသားစွာပြောလိုက်သည့်ညှာတာကြင်နာသည့်စကားများသည်လည်းကောင်း၊ ရိုးသားသည့်သဘောဖြင့်ဆောင်ရွက်ပေးသောကျေးဇူးပြုမှုသည်လည်းကောင်း ဝိညာဉ်အပေါ် လွှမ်းမိုးနေသော စုံစမ်းသွေးဆောင်ခြင်းမိုးတိမ်တိုက်ကို တံမြက်စည်းဖြင့်လှဲဘိသကဲ့သို့ ရှင်းလင်းပေးလိမ့်မည်။ ကောင်းကင်ဘုံမှဆင်းသက်သည့် ကိုယ်ချင်းစာနာသောတရားကို မှန်ကန်စွာလက်တွေ့ပြခြင်းသည် ခရစ်တော် အသုံးပြုတော်မူသောစကားလုံးများနှင့် ထပ်တူထပ်မျှဖြစ်သောအသုံးအနှုန်းများ၏ထုံသင်းသောရနံ့နှင့် ရိုးသား၍နူးညံ့သော ခရစ်တော်မေတ္တာတော်စိတ်သဘော၏တို့ထိမှုတို့ကို လိုအပ်သောစိတ်နှလုံးတံခါးများအား ဖွင့်နိုင်သော အာနိသင်ရှိသည်။ ကျွန်ုပ်တို့သည် လူငယ်လူရွယ်တို့၏စိတ်ဝင်စားမှုကိုပြသ၍ သူတို့အားကျွန်ုပ်တို့၏အိမ်ဂေဟာများသို့ဖိတ်ခေါ်ပြီးလျှင် သူတို့အား ဝမ်းမြောက်ဖွယ်ဖြစ်စေသည်သာမက ကူညီထောက်ပံ့တတ်သောသြဇာသက်ရောက်မှုတို့ဖြင့် ဝန်းရံပတ်ရစ်ထားလျှင် အထက်အရပ်သို့ဝမ်းမြောက်ဝမ်းသာစွာခြေဦးလှည့်ကြမည့်သူ မြောက်မြားစွာရှိနေသည်။

**မိသားစုဆိုင်ရာရိုးသားမှုကိုထိန်းသိမ်းထားပါ** – မကြခဏ ရောက်တတ်သော ဧည့်သည်များရောက်ရှိလာသောအခါ တစ်ချိန်လုံးဖခင်ဖြစ်သူနှင့် အချိန်မကုန်ပါစေနှင့်။ သူ့မသားသမီးများ၏လောကီရေးနှင့် လောကုတ္တရာအရေးများကို ဦးစားပေးရမည်။ အဆီအအိမ့်များ၍ ကျန်းမာ

မှုကိုမဖြစ်စေသောအစားအသောက်မျိုးကို ချက်ပြုတ်ညှော်ခံခြင်းဖြင့် အချိန်မဖြုန်းသင့်ပေ။ ယင်းအစားအသောက်များချက်ပြုတ်ခြင်းသည် စရိတ်စကပိုကုန်ကျသောကြောင့် အများသောသူတို့သည် ၎င်းကုန်ကျစရိတ်ကိုမခံနိုင်ပေ။ ပိုမိုဆိုးရွားသောအချက်မှာ ပုံသက်သေပင်ဖြစ်သည်။ မိသားစုတို့၏ရိုးသားစွာချက်ပြုတ်စာသောက်နေထိုင်မှုကို ထိန်းသိမ်းထားအပ်ပေသည်။ သင့်ဝင်ငွေထက်ပိုမိုကုန်ကျသောစရိတ်စကအားဖြင့် သင့်အသက်ကိုမွေးနိုင်ကြောင်းကိုမပြပါနှင့်။ ချက်ပြုတ်စားသောက်ရေး၌လည်းကောင်း၊ နေထိုင်သွားလာရေး၌လည်းကောင်း သူများအထင်ကြီးအောင်မလုပ်ပါနှင့်။

သင်တို့၏ညှော်သည်များကို ကြင်နာစွာဆက်ဆံ၍ သူတို့စိတ်ချမ်းသာအောင်ဆက်ဆံသင့်သော်လည်း ဘုရားသခင်သင့်လက်ထဲသို့အပ်နှင်းထားသော သားငယ်သမီးငယ်များအတွက် သင်သည် ပုဗ္ဗစရိယမိနှင့်ဘဖြစ်သည်ဆိုသည်ကို မမေ့လျော့ပါနှင့်။ သားသမီးတို့သည် သင်တို့အားစောင့်ကြည့်နေကြသည်။ သင်တို့၏မည်သည့်အပြုအမူက သူတို့ကိုမှားယွင်းသောလမ်းထဲသို့ လမ်းညွှန်းမပေးရ။ ညှော်သည်တို့အား သင့်မိသားစုတို့ကိုနေ့စဉ်ဆက်ဆံသကဲ့သို့ သာယာစွာဖြင့်လည်းကောင်း၊ ဆင်ခြင်တိုင်းထွာစွာဖြင့်လည်းကောင်း၊ ယဉ်ကျေးပျူငှာစွာဖြင့်လည်းကောင်းဆက်ဆံပါ။ ဤနည်းအားဖြင့် အားလုံးတို့သည် အသိပညာပေးသူများအနေဖြင့် ကျင့်ကောင်းသီလများ၏ပုံသက်သေများဖြစ်လာနိုင်ကြသည်။ ၎င်းကျင့်ကောင်းသီလများက အဘယ်သို့စားရအံ့နည်း၊ အဘယ်သို့ဝတ်ရအံ့နည်းဆိုသည်ကို တွေးတောပူပန်တတ်သည်ထက် ပိုမိုလိုအပ်သောအရာတစ်ခုရှိကြောင်းကို သက်သေခံသည်။

**ငြိမ်သက်သာယာသောအခြေအနေကိုဖန်တီးထားရှိပါ** – ကျွန်ုပ်တို့၏အိမ်ထောင်ဘဝအသက်တာနှင့်လူမှုရေးကိစ္စတို့သည် ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းနှင့်ရိုးသားခြင်းတို့စိုးမိုးထားလျှင် ကျွန်ုပ်တို့သည် ပိုမိုဝမ်းမြောက်မှုရှိ၍ ပိုမိုအသုံးကျမှုရှိလိမ့်မည်။ ညှော်သည်တို့၏ချီးကျူးခံရစေရန် (သို့မဟုတ်) မနာလိုဝန်တိုဖြစ်စေရန် ဟိတ်ဟန်ပြဖို့မကြိုးပမ်းဘဲ ကျွန်ုပ်တို့၏ရွှင်လန်းခြင်း၊ ကိုယ်ချင်းစာနာခြင်းနှင့်ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ဝန်းကျင်၌ရှိကြသော

သူအားလုံးတို့အား ပျော်ရွှင်အောင်ပြုလုပ်သင့်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏အလိုတော်နှင့်ရင်ပေါင်တန်းမီအောင် ကြိုးပမ်းနေကြသည်ကို ဧည့်သည်များအားတွေ့မြင်ပါစေ။ ကျွန်ုပ်တို့၏နေထိုင်စားသောက်ပုံသည် အဆင့်အတန်းအားဖြင့်နိမ့်ကျသော်လည်း တင်းတိမ်ရောင့်ရဲမှုရှိသောသဘော နှင့် ကျေးဇူးတင်တတ်သောသဘောရှိကြောင်းကို သူတို့တွေ့မြင်ပါစေ။ စစ်မှန်သောခရစ်ယာန်အိမ်ထောင်၏အခြေအနေသည် ငြိမ်သက်ခြင်းနှင့်အေးချမ်းသာယာခြင်းလွှမ်းမိုးနေရမည်။ ယင်းကဲ့သို့သောပုံသက်သေသည် အကျိုးထူးမရှိဘဲမနေပေ။

**ကုန်ကျစရိတ်စရင်းကို ကောင်းကင်ဘုံတွင်ထားရှိသည်–** ကိုယ်တော်ရှင်အတွက်ဧည့်ခံရာတွင် ကုန်ကျစရိတ်ကိုကောင်းကင်ဘုံတွင် ခရစ်တော်သည် စာရင်းပြုလုပ်ထားတော်မူသည်။ ဤလုပ်ငန်းအတွက် ကိုယ်တော်ရှင်သည် လိုအပ်သမျှကိုချပေးတော်မူသည်။ ခရစ်တော်၌နာမတော်ကိုအမှီပြုလျက် ညီအစ်ကိုတော်များကိုဧည့်ခံ၍ အိမ်ရှင်ရောဧည့်သည်ပါ အကျိုးရှိစေရန် သူတို့အတတ်နိုင်ဆုံးကြိုးပမ်းခြင်းကို အထူးကောင်းချီးမင်္ဂလာများခံထိုက်သော ဆောင်ရွက်မှုအနေဖြင့် ကောင်းကင်ဘုံတွင်မှတ်တမ်းတင်ထားပါသည်။

ဧည့်ဝတ်ပြုခြင်းနှင့်ပတ်သက်၍ ခရစ်တော်ကိုယ်တော်၏ဘဝအသက်တာတွင် သင်ခန်းစာတစ်ခုကိုပေးထားတော်မူသည်။ ပင်လယ်ကမ်းနဖူးပေါ်တွင် ဆာလောင်ငတ်မွတ်နေသောလူထုကြီးက ဝန်းရံနေသောအခါ သူတို့အား အစားအစာတစ်ခုကိုမျှမကျွေးမွေးဘဲ သူတို့ကိုပြန်လွှတ်လိုက်တော်မမူပေ။ ကိုယ်တော်ရှင်က တပည့်တော်တို့အား "သူတို့စားစရာဖို့သင်တို့ပေးကြလော့။" (မ၊ ၁၄း၁၆) ဟုမိန့်တော်မူသည်။ ဖန်ဆင်းနိုင်သောတန်ခိုးတော်အားဖြင့် လူထု၏လိုအပ်မှုရှိသမျှအစားအစာကို ပေးကမ်းတော်မူလေသည်။ အစားအစာပေးတော်မူပုံမှာ ဘယ်မျှလောက်လွယ်ကူဘိသနည်း။ ဇိမ်ခံမှုလုံးဝမပါရှိပေ။ ကောင်းကင်တစ်ခုလုံး၌ရှိသောအရာများကို အစိုးရတော်မူသောအရှင်သည် လူထုကြီးအတွက် စားသောက်ဖွယ်ရာများကို ဖန်တီးပေးနိုင်

**တော်မူ**သည်။ သို့ရာတွင် သူတို့လိုအပ်သောအစာ၊ ပင်လယ်ကမ်းပါးအနီး **တစ်ဝိုက်**၌နေထိုင်သောတံငါသည်များ နေ့စဉ်စားတတ်သောအစားအစာကို ပေးတော်မူသည်။

ယခုအခါလူတို့သည် ရိုးသားသောအကျင့်ဓလေ့များကိုကျင့်သုံး၍ သဘာဝဓမ္မ၏နည်းလမ်းဥပဒေများနှင့် ညီလျော်စွာနေထိုင်စားသောက်လျှင် လူသားအားလုံးတို့လိုအပ်သမျှသောအစားအစာများ မကုန်မခန်းနိုင်လောက် အောင်ရှိနေပေလိမ့်မည်။ စိတ်ကူအားဖြင့် လိုချင်ဖွယ်ရာများနည်းပါး၍ ဘုရားသခင်၏နည်းလမ်းများအတိုင်း လုပ်ကိုင်ဆောင်ရွက်ရန် အခွင့်အရေး ပိုမိုရရှိမည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးခြင်းက ဧည့်သည်ဝတ်ပြုခြင်းကို တားဆီးနှောင့်ယှက် ခြင်းပြုရန်မလိုပေ။ ကျွန်ုပ်တို့၌ရှိသောအရာကို ကျွန်ုပ်တို့ပေးကမ်းရမည်။ အချို့သောသူတို့သည် ခက်ခက်ခဲခဲပရိယေသနဝမ်းစာကိုရှာရ၍ သူတို့ရရှိ သမျှသောဝင်ငွေဖြင့် လောက်ငအောင်သုံးစွဲ၍မရနိုင်လောက်အောင်ရှိနေကြ သည်။ သို့စေကာမူ ယေရှုရှင်ကိုသူတို့ချစ်ကြောင်း တပည့်တော်အပေါင်း တို့နှင့် တပည့်တော်မဟုတ်သောသူတို့ကို ဧည့်သည်ဝတ်ပြုလျက် သူတို့၏ လာရောက်လည်ပတ်မှုကိုအကျိုးရှိစေရန် ကြိုးပမ်းခြင်းအားဖြင့်ပြသကြသည်။ မိသားစုထမင်းစားပွဲနှင့်မိသားစုဝတ်ပြုစည်းဝေးခြင်းသို့ ဧည့်သည်များကို ခေါ်ဖိတ်၍ ဧည့်ဝတ်ပြုကြသည်။ ဧည့်ဝတ်ပြုခံရသောသူတို့သည် မိသားစု ၏ဆုတောင်းစည်းဝေးကို နှစ်သက်သဘောကျကြသည်။ တစ်ကြိမ်တည်း လာရောက်ခြင်းကြောင့် ဝိညာဉ်တစ်ခုအားသေခြင်းမှကယ်ဆယ်ပေးနိုင်လိမ့် မည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းအတွက် ကိုယ်တော်ရှင်က "ကုန်သမျှကိုငါ ပြန်လာသောအခါဆပ်ပေးမည်" ဟုမိန့်တော်မူသည်။

**အခွင့်အရေးလက်မလွတ်စေသင့်ပေ** – ညီအစ်ကိုမောင်နှမတို့၊ နိုးကြားကြလော့။ ကောင်းမှုကုသိုလ်များပြုလုပ်ရန် စိုးရိမ်ကြောင့်ကြမှုမရှိ ပါနှင့်။ ငါတို့သည် အားမလျော့စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကိုကျင့် ကြကုန်အံ့။ ထိုသို့တည်ကြည်၍ကျင့်လျှင် အချိန်တန်သောအခါ၌ အသီးအနှံ

ကိုရိုတ်ရကြလိမ့်မည်။ “သင်တို့အားခိုင်းမှမလုပ်ပါနှင့်။” သင်တို့မျက်စိများကို ဖွင့်ထား၍ သင်တို့ဝန်းကျင်၌အဘယ်သူရှိသည်ကို ကြည့်ရှုကြပါ။ မစမဲ့သူ၊ ဒုက္ခဝေဒနာခံစားရသောသူတို့နှင့် မရှိဆင်းရဲသားများတို့နှင့်မိတ်ဆွေဖွဲ့ပါ။ သူတို့ကိုမရှောင်ပါနှင့်။ သူတို့၏လိုအပ်မှုများကို မျက်နှာမလွှဲပါနှင့်။ အတ္တစိတ် (သို့မဟုတ်) ညစ်ညူးမှုဖြင့် စွန်းကွက်ခြင်းမရှိသည့် စင်ကြယ်သန့်ရှင်းသောသီလတည်းဟူသောပါရမီကို ယာကုပ်သြဝါဒစာထဲတွင် ဘယ်သူသည် အထောက်အထားပြသနည်း။ ကယ်တင်ခြင်းစီမံကိန်းကြီးတွင် ကူညီမစရန် စွမ်းအားရှိသမျှကူညီလိုသောသူ ဘယ်သူရှိသနည်း။

---o---

အပိုင်း (၁၆)

# အိမ်ထောင်နှင့်ယင်း၏လူမှုရေးဆိုင်ရာ

# ဆက်သွယ်မှုများ

## အခန်း ၇၃
# ကျွန်ုပ်တို့၏လူမှုရေးဆိုင်ရာလိုအပ်မှုများ

အရွေးချယ်ခံသူတို့အတွက် ပညာရေးအစီအစဉ်ထားရှိရာတွင် ဘုရားသခင်၌ဗဟိုပြုထားသောဘဝအသက်တာသည် ပြည့်စုံကုံလုံသောဘဝအသက်တာဖြစ်ကြောင်းကို ဖော်ပြထားသည်။ လူသားတို့၏လိုအပ်မှုရှိသမျှတို့အတွက် ကိုယ်တော်ရှင်သည် စိတ်ကျေနပ်မှုရှိအောင် ပေးကမ်းတော်မူသည်။ လူသားတို့အားပေးကမ်းထားတော်မူသမျှသော စွမ်းရည်တိုင်းကြီးထွားရင့်သန်မှုရှိစေရန် ကိုယ်တော်ရှင်သည် ကြိုးပမ်းဆောင်ရွက်တော်မူသည်။

လုပမှုဟူသမျှကို စီရင်ဖန်တီးထားတော်မူသော ကိုယ်တော်ရှင်သည် ကိုယ်တော်တိုင်လုပခြင်းကိုနှစ်သက်တော်မူသည်အလျောက် ကိုယ်တော်၏သားသမီးတို့၌ လုပမြတ်နိုးသောစိတ်ကိုကျေနပ်မှုရရှိစေရန် ပြုပြင်ပေးတော်မူသည်။ သူတို့၏လူမှုရေးဆိုင်ရာလိုအပ်မှုများကိုလည်းကောင်း၊ ကိုယ်ချင်းစာနာတတ်သောစိတ်ကိုမွေးမြူရန်နှင့် ဘဝအသက်တာကိုထွန်းပြောင်းခြင်း၊ ချိုသာခြင်းနှင့်ပြည့်ဝစေသော၊ ကြင်နာ၍ကူဖော်လောင်ဖက်ဖြစ်သောအပေါင်းအသင်းအတွက်လည်းကောင်း ကိုယ်တော်ရှင်သည် ပြုပြင်စီရင်ပေးတော်မူသည်။

**ပေါင်းသင်းဆက်ဆံမှု၏ဩဇာသက်ရောက်မှု** — လူတိုင်းအပေါင်းအသင်းရောင်းရင်းများကို တွေ့ရှိကြမည်။ (သို့မဟုတ်) အပေါင်းအသင်းရှိအောင်ပြုလုပ်ကြမည်။ ပေါင်းသင်းဆက်ဆံမှု၏ကြွံ့ခိုင်မှုပေါ်တွင်မူတည်၍ တစ်ဦးအပေါ်တစ်ဦးဩဇာသက်ရောက်မှုသည် ကောင်းကျိုးအတွက်ဖြစ်လိမ့်မည်။ သို့တည်းမဟုတ် ဆိုးကျိုးအတွက်ဖြစ်လိမ့်မည်။ လူသားအားလုံးတို့သည် အပေါင်းအသင်းရှိကြမည်ဖြစ်၍ ၎င်းအပေါင်းအသင်းတို့နှင့်အပြန်အလှန်ဩဇာသက်ရောက်မှုရှိကြပေလိမ့်မည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယောကျ်ားကြီးများ၊ မိန်းမကြီးများပင် အချင်းချင်းအပေါင်းသင်းဆက်ဆံမှု၏ဩဇာသက်ရောက်မှုနှင့်

ပတ်သက်၍ အလေးပေးပြောဆိုထားသည်။ အသိဉာဏ်ဖွံ့ဖြိုးစနှင့်စာရိတ္တ တည်ဆောက်နေသောလူငယ်လူရွယ်အပေါ် ၎င်းပေါင်းသင်းဆက်ဆံမှု၏ အာနိသင်သည် ဘယ်မျှလောက်လေးလံစွာတည်ရှိနေသနည်း။ သူတို့ ပေါင်းသင်းဆက်ဆံနေသောအပေါင်းအသင်းသည်လည်းကောင်း၊ သူတို့ လိုက်နာကျင့်သုံးနေသောအခြေခံကျင့်ဝတ်သည်လည်းကောင်း၊ သူတို့ဆောက် တည်နေသောအကျင့်ဓလေ့များသည်လည်းကောင်း၊ ကမ္ဘာပေါ်တွင်သူတို့၏ အသုံးကျမှုနှင့်နောင်တမလွန်ဘဝတွင် သူတို့၏အဆုံးစွန်တွင်ကျရောက်မည့် အခြေအနေကိုလည်းကောင်း ဆုံးဖြတ်ရပေလိမ့်မည်။

လူငယ်လူရွယ်များအနေဖြင့် အပေါင်းအသင်းရှိကြမည်မှာ မြေခတ် မလွဲပင်ဖြစ်၍ ၎င်းအပေါင်းအသင်းတို့၏ဩဇာသက်ရောက်မှုကိုခံစားရပေ မည်။ လူတစ်ဦး၏နှလုံးသားထဲ၌ရှိသောခံစားချက်သည် အခြားသောသူတစ်ဦး ၏နှလုံးသားထဲ၌ရှိသောခံစားချက်အတွက် အဖြေထွက်စေရန် ဝိညာဉ်တို့အား ချည်နှောင်ထားသည့် နားလည်ရန်ခဲယဉ်းသောကွင်းဆက်များရှိသည်။ လူတစ်ဦးသည် အခြားသောသူတစ်ဦး၏သဘောတရားများနှင့်စိတ်သဘော ထားများကို မှတ်ယူတတ်ကြသည်။ ၎င်းကဲ့သို့သော အပေါင်းအသင်းထား ရှိမှုသည် မင်္ဂလာဖြစ်နိုင်သည် (သို့မဟုတ်) မကောင်းမှုအကုသိုလ်ဖြစ်နိုင် သည်။ လူငယ်လူရွယ်တို့သည် တစ်ဦးကိုတစ်ဦးကူညီမစ၍ ကြံ့ခိုင်မှုရှိအောင် ပြုပြင်ပေးနိုင်သည်။ အကျင့်စာရိတ္တကောင်းမွန်ရေးကိုဆောင်ရွက်ပေးနိုင်သည်။ အသိပညာတိုးပွားရေးကို ကူညီဆောင်ရွက်နိုင်သည်။ (သို့မဟုတ်) သူတို့ ကိုယ်တိုင်သည် သတိတရားကင်းမဲ့စွာဖြင့်လည်းကောင်း၊ သစ္စာမဲ့စွာဖြင့် လည်းကောင်းပြုမူလုပ်ကိုင်လျှင် သူတို့သည် စိတ်ဓာတ်ကျဆင်းစေသော ဩဇာသက်ရောက်မှုမျိုးကို ဖြစ်စေလိမ့်မည်ဖြစ်သည်။

"သင်၏အပေါင်းအသင်းကိုပြပါ။ ကျွန်ုပ်သည်သင်၏အကျင့်စာရိတ္တ ကိုပြပါမည်" ဆိုသောစကားသည် သစ္စာစကားဖြစ်သည်။ သူတို့၏အပေါင်း အသင်းရွေးချယ်ပုံသည် သူတို့ကိုယ်တိုင်၏စာရိတ္တနှင့်ဂုဏ်ဒြပ်အပေါ် ဘယ်မျှ လောက်သိသာစွာထိခိုက်မှုရှိသည်ကို လူငယ်များအနေဖြင့်မသိရှိကြပေ။

တစ်ယောက်သောသူသည် သူနှင့်အကြိုက်ချင်းအားဖြင့်လည်းကောင်း၊ အကျင့်ဓလေ့အားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း တူညီသောအပေါင်းအသင်းများကိုရှာဖွေကြသည်။ ပညာရှိသောသူနှင့်ကောင်းမြတ်သောသူတို့ထက်ဉာဏ်ပညာလည်းမရှိ၊ ဆိုးယုတ်ညစ်ညမ်းသောသူတို့နှင့်အပေါင်းအသင်းလုပ်သောသူတို့သည် သူတို့ကိုယ်တိုင်၏အကျင့်စာရိတ္တချွတ်ယွင်းမှုရှိသည်ကိုပြသည်။ ပထမတွင် သူ့ဝါသနာများနှင့်အကျင့်ဓလေ့များသည် သူ့အပေါင်းအသင်းများ၏ဝါသနာများ၊ အကျင့်ဓလေ့များနှင့်လုံးဝခြားမနားမှုရှိပေမည်။ သို့ရာတွင် ၎င်းလူတန်းစားမျိုးနှင့်သူပေါင်းဖော်ရောနှောသောအခါ သူ့စိတ်ကူးဉာဏ်များနှင့်စိတ်ခံစားမှုများသည် ပြောင်းလဲလာသည်။ သူသည် မှန်ကန်သောအခြေခံကျင့်ဝတ်များကိုစွန့်လွှတ်၍ မအီမသာဖြစ်သော်လည်း ရှောင်ကွင်း၍မရဘဲ သူ့အပေါင်းအသင်းတို့၏အဆင့်အတန်းသို့ သက်ဆင်းလေသည်။ ချောင်းရေသည် မိမိရေကြောင်း၌ရှိသောမြေဩဇာကို တိုက်စားသွားသကဲ့သို့ လူငယ်လူရွယ်တို့၏အခြေခံကျင့်ဝတ်များနှင့်အကျင့်ဓလေ့များသည် ရှောင်လွှဲ၍မရဘဲ သူပေါင်းဖော်သောအပေါင်းအသင်းတို့၏အကျင့်စာရိတ္တငြိတွယ်စွန်းကွက်ခြင်းကိုခံရလေသည်။

**သဘာဝသံယောဇဉ်များသည်နိမ့်ကျယုတ်ညံ့သည်** – စင်ကြယ်သောသူ၊ စဉ်းစားဆင်ခြင်တတ်သောသူ၊ ချစ်ဖွယ်ကောင်းသောသူတို့နှင့်အပေါင်းအသင်းပြုလုပ်ရန် လူငယ်လူရွယ်တို့တိုက်တွန်းသွေးဆောင်နိုင်လျှင် သက်ရောက်မည့်ကောင်းကျိုးမှာ ရာဇဝင်တင်နိုင်လောက်အောင်ဖြစ်ချေမည်။ ဘုရားသခင်အားကြောက်ရွံ့ရိုသေသောသူတို့နှင့် အပေါင်းအဖော်ပြုလုပ်လျှင် ဩဇာသက်ရောက်မှုသည်မှန်ကန်ခြင်း၊ တာဝန်ကျေပွန်စွာဆောင်ရွက်ခြင်းနှင့်သန့်ရှင်းခြင်းအဆင့်အတန်းသို့ လမ်းပြပို့ဆောင်ပေးလိမ့်မည်။ စစ်မှန်သောခရစ်ယာန်ဘဝအသက်တာသည် ကောင်းမြတ်ခြင်းအတွက်အင်အားဖြစ်သည်။ သို့ရာတွင် တစ်နည်းအားဖြင့် အကျင့်စာရိတ္တပျက်ပြားသော မကောင်းသောအကျင့်ဓလေ့များကိုကျင့်သုံးသောသူတို့နှင့် ပေါင်းသင်းသောသူတို့သည် မကြာမီထိုသူတို့နှင့်တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားသောသူများဖြစ်သွားလိမ့်မည်။

သဘာဝစိတ်နှလုံး၏သံယောဇဉ်များသည် နိမ့်ကျယုတ်ညံ့သည်။ ဘုရားတရားယုံကြည်မှုမရှိသောသူတို့နှင့် အပေါင်းသင်းဆက်ဆံသောသူတို့သည် မကြာမီသောကာလအတွင်း ဘုရားတရားမယုံကြည်သောသူဘဝသို့ သက်ဆင်းသွားပေလိမ့်မည်။ ဆိုးယုတ်ညစ်ညမ်းသောသူတို့နှင့် ပေါင်းသင်းဆက်ဆံသောလမ်းစဉ်ကိုရွေးချယ်သောသူတို့သည် ညစ်ညမ်းဆိုးယုတ်သောသူမုချဖြစ်လာလိမ့်မည်။ မတရားသောသူတို့၏တိုက်တွန်းခြင်းသို့လိုက်လျောခြင်းသည် လူဆိုးတို့၏လမ်းတွင်ရပ်နေခြင်းနှင့် မထီမဲ့မြင်ပြုသောသူတို့၏အစည်းအဝေး၌ထိုင်ခြင်း၏ပထမခြေလှမ်းဖြစ်သည်။

လောကီဆန်သောလူငယ်လူရွယ်တို့အတွက် အပေါင်းအသင်းနှင့်ပျော်ရွှင်ခြင်းတို့ကိုနှစ်သက်ခင်တွယ်ခြင်းသည် မက်မောဖွယ်သောစွဲလမ်းခြင်းဖြစ်လာသည်။ ဝတ်စားဆင်ယင်ခြင်း၊ အလည်အပတ်သွားရောက်ခြင်း၊ ခံတွင်းအလိုနှင့်တပ်မက်ခြင်းတို့ကိုလိုက်စားခြင်းနှင့် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာသွားလာလည်ပတ်မှုလွန်ကြူးခြင်းတို့သည် ဘဝအသက်တာ၏ရည်စူးချက်ကြီးများအနေဖြင့် ရပ်တည်နေပုံရလေသည်။ သူတို့သည် တစ်ကိုယ်တည်းနေရလျှင် စိတ်မချမ်းမသာဖြစ်ကြသည်။ သူတို့၏အဓိကလိုလားချက်သည် သူတကာတို့၏ဂုဏ်ပြုချီးကျူးခံခြင်းနှင့်လူ့ဘောင်လောက လူ့လောကတွင် လူထင်ပေါ်ဖြစ်လိုသောဆန္ဒဖြစ်သည်။ ဤလိုလားချက်သည် မပြည့်စုံလျှင် ဘဝအသက်တာသည် ပျော်မွေ့ဖွယ်ရာမဟုတ်ဟုယူဆလေသည်။

ပေါင်းသင်းဆက်ဆံရေးကိုနှစ်သက်သောသူတို့သည် ၎င်းစိတ်သဘောထား၏စိုးမိုးခြယ်လှယ်မှုကိုခံရသည်တိုင်အောင် မကြာခဏလိုက်နာကျင့်သုံးကြသည်။ သူတို့သည် ကျမ်းစာကိုဖတ်ခြင်းနှင့်ကောင်းကင်ဘုံဆိုင်ရာအရာများအာရုံပြုခြင်းတို့ကို စိတ်ဝင်စားမှုမရှိတော့ပေ။ သူတို့စိတ်ကိုထကြွလှုံ့ဆော်စေမည့်အရာတစ်ခုခုမရှိလျှင် သူတို့၏ဘဝအသက်တာသည် ငြီးငွေ့ဖွယ်ဖြစ်နေလေသည်။ သူတို့၏နှလုံးသားထဲ၌ ပျော်ရွှင်နိုင်သောစွမ်းရည်မရှိပေ။ သို့ရာတွင် သူတို့ကိုယ်တိုင်ကဲ့သို့ စဉ်းစားဉာဏ်နည်းပါး၍ ဟော့ဟော့ရမ်းရမ်းဖြစ်သော အခြားလူငယ်လူရွယ်များနှင့်ပေါင်းသင်းဆက်ဆံမှုမှ ပေါ်ထွက်

လာသောပျော်ရွှင်ခြင်းပေါ်တွင် အားကိုးအားထားပြုလေသည်။ မြင့်မြတ်သော ရည်စူးချက်များအပေါ် အကောင်အထည်ဖော်နိုင်သောစွမ်းရည်များကို သူတို့သည် မှားယွင်းမှုနှင့်ဉာဏခွန်အားဆိုင်ရာအပျော်အပါးလွန်ခြင်းအားဖြင့် သုံးဖြုန်းပစ်ကြသည်။

**ခရစ်ယာန်ဆိုင်ရာပေါင်းသင်းဆက်ဆံမှု၏ကောင်းကျိုးများ** – ခရစ်ယာန်ဆိုင်ရာပေါင်းသင်းဆက်ဆံမှု၏ဓလေ့ကို ဘုရားသခင်၏တပည့်တော်များအနေဖြင့်ကျင့်သုံးရာတွင် အလွန်နည်းပါးလှသည်။ အခြားသောသူတို့နှင့်ဆက်သွယ်မှုမရှိ၊ မိတ်ဆွေသဘောဖြင့်ပေါင်းသင်းဆက်ဆံမှုအားဖြင့် သူတစ်ပါးတို့အားကောင်းကျိုးပြုရန် မလိုလားသောသူတို့သည် များစွာသော အကျိုးကျေးဇူးများနစ်နာဆုံးရှုံးရလေသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ဦးနှင့်တစ်ဦးအပြန်အလှန်တွေ့ထိမှုရှိခြင်းအားဖြင့် စိတ်နှလုံးများသည် ယဉ်ကျေးသိမ်မွေ့လာကြသည်။ ပေါင်းသင်းဆက်ဆံရေးအားဖြင့် အသိအကျွမ်းအပေါင်းအသင်းနယ်ပယ်ကျယ်ဝန်းလာ၍ စိတ်ထားချင်းတိုက်ဆိုင်မှုတိုးတက်လာသည်နှင့်အမျှ ကောင်းကင်ဘုံ၏မြင်ကွင်းတွင် မြတ်နိုးဖွယ်ဖြစ်သောမေတ္တာလွှမ်းမိုးသောပတ်ဝန်းကျင်တည်ဆောက်ရခြင်း၏အကျိုးကျေးဇူးများ ဖြစ်ထွန်းလေသည်။

အထူးသဖြင့် ခရစ်တော်အရှင်၏မေတ္တာတော်ကိုမြည်းစမ်းပြီးဖြစ်သောသူတို့သည် သူတို့၏ပေါင်းသင်းဆက်ဆံမှုစွမ်းရည်များကို ဖွံ့ဖြိုးတိုးတက်လာအောင်ပြုလုပ်သင့်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် ဤနည်းအားဖြင့် သူတို့သည် ကယ်တင်ရှင်ထံတော်သို့ ဝိညာဉ်များကိုလမ်းပြပို့ဆောင်ပေးနိုင်လိမ့်မည်။ ခရစ်တော်ရှင်အား နှလုံးသားထဲ၌လျှို့ဝှက်မထားဘဲ ကိုယ်တော်ရှင်အား သူတို့တစ်ဦးတည်းသာပိုင်ဆိုင်သောဘဏ္ဍာအနေဖြင့် ကွယ်ဝှက်ခြင်းမပြုဘဲ သူတို့စိတ်နှင့်တွေ့သောသူတို့ကိုသာ ဝကွက်အပ်၍သက်သေမခံဘဲ အများအကျိုးသယ်ပိုးဆောင်ရွက်ရမည်။ ကျောင်းသူကျောင်းသားတို့အားလည်း မရှိဆင်းရဲသားတို့သည် သူတို့၏လက်ရွေးစင်အပေါင်းအသင်းများမဟုတ်လင့်ကစား ခရစ်တော်အရှင်၏ကြင်နာသောစိတ်ဝင်စားမှုဖြင့် အပေါင်းအသင်း

ပြုလုပ်လိုသောဆန္ဒကိုပြသရန် သင်ကြားပေးရမည်။ ယေရှုရှင်သည် မည်သည့်အချိန်တွင် မည်သည့်နေရာ၌မဆို လူသားတို့၏အိမ်ထောင်များကို မေတ္တာရင်းခံသောစိတ်ဝင်စားမှုကိုပြသ၍ စေတနာထက်သန်သော ဘုရားတရားကြည်ညိုမှု၏အလင်းကို ကိုယ်တော်၏ပတ်ဝန်းကျင်တွင် တစ်လျှောက်လုံးထွန်းလင်းတော်မူသည်။

---o---

# အခန်း ၇၄
# ဘေးကင်းသောအပေါင်းအသင်းများနှင့် ဘေးမကင်းသောအပေါင်းအသင်းများ

**ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏သားသမီးများအပေါ် သြဇာသက်ရောက်မှုရှိသောအရာများ** – ကျွန်ုပ်တို့ဖွဲ့စည်းထားရှိသောအပေါင်းအသင်းသည် ဘယ်မျှလောက်အသိုက်အဝန်းကျဉ်းမြောင်းစေကာမူ ၎င်းသည် ကျွန်ုပ်တို့အပေါ် အနည်းနှင့်အများ သြဇာသက်ရောက်မှုရှိသည်။ ၎င်းသြဇာသက်ရောက်မှုအား ကျွန်ုပ်တို့ဘယ်မျှလောက်လိုက်လျောမှုရှိသည်ကို အပေါင်းအသင်းနှင့်ကျွန်ုပ်တို့ဘယ်မျှလောက်မိတ်ကျွမ်းဝင်နေခြင်းကလည်းကောင်း၊ ၎င်းပေါင်းသင်းဆက်ဆံမှုဘယ်မျှလောက်စွဲမြဲနေခြင်းကလည်းကောင်း၊ ကျွန်ုပ်တို့အပေါင်းအသင်းပြုလုပ်သောသူအား ကျွန်ုပ်တို့ဘယ်မျှလောက်ချစ်ခြင်းနှင့်ရိုသေကိုင်းရှိုင်းခြင်းကလည်းကောင်း အဆုံးအဖြတ်ပြုပေးပေလိမ့်မည်။

ကျွန်ုပ်တို့ထံမှ ဘုရားသခင်တောင်းဆိုထားတော်မူသောအရာများကို မေ့ပျောက်သွားအောင်ပြုလုပ်မည့် သြဇာသက်ရောက်မှုအလားအလာရှိသောသူတို့နှင့် ကျွန်ုပ်တို့ပေါင်းသင်းဆက်ဆံလျှင်၊ ကျွန်ုပ်တို့သည် စုံစမ်းသွေးဆောင်ခြင်းကိုလက်ယပ်ခေါ်နေလျှင် ၎င်းသွေးဆောင်ခြင်းကိုတွန်းလှန်ရန်လည်း ကျွန်ုပ်တို့၌ဉာဏ်စွမ်းအားကြွံခိုင်မှုမရှိပေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပေါင်းအသင်းများစိတ်သဘောထားမျိုးကိုထားရှိ၍ သူတို့၏စိတ်ကူးပုံများကိုလည်း လိုက်နာကျင့်သုံးလျက် သန့်ရှင်း၍ သူတို့၏စိတ်ကူးပုံများကိုလည်း အပေါင်းအသင်းတို့၏စိတ်ကူးအယူအဆများတို့ထက်နိမ့်ကျသော အဆင့်အတန်း၌ထားရှိကြသည်။ အချုပ်အားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းတရားတစ်ခုလုံး၏ရန်သူတို့စိတ်တိုင်းကျကို ကျွန်ုပ်တို့ဆောင်ရွက်ပေးကြသည်။

ဤသြဇာသက်ရောက်မှုအောက်သို့ ငယ်ရွယ်သူတို့ကျရောက်ခဲ့လျှင် သူတို့သည် အသက်ကြီးသောသူတို့ထက် ၎င်း၏ဒဏ်ကိုပိုမိုခံရလွယ်သည်။

ခပ်သိမ်းသောအရာများသည် သူတို့၏နုနယ်သောစိတ်တွင် စွဲကပ်နေသည်။ ၎င်းစွဲကပ်နေသောအရာတွင် ပါဝင်သောအချို့သောအရာများကား သူတို့တွေ့မြင်ခဲ့ရသောမျက်နှာထားများ၊ သူတို့နားနှင့်ကြားခဲ့ရသောအသံဗလံများ၊ သူတို့ပေါင်းဖော်ခဲ့ရသောအပေါင်းအသင်းများနှင့် သူတို့ဖတ်ခဲ့ရသောစာပေများဖြစ်သည်။ ကျွန်ုပ်တို့အတွက် အပေါင်းအသင်းများရွေးချယ်ခြင်း၊ အထူးသဖြင့် ကျွန်ုပ်တို့၏သားသမီးများအတွက် အပေါင်းအသင်းများရွေးချယ်ခြင်းသည် လောကီအတွက်နှင့်လောကုတ္တရာအတွက်ပါ ဘယ်မျှလောက်အရေးပါအရာရောက်သည်ကို ခန့်မှန်းပြောဆိုရန် အလွန်ပင်ခဲယဉ်းပေသည်။

**ဘုရားတရားမဲ့သူနှင့်ပေါင်းသင်းခြင်း၏အန္တရာယ်များ** – ဤလောကကြီးအား ကျွန်ုပ်တို့၏စံနမူနာမဖြစ်စေရပါ။ ကျွန်ုပ်တို့သည် ဘုရားတရားမဲ့သူတို့နှင့်ပေါင်းသင်းဆက်ဆံခြင်းနှင့် သူတို့၏စိတ်သဘောထားမျိုးထားရှိခြင်းများကို မပြုရကြပါ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့နှင့်ပေါင်းသင်းဆက်ဆံခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဘုရားသခင်အား အာရုံပြုခြင်းမှလွဲဖယ်စေ၍ မှားယွင်းသောနတ်ဘုရားများကို ကိုးကွယ်စေလိမ့်မည်။ ယုံကြည်ခြင်း၌တည်ကြည်ခိုင်မြဲသောစိတ်နှလုံးသည် များစွာကောင်းကျိုးများကိုပြုနိုင်သည်။ သူနှင့်ပေါင်းသင်းဆက်ဆံသောသူတို့အား အဆင့်အမြင့်ဆုံးကောင်းကျိုးများကို လက်ဆင့်ကမ်းနိုင်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ပညတ်တရားသည် သူတို့၏စိတ်နှလုံးထဲ၌တည်ရှိသောကြောင့်ဖြစ်သည်။ သို့ရာတွင် ဘုရားသခင်၏ပညတ်တော်ကိုခြေဖြင့်နင်းချေသောသူတို့နှင့်ပေါင်းသင်းဆက်ဆံ၍ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စင်ကြယ်သန့်ရှင်းအောင်ထားရန်မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် သူတို့၏စိတ်သဘောသက်ဝင်လာလိမ့်မည်။ သူတို့ထံမှမခွဲခွာလျှင် ကျွန်ုပ်တို့သည်နောက်ဆုံးတွင် သူတို့နှင့်အတူ သူတို့ခံစားရမည့်ပြစ်ဒဏ်ကို ရောနှောခံစားရလိမ့်မည်။

ဟေဗြဲလူတို့သည် ရုပ်တုများကိုးကွယ်သောသူတို့နှင့်ပေါင်းသင်းဆက်ဆံ၍ သူတို့၏ပွဲလမ်းသဘင်များတွင်ပါဝင်ဆင်နွှဲကြသောကြောင့် သူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်ကြ၍ သူတို့၏လူမျိုးများ

အပေါ်သို့ ဘုရားသခင်၏ပြစ်ဒဏ်စီရင်ချက်များကျရောက်စေကြသည်။ ထိုနည်းတူစွာ ယခုအခါတွင်စာတန်သည် ခရစ်တော်၏တပည့်တော်များကို ဘုရားမဲ့တရားမဲ့သောသူများနှင့်ပေါင်းသင်းစေရန်အတွက် လမ်းပြပို့ဆောင်ပေး၍ ထိုသူတို့၏ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲစေခြင်းအားဖြင့် သူတို့အားအပြစ်ဒုစရိုက်ထဲသို့ဆွဲဆောင်ဆွဲသွင်းရာတွင် အောင်မြင်မှုအများဆုံးရရှိနေသည်။ "သင်တို့သည် သူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။" ရှေးကဣသရေလလူမျိုးတို့အား ထုံးတမ်းဓလေ့များ၊ အလေ့အကျင့်များနှင့်အခြေခံကျင့်ဝတ်များတွင် လောကနှင့်တသီးတခြားဖြစ်နေကြရန် ဘုရားသခင်သည် မိန့်ကြားထားတော်မူသည်နည်းတူ ယခုအခါ ကိုယ်တော်ရှင်၏သားသမီးတို့သည် ထိုနည်းအတိုင်းရပ်တည်ကြရန် ကိုယ်တော်ရှင်သည်အလိုရှိတော်မူသည်။

**ရှံဆုန်၏သူ့အလိုကျရွေးချယ်မှု** – ရှံဆုန်သည် သူ့အား ဘုရားသခင်ကဆောင်ရွက်စေလိုတော်မူသောအလုပ်အကိုင်ကို လုပ်ကိုင်နိုင်စေရန်ပြင်ဆင်မှုရှိစေဖို့ ကိုယ်တော်ရှင်သည် သူ့အားကြည့်ရှုစောင့်ရှောက်တော်မူခဲ့သည်။ သူ့ဘဝအသက်တာ၏အစကနဦးမှာပင် သူ့ကာယခွန်အားကြွံခိုင်မှု၊ ဉာဏခွန်အားကြွံခိုင်မှုနှင့် စာရိတ္တခွန်အားကြွံခိုင်မှုစင်ကြယ်မှုနှင့်တိုးတက်စေရန် အခြေအနေကပြုပြင်ပေးထားလေသည်။ သို့ရာတွင် ဆိုးယုတ်သောအပေါင်းအသင်းတို့၏ဩဇာသက်ရောက်မှုကြောင့် လူသား၏တစ်ခုတည်းသောအကွယ်အကာဖြစ်သော ဘုရားသခင်အားကိုင်ဆွဲထားသောလက်ကို ရှံဆုန်သည်လွှတ်လိုက်သောအခါ သူသည် အပြစ်ဒုစရိုက်၏ရေယာဉ်ကြောတွင် မျောပါသွားခဲ့လေသည်။ တာဝန်ကိုထမ်းဆောင်ရမည့်သူတို့သည် လမ်းခရီးတွင်စုံစမ်းသွေးဆောင်ခြင်းကိုရင်ဆိုင်ကြရသောအခါ ဘုရားသခင်သည် သူတို့အားကာကွယ်စောင့်ရှောက်တော်မူမည်။ သို့ရာတွင် လူသည် စုံစမ်းသွေးဆောင်ခြင်းရှိရာသို့ သူတို့ကိုယ်တိုင်သွားရောက်လျှင် အနေးနှင့်အမြန်ကျဆုံးမည်သာဖြစ်သည်။

**ဆိုးယုတ်မှု၏ဖြားယောင်းတတ်သည့်မူမမှန်သောဩဝါဒ** – ချစ်သောကျောင်းသူကျောင်းသားတို့၊ သင်တို့မိဘများ၏ဆုတောင်းပတ္ထနာများသည် သင်တို့နောက်မှနေ့ညမရွေးလိုက်ပါလာလိမ့်မည်။ သူတို့၏တောင်းပန်စကားနှင့်သတိပေးစကားများကိုနားထောင်ပါ။ ဟောဲ့ဟောဲ့ရမ်းရမ်းဖြစ်သောအပေါင်းအဖော်များကိုရှောင်ကြဉ်ပါ။ ဆိုးယုတ်မှု၏မူမမှန်သောဩဝါဒများသည် သင့်စိတ်ကိုဘယ်ကဲ့သို့ညစ်ညမ်းစေသည်ကိုလည်းကောင်း၊ သင့်အကျင့်စလေ့များကို ဘယ်ကဲ့သို့ဖျက်လိုဖျက်ဆီးပြုလုပ်လိမ့်မည်ကိုလည်းကောင်း၊ သင့်အနေဖြင့်နားမလည်နိုင်ပေ။ ဆိုးညစ်သောအကျင့်စလေ့များကို ထပ်တလဲလဲသင့်အားကျင့်သုံးစေခြင်းအားဖြင့် သင်၌ကြံ့ခိုင်မှုမရှိသောစာရိတ္တကိုဆောက်လုပ်စေလိမ့်မည်။ သင်သည် အန္တရာယ်အစစ်ကိုတွေ့မြင်ခြင်းမရှိဘဲ မှားယွင်းမှုကိုလွန်ကျူးရန် သွေးဆောင်မှုကိုသင်လိုက်လျောခြင်းမပြုမီအချိန်မှာကဲ့သို့ပင် မှန်ကန်သောအပြုအမူများကို လွယ်ကူစွာကျင့်သုံးနိုင်လိမ့်မည်ဟု သင့်အနေဖြင့်ယူဆပေလိမ့်မည်။ သို့ရာတွင် ယင်းယူဆချက်သည်မှားယွင်းသည်။ ဘုရားသခင်ကိုချစ်ကြောက်ရိုသေကြသောမိဘများနှင့်ဆရာ၊ ဆရာမများကသတိပေးကြမည်။ မေတ္တာရပ်ခံကြမည်။ အကြံပြုစကားများကိုပြောကြားကြမည်။ သို့ရာတွင်သင်တို့သည် သင်တို့ကိုယ်ကိုဘုရားသခင်အားဆက်ကပ်ခြင်းမပြုဘဲ ကိုယ်တော်ရှင်၏ဘုန်းတော်ကိုထင်ရှားစေရန်သင်တို့အားအပ်နှင်းထားတော်မူသောစွမ်းရည်များကို ပိုမိုထက်မြက်လာအောင်မကြိုးပမ်းလျှင် ၎င်းအကြံပြုစကားတို့သည် အချည်းနှီးပင်ဖြစ်ချေမည်။

**ဘာသာရေးကိုလျစ်လျူရှုသောသူတို့ကိုသတိပြုပါ။** အရေးမပါအရာမရောက်သောစကားများ၊ လောကီရေးရာနှင့်ဆိုင်သောစကားများကိုသာပြောဆိုတတ်သောသူတို့၏အသိုက်အဝန်းတွင် ကလေးသူငယ်များတို့သည်ကျင်လည်နေကြလျှင် သူတို့၏စိတ်သည် ၎င်းအဆင့်အတန်း၌သာရပ်တည်နေလိမ့်မည်။ ဘာသာရေးဆိုင်ရာအခြေခံကျင့်ဝတ်များကိုရှုတ်ချခြင်းနှင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအားသိမ်ဖျင်းအောင်ပြုလုပ်ခြင်းကို သူတို့တွေ့မြင်ကြားသိရပါလျှင်လည်းကောင်း၊ သမ္မာတရားကို လိမ္မာပါးနပ်စွာကန့်ကွက်ပြောဆို

သောစကားများကိုသူတို့ကြားရလျှင်လည်းကောင်း ၎င်းအပြောအဆိုများသည် ကလေးသူငယ်တို့တွင်စွဲကပ်နေလျက် သူတို့၏စာရိတ္တများသည်လည်း မလို လားအပ်သောပုံသွင်းခြင်းကိုခံရပေလိမ့်မည်။

အဓိပ္ပါယ်ရှိသောစိတ်၌စွဲနေသည့်အရာများနှင့် ကောင်းမွန်သော စိတ်ဆန္ဒများကိုတားမြစ်ထားခြင်း (သို့မဟုတ်) ချေမှုန်းရာတွင်ဝါကြွား၍ သတိတရားကင်းမဲ့လျှင် ညစ်ညမ်းသောစိတ်ထားရှိသောသူတို့ထက် ပိုမို ထက်မြက်အောင်မြင်စွာဆောင်ရွက်နိုင်သောအရာသည် မရှိတော့ပေ။ သူတို့ ၏လတ်တလောဉာဏ်၊ ခန့်ပြောတတ်သောဉာဏ်နှင့် ရယ်ရွှင်ဖွယ်ပြောတတ် သောသတ္တိများကြောင့် ဘယ်ကဲ့သို့သောဆွဲဆောင်မှုမျိုးမဆို သူတို့၌ရှိစေ ကာမူ သူတို့သည် ဘာသာရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ကလေးကလား နိုင်ခြင်း၊ မထီလေးစားလုပ်ခြင်းတို့ကြောင့် သူတို့သည် အပေါင်းအသင်း ပြုလုပ်အပ်သောသူများမဟုတ်ပေ။ အခြားသောကိစ္စများတွင်ပိုမိုပါဝင်လုပ်ကိုင် လေလေ၊ အပေါင်းအသင်းများအနေဖြင့် သူတို့ဩဇာသက်ရောက်မှုကို ပိုမို ကြောက်ရွံ့လေလေဖြစ်သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘာသာရေးကိုင်းရှိုင်းမှုမရှိသော ဘဝအသက်တာပတ်လည်တွင် များစွာသော ဘေးအန္တရာယ်များရှိသည့်ဆွဲဆောင်မှုကို ချထားသောကြောင့်ဖြစ်သည်။

လောကီဆိုင်ရာပေါင်းသင်းဆက်ဆံမှုများသည် အာရုံကြောများကို ဆွဲဆောင်၍ အံ့ဩတွေဝေစေလေသည်။ ထိုကြောင့် ဘုရားတရားကြည်ညို ခြင်း၊ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၊ သစ္စာစောင့်ခြင်းနှင့်ယုံကြည်စိတ်အား ကြီးခြင်းတို့သည် လူတို့အားတည်ကြည်ခိုင်မြဲစေရန် ပြုလုပ်နိုင်စွမ်းမရှိတော့ ပေ။ နှိမ့်ချ၍ထောင်လွှားစော်ကားခြင်းမရှိသော ခရစ်တော်အသက်တာသည် ဆွဲဆောင်မှုဟူ၍ လုံးဝမရှိသောအသက်တာမျိုးလက္ခဏာပေါ်လေသည်။ ဘုရားသခင်၏သားသမီးများဟု မိမိတို့ကိုယ်ကိုခေါ်ဆိုကြသောသူတို့အတွက် ကောင်းကင်ဘုံရှင်တန်ခိုးတော်သခင်ဖြစ်တော်မူသောယေရှုရှင်သည် “သွေ့ခြောက် သောမြေ၌ပေါက်သောအတက်၊ ပမာဏပြုစရာအဆင်းတင့်တယ်ခြင်းမရှိ” သောသူဖြစ်နေလေသည်။

**လောကီဆန်သောဆွေမျိုးဥာတိများကိုဝကွက်၍မေတ္တာမရှိပါနှင့်** – ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လောက၏အစေကိုတစ်ပြိုင်တည်းမခံနိုင်ကြပေ။ ကျွန်ုပ်တို့သည် သမ္မာတရားကိုသင်ကြားလိုသောဆန္ဒမရှိသော လောကီဆန်သောဆွေမျိုးဉာတိများကိုဝကွက်၍ မေတ္တာမထားရှိစေရ။ သူတို့နှင့်ပေါင်းသင်းနေစဉ်တွင် တတ်နိုင်သမျှသောနည်းလမ်းအားဖြင့် ကျွန်ုပ်တို့၏အလင်းကိုထွန်းလင်းစေရမည်။ သို့ရာတွင် ကျွန်ုပ်တို့၏အပြောအဆိုများသည်လည်းကောင်း၊ ကျွန်ုပ်တို့၏အနေအထိုင်သည်လည်းကောင်း၊ ကျွန်ုပ်တို့၏ဓလေ့ထုံးစံများနှင့်အပြုအမူများသည်လည်းကောင်း သူတို့၏သဘောအယူအဆများနှင့်ဓလေ့ထုံးစံတို့၏ပုံသွင်းခြင်းကို ဘယ်နည်းနှင့်မျှမခံစေရ။ သူတို့နှင့်ကျွန်ုပ်တို့ပေါင်းသင်းဆက်ဆံနေရသောကာလတစ်လျှောက်လုံးတွင် သမ္မာတရားကိုလက်တွေ့ပြသကြရမည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့မပြုလုပ်နိုင်လျှင် သူတို့နှင့်ပေါင်းသင်းဆက်ဆံမှုနည်းပါးလေလေ၊ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအတွက် ပိုမိုကောင်းမွန်လေလေဖြစ်မည်။

**အဆင့်အတန်းနိမ့်ကျသောသူနှင့် စာရိတ္တမကောင်းသောသူတို့ကိုရှောင်ကြဉ်ပါ** – အကျင့်စာရိတ္တပျက်ပြားသောသူတို့နှင့်ပေါင်းသင်းဆက်ဆံခြင်းသည် ခရစ်ယာန်များအတွက် မှားယွင်းသောလမ်းစဉ်ဖြစ်သည်။ ဉာဏခွန်အားကြီးထွားရင့်သန်မှုနှင့် စာရိတ္တခွန်အားကြီးထွားရင့်သန်မှုကိုလုံးဝအထောက်အကူမပြုဘဲ အချိန်သာကုန်လွန်စေသောမိတ်ကျွမ်းဝင်မှုသည်အန္တရာယ်များလှသည်။ လူတို့၏ပတ်ဝန်းကျင်၌ရပ်တည်နေသော စာရိတ္တခွန်အားအခြေအနေသည် သန့်ရှင်းစင်ကြယ်မှုမရှိဘဲ ညစ်ညမ်းဆိုးယုတ်မှုဖြင့်စွန်းကွက်နေလျှင် ၎င်းအခြေအနေနှင့်တွေ့ထိသောသူတို့သည် ၎င်းကသူတို့၏အသိဉာဏ်နှင့်စိတ်နှလုံးကို အဆိပ်အတောက်ဖြစ်စေ၍ပျက်စီးစေရန်မသိမသာလုပ်ကိုင်နေသည်ကို တွေ့ရှိကြလိမ့်မည်။ သဘာဝအားဖြင့်နိမ့်ကျသောလမ်းစဉ်ကိုကျင့်သုံးကြသောသူတို့နှင့် အလွန်းသင့်ခြင်းသည် အန္တရာယ်များလှသည်။ သဘာဝအားဖြင့်စိတ်ထားဖြောင့်မှန်၍ စင်ကြယ်ခြင်းကိုမြတ်နိုးသောသူတို့သည် တဖြည်းဖြည်းမသိမသာ သူတို့၏နိမ့်ကျသောအဆင့်အတန်း

သို့လျှောကျလျက် သူတို့အမြဲတမ်းတွေ့ထိမှုရှိသော အင်အားချည့်နဲ့မှုနှင့် စာရိတ္တခွန်အားကျဆင်းမှုနှင့်ရင်ပေါင်တန်းသည့်ဘဝသို့ ရောက်ရှိလာသည်။

အသရေရှိသောနာမည်သည် ရွှေစင်ထက်သာ၍အဖိုးထိုက်သည်။ လူငယ်လူရွယ်တို့သည် စိတ်ထားသေးသိမ်၍ စာရိတ္တညံ့ဖျင်းသောသူတို့နှင့် ပေါင်းသင်းဆက်ဆံလိုသောစိတ်ရှိကြသည်။ အတွေးအခေါ်သည်လည်းကောင်း၊ စိတ်ခံစားမှုသည်လည်းကောင်း၊ အပြုအမူသည်လည်းကောင်း အဆင့်အတန်းနိမ့်ကျသောသူနှင့် အလိုအလျောက်ပေါင်းသင်းဆက်ဆံမှုမှလူငယ်တစ်ဦးသည် မည်သည့်စစ်မှန်သောပျော်ရွှင်မှုကို မျှော်လင့်နိုင်သနည်း။ အချို့သောသူတို့ အောက်တန်းကျသောဝါသနာနှင့် လွန်စွာဆိုးသွမ်းသောအကျင့်ဓလေ့များရှိကြသည်။ ဤကဲ့သို့သောသူတို့နှင့်ပေါင်းသင်းဆက်ဆံသောသူတို့သည် သူတို့၏ပုံသက်သေကိုလိုက်နာကျင့်သုံးကြလိမ့်မည်။ လူအားလုံးတို့၏နှလုံးသားတို့အား ကြောက်လန့်တုန်လှုပ်စေသည့် အန္တရာယ်ပေါများသောခေတ်တွင် ရပ်တည်နေကြသည်။

**အများသောသူတို့သည် ပြောင်လှောင်ခံရမည်ကိုစိုးရိမ်သောကြောင့် စုံစမ်းသွေးဆောင်ခြင်းကိုလိုက်လျောကြသည်** - သားသမီးတို့သည် သန့်ရှင်းစင်ကြယ်၍ ထိုက်တန်သောအရာဟူသမျှကို ပြက်ရယ်မပြုဘဲ မှန်ကန်သောအရာဟူသမျှကို လိုက်နာကျင့်သုံးသောအပေါင်းအသင်းများနှင့် ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကိုပြုသင့်ပေသည်။ ပြက်ရယ်ပြုခံရမည်ကိုစိုးရိမ်ကြောင့်ကြဖြစ်မှုက များသောငယ်ရွယ်သူတို့အား စုံစမ်းသွေးဆောင်ခြင်းတို့လိုက်လျောစေ၍ မတရားသောသူတို့၏လမ်း၌လျှောက်လိုက်စေလေသည်။ လူတကာတို့၏ကဲ့ရဲ့ပြက်ရယ်ပြုခြင်းကြားထဲမှ ဘယ်ကဲ့သို့ဖြောင့်မှန်စွာရပ်တည်ရပုံကို သားသမီးတို့အား ပုံသက်သေအားဖြင့်လည်းကောင်း၊ စည်းစနစ်ချမှတ်ပေးထားခြင်းအားဖြင့်လည်းကောင်း မိခင်တို့ကဖြစ်ဖြစ်မြောက်မြောက်ဆောင်ရွက်ပေးနိုင်ကြသည်။

အခြားသောသူတို့အား တားမြစ်ထားသောလမ်းထဲ၌လျှောက်သွားရန်၊ ဦးဆောင်လမ်းပြရန်အသင့်ရှိသောသူတို့သည် လွယ်ကူစွာပင်စုံစမ်း

သွေးဆောင်ခြင်းကိုလိုက်လျော၍ စည်းကမ်းလွတ်အကျင့်ဓလေ့များကို အားပေး အားမြှောက်ပြုရန်အတွက်လည်းကောင်း၊ ဖြောင့်မတ်သောလမ်းကိုကျင့်သုံး၍ သူတို့၏စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်မှုကို ထိန်းထိန်းသိမ်းသိမ်းထားရှိသောသူတို့အား ပြောင်လှောင်ပြက်ရယ်ရာတွင်လည်းကောင်း သူတို့သည် စာတန်၏ကိုယ်စား လှယ်တော်များဖြစ်လာကြသည်။

**ဘုရားသခင်၏မျက်မှောက်တော်၌နေထိုင်သကဲ့သို့ သူစိမ်းတစ်ရံဆံတို့ရှေ့မှာနေထိုင်ကြပါ** – လူငယ်မိတ်ဆွေအပေါင်းတို့သည် သန့်ရှင်း စင်ကြယ်မွန်မြတ်သော ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်အတွက် သင်တို့အားအံ့ဝင်ခွင်ကျမဖြစ်စေသော လူစုလူဝေးတို့အသိုက်အဝန်းတွင် တစ်နာရီမျှလောက်ပင်မနေပါနှင့်။ သင်တို့၏မိခင်ဖခင်တို့၏ရှေ့တွင် မပြုလုပ် မည့်အရာများကို သူစိမ်းတစ်ရံဆံတို့ရှေ့တွင်မပြုလုပ်ပါနှင့်။ သို့မဟုတ်လျှင် သင်တို့သည် ခရစ်တော်နှင့်သန့်ရှင်းသောကောင်းကင်တမန်တို့ရှေ့တွင် အရှက်တကွဲအကျိုးနည်းဖြစ်ရကြလိမ့်မည်။

ဥပုသ်နေ့စောင့်ထိန်းသောသူများအနေဖြင့် ဤသတိပေးချက်များကို လိုက်နာရန်မလိုဟု အချို့သောသူတို့ကယူဆကြလိမ့်မည်။ သို့ရာတွင် ၎င်းသတိပေးချက်နှင့်ပတ်သက်နေသောသူတို့က ကျွန်ုပ်တို့ဆိုလိုသောအဓိပ္ပါယ် ကိုသိရှိကြသည်။ လူငယ်လူရွယ်တို့၊ သတိထားကြပါဟု ကျွန်ုပ်သည် သင်တို့အားပြောကြားလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်တမန် များနှင့်ဘုရားသခင်ရှေ့မှောက်တွင် အဘယ်အရာကိုမျှပုန်းလျှိုးလုပ်၍မရပေ။ အခြားသောသူတို့အားထိခိုက်မှုမရှိနိုင်သော မည်သည့်မကောင်းမှုတစ်ခုကိုမျှ သင်တို့မပြုလုပ်နိုင်ပေ။ သင်တို့ကိုယ်တိုင်၏စာရိတ္တအဆောက်အအုံကို ဆောက်လုပ်ရာတွင် မည်သည့်ပစ္စည်းအမျိုးအစားအသုံးပြုနေသည်ကို သင်တို့ အပြုအမူများကဖော်ပြ၍ ၎င်းသည် အခြားသောသူတို့အပေါ်ပြင်းထန်စွာ သြဇာသက်ရောက်သည်။ သင်တို့ကိုဘုရားသခင်ပိုင်ဆိုင်ကြောင်းကိုလည်း ကောင်း၊ သင့်အားတန်ဖိုးပေး၍ဝယ်ယူထားတော်မူသည်ကိုလည်းကောင်း

ကိုယ်တော်ရှင်က သင်တို့အားအပ်နှင်းထားတော်မူသော စွမ်းရည်အားလုံး တို့အတွက် သင်တို့သည် ကိုယ်တော်ရှင်အားစာရင်းရှင်းပြရကြမည်။

**လိုအပ်သောအခါ အထူးအကူအညီပေးမည်ဖြစ်ကြောင်းကတိ ပြုထားတော်မူသည်** – အကျင့်သီလခေါင်းပါး၍ ယုတ်ညံ့သောသူတို့နှင့် ပေါင်းသင်းဆက်ဆံရမည့်နေရာများသို့ သင်တို့၏သားသမီးများအားမသွား စေရ။ တစ်ခါတစ်ရံ ကြိုတင်စီမံ၍ကြည့်ရှုတတ်သော ဘုရားသခင်သည် ကျွန်ုပ်တို့၏သားသမီးတို့အား သန့်ရှင်းခြင်းမရှိသောသူတို့နှင့် ချုပ်တည်း ခြိုးခြံမှုမရှိသောသူတို့နှင့်ပေါင်းသင်းစေရန် ပြုပြင်ပေးပေလိမ့်မည်။ သို့ရာတွင် သူတို့သည် ကိုယ်တော်ရှင်နှင့်လက်တွဲဆောင်ရွက်မည်ဆိုလျှင် ဗာဗုလုန်ပြည် တွင် ဒံယေလနှင့်သူ့အပေါင်းအဖော်တို့အတွက် ဘုရားသခင်ပြုတော်မူသကဲ့ သို့ စုံစမ်းသွေးဆောင်ခြင်းကိုတွန်းလှန်နိုင်စေရန် သူတို့အားကြံ့ခိုင်မှုမရှိသော ရည်စူးချက်နှင့်ခွန်အားကိုပေးတော်မူသည်။ သူတို့သည် ဘုရားသခင်နှင့် အမြဲတမ်းမိတ်သဟာယဖွဲ့နေရကြမည်။ သူတို့ကိုယ်ကိုစင်ကြယ်သန့်ရှင်းစေ လျက် ဘုရားသခင်၏ဂုဏ်တော်ကိုမထိမဲ့မြင်ပြုစေမည့် မည်သည့်အမှုမျိုး ကိုမျှမပြုဘဲ ကိုယ်တော်၏ဘုန်းတော်ကိုထွန်းလင်းစေမည်ဟူသော တစ်ခုတည်း သောရည်စူးချက်ကိုထားရှိရမည်။ သူတို့သည် ဝိညာဉ်ကယ်တင်ရေးကိုအာရုံ ပြုလျက် ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုဆောင်ကြသောသူတို့၌ ရုပ်ပျက် ဆင်းပျက်ဖြစ်နေသောအခြေအနေ၌ ရပ်တည်နေကြသောသူတို့အတွက် အမှု တော်ကိုထမ်းဆောင်၍ သူတို့အားပြုပြင်ပြောင်းလဲရေး၊ အခြေအနေမြှင့်တင် ရေးနှင့်ဂုဏ်အသရေတိုးတက်ရေးများကို ဆောင်ရွက်ပေးရမည်။

**စဉ်းစားဆင်ခြင်တတ်၍ ဣန္ဒြေရှိသောအပေါင်းအဖော်များကို ရွေးချယ်ပေါင်းသင်းပါ** – ခရစ်တော်နှင့်စည်းစည်းလုံးလုံးရှိသောလူငယ် လူရွယ်တို့သည် သူတို့အားအမှန်ကိုပြုလုပ်ရာတွင် ကူညီဆောင်ရွက်ရမည့် အပေါင်းအသင်းများကိုရွေးချယ်ပေါင်းသင်း၍ မှန်ကန်သောအခြေခံကျင့်ဝတ် များနှင့် မြင့်မြတ်သောရည်စူးချက်များကို ကြီးထွားကြံ့ခိုင်စေရာတွင် အထောက် အကူမပြုသောအပေါင်းအသင်းများကို ရှောင်ကြဉ်လိမ့်မည်။ မည်သည့်နေရာ

၌မဆို စိတ်နှလုံးထားယုတ်ညံ့သော လူငယ်လူရွယ်များကိုတွေ့ရှိနိုင်ပေသည်။ ယင်းကဲ့သို့သောလူငယ်အသိုက်အဝန်းထဲသို့ ဝင်ရောက်သွားသောအခါ ခရစ်တော်ဘက်၌ခြွင်းချက်မရှိရပ်တည်ကြသောသူတို့သည် တွေးတောဆင်ခြင်တတ်မှုနှင့်သြတ္တပ္ပစိတ်တို့က ညွှန်ပြသောမှန်ကန်သည့်လမ်းစဉ်ဘက်တွင် မားမားမတ်မတ်ရပ်တည်နေကြမည်ဖြစ်သည်။

မှန်ကန်သောစာရိတ္တကို ဆောက်တည်လိုသောသူအားလုံးတို့အား စဉ်းစားဆင်ခြင်တတ်၍ ဣန္ဒြေရှိလျက်ဘာသာအယူဝါဒကိုင်းရှိုင်းသောအပေါင်းအဖော်များကို ရွေးချယ်ပေါင်းသင်းစေပါ။ အစစအရာရာကို ရေရေလည်လည်ဆင်ခြင်တိုင်းထွာ၍ ထာဝရကာလအတွက် စာရိတ္တအိမ်ကိုဆောက်တည်လိုကြသောသူတို့သည် ကောင်းသောပစ္စည်းကိုအသုံးပြုရကြမည်။ သူတို့သည် ဆွေးမြေ့သောသစ်သားများကို လက်ခံသုံးစွဲလျှင်လည်းကောင်း၊ သူတို့သည် စာရိတ္တချို့တဲ့မှုများနှင့်ကျေနပ်နေလျှင်လည်းကောင်း အဆောက်အအုံသည် ပြိုလဲပျက်စီးမည်သာဖြစ်သည်။ သူတို့၏ဆောက်လုပ်ပုံဆောက်လုပ်နည်းနှင့် ပတ်သက်၍ သတိပြုကြစေ။ စုံစမ်းသွေးဆောင်ခြင်းမုန်တိုင်းသည် အဆောက်အအုံကိုတိုက်ခတ်လိမ့်မည်။ အကယ်၍အဆောက်အအုံသည် ခိုင်မာတောင့်တင်းခြင်းမရှိလျှင်လည်းကောင်း၊ သစ္စာရှိစွာဆောက်လုပ်ထားခြင်းမရှိလျှင်လည်းကောင်း ၎င်းသည်စုံစမ်းခြင်းကိုခံနိုင်ရည်ရှိမည်မဟုတ်ပေ။

အခြေခံကျင့်ဝတ်များနှင့်ညီလျော်စွာ ကျင့်သုံးလုပ်ကိုင်ကြသောလူတို့နှင့်ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် သတိကင်းမဲ့စွာနေထိုင်ကြသောသူတို့ပင်လျှင် ဖြောင့်မတ်ခြင်းကိုမြတ်နိုးရန် သိရှိလာကြလိမ့်မည်။ မှန်ကန်စွာလုပ်ကိုင်ခြင်းဖြင့် အသုံးမကျမရေရာဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်၏အခြေခံကျင့်ဝတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောအရာများကို မနှစ်သက်သောစိတ်တို့သည် နှလုံးသားထဲတွင်ပေါ်ထွက်လာမည်ဖြစ်သည်။

---o---

## အခန်း ၇၅
# လူမှုရေးဆိုင်ရာကိစ္စ၌မိဘတို့၏ထိန်းကျောင်းမှု

**မကောင်းမှုဒုစရိုက်များ၏ဩဇာသက်ရောက်မှုတို့က လွှမ်းမိုးလုဖြစ်သောအချိန်** – ကျွန်ုပ်တို့၏သားသမီးများ၏ပတ်ဝန်းကျင်၌ရှိသော မကောင်းမှုဒုစရိုက်တို့၏ဩဇာသက်ရောက်မှုသည် လွှမ်းမိုးလုဖြစ်သောအချိန်ဖြစ်နေသည်။ ၎င်းဩဇာသက်ရောက်မှုသည် သူတို့၏စိတ်နှလုံးကိုညစ်ညမ်းစေ၍ သူတို့အားပျက်စီးရာလမ်းထဲသို့ဆွဲချလျက်ရှိသည်။ လူငယ်လူရွယ်တို့၏စိတ်နှလုံးသည် သဘာဝအားဖြင့် အမှားကိုဝါသနာထံနေသည်။ သူတို့၏စာရိတ္တအဆောက်အအုံကိုမတည်ဆောက်မီ၊ ၎င်းအပြင် သူတို့၏ပိုင်းခြားဝေဖန်တတ်သောစိတ်ကြီးထွားရင့်သန်မှုမရှိမီ စောစောအချိန်ပိုင်းတွင် သူတို့အပေါ်၌ဖျက်ဆီးတတ်သော ဩဇာလွှမ်းမိုးမှုသက်ရောက်စေမည့်အပေါင်းအသင်းများကို ပိုမိုနှစ်သက်ကြောင်း မကြာခဏထုတ်ဖော်ပြသကြပါသည်။

ကျွန်ုပ်တို့၏အသံကို တိုင်းပြည်တစ်လျှောက်လုံးကြားနိုင်မည်ဆိုလျှင် သူတို့၏အပေါင်းအသင်းများကိုရွေးချယ်ရာတွင် သားသမီးတို့၏အလိုသို့ မလိုက်ရန် ကျွန်ုပ်သတိပေးလိုက်သည်။ လူငယ်လူရွယ်တို့အနေဖြင့် ဘုရားရေးတရားရေးထက် ဖျက်ဆီးတတ်သောအရာများကို ပိုမိုလွယ်ကူစွာစွဲမှတ်တတ်သည်ကို မိဘတို့သည် စဉ်းစားဆင်ခြင်မှုမရှိတတ်ကြပေ။ ထိုကြောင့် ကျေးဇူးတော်ကြီးထွားရင့်သန်မှုအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ ဖော်ပြပါရှိသောသမ္မာတရားကို နှလုံးသားထဲ၌အမြစ်စွဲနေမှုအတွက် သူတို့၏အပေါင်းအဖော်ထားရှိမှုသည် အကောင်းဆုံးအထောက်အကူဖြစ်ရပေမည်။

လူငယ်လူရွယ်တို့အား အသင့်လျော်ဆုံးအခြေအနေမျိုး၌ရပ်တည်နေပါလေစေ။ အဘယ်ကြောင့်ဆိုသော် သူတို့ဆက်သွယ်ပေါင်းသင်းနေသောအပေါင်းအသင်းသည်လည်းကောင်း၊ သူတို့ချမှတ်ကျင့်သုံးနေသောအခြေခံကျင့်ဝတ်တို့သည်လည်းကောင်း၊ သူတို့ဆောက်တည်နေသောစာရိတ္တအဆောက်အအုံသည်လည်းကောင်း ဤကမ္ဘာမြေကြီးပေါ်၌ဖြစ်စေ၊ သူတို့၏အနာဂတ်

ကာလ၌ဖြစ်စေ၊ ထာဝရကာလဆိုင်သောအကျိုးဆက်အကြောင်းဆက်များကိုစွနှင့်ပတ်သက်၍ဖြစ်စေ သူတို့၏အသုံးကျမှုဆိုင်ရာပြဿနာကို မှားယွင်းမှုမရှိသောသေချာမှုမျိုးအားဖြင့် အဆုံးအဖြတ်ပြုပေးလိမ့်မည်ဖြစ်သည်။

**ထိန်းချုပ်မှုကင်းမဲ့သောလွတ်လပ်မှု၏အန္တရာယ်** – မိဘတို့၊ သင်တို့၏သားသမီးများတို့သည် သင့်လျော်သောအုပ်ထိန်းမှုကိုမရရှိကြပေ။ သင်တို့မသိဘဲနှင့်လည်းကောင်း၊ သင်တို့၏သဘောတူညီမှုမရှိဘဲနှင့်လည်းကောင်း သူတို့သဘောရှိဝင်ထွက်သွားလာမှုကို ဘယ်အခါမျှအခွင့်မပြုသင့်ပေ။ လူလားမြောက်လာပြီဖြစ်သောအရွယ်တွင် သားသမီးတို့အားတံခါးမရှိ၊ ဓားမရှိ လွတ်လပ်မှုပေးခြင်းသည် ထောင်သောင်းမကသောသားသမီးများတို့အား ပျက်စီးရာလမ်းကြောင်းထဲသို့ သွတ်သွင်းပေးခဲ့ပြီဖြစ်သည်။ ကာလညအခါ၌ လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့အပေါ်တွင် လျှောက်လည်ပတ်ခွင့်ပေးခဲ့သော လူငယ်လူရွယ်မြောက်မြားစွာရှိခဲ့ပြီးဖြစ်သော်လည်း သူတို့၏သားသမီးများ ဘယ်ကဲ့သို့သောလူစားမျိုးများနှင့်အပေါင်းအဖော်ပြုခဲ့သည်ကိုမသိဘဲနေရန် ကျေနပ်မှုရှိခဲ့သည်။ အများအားဖြင့် ကိုယ်ကျင့်တရားပျက်စေသော၊ ဩဇာသက်ရောက်မှုမျိုးရှိသောအပေါင်းအသင်းများကို သားသမီးများကရွေးချယ်ကြလေသည်။

မှောင်ရိပ်တွင်လူငယ်လူရွယ်တို့သည် အုပ်စုဖွဲ့ကာဖဲရိုက်ခြင်း၊ အလောင်းအစားပြုခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့်လူငယ်တို့သည် သေရည်သေရက်သောက်ခြင်း စသောမကောင်းမှုဒုစရိုက်များကိုကျူးလွန်ကြသည်။ ဘာသာရေးကိုင်းရှိုင်းသောမိဘများ၏သားသမီးများသည် စားသောက်ဆိုင်များသို့ဝင်၍ မစားသင့်သောအမဲဟင်းလျာများကိုသုံးဆောင်ခြင်းအားဖြင့် စုံစမ်းသွေးဆောင်ခြင်းကိုလက်ယပ်ခေါ်ကြသည်။ ၎င်းစားသောက်ဆိုင်များသည် ဘုရားတရားမထီမဲ့မြင်ပြုသော စကားညစ်ညမ်းမှုအမျိုးမျိုးတို့၏ရနံ့ဖြင့်သင်းထုံသောနေရာမျိုးဖြစ်သည်။ ၎င်းနေရာမျိုးသို့ဝင်ထွက်သွားလာနေသောသူအဘယ်သူတစ်ဦးကင်းလွတ်၍နေနိုင်မည်မဟုတ်ပေ။ ၎င်းကဲ့သို့အပေါင်းအသင်းမျိုးဖြင့် ဆက်ဆံပေါင်းဖော်ခြင်းအားဖြင့် အလားအလာကောင်းသော

လူငယ်လူရွယ်မြောက်မြားစွာတို့သည် ယဇ်ထပ်ကြီးများနှင့်ရာဇဝတ်ကောင်များဖြစ်လာကြသည်။ ဆိုးယုတ်မိုက်မဲမှုဟူသမျှအစကတည်းကပင် ကျူပင်ခုတ်ကျူငုတ်မရှိစေသင့်ပေ။ မိဘတို့၊ သားသမီးတို့၏ပတ်ဝန်းကျင်သည် အန္တရာယ်မကင်းဖြစ်တတ်သည်ကို သင်တို့သည်သိကျွမ်းမှုမရှိလျှင် နေဝင်မိုးချုပ်ရောက်ရှိလာသောအခါ သင်တို့၏သားသမီးများကို အားကစားမှုပြုလုပ်ရန်အတွက်သော်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲကျင်းပဖို့ အခြားသောလူငယ်လူရွယ်တို့နှင့်တွေ့ဆုံရန်အတွက်သော်လည်းကောင်း လမ်းထဲသို့သွားခွင့်မပြုသင့်ပေ။ ဤပြဿနာကိုတင်းတင်းကျပ်ကျပ်စောင့်ထိန်းစေလျှင် ၎င်းပြဿနာကိုနားထောင်ကျင့်သုံးခြင်းသည် အကျင့်ဖြစ်လာ၍ အပြစ်ကျူးလွန်သောဆန္ဒသည် မကြာမီရပ်စဲချုပ်ငြိမ်းသွားလိမ့်မည်။

**ကလေး၏အပေါင်းအသင်းများကိုမိဘများကရွေးချယ်ပေးရမည်**– ကျင့်ကောင်းသီလချွတ်ယွင်း၍ စာရိတ္တခွန်အားညှံ့ဖျင်းသောသူတို့နှင့်ဆက်ဆံပေါင်းသင်းခြင်းသည် လူငယ်လူရွယ်တို့အပေါ်ဝယ် ဖျက်ဆီးတတ်သောဩဇာသက်ရောက်မှုရှိတတ်သည်။ သူတို့သည် သူတို့၏သားသမီးများအတွက် သင့်လျော်သောအပေါင်းအသင်းများကို ရွေးချယ်ပေးရန်ပျက်ကွက်ခဲ့လျှင်လည်းကောင်း၊ ကျင့်ကောင်းသီလမရှိသောလူငယ်လူရွယ်နှင့် သားသမီးများအားပေါင်းသင်းဆက်ဆံခွင့်ပြုလျှင်လည်းကောင်း မိဘတို့သည် သားသမီးတို့အား (သို့မဟုတ်) သားသမီးတို့ကိုယ်တိုင်အား အကျင့်သီလခေါင်းပါးခြင်းသင်ခန်းစာများကို သင်ကြားပို့ချ၍ လက်တွေ့ကျင့်သုံးသောစာသင်ကျောင်းတွင် တက်ရောက်ခွင့်ပြုခြင်းပင်ဖြစ်သည်။ သူတို့၏သားသမီးများသည် စုံစမ်းသွေးဆောင်ခြင်းကိုခံနိုင်ရည်ရှိသည်ဟူသောခံစားချက်ရှိလိမ့်မည်။ သို့ရာတွင်သူတို့သည် အဘယ်နည်းအားဖြင့် ဤမျှလောက်ယုံကြည်စိတ်ချနိုင်သနည်း။ ဆိုးညစ်သောဩဇာသက်ရောက်မှုများကို တွန်းလှန်သည်ထက်လိုက်လျောခြင်းက ပိုမိုလွယ်ကူသည်။ စုံစမ်းသွေးဆောင်ခြင်းဟူ၍မသိရှိမီသူတို့၏သားသမီးတို့သည် သူတို့မိတ်ဆွေအပေါင်းအသင်းတို့၏စိတ်ဓာတ်

မျိုးကိုရရှိလျက် သူတို့၏အခြေအနေသည်ယုတ်ညံ့သွားမည်၊ သို့တည်းမဟုတ် ပျက်စီးသွားလိမ့်မည်။

ဦးရေများလှသောအသက်အရွယ်တူသောလူငယ်များ၊ စရိုက်ချင်း မတူညီသောလူငယ်များနှင့် အကျင့်ဓလေ့များကွဲပြားသောလူငယ်များအဖွဲ့ အစည်းအသိုက်အဝန်းထဲသို့ရောက်ရှိသွားသောအခါ လူငယ်လူရွယ်တို့ ရင်ဆိုင်ရမည့်အန္တရာယ်သည် ဆတက်ထမ်းပိုးတိုး၍ကြီးမားလာသည်။ ယင်း ကဲ့သို့အခြေအနေမျိုးကြောင့် အများသောမိဘတို့သည် သူတို့၏သားသမီးများ ကိုကာကွယ်အုပ်ထိန်းထားရန် ဆတက်ထမ်းပိုးတိုး၍ကြိုးပမ်းမည့်အစား အေးစက်စက်လုပ်နေတတ်ကြပါသည်။

သူတို့၏သားသမီးတို့အား မှန်ကန်စွာစောင့်ရှောက်အုပ်ထိန်းထားရ သော ကြီးမားလှသောတာဝန်ကို မိခင်နှင့်ဖခင်တို့သည် ဆုတောင်းခြင်းဖြင့် လည်းကောင်း၊ စည်းလုံးညီညွတ်စွာဖြင့်လည်းကောင်း ထမ်းဆောင်သင့်ကြ ပေသည်။ အခြားမည်သည့်အရာကိုမဆို သူတို့လျစ်လျူရှုသော်လည်း သူတို့ ၏သားသမီးများအား အပြစ်တရားထဲ၌လျှောက်သွားစေရန် လွှတ်မထား သင့်ပေ။ အများသောမိဘတို့သည် သူတို့၏သားသမီးများအား သူတို့စိတ် တိုင်းကျသွားလာလုပ်ကိုင်စေရန်လည်းကောင်း၊ စိတ်တိုင်းကျပျော်ရွှင်စေရန် လည်းကောင်း၊ စိတ်တိုင်းကျဆုံးယုတ်သောအပေါင်းအသင်းများကို ရွေးချယ် စေရန်လည်းကောင်း ခွင့်ပြုကြသည်။ တရားစီရင်သောကာလ၌ မိဘတို့သည် သားသမီးများအား အိမ်ထောင်ဆိုင်ရာထိန်းသိမ်းမှုအောက်တွင် ထားရှိခြင်း မရှိသောကြောင့် သူတို့သည် ကောင်းကင်ဘုံကိုဆုံးရှုံးရလိမ့်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သောမိဘတို့သည် သိရှိကြမည်ဖြစ်သည်။

**ညနေခင်းများကိုဘယ်နေရာတွင်အချိန်ကုန်စေသနည်း** – ညနေ ချမ်းချိန်ခါ၀ယ် သားသမီးတိုင်းသည်အိမ်တွင်မရှိလျှင် ဘာကြောင့်အိမ်တွင် မရှိကြောင်းပြောပြစေရမည်။ သားသမီးတို့သည် ဘယ်ကဲ့သို့သောအပေါင်း အသင်းများဖြင့် ဆက်သွယ်နေကြကြောင်းကိုလည်းကောင်း၊ ညနေခင်းတွင် ဘယ်အိမ်ထောင်များသို့သွားရောက်လည်ပတ်နေသည်ကိုလည်းကောင်း မိဘ

တို့သိရှိသင့်ပေသည်။ အချို့သောသားသမီးများသည် သူတို့၏မှားယွင်းမှုများကိုဖုံးအုပ်ထားရန် မုသားကိုပြောခြင်းဖြင့် မိဘများကိုလှည့်ဖြားကြသည်။

**ထွန်ယက်မစိုက်ပျိုးထားသောမြေကွက်တွင် ပေါင်းပင်များပြည့်ကျပ်စွာပေါက်နေသည်** – သားသမီးများအား သူတို့ပျော်ပွဲရွှင်ပွဲများကိုလည်းကောင်း၊ သူတို့အပေါင်းအသင်းများကိုည်းကောင်း၊ သူတို့၏အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကိုလည်းကောင်း သူတို့စိတ်ကြိုက်ရွေးချယ်စေရန်ခွင့်ပြုကြသည်။ အကျိုးသက်ရောက်မှုမှာ မျှော်လင့်ရမည့်အတိုင်းပင်ဖြစ်သည်။ မြေကွက်တစ်ခုကို ထွန်ယက်စိုက်ပျိုးခြင်းမပြုဘဲထားရှိပါ။ ၎င်းမြေကွက်တွင် ဆူးပင်ပေါင်းပင်များပေါက်လာလိမ့်မည်။ ကြည့်ရှု၍မကောင်းသည့်အပြင် ဆူးများဖြင့်ပြည့်နှက်နေသော ဆူးပင်ပေါင်းပင်များအထက်ဆီမှ ထိုးထွက်နေသောမြတ်နိုးဖွယ်သောပန်းပွင့် (သို့မဟုတ်) လှပသောအဖူးအပွင့်များကို သင်သည် အဘယ်မျှတွေ့မြင်ရမည်မဟုတ်ပေ။ ဂရုစိုက်ဘဲပစ်ထားသော်လည်း အသုံးမကျသောဆူးပင်တို့သည် လန်းဆန်းစွာပေါက်ကြလိမ့်မည်။ သို့ရာတွင် အသုံးပြုရန်အတွက် (သို့မဟုတ်) လှပမှုအတွက်တန်ဖိုးရှိသောအပင်ငယ်များသည်ကား သေချာစွာဂရိုက်တစိုက်ကြည့်ရှုပြုစုခြင်းကိုလိုအပ်ပေသည်။ ကျွန်ုပ်တို့၏လူငယ်လူရွယ်များသည် ထိုအတိုင်းပင်ဖြစ်သည်။ မှန်ကန်သောအကျင့်ဓလေ့များကိုလိုက်နာကျင့်သုံး၍ မှန်ကန်သောအခြေခံကျင့်ဝတ်များကို တည်တံ့ခိုင်မြဲစေမည်ဆိုလျှင် အင်တိုက်အားတိုက်ဆောင်ရွက်စရာအမှုကား များစွာရှိနေလေသည်။ အကယ်၍ မှားယွင်းသောအကျင့်ဓလေ့များကိုပြုပြင်ပေးမည်ဆိုလျှင် ၎င်းလုပ်ငန်းကိုအပြီးဆောင်ရွက်ရန် လုံ့လဝီရိယနှင့်ဖွဲ့လိုအပ်ပေသည်။

**မိဘတို့၏ဆုံးဖြတ်ချက်ကိုယုံကြည်ကိုးစားရန် သားသမီးတို့အားတိုက်တွန်းပါ** – မိဘတို့၊ သင်တို့သားသမီးတို့၏အခြေခံကျင့်ဝတ်များနှင့်အကျင့်ဓလေ့များကို မပြတ်ပင်စောင့်ကြည့်နေပါ။ ဘယ်ကဲ့သို့သောအကျင့်စာရိတ္တမျိုးရှိသည်ကို မသိရသောလူငယ်လူရွယ်များနှင့် သင်တို့၏သားသမီးများအား အပေါင်းအသင်းပြုလုပ်ခွင့်မပြုပါနှင့်။ သူတို့အားအန္တရာယ်ဖြစ်စေ

မည်မဟုတ်ဟု သင်တို့စိတ်ချရမှသာ သူတစ်ပါးတို့နှင့်ပေါင်းသင်းဆက်ဆံမှုပြုပါစေ။ သင်တို့၏ဆုံးဖြတ်ချက်များနှင့်အတွေ့အကြုံများကို ယုံကြည်ကိုးစားစေရန် သားသမီးတို့အားတိုက်တွန်းပါ။ သားသမီးတို့သည် အတွေ့အကြုံတကယ်ပင်နည်းပါးသေးကြောင်းတစ်ကြောင်း၊ မိဘတို့အနေဖြင့် အတွေ့အကြုံပိုမိုရင့်ကျက်သောကြောင့်တစ်ကြောင်း မိဘတို့၏ဆုံးဖြတ်ချက်များကိုရိုသေလေးစားရန် သားသမီးတို့အားသိရှိစေရမည်။

**တားမြစ်မှုသည်ကြင်နာမှုရှိသော်လည်းတည်ကြည်ရမည်** – မိဘတို့သည် သားသမီးတို့၏နှစ်ခြိုက်ခြင်းများကို အလိုမလိုက်သင့်ပေ။ သို့ရာတွင် ဘုရားသခင်ကသူတို့အား ချမှတ်ပေးထားသောလမ်းစဉ်ကို မပျက်မကွက်လိုက်နာကျင့်သုံး၍ ကြင်နာစွာတားမြစ်မှုများကိုပြုခြင်း၊ မေတ္တာအရင်းခံသောတားမြစ်ချက်များကို ကြင်နာစွာတည်ကြည်စွာလိုက်နာကျင့်သုံးစေခြင်း၊ သူတို့၏မှားယွင်းသောလိုအင်ဆန္ဒများကိုပြုပြင်ပေးခြင်း၊ အင်တိုက်အားတိုက်ဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်း၊ ဖွဲ့လုံ့လဖြင့်လည်းကောင်း သားသမီးတို့၏ခြေလှမ်းများကို လောကမှအထက်ကောင်းကင်ခရီးသို့ဦးတည်ပေးခြင်း စသောဝတ္တရားများကိုဆောင်ရွက်သင့်ကြသည်။ သားသမီးတို့သည် သူတို့စိတ်ညွတ်ရာမည်သည့်လမ်းကြောင်း၌မဆိုမျောပါသွားခြင်း၊ မှန်ကန်သောလမ်းမှလွဲသွားစေမည့် မည်သည့်လမ်းခွဲများ၌မဆို လျှောက်လိုက်ခြင်းတို့ကိုပြုလုပ်စေရန် ခွင့်မပြုသင့်ပေ။ အန္တရာယ်ကိုမကြောက်ရွံ့ဘဲ သတိပေးခြင်းနှင့်အကြံပေးခြင်းတို့ကို သည်းမခံသောသူတို့ထက် အန္တရာယ်များသောသူမရှိပေ။

တာမြစ်ဖွယ်ဖြစ်သော မည်သည့်ဩဇာသက်ရောက်မှုမျိုးကိုမဆိုငြိစွန်းခြင်းမရှိစေရန် သင်တို့၏သားသမီးများကိုစောင့်ထိန်းပါ။ အဘယ်ကြောင့်ဆိုသော် အကျင့်သီလဆိုင်ရာဂုဏ်သိက္ခာ၊ စင်ကြယ်ခြင်းနှင့်နှစ်မြို့ဖွယ်သောစာရိတ္တကိုဖြစ်စေ၊ အတ္တစိတ်ရှိခြင်း၊ မစင်ကြယ်ခြင်းနှင့်နားမထောင်ခြင်းကိုဖြစ်စေ တစ်ခုခုကိုသားသမီးတို့သည် ကလေးဘဝတွင်ပိုမိုစွဲလမ်းတတ်ကြသည်။ ညည်းညူတတ်သောစိတ်သဘော၊ မာနထောင်လွှားသောစိတ်

သဘော၊ ဝါကြွားတတ်သောစိတ်သဘောနှင့်မစင်ကြယ်သောစိတ်သဘော ထားတို့၏ဩဇာသက်ရောက်မှုကိုခွင့်ပြုထားလျှင် ၎င်းတို့သည် အချိန် အားလျော်စွာ ပယ်ဖျက်ရန်ခဲယဉ်းသောကိစ္စများဖြစ်လာတတ်သည်။

လူငယ်လူရွယ်တို့သည် ခံယူသင့်သောဩဇာကိုလက်ခံရန် မလိုလား ကြသောကြောင့် အိမ်ထောင်ဆိုင်ရာသွန်သင်မှုသည် ချို့ယွင်းရလေသည်။ ကျွန်ုပ်သည်မိခင်တစ်ဦးဖြစ်သည်။ လူငယ်လူရွယ်နှင့်သားသမီးတို့သည် သူတို့၏စိတ်ညွတ်ရာကိုလုပ်ကိုင်သည်ထက် စေတနာအလျောက်တားမြစ် ခြင်းအောက်တွင် ပိုမိုစိတ်ချမ်းသာ၍ ပိုမိုဘေးကင်းသည်ဟု ကျွန်ုပ်အဆိုပြု သောအခါ ကျွန်ုပ်ဘာကိုပြောဆိုသည်ကို ကိုယ်တိုင်သိရှိပါသည်။

**လူကြီးမပါသောလည်ပတ်ခြင်းမျိုးသည် သင့်လျော်ခြင်းမရှိပေ–** အချို့သောမိဘများသည် သူတို့၏သားသမီးများအား လွတ်လပ်မှုကိုတရား လွန်ပေးရာတွင် အမှားကိုကျူးလွန်ကြသည်။ တစ်ခါတစ်ရံ မိဘတို့သည် သားသမီးတို့၏အမှားများကိုမတွေ့မြင်ဘဲနေရလောက်အောင် သားသမီးတို့ အပေါ်ယုံကြည်ခြင်းရှိကြသည်။ မိဘတို့ကိုယ်တိုင် (သို့မဟုတ်) ကြည့်ရှု စောင့်ထိန်းသူမပါဘဲ သားသမီးတို့အား စရိတ်စကအကုန်ခံ၍ ရပ်ဝေးသို့ အလည်အပတ်သွားခွင့်ပေးခြင်းသည် မှားယွင်းသည်။ ယင်းကဲ့သို့ခွင့်ပြုခြင်း သည် သားသမီးတို့အပေါ်တွင် မှားယွင်းသောဩဇာသက်ရောက်မှုမျိုးရှိသည်။ သူတို့သည် အလွန်အရေးပါအရာရောက်သောသူဖြစ်ကြသည်ဟူ၍လည်း ကောင်း၊ သူတို့ခံစားထိုက်သောအခွင့်အရေးများရှိသည်ဟူ၍လည်းကောင်း၊ ၎င်းအခွင့်အရေးများကိုခွင့်ပြုခြင်းမပြုလျှင် သူတို့အားမတရားနှိပ်စက်သည် ဟူ၍လည်းကောင်း သူတို့ယူဆလာကြလိမ့်မည်။ စိတ်တိုင်းကျဝင်ထွက် သွားလာ၍ အခွင့်အရေးများစွာရရှိသောသူတို့က လက်ညှိုးထိုးပြလျက် သူတို့ မှာမူရရှိထားသောအခွင့်အရေးမှာ ပြောပလောက်အောင်မဟုတ်ဟုဆိုကြသည်။

မိခင်မှာမူကား၊ သားသမီးများကသူမအား တရားမျှတမှုမရှိဟူ၍ စွပ်စွဲပြောဆိုကြမည်ကိုစိုးရိမ်သောကြောင့် သူတို့၏အလိုကိုလိုက်လျောသည့် အဆုံးတွင် သူတို့၏အကျိုးကိုများစွာယုတ်စေသည်။ သူတို့၏မှားယွင်းမှုများ

ကိုပြုပြင်ပေးရန် မိခင်၏စောင့်မကြည့်ရှုခြင်းကိုမခံရကြသော်လည်း လည်ပတ်သွားလာနေသည့်လူငယ်လူရွယ်တို့သည် အချိန်အနည်းငယ်အတွင်းပယ်ဖျက်ရန် ခဲယဉ်းသောစွဲလမ်းခြင်းမျိုးကိုရရှိကြသည်။

**ပညာသားမပါသောအကြံပြုချက်နှင့် ၎င်းကိုဘယ်ကဲ့သို့ရင်ဆိုင်ရန်** – သားသမီးများကိုအိမ်ထဲ၌နေကြပါစေ။ အကယ်၍ လူတကာက "ခင်ဗျားတို့သားသမီးတွေကို ဒီလိုလှောင်အိမ်သွင်းထားရန် သူတို့ဟာလောကရဲ့အတွေ့အကြုံတွေကျဉ်းမြောင်းမှာပေါ့" ဟုဆိုကြလျှင်၊ သင်တို့သည် ၎င်းကိစ္စနှင့်ပတ်သက်၍စိတ်မပူကြောင်း၊ ရှေးခေတ်မိခင်များက သူတို့သားသမီးများကို ကိုယ်တော်ရှင်၏ကောင်းချီးမင်္ဂလာကိုရရှိစေရန် ယေရှုရှင်ထံသို့ယူဆောင်လာခဲ့ကြသည့်အတိုင်း သင်တို့၏သားသမီးများကို ကိုယ်တော်ထံသို့ယူဆောင်သွားလိုကြောင်း၊ သင်တို့၏မိတ်ဆွေများအားပြောပြပါ။ သင်တို့၏ရောင်းရင်းတို့အားဤသို့ပြောပါ။ "ဖွားမြင်သောသားသမီးတို့သည် ထာဝရဘုရားဆုချ၍ပေးသနားတော်မူသော အမွေဉစ္စာများဖြစ်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားအပ်နှင်းထားတော်မူသောတာဝန်ကို ကျေပွန်စွာဆောင်ရွက်ရပါမည်။ ကျွန်ုပ်၏သားသမီးများသည် လောက၏သြဇာသက်ရောက်မှုများ၌ ရေစုန်မျောမပါဘဲ အပြစ်ဒုစရိုက်ကိုကျူးလွန်ရန် စုံစမ်းခြင်းခံရသောအခါ သူတို့ကကြံ့ကြံ့ခံလျက် "ငါတို့တော့ပြစ်မှုကိုကျူးလွန်မည်မဟုတ်" ဟုပြန်ပြောနိုင်ကြစေရန် ကျွန်ုပ်တို့၏သားသမီးများကိုကြည့်ရှုထိန်းသိမ်းရပါမည်။ သင်တို့၏မိသားစုအားလုံး လုပသောပြည်တော်၏တံခါးများအတွင်း၌ရောက်ရှိနေကြသည်ကို သင်တို့တွေ့မြင်လိုပါသည်ဟု သင့်မိတ်ဆွေများနှင့်အိမ်နီးချင်းများကိုပြောပြပါ။

**ကျွန်ုပ်တို့၏လူငယ်လူရွယ်တို့သည် ခွန်အားကောင်းသောစုံစမ်းခြင်းများကိုရင်ဆိုင်နေရကြသည်** – အခက်အခဲများကိုရင်ဆိုင်၍ စုံစမ်းသွေးဆောင်ခြင်းများနှင့်အန္တရာယ်များကိုစောင့်မျှော်ရန် သားသမီးတို့အားသွန်သင်ပေးရမည်။ သူတို့ကိုယ်တိုင်ကိုထိန်းချုပ်ထား၍ အခက်အခဲများကိုမြင့်မြတ်သောသဘောထားဖြင့် အောင်မြင်နိုင်နင်းရန် သူတို့အားသွန်သင်

ပေးပါ။ သူတို့သည် အန္တရာယ်ရှိရာသို့အလိုတူအလိုပါဆင်းသက်ခြင်းမရှိ၊ စုံစမ်းသွေးဆောင်ခြင်းရှိရာလမ်းထဲ၌မလိုအပ်ဘဲ သူတို့ခြေစုံမချဘဲနေလျှင်လည်းကောင်း၊ သူတို့သည် ဆိုးယုတ်သောဩဇာသက်ရောက်မှုများနှင့်ဆိုးညစ်သောအပေါင်းအသင်းများကို ရှောင်ကြဉ်လျှင်လည်းကောင်း၊ ၎င်းကဲ့သို့ပြုလျက်နှင့် အန္တရာယ်များသောလူစုထဲသို့မလွဲမရှောင်သာဘဲ ရောက်ရှိသွားခဲ့သည်ရှိသောသူတို့သည် အမှန်တရားဘက်တွင်မားမားမတ်မတ်ရပ်တည်ရန်နှင့် အခြေခံကျင့်ဝတ်များကိုထိန်းသိမ်းရန်အတွက် ခွန်အားကိုရရှိကြ၍ စွန်းကွက်ခြင်းမရှိသောစာရိတ္တများဖြင့် ဘုရားသခင်၏တန်ခိုးတော်ကြောင့်အောင်မြင်သောသူများဖြစ်ကြမည်။ သင့်လျော်စွာသောသွန်သင်မှုကိုခံရသောလူငယ်တို့၏ကြံ့ခိုင်သော စာရိတ္တမဏ္ဍိုင်သည် ဘုရားသခင်ကိုအားကိုအားထားပြုလျှင် အင်အားအရှိဆုံးစုံစမ်းခြင်းကို ကြံ့ကြံ့ခိုင်ရပ်ခံနိုင်သောစွမ်းအားရရှိကြလိမ့်မည်။

---o---

## အခန်း ၇၆
# အားလပ်သောနေ့ရက်များနှင့်နှစ်ပတ်လည်နေ့ရက်များ

**အားလပ်သောနေ့ရက်များကိုစောင့်ထိန်းရာတွင် အုပ်ထိန်းမှုလိုအပ်ခြင်း** – ကျွန်ုပ်တို့၏အားလပ်သောနေ့ရက်များကို လောကီဆန်ဆန်အသုံးပြုသင့်ကြောင်း ကျွန်ုပ်တွေ့မြင်ရသည်။ သို့စေကာမူ၊ ၎င်းအားလပ်ရက်များကိုလျစ်လျူရှုမထားသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းကဲ့သို့လျစ်လျူရှုခြင်းသည် သားသမီးတို့အားမကျေမနပ်ဖြစ်စေလိမ့်မည်။ ၎င်းအားလပ်သောနေ့ရက်များတွင် ကျွန်ုပ်တို့၏သားသမီးများသည် ဆိုးညစ်သောသြဇာသက်ရောက်မှုများနှင့်တွေ့ထိမှုရှိ၍ လောက၏ပျော်မွေ့ခြင်းများဖြင့်စိတ်တက်ကြွဖွယ်သောအဖြစ်အပျက်မျိုးများအားဖြင့် ညစ်ညမ်းပျက်စီးလာကြသောအခါ ပိုမို၍အန္တရာယ်များသောပျော်ရွှင်မှုများကိုအစားထိုးရန် မိဘများကတစ်ခုခုကိုတီထွင်ထားရှိပေးရမည်။ သူတို့ကောင်းစားဖို့နှင့်ပျော်ရွှင်ဖို့မိဘများအနေဖြင့် ရည်စူးချက်ထားရှိကြောင်းကို သူတို့အားနားလည်ပါစေ။

အားလပ်သောနေ့ရက်များရရှိခြင်းအားဖြင့် လောက၌ရှိသောသူတို့နှင့်အသင်းတော်များ၌ရှိသောသူများနှစ်ဦးစလုံးတို့က သွန်သင်ခံထားရသောအချက်မှာ အလုပ်မရှိသောနေ့ရက်များသည် ကျန်းမာမှုနှင့်ပျော်ရွှင်မှုအတွက်အထူးလိုအပ်သည်ဟူ၍ဖြစ်သည်။ သို့ရာတွင် အကျိုးဆက်များက ၎င်းအားလပ်သောနေ့ရက်များသည် မကောင်းမှုဒုစရိုက်များဖြင့် ပြည့်နှက်နေသည်ကို ထုတ်ဖော်ပြထားသည်။

အားလပ်သောနေ့ရက်များဆိုင်ရာ အစီအစဉ်များတို့ကိုပြောင်းလဲပေးခြင်းအားဖြင့် ၎င်းနေ့ရက်များတို့သည် ကျွန်ုပ်တို့၏လူငယ်လူရွယ်များတို့အတွက် စိတ်ဝင်စားဖွယ်ဖြစ်စေရန် ကျွန်ုပ်တို့သည် အင်တိုက်အားတိုက်ကြိုးပမ်းခဲ့သည်။ ကျွန်ုပ်တို့၏ရည်စူးချက်များမှာ ကျွန်ုပ်တို့၏လူငယ်လူရွယ်တို့အား တပည့်တော်မဟုတ်သောသူတို့၏ပျော်ပွဲရွှင်ပွဲများနှင့် ကင်းဝေးနေစေရန်ဖြစ်သည်။

**ကောင်းကင်တမန်များအား "တစ်နေ့ပျောက်ဆုံးသွားပြီ" ဟု မှတ်တမ်းတင်ထားစေရမည်လား** – တစ်ရက်တာမျှပျော်ရွှင်မှုရှာဖွေနေခြင်း နိဂုံးချုပ်သွားပြီးနောက် ၎င်းပျော်ရွှင်မှုကိုရှာသောကာယကံရှင်အတွက် ကျေနပ်မှုသည်အဘယ်မှာနည်း။ ခရစ်ယာန်အမှုတော်ဆောင်များအနေဖြင့် သာ၍မြင့်မြတ်သန့်ရှင်းသောအဆင့်သို့ရောက်ရှိစေရန် ဘယ်သူမစခဲ့ပြီနည်း။ ကောင်းကင်တမန်ကရေးသားထားခဲ့သောမှတ်တမ်းကို သူတို့ပြန်ကြည့်သော အခါ သူတို့ဘာကိုတွေ့မြင်ကြမည်နည်း။ နေ့တစ်နေ့ပျောက်ဆုံးသွားပြီလော။ သူတို့အနေဖြင့် နေ့တစ်နေ့ပျောက်ဆုံးခြင်း (သို့မဟုတ်) ခရစ်တော်အတွက် အမှုတော်ဆောင်ရွက်ရသောနေ့ ဆုံးရှုံးသွားခြင်းဖြစ်၏။ အဘယ်ကြောင့်ဆို သော် အဘယ်ကောင်းကျိုးတစ်ခုကိုမျှမပြုခဲ့ပေ။ သူတို့မှာအခြားသောနေ့ရက် များရှိပေလိမ့်မည်။ သို့ရာတွင် မိန်းကလေးများနှင့်ယောကျာ်းကလေးများ တို့သည် တစ်ဦးနှင့်တစ်ဦး သိမ်ဖျင်း၍ပညာမဲ့သောစကားများကို အပြန် အလှန်ပြောဆိုခြင်းအားဖြင့် ဖြုန်းတီးပစ်ခဲ့သောနေ့ရက်များကို ဘယ်အခါမျှ ပြန်လည်ရရှိမည်မဟုတ်ပေ။

၎င်းအခွင့်ကောင်းအခါကောင်းမျိုးသည် ဘယ်အခါမျှပြန်လည် ပေါ်ပေါက်လာလိမ့်မည်မဟုတ်ပေ။ ထိုကြောင့် ၎င်းအားလပ်သောနေ့တွင် သူတို့သည် အကျိုးအရှိဆုံးအလုပ်ကို လုပ်ကိုင်သင်ခဲ့ပေသည်။ သူတို့သည် ထိုကဲ့သို့မပြုလုပ်ခဲ့သောကြောင့် ၎င်းနေ့ရက်သည် ထာဝရကာလထဲသို့ ရွေ့လျောသက်ဆင်းသွားလျက် တရားစီရင်သောအချိန်တွင် အလွဲသုံးစားပြု သောနေ့ရက်အနေဖြင့် သူတို့ရင်ဆိုင်ကြရလိမ့်မည်။

**မွေးနေ့များ – ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းရမည့်အချိန် ဖြစ်သည်** – ဂျူးလူမျိုးတို့၏ထုံးတမ်းစဉ်လာအရ သားသမီးများမွေးဖွား လာချိန်တွင် ကိုယ်တော်ရှင်ကိုယ်တော်တိုင်၏ချိန်းချက်ပေးမှုအရ ပူဇော်သကာ များကို ဆက်ကပ်ရကြပါသည်။ ယခုအခါတွင်မူကား သားသမီးတို့၏မွေးနေ့ များတွင် သူတို့အားအချိန်နှင့်ငွေကုန်ကြေးကျခံ၍ လက်ဆောင်များကိုပေးကမ်း ကြသည်။ လူသားတို့သည် ဂုဏ်ပြုထိုက်သောသူများဖြစ်သည့်အလား မွေးနေ့

အချိန်ကို သားသမီးတို့အားဂုဏ်ပြုသောအချိန်အနေဖြင့် အသုံးပြုကြသည်။ ဤကိစ္စတို့တွင်စာတန်သည် သူ့နည်းသူ့ဟန်ဖြင့် သူ့လိုဘကိုပြည့်ဝစေသည်။ လူတို့၏စိတ်ထားနှင့်လက်ဆောင်များကို လူသားတို့ဘက်သို့ဦးတည်စေသည်။ ဤနည်းအားဖြင့် သားသမီးတို့အား အထူးဂုဏ်ပြုအပ်သောပုဂ္ဂိုလ်များဖြစ်ဘိသကဲ့သို့ သူတို့၏စိတ်ကူးများကို သူတို့ကိုယ်တိုင်ဘက်သို့ဦးတည်စေသည်။

မွေးနေ့အချိန်အခါများတွင် သူတို့၏ဘဝအသက်တာများကို နောက်ထပ်တစ်နှစ်ထိန်းသိမ်းစောင့်ရှောက်ထားတော်မူရာတွင် ကိုယ်တော်ရှင်၏မဟာကရုဏာတော်အတွက် ဘုရားသခင်ကိုကျေးဇူးဥပကာယတင်ရှိရမည်ဖြစ်ကြောင်းကို သားသမီးတို့အားသွန်သင်ပေးရမည်။ ဘဝအသက်တာအတွက်လည်းကောင်း၊ ကျန်းမာခြင်းအတွက်လည်းကောင်း၊ အဝတ်အစားအတွက်လည်းကောင်း၊ ထာဝရအသက်ကိုမျှော်လင့်နိုင်မှုအတွက်လည်းကောင်း ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာအပေါင်းတို့ကို ချပေးတော်မူသောစေတနာအရှင်ကြီးအား ကျေးဇူးဥပကာယတင်ရှိရမည်ဖြစ်သည်။ ကိုယ်တော်ရှင်ထံတော်မှရရှိသောဆုကျေးဇူးများသည် ကရုဏာတော်ရှင်ထံတော်မှဖြစ်ကြောင်းကို အသိအမှတ်ပြုလျက် ကျွန်ုပ်တို့၏ကျေးဇူးတော်ရှင်ကြီးအား ကျေးဇူးတင်အလှူတော်ငွေများလှူဒါန်းရကြမည်။ ၎င်းမွေးနေ့အလှူငွေများကို ဘုရားသခင်သည် အသိအမှတ်ပြုတော်မူသည်။

**တစ်နှစ်တာမှတ်တမ်းကိုပြန်လည်သုံးသပ်ရန်အချိန်** – သားသမီးတို့အား သူတို့၏အတိတ်ကာလမှတစ်နှစ်တာဘဝအသက်တာက ပြန်လည်သုံးသပ်ရန်လည်းကောင်း၊ ကောင်းကင်စာစောင်များတွင်ထားရှိသောမှတ်တမ်းများကိုရင်ဆိုင်ရန် သူတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်မည်မဖြစ်မည်ကိုလည်းကောင်း စဉ်းစားဆင်ခြင်ရန် သူတို့အားသွန်သင်ပေးပါ။ သူတို့၏အနေအထိုင်၊ သူတို့၏အပြောအဆို၊ သူတို့၏လုပ်ရပ်များသည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့နိုင်မည်မတွေ့နိုင်မည်ကို လေးလေးနက်နက်စဉ်းစားဆင်ခြင်ရန် အားပေးတိုက်တွန်းပါ။ သူတို့၏ဘဝအသက်တာသည် ယေရှုရှင်၏ဘဝအသက်တာတော်နှင့်ပိုမိုတူညီလာစေရန်လည်းကောင်း၊ ဘုရားသခင်၏

မျက်မှောက်တော်တွင် လှပတင့်တယ်မြတ်နိုးဖွယ်ဖြစ်စေရန်လည်းကောင်း သူတို့သည်ဆောင်ရွက်နေခဲ့ပြီးဖြစ်သလား။ ဘုရားသခင်အားလည်းကောင်း၊ ကိုယ်တော်ရှင်၏နည်းလမ်းများကိုလည်းကောင်း၊ ကိုယ်တော်ရှင်၏ပညတ်တရားများကိုလည်းကောင်း သိကျွမ်းစေရန် သူတို့အားသွန်သင်ပေးပါ။

**ဘုရားသခင်၏အမှုတော်ကိုဦးစားပေးခြင်း** – အသင်းတော်များတည်ထောင်ရာတွင် အသုံးပြုရန်အတွက် ကျွန်ုပ်အားပေးကမ်းကြသောမွေးနေ့လက်ဆောင် (သို့မဟုတ်) ခရစ္စမတ်ပွဲတော်လက်ဆောင်များကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့ထည့်သွင်းခွင့်ပြုမှသာလျှင် ကျွန်ုပ်အားပေးသမျှသောလက်ဆောင်များကို လက်ခံမည်ဖြစ်ကြောင်းဖြင့် ကျွန်ုပ်တို့၏အိမ်ထောင်သားများနှင့်မိတ်ဆွေများတို့အား ကျွန်ုပ်ပြောထားခဲ့ပါသည်။

**ကျေးဇူးတော်ချီးမွမ်းခြင်းကိုဘယ်ကဲ့သို့ကျင်းပရမည်နည်း** – ကျွန်ုပ်တို့၏ကျေးဇူးတော်ချီးမွမ်းခြင်းနှစ်ပတ်လည်သည် နီးကပ်လာပေပြီ။ ၎င်းနေ့ရက်သည် လုပ်ရိုးလုပ်စဉ်ကဲ့သို့ ကျွန်ုပ်တို့ကိုယ်တိုင်ကိုချီးမွမ်းဂုဏ်ပြုခြင်းဖြစ်လိမ့်မည်လား၊ သို့တည်းမဟုတ် ဘုရားသခင်အားကျေးဇူးတော်ကိုချီးမွမ်းသောအခါသမယဖြစ်လိမ့်မည်လား။ ဤကျေးဇူးတော်ချီးမွမ်းရသောအခွင့်အရေးကို ဆင်းရဲသောသူတို့အား သတိရသောအခါမျိုးဖြစ်စေလျှင် ကျွန်ုပ်တို့၏ကျေးဇူးတော်ချီးမွမ်းခြင်းသည် ကျွန်ုပ်တို့ကိုယ်တိုင်၏အကျိုးနှင့်သူတစ်ပါးတို့၏အကျိုးကိုပြုသောအခါသမယကြီးဖြစ်နိုင်သည်။

မရှိဆင်းရဲသားတို့သည် ကျွန်ုပ်တို့၏လက်ဆောင်များနှင့်ကိုယ်ချင်းစာနာမှုကိုလက်ခံခြင်းအားဖြင့် ကျွန်ုပ်တို့အားကျေးဇူးပြုသည်ဆိုသောခံစားချက်မျိုးရရှိသွားစေရန် ကျွန်ုပ်တို့တီထွင်နိုင်သောနည်းလမ်းပေါင်းမြောက်မြားစွာရှိပါသည်။ အစွန့်အကြဲခံရခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိကြောင်းကို ကျွန်ုပ်တို့သတိရှိရကြမည်။ ကျွန်ုပ်တို့၏ညီအစ်ကိုတော်များသည် သူတို့ဂုဏ်ပြုချီးကျူးလိုသောသူများနှင့် သူတို့ရှိသေလေးစားသောသူတို့အား အရက်ရောဆုံးသဘောထားမျိုးဖြင့် ကူညီထောက်ပံ့ကြသော်လည်း ထိုသို့သောသူတို့မှာ သူတို့၏ကူညီမစမှုကိုလုံးဝမလိုပေ။ ထုံးတမ်းစဉ်လာနှင့်

ခေတ်စားမှုတို့က သင့်အားပေးကမ်းမည့်သူတို့ကိုပေးကမ်းကြလော့။ သို့ရာတွင် ၎င်းလုပ်နည်းလုပ်ဟန်သည် ကျမ်းစာ၏ညွှန်ကြားချက်နှင့်မကိုက်ညီပေ။ ကျွန်ုပ်တို့၏လက်ဆောင်များကိုပေးကမ်းရာတွင် မိမိတို့ကိုယ်ကျိုးကိုကြည့်၍ပေးကမ်းခြင်းမျိုးကို ကျမ်းစာတော်မြတ်က ကန့်ကွက်လျက်ပြောဆိုထားသည်မှာ "ငွေရတတ်သောသူတို့အားပေးသောသူသည် ဆင်းရဲခြင်းသို့အမှန်ရောက်လိမ့်မည်။"

ကျွန်ုပ်တို့၏အခြေအနေကျင့်ဝတ်များ စုံစမ်းခံရမည့်အချိန်သည် ယခုမှရောက်ရှိလာတော့သည်။ ဘုရားသခင်၏မရှိဆင်းရဲသားတပည့်တော်များအတွက် ကျွန်ုပ်တို့ဘယ်ကဲ့သို့ဆောင်ရွက်ပေးနိုင်သည်ကို ကျွန်ုပ်တို့စတင်စဉ်းစားကြပါစို့။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို လက်ခံရရှိကြသောကျွန်ုပ်တိုပမှတစ်ဆင့် ၎င်းမရှိဆင်းရဲသားတို့အတွက် ဆောင်ရွက်ပေးနိုင်သည်။ မည်သည့်မုဆိုးမ၊ မည်သည့်မိဘမဲ့များ၊ မည်သည့်ဆင်းရဲသောမိသားစုကို သင်တို့သည်လူသိရှင်ကြားမဟုတ်ဘဲ အေးဆေးငြိမ်သက်စွာကျေးဇူးပြုနိုင်သည်ကို စဉ်းစားကြည့်ပါ။ သင်တို့သည် ကိုယ်တော်ရှင်ပိုင်တော်မူသည့် မရှိဆင်းရဲဖြစ်သောသူတို့ထံသို့ ကိုယ်တော်ရှင်၏ကောင်းချီးမင်္ဂလာများစီးဆင်းရာလမ်းကြောင်းများဖြစ်ပါလေစေ။

သို့ရာတွင် သင်တို့၏တာဝန်သည် ဤမျှလောက်ဖြင့်မပြီးဆုံးသေးပေ။ သင်တို့၏လှူဒါန်းဖွယ်ရာများကို သင်တို့၏အကောင်းဆုံးမိတ်ဆွေတော်ကြီးဖြစ်သော ကယ်တင်ရှင်ကိုလှူဒါန်းကြပါ။ ကိုယ်တော်ရှင်ထံတော်မှကြွယ်ဝစွာရရှိသောကောင်းချီးမင်္ဂလာများကိုရရှိကြောင်းဝန်ခံပါ။ ကိုယ်တော်ရှင်ပြုတော်မူသောကျေးဇူးတော်များအတွက် ကျေးဇူးတင်ရှိကြောင်းပြပါ။ ကျေးဇူးတင်အလှူငွေများကိုဆက်ကပ်ပါ။ ညီအစ်ကိုမောင်နှမတို့၊ ကျေးဇူးတော်ချီးမွမ်းသောနေ့ထူးနေ့မြတ်တွင် ရိုးရိုးတန်းတန်းဖြစ်သောအစားအစာကိုသုံးဆောင်ပါ။ ၎င်းကဲ့သို့စားသောက်မှုမှစုဆောင်းရရှိသောကြေးငွေတို့ကို ခံတွင်းအလိုလိုက်၍ အခြားစားကောင်းသောက်ဖွယ်များကိုစားသုံးခြင်းမပြုဘဲ ဘုရားသခင်အားကျေးဇူးတင်အလှူငွေအနေဖြင့်ဆက်ကပ်ပါ။

နောင်လာလတ္တံ့သောကျေးဇူးတော်ချီးမွမ်းသောနေ့များတို့ကို ခံတွင်းအလိုလိုက်မှုနှင့်မိမိဂုဏ်သိက္ခာတိုးတက်မှုများအတွက် အသုံးမပြုပါလေနှင့်။ ကျွန်ုပ်တို့၏ဘဝအသက်တာကို နောက်ထပ်တစ်နှစ်စောင့်ထိန်းတော်မူသည့်အတွက် ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏တံတိုင်းတော်များထဲသို့ ကျေးဇူးတင်အလှူငွေတော်ငွေများဖြင့် ဝင်ရောက်ကြရမည်ဖြစ်သည်။ အကယ်၍ ကျေးဇူးတော်ချီးမွမ်းသောနေ့တွင် စားသောက်ပွဲများကျင်းပလျှင် ၎င်းစားသောက်ပွဲသည် မရှိဆင်းရဲသားအတွက်ဖြစ်ပါစေ။

**ကျေးဇူးတော်ချီးမွမ်းရမည့်နေ့များ** – ကျွန်ုပ်တို့သည် ဘုရားသခင်အားကျေးဇူးတင်စရာရှိသည်ဟု ကျွန်ုပ်အနေဖြင့်ယူဆပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ရွှင်လန်းဝမ်းမြောက်ကြမည်။ အဘယ်ကြောင့်ဆိုသော် ဘုရားကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားကျေးဇူးကရုဏာတော်အမြောက်အမြားကို သွန်းလောင်းချပေးတော်မူသည်။ ကျွန်ုပ်တို့ဤကျေးဇူးတော်ချီးမွမ်းသောနေ့ကို အခိပ္ပါယ်ရှိရှိဖြင့်ကျင်းပလိုကြသည်။ ၎င်းနေ့ရက်ကို အညစ်အကြေးဖြင့်မငြိစွန်းပါစေနှင့်။ ၎င်းနာမည်အလိုက် ကျေးဇူးတင်သောနေ့ဖြစ်ပါစေ။ ကျွန်ုပ်တို့၏အသံများကို ချီးမွမ်းထောမနာများဖြင့်ပြည့်ဝပါလေစေ။

**ဘုရားသခင်အတွက်အားလပ်သောနေ့ရက်များမဖြစ်သင့်သလော**– အားလပ်သောနေ့များကို ဘုရားသခင်အတွက်အသုံးပြုလျှင် ကောင်းမွန်လိမ့်မည်မဟုတ်ပါလော။ ၎င်းနေ့ရက်များတွင် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားပြုတော်မူသောကျေးဇူးတော်များကို ပြန်လည်ဆင်ခြင်သုံးသပ်နိုင်ကြသည်။ ကိုယ်တော်ရှင်အားမမေ့လျော့ကြစေရန် ကျွန်ုပ်တို့အားမှတ်လောက်သားလောက်ဖြစ်သော သတိပေးစကားများကိုလည်းကောင်း၊ ကိုယ်တော်ရှင်သွန်းလောင်းတော်မူခဲ့သော ကောင်းချီးမင်္ဂလာများကိုလည်းကောင်း ၎င်းအားလပ်သောနေ့ရက်များတွင် ပြန်လည်ဆင်ခြင်စဉ်းစားရန် သင့်လျော်သည်မဟုတ်ပါလော။

လောကတွင်အားလပ်သောနေ့ရက်များစွာရှိသည်။ ၎င်းနေ့ရက်များကို လောကီသားတို့သည် အားကစားမှုများ၊ မြင်းပြိုင်ပွဲများ၊ လောင်းကစား

မှုများ၊ ဆေးလိပ်သောက်ခြင်းနှင့်အရက်သေစာသောက်စားခြင်း၊ မူးယစ်ခြင်းများပြုလုပ်ခြင်းအားဖြင့် အသုံးပြုကြသည်။

ဘုရားသခင်၏သားသမီးများအနေဖြင့် ၎င်းနေ့ရက်များတွင် ကိုယ်တော်ရှင်၏ကြွယ်ဝစွာသောကောင်းချီးမင်္ဂလာများအတွက် သန့်ရှင်းသောဓမ္မအစည်းအဝေးများ မကြွခဏကျင်းပရန် သင့်လျော်သည်မဟုတ်ပါလော။

**အားလပ်သောနေ့ရက်များသည် သာသနာပြုလုပ်ငန်းအတွက် အခွင့်အရေးရရှိစေသည်** – လူသားတို့၏လိုအပ်မှုများကိုသက်သာစေရန်နှင့် အရွယ်သုံးပါးမရွေးလူတို့၏ဝိညာဉ်များကိုကယ်ဆယ်ဖို့ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် စည်းရုံးရေးနှင့်လက်တွေ့သင်တန်းပေးတတ်သောသူများကို အသင်းတော်အတွက်အလိုရှိနေသည်။ ၎င်းအမှုတော်အတွက် လူအားလုံးတို့သည် အချိန်ပြည့်လုပ်အားပေးနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့၏ပရိယေသနဝမ်းစာအတွက်လည်း အလုပ်အကိုင်တစ်ခုခုကိုလုပ်ကိုင်ရပေဦးမည်။ သို့စေကာမူ၊ ဤအလုပ်သမားများမှာလည်း အားလပ်သောနေ့ရက်များရှိကြသည်ဖြစ်၍ သူတို့အနေဖြင့်ငွေကြေးများကို အမှုတော်အတွက်များများမလှူဒါန်းနိုင်လျှင် ၎င်းအားလပ်ရက်များတွင် ခရစ်ယာန်အမှုတော်ကိုထမ်းဆောင်ခြင်းအားဖြင့် ကောင်းကျိုးကိုပြုနိုင်ကြသည်။

သင်တို့၏အားလပ်သောနေ့ရက်များရှိလျှင် သင်တို့သားသမီးများအတွက် ၎င်းနေ့ရက်များသည် သာယာပျော်ရွှင်သောနေ့ရက်များဖြစ်စေ၍ ဆင်းရဲနွမ်းပါးသောသူတို့နှင့် ရောဂါဝေဒနာခံစားနေရသောသူတို့အတွက်လည်း သာယာသောနေ့ဖြစ်ပါစေ။ ကျေးဇူးတော်ချီးမွမ်းသောနေ့ကို ယေရှုရှင်အား ကျေးဇူးတင်ခြင်းနှင့် ကျေးဇူးတင်အလှူငွေများကိုလှူဒါန်းခြင်းများမပြုလုပ်ဘဲ ၎င်းနေ့ကိုမလွန်သွားပါစေနှင့်။

–––ooo–––

## အခန်း ၇၇
# ခရစ္စမတ်ပွဲတော်

**အားလပ်သောနေ့အဖြစ်ခရစ္စမတ်ပွဲတော်** ကမ္ဘာ၏အရှေ့ဘက်ဆီမှအနောက်ဘက်ဆီသို့လည်းကောင်း၊ မြောက်ဘက်ဆီမှတောင်ဘက်ဆီသို့လည်းကောင်း "ခရစ္စမတ်ရောက်တော့မည်" ဆိုသော ကြွေးကြော်သံသည် ကမ္ဘာတစ်ဝန်းလုံးသို့ဂယက်ရိုက်သွားသည်။ လူငယ်လူရွယ်များ၊ အရွယ်ရောက်၍ လူ့လားမြောက်ပြီးသောသူများနှင့် သက်ရွယ်ကြီးရင့်သောသူတို့ပင် ခရစ္စမတ်အခါတော်သည် ရွှင်လန်းဝမ်းမြောက်ဖွယ်သောအချိန်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာအာရုံဆွဲဆောင်မှုသည် ဤမျှလောက်ရှိရလောက်အောင် ခရစ္စမတ်ဆိုသည်မှာဘာနည်း။

ဒီဇင်ဘာလနှစ်ဆယ့်ငါးရက်နေ့သည် ခရစ်တော်ယေရှု၏မွေးနေ့ဟူ၍သဘောထားကြသည်။ ၎င်းနေ့ရက်စောင့်ထိန်းခြင်းသည် ထုံးစံအနေဖြင့် လူကြိုက်များလာခဲ့သည်။ သို့ရာတွင်၎င်းနေ့သည် ကျွန်ုပ်တို့ကယ်တင်ရှင်၏မွေးနေ့အစစ်အမှန်ပါဟူ၍ အဘယ်သူကမျှအတပ်မပြောနိုင်ပေ။ သမိုင်းမှတ်တမ်းများကလည်း ၎င်းနေ့ရက်သည် ကယ်တင်ရှင်၏မွေးနေ့ဟူ၍ အတိအကျပြောထားခြင်းမရှိပေ။ ကျမ်းစာကလည်း ခရစ်တော်မွေးနေ့ကို တိကျစွာပြောမထားပေ။ ဤမွေးနေ့သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်လိုအပ်သည်ဟု ကယ်တင်ရှင်ကယူဆခဲ့လျှင် ၎င်းကိစ္စနှင့်ပတ်သက်၍ အလုံးစုံကိုကျွန်ုပ်တို့သိရှိရန် ဘုရားသခင်သည် ကိုယ်တော်ရှင်၏ပုရောဖက်များနှင့်တမန်တော်များမှတစ်ဆင့် မိန့်တော်မူခဲ့ပေမည်။ သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ ကျမ်းစာကနှုတ်ပိတ်ထားခြင်းက ပညာသားအပါဆုံးရည်စူးချက်များအတွက် ၎င်းကိစ္စကိုကျွန်ုပ်တို့အားမပြောဘဲထားရှိသည့်အကြောင်းလယ်ပြင်မှာဆင်သွားသကဲ့သို့ ထင်ရှားလှသည်။

ကိုယ်တော်ရှင်၏ရွေးဥာဏ်တော်အရ မောရှေ၏အလောင်းအားသင်္ဂြိုဟ်ထားသောနေရာကို ဘုရားသခင်သည် လျှို့ဝှက်ထားတော်မူသည်။

ဘုရားသခင်ကိုယ်တော်တိုင် မောရှေ၏အလောင်းကိုမြှုပ်နှံသင်္ဂြိုဟ်ထားတော်မူ၍ သူ့အားထမြောက်ရှင်ပြန်စေတော်မူပြီးသည်နောက် ကောင်းကင်သို့ ယူဆောင်သွားတော်မူလေသည်။ ၎င်းကဲ့သို့လျှို့ဝှက်ထားခြင်းမှာ မောရှေအားရုပ်တုပြုလုပ်၍ကိုးကွယ်လိုသည့်အမှုကို ကာကွယ်တားဆီးရန်ဖြစ်သည်။ အသက်ရှင်စဉ်တွင် အမှုတော်ကိုထမ်းဆောင်နေချိန်၌ သူတို့တော်လှန်ပုန်ကန်ခဲ့သောမောရှေ၊ လူသားအနေဖြင့်သည်းခံ၍မရနိုင်လောက်အောင် သူ့အမျက်ဒေါသကို သူတို့၏အဆွေခံခဲ့ရသောမောရှေသည် သေခြင်းအားဖြင့် သူတို့နှင့်ခွဲခွာသွားသောအခါ သူ့အားဘုရားတစ်ဆူဂုတစ်လုံးကဲ့သို့ သူတို့ကိုးကွယ်လုမတတ်အချိန်သို့ရောက်ရှိခဲ့သည်။ ၎င်းရည်စူးချက်မျိုးအတွက် ဘုရားသခင်သည် ခရစ်တော်၏မွေးနေ့အတိအကျကိုလျှို့ဝှက်ထားတော်မူလေသည်။ ကမ္ဘာ့ကယ်တင်ရှင်အနေဖြင့် ခရစ်တော်ကိုယ်တော်တိုင်းအားဂုဏ်ပြုမည့်အစား ကိုယ်တော်ရှင်၏မွေးနေ့ကိုဂုဏ်ပြုချီးကျူးခြင်းမျိုးကို ကာကွယ်တားဆီးရန်ဖြစ်သည်။ ကိုယ်တော်ရှင်၏အထံတော်သို့ချဉ်းကပ်သောသူအားလုံးတို့အား အစဉ်ကယ်တင်ခြင်းငှာတတ်နိုင်တော်မူသောအရှင်အနေဖြင့် ကိုယ်တော်ကို သာလျှင်လက်ခံကြရမည်။ ယုံကြည်ကိုးစားရမည်ဖြစ်သည်။ တန်ခိုးရှင်၏ သားတော်အနေဖြင့် ယေရှုရှင်ကိုရိုသေလေးစားဝတ်ပြုကြရမည်ဖြစ်သည်။

**ခရစ္စမတ်နေ့ကိုလျစ်လျူမရှုသင့်** — ဒီဇင်ဘာလနှစ်ဆယ့်ငါးရက်နေ့ကို ခရစ်တော်ဖွားမြင်တော်မူခြင်းကို အမှတ်တရနေ့အနေဖြင့် စောင့်ထိန်းကြသော်လည်းကောင်း၊ ပညတ်အားဖြင့်ဖြစ်စေ၊ ပုံသက်သေအားဖြင့်ဖြစ်စေ ၎င်းနေ့သည် ဝမ်းမြောက်ရွှင်လန်းရမည့်နေ့တကယ်အမှန်ဖြစ်ကြောင်းဖြင့် သားသမီးတို့အားသွန်သင်ထားရှိမှုတို့ကြောင့်လည်းကောင်း၊ ၎င်းနေ့ကိုအာရုံမပြုဘဲလျစ်လျူရှုရန်ခဲယဉ်းသည်ကိုလည်းကောင်း သင်တို့တွေ့ရှိကြရမည်။ ၎င်းနေ့ကိုကောင်းသောရည်စူးချက်တစ်ခု အကောင်အထည်ဖော်ရန်အတွက် အသုံးပြုနိုင်သည်။

လူငယ်လူရွယ်တို့အား ဂရုတစိုက်ဆက်ဆံကိုင်တွယ်သင့်ပေသည်။ ဝါကြွားခြင်း၊ အပျော်အပါးလိုက်စားခြင်းနှင့် သူတို့၏ဝိညာဉ်ရေးကိုထိခိုက်

ပျက်စီးစေမည့် ပျော်ပွဲရွှင်ပွဲများပြုလုပ်ခြင်းအားဖြင့် ၎င်းနေ့ကိုသူ့စိတ်တိုင်းကျ ကျင်းပခွင့်ကို သားသမီးတို့အားပေးမထားသင့်ပေ။ သားသမီးတို့၏စိတ်နှလုံးများနှင့်ပေးကမ်းလှူဒါန်းသောအရာဝတ္ထုများကို ဘုရားသခင်နှင့်ကိုယ်တော်ရှင်၏အမှုတော်အပြင် ဝိညာဉ်များကယ်တင်ရေးဘက်သို့ အာရုံပြောင်းပေးခြင်းအားဖြင့် မိဘများသည် ၎င်းခရစ္စမတ်ပွဲတော်ကိစ္စကိုအုပ်အုပ်ထိန်းထိန်းထားရှိနိုင်သည်။

ပျော်ပွဲရွှင်ပွဲပေးသောဆန္ဒကိုချုပ်ငြိမ်းစေခြင်းနှင့် အတင်းအဓမ္မတားမြစ်မည့်အစား အုပ်အုပ်ထိန်းထိန်းထားရှိ၍ မိဘများကသည်းခံခြင်းအားဖြင့် ၎င်းထိန်းသိမ်းမှုကို ပြုလုပ်နိုင်ကြသည်။ လက်ဆောင်များပေးလိုသောသူတို့၏ဆန္ဒကို သန့်ရှင်းစင်ကြယ်သောလမ်းကြောင်းများထဲသို့ ပြောင်းလဲသွတ်သွင်းပေး၍ ခရစ်တော်သည် ဤကမ္ဘာမြေကြီးသို့ကြွဆင်းလာခဲ့ပြီးသည်နောက် တည်ထောင်ဖွဲ့စည်းထားခဲ့တော်မူသော အမှုတော်ကြီးအတွက် ဘဏ္ဍာတော်တိုက်ထဲသို့ အလှူတော်ငွေများဖြစ်ထွန်းစေနိုင်ပါသည်။ ကိုယ်တိုင်ငြင်းပယ်ခြင်းနှင့်ကိုယ်ကျိုးစွန့်ခြင်းတို့သည် ကိုယ်တော်ရှင်လုပ်ဆောင်မှု၏အဓိကလမ်းစဉ်ဖြစ်သည်။ ယေရှုရှင်ကိုချစ်သည်ဟု အခိုင်အမာဆိုကြသောသူတို့သည် ၎င်းလမ်းစဉ်ကိုကျင့်သုံးကြပါစို့။ အဘယ်ကြောင့်ဆိုသော် ထာဝရအသက်ရရှိရန် ကျွန်ုပ်တို့၏မျှော်လင့်ခြင်းသည် ကိုယ်တော်ရှင်ကိုဗဟိုပြုထားသောကြောင့်ဖြစ်သည်။

**လက်ဆောင်များအပြန်အလှန်ပေးခြင်းသည် မေတ္တာ၏အထိမ်းအမှတ်ဖြစ်သည်** – လက်ဆောင်များအပြန်အလှန်ပေးကမ်းကြသောကြောင့် အားလပ်သောနေ့ရက်များသည် နီးကပ်လျက်ရှိလေပြီ။ မေတ္တာအရင်းခံသော အောက်မေ့သတိရခြင်း၏အထိမ်းအမှတ်အနေဖြင့် သူတို့၏အပေါင်းအသင်းရောင်းရင်းများအား မည်သည့်လက်ဆောင်ပစ္စည်းများပေးကမ်းနိုင်သည်ကို လူကြီးလူငယ်မရွေး စိတ်ပါကိုယ်ပါစဉ်းစားဆင်ခြင်လျက်ရှိကြပေသည်။ လက်ဆောင်များသည် မည်မျှသေးနုပ်စေကာမူ ကျွန်ုပ်တို့၏ချစ်ခင်သော

သူတို့ထံမှရရှိသောလက်ဆောင်သည် အလွန်နှစ်မြို့ဖွယ်ဖြစ်သည်။ ကျွန်ုပ်တို့အားသတိရအောက်မေ့လျက်ရှိကြောင်း ၎င်းလက်ဆောင်များကစိတ်ချစေ၍ လက်ဆောင်ကတစ်ဦးနှင့်တစ်ဦးပိုမိုရင်းနှီးမှုကို ဖန်တီးပေးသည်။

ကျွန်ုပ်တို့၏အကောင်းဆုံးမိတ်ဆွေကြီးဘုရားသခင်အား ဤကိစ္စ၌မေ့လျော့ခြင်းမရှိလျှင် ကျွန်ုပ်တို့၏မေတ္တာနှင့်သတိရအောက်မေ့ခြင်း၏အထိမ်းအမှတ်ဖြစ်သောလက်ဆောင်များ အပြန်အလှန်ပေးကမ်းခြင်းသည် သင့်လျော်လျောက်ပပေသည်။ ဤကျွန်ုပ်တို့ပေးကမ်းသောလက်ဆောင်သည် လက်ခံရရှိသောသူအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေရမည်။ လက်ဆောင်အနေဖြင့်ပေးကမ်းရန် ကျွန်ုပ်တို့အကြံပြုပြောဆိုလိုသောစာအုပ်မျိုးသည် ဘုရားသခင်၏နှုတ်ကပတ်တော်နားလည်စေရန် အထောက်အကူပြုသောစာအုပ်မျိုး သို့တည်းမဟုတ် ၎င်းနှုတ်ကပတ်တော်ထဲ၌ဖော်ပြပါရှိသောအမိန့်ပညတ်များကို ပိုမိုမြတ်နိုးစေမည့်စာအုပ်များဖြစ်သည်။ ဤကြာရှည်သောအားလပ်ရက်များအတွင်း ဖတ်ရန်စာအုပ်တစ်မျိုးမျိုးကိုပေးထားပါ။

**ကလေးများဖတ်ရှုရန်ထောက်ခံထားသောစာအုပ်များ** – ယခုဟောပြောလျက်ရှိသော သမ္မာတရားနှင့်ပတ်သက်သောစာအုပ်စာတမ်းများကိုယ်ပိုင်မရှိသောသူမြောက်မြားစွာရှိသည်။ ဤကိစ္စအတွက် ကြေးငွေမြောက်မြားစွာကို ဘေးကင်းစွာအရင်းအနှီးပြုလုပ်ထားနိုင်သည်။ ဖတ်ရန်စာအုပ်များပေးထားသင့်သော ကလေးပေါင်းများစွာရှိသည်။ "သည်ဆန်းရှိုင်းဆီးရီးစ်၊" "ဂိုးဒင်းဂရိန်းဆီးရင်းစ်၊" "ကဗျာများ၊" "ဆဲဘက်သ်ရီးဆင်းစ်" စသောစာအုပ်များသည် အလွန်တန်ဖိုးရှိသောစာအုပ်များဖြစ်၍ မည်သည့်အိမ်ထောင်၌မဆို ဘေးကင်းစွာထားရှိနိုင်သည်။ သကြားလုံးများနှင့်အသုံးမကျမရေရာသောကစားစရာများမှ စသောအသေးအဖွဲ့ကလေးများအတွက် သုံးဖြုန်းပစ်သောကြေးငွေများကို ၎င်းတန်ဖိုးရှိလှသောစာအုပ်များဝယ်ယူရန် စုဆောင်းထားသင့်ပေသည်။

တန်ဖိုးရှိသောလက်ဆောင်များကို သူတို့၏သားသမီးများ၊ မြေးများ၊ တူများနှင့်တူမများအားပေးလိုသောသူတို့သည် အထက်ဖော်ပြပါကလေးစာအုပ်များကိုဝယ်ယူပေးကြပါ။ လူငယ်လူရွယ်တို့အတွက် သင့်လျော်သည့်

ဟင်းလေးအိုးကြီးများမှာ "သည်လိုက်ဖ်အော့ဖ်ဂျိုးဇက်ဘိစ်" နှင့်အီးဂျီဝှိုက် ရေးသားပြုစုထားသော "ကွန်းဖလစ်အော့ဖ်သည်အိတ်ဂျက်စ်" အတွဲငါးစောင် ထဲမှ သုံးတွဲ (သက်သေခံချက်စာစောင်များ) ဖြစ်သည်။ ဤစာစောင်များကို အိမ်တိုင်း၌ထားရှိသင့်ပေသည်။ ဘုရားသခင်သည် ကောင်းကင်မှအလင်း တရားကိုပေးနေတော်မူသည်ဖြစ်၍ မည်သည့်အိမ်ထောင်မှငင်းစာစောင်များ ဝယ်ယူထားခြင်းမရှိဘဲမနေသင့်ပေ။ ကောင်းကင်သို့သွားရာလမ်းကြောင်းကို လည်း ရောင်ခြည်များဖြင့်ထွန်းလင်းနေစေမည့် ငင်းစာစောင်များကို သင်တို့က ပေးသောလက်ဆောင်များဖြစ်ပါစေ။

**ယေရှုရှင်အားမမေ့လျော့သင့်ပေ** – ညီအစ်ကိုမောင်နှမတို့၊ သင်တို့ သည် တစ်ဦးကိုတစ်ဦး အပြန်အလှန်လက်ဆောင်များကိုပေးကမ်းကြရန် စဉ်းစားနေချိန်တွင် ကောင်းကင်မှအဆွေတော်ကြီးကတောင်းဆိုထားချက်ကို သင်တို့အားသတိပေးလိုပါသည်။ ကိုယ်တော်ရှင်အား ကျွန်ုပ်တို့သည် မေ့လျော့ခြင်းမရှိလျှင် ကိုယ်တော်ရှင်သည် နှစ်သက်တော်မူမည်မဟုတ်ပါ လော။ အသက်သခင်ယေရှုရှင်သည် ကျွန်ုပ်တို့အားကယ်တင်ခြင်းကိုလက် လှမ်းမီနိုင်စေရန် ကိုယ်တော်၌ရှိသမျှကို စွန့်တော်မူခဲ့လေသည်။ ကျွန်ုပ်တို့ အားထာဝရအသက်ကိုရရှိစေရန် သေခြင်းကိုပင်ကိုယ်တော်ခံတော်မူသည်။

ခရစ်တော်မှတစ်ဆင့်ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာတိုင်းကို ရရှိကြသည်။ ကျွန်ုပ်တို့၏ကျေးဇူးတင်ခြင်းနှင့်မေတ္တာတို့၏အထိမ်းအမှတ် များကို ကျွန်ုပ်တို့၏ကောင်းကင်ဘုံမှကျေးဇူးတော်ရှင်ကြီးသည် ဝေပုံကျရရှိ သင့်သည်မဟုတ်ပါလော။ ညီအစ်ကိုမောင်နှမတို့၊ လာကြလော့။ သင်တို့ တတ်နိုင်သမျှပူဇော်သကာရများနှင့် ဘုရားသခင်အထံတော်သို့ချဉ်းကပ်ကြ ပါ။ သင်တို့၏စိတ်နှလုံးများထဲ၌ ကိုယ်တော်ရှင်အားဂုဏ်ပြုသောသီချင်း များကိုကျူးအေး၍ သင်၏နှုတ်အားဖြင့် ကိုယ်တော်ရှင်၏နာမတော်အား ဘုန်းကြီးပါလေစေ။

**ခရစ္စမတ်ပွဲတော်၊ ဘုရားသခင်အားဂုဏ်ပြုရသောအချိန်ဖြစ်သည်**– ကမ္ဘာတစ်ဝန်းတွင် အားလပ်သောနေ့ရက်များကို သေးနုပ်သိမ်ဖျင်းသော

အရာများ၊ လွန်ကျူးစွာပျော်ပါးခြင်း၊ လွန်ကျူးစွာစားသောက်ခြင်းတို့ဖြင့် တစ်နေ့ကုန်စေကြသည်။ လာမည့်ခရစ္စမတ်ပွဲတော်နှင့်နှစ်ဆန်းတစ်ရက်နေ့များတွင် မလိုအပ်သောလိုက်စားမှုများအတွက် ကြေးငွေများသောင်းချီ၍ ဖြုန်းတီးကြဦးမည်ဖြစ်သည်။ သို့ရာတွင် ဤဆုတ်ယုတ်နေသောကမ္ဘာကြီးတွင် ကျွန်ုပ်တို့အနေဖြင့် ယင်းအကျင့်ဓလေ့များနှင့်ကင်းကွာ၍နေနိုင်ကြသည်။ ခံတွင်းအာသာပြေရုံအတွက်သော်လည်းကောင်း၊ မလိုအပ်သောတန်ဆာဆင်မြန်းခြင်းနှင့် အဝတ်အစားဝယ်ယူခြင်းအတွက်လည်းကောင်း ကြေးငွေများကိုဖြုန်းတီးပစ်မည့်အစား ကျွန်ုပ်တို့သည် လာမည့်အားလပ်သောနေ့ရက်များကို ဘုရားသခင်အားဂုဏ်ပြု၍ ဘုန်းတော်ကိုထင်ရှားစေသောအချိန်ကာလအနေဖြင့် ကျင်းပပြုလုပ်နိုင်ကြသည်။

ခရစ်တော်ယေရှုအာ ထိပ်တန်းရည်စူးချက်ဖြစ်စေသင့်ပေသည်။ သို့ရာတွင် ခရစ္စမတ်ပွဲတော်ကိုကျင်းပနေပုံက ဘုန်းတော်ကိုကိုယ်တော်ရှင်ထံတော်မှသေတတ်သောလူသားတို့ဘက်သို့ ပြောင်းလဲသွားစေခဲ့သည်။ အပြစ်များကိုချို့ယွင်းချက်များဖြင့်ပြည့်ဝလျက်ရှိသော စာရိတ္တမျိုးရှိသော လူသားတို့ကြောင့် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားကယ်တင်ရန် လောကကြီးသို့ကြွဆင်းလာခဲ့ရတော်မူသည်။

ကောင်းကင်မှဘုန်းတော်တန်ခိုးတော်ရှင်ယေရှုသည် ကိုယ်တော်ရှင်၏ဘုရင်တို့၏ဘဝကိုဘေးဖယ်ထား၍ ဘုန်းတန်ခိုးတော်နှင့်ပြည့်ဝသောရာဇပလ္လင်တော်ကိုထားရစ်ခဲ့ပြီး ချည့်နဲ့သောစာရိတ္တရှိလျက် အပြစ်အားဖြင့်ညစ်ညမ်းပုပ်ပျက်နေသောလူသားတို့အား ကူညီထောက်ပံ့ကယ်တင်ရန် ကျွန်ုပ်တို့၏ကမ္ဘာလောကသို့ကြွဆင်းလာတော်မူသည်။

မိဘတို့သည် ဤအရာများကိုသူတို့သားသမီးတို့၏ရှေ့တွင်ထားရှိလျက် သူတို့တစ်ဦးကတစ်ဦးအတွက် ဆောင်ရွက်သောတာဝန်မဟုတ်၊ လက်ဆောင်များကို သူတို့အပြန်အလှန်ပေးခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦးဂုဏ်ပြုကြခြင်းမဟုတ်၊ ဘုရားသခင်၏တာဝန်ကိုထမ်းဆောင်ရာတွင် ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း သွန်သင်ပေးရမည်။

**သားသမီးတို့၏စိတ်ကူးဉာဏ်များကို လမ်းကြောင်းအသစ်ထဲသို့ဦးတည်ပေးပါ** – ကျွန်ုပ်တို့၏သားသမီးများနှင့်ဆွေမျိုးတော်စပ်သူတို့အား ကျွန်ုပ်တို့မကြာခဏပေးကမ်းကြသော မလိုအပ်သောလက်ဆောင်များထက် နှစ်သက်စရာလည်းဖြစ်၍ တန်ဖိုးမှာလည်းအဆပေါင်းများစွာနည်းပါးသော အရာဝတ္ထုမြောက်မြားစွာရှိပါသည်။ ၎င်းအရာများကိုကြံဆလုပ်ကိုင်ပေးခြင်းအားဖြင့် လေးစားမှုကိုပြနိုင်သမျှ အိမ်ထောင်၌လည်းပျော်ရွှင်မှုကိုဖန်တီးပေးနိုင်သည်။

သားသမီးတို့အားပေးကမ်းလိုက်သောလက်ဆောင်များ၏ပုံစံကိုဘာကြောင့်သင်တို့ကအပြောင်းအလဲပြုလုပ်ကြောင်းကို သူတို့အားရှင်းလင်းပြ၍ ယခုအချိန်အထိမိဘတို့အနေဖြင့် ဘုရားသခင်၏ဘုန်းတော်ထက် သူတို့၏ပျော်ရွှင်နှစ်သက်မှုကို ဦးစားပေးခဲ့ကြောင်းပြောပြရင်း သင်တို့၏သားသမီးများအား သင်ခန်းစာတစ်ခုကိုသင်ကြားပေးနိုင်သည်။ ရှေးခေတ်မှပညာရှင်ကြီးများကဲ့သို့ သင်တို့သည် ဘုရားသခင်အား သင်တို့၏အကောင်းဆုံးလက်ဆောင်များကို ဆက်ကပ်လှူဒါန်းနိုင်၍ အပြစ်များသောကမ္ဘာလောကကြီးအားပေးကမ်းခဲ့တော်မူသော လက်ဆောင်တော်ကြီးကယ်တင်ရှင်အတွက် သင်တို့သဘောကျနှစ်သက်၍ ကျေးဇူးတင်ကြောင်းကို ကိုယ်တော်ရှင်အားသင်တို့လှူဒါန်းဆက်ကပ်သောပစ္စည်းများအားဖြင့် ပြသနိုင်ကြသည်။ ကိုယ်တော်ရှင်၏တစ်ပါးတည်းသောသားတော်ကို လောကကြီးအတွက်စွန့်တော်မူခဲ့သောကြောင့် ဘုရားသခင်အားအလှူတော်ငွေများဆက်ကပ်လှူဒါန်းရန် သားသမီးတို့အားတိုက်တွန်းနိုးဆော်ပေးခြင်းအားဖြင့် သူတို့၏စိတ်ကူးဉာဏ်များကို အသစ်သောအတွေးစိတ်ကင်းသောလမ်းကြောင်းထဲသို့ ရောက်ရှိသွားအောင်ပြုလုပ်ပါ။

**"ခရစ္စမတ်သစ်ပင်တစ်ပင်ထားရှိကြပါစို့လား"** – **"ခရစ္စမတ်**ပွဲတော်နေ့တွင် ဘုရားရှိခိုးကျောင်းတိုင်း၌ ၎င်းဘုရားဝတ်ပြုကိုးကွယ်ရာအိမ်တော်အတွက် ကြီးငယ်မရွေးလက်ဆောင်များဖြင့်ချိတ်ဆွဲထားသောခရစ္စမတ်သစ်ပင်များထားရှိလျှင် ဘုရားသခင်သည် များစွာနှစ်သက်တော်

မှုလိမ့်မည်။ ကျွန်ုပ်တို့လည်း ခရစ္စမတ်သစ်ပင်ကိုထားရှိရမည်လား။ ၎င်း သစ်ပင်သည် လောကီဆန်သောသစ်ပင်မျိုးဖြစ်ရမည်လားဟူသော မေးခွန်း များပါရှိသောစာများကို ကျွန်ုပ်တို့လက်ဝယ်ရောက်ရှိလာခဲ့ပါသည်။ ကျွန်ုပ် တို့ကပေးလိုက်သောဖြေကြားချက်များမှာ သင်တို့အလိုရှိလျှင် လောကီဆန် သောသစ်ပင်မျိုးထားရှိနိုင်ပါသည်။ သို့တည်းမဟုတ် လောကီလုံးဝမဆန် သောသစ်ပင်မျိုးကို ထားရှိနိုင်ပါသည်။ မွှေးကြိုင်သည့်အနံ့ရှိသောသစ်ပင်ကို ရွေးချယ်၍ ကျွန်ုပ်တို့ဘုရားရှိခိုးကျောင်းများထဲတွင် စိုက်ထူထားရာ၌ ဒုစရိုက် ကျူးလွန်ခြင်းမဖြစ်ပေ။ သို့ရာတွင် ၎င်းသစ်ပင်များစိုက်ထူထားခြင်း၏ ရည်စူးချက်နှင့် သစ်ပင်ပေါ်၌ချိတ်ဆွဲထားသောလက်ဆောင်များကိုသုံးစွဲခြင်း တို့တွင် ဒုစရိုက်ကျူးလွန်မှုရှိနိုင်သည်ဟူ၍ဖြစ်သည်။

ခရစ္စမတ်သစ်ပင်သည် အချိန်အခါနှင့်ညီလျော်သောအရွယ်အစား ဖြစ်နိုင်သည်။ သို့ရာတွင် ၎င်းသစ်ပင်၏သစ်ကိုင်းများပေါ်တွင် သင့်စေတနာ အလျောက်လှူဒါန်းသော ရွှေသီးငွေသီးကဲ့သို့သောလက်ဆောင်များကို ခရစ္စမတ် လက်ဆောင်များအနေဖြင့် ဘုရားသခင်အားဆက်ကပ်လှူဒါန်းပါ။ သင်တို့ ဆက်ကပ်လှူဒါန်းသောအလှူတော်ငွေများကို ဆုတောင်းခြင်းအားဖြင့်သန့်ရှင်းစေ။

ဤခရစ္စမတ်နှင့်နှစ်သစ်ကူးပွဲတော်များကို မစခြင်းလိုအပ်သောသူတို့ အတွက်ကျင်းပနိုင်သည်။ ကျင်းပသင့်ပေသည်။ အိမ်ထောင်ကြီးများကို ကြည့်ရှုထိန်းသိမ်းသုတ်သင်ကျွေးမွေးရသောသူတို့အား ကူညီမစသောအနေ ဖြင့် ကျွန်ုပ်တို့သည် လက်ဆောင်များပေးကမ်းလျှင် ဘုရားသခင်၏ဘုန်း တော်ကို ထင်ရှားရာရောက်ပါသည်။

**အလှူငွေများဖြင့်လေးလံစွာချိတ်ဆွဲထားသောသစ်ပင်သည် ဒုစရိုက် ကျူးလွန်ခြင်းမဟုတ်ပေ** – ဥပုသ်စာဖြေကျောင်းကိုတက်ရောက်ကြသော သူတို့၏ပျော်ရွှင်မှုအတွက် ဘုရားရှိခိုးကျောင်းထဲ၌ စိုက်ထူထားသောထင်းရှူး ပင်သည် အပြစ်ဖြစ်သည်ဟု မိဘများအနေဖြင့်မယူဆသင့်ပေ။ အဘယ် ကြောင့်ဆိုသော် ၎င်းအားကြီးမားသောမင်္ဂလာတစ်ရပ်အနေဖြင့် ပြုလုပ်နိုင် သည်။ ပရဟိတတည်းဟူသော တစ်ပါးအကျိုးကိုပြုနိုင်သည့်အရာဝတ္ထုများကို

သူတို့အားသိရှိပါစေ။ ခရစ္စမတ်ပွဲတော်အား ပျော်ပွဲရွှင်ပွဲသက်သက်မဖြစ်စေရ၊ အချို့သောသူတို့သည် ဤပွဲတော်ရက်ကို သတိကင်းမဲ့စွာ ပျော်ပွဲရွှင်ပွဲတစ်ခု အနေဖြင့်သာကျင်းပပြီး ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ စိတ်ကူးထဲ ၌ပင်မထည့်စေကာမူ၊ အခြားသောသူတို့အတွက် ဤပွဲတော်ရက်သည် အလွန် အကျိုးဖြစ်ထွန်းသောအခါမျိုးဖြစ်သည်။ စာရိတ္တပျက်ပြားစေသောလူစုလူဝေး များအတွက် အပြစ်ကင်းသောပျော်ပွဲများဖြင့် အစားထိုးနိုင်သောကြောင့် ကျွန်ုပ် တို့အနေဖြင့်ကျေနပ်မှုရှိသည်။

**ခရစ္စမတ်ပွဲတော်နေ့အတွက် အပြစ်ကင်းသောပျော်ရွှင်မှုဖန်တီး ထားရှိပါ** – ကျွန်ုပ်၏ခရစ်ယာန်ညီအစ်ကိုမောင်နှမအပေါင်းတို့၊ သင်တို့ သည် ဘုရားသခင်အားကြောက်ရွံ့ရိုသေစွာဖြင့် တာဝန်ကိုဆောင်ရွက်ရန် အတွက် သင်တို့ကိုယ်တိုင်အား ခါးကိုစည်းကြမည်မဟုတ်လား။ ခရစ္စမတ် ပွဲတော်ကိုခြောက်ကပ်ကပ်မဖြစ်စေဘဲ၊ ၎င်းအပြင် စိတ်ဝင်စားဖွယ်မကောင်း အောင်မဖြစ်စေဘဲ အပြစ်ကင်းသောပျော်ရွှင်မှု၊ ဘုရားသခင်နှစ်သက်တော် မူသော ပျော်ရွှင်မှုမျိုးဖြစ်ရမည်။ ဆင်းရဲနွမ်းပါးသောလူတန်းစားများက ၎င်းအကြံပြုချက်များကို ကြိုဆိုကြလိမ့်မည်ကို ကျွန်ုပ်တို့သိရှိသည်။ ချမ်းသာ ကြွယ်ဝသောသူတို့ကလည်း စိတ်ဝင်စားမှုကိုပြ၍ ဘုရားသခင်ကသူတို့အား အပ်နှင်းထားတော်မူသော ကြေးငွေများ၏အချိုးအစားအလိုက် လှူဒါန်းသင့် ကြပေသည်။ ဘုရားသခင်၏အမှုတော်ကိုထောက်ပံ့ရန် ၎င်းအပြင်ကိုယ်တော်ရှင် ၏နိုင်ငံတော်ကိုတည်ဆောက်ရန်အတွက် လှူဒါန်းကြမည့်အလှူငွေများအတွက် ကြောင့် ၎င်းကဲ့သို့သောခရစ္စမတ်ပွဲတော်မျိုးကို တစ်ခါမျှရှေးကမမြင်ခဲ့ဖူး ဟူသောမှတ်တမ်းကို ကောင်းကင်စာစောင်များထဲတွင် မှတ်တမ်းတင်ထား ပါလေစေ။

———ooo———

## အခန်း ၇၈
# အိမ်ထောင်သည်သာသနာပြုရာအရပ်ဖြစ်ခြင်း

**မိဘတို့သည်သားသမီးများအားလမ်းမှန်ထဲသို့လမ်းပြပို့ဆောင်ပေးသင့်ခြင်း** – ကျွန်ုပ်တို့သည် မိဘများအနေဖြင့်လည်းကောင်း၊ ခရစ်ယာန်များအနေဖြင့်လည်းကောင်း သားသမီးတို့အားလမ်းမှန်ထဲသို့လမ်းပြပို့ဆောင်ရန်တာဝန်ရှိသည်။ ခရစ်တော်နှင့်တူညီသောဆောင်ရွက်မှုမျိုးလုပ်ဆောင်သောလမ်းကြောင်းများထဲသို့ သူတို့အားသတိဝီရိယရှိစွာဖြင့်လည်းကောင်း၊ လိမ္မာပါးနပ်စွာဖြင့်လည်းကောင်း လမ်းပြပို့ဆောင်ပေးရမည်။ ကိုယ်တော်၏အမှုတော်ကိုထမ်းဆောင်စေရန်အတွက် ကျွန်ုပ်တို့၏သားသမီးများကို ကျွေးမွေးထိန်းသိမ်းကြရန် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပဋိညာဉ်ဖွဲ့ထားကြသည်။ တာဝန်ထမ်းဆောင်သောဘဝအသက်တာမျိုး၌ရပ်တည်စေမည့် ဩဇာသက်ရောက်မှုမျိုးဖြင့် သူတို့အားဝန်းရံထားစေရန်လည်းကောင်း၊ သူတို့အားလိုအပ်သောသွန်သင်မှုကိုပေးရန်လည်းကောင်း ကျွန်ုပ်တို့၏တည်မြဲခိုင်မာသောဝတ္တရားဖြစ်သည်။

**သားသမီးတို့သည် ခေတ်သစ်ဒံယေလများနှင့်ဧသတာများဖြစ်နိုင်သည်** – ကျွန်ုပ်တို့၏သားသမီးများအတွက် ကျွန်ုပ်တို့၌ထားရှိသောမျှော်မှန်းချက်ထက် ဘုရားသခင်၏ရည်စူးချက်သည် ပိုမိုကျယ်ပြန့်ခြင်း၊ ပိုမိုနက်ရှိုင်းခြင်း၊ ပိုမိုမြင့်မားခြင်းတို့ဖြင့်ပြည့်စုံသည်။ အတိတ်ကာလတွင် သစ္စာတရားနှင့်ပြည့်စုံခဲ့သည်ဟူ၍ ကိုယ်တော်ရှင်တွေ့မြင်တော်မူထားသောအနိမ့်ချဆုံးလူစုထဲမှပုဂ္ဂိုလ်များကို ကမ္ဘာ့အမြင့်ဆုံးနေရာများ၌ ကိုယ်တော်အတွက်သက်သေခံရန် ကိုယ်တော်ရှင်သည် ရွေးကောက်တော်မူခဲ့သည်။ ယုဒအိမ်ထောင်တွင်ကြီးပြင်းလာခဲ့၍ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ကိုယ်တော်ရှင်၏ဆောင်ရွက်မှုများကိုလေ့လာလျက် သစ္စာရှိရှိဖြင့်အမှုတော်ထမ်းဆောင်နှင့်ပတ်သက်သောသင်ခန်းစာများကို လေ့လာသင်ကြားခဲ့သော ဒံယေလကဲ့သို့ ခေတ်သစ်လူငယ်အမြောက်အမြားတို့သည် ဥပဒေပြုလွှတ်တော်

များ၌လည်းကောင်း၊ တရားရုံးများ၌လည်းကောင်း၊ ဘုရင်တို့၏နန်းတော်များ၌လည်းကောင်း ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်တည်းဟူသော ဘုရားသခင်အတွက်သက်သေခံကြလိမ့်မည်။ လူပေါင်းမြောက်မြားစွာတို့အား ပိုမိုကျယ်ပြန့်သောတာဝန်ကိုထမ်းဆောင်စေရန် ဘုရားသခင်သည်ခေါ်တော်မူမည်။ ဧဝံဂေလိတရားတော်ကို ကမ္ဘာတစ်ဝန်းလုံးဖြန့်ချိဆောင်ရွက်ရမည်ဖြစ်သည်။ မေတ္တာတော်အရှင်ဘုရားသခင်ကိုသိကျွမ်းမှုအတွက် အပြစ်နှင့်ပြည့်ဝသောသူတို့၏ကမ္ဘာ့အရပ်လေးမျက်နှာမှကြွေးကြော်တောင်းဆိုလျက်ရှိကြသည်။ အသိပညာကိုရရှိထားပြီးဖြစ်သောကျွန်ုပ်တို့၌လည်းကောင်း၊ ၎င်းအသိပညာကိုလက်ဆင့်ကမ်းသင်ကြားပေးထားသော ကျွန်ုပ်တို့၏သားသမီးများ၌လည်းကောင်း၊ ယင်းကြွေးကြော်တောင်းဆိုသံကို နားထောင်လျှောက်လိုက်ရမည့်တာဝန်ရှိသည်။ ဧဝံဂေလိတရားကိုရရှိထားပြီးဖြစ်သော အိမ်ထောင်တိုင်းနှင့်စာသင်ကျောင်းတိုင်းသို့လည်းကောင်း၊ မိဘတိုင်း၊ ဆရာသမားတိုင်းနှင့်ကလေးသူငယ်တိုင်းသို့လည်းကောင်း ဣသရေလလူမျိုးတို့၌အရေးကြုံနေချိန်တွင် ဧသတာအားမေးမြန်းလိုက်သော "ယခုအမှုကိုဆောင်ဖို့ရာမိဖုရားအရာကိုရသည်ဟု ထင်စရာရှိသည်မဟုတ်လော" ဆိုသောမေးခွန်းသည် ယခုအခါအရေးကြုံနေသည့်ခေတ်တွင် ရောက်ရှိလာလျက်ရှိသည်။

**ခရစ်တော်အတွက်သက်သေခံရန် အောင်မြင်သေနည်းလမ်းများ** – လူအားလုံးတို့သည် တိုင်းတစ်ပါးနိုင်ငံခြားသို့ သာသနာပြုဆရာများအနေဖြင့် မသွားရောက်နိုင်ပေ။ သို့ရာတွင် မိမိတို့အိမ်ထောင်များနှင့်ပတ်ဝန်းကျင်များတွင် လူအားလုံးတို့သည် အနည်းနည်းသာသနာပြုဆရာများဖြစ်နိုင်ကြသည်။ အသင်းတော်သားများသည် သူတို့၏အနီးပတ်လည်၌ရှိကြသောသူတို့အား သတင်းစကားကိုဟောပြောနိုင်သောနည်းလမ်းမြောက်မြားစွာရှိသည်။ အောင်မြင်မှုအရှိဆုံးဖြစ်သောနည်းလမ်းတစ်ခုမှာကူညီမစတတ်၍ အတ္တစိတ်ကင်းသောခရစ်ယာန်ဘဝ၌ ကျင်လည်ခြင်းဖြစ်သည်။ ဘဝအသက်တာ၏အခက်အခဲများကို တွန်းလှန်နေကြရရှာသောသူတို့အား အနည်းငယ်မျှသောကုန်ကျစရိတ်ပင်မရှိသော ဂရုတစိုက်ကျေးဇူးပြုခြင်း

အားဖြင့် ရွှင်လန်းစေနိုင်၍ အားအင်သစ်ကိုရရှိနိုင်သည်။ ရိုးသားစွာပြောဆိုသည့် ကြင်နာသောစကားများသည်လည်းကောင်း၊ စေတနာဖြင့်ပြုလုပ်သောကျေးဇူးများတို့သည်လည်းကောင်း ဝိညာဉ်အားဝန်းရံလျက်နေသော စုံစမ်းသွေးဆောင်ခြင်းနှင့်စိတ်ဒွိဟဖြစ်ခြင်းတည်းဟူသော မိုးတိမ်တိုက်ကိုလွင့်သွားစေရန်ဖြစ်သည်။ ရိုးသားသောစေတနာဖြင့် အသည်းကြားထဲမှထွက်ပေါ်လာသော ခရစ်တော်နှင့်တူညီသော ကိုယ်ချင်းစာသည့်ဖွင့်ဟပြောဆိုခြင်း၌ ခရစ်တော်၏စိတ်သဘောထားနှင့် ရိုးသား၍နူးညံ့သိမ်မွေ့သောတွေ့ထိခြင်းကိုလိုအပ်သော စိတ်နှလုံးများ၏တံခါးကိုဖွင့်ရန် တန်ခိုးအာနိသင်ရှိသည်။

အမျိုးသားများနည်းတူ အမျိုးသမီးများဆောင်ရွက်နိုင်သော ဝန်းထမ်းဆိုင်ရာနယ်ပယ်မှာ ကျယ်ဝန်းလှပေသည်။ အချက်အပြုတ်ကျွမ်းကျင်သော အမျိုးသမီး၊ ချုပ်နည်းကိုကျွမ်းကျင်သောအမျိုးသမီးများ၊ သူနာပြုအလုပ်ကို လုပ်ကိုင်တတ်သောအမျိုးသမီးများမှစသော အတတ်ပညာသည်တို့၏အကူအညီလိုအပ်နေပါသည်။ ဆင်းရဲနွမ်းပါးသောမိသားစုများအား ချက်ပြုတ်နည်းကိုလည်းကောင်း၊ သူတို့၏အဝတ်အထည်များကို ဖာထေးချုပ်လုပ်နည်းကိုလည်းကောင်း၊ သူနာပြုစုခြင်းစောင့်ရှောက်နည်းကိုလည်းကောင်း၊ အိမ်ထောင်ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်နည်းကိုလည်းကောင်း သင်ကြားပေးနိုင်သည်။ ကလေးသူငယ်များကိုပင် သူတို့ကံမကောင်းအကြောင်းမလှသောသူများအတွက် မေတ္တာကရုဏာဖြင့် ကြီးငယ်မရွေးကိစ္စရပ်များကိုဆောင်ရွက်ပေးနိုင်သည်။

**အခြားသောသူတို့အတွက်ဆောင်ရွက်ရာတွင် ကလေးများနှင့်လူငယ်လူရွယ်များပါဝန်ရန်** – အချို့သောသူတို့သည် တာဝန်ကိုရှောင်သည့်အနေဖြင့် "ကျွန်တော်၊ ကျွန်မတို့ရဲ့အိမ်ထောင်ဆိုင်ရာတာဝန်တွေ၊ သားသမီးများအတွက် ဆောင်ရွက်နေရတဲ့တာဝန်တွေထမ်းဆောင်နေရလို့ ကျွန်တော်ကျွန်မတို့မှာ ငွေကုန်၊ အချိန်ကုန်ဖြစ်နေလို့ ကျွန်တော်ကျွန်မတို့ရဲ့အကူအညီကိုတော့သည်းခံပါ" ဟုဆိုပြုကြသည်။ မိဘတို့၊ သင်တို့၏သားသမီးများသည် သင်တို့အားလိုအပ်သောလုပ်အားကိုပေးလျက်

ကယ်တင်ရှင်သခင်ယေရှုအတွက် အမှုတော်ကိုထမ်းဆောင်ရာ၌ သင်တို့၏ တိုးတက်သောခွန်အားနှင့်စွမ်းရည်ဖြစ်ပါလေစေ။ သားသမီးများသည် ဘုရားသခင်၏အိမ်ထောင်တွင် ငယ်ရွယ်သောအိမ်ထောင်သားများဖြစ်ကြ သည်။ သူတို့ကိုယ်ကိုဘုရားသခင်အားဆက်ကပ်ပါစေ။ သူတို့သည် ဖန်ဆင်း ခံရမှုကြောင့်လည်းကောင်း၊ ရွေးနုတ်ခြင်းခံရမှုကြောင့်လည်းကောင်း သူတို့ အားကိုယ်တော်ရှင်ပိုင်ဆိုင်တော်မူသည်။ သူတို့၏ကာယခွန်အား၊ ဉာဏ ခွန်အားနှင့်ဝိဉာဏခွန်အားများကို ကိုယ်တော်ရှင်ပိုင်ဆိုင်တော်မူကြောင်းကို သူတို့အားသင်ကြားပေးပါ။ အတ္တစိတ်ကင်းသော အမျိုးမျိုးသောဆောင်ရွက် မှုများတွင် တစ်တပ်တစ်အားအနေဖြင့်ကူညီထမ်းဆောင်ရန် သူတို့အားသင်တန်း ပေးသင့်ပေသည်။ သင်တို့၏သားသမီးတို့အား အဟန့်အတားများမဖြစ်ပါ စေနှင့်။ သားသမီးတို့သည် ဝိညာဉ်ရေးဆိုင်ရာနှင့်ခန္ဓာဆိုင်ရာဝန်ထုတ်များကို သင်တို့နှင့်ခွဲဝေ၍ထမ်းသင့်ကြသည်။ အခြားသောသူတို့အားမစခြင်းအားဖြင့် သူတို့ကိုယ်တိုင်၏ဝမ်းမြောက်ခြင်းနှင့်အသုံးဝင်ခြင်းကို ပိုမိုတိုးတက်စေသည်။

အသင်းတော်၌ရှိကြသည့်လူငယ်လူရွယ်တိုင်းသည် သူတို့ကိုယ်ကို ဘုရားသခင်အားတည်ကြည်စွာဆက်ကပ်ထားလျှင်လည်းကောင်း၊ အိမ်ထောင် တွင် မိမိတို့၏ကိုယ်ကိုငြင်းပယ်လျှင်၊ သူတို့၏စိတ်ပင်ပန်းကိုယ်ပင်ပန်းဖြစ် သော မိခင်တို့ကိုသက်သာရာသက်သာကြောင်းကို ကူညီဆောင်ရွက်ကြလျှင် လည်းကောင်း ကျွန်ုပ်တို့၏အသင်းတော်များ၌ အမှန်တကယ်ကြီးမားသော ပြောင်းလဲမှုကြီး ဖြစ်ပေါ်လာမည်သာတည်း။ မိခင်တို့သည် အနီးတစ်ဝိုက် ၌ရှိသောအိမ်နီးနားချင်းများထံသို့ အလည်အပတ်သွားရောက်၍ သာသနာပြု လုပ်ငန်းကိုဆောင်ရွက်နိုင်ကြလိမ့်မည်။ အခွင့်အရေးရလျှင် ကလေးသူငယ် တို့သည် မေတ္တာကရုဏာအရင်းခံသော ဆေးပေးမီးယူစသောအတိုအထွာ လုပ်ငန်းကလေးများကို ပျူပျူငှာငှာလူတကာတို့အတွက်ဆောင်ရွက်ပေးနိုင် လျှင် ဘယ်မျှလောက်ကောင်းကျိုးများဖြစ်ထွန်းလိမ့်မည်နည်း။ ဤနည်းအား ဖြင့် ကျွန်ုပ်တို့၏ဘာသာရေးဆိုင်ရာယုံကြည်ခြင်းကို လက်မခံသေးသည့် ထောင်သောင်းမကသော မရှိဆင်းရဲသားတို့၏အိမ်ထောင်များသို့ ချဉ်းကပ်

ဝင်ရောက်နိုင်မည်ဖြစ်သည်။ ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံခြင်းဆိုင်ရာ စာပေများတို့ကို များစွာသောအိမ်ထောင်များသို့ပို့ပေးနိုင်သည်။ ဤစာစောင်များဝေငှဖြန့်ချိရေးသည် အရေးပါအရာရောက်သောအလုပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းစာပေများတွင် ရောဂါကုသရေးနှင့်ပတ်သက်၍ တန်ဖိုးရှိလှသောပညာပေးသြဝါဒများပါရှိသည်။ ၎င်းအသိပညာသည် ရောဂါကုသသောသမားတော်ကြီးများအိမ်သို့ခေါ်ဖိတ်ရန် စရိတ်စကမတတ်နိုင်သောသူတို့အတွက် မင်္ဂလာတစ်ရပ်ဖြစ်လိမ့်မည်။

**ဘုရားသခင်သည်ကလေးသူငယ်တို့အား သာသနာပြုများဖြစ်စေလိုတော်မူသည်** – ကလေးသူငယ်တိုင်းအား ဘုရားသခင်၏သားသမီးများအဖြစ်သို့လည်းကောင်း၊ ကိုယ်တော်ရှင်၏အိမ်သားများအဖြစ်သို့လည်းကောင်း သွတ်သွင်းရန်ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ သူတို့သည် ငယ်ရွယ်သော်လည်း သူတို့သည် ယုံကြည်ခြင်းအိမ်ထောင်၏အိမ်ထောင်သားများဖြစ်လာနိုင်၍ တန်ဖိုးအရှိဆုံးအတွေ့အကြုံမျိုးကို ရရှိနိုင်ကြသည်။

သူတို့၏နုနယ်သောအချိန်တွင် သူတို့သည် ဘုရားသခင်၏အမှုတော်အတွက် အသုံးဝင်သောသူများဖြစ်လာနိုင်ကြသည်။ သူတို့သည် သည်းခံသောစိတ်ကိုလည်းကောင်း၊ ညည်းတွားဆူပူတတ်သောစိတ်ကိုလည်းကောင်း၊ အပြစ်ဒုစရိုက်ရှိသမျှကိုလည်းကောင်း အောင်မြင်နိုင်နင်းရန် ကိုယ်တော်ရှင်က သူတို့အား ကိုယ်တော်ရှင်၏ကျေးဇူးတော်နှင့်ကိုယ်တော်ရှင်၏သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မူသည်။ ယေရှုရှင်သည် ကိုယ်တော်ရှင်၏သားသမီးများကိုချစ်တော်မူသည်။ သူတို့အတွက် ကိုယ်တော်ရှင်သည် ကောင်းချီးမင်္ဂလာများအားထားရှိတော်မူ၍ သူတို့သည် သူတို့၏မိဘများအားနားထောင်လေးစားကြရန် ကိုယ်တော်ရှင်သည် အလိုတော်ရှိတော်မူသည်။ ကိုယ်တော်ရှင်အတွက်အမှုတော်ကိုထမ်းဆောင်ရန် အတ္တပျော်ရွှင်မှုခံစားဖို့ သူတို့၏စိတ်ဆန္ဒများနှင့်လိုက်လျောမှုများကိုငြင်းပယ်သော ကိုယ်တော်ရှင်၏သာသနာပြုဆရာများဖြစ်လာကြစေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ ယင်းကဲ့သို့

သောလုပ်ဆောင်မှုသည် ကိုယ်တော်ရှင်အတွက် လူကြီးပိုင်း၏လုပ်ဆောင်မှုနှင့်မခြား လက်ခံဖွယ်ဖြစ်သည်။

မိဘတို့သည် ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း ပြောင်းလဲခြင်းမရှိသေးသောသူများအတွက် အမှုတော်ကိုဆောင်ရွက်ရန် သွန်သင်ပေးသင့်ကြပေသည်။ သားသမီးတို့သည် သက်ရွယ်ကြီးရင့်သောသူတို့နှင့် ဒုက္ခဝေဒနာခံစားနေရသောသူတို့အပေါ် ကိုယ်ချင်းစာနာသောစိတ်သဘောထားရှိလျက် ဆင်းရဲနွမ်းပါးသောသူတို့နှင့် စိတ်ဒုက္ခကိုယ်ဒုက္ခရောက်နေသောသူတို့၏ခံစားချက်များကို သက်သာစေမှုအတွက်ကြိုးပမ်းကြစေရန် သွန်သင်ပေးသင့်ကြပေသည်။ သူတို့သည် သာသနာပြုအမှုတော်ကြီးကိုဝီရိယရှိစွာဖြင့်ဆောင်ရွက်ကြရန်အတွက် သွန်သင်ပေးသင့်ပေသည်။ ၎င်းအပြင်သူတို့သည် ဘုရားသခင်နှင့်လက်တွဲဆောင်ရွက်ကြသော အမှုတော်ထမ်းများဖြစ်လာကြမည့်အကြောင်း သူတစ်ပါးတို့၏ကောင်းကျိုးအတွက်နှင့် ခရစ်တော်၏အမှုတော်တိုးတက်ကြီးပွားမှုအတွက် သူတို့ကိုယ်ကိုငြင်းပယ်၍ ကိုယ်ကျိုးကိုအနစ်နာခံကြစေရန် သူတို့အားငယ်စဉ်တောင်ကျေးအကလေးဘဝကပင် သွန်သင်ပေးသင့်ပေသည်။

ယေရှုရှင်၌ရှိသောသမ္မာတရားကို မိမိတို့၏သားသမီးများအား မိဘတို့ကသင်ကြားပေးပါစေ။ သားသမီးတို့သည် သူတို့၏ရောင်းရင်းတို့အားသင်ကြားတတ်မြောက်ထားသမျှကို ရိုးသားစွာပြန်လည်လက်ဆင့်ကမ်းကြလိမ့်မည်။

**လူငယ်လူရွယ်များအတွက်အသင်းတော်၌အလုပ်ရှိသည်** – လူငယ်လူရွယ်များသည် သူတို့အားအပ်နှင်းထားတော်မူသောစွမ်းရည်များကိုအသုံးပြုကြစေရန် သင်တန်းပေးဖို့ အသင်းတော်ကိုအုပ်ချုပ်ကွပ်ကဲရသောခေါင်းဆောင်များသည် နည်းလမ်းကိုရှာဖွေကြပါစေ။ အသင်းတော်၌ရှိသောသက်ကြီးဝါကြီးများသည် ကလေးများနှင့်လူငယ်လူရွယ်တို့အတွက် အားကြိုးမာန်တက်ရှိစွာဖြင့်လည်းကောင်း၊ မေတ္တာရှေ့ထား၍လည်းကောင်း ကြိုးပမ်းဆောင်ရွက်ကြပါစေ။ ဓမ္မဆရာများသည် သူတို့၏သာသနာပြုအမှုတော်

ကြီးကိုဆောင်ရွက်ရာတွင် အသင်းတော်မှအသင်းသားလူငယ်တို့၏လက်တွဲဆောင်ရွက်မှုကိုရရှိစေရန် သူတို့၏ဉာဏ်စွမ်းရှိသမျှ နည်းလမ်းများကိုရှာဖွေအကောင်အထည်ဖော်ကြပါစေ။ သို့ရာတွင် သာသနာပြုဆိုင်ရာဓမ္မစည်းဝေးများတွင် ရှည်လျားသောတရားဟောချက်များကိုဟောပြောခြင်းအားဖြင့် လူငယ်တို့၏တက်ကြွသောစိတ်ဝင်စားမှုကို နှိုးဆော်ပေးနိုင်လိမ့်မည်ဟု စိတ်ကူးမပေါက်ကြပါနှင့်။ တက်ကြွသောစိတ်ဝင်စားမှုနှင့် နိုးကြားလာစေရန်နည်းလမ်းများကို ရှာဖွေအကောင်အထည်ဖော်ပါ။ လူတိုင်းအားတစ်တပ်တစ်အားအနေဖြင့် ပါဝင်ဆောင်ရွက်ပါစေ။ သူတို့အားပေးအပ်ထားသောတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ရန်သင်တန်းပေးပါ။ ရက်သတ္တပတ်ပြီးတစ်ပတ် သူတို့၏ဆောင်ရွက်မှုများကို သာသနာပြုအစည်းအဝေးများတွင်တင်ပြ၍ သူတို့ရင်ဆိုင်တွေ့ကြုံခဲ့ရသမျှကိုလည်းကောင်း၊ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သူတို့ရရှိခဲ့သောအောင်မြင်မှုများကိုလည်းကောင်း ပြန်လည်သုံးသပ်ပါ။ မိမိကိုယ်ကိုဆက်ကပ်ထားသောအမှုတော်ဆောင်များက ၎င်းအစီရင်ခံချက်များကိုတင်ပြကြလျှင် သာသနာပြုဆိုင်ရာအစည်းအဝေးများသည် ပျင်းရိခြောက်ကပ်ဖွယ်ဖြစ်မည်မဟုတ်ဘဲ ရာနှုန်းပြည့်စိတ်ဝင်စားမှုရှိမည့်အပြင် စည်းဝေးတက်ရောက်ကြသောဦးရေလည်း နည်းပါးလိမ့်မည်မဟုတ်ပေ။

**ပတ်ဝန်းကျင်၌အခွင့်အရေးများကိုရှာဖွေပါ** – အခွင့်အရေးဆိုသည်မှာ လူတိုင်းလက်လှမ်းမမီသောအရာဖြစ်သည်။ သင်တို့ပတ်ဝန်းကျင်၌ အပြီးဆောင်ရွက်အပ်သောအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ပါ။ ၎င်းအလုပ်ကိုဆောင်ရွက်ရန် သင့်တာဝန်ဖြစ်သည်။ ခြေလှမ်းများကိုရှေ့သို့တက်လှမ်းရန် သင်တို့အားသူတစ်ပါးတို့၏တိုက်တွန်းပေးမှုကို စောင့်ဆိုင်းမနေပါနှင့်။ သင်တို့တစ်ဦးစီအတွက် မိမိအသက်တာကိုစွန့်တော်မူသော ကယ်တင်ရှင်ကျေးဇူးတော်သခင်အတွက် သင်တို့ပုဂ္ဂလိကတာဝန်ကို အမြဲသတိပြုလျက်နှောင့်နှေးခြင်းမရှိဘဲ ရှေ့သို့တိုးတက်အောင်ဆောင်ရွက်ပါ။ အိပ်စက်နေရာမှနိုးထရန်လည်းကောင်း၊ ကိုယ်တော်ရှင်ကအပ်နှင်းထားတော်မူသော စွမ်းရည်ရှိသမျှကိုအသုံးပြုလျက် ကိုယ်တော်ရှင်၏အမှုတော်ကိုဆောင်ရွက်ရာတွင်

အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်ရန်လည်းကောင်း၊ ခရစ်တော်အရှင်၏ ကိုယ်တော်တိုင်မိန့်မှာချက်များကို သင်တို့ကြားရဘိအလား တက်တက်ကြွကြွ အမှုတော်ကိုထမ်းဆောင်ပါ။ အခြားဘယ်သူဘယ်ဝါသည် အသက်ရှင်တော်မူသော ဘုရားသခင်၏တိုက်တွန်းနှိုးဆော်မှုကို လိုက်နာရန်အသင့်ဖြစ်နေပြီ ကိုစောင့်ကြည့်မနေပါနှင့်။ သင်တို့ကိုယ်တိုင်သည် ရာနှုန်းပြည့်ဆက်ကပ်မှုရှိလျှင် သင်တို့၏ဆောင်ရွက်မှုများအားဖြင့် မှောင်မိုက်၌ကျင်လည်နေသော လူအများတို့အား အလင်းတရားကိုလက်ဆင့်ကမ်းရန် ကိုယ်တော်ရှင်အသုံးပြုနိုင်တော်မူသောသူတို့ကို ကိုယ်တော်ရှင်သည် သမ္မာတရားထဲသို့ခေါ်ဆောင်လာတော်မူသည်။

**ခရစ်ယာန်အိမ်ထောင်များအား မှောင်မိုက်ဖုံးလွှမ်းနေသောတိုင်းပြည်များသို့သွားရောက်နေထိုင်ပါလေစေ** – မှောင်မိုက်လွှမ်းမိုး၍ မှားယွင်းမှုလမ်းစဉ်များ၌ကျင်လည်နေကြသောသူတို့ထဲတွင် သွားရောက်နေထိုင်၍ ကိုယ်တော်ရှင်အတွက် ဉာဏ်ပညာအမြော်အမြင်ရှိစွာဖြင့်လည်းကောင်း၊ ဖွဲကောင်းစွာဖြင့်လည်းကောင်းဆောင်ရွက်ရန် ခရစ်ယာန်အိမ်ထောင်များကို ဘုရားသခင်သည် ဖိတ်ခေါ်လျက်ရှိတော်မူသည်။ ၎င်းဖိတ်ခေါ်ခြင်းကိုလက်ခံရန် ကိုယ်ကိုကိုယ်အနစ်နာခံရန်လိုအပ်ပေသည်။ ခလုတ်တံသင်းရှိသမျှကို ဖယ်ရှားပေးရန် အများသောသူတို့သည်စောင့်ဆိုင်းနေစဉ် ကမ္ဘာပေါ်တွင် လူတို့သည်မျှော်လင့်ချက်မရှိ၊ ဘုရားသခင်ကိုမသိဘဲ မရဏာအတွင်းသက်ဆင်းလျက်ရှိကြသည်။ လောကီဆိုင်ရာအကျိုးထူးများခံစားမှုအတွက်လည်းကောင်း၊ သိပ္ပံပညာရရှိမှုအတွက်လည်းကောင်း မြောက်မြားစွာသောသူတို့သည် အသက်ကိုအန္တရာယ်ပြုသောနယ်ပယ်များသို့သွားရောက်လျက် အစာငတ်၊ ရေငတ်ခံကာ အခက်အခဲမျိုးစုံကိုရင်ဆိုင်ကြလိမ့်မည်။ ကယ်တင်ရှင်အကြောင်းကို အခြားသောသူတို့အားကြားပြောရန်အတွက် ၎င်းကဲ့သို့စွန့်စားလိုသောသူများ အဘယ်မှာရှိကြသနည်း။ မှောင်မိုက်၌ကျင်လည်နေကြသောသူတို့အား ကယ်တင်ရှင်ကိုညွှန်ပြနိုင်ရန် ဧဝံဂေလိတရားကိုလိုအပ်နေသောနယ်ပယ်များသို့ ပြောင်းရွှေ့နေထိုင်မည့်သူများဘယ်မှာရှိသနည်း။

အကယ်၍ အိမ်ထောင်သည်များသည် ကမ္ဘာမြေကြီးမှမှောင်မိုက်သောနေရာများတွင်လည်းကောင်း၊ ဝိညာဉ်ရေးဆိုင်ရာမှောင်မိုက်လွှမ်းမိုးမှုကိုခံနေရသောနေရများ၌ နေထိုင်ကြသောသူတို့အထဲတွင်လည်းကောင်း သွားရောက်နေထိုင်လျက် သူတို့မှတစ်ဆင့် ခရစ်တော်ဘဝအသက်တာ၏အလင်းတရားကိုထွန်းလင်းစေလျှင် အမှုတော်အတွက် ကြီးမားသောအောင်မြင်မှုကြီးရရှိလိမ့်မည်ဖြစ်သည်။ သူတို့သည် အသင်းတော်၏အကူအညီမယူဘဲ မဖြစ်နိုင်အောင်စိတ်ကြီးဝင်စားမှုကြီးပွားလာသည့်တိုင်အောင် အသင်းတော်မှငွေကြေးထောက်ပံ့မှုကိုမယူဘဲ သူတို့အားကိုယ်ထူကိုယ်ထစနစ်ကျင့်သုံးလျက် အမှုတော်ကိုစတင်ဆောင်ရွက်ပါလေစေ။

**အခြားသောသူများမလုပ်နိုင်သောအလုပ်ကို ကလေးများကဆောင်ရွက်လိမ့်မည်** – လူကြီးပိုင်းမှပုဂ္ဂိုလ်များအား သမ္မာတရားကိုဟောပြောခွင့်ဆက်လက်၍မရတော့သည်ကို ကောင်းကင်ဗိုလ်ခြေတို့တွေ့မြင်ကြသောအခါ ဘုရားသခင်၏ဝိညာဉ်တော်သည် ကလေးသူငယ်များအပေါ်သို့ဆင်းသက်တော်မူမည်။ ထိုအခါသူတို့သည် အသက်ကြီးသောအမှုတော်ဆောင်များက နှောင့်ယှက်တားဆီးမှုကိုခံရသောကြောင့် ဟောပြောခြင်းမပြုနိုင်သောသမ္မာတရားကို ကလေးသူငယ်များကဟောပြောကြလိမ့်မည်။

ကမ္ဘာမြေကြီး၏သမိုင်းစဉ်မှနိဂုံးချုပ်မြင်ကွင်းများတွင် ရိုးသားစွာဖြစ်သော်လည်း တန်ခိုးအာနိသင်ရှိစွာဖြင့် သမ္မာတရားကိုတင်ပြခြင်းအားဖြင့်မြောက်မြားစွာသောကလေးသူငယ်တို့၏သက်သေခံခြင်းသည် လူသားတို့အားအံ့သြမဆုံးဖြစ်စေလိမ့်မည်။ သူတို့သည် ဘုရားသခင်အားကြောက်ရွံ့ရိုသေရန် သွန်သင်ခြင်းကိုခံခဲ့ရ၍ သူတို့၏နှလုံးသားများသည်လည်း သမ္မာကျမ်းစာကိုသေချာစွာဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်း ဖတ်ရှုလေ့လာထားခြင်းအားဖြင့် ပျော့ပျောင်းလျက်ရှိသည်။ မကြာမီသောအနာဂတ်ကာလတွင် မြောက်မြားစွာသောကလေးသူငယ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိ၍ အသင်းတော်မှအရွယ်ရောက်သောအသင်းသားများအနေဖြင့် သမ္မာတရားကိုကမ္ဘာလောကကြီးအား ကောင်းမွန်လွတ်လပ်စွာ

ဟောပြောခြင်းမပြုနိုင်သောအချိန်တွင် ကလေးသူငယ်များကဟောပြောကြလိမ့်မည်။

ဤအမှုတော်ကိုဆောင်ရွက်စေရန် ကလေးသူငယ်များအား လိုအပ်သောပြင်ဆင်မှုကိုဆောင်ရွက်ပေးရန် ကျွန်ုပ်တို့၏စာသင်ကျောင်းများကို ဘုရားသခင်သည် စီမံခန့်ခွဲထားတော်မူသည်။ ယခုခေတ်ကာလအတွက် အထူးသမ္မာတရားများကိုသိကျွမ်းစေရန်လည်းကောင်း၊ လက်တွေ့သာသနာပြုလုပ်ငန်းများကို တတ်ကျွမ်းစေရန်လည်းကောင်း ကလေးသူငယ်များကို သင်ကြားပေးရမည်။ ဖျားနာ၍ဒုက္ခဝေဒနာခံစားနေရသောသူတို့ကိုကူညီမစရန် ဖွဲ့စည်းထားရှိသောအမှုထမ်းများစာရင်းတွင် ကလေးသူငယ်များကို ပါဝင်ထည့်သွင်းထားရမည်။ ကလေးသူငယ်တို့သည် ဆေးဝါးသာသနာပြုလုပ်ငန်းတွင် တစ်တပ်တစ်အားအနေဖြင့်ပါဝင်ဆောင်ရွက်နိုင်၍ ၎င်းလုပ်ငန်းကိုသူတို့၏သေးငယ်သောအင်အားဖြင့် ကြီးပွားတိုးတက်စေနိုင်သည်။ သူတို့အားဖြင့် လောကီသားအပေါင်းတို့အား ဘုရားသခင်၏သတင်းစကားနှင့် ကယ်တင်သောကျန်းမာခြင်းဆိုင်ရာဒေသနာများကို ဟောပြောဖြန့်ချိရလိမ့်မည်။ ထို့ကြောင့် သိုးစုထဲမှသိုးငယ်များအတွက် အသင်းတော်အားတာဝန်ယူဆောင်ရွက်ပါလေစေ။ ဘုရားသခင်အတွက်အမှုတော်ထမ်းဆောင်စေရန် ကလေးသူငယ်များကို လိုအပ်သောသွန်သင်မှုကိုစာအားဖြင့်လည်းကောင်း၊ လက်တွေ့အားဖြင့်လည်းကောင်း သင်ကြားပေးပါလေ။

**လုပ်ကိုင်ခြင်းအားဖြင့်သင်ကြားခြင်း** – ခရစ်တော်အပေါ်မေတ္တာနှင့်သစ္စာစောင့်ထိန်းခြင်းတို့သည် စစ်မှန်သောဝန်ထမ်းခြင်းထွက်ပေါ်လာရန် စမ်းရေတွင်းဖြစ်သည်။ ကိုယ်တော်ရှင်မေတ္တာတော်၏တို့ထိခြင်းခံရသော စိတ်နှလုံးတွင် ကိုယ်တော်အတွက်အမှုတော်ကိုထမ်းဆောင်လိုသောဆန္ဒကိန်းအောင်လျက်ရှိသည်။ ၎င်းဆန္ဒကိုအားပေး၍ မှန်ကန်စွာစောင့်ထိန်းထားရန် နေအိမ်၌ဖြစ်စေ၊ ပတ်ဝန်းကျင်၌ဖြစ်စေ (သို့မဟုတ်) စာသင်ကျောင်း၌ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသောသူများ၊ ဒုက္ခဝေဒနာခံစားနေရသောသူများ၊ အသိတရားခေါင်းပါးသောသူများ၊ (သို့မဟုတ်) ကံမကောင်းအကြောင်းမလှ

သောသူတို့အား ကံဆိုးသောသူများအနေဖြင့်မဟုတ်ဘဲ တာဝန်ထမ်းဆောင်ရန် တန်ဖိုးရှိလှသောအခွင့်အရေးအနေဖြင့်တွေ့မြင်ရမည်။

ဤလုပ်ငန်းတွင် အခြားအခြားသောလုပ်ငန်းများကိုဆောင်ရွက်ခြင်းတွင် လုပ်ငန်းကိုယ်တိုင်မှတတ်ကျွမ်းမှုကိုရရှိလာသည်။ အလုပ်လုပ်ရင်း အသိပညာတိုးပွားလာသည်။ ဘဝအသက်တာ၏သာမန်တာဝန်များကိုထမ်းဆောင်ရန် သင်ကြားတတ်မြောက်ခြင်းအားဖြင့်လည်းကောင်း၊ မရှိဆင်းရဲသားများနှင့် ဒုက္ခဆင်းရဲခြင်းကိုရင်ဆိုင်ရသောသူတို့အတွက် ဆောင်ရွက်ပေးခြင်းအားဖြင့်လည်းကောင်း ကျွမ်းကျင်မှုကိုစိတ်ချစွာရရှိမည်ဖြစ်သည်။ ၎င်းကျွမ်းကျင်မှုမရှိလျှင် ထိပ်တန်းဖြစ်သောကြိုးပမ်းမှုများပင် အရည်အဖတ်မရဖြစ်လျက်အန္တရာယ်ပင်ဖြစ်လိမ့်မည်ဖြစ်သည်။ လူတို့သည် ကုန်းမြေပေါ်တွင်မဟုတ်ဘဲရေထဲတွင်ရေကူးခြင်းကို သင်ကြားတတ်မြောက်ကြသည်။

---ooo---

အပိုင်း (၁၇)

# ပျော်ရွှင်မှုနှင့်အပန်းဖြေခြင်း

## အခန်း ၇၉
# အပန်းဖြေမှုလိုအပ်ခြင်း

**အပန်းဖြေမှုနှင့်ပတ်သက်၍ တစ်ဖက်စွန်းကျသောရှုထောင့်** – ဘာသာအယူဝါဒသည် သူတို့အပေါ်သံတုတ်ဖြင့်မိုး၍အုပ်ချုပ်မင်းလုပ်သော မင်းဆိုးမင်းညစ်ကဲ့သို့ဖြစ်သည်ဟူ၍ အလွဲယူဆကြသောသူများဖြစ်သည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်များသည် သူတို့၏ချို့ယွင်းမှုနှင့်သူတို့၏စိတ်ကူးအားဖြင့် ရပ်တည်နေသောအကုသိုလ်များအတွက် အမြဲတမ်းညည်းတွားပြောဆိုလျက် ရှိကြသည်။ သူတို့၏စိတ်နှလုံးများထဲတွင် မေတ္တာဆိုသည်မှာ ဗလာနတ္ထိ မရှိဘဲဖြစ်နေသည်။ သူတို့၏မျက်နှာများသည် အမြဲတမ်းမျက်မှောင်ကုတ် လျက်ရှိနေသည်။ လူငယ်လူရွယ်များကဖြစ်စေ၊ အခြားသောပုဂ္ဂိုလ်များက ဖြစ်စေ အပြစ်ကင်းစွာရယ်မောကြခြင်းကို ကျောချမ်းကြသည်။ အပန်းဖြေ ခြင်း (သို့မဟုတ်) ပျော်ရွှင်ခြင်းရှိသမျှကို အပြစ်တစ်ခုအနေဖြင့်သဘောထား ၍ စိတ်ကိုအမြဲတမ်းချုပ်ထိန်းချိုးနှိမ်ထားရမည်ဟု ယူဆကြသည်။ ဤသည် မှာ တစ်ဖက်စွန်းရောက်ခြင်းမျိုးဖြစ်သည်။ အခြားသောသူတို့က ကျန်းမာ မှုကိုတိုးတက်စေရန် ပျော်ရွှင်မှုများအသစ်တီးထွင်စေဖို့ စိတ်ကိုအမြဲတမ်း လေ့ကျင့်နေစေရမည်ဟု ယူဆကြသည်။ သူတို့သည် စိတ်တက်ကြွမှုအပေါ် အားကိုးအားထားပြု၍ ၎င်းစိတ်တက်ကြွမှုမရှိလျှင် နေမထိထိုင်မသာဖြစ်တတ် ကြသည်။ ဤကဲ့သို့သောပုဂ္ဂိုလ်များသည် ခရစ်ယာန်အစစ်မဟုတ်ကြပေ။ သူတို့သည် အခြားတစ်ဖက်စွန်းသို့ရောက်နေသောသူများဖြစ်သည်။ ခရစ်ယာန် ဘာသာအယူဝါဒ၏စစ်မှန်သောအခြေခံကျင့်ဝတ်များသည် တိုင်းထွာ၍မရနိုင် သောအမြင့်၊ အစောက်၊ အလျား၊ အနံရှိသောပျော်ရွှင်ခြင်း၏အစမူလကို လူအားလုံးတို့ရှေ့တွင် ဖွင့်ထားလျက်ရှိပါသည်။

**စိတ်ဓာတ်ကိုမြင့်တင်လန်းဆန်းစေ၍ ကိုယ်ခန္ဓာကိုအင်အား ပြည့်ဝစေရန်** – ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန် သူတို့၏ကာယ ခွန်အားနှင့်ဉာဏခွန်အားများကို အသုံးပြုရမည်ဟူသောရည်စူးချက်ဖြင့် အပြစ်

ကင်းသောပျော်ရွှင်မှုကိုအသုံးပြုလျက် အားသစ်လောင်းပေးခြင်းအားဖြင့် သူတို့၏စိတ်ဓာတ်ကိုမြှင့်တင်လန်းဆန်းစေ၍ သူတို့၏ကိုယ်ခန္ဓာကို အင်အားပြည့်ဝစေရန်ကြိုးပမ်းဖို့ ခရစ်ယာန်များ၏အခွင့်အရေးဖြစ်သည်နှင့်အမျှ တာဝန်လည်းဖြစ်သည်။ ကျွန်ုပ်တို့၏ကျင့်သုံးသောပျော်ရွှင်မှုများသည် အဓိပ္ပါယ်ကင်းသောပျော်ရွှင်မှုမြင်ကွင်းများမဖြစ်စေဲ အညတရပုံသဏ္ဍာန်မျိုးကိုလည်းမဆောင်စေသင့်ပေ။ ကျွန်ုပ်တို့နှင့်ပေါင်းသင်းဆက်ဆံကြသောသူတို့အတွက်အကျိုးလည်းဖြစ်ထွန်းစေ၍ သူတို့၏အခြေအနေကိုလည်းမြှင့်တင်ပေးစေလျက် ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့ထမ်းဆောင်ရမည့်တာဝန်များကို အအောင်မြင်ဆုံးအကောင်အထည်ဖော်နိုင်ရန် သူတို့နှင့်ကျွန်ုပ်တို့ကိုယ်တိုင်အား ပိုမိုအရည်အသွေးပြည့်ဝစေရန် ၎င်းပျော်ရွှင်မှုများကိုအသုံးပြုရကြမည်။

ဥပုသ်စောင့်ထိန်းသောသူများအနေဖြင့် သူတို့ကိုယ်တိုင်အားအပြောင်းအလဲအနေဖြင့်ဖြစ်စေ၊ နားနားနေနေအတွက်ဖြစ်စေ အချိန်မရွေးဘဲအလုပ်ကိုအတိုင်းထက်အလွန်ဝါယမစိုက်ထုတ်လုပ်ကိုင်နေကြသောသူတို့ကိုကျွန်ုပ်တို့သည် ရှုပါရုံတွင်တွေ့မြင်ရပါသည်။ ကာယခွန်အားကိုအသုံးပြု၍အလုပ်လုပ်ကိုင်ကြသောသူတို့သည် အပန်းဖြေမှုကိုပိုမိုလိုအပ်လှပေသည်။ ဘာသာရေးဆိုင်ရာအကြောင်းကိစ္စရပ်များအတွက်ပင်ဖြစ်စေ၊ စိတ်အားအမြဲတစ်အားဖြင့်လည်းကောင်း၊ အလွန်အကျွံအားဖြင့်လည်းကောင်း အလုပ်များနေစေခြင်းသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်ဖြစ်စေ၊ ဘုရားသခင်၏ဘုန်းတော်အတွက်ဖြစ်စေ မလိုအပ်ပေ။

အပန်းဖြေမှုကိစ္စနှင့်ပတ်သက်၍ အိမ်ဂေဟာနှင့်စာသင်ကျောင်းများ၏ပတ်ဝန်းကျင်အခြေအနေသည် များစွာပတ်သက်လျက်ရှိသည်။ အိမ်ဂေဟာအတွက်လည်းကောင်း၊ စာသင်ကျောင်းအတွက်လည်းကောင်း၊ ဆောက်လုပ်ရန်နေရာကိုရွေးချယ်ရာတွင်လည်းကောင်း အကြောင်းအရာများကိုထည့်သွင်းစဉ်းစားသင့်ပေသည်။ ကြေးငွေဖြစ်စေ၊ လူ့အသိုက်အဝန်း၏တောင်းဆိုချက်များနှင့်ထုံးတမ်းစဉ်လာတို့ထက် ဉာဏခွန်အားနှင့်ကာယခွန်အားတို့က ပိုမိုအရေးပါအရာရောက်သောသူတို့သည် သူတို့၏သားသမီးများအတွက် သဘာဝ

ခမ္မ၏ပတ်ဝန်းကျင်နှင့်အပန်းဖြေမှု၏အကျိုးကျေးဇူးကို ရှာဖွေသင့်ကြပေသည်။

**အကောင်းဆုံးလုပ်ဆောင်မှုအတွက်အပန်းဖြေမှုလိုအပ်ခြင်း** – ကာယဆိုင်ရာလေ့ကျင့်မှုအတွက်အဆုံးပြုသောအချိန်သည် ဆုံးရှုံးမသွားပေ။ လူတစ်ယောက်စီ၏အကောင်းဆုံးလုပ်ကိုင်ဆောင်ရွက်နိုင်မှုအတွက် ကိုယ်ခန္ဓာ၏သုံးဆယ့်နှစ်ကောဋ္ဌာသဘောအစိတ်အပိုင်းများနှင့် စွမ်းရည်များ၏အချိုးကျလေ့ကျင့်ခန်းပြုလုပ်မှုသည် အထူးလိုအပ်လှပေသည်။ ဦးနှောက်ကိုအမြဲတစေအသုံးပြုနေချိန်တွင် အသက်ရှင်လျက်ရှိသောစက်ယန္တရားကြီးမှအခြားသောအင်္ဂါအစိတ်အပိုင်းများသည် လှုပ်ရှားမှုမရှိဘဲနေလျှင် ကာယခွန်အားနှင့်ဉာဏခွန်အားတို့၏အင်အားဆုတ်ယုတ်မှုသည် ဖြစ်ပေါ်လာလိမ့်မည်။ ကာယအစိတ်အပိုင်းတို့၏ဒေါင်ဒေါင်မြည်နေမှုသည် ယုတ်လျော့လျက် စိတ်သည်လည်း ၎င်းလန်းဆန်းမှုနှင့်အင်အားရှိမှုကိုဆုံးရှုံးသွားပြီးလျှင် ထိုင်းမှိုင်းသောစိတ်တက်ကြွမှုသာလျှင် ရလဒ်အနေဖြင့်ထွက်ပေါ်လာပေမည်။

အိပ်မက်ခြင်းနှင့်အလုပ်လုပ်ကိုင်ရန်အချိန်မှန်ကန်မှုအတွက် အထူးသတိပြုရန်လိုအပ်ပေသည်။ နားနေချိန်၊ အပန်းဖြေချိန်နှင့်အာရုံပြုချိန်များကိုသတ်မှတ်ထားရှိရမည်။ ခြိုးခြံမှုဆိုင်ရာအခြေခံကျင့်ဝတ်များသည် အများသောသူတို့ယူဆကြသည်ထက် နယ်ပယ်ပိုမိုကျယ်ဝန်းသည်။

**ကျောင်းသားများသည်အပန်းဖြေမှုကိုလိုအပ်ကြသည်** – စာပေများသင်ကြားနေသောသူတို့သည် အပန်းဖြေမှုရှိရမည်။ စိတ်အားအမြဲတစေမအားမလပ်ဖြစ်နေရလောက်အောင် အလုပ်မလုပ်စေရ။ အဘယ်ကြောင့်ဆိုသော် နုနယ်လှသောဉာဏယန္တရားကြီးသည်ပွန်းပဲ့လာသည်။ ကိုယ်ခန္ဓာနှင့်စိတ်တို့သည် လေ့ကျင့်ခန်းပြုလုပ်ခြင်းရရှိရမည်။

အပန်းဖြေမှုနှင့်ကိုယ်ခန္ဓာကြီးထွားလာမှုအတွက် ဆောင်ရွက်ရခြင်းသည် တစ်ခါတစ်ရံမှန်မှန်လုပ်ရိုးလုပ်စဉ်စာသင်ကျောင်းဆိုင်ရာလုပ်ငန်းကိုအနှောင့်အယှက်ပြုတတ်သည်။ သို့ရာတွင် ၎င်းအနှောင့်အယှက်သည် အမှန်တကယ်အတားအဆီးမဟုတ်ပေ။ စိတ်တွင်ခွန်အားနှင့်ကာယခွန်အား သန်မာ

ထွားကြိုင်းအောင်ပြုလုပ်ရာတွင် ပရဟိတစိတ်မွေးမြူခြင်းနှင့်စာသင်သားနှင့် စာပြဆရာတို့စပ်ကြားနှစ်ဦးနှစ်ဖက်အကျိုးကို ထောက်ထားခြင်းနှင့်မိတ်ဆွေသဘောပေါင်းသင်းဆက်ဆံခြင်း၊ အချိန်နှင့်ကြိုးပမ်းမှုအသုံးပြုခြင်းတို့သည် အဆပေါင်းတစ်ရာမကသောအကျိုးကျေးဇူးများကို ဖြစ်ထွန်းစေလိမ့်မည်။ လူငယ်လူရွယ်အတွက်အများအားဖြင့် အန္တရာယ်ဖြစ်စေသောဂနာမငြိမ်မှုအတွက် အကျိုးပြုသောနည်းလမ်းတစ်ခုပေါ်ထွက်လာလိမ့်မည်။ မကောင်းမှုဒုစရိုက်ကိုကာကွယ်ရန်အတွက် စိတ်ကိုကောင်းသောအရာများဖြင့် ကြိုတင်ဖြည့်ထားခြင်းသည် မရေမတွက်နိုင်သောဥပဒေပညတ်များနှင့် စည်းကမ်းချက်များတည်းဟူသော အတားအဆီးများထက်ပိုမိုတန်ဖိုးရှိသည်။

**အပန်းဖြေမှုအတွက်လိုအပ်သောရုံးခန်းလုပ်သားများ** — ရုံးခန်းများတွင် အလုပ်တာဝန်များထမ်းဆောင်ရသောသူများတို့၏အမြဲတမ်းပင်ပန်းစွာလုပ်ကိုင်ဆောင်ရွက်ရမှုကို ဂရုတစိုက်ပြုသောသူများမရှိသလောက်နည်းပါးသည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ သူတို့သည် တစ်ရက်ပြီးတစ်ရက်၊ ရက်သတ္တတစ်ပတ်ပြီးတစ်ပတ် ပိတ်ထားသောတံခါးများနောက်ကွယ်တွင် အလုပ်လုပ်ကိုင်ကြရာဝယ်၊ ဉာဏခွန်အား၏အာနိသင်များအား အမြဲတစေကုန်ခန်းစေခြင်းသည် မုချအားဖြင့်သူတို့၏ကိုယ်ခန္ဓာယန္တရားကြီးကို ပွန်းပဲ့ကြေမွစေ၍ ဘဝအသက်တာ၏အခွန့်ကြာရှည်ခိုင်မြဲရေးကိုလျော့ပါးစေကြသည်။ ၎င်းညီအစ်ကိုတော်များသည် ရတ်တရက်ရှောင်တခင် ဘဝအသက်တာဆုံးရှုံးခြင်းအန္တရာယ်ကိုရင်ဆိုင်နေကြသည်။ သူတို့သည် မသေနိုင်သောဘဝ၌ရပ်တည်နေကြသောသူများမဟုတ်ကြသောကြောင့် သူတို့ဘဝအသက်တာတွင် ပြောင်းလဲမှုဟူ၍မရှိလျှင် သူတို့သည်လုံးပါးပါး၍ အလုပ်အကိုင်မလုပ်မကိုင်နိုင်သောဘဝသို့ ဆိုက်ရောက်ပေတော့မည်။

ညီအစ်ကိုတော်များဖြစ်ကြသောဦးအေ၊ ဦးဘီနှင့်ဦးစီတို့သည် ကျွန်ုပ်တို့အတွက် တန်ဖိုးရှိလှသောပုဂ္ဂိုလ်များဖြစ်ကြသည်။ ရုံးခန်းတွင်းအနေများ၍ မပြတ်အလုပ်လုပ်ကိုင်မှုကြောင့် သူတို့၏ကျန်းမာခြင်းကို မထိခိုက်စေလိုပေ။

သူတို့သည် ဖျားနေမှုနှင့်အခြားသောရောဂါဝေဒနာများကြောင့် အလုပ်အကိုင်နှင့်ကင်းကွာနေရသည်မှအပ သူတို့၏ဘဝအသက်တာတွင် အပြောင်းအလဲဟူ၍မရှိသလောက်ဖြစ်သည်။ သူတို့အနေဖြင့် မကြာခဏ အပြောင်းအလွဲရှိသင့်ပါသည်။ သူတို့နှင့်ကင်းကွာနေသလောက်ရှိသော သူတို့၏အိမ်ထောင်သားများနှင့်အတူတကွ တစ်နေ့လုံးပျော်ရွှင်စွာအပန်းဖြေရသောနေ့တစ်နေ့သတ်မှတ်ထားရှိသင့်ပေသည်။ အားလုံးတို့သည် တစ်ပြိုင်တည်း အလုပ်ခွင်မှပြန်ရောက်လာခြင်းမရှိဘဲနေမည်။ သို့ရာတွင် သူတို့သည် အလုည့်ကျအလုပ်သွားသူကသွား၍ အပန်းဖြေသူကဖြေနိုင်အောင် အစီအစဉ်များပြုလုပ်သင့်ပေသည်။ ၎င်းနည်းအားဖြင့် မိသားစုအနေဖြင့်အတူတကွအပန်းဖြေရသောအခွင့်အရေးကို အိမ်ထောင်သားတိုင်းရရှိကြပေမည်။

ဦးအေ၊ ဦးဘီနှင့်ဦးစီတို့သည် သူတို့အားဘုရားသခင်ပေးသနားထားတော်မူသော ကျန်းမာခြင်းနှင့်ခွန်အားကို ဘာသာအယူဝါဒဆိုင်ရာတာဝန်တစ်ရပ်အနေဖြင့် ကြည့်ရှုစောင့်ရှောက်သင့်ကြပေသည်။ သူတို့သည် ဘုရားသခင်၏အမှုတော်အတွက် ယခုအချိန်တွင် မာတုရသေခြင်းကိုခံရသောသူများဖြစ်လာစေရန် အလိုတော်မရှိပေ။ ၎င်းကဲ့သို့အနစ်နာခံမှုအတွက် သူတို့သည် ဆုလာဘ်ကိုရရှိကြမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူတို့အား အသက်နှင့်ကိုယ်မြဲနေစေရန် အလိုရှိတော်မူသည်။

**အပြစ်ကင်း၍အကျိုးဖြစ်ထွန်းသောအပန်းဖြေခြင်းကိုရှာပါ** – စိတ်ရောက်ကိုယ်ခန္ဓာအတွက်ပါ အလွန်အကျိုးရှိသောအပန်းဖြေနည်းမျိုးရှိသည်။ ဉာဏ်အမြော်အမြင်ရှိ၍ ရွေးချယ်သမှုပြုတတ်သောစိတ်ရှိသောသူတို့သည် အပြစ်ကင်းသည်သာမက အကျိုးဖြစ်ထွန်းသောဌာနများမှဖျော်ဖြေမှုအတွက်လည်းကောင်း၊ ပျော်ရွှင်မှုအတွက်လည်းကောင်း၊ မြောက်မြားစွာသောနည်းလမ်းများကို ရှာဖွေတွေ့ရှိနိုင်ပါသည်။ လဟာပြင်တွင်အပန်းဖြေခြင်း၊ သဘာဝဓမ္မကြီး၌ ဘုရားသခင်၏လက်ရာတော်များကို အာရုံပြုခြင်းတို့သည် အမြင့်မားဆုံးအကျိုးကျေးဇူးများဖြစ်ထွန်းနိုင်သည်။

ကျွန်ုပ်တို့၏စိတ်ဓာတ်များကိုမြှင့်တင်၍ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများကိုလည်း အင်အားပြည့်ဖြိုးစေရန်ကြိုးပမ်းနေချိန်တွင် အကောင်းဆုံးရည်စူးချက်အတွက်အချိန်မရွေး ကျွန်ုပ်တို့၏စွမ်းရည်များကို အသုံးပြုကြရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ ကျွန်ုပ်တို့သည် စုပေါင်း၍ အရာခပ်သိမ်းတို့ကိုပြုလုပ်ရာတွင် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေရကြမည်။ ကျွန်ုပ်တို့ဆောင်ရွက်ရမည့်တာဝန်များကို အောင်မြင်စွာဆောင်ရွက်ရန် ကျွန်ုပ်တို့၌လိုအပ်သောအရည်အသွေးအပြည့်အဝရှိစေရန်လည်းကောင်း၊ ကျွန်ုပ်တို့နှင့်ပေါင်းသင်းဆက်ဆံကြသောသူတို့အပေါ် ပိုမိုအကျိုးရှိသောသြဇာသက်ရောက်မှုရှိစေရန်လည်းကောင်း ကျွန်ုပ်တို့၏အပန်းဖြေမှုများကို ပြုလုပ်နိုင်သည်။ ပြုလုပ်သင့်သည်။ အထူးသဖြင့် အပန်းဖြေရသော၍အချိန်အခါမျိုးတွင် ကျွန်ုပ်တို့အားလုံးအတွက် ဝမ်းမြောက်ဝမ်းသာသောအချိန်မျိုးဖြစ်သင့်ပေသည်။ အပန်းဖြေသောနေရာမှ ကျွန်ုပ်တို့၏အိမ်ဂေဟာများသို့ပြန်ကြသောအခါ ပိုမိုကောင်းမွန်သောစိတ်အခြေအနေအားဖြင့်လည်းကောင်း၊ ပိုမိုလန်းဆန်းသောကိုယ်ခန္ဓာအားဖြင့်လည်းကောင်း ပြန်လာနိုင်ကြ၍ အလုပ်ခွင်သို့ပြန်လည်ဝင်ရောက်လုပ်ကိုင်ကြသောအခါ ပိုမိုကောင်းမွန်သောမျှော်လင့်ခြင်း၊ ပိုမိုထက်မြက်သောဖွဲ့လုံ့လဖြင့် ပြန်လည်လုပ်ကိုင်နိုင်ရန် အဆင်သင့်ဖြစ်နေကြမည်ဖြစ်သည်။

**လူငယ်လူရွယ်တို့အားဘုရားသခင်၏ဖိတ်ခေါ်ချက်** – လူငယ်လူရွယ်တိုင်းထံသို့ရောက်ရှိလာသော ဘုရားသခင်၏ခေါ်ဖိတ်ခြင်းမှာ "ငါ့သား၊ သင်၏စိတ်နှလုံးကိုငါ့အားပေးလော့။ ငါသည် ၎င်းကိုစင်ကြယ်အောင်ထိန်းသိမ်းထားမည်။ ငါသည် စစ်မှန်သောပျော်မွေ့ခြင်းအားဖြင့် ၎င်း၏မျှော်မှန်းချက်များကိုပြည့်စုံစေမည်။" လူငယ်လူရွယ်များအား ပျော်ရွှင်အောင်ဆောင်ရွက်ရန် ဘုရားသခင်သည်နှစ်သက်တော်မူသည်။ ထို့ကြောင့် လူသားတို့အား ဘုရားသခင်အပ်ပေးထားတော်မူသောစွမ်းရည်ရှိသမျှတို့သည် အင်အားပြည့်ဖြိုးမှု၊ ကျန်းမာမှုတိုးတက်ကောင်းမွန်သောအခြေအနေ၌ ရပ်တည်နေစေရန် သူတို့၏စိတ်နှလုံးများကို ကိုယ်တော်ရှင်၏ထိန်းသိမ်းစောင့်ရှောက်မှု

အောက်သို့ သွတ်သွင်းထားကြစေရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ သူတို့သည် ဘုရားသခင်ကပေးတော်မူသောလက်ဆောင်တည်းဟူသော အသက်တာဘဝကိုလက်ဝယ်ထားရှိသူများဖြစ်ကြသည်။ သူတို့၏ စိတ်နှလုံးသွေးခုန်စေရန် ဘုရားသခင်သည် ပြုပြင်ပေးတော်မူသည်။ စွမ်းရည်တိုင်းအတွက်အင်အားကို ကိုယ်တော်ရှင်သည် ပေးထားတော်မူသည်။ စင်ကြယ်စွာအသုံးချမှုသည် ဘုရားသခင်ပေးထားတော်မူသော ဆုကျေးဇူးတစ်ခုကိုမျှ ယုတ်ညံ့သေးသိမ်စေမည်မဟုတ်ပေ။

---o---

## အခန်း ၈၀
# မည်သည့်အားကစားမှုမျိုးကိုလိုက်စားရမည်နည်း

**အပြစ်များသောအားကစားမှုမျိုးကို အပြစ်ကင်းသောအားကစားမှုမျိုးဖြင့်အစားထိုးပါ** – လူငယ်လူရွယ်တို့အား သက်ရွယ်ကြီးရင့်သော ဇရာအိုများကဲ့သို့ လှုပ်ရှားမှုပျက်၍ ဗလာနတ္တိမရှိဘဲကုန္ဒြေရှိရှိနေထိုင်မှုပြုစေရန်လည်းကောင်း၊ ကလေးသူငယ်များကို အရာရှိအရာခံကြီးများကဲ့သို့ နေထိုင်ပြုမူစေရန်လည်းကောင်း မပြုနိုင်ပေ။ အပြစ်မင်းသောပျော်ရွှင်မှုများကို ရှောင်ရှားရမည်ဖြစ်သော်လည်း ၎င်းပျော်ရွှင်မှုများနေရာတွင် လူငယ်လူရွယ်တို့၏စာရိတ္တအပေါ် အမည်းကွက်မထင်စေမည့် (သို့မဟုတ်) စာရိတ္တပျက်ပြားစေမည့်ပျော်ရွှင်မှုမျိုးဖြင့်အစားထိုးပေးရန် ဆရာသမားမိဘတို့က ကြိုးပမ်းသင့်ကြပေသည်။ လူငယ်လူရွယ်တို့ကသူတို့အား မတရားညှဉ်းပန်းချုပ်ချယ်ထားသည်ဟုယူဆလျက် မှားယွင်း၍ပျက်စီးစေမည့်လမ်းများထဲသို့ ဖွတ်မိုက်၍တိုးဝင်သွားလာစေမည့် တင်းကျပ်သောစည်းကမ်းဥပဒေများဖြင့် သူတို့အား ချုပ်နှောင်မထားသင့်ပေ။ ခိုင်မြဲညှာတာထောက်ထားတတ်သောလက်ဖြင့် စီမံအုပ်ချုပ်ရေးကြိုးများကို ကြိုတင်စွဲထားလျက် သူတို့၏စိတ်များနှင့်ရည်စူးချက်များကို လမ်းပြပို့ဆောင်ထိန်းကိုင်ပေးလျက်ရှိသော်လည်း သူတို့၏အကောင်းဆုံးအကျိုးကျေးဇူးကို ထောက်မြော်၍ပြုလုပ်နေကြောင်းကို သူတို့သိမြင်စေရန် နူးညံ့သိမ်မွေ့စွာဖြင့်လည်းကောင်း၊ ပညာသားပါပါဖြင့်လည်းကောင်း၊ မေတ္တာအရင်းခံလျက်လည်းကောင်း ဆောင်ရွက်ရကြပေမည်။

မကောင်းသောလောင်းကစားခြင်းကဲ့သို့သော ပျော်ရွှင်မှုများကို လိုက်စားရန် ကျွန်ုပ်တို့သဘောမတူပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ၎င်းပျော်ရွှင်မှုမျိုးကိုရှုံ့ချတော်မူသည်။ ဤကဲ့သို့သောပျော်ရွှင်မှုမျိုးသည် ကြီးမားသောမကောင်းမှုဒုစရိုက်ကိုကျူးလွန်စေရန် လမ်းဖွင့်ပေးသည်။ ၎င်းတို့သည် ကောင်းကျိုးကိုပြုတတ်ခြင်းမရှိဘဲ စိတ်ကိုတက်ကြွစေသော ဩဇာသက်ရောက်မှုရှိ၍ လောင်းကစားမှုနှင့်ကိလေသာလိုက်စားမှုကို လမ်းပြပို့ဆောင်

ပေးသောကစားမျိုးကို လိုက်စားလိုသောဆန္ဒကိုနှိုးဆော်ပေးသည်။ ခရစ်ယာန်များအနေဖြင့် ၎င်းကစားမှုမျိုးကိုရှောင်ရှား၍ ၎င်းတို့နေရာတွင် လုံးဝအန္တရာယ်ကင်းသောကစားမှုမျိုးဖြင့် အစားထိုးထားရှိသင့်ပေသည်။

စိတ်ကိုညစ်ညမ်းစေ၍ လွဲမှားသောလမ်းသို့ပို့ဆောင်ပေးတတ်သောလောကီပျော်မွေ့ခြင်းများကိုမလိုက်စားစေရန် ကျွန်ုပ်တို့၏သားသမီးများကိုဟန့်တားထားလင့်ကစား၊ သူတို့အားအန္တရာယ်ကင်း၍ သာယာသောလမ်းများထဲသို့ပို့ဆောင်ပေးနိုင်ရန် သူတို့အတွက်အပြစ်ကင်းသောအပန်းဖြေမှုမျိုးကိုစီမံထားရှိသင့်ပေသည်။ ဘုရားသခင်၏မည်သည့်သားသမီးမျှ ဝမ်းနည်းသောအတွေ့အကြုံမျိုး (သို့မဟုတ်) စိတ်ကြေကွဲဖွယ်ဖြစ်သော အတွေ့အကြုံမျိုးကိုရင်ဆိုင်ရန်မလိုပေ။ ဘုရားသခင်၏အမိန့်တော်များ၊ ဘုရားသခင်၏ကတိတော်များက ယင်းအချက်မှန်ကန်ကြောင်းကိုပြကြသည်။ "ပညာလမ်းတို့သည် သာယာသောလမ်း၊ ပညာလမ်းခရီးရှိသမျှတို့သည် ငြိမ်ဝပ်လျက်ရှိကြ၏။"

ကျွန်ုပ်တို့သည် မှားယွင်းသောအရာများတို့ကိုရှောင်ရှားလျက်မကောင်းသောလောင်းကစားခြင်းနှင့်ပျော်ရွှင်ခြင်းတို့ကို မပြုလုပ်ကြသော်လည်းသန့်ရှင်းစင်ကြယ်၍တည်ဆောက်စရာဖြစ်သော ပျော်ရွှင်မှုကိုရရှိစေသောအရာများကို အစားထိုးထားရှိပေးရမည်။

**အားကစားရုံ၏အသုံးဝင်သောကဏ္ဍ** – စာသင်ကျောင်းများတွင် အားကစားမှုဆိုင်ရာကိုယ်လက်လေ့ကျင့်မှုများသည် အသုံးဝင်သောကဏ္ဍမှပါဝင်ဆောင်ရွက်ကြသည်။ သို့ရာတွင် စနစ်တကျကွပ်ကဲမှုမရှိလျှင် ၎င်းလေ့ကျင့်မှုများကို စည်းမဲ့ကမ်းမဲ့ပြုလုပ်ခြင်းသို့ ရောက်ရှိသွားတတ်သည်။ မြောက်မြားစွာသောလူငယ်လူရွယ်တို့သည် သူတို့၏ခွန်အားထူးချွန်မှုအတွက်အားကစားရုံများတွင်ပြိုင်ဆိုင်ရာ၌ ရာသက်ပန်ဒုက္ခိတဘဝသို့ရောက်ရှိလောက်အောင် ဖြစ်သွားတတ်ကြသည်။

အားကစားရုံ၌ မည်မျှလောက်ပင်စနစ်တကျပြုလုပ်စေကာမူ လဟာပြင်၌အပန်းဖြေမှုကို အစားမထိုးနိုင်ပေ။ ၎င်းကဲ့သို့အပန်းဖြေမှုမျိုးအတွက်

ကျွန်ုပ်တို့ဖွင့်လှစ်ထားသောစာသင်ကျောင်းများသည် ပိုမိုကောင်းမွန်သော အခွင့်အရေးကိုပေးသင့်ပေသည်။

**ဘောလုံးကစားခြင်း၊ အခြေခံစည်းကမ်း** – ဘောလုံးကစားခြင်းကို ကျွန်ုပ်တို့အနေဖြင့်မတားမြစ်ပေ။ သို့ဖြစ်လင့်ကစား ဤကစားမျိုးကို စည်းမဲ့ကမ်းမဲ့ဖြစ်စေနိုင်သည်။

ဤပျော်ရွှင်မှုမျိုးကိုလိုက်စားရာတွင် မုချဖြစ်ရလောက်အောင် အကျိုးသက်ရောက်မှုအတွက် ကျွန်ုပ်သည်ရင်လေးမိသည်။ ခရစ်တော်ကိုမသိဘဲ ပျက်စီးဆုံးရှုံးခြင်းကိုရင်ဆိုင်နေကြရသောသူတို့အား သမ္မာတရား၏လင်းရောင်ခြည်ကိုယူဆောင်ပေးရာတွင် အသုံးပြုသင့်သောကြေးငွေများကို ၎င်းပျော်ရွှင်မှုမျိုးအတွက် တရားလွန်သုံးစွဲမိနိုင်စရာအကြောင်းရှိသည်။ တစ်လှမ်းပြီးတစ်လှမ်း မိမိတို့၏ဂုဏ်သိက္ခာကိုမြင့်မားလာစေမည့် မိမိတို့စိတ်ကြိုက်ပြုလုပ်သောပျော်ရွှင်မှုများအတွက် ငွေကုန်ကြေးကျခံခြင်း၊ ပျော်ရွှင်မှုသက်သက်အတွက် ဤကစားမှုများကိုသင်ကြားပေးခြင်းတို့သည် ခရစ်ယာန်တို့၌ရှိအပ်သောစာရိတ္တပြည့်စုံပြီးမြောက်မှုအတွက် မလိုလားအပ်သောအရာများကို တပ်မက်သောစိတ်မျိုးကို ဖန်တီးပေးတတ်သည်။

ကောလိပ်ကျောင်းတွင် လိုက်နာကျင့်သုံးနေသောနည်းလမ်းသည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့နိုင်သောအရာမဟုတ်ပေ။ ၎င်းလုပ်နည်းလုပ်ဟန်သည် ဉာဏစွမ်းအားကိုတောင့်တင်းခိုင်မာစေသော နည်းလမ်းမဟုတ်ပေ။ ၎င်းသည် အကျင့်စာရိတ္တကိုလည်း သန့်ရှင်းစင်ကြယ်သောနည်းလမ်းမဟုတ်ပေ။ လောကီဆန်သောအကျင့်ဓလေ့များနှင့် ထုံးတမ်းစဉ်လာတို့သည် လွန်စွာထွန်းကားလာရာတွင် လူသားတို့သည်၎င်းအရာများကို များစွာခင်မင်တွယ်တာနေကြသောကြောင့် သူတို့အားထာဝရဘုရားသခင်ကိုနှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍နှစ်သက်သောသူများဟူ၍ ကောင်းကင်ဘုံတွင်ကြေညာထားလေသည်။ စာသင်သားများအနေဖြင့် စာပေများတွင် ပိုမို၍ကျွမ်းကျင်လာစေရန်လည်းကောင်း၊ ခရစ်ယာန်ဆိုင်ရာတာဝန်များကိုထမ်းဆောင်ရန် ခရစ်ယာန်များအနေဖြင့် ပိုမိုအရည်အသွေးပြည့်စုံလာရန်

လည်းကောင်း၊ ဉာဏခွန်အားသည် ကျစ်လျစ်ခိုင်မာလာခြင်းမရှိဘဲ ၎င်းအားကစားမှုများကိုလေ့ကျင့်မှုက သူတို့ကိုကာယခွန်အားဆောက်တည်ပေးသောစာပေများကိုကျော်ခိုင်းစေသော စိတ်ကူးဉာဏ်များဖြင့် သူတို့၏စိတ်နှလုံးများကိုပြည့်နှက်စေလေသည်။

ဤအားကစားမှုများတွင် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေမည့် စိတ်ကူးဉာဏ်များပါရှိသလား၊ မပါရှိကြောင်း ကျွန်ုပ်အသိပင်ဖြစ်သည်။ ၎င်းအားကစားမှုများသည် ဘုရားသခင်၏နည်းလမ်းများနှင့် ကိုယ်တော်ရှင်၏ရည်စူးချက်များကို မျက်မြင်ကိုယ်တွေ့မဖြစ်ကြတော့ပေ။ စုံစမ်းရာကာလအခါတွင် ဘုရားသခင်၏ဖော်ပြထားတော်မူသော အလိုတော်ဉာဏ်ပညာထက် လူသားတို့၏အတွေးအခေါ်များအရလိုက်နာကျင့်သုံး၍ စာတန်၏ကူညီစောင့်မမှုဖြင့် ဘုရားသခင်၏အလိုတော်ကို လူသားတို့၏အတွေးအခေါ်များနှင့်အစားထိုးကြသည်။ အလွန်တရာပင်ဆွဲဆောင်မှုရှိသော အားကစားမှုများတွင်ထူးချွန်မှုအတွက် ပြင်းပြသောလိုအင်ဆန္ဒကို ကောင်းကင်ဘုံရှင်ထာဝရဘုရားသည် ကန့်ကွက်တော်မူသည်။

**အများသောအားကစားမှုများ၏ပြဿနာ** – အားကစားဝါသနာရှင်များအနေဖြင့်လေ့ကျင့်ခန်းကို အားစိုက်ခွန်စိုက်ပြုလုပ်ကြရပေမည်။ ပျင်းရိခြင်းနှင့်ရည်စူးချက်ကင်းမဲ့ခြင်းတို့ထက် မကောင်းမှုဒုစရိုက်ဆိုသည်မှာ ပိုမိုကြောက်မက်ဖွယ်ကောင်းလှပေသည်။

**ဘဝအသက်တာသည်ရှုပ်ထွေးမှုနည်းပါးသောအခါ** – ခေတ်ဦးအချိန်အခါတွင်လူသားတို့သည် ဘုရားသခင်၏ညွှန်ကြားမှုအရ ရိုးသားသောဘဝအသက်တာ၌ကျင်လည်ကြသည်။ သူတို့သည် သဘာဝဓမ္မကြီးနှင့်လက်ပွန်းတတီးနီးကပ်စွာနေထိုင်ကြသည်။ သူတို့၏သားသမီးများသည် မိဘတို့၏အလုပ်အကိုင်များတွင်ဝေငှလုပ်ကိုင်ကြ၍ သဘာဝဓမ္မ၏ဘဏ္ဍာတိုက်ကြီး၏လှပတင့်တယ်မှုများနှင့်နက်နဲရာများကို လေ့လာကြသည်။ ငြိမ်သက်တိတ်ဆိတ်သောလယ်ကွက်များနှင့်သစ်တောများတွင် ယုံကြည်လွှဲအပ်ထားမှုအနေဖြင့် လူတစ်မျိုးဆီမှတစ်မျိုးဆီသို့ လက်ဆင့်ကမ်းခဲ့သောအမှန်တရား

ကြီးများကို ဆင်ခြင်သုံးသပ်ကြလေသည်။ ၎င်းကဲ့သို့သွန်သင်ပေးမှုသည် ကြံ့ခိုင်သောလူမျိုးကို ပေါ်ထွန်းလာစေသည်။

ယုခခေတ်တွင် ဘဝအသက်တာသည် သဘာဝမကျဘဲဟန်ပြဖြစ် သောဘဝအသက်တာမျိုးဖြစ်လာသောကြောင့် လူသားတို့သည် ဆုတ်ယုတ် လာကြသည်။ ကျွန်ုပ်တို့သည် ခေတ်ဦးမှကျင့်သုံးခဲ့သော ရိုးသားသည့်အကျင့် ဓလေ့များကို ပြည့်စုံကုံလုံစေရန် ပြန်လည်ကျင့်သုံးကြမည်မဟုတ်သော်လည်း အမည်နာမကပြောဆိုညွှန်ပြထားသည့်အတိုင်း ကျွန်ုပ်တို့၏အပန်းဖြေသော အချိန်အခါမျိုးဖြစ်လာစေရန် ၎င်းရိုးသားသောခေတ်ဦးအကျင့်ဓလေ့များမှ သင်ခန်းစာများကိုမှတ်သားနာယူနိုင်ကြလေသည်။ ၎င်းအပန်းဖြေသော အချိန်အခါမျိုး၌ ကျွန်ုပ်တို့၏ကာယခွန်အားနှင့်ဉာဏခွန်အားများကို စစ်မှန် သောနည်းမျိုးဖြင့်ဆောက်တည်သောအချိန်အခါမျိုးဖြစ်သည်။

**မိသားစုအနေဖြင့်ပြင်ပသို့အလည်အပတ်ထွက်ခြင်း** — မြို့ကြီး ပြကြီး၌ဖြစ်စေ၊ ကျေးရွာ၌ဖြစ်စေနေထိုင်ကြသောမိသားစုတို့သည် သူတို့အား ကာယအားဖြင့်လည်းကောင်း၊ ဉာဏအားဖြင့်လည်းကောင်း ပင်ပန်းစေခဲ့ သောအလုပ်အကိုင်များကိုထားခဲ့ပြီး စုပေါင်း၍တောပိုင်းသို့ဖြစ်စေ၊ ရှုခင်း ကောင်းသောရေကန်အနီးအနားသို့ဖြစ်စေ သို့တည်းမဟုတ် သဘာဝဓမ္မ၏ ရှုခင်းသာယာသောနေရာသို့ အလည်အပတ်ထွက်ကြပါစေ။ ထိုသို့အလည် အပတ်ထွက်ကြသောအခါ ရိုးသား၍ကျန်းမာခြင်းကိုအထောက်အကူပြုသော စားသောက်ဖွယ်ရာများနှင့်အသီးအနှံများကိုယူဆောင်သွား၍ သစ်ပင်ရိပ်များ ၌ဖြစ်စေ၊ လဟာပြင်၌ဖြစ်စေ တည်ခင်း၍မြိန်ယှက်စွာစားသောက်ကြပါစေ။ မော်တော်ယာဉ်စီးခြင်း၊ လေ့ကျင့်ခန်းပြုခြင်းနှင့်ရှုခင်းသာယာတို့က ခံတွင်း ကိုကောင်းစေ၍ ရှင်ဘုရင်တို့ကသွားရည်ယိုလောက်အောင် အရသာပြည့်စုံ သောခဲဖွယ်ကို စားသောက်နိုင်ကြသည်။

၎င်းကဲ့သို့သောအခါများတွင် မိဘများနှင့်သားသမီးတို့သည် စိုးရိမ် ခြင်း၊ အလုပ်ကိစ္စများနှင့်စိတ်ရှုပ်ထွေးမှုရှိသည်တို့ကို ဦးနှောက်ထဲ၌ပါမလာ ပါစေနှင့်။ မိဘတို့သည် သူတို့၏သားသမီးနှင့်အတူ သားသမီးများဖြစ်

လာလျက် အရာခပ်သိမ်းတို့ကို သာယာနာပျော်ဖွယ်ဖြစ်နိုင်သမျှဖြစ်စေရမည်။ ၎င်းနေ့တစ်နေ့လုံး အပန်းဖြေသောနေ့ဖြစ်စေရမည်။ ရုံးခန်းနှင့်အိမ်ခန်းအတွင်း အလုပ်လုပ်ကိုင်ရသောသူတို့နှင့်ကုလားထိုင်တွင်ထိုင်၍ အလုပ်လုပ်ရသော သူတို့အတွက် လဟာပြင်၌ကိုယ်လက်လှုပ်ရှားမှုပြုခြင်းသည် ကျန်းမာခြင်း အတွက် အလွန်အကျိုးရှိလှပေသည်။ ဤကဲ့သို့သောနည်းလမ်းကိုကျင့်သုံး ရန် တာဝန်တစ်ခုအနေဖြင့်သဘောထားနိုင်လျှင် ကောင်းမွန်ပေသည်။ သူတို့ သည် သူတို့၏အလုပ်ခွင်များသို့ပြန်လည်ဝင်ရောက်ကြသောအခါ အားသစ် ဉာဏ်သစ်ဖြင့်လုပ်ကိုင်နိုင်သည်သာမက ရောဂါဝေဒနာကိုကာကွယ်တားဆီး ရန် ပိုမိုပြင်ဆင်မှုထားရှိမည်ဖြစ်သည်။

**သဘာဝဓမ္မအလှတွင်ပျော်ရွှင်မှုကိုတွေ့ရှိပါ** – ကျွန်ုပ်တို့၏ ပျော်ရွှင်မှုကိုဖန်တီးပေးသောအရာရှိသမျှကို စွန့်လွှတ်ကြစေရန် ဘုရားသခင် သည် အလိုတော်ရှိသည်ကိုမယူဆပါနှင့်။ ကိုယ်တော်ရှင်ကကျွန်ုပ်တို့အား စွန့်လွှတ်တော်မူသောအရာမှာ ကျွန်ုပ်တို့အတွက်ကောင်းကျိုးနှင့်ပျော်ရွှင်မှုကို မပြုသောအရာသာလျှင်ဖြစ်သည်။

လှပတင့်တယ်၍ခန့်ညားထည်ဝါသောသစ်ရွက်များဖြင့် တန်ဆာ ဆင်ထားသည့်သစ်ပင်ကြီးငယ်တို့ကို ဖန်ဆင်းတော်မူ၍ တောက်ပြောင်လှပ သောအရောင်များဖြင့်ပြည့်စုံသောပန်းပင်များကို ကျွန်ုပ်တို့အားပေးသနားထား တော်မူသော ဘုရားသခင်၏သဘာဝဓမ္မကြီးတစ်ခုလုံး၌ ကျွန်ုပ်တို့တွေ့မြင် ရသောဖန်ဆင်းရှင်ဘုရားသခင်သည် ကျွန်ုပ်တို့အား ပျော်ရွှင်မှုကင်းသော ဘဝအသက်တာမျိုး၌ ရပ်တည်စေလိုတော်မမူပေ။ ကိုယ်တော်ရှင်ဖန်ဆင်း တော်မူသောအရာဟူသမျှတွင် ကျွန်ုပ်တို့စိတ်ဝင်စားမှုမရှိ၊ ပျော်မွေ့ခြင်းမရှိ ဘဲကျင်လည်နေကြစေရန် ကိုယ်တော်ရှင်သည် လိုလားတော်မမူပေ။ ကိုယ်တိုင် ဖန်ဆင်းထားတော်မူသော သဘာဝဓမ္မအလှတွင် ပျော်ရွှင်မှုကိုကျွန်ုပ်တို့တွေ့ ရှိကြစေရန် ကိုယ်တော်ရှင်သည် အလိုတော်ရှိတော်မူသည်။

**အကျိုးပြုသောမိတ်ဆုံစားပွဲ** – သူတို့၏စိတ်နှလုံးများအတွင်း၌ ဘုရားသခင်၏မေတ္တာတော်ရောင်ခြည်ထွန်းတောက်နေသောသူတို့တွေ့ဆုံကြ

သောအခါ၌လည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ပတ်သက်၍ အသိပညာချင်းနှီးနှောဖလှယ်ရန် ဘုရားသခင်၏အမှုတော်ကြီးပွားတိုးတက်မှုအတွက်ဖြစ်စေ၊ လူသားအချင်းချင်းတို့အတွက် ဆောင်ရွက်ရန်နည်းလမ်းများကိုညှိနှိုင်းရန်တွေ့ဆုံကြသောအခါ၌လည်းကောင်း၊ မိတ်ဆုံပွဲများကို အကျိုးရှိဆုံးဖြစ်စေနိုင်သည်။ ဤမိတ်ဆုံပွဲများတွင် သန့်ရှင်းသောဝိညာဉ်တော်အား ဧည့်သည်တော်ကြီးအနေဖြင့်ကြိုဆိုလျှင်လည်းကောင်း၊ ဝိညာဉ်တော်အားစိတ်နာစေမည့် မည်သည့်စကားကိုမျှမပြော၊ မည်သည့်အလုပ်ကိုမျှမလုပ်လျှင်လည်းကောင်း ဘုရားသခင်သည်ဂုဏ်ပြုခြင်းကိုခံတော်မူ၍ မိတ်ဆုံပွဲသို့တက်ရောက်ကြသောသူတို့သည်လည်း ဉာဏ်ပညာတိုးပွားလျက် ကြံ့ခိုင်မှုရှိလာကြသည်။

ကျွန်ုပ်တို့သည် မိတ်ဆုံပွဲများမှကျွန်ုပ်တို့နေအိမ်များသို့ပြန်ကြသောအခါ ဘုရားသခင်အားလည်းကောင်း၊ လူသားတို့အားလည်းကောင်း ပြစ်မှားခြင်းကင်းသောသြတ္တပ္ပစိတ်မျိုး၊ ကျွန်ုပ်တို့နှင့်ပေါင်းဖော်ဆက်ဆံခဲ့သောပုဂ္ဂိုလ်တို့အား နစ်နာအောင်မည်ကဲ့သို့မျှမပြုခဲ့၊ သို့တည်းမဟုတ် သူတို့အပေါ် ထိခိုက်နစ်နာစေမည့် သြဇာသက်ရောက်မှုမျိုးမရှိစေခဲ့ဟူသော အသိစိတ်ဓာတ်မျိုးဖြင့်လည်းကောင်း ပြန်ရောက်နိုင်စေမည့်မိတ်ဆုံစားပွဲမျိုးကို ကျင်းပရကြမည်။

**အပြစ်ကင်းသောပျော်ရွှင်မှုမြင်ကွင်းများကို ယေရှုရှင်နှစ်သက်တော်မူခြင်း** – ယေရှုရှင်သည် ကိုယ့်အလိုကိုလိုက်သောပုံစံရှိသမျှကို ပြင်ဆင်ဆုံးမတော်မူသည်။ သို့စေကာမူ ကိုယ်တော်ရှင်သည် မိမိကိုယ်တိုင်၏သဘာဝတွင် ပေါင်းသင်းဆက်ဆံမှုရှိတော်မူသည်။ မည်သည့်လူတန်းစား၏ဧည့်ဝတ်ပြုခြင်းကိုမဆို ကိုယ်တော်ရှင်သည်လက်ခံတော်မူ၍ ဆင်းရဲချမ်းသာမရွေး၊ ပညာရှိ၊ ပညာမဲ့မရွေး ၎င်းတို့၏အိမ်ဂေဟာများသို့ကြွရောက်လည်ပတ်လျက် သာမန်ဘဝအသက်တာဆိုင်ရာပြဿနာမျိုးမှ ဝိညာဉ်ရေးထာဝရကာလဆိုင်ရာကိစ္စများအထိ သူတို့၏စိတ်ကူးဉာဏ်များကိုမြှင့်တင်ပေးရန် ကြိုးပမ်းတော်မူခဲ့သည်။ ကိုယ်တော်ရှင်၏အပြုအမူတို့တွင် မည်သည့်လောကီဆိုင်ရာဆွဲဆောင်မှုမျိုးကိုမျှ ခွင့်ပြုတော်မမူ။ သို့စေကာမူ အပြစ်ကင်းသောပျော်ရွှင်

မှုမြင်ကွင်းများကို နှစ်သက်တော်မူ၍ ကိုယ်တော်ကိုယ်တိုင်တက်ရောက်ခြင်း အားဖြင့် မိတ်ဆုံပွဲများကိုခွင့်ပြုတော်မူသည်။ ဂျူးလူမျိုးတို့၏ထိမ်းမြားမင်္ဂလာပွဲဆိုသည်မှာ ဂုဏ်သိက္ခာရှိသောအချိန်အခါမျိုးဖြစ်၍ ၎င်းမင်္ဂလာပွဲသို့တက်ရောက်ကြသော ဧည့်သည်တော်တို့၏ပျော်ရွှင်ခြင်းသည် ကိုယ်တော်ရှင်အား အနှောင့်အယှက်ပြုတော်မမူပေ။ ယေရှုရှင်အတွက် မင်္ဂလာဆောင်ပွဲများ၏ ပျော်ရွှင်ခြင်းသည် ကိုယ်တော်ရှင်၏သတို့သမီးအား ခမည်းတော်၏အိမ်တော်သို့ခေါ်ဆောင်လာရမည့် နေ့ထူးနေ့မြတ်ကိုညွှန်ပြလေသည်။ ထိုအခါတွင် ကယ်တင်ရှင်နှင့်ကယ်တင်ခြင်းခံရသောသန့်ရှင်းသူတို့သည် သိုးသငယ်၏ ညစာစားပွဲတွင် အတူတကွလက်ဆုံစားကြမည်ဖြစ်သည်။

**အပြောအဆိုနှင့်အပြုအမူတွင် ကိုယ်တော်ရှင်၏ပုံသက်သေ** – ကိုယ်တော်ရှင်သည် အမှုတော်ကိုစတင်ဆောင်ရွက်ချိန်၌ ဖာရိရှဲ (သို့မဟုတ်) အခွန်ခံကဖြစ်စေ၊ ညစာစားပွဲသို့ဖိတ်ခေါ်ခြင်းခံရသောအခါ ၎င်းဖိတ်ခေါ်ခြင်းကိုလက်ခံတော်မူသည်။ ၎င်းအချိန်များတွင် ကိုယ်တော်ရှင်သည် စားပွဲဝိုင်းဆွေးနွေးပြောဆိုမှုတို့ကို အခွင့်ကောင်းယူ၍ မြောက်မြားစွာသောတန်ဖိုးရှိလှသောသင်ခန်းစာများကို မိန့်ကြားတော်မူလေသည်။ စားပွဲသို့တက်ရောက်ကြသောဧည့်ပရိသတ်တို့သည် ကိုယ်တော်ရှင်၏မိန့်ကြားတော်မူချက်များကို နားထောင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ရှင်သည် သူတို့၏ဖျားနာသောသူများကိုကုသခဲ့၍ စိတ်ဝမ်းနည်းခြင်းကိုရင်ဆိုင်ခဲ့ရသောသူတို့အား စိတ်သက်သာမှုကိုပေးတော်မူခဲ့သည်သာမက သူတို့၏ကလေးသူငယ်များကို ပွေ့ချီလျက်ကောင်းချီးပေးတော်မူခဲ့ပြီမဟုတ်ပါလော။ အခွန်ခံများနှင့်အပြစ်ရှိသောသူတို့သည် ကိုယ်တော်၌မှီဝဲဆည်းကပ်ကြ၍ ကိုယ်တော်ရှင်သည် နှုတ်တော်ကိုဖွင့်၍မိန့်ကြားတော်မူသောအခါ သူတို့သည်အာရုံစူးစိုက်၍ ကိုယ်တော်ရှင်၏မိန့်ကြားတော်မူသမျှကို နားထောင်ကြလေသည်။

ဘာသာရေးကိုကိုင်းရှိုင်းသူတို့နှင့် ဘာသာရေးကိုကိုင်းရှိုင်းခြင်းမရှိသောသူတို့တွေ့ဆုံကြသောအခါ ဘယ်ပုံဘယ်နည်းဆက်ဆံရမည်ကို ခရစ်တော်သည် မိမိ၏တပည့်တော်တို့အား သွန်သင်ပေးတော်မူသည်။ မည်သည့်လူထုစည်းဝေးမျိုးကိုမဆို တက်ရောက်ကြသောအခါ သူတို့သည်

ပါဝင်ပြောဆိုလိုသောဆန္ဒမျိုးမထားရှိရန် ကိုယ်တော်ရှင်သည် ပုံသက်သေအားဖြင့် ဆုံးမသွန်သင်တော်မူသည်။ သို့ရာတွင် အတိတ်ကာလကစားသောက်ပွဲများ၌နားထောင်ခဲ့ရသောမိန့်ကြားချက်နှင့် လုံးဝခြားနားသောမိန့်ခွန်းစကားကို ပြောကြားတော်မူလေသည်။ ကိုယ်တော်ရှင်မိန့်ကြားတော်မူသောစကားလုံးတိုင်းသည် နားထောင်သောသူတို့အား အသက်ရှင်ခြင်း၏အမွေအကြိုင်ဖြစ်စေသောကြောင့် သူတို့သည် အာရုံစူးစိုက်၍နားထောင်ကြလေသည်။

**အယ်လင်ဂျီဝှိုက်နှင့် သာယာနာပျော်ဖွယ်ဖြစ်သောမိတ်ဆုံပွဲတစ်ခု**– ကျွန်ုပ်တို့သည် အရှေ့ဘက်သို့ခရီးရှည်ကြီးထွက်ပြီးသည့်အဆုံးတွင် ဟီးလ်ဘတ်မြို့တွင်ကျင်းပမည့် နှစ်သစ်ကူးနေ့အကြိုပွဲသို့တက်ရောက်ရန် အချိန်မီအိမ်သို့ကျွန်ုပ်ပြန်ရောက်လာခဲ့ပါသည်။ ကောလိပ်ကျောင်း၏ခန်းမကြီးတွင် ဥပုသ်စာဖြေကျောင်းမိတ်ဆုံပွဲအတွက် ကောင်းမွန်စွာပြင်ဆင်ထားပါသည်။ ခန်းမကြီး၏တံခါးပေါက်ကြီးတွင် ခေါင်းလောင်းကြီးတစ်လုံးချိတ်ဆွဲထားပါသည်။ ခေါင်းလောင်းသစ်တစ်လုံးဝယ်ယူဖို့နှင့် ဆင်းရဲနွမ်းပါးသောသူတို့အတွက်အသုံးပြုရန်အလှူငွေများကို သစ်ပင်တစ်ပင်တွင် လေးလံစွာချိတ်ဆွဲထားပါသည်။ ဤအချိန်အခါမျိုးတွင် မည်သူ့သြတ္တပ္ပစိတ်ကိုဝန်လေးစေမည့်စကားကိုပြောလည်းမပြော၊ လုပ်လည်းမလုပ်ခဲ့ပေ။ အချို့သောသူတို့ကကျွန်ုပ်အား “မစ္စစ်ဝှိုက်၊ ဒီနှစ်သစ်ကူးအကြိုပွဲနှင့်ပတ်သက်ပြီး ဘယ်လိုသဘောရသလဲ။ ဒီကစ္စဟာ ကျွန်မတို့ရဲ့ယုံကြည်ခြင်းနှင့်ကိုက်ညီရဲ့လား” လို့မေးကြပါတယ်။ ကျွန်ုပ်က “ကျွန်မရဲ့ယုံကြည်ခြင်းနဲ့ကိုက်ညီပါတယ်” ဟုပြန်ဖြေလိုက်ပါသည်။

**လူငယ်လူရွယ်တို့အားအင်တိုက်အားတိုက်ဆွဲယူပါ** – သားသမီးတို့အား လောကီပျော်မွေ့ခြင်းတို့၏ဆွဲဆောင်မှုများကိုလည်းကောင်း၊ ပျက်စီးခြင်းသို့ဦးတည်သော ဩဇာသက်ရောက်မှုမကင်းသည့်သူတို့နှင့် ပေါင်းသင်းဆက်ဆံမှုကိုလည်းကောင်း လူငယ်လူရွယ်တို့အားကျော်ခိုင်းစေရန် အိမ်ထောင်တိုင်းနှင့်အသင်းတော်တိုင်းတို့အနေဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ကြစေရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူပါသည်။

–––ooo–––

## အခန်း ၈၁

# ရာသက်ပန်ကျေနပ်မှုဖြစ်သောအပန်းဖြေခြင်း

**စိတ်စာရိတ္တကိုကြီးထွားရင့်သန်စေသော ကိုယ်လက်လှုပ်ရှားမှု**– ကစားခြင်း (သို့မဟုတ်) ကိုယ်လက်လှုပ်ရှားမှုအနေဖြင့်သာ ပြုလုပ်သော လေ့ကျင့်ခန်းမှုလုပ်ခြင်းမှ အမြင့်မားဆုံးအကျိုးကျေးဇူးကိုမခံစားရပေ။ လေကောင်းလေသန့်ရှူရှိုက်ခြင်းနှင့် ကြွက်သားများကိုလှုပ်ရှားမှုပြုလုပ်ပေးခြင်းမှ အကျိုးကျေးဇူးအသင့်အတင့်ခံစားရသည်။ သို့ရာတွင် ကိုယ်လက်လှုပ်ရှားမှု၌အသုံးပြုသောအင်အားကိုပင် ကူညီမစသောတာဝန်များဆောင်ရွက်မှုတွင် အသုံးပြုပါ။ ခံစားရသောအကျိုးကျေးဇူးသည်ပိုမိုမြင့်မား၍ ကျေနပ်သောစိတ်မျိုးပေါ်ပေါက်လာလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကိုယ်လက်လှုပ်ရှားမှုမျိုးသည် ကူညီမစတတ်သည်ဆိုသောအသိတရားကို ဒွန်တွဲပါလာစေ၍ ကျေပွန်စွာဆောင်ရွက်ခဲ့ပြီးသောတာဝန်အတွက် သြတ္တပ္ပစိတ်၏ထောက်ခံမှုကိုလည်း ရရှိမည်ဖြစ်သည်။

ကလေးသူငယ်တို့နှင့်လူငယ်လူရွယ်တို့၌ သူတို့ကိုယ်တိုင်နှင့်သူတစ်ပါးတို့အားအကျိုးပြုမည့်အရာတစ်ခုခုကို ပြုလုပ်လိုသောအာသီသမျိုးကိုလှုံ့ဆော်ပေးပါ။ စိတ်နှင့်စာရိတ္တကိုကြီးထွားရင့်သန်လာစေသော ကိုယ်လက်လှုပ်ရှားမှု၊ လက်များကိုအသုံးချရန်သွန်သင်ပေး၍ လူငယ်လူရွယ်တို့အား ဘဝအသက်တာ၏တာဝန်များတွင် သူတို့နှင့်ဆိုင်သောကဏ္ဍကိုတာဝန်ယူဆောင်ရွက်ရန် သင်ကြားပေးသောကိုယ်လက်လှုပ်ရှားမှုဆိုသည်မှာ ကာယခွန်အားကိုဖြစ်ထွန်းစေ၍ စွမ်းရည်ရှိသမျှတို့ကို တက်တက်ကြွကြွဆောင်ရွက်စေလိုသောကိုယ်လက်လှုပ်ရှားမှုမျိုးဖြစ်သည်။ ကုသိုလ်ဖြစ်သောဝါယမစိုက်ထုတ်ခြင်းတွင်လည်းကောင်း၊ ကောင်းမှုကိုပြုရန် အသက်ရှင်သည့်အကျင့်ဓလေ့မျိုးကိုမွေးမြူခြင်းတွင်လည်းကောင်း ဆုလာဘ်ရှိသည်။

အခြားသောသူတို့အား အထောက်အကူဖြစ်စေနိုင်သောအပန်းဖြေခြင်းမျိုးလောက် မည်သည့်ကိုယ်ကျိုးပြုသောအပန်းဖြေခြင်းမှ ကလေးသူငယ်

များနှင့်လူငယ်လူရွယ်တို့အား မင်္ဂလာအပေါင်းနှင့်ပြည့်စုံခြင်းမရှိစေပါ။ ဓမ္မတာအားဖြင့် စိတ်အားထက်သန်၍ မှတ်သားနာယူလွယ်သောလူငယ်လူရွယ်များသည် ပေးသမျှအကြံဉာဏ်ကို လျင်မြန်စွာတုံ့ပြန်တတ်သည်။

**လူငယ်လူရွယ်များအနေဖြင့်ယေရှုရှင်၏ပုံသက်သေ** – ယေရှုရှင်၏ဘဝအသက်တာသည် လုံ့လဝီရိယဖြင့်ပြည့်ဝသောအသက်တာတော်ဖြစ်၍ ကိုယ်တော်ရှင်၏ကြီးထွားရင့်သန်လာလျက်ရှိသော ကာယခွန်အားနှင့်ညီလျော်သော လုပ်ငန်းဆောင်တာအမျိုးမျိုးကိုဆောင်ရွက်ခြင်းအားဖြင့် ကိုယ်တော်ရှင်သည် ကိုယ်လက်လှုပ်ရှားမှုကိုပြုတော်မူသည်။ ကိုယ်တော်ရှင်အတွက် သီးသန့်သတ်မှတ်ထားသောလုပ်ငန်းကိုဆောင်ရွက်ရာတွင် စိတ်ကိုတက်ကြွစေ၍ အသုံးမဝင်သောပျော်ရွှင်မှုမျိုးကိုလိုက်စားရန် ကိုယ်တော်ရှင်၌အချိန်မရှိပေ။ ကိုယ်ကျင့်တရားကိုအဆိပ်အတောက်ဖြစ်စေ၍ ကာယခွန်အားကြံ့ခိုင်မှုကိုယုတ်လျော့စေသောအရာဟူသမျှကို ပါဝင်ဆောင်ရွက်ခြင်းရှိတော်မမူပေ။ အသုံးဝင်သောအလုပ်အကိုင်ကိုလုပ်ကိုင်ရန်နှင့် အခက်အခဲဟူသမျှကိုသည်းခံခြင်းဖြင့်ရင်ဆိုင်ရန် သွန်သင်ခြင်းကိုခံရတော်မူသည်။

လောကသားဘဝ၌ကျင်လည်နေရတော်မူချိန်တွင် ခရစ်တော်သည် လူသားတို့အိမ်ထောင်ဟူသမျှအတွက် ပုံစံနမူနာဖြစ်တော်မူ၍ ကိုယ်တော်ရှင်သည် အိမ်ထောင်၌စကားနားထောင်၍ ကူညီဖော်လည်းရလေသည်။ ကိုယ်တော်ရှင်သည် လက်သမားအတတ်ကိုသင်ကြားတတ်မြောက်တော်မူ၍ နာဇရင်မြို့၌ရှိသောဆိုင်ငယ်ကလေးတွင် ကိုယ်တော်ရှင်သည်လက်တော်များဖြင့် လက်သမားအလုပ်ကိုလုပ်ကိုင်တော်မူလေသည်။

ယေရှုရှင်နှင့်ပတ်သက်၍ သမ္မာကျမ်းစာကပြောထားသည်မှာ "သူငယ်သည်လည်းကြီးပွား၍ ပညာဉာဏ်သတ္တိနှင့်ပြည့်စုံ၏" ကိုယ်တော်ရှင်သည် သူငယ်တော်ဘဝနှင့်အလုပ်အကိုင်ကို လုပ်ကိုင်ဆောင်ရွက်တော်မူသောအခါ ဉာဏခွန်အားနှင့်ကာယခွန်အားတို့သည် သန်မာထွားကြိုင်းလာလေသည်။ ကိုယ်တော်ရှင်၏ကာယခွန်အားကို ဟော့ဟော့ရမ်းရမ်းအသုံးမပြုဘဲ မည်သည့်အလုပ်အကိုင်မျိုးကိုမဆိုလုပ်ကိုင်နိုင်ရန် ကျန်းမာပကတိရှိနေစေမည့်

ကိုယ်လက်လှုပ်ရှားမှုကိုပြုတော်မူသည်။ ကိုယ်တော်ရှင်သည် လက်သမား တန်ဆာပလာများကို ကိုင်တွယ်လုပ်ဆောင်ရာမှာပင် မည်သည့်ချို့ယွင်းချက် မျှရှိတော်မမူပေ။ အလုပ်သမားတစ်ဦးအနေဖြင့် အပြစ်အနာအဆာကင်းလျက် စာရိတ္တတော်အားဖြင့်ပြည့်စုံတော်မူသည်။ ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း ခရစ်တော်သည် အသုံးဝင်သောအလုပ် အကိုင်ဆောင်ရွက်မှုကို ချီးမြှောက်တော်မူသည်။

**အလုပ်အကိုင်အမျိုးမျိုးကိုဆောင်ရွက်ခြင်းအားဖြင့် လန်းဆန်းမှု ရယူခြင်း** – သူတို့ခံစားခဲ့ရသမျှသောအခွင့်အရေးရှိသမျှအတွက်လည်း ကောင်း၊ သူတို့၏အချိန်ကို အကျိုးရှိစွာအသုံးပြုခဲ့ခြင်းရှိသည်မရှိသည်ကို လည်းကောင်း၊ သူတို့၏စွမ်းရည်များကို မှန်ကန်စွာအသုံးပြုခဲ့ခြင်းရှိသည် မရှိသည်ကိုလည်းကောင်း စာရင်းရှင်းပြရမည်ကို လူငယ်လူရွယ်တို့သည် သတိမူရပေမည်။ သူတို့က "ကျွန်တော်ကျွန်မတို့ဟာ ပျော်ရွှင်မှု ဒါမှမဟုတ် အပန်းဖြေမှုကိုမပြုဘဲနေရမှာလား။ အပြောင်းအလဲမရှိဘဲ တစ်ချိန်လုံးတစ်ခါ လုံးအလုပ်ချည်းပဲလုပ်ကိုင်နေရမှာလား" ဟူ၍ သူတို့ကစောဒကတက်ကြ ပေမည်။

အလုပ်ခွင်သို့ပြန်လည်ဝင်ရောက်သောအခါ ပိုမိုအားစိုက်ခွန်စိုက် လုပ်ကိုင်နိုင်ခြင်းအားဖြင့် ပိုမိုအောင်မြင်မှုရှိရန်အတွက် အင်အားတို့ကိုအသုံး ပြု၍ လုပ်ကိုင်ရသောအလုပ်အကိုင်အပြောင်းအလွဲအနေဖြင့် အခြားအလုပ် တစ်ခုခုကိုလုပ်ကိုင်ခြင်းသည် ခေတ္တခဏမျှလိုအပ်ပေလိမ့်မည်။ သို့ရာတွင် သူတို့၏ကာယခွန်အားနှင့်ပတ်သက်၍ လုံးဝအနားယူခြင်းသည် လိုအပ်မည် မဟုတ်ပေ။ (သို့မဟုတ်) အကျိုးထူးများဖြစ်ထွန်းမည်မဟုတ်ပေ။ အလုပ် အကိုင်တစ်မျိုးတည်းကိုလုပ်ကိုင်၍ မောပန်းသောအခါမှာပင် သူတို့သည် သူတို့၏တန်ဖိုးရှိလှသောအချိန်ကို ဖြုန်းတီးရန်မလိုအပ်ပေ။ ထိုအခါသူတို့ သည် အင်အားကုန်ခန်းမောပန်းစေသော အလုပ်မျိုးကိုမလုပ်မကိုင်ဘဲ သူတို့ ၏မိခင်နှင့်ညီအစ်ကိုမောင်နှမများအတွက် အကျိုးရှိမည့်အလုပ်အကိုင်များကို တာဝန်ယူဆောင်ရွက်ပေးခြင်းအားဖြင့် မိသားစုတို့၏စိုးရိမ်ပူပန်မှုများကို

ပေါ့ပါးစေရာတွင် အခြေခံကျင့်ဝတ်မှပေါ်ထွက်လာသော စိတ်ပျော်ရွှင်မှုကို သူတို့သည်တွေ့ရှိနိုင်၍ သူတို့အားစစ်မှန်သောပျော်ရွှင်မှုအကျိုးကျေးဇူးကို ခံစားရမည်သာမက သူတို့၏အချိန်ကိုလည်း မရေရာသောအရာအတွက် (သို့မဟုတ်) ကိုယ်ကျိုးအတွက်သုံးဖြုန်းလိမ့်မည်မဟုတ်ပေ။ သူတို့၏အချိန်ကိုအမြဲတမ်းအကျိုးရှိစွာအသုံးပြုနိုင်၍ အပြောင်းအလွဲတစ်ခုခုကိုလုပ်ကိုင်ခြင်းအားဖြင့် စိမ်းလန်းစိုက်ပြည်နေမည်သာမက အသုံးပြုပြီးသောအချိန်တိုင်းက အခြားပုဂ္ဂိုလ်တစ်ဦး၏အကျိုးကိုပြုကြောင်း သက်သေခံနိုင်လိမ့်မည်ဖြစ်သည်။

အများသောသူတို့က အတ္တပျော်ရွှင်မှုအတွက် ကာယခွန်အားကို ထိန်းသိမ်းထားရန်လိုအပ်ကြောင်းဖြင့် အခိုင်အမာပြောဆိုကြသည်။ ခန္ဓာကိုယ်အကောင်းဆုံးကြီးထွားလာမှုအတွက် အပြောင်းအလွဲရှိရန်လိုအပ်သည်ဆိုသည်မှာ မှန်ကန်ပေသည်။ အဘယ်ကြောင့်ဆိုသော် စိတ်နှင့်ကိုယ်ခန္ဓာတို့သည် အပြောင်းအလွဲတစ်ခုခုအားဖြင့်လန်းဆန်းလာ၍ အားအင်ပြည့်ဖြိုးလာသည်။ သို့ရာတွင် ဤရည်စူးချက်သည် မိုက်မဲသောပျော်ရွှင်မှုများကိုလိုက်စားခြင်းအားဖြင့်လည်းကောင်း၊ လူငယ်လူရွယ်တို့ နေ့စဉ်ထမ်းဆောင်ရမည့်တာဝန်များကို လျစ်လျူရှုခြင်းအားဖြင့်လည်းကောင်း အကောင်အထည်ဖော်မည်မဟုတ်ပေ။

**ကျောင်းသားများအတွက် ဘုရားသခင်ကောင်းချီးပေးထားသော အစီအစဉ်** – ဉာဏခွန်အားနှင့်ကာယခွန်အားတို့ ညီတူညီမျှကြီးထွားရင့်သန်လာအောင်လေ့ကျင့်ရန် လူငယ်လူရွယ်တို့အား ကျွန်ုပ်တို့သင်ကြားပေးရမည်။ လူတစ်ကိုယ်လုံးကျန်းမာမှုဆိုင်ရာလေ့ကျင့်ပေးမှုသည် ကျယ်ပြန့်၍အကျိုးဝင်လှသောပညာရေးကို သင်ကြားပေးပေလိမ့်မည်။

ဤကိစ္စနှင့်ပတ်သက်၍ မိဘများနှင့်လူငယ်လူရွယ်များကိုသင်ကြားပေးရာတွင် ဩစတြေးလျပြည်၌ ကျွန်ုပ်တို့ဆောင်ရွက်ရမည့်တာဝန်သည် ကြီးမားလှခဲ့ပေသည်။ သို့ရာတွင် ပြည့်စုံကုံလုံသောပညာရေးကိုထားရှိရန် အချိန်ကိုစာပေပညာသင်ကြားချိန်နှင့် လက်တွေ့အလုပ်အကိုင်ကိုလုပ်ကိုင်ခြင်းပညာသင်ကြားချိန်ဟူ၍ နှစ်ပိုင်းခွဲခြားထားရမည်ဟူသော သင်ခန်းစာကို

ရရှိသည့်တိုင်အောင် ကျွန်ုပ်တို့သည် ဇွဲကောင်းကောင်းဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

နေ့စဉ်နေ့တိုင်း၏တစ်ပိုင်းတစ်စကို အသုံးဝင်သောအလုပ်အကိုင်ကိုလုပ်ကိုင်ကြရာတွင် ကျောင်းသားတို့သည် ကျောင်းပရဝဏ်ကို သန့်ရှင်းအောင်ထားနည်းကိုလည်းကောင်း၊ မြေယာထွန်ယက်စိုက်ပျိုးနည်းကိုလည်းကောင်း၊ အားကစားကစားမှုများနှင့်ပျော်ရွှင်မှုရှာခြင်းအားဖြင့် သုံးဖြုန်းမည့်အချိန်များတွင် အိမ်များဆောက်ခြင်းကိုလည်းကောင်း ကျောင်းသားများသည် သင်ကြားကြရလေသည်။ ဤနည်းအားဖြင့် အသုံးဝင်မှုဆိုင်ရာသင်ခန်းစာများကို လေ့လာလုပ်ကိုင်ခြင်းအားဖြင့် သူတို့၏အချိန်ကိုအသုံးပြုသောကျောင်းသားများကို ဘုရားသခင်သည် ကောင်းချီးပေးတော်မူသည်။

ကျန်းမာမှုကိုတိုးတက်စေရန်အတွက် အသုံးဝင်သောအလုပ်အကိုင်များကို ဘုရားသခင်သည် စီမံခန့်ခွဲထားရှိတော်မူသည်။ ၎င်းအလုပ်အကိုင်များသည် ကျောင်းသားတို့ကို ကိုယ်တိုင်၏အကျိုးနှင့်သူတစ်ပါးတို့၏အကျိုးကိုပြုစေရန် ကျောင်းသားတို့အားလိုအပ်သောအရည်အချင်းကို ပေးမည်ဖြစ်သည်။

ပျော်ရွှင်မြူးထူးမှုတစ်ခုတည်းကိုသာဖန်တီးပေးသော ပျော်ရွှင်မှုများကိုထားပေးမည့်အစား ကောင်းကျိုးပြုမည့်လေ့ကျင့်မှုမျိုးထားရှိရန်အတွက်လိုအပ်သောအစီအစဉ်များကို ပြုလုပ်အပ်လေသည်။

**သာသနာပြုဆိုင်ရာလှုပ်ရှားမှုသည် စံပြလေ့ကျင့်မှုဖြစ်သည်** – ပျော်ရွှင်မှုသက်သက်အတွက် လေ့ကျင့်မှုမျိုးလိုအပ်မှုကို လုံးဝပပျောက်စေမည့်အကြံ၊ အသုံးဝင်သောလုပ်ငန်းဆောင်တာများဆောင်ရွက်ရန် လောကကြီးတွင်မြောက်မြားစွာရှိသည်။ ရည်စူးချက်တစ်ခုအတွက် အသုံးပြုသောအခါ၌လည်းကောင်း၊ ကောင်းမှုပြုသောအခါ၌လည်းကောင်း၊ နက်နက်နဲနဲစဉ်းစားဉာဏ်ထုတ်ရသောအခါ၌လည်းကောင်း ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းရန် ဘုရားသခင်အပ်ပေးထားတော်မူသောစွမ်းရည်များကို လက်တွေ့

အသုံးပြုနေမည့်ကိုယ်ခန္ဓာအစိတ်အပိုင်းတို့၏ဉာဏစွမ်းအားနှင့် ကာယအင်အားတို့၏စွမ်းရည်များကို ကြီးထွားရင့်သန်လာစေရန် ပြုပြင်ပေးမည့်စီမံကိန်းများ စောက်ချလုပ်ကိုင်အကောင်အထည်ဖော်သောအခါ၌လည်းကောင်း၊ ဦးနှောက်အရိုးများနှင့်ကြွက်သားများသည် ကြံ့ခိုင်မှုနှင့်အင်အားတောင့်တင်းမှုကို ရရှိလာကြလိမ့်မည်။

လူငယ်လူရွယ်တို့သည် သူတစ်ပါးတို့အတွက်အသုံးကျသောသူများဖြစ်လာစေရန်လည်းကောင်း၊ သူတစ်ပါးတို့၏လုပ်ငန်းဆောင်တာများကိုပေါ့ပါးစေရန်လည်းကောင်း၊ ဝမ်းနည်းပူပန်ခြင်းကိုရင်ဆိုင်နေရသောသူတို့အား နှစ်သိမ့်စေရန်လည်းကောင်း၊ စိတ်ဓာတ်ကျဆင်းနေသောသူတို့အား စိတ်ဓာတ်မြှင့်တင်ပေးစေရန်လည်းကောင်း၊ မျှော်လင့်ချက်ကင်းမဲ့နေသောသူတို့အား နှစ်သိမ့်စကားပြောကြားစေရန်လည်းကောင်း၊ ကျောင်းသူကျောင်းသားတို့အား သူတို့၏ဂုဏ်သိက္ခာကိုကျဆင်းစေလျက် အရှက်တကွဲအကျိုးနည်းဖြစ်စေသည့်ပျော်ရွှင်မှုများကို ကျော်ခိုင်းစေခြင်းအားဖြင့်လည်းကောင်း၊ လူငယ်လူရွယ်တို့အား ဘုရားသခင်ပေးအပ်ထားတော်မူသော ကြွက်သားများနှင့်ဦးနှောက်များကိုအသုံးပြုရာတွင် ကောင်းကျိုးကိုပြုရန်အမြဲတမ်းကြိုးပမ်းစေရမည့်တာဝန်သည် ကျွန်ုပ်တို့ပခုံးများပေါ်တွင် ရပ်တည်လျက်ရှိသည်။ စိတ်ဓာတ်သည်မြင့်မား၍ ပိုမိုမြင့်မြတ်သောအသုံးကျမှုအတွက်ကြိုးပမ်းကြရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။

လူငယ်လူရွယ်တို့အား ဘုရားသခင်၏လုပ်ဖော်ဆောင်ဖက်များဖြစ်စေ၍ ပစ္စုပ္ပန်ဘဝတွင်ပိုမိုမြင့်မားသောအသုံးကျမှုအတွက် သွန်သင်ပေးမည့်သာသနာပြုအမှုတော်ကိုဆောင်ရွက်ရာ၌လည်းကောင်း၊ ပညာရေးတွင်အလိုအပ်ဆုံးဖြစ်သောလက်များကို အသုံးပြုရသောအသုံးဝင်သောအလုပ်အကိုင်များတို့ကို လုပ်ကိုင်ရာတွင်လည်းကောင်း ပိုမိုအဆင့်အတန်းမြင့်သောလေ့ကျင့်မှုနည်းလမ်းများကို ၎င်းစိတ်နှင့်ကြွက်သားများကို လေ့ကျင့်ပေးသောစွမ်းရည်ကပင်လျှင် တီထွင်ဖန်တီးပေးလိမ့်မည်။

ဤလုပ်ငန်းသည် ခရစ်တော်ဆောင်ရွက်တော်မူသောနည်းလမ်း အတိုင်းဖြစ်သောကြောင့် ၎င်းနည်းလမ်းသည် လူငယ်လူရွယ်တိုင်းလိုက်နာ ကျင့်သုံးအပ်သောနည်းလမ်းဖြစ်သည်မဟုတ်ပါလော။ သင်တို့သည် ခရစ်တော်၏ကူညီမစမှုကိုရရှိကြသည်။ ကျောင်းသားများ၏အတွေးအခေါ်များသည် ကျယ်ဝန်းလာလိမ့်မည်။ သင်တို့သည် ထိထိရောက်ရောက်လုပ်ကိုင်ဆောင်ရွက် နိုင်စွမ်းရှိကြ၍ သင်တို့၏အသုံးဝင်မှုသည် သင်တို့၏ကျောင်းသားဘဝ၌ပင် အစဉ်တစိုက်တိုးတက်မှုရှိလိမ့်မည်။ နောက်ဆုံးတွင် သင်တို့အား "သာဓု၊ သစ္စာရှိသောငယ်သားကောင်း၊ သင်သည် အမှုငယ်၌သစ္စာစောင့်ပြီ" ဟူသော မင်္ဂလာစကားကိုကြားနိုင်ရန်အတွက် ကောင်းကင်တံဆိပ်ရိုက်နှိပ်ခြင်းခံရမည့် ကောင်းကျိုးများကိုဆောင်ရွက်ရာတွင် ဘုရားသခင်ပေးသနားတော်မူသော လက်များကို အသုံးပြုရကြမည်။

**နာဖျားမကျန်းရှိသောသူတို့အတွက်ဆေးလက်မှတ်** – နာဖျား မကျန်းရှိသောသူတို့အား သူတို့အိပ်ခန်းများမှထွက်၍ လဟာပြင်တွင်သွားလာ လှုပ်ရှားလျက် ပန်းပင်များပြုစုပေးခြင်း (သို့မဟုတ်) အခြားပေါ့ပါး၍ကြမ်းကြမ်း တမ်းတမ်းမဖြစ်သောအလုပ်တစ်ခုခုကို လုပ်ကိုင်စေခြင်းအားဖြင့် သူတို့၏ စိတ်သည် ကိုယ်တိုင်အခြေအနေကိုသုံးသပ်နေခြင်းမှ ကျန်းမာမှုကိုတိုးတက် စေသောအရာတစ်ခုခုကို မျှော်မှန်းရော်ရမ်းမိလိမ့်မည်ဖြစ်သည်ကို ကျွန်ုပ်သည် ညွှန်ကြားမှုကိုခံရပါသည်။ လဟာပြင်၌ကိုယ်လက်လှုပ်ရှားမှုကိုအကျိုးဖြစ် ထွန်း၍ အသက်ကိုပေးသောလိုအပ်မှုတစ်ခုအနေဖြင့် ဆောင်ရွက်စေရမည်။

ပျော်ရွှင်သောငှက်သတ္တဝါတို့၏ကျူးအေးသံများကို ကျွန်ုပ်တို့ နားထောင်သောအခါ၌လည်းကောင်း၊ စိမ်းလန်းစိုပြည်စွာပေါက်ရောက်နေ သောလယ်ပြင်များနှင့် ဥယျာဉ်မှူးကိုကြည့်ရှုကြသောအခါ၌လည်းကောင်း ကျွန်ုပ်တို့သည် စိတ်ပျော်ရွှင်ကြည်နူးမှုကိုရရှိမည်မှာ မြေခတ်မလွဲပင်။ ဘုရားသခင်သည် ရက်ရောသောလက်တော်ဖြင့် ကျွန်ုပ်တို့အတွက်ထားရှိ တော်မူသော ဝမ်းမြောက်ဖွယ်သောအရာရှိသမျှတို့ကို စိတ်ဝင်စားသင့်ကြပေ

သည်။ ကိုယ်တော်ရှင်၏မေတ္တာတော်နှင့်စောင့်ရှောက်တော်မူခြင်းတို့၏ မြောက်မြားစွာသောအထိမ်းအမှတ်ဖြစ်သော ဤအရာများကိုစဉ်းစားဆင်ခြင်ရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အိုမင်းမစွမ်းဖြစ်မှုများကိုမေ့လျော့၍ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ကျွန်ုပ်တို့၏နှလုံးသားများထဲ၌ ကိုယ်တော်ရှင်အားထောမနာသီချင်းသီဆိုကြမည်ဖြစ်သည်။

ပြန်လည်ကျန်းမာလာစေရန် ကိုယ်လက်အင်္ဂါများဖြင့်လုပ်ကိုင်ခြင်းကိုရပ်နားထားခြင်းသည် မှားယွင်းကြောင်းကိုနာဖျားမကျန်းရှိသောသူတို့အားသွန်သင်ပေးရမည်ဖြစ်ကြောင်း ကျွန်ုပ်အားနှစ်ပေါင်းများစွာကပင် ရံဖန်ရံခါဖော်ပြခဲ့တော်မူသည်။ ၎င်းကဲ့သို့ရပ်ဆိုင်းထားခြင်းကြောင့် စိတ်ဆန္ဒပြင်းပြမှုလျော့နည်းလာ၍ သွေးလှည့်လည်သွားလာမှုသည် လေးလံနှေးကွေးလျက် အမြဲတစေပိုမိုညစ်ညမ်းလာလေသည်။ လူနာ၏ရောဂါအခြေအနေသည် အမှန်အတိုင်းထက်ပိုမိုဆိုးရွားနေသည့် စိတ်ကူးယဉ်မှုအန္တရာယ်ကိုရင်ဆိုင်နေရလျှင် ပျင်းရိခြင်းတည်းဟူသော ဆိုးကျိုးတည်းဟူသောရလဒ်သာလျှင် ထွက်ပေါ်လာပေမည်။ စနစ်တကျဖြစ်သောအလုပ်အကိုင်ကိုလုပ်ကိုင်ခြင်းသည် နာဖျားမကျန်းရှိသောသူအား သူသည် လောကကြီး၌လုံးဝအသုံးမကျဖြစ်သောသူမဟုတ်သေးကြောင်းကိုလည်းကောင်း၊ သူသည်ရပ်တည်လျက်ရှိသောအခြေအနေမှာပင် အကျိုးကျေးဇူးခံစားရသည်ဟူသောသဘောတရားကို ရရှိစေမည်ဖြစ်သည်။ ဤသဘောတရားကိုရရှိခြင်းက သူ့အားစိတ်ကျေနပ်မှုကိုလည်းကောင်း၊ သတ္တိကိုလည်းကောင်း၊ ခွန်အားတို့ကိုလည်းကောင်း ပေးလိမ့်မည်ဖြစ်သည်။ ၎င်းအခြေအနေမျိုးကို အကျိုးမဲ့သောစိတ်ပျော်ရွှင်မှုမျိုးက ဘယ်အခါအမျှမဖန်တီးနိုင်ပေ။

**စစ်မှန်သောပျော်ရွှင်မှုများကိုတွေ့ရှိစေရန် ဘုရားသခင်၏စီစဉ်ထားချက်** – လူဆင်းရဲချမ်းသာမရွေး လူတိုင်းခံစားနိုင်သောပျော်ရွှင်မှုကို စင်ကြယ်သောအကြံအစည်နှင့်အတ္တစိတ်ကင်းသောအပြုအမူ၌ တွေ့ရှိနိုင်ပေသည်။ ၎င်းပျော်ရွှင်မှုသည် ကိုယ်ချင်းစာသောစကားများပြောဆိုခြင်းနှင့်

ကြင်နာစွာပြုသောအပြုအမူများမှဆင်းသက်လာသည်။ ၎င်းကဲ့သို့သောဝန်ထမ်းမှုမျိုးကိုထမ်းဆောင်သောသူထံမှ မြောက်မြားစွာသောဝမ်းနည်းခြင်းများတို့ကြောင့် မှောင်မည်းနေသောဘဝအသက်တာများကို ထွန်းလင်းတောက်ပစေရန် ခရစ်တော်၏လင်းရောင်ခြည်သည် အလင်းကိုပေးတော်မူသည်။

---o---

## အခန်း ၈၂
# ခရစ်ယာန်ရွေးချယ်သောအပန်းဖြေခြင်းမျိုး

**ခရစ်ယာန်အပန်းဖြေခြင်းတစ်ဖက်တွင်လောကီပျော်ရွှင်ခြင်း –** အပန်းဖြေခြင်းနှင့်ပျော်ရွှင်ခြင်းဆိုသည်မှာ တစ်ခုနှင့်တစ်ခုမတူဘဲခြားနားမှုရှိသည်။ အပန်းဖြေခြင်းဆိုသည်မှာ တစ်ခုနှင့်တစ်ခုမတူဘဲခြားနားမှုခြင်းကိုပြုလုပ်လျှင် ကိုယ်ခန္ဓာအားသစ်လောင်း၍ ကြံ့ခိုင်မှုကိုရရှိစေသည်။ အပန်းဖြေခြင်းက သာမန်စိတ်သောကများနှင့်အလုပ်အကိုင်များကိုဘေးဖယ်ထားစေ၍ စိတ်နှင့်ကိုယ်ခန္ဓာကိုလန်းဆန်းစေခြင်းအားဖြင့် ဘဝအသက်တာ၏လမ်းကြမ်းထဲတွင် ပြန်လည်လျှောက်သွားနိုင်စေရန် အင်အားသစ်ကိုပေးသည်။

တစ်နည်းကား၊ ပျော်ရွှင်ခြင်းဆိုသည်မှာ ပျော်ရွှင်မှုသက်သက်အတွက်ကြိုးပမ်းခြင်းဖြစ်၍ အများအားဖြင့် စည်းလွတ်ကမ်းလွတ်အခြေအနေမျိုးသို့ရောက်ရှိသွားတတ်သည်။ ပျော်ရွှင်မှုလိုက်စားခြင်းသည် အသုံးဝင်သောအလုပ်အကိုင်လုပ်ကိုင်ရန် လိုအပ်သောအင်အားကိုဖြုန်းတီးပစ်သောကြောင့်ဘဝအသက်တာ၏စစ်မှန်သောအောင်မြင်မှုအတွက် အနှောင့်အယှက်ဖြစ်စေသည်။

ခရစ်ယာန်ဆိုင်ရာအပန်းဖြေမှုကိုကျင့်သုံးသော ခရစ်တော်၏တပည့်တော်များ၏ပေါင်းသင်းဆက်ဆံမှုများနှင့် ပျော်ရွှင်မှုသက်သက်ကိုလိုက်စားသော လောကီဆိုင်ရာမိတ်ဆုံစားပွဲများတို့သည် များစွာခြားနားကြသည်။ ဆုတောင်းခြင်း၊ ခရစ်တော်၏နာမတော်နှင့်ဘုရားတရားဆိုင်ရာအကြောင်းအရာများကို ဖော်ပြခြင်းမပြုဘဲ လောကီသားတို့၏နှုတ်ဖျားမှ အညတရရယ်မောခြင်းနှင့်အရည်မရအဖတ်မရဖြစ်သောပြောဆိုခြင်းများတွင် ပေါ်လာလိမ့်မည်။ သူတို့၏သဘောမှာ ပျော်ပျော်နေသေခဲအတွက်သာဖြစ်သည်။ သူတို့၏ပျော်ရွှင်မှုများသည် အမှားဖြင့်အစပြု၍ ဝါးကြွားမှုဖြင့်နိဂုံးချုပ်သွားသည်။

ပျော်ရွှင်မှုများတွင် အခြားလိုက်စားမှုများကဲ့သို့ ချင့်ချင့်ချိန်ချိန် သုခမိန်ဖြစ်ရပ်လိုအပ်ပေသည်။ ၎င်းပျော်ရွှင်မှုများ၏သဘာဝကို သေချာ ရေရာစွာစဉ်းစဉ်းစားစားဆင်ခြင်သင့်ပေသည်။ လူငယ်လူရွယ်တိုင်းက မိမိ ကိုယ်ကို "ဤပျော်ရွှင်မှုများသည် ကာယကျန်းမာမှု၊ ဉာဏကျန်းမာမှုနှင့် ကျင့်ဝတ်ဆိုင်ရာကျန်းမာမှုများအပေါ်တွင် ဘယ်ကဲ့သို့သောသြဇာသက်ရောက် မှုမျိုးရှိမည်နည်း။ ဘုရားသခင်ကိုမေ့သွားလောက်အောင် ကျွန်ုပ်သည် ပျော်ရွှင်မှုများဖြင့်မူးယစ်နေမည်လား။ ကျွန်ုပ်ရှေ့၌ ကိုယ်တော်ရှင်၏ဘုန်း တန်ခိုးတော်ကိန်းဝပ်ခြင်းကို ရင်ဆိုင်ပစ်ရမည်လား" ဟူ၍ မေးမြန်းသင့် ပေသည်။

**တရားဝင်ပျော်ရွှင်ခြင်းများကို အသိအမှတ်ပြုနိုင်သောစည်းကမ်း ချက်တစ်ခု** – ယေရှုရှင်သည် ပျော်ရွှင်ခြင်းဆင်းသက်ရာဌာနကြီးဖြစ်ကြောင်း ကို ကျွန်ုပ်တို့မည်သည့်အခါမျှမျက်ခြည်မပြတ်ပါစေနှင့်။ လူသားတို့သည် စိတ်ဒုက္ခကိုယ်ဒုက္ခရောက်လျက်ရှိနေသည်ကို ကိုယ်တော်ရှင်သည်လိုလား တော်မမူဘဲ ပျော်ရွှင်နေမှုကိုသာလိုလားတော်မူသည်။

ခရစ်ယာန်များအနေဖြင့် ပျော်ရွှင်မှုရရှိရာဌာနမြောက်မြားစွာရှိသည်။ ၎င်းပျော်ရွှင်မှုများအနက် မည်သည့်ပျော်ရွှင်မှုများသည် တရားဝင်၍မှန်ကန် သည်ကို သူတို့သည် မမှားမယွင်းတိကျစွာပြောနိုင်ကြသည်။ စိတ်ကိုမငြိုးငွေ့ စေသောအပန်းဖြေခြင်း (သို့မဟုတ်) စိတ်ဝိညာဉ်ကိုယုတ်ညံ့မသွားစေသော အပန်းဖြေခြင်းမျိုး၊ မိမိကိုယ်ကိုလေးစားခြင်းကို ဖျက်ဆီးရန် (သို့မဟုတ်) အသုံးဝင်မှုလမ်းကြောင်းကိုပိတ်ဆို့ရန် ဝမ်းနည်းစေသောသြဇာသက်ရောက်မှု ကို ဖန်တီးပေးမည်မဟုတ်သောပျော်ရွှင်မှုမျိုးကို သူတို့ပြုလုပ်နိုင်ကြသည်။ သူတို့သည် သူတို့နှင့်အတူယေရှုရှင်ကိုယူဆောင်သွား၍ ဆုတောင်းတတ်သော စိတ်သဘောကိုမွေးမြူထားရှိလျှင် သူတို့အတွက်လုံးဝလုံခြုံမှုရှိသည်။

သင်တို့သည်ယုံကြည်ခြင်းဖြင့် ဘုရားသခင်အားကောင်းချီးပေးတော် မူရန် တောင်းလျှောက်နိုင်မည့် မည်သည့်ပျော်ရွှင်မှုမျိုးဖြစ်စေ အန္တရာယ်ရှိ လိမ့်မည်မဟုတ်ပေ။ သို့ရာတွင် ဆိတ်ကွယ်ရာအရပ်၌ဆုတောင်းခြင်း၊ ဘုရား

ဝတ်ပြုကျောင်း၌ဆုတောင်းပတ္ထနာပြုခြင်း (သို့မဟုတ်) ဆုတောင်းစည်းဝေး၌ပါဝင်ခြင်းများကို ဟန့်တားသောပျော်ရွှင်မှုမျိုးသည် လုံခြုံမှုမရှိဘဲအန္တရာယ်များလှသည်။

**သာမန်တာဝန်များအတွက်မသင့်လျော်သောပျော်ရွှင်မှုများ** – ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်၏ဂုဏ်တော်ကို ကျွန်ုပ်တို့ဘဝအသက်တာ၌နေ့စဉ်နှင့်အမျှချီးမွမ်းရန် အကျွန်ုပ်တို့၏အခွင့်အရေးဖြစ်ကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့သည် ဤလောက၌ မိမိတို့၏ပျော်ရွှင်မှုနှင့် မိမိတို့စိတ်ကိုသာလုပ်ကိုင်ရန် အသက်ရှင်ရမည့်သူများမဟုတ်ကြောင်းကိုလည်းကောင်း ယုံကြည်သောလူတန်းစားဖြစ်သည်။ လူသားတို့အားကောင်းကျိုးပြု၍ လူ့အဖွဲ့အစည်းတို့အတွက်မင်္ဂလာဖြစ်စေရန် ကျွန်ုပ်တို့သည် ဤလောက၌အသက်ရှင်ရကြလေသည်။ ဝါကြွားမှုနှင့်မှားယွင်းမှုလမ်းကြောင်းထဲ၌သာလျှောက်လိုက်စေရန် မိမိတို့ကိုဦးတည်ခွင့်ပြုနေသောသူတို့၏ကျဉ်းမြောင်းနိမ့်ကျသောလမ်းကြောင်းထဲ၌ ကျွန်ုပ်တို့၏စိတ်ကိုလျှောက်လိုက်ခွင့်ပြုကြလျှင် ကျွန်ုပ်တို့၏လူမျိုးနှင့်အစဉ်အဆက်အတွက် ဘယ်ကဲ့သို့ကောင်းကျိုးကိုပြုနိုင်ကြပါမည်နည်း။ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ရှိသော လူ့အဖွဲ့အစည်းအတွက်ဘယ်ကဲ့သို့မင်္ဂလာတစ်ရပ်ဖြစ်စေနိုင်ပါမည်နည်း။ သာမန်တာဝန်များကို ပိုမိုသစ္စာရှိစွာဆောင်ရွက်ရန် ကျွန်ုပ်တို့အားသင့်လျော်သောသူများအဖြစ်သို့ ပို့ဆောင်ပေးခြင်းမပြုသည့် မည်သည့်ပျော်ရွှင်မှုကို ကျွန်ုပ်တို့သည် အပြစ်ကင်းစွာလိုက်နာကျင့်သုံးနိုင်ကြသည်မဟုတ်ပေ။

ကိုယ်ကျိုးပြုသောမည်သည့်လိုအင်ဆန္ဒမျိုးကိုမဆို လိုက်လျောခြင်းအားဖြင့် စိတ်ဝိညာဉ်၏ကောင်းကျိုးကိုအန္တရာယ်မဖြစ်စေသင့်ပေ။ ဘဝအသက်တာ၏သာမန်တာဝန်များသည် နိမ့်ကျ၍စိတ်ဝင်စားဖွယ်မဖြစ်ဟူသောလက္ခဏာမျိုး စိတ်နှလုံးထဲ၌ပေါ်ပေါက်လာစေလောက်အောင် စွဲလမ်းစေသောမည်သည့်ပျော်ရွှင်မှုမျိုးကိုမဆို ကျွန်ုပ်တို့သည် ရှောင်ကြဉ်အပ်ပေသည်။ ၎င်းကဲ့သို့သောပျော်ရွှင်မှုကိုလိုက်စားခြင်းအားဖြင့် စိတ်သည် မှားယွင်းသောဌာနဘက်သို့ ဦးတည်နေသောကြောင့် အမှားကိုအမှန်ကဲ့သို့ပေါ်ပေါက်လာစေ

လောက်အောင် စာတန်သည် စိတ်၏အတွေးအခေါ်များကို မှောက်မှားစေလိမ့်မည်ဖြစ်သည်။ ထိုအခါ ချုပ်တည်းခြင်းရှိရမည်။ မိဘစကားကိုနားထောင်ရမည်ဟူသော ခရစ်တော်၏ဆုံးမသွန်သင်ခြင်းသည် မခံမရပ်နိုင်သည့်ကိစ္စဟူသော လက္ခဏာမျိုးပေါ်ပေါက်လာလိမ့်မည်။

**ကန့်ကွက်ဖွယ်ဖြစ်သောမိတ်ဆုံပွဲများကိုဖော်ပြထားချက်** – ၎င်းတို့အနေအားဖြင့် မှန်ကန်သောကိစ္စမြောက်မြားစွာရှိသည်။ သို့ရာတွင် ၎င်းတို့သည် စာတန်၏မှောက်လှန်မှုကိုခံရသောအခါ သတိမမူသောသူအတွက် ထောင်ချောက်ဖြစ်လာလိမ့်မည်။

သာမန်အားဖြင့် ကျင်းပသောပျော်ပွဲရွှင်ပွဲများသည် စိတ်အတွက်ဖြစ်စေ၊ စာရိတ္တအတွက်ဖြစ်စေ စစ်မှန်သောကြီးထွားရင့်သန်လာမှုအတွက် အဟန့်အတားဖြစ်သည်။ ဟေးလားဝါးလားပေါင်းသင်းဆက်ဆံမှုများ၊ လက်ဖွာသောအကျင့်ဓလေ့များ၊ ပျော်ရွှင်မှုလိုက်စားခြင်းနှင့်အများအားဖြင့် အလေလိုက်ခြင်းတို့သည် မကောင်းမှုဒုစရိုက်ကျူးလွန်ရန်အတွက် ဘဝအသက်တာတစ်ခုလုံးကို ပြုပြင်ပေးသည်။ ၎င်းပျော်ရွှင်မှုများအစား ကောင်းကျိုးပြု၍ အသက်ကိုရှည်စေသောပျော်ရွှင်မှုများကို မိဘများနှင့်ဆရာသမားများက စီစဉ်ထားပေးနိုင်ကြသည်။

ကျွန်ုပ်တို့သည် အသင်းတော်မှအဖွဲ့အစည်းများနှင့် အသင်းတော်အတွက်အရှက်တကွဲအကျိုးနည်းဖြစ်စေသော မိတ်ဆုံပွဲတစ်မျိုးရှိသည်။ ၎င်းမိတ်ဆုံပွဲသည် ဝတ်စားဆင်ယင်မှု၌ဝါကြွားမှုကိုလည်းကောင်း၊ အသွင်အပြင်ဝါကြွားမှုကိုလည်းကောင်း၊ ကိုယ့်စိတ်ကြိုက်ပြုပြင်လုပ်ဆောင်ခြင်းကိုလည်းကောင်း၊ အလွန်အကြူးပျော်ရွှင်မှုကိုလည်းကောင်း၊ အမြင်ကျဉ်းမြောင်းမှုကိုလည်းကောင်း အားပေးသည်။ ၎င်းမိတ်ဆုံပွဲမျိုးတွင် စာတန်အားအထူးဧည့်သည်တော်အဖြစ်ဖိတ်ခေါ်၍ ၎င်းမိတ်ဆုံပွဲများသို့တက်ရောက်ကြသောဧည့်ပရိသတ်တို့ကို စာတန်သည် စိတ်ကြိုက်ခြယ်လှယ်လေသည်။

၎င်းကဲ့သို့မိတ်ဆုံပွဲမျိုးတစ်ခုကို ကျွန်ုပ်အားပြပါသည်။ သမ္မာတရားကိုယုံကြည်ပါသည်ဆိုသောပရိသတ်တစ်စုသည် ၎င်းမိတ်ဆုံပွဲသို့တက်ရောက်

ကြပါသည်။ တစ်ယောက်သောသူသည် တေးဂီတတီးမှုတ်သောတန်ဆာ ပလာတစ်ခုအနီး၌ထိုင်၍ ကောင်းကင်တမန်များအား ငိုကြွေးစေမည့်သီချင်း များကို သီဆိုလေသည်။ ၎င်းတေးသံကိုကြားရသောကြောင့် မိတ်ဆုံပွဲ တက်ရောက်ကြသောသူတို့သည် ပျော်ရွှင်မြူးမြူးထူးထူးဖြစ်ကြသောအသံ များ၊ အော်ဟစ်ရယ်မောသံများနှင့် ဆူညံစွာအော်ဟစ်သံများကိုကြားရသည်။ သို့ရာတွင် ၎င်းပျော်ရွှင်မှုမျိုးသည် စာတန်တစ်ဦးတည်းကဖန်တီးပေးသော ပျော်ရွှင်မှုမျိုးဖြစ်သည်။ ၎င်းကဲ့သို့သောစိတ်တက်ကြွမှုနှင့်ပျော်ပါးမှုမျိုးသည် ဘုရားသခင်ကိုချစ်သောသူအားလုံးတို့အတွက် ရှက်ဖွယ်သောပျော်ပါးမှုမျိုး ဖြစ်သည်။ ၎င်းပျော်ပါးမှုမျိုးသည် ၎င်းတွင်ပါဝင်ပျော်ပါးကြသောသူတို့အား မသန့်ရှင်းသောစိတ်ကူးနှင့် အပြုအမူများကျူးလွန်ရန်ပြင်ဆင်ပေးသည်။ ၎င်းပျော်ပါးမှုထဲတွင် ပါဝင်ဆင်နွဲကြသောသူအချို့တို့သည် ရှက်ဖွယ်ဖြစ် သောပျော်ပါးမှုများတွင် ပါဝင်ခဲ့သည့်အတွက် လှိုက်လှိုက်လှဲလှဲနောင်တ ကြီးစွာရရှိကြသည်ဟု ယူဆစရာအကြောင်းရှိပါသည်။

၎င်းကဲ့သို့မြောက်မြားစွာသောပျော်ရွှင်မှုမျိုးကို ကျွန်ုပ်တို့သည် ရူပါရုံ တွင်တွေ့မြင်ရပါသည်။ ၎င်းပျော်ရွှင်မှုမျိုးတွင် ပါဝင်ဆင်နွဲကြသောသူတို့၏ ပျော်ပါးခြင်း၊ ဝတ်စားဆင်ယင်မှုဝါကြွားခြင်းနှင့်စိန်ရွှေရတနာများ အပြိုင် အဆိုင်ဝတ်ဆင်ခြင်းများကို ကျွန်ုပ်တွေ့မြင်ရပါသည်။ ပါဝင်ဆင်နွဲကြသော သူအားလုံးတို့က ကိုယ်ရှိန်ကိုယ်ဝါတောက်ပြောင်နေသည့်အခြေအနေမျိုး၌ ရှိနေလိုကြသည်။ အော်ဟစ်ရယ်မောကြသည်။ တစ်ဦးနှင့်တစ်ဦးနောက်ပြောင် ကြသည်။ မြွောက်ထိုးပင့်ကော်စကားမျိုးပြောကြသည်။ မျက်လုံးများတောက် ကာပါးနှစ်ဖက်သည် နီမြန်းနေသည်။ ဟီရိဩတ္တပ္ပတရားကား ငိုက်မျဉ်း အိပ်ပျော်လျက်ရှိလေပြီ။ အစားအစာများစားလျက်၊ သေရည်သေရက်သောက် စားလျက်၊ ၎င်းသောက်စားမူးယစ်ခြင်းအားဖြင့် ဘုရားသခင်ကိုမေ့လျော့နေ ရန် အတတ်နိုင်ဆုံးကြိုးပမ်းကြသည်။ ပျော်ရွှင်ခြင်းရှိနေရာဌာနသည် သူတို့ ၏ပါရဒိသုဘုံဖြစ်သည်။ ကောင်းကင်ဘုံရှင်တန်ခိုးတော်သခင်သည် ၎င်း အဖြစ်အပျက်အလုံးစုံကို တွေ့မြင်တော်မူသည်။

ပျော်ရွှင်မှုအတွက်မိတ်ဆုံပွဲများသည် ယုံကြည်ခြင်းကိုရှုပ်ထွေးစေ၍ ရည်စူးချက်ကိုမွှေနှောက်ပစ်လျက် မသေချာမရေရာသောအခြေအနေသို့ရောက် ရှိစေသည်။ ဘုရားသခင်သည် ကွဲပြားနေသောနှလုံးမျိုးကိုလက်ခံတော်မမူ။ ကိုယ်တော်ရှင်သည် ပြည့်ပြည့်စုံစုံဖြစ်သောအင်္ဂါအစိတ်အပိုင်းများကို အလို တော်ရှိတော်မူသည်။

**ဘေးကင်း၍လူကြိုက်များသောပျော်ရွှင်မှုများမရှိသလောက်နည်း ပါသည်** – ယခုအခါတွင် လူကြိုက်များသည့်မြောက်မြားစွာသောပျော်ရွှင် မှုများသည် သာသနာပလူတို့၌ဖြစ်ပျက်တတ်သကဲ့သို့ မိမိတို့ကိုယ်ကို ခရစ်ယာန်များဟုအခိုင်အမာပြောဆိုသောသူများ၌ပင်လျှင် ဖြစ်ပျက်တတ်သည်။ ဝိညာဉ်များကိုဖျက်ဆီးရာတွင် စာတန်သည် ၎င်းခရစ်ယာန်များထဲမှအချို့ကို သူ့အလိုကျဆွဲဆောင်နိုင်လေသည်။ တပ်မက်သောစိတ်ကိုလှုံ့ဆော်၍ ညစ်ညမ်း ယုတ်မာမှုကိုသိဒ္ဓိတင်ရန် စာတန်သည် ကြိုးပမ်းလုပ်ကိုင်ခဲ့သည်မှာ ခေတ် ကာလများစွာကပင် ကပွဲများမှတစ်ဆင့်ဖြစ်သည်။ ဆွဲဆောင်မှုများသော ပြသမှုများနှင့် စိတ်တကက်ကြွမှုကိုလှုံ့ဆော်ပေးသော တေးဂီတတီးမှုတ်ခြင်း၊ ရုပ်အဆင်းသဏ္ဍာန်ပြောင်းလဲကပြခြင်းများဖြင့် ပြည့်နှက်နေသောကပွဲများ ကိုအသုံးပြု၍ စာတန်သည် အခြေခံကျင့်ဝတ်များ၏အကာအရံများကိုချိုးဖဲ့ ဖျက်ဆီး၍ ကာမဂုဏ်လိုက်စားစေရန် တံခါးဖွင့်ပေးလေသည်။ ဝါကြွားခြင်း ကိုအားပေးခြင်း (သို့မဟုတ်) ခံတွင်းအလိုလိုက်၍စားသောက်ခြင်းများပြုလုပ် ကြသောပျော်ရွှင်မှုအတွက်ကျင်းပကြသော မိတ်ဆုံးစားပွဲတိုင်းတွင်လည်းကောင်း၊ ဘုရားသခင်ကိုမေ့ပျောက်စေ၍ ထာဝရကာလဆိုင်ရာကိစ္စများကို မျက်နှာ လွှဲစေရန်ဦးတည်ပေးသည့် မိတ်ဆုံစားပွဲတိုင်းတွင်လည်းကောင်း စာတန်သည် ဝိညာဉ်အားသံကြိုးဖြင့်ချည်နှောင်ထားလေသည်။

စစ်မှန်သောခရစ်ယာန်များအနေဖြင့် ဘုရားသခင်၏ကောင်းချီး မင်္ဂလာကိုတောင်းခံခြင်းမပြုနိုင်သော မည်သည့်ပျော်ပွဲရွှင်ပွဲကျင်းပသောနေရာ မျိုးကိုမဆို ဝင်ရောက်လိုသောဆန္ဒရှိမည်မဟုတ်ပေ။ သူသည်ကပွဲရုံများ၊ ဘိလိယက်ခုံများထားသောခန်းမများ (သို့မဟုတ်) လောင်းကစားများကျင်းပ

သောနေရာများသို့ သွားရောက်လိမ့်မည်မဟုတ်ပေ။ ခရစ်တော်အားနှလုံးတွင်းမှမောင်းထုတ်စေမည့် မည်သည့်ပျော်ရွှင်မှုမျိုးကိုမဆို သူသည်ရှောင်ရှားလိမ့်မည်ဖြစ်သည်။

ငင်းကဲ့သို့သောပျော်ရွှင်မှုမျိုးကို တောင်းဆိုကြသောသူတို့အား ကျွန်ုပ်တို့ကဖြေကြားလိုသည်မှာ နာဇရက်မြို့သားယေရှု၏နာမတော်ကိုအမှီပြု၍ ငင်းပျော်ရွှင်မှုမျိုးကို ကျွန်ုပ်တို့မလိုက်စားနိုင်ပါ။ ကဇာတ်ရုံ (သို့မဟုတ်) ကပွဲရုံ၌အသုံးပြုသောအချိန်အပေါ် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို တောင်းခံရမည်မဟုတ်ပေ။ မည်သည့်ခရစ်ယာန်မျှ ငင်းနေရာမျိုးတွင်သေဆုံးလိုကြမည်မဟုတ်ပေ။ ခရစ်တော်အရှင်ကြွလာတော်မူသောအခါ မည်သူမျှ ငင်းနေရာမျိုးတွင် ရောက်ရှိနေလိုကြမည်မဟုတ်ပေ။

**ကပွဲရုံသည်စာရိတ္တပျက်ပြားရာဌာနဖြစ်ခြင်း** – ပျော်ရွှင်မှုအတွက် အန္တရာယ်အများဆုံးရှိသောနေရာသည် ကပွဲရုံဖြစ်သည်။ ငင်းသည် အများသောသူတို့ပြောသကဲ့သို့ စာရိတ္တမြှင့်တင်ပေးသောနေရာ (သို့မဟုတ်) ကိုယ်ကျင့်တရားကိုပြုပြင်ပေးသောနေရာမဟုတ်ဘဲ စာရိတ္တပျက်ပြားရာဌာနကြီးဖြစ်သည်။ ငင်းနေရာ၌တင်ဆက်သောဇာတ်ခုံမှုများသည် ယုတ်ညံ့သောအကျင့်ဓလေ့များနှင့်အပြစ်ဒုစရိုက်ကျူးလွန်သောဘက်သို့ စိတ်ယိုင်မှုကိုအားပေးခိုင်မာစေသည်။ ယုတ်ညံ့သောသီချင်းများ၊ တဏှာရာဂစိတ်ကို အားပေးလှုံ့ဆော်ပေးသောအပြုအမူများ၊ အပြောအဆိုများနှင့်စိတ်သဘောထားတို့သည် စိတ်ကူးဉာဏ်ကိုထိုင်းမှိုင်းစေ၍ အကျင့်စာရိတ္တကိုယုတ်ညံ့စေသည်။ ငင်းကပွဲများကိုအကျင့်လုပ်၍ တက်ရောက်ကြသောလူငယ်လူရွယ်တိုင်းသည် အခြေခံကျင့်ဝတ်များကိုစောင့်ထိန်းရာတွင် ညစ်ညမ်းလာလိမ့်မည်။ စိတ်ကူးဉာဏ်ကိုအဆိပ်အတောက်ဖြစ်စေရာ၌လည်းကောင်း၊ ဘာသာအယူဝါဒစွဲလမ်းခြင်းများကိုဖျက်ဆီးရာ၌လည်းကောင်း ငြိမ်သက်သောပျော်ရွှင်မှုများနှင့်ဘဝအသက်တာ၏နက်ရှိုင်းသောအမှန်တရားများကို နှစ်သက်သောစိတ်ကိုထုံထိုင်းစေရာ၌လည်းကောင်း၊ ကပွဲဇာတ်ပွဲများဆိုင်ရာပျော်ရွှင်မှုများထက် ပိုမိုစွမ်းဆောင်နိုင်သော ဩဇာသက်ရောက်မှုသည်မရှိပေ။ မူးယစ်စားသောက်သောအလေ့

အကျင့်များသည် ၎င်းအကျင့်ကိုခိုင်မာလာစေသကဲ့သို့ ၎င်းကပွဲဇာတ်ပွဲများ၌ တွေ့မြင်ရသောမြင်ကွင်းများကိုနှစ်သက်ခြင်းသည် ၎င်းပျော်ရွှင်မှုလိုက်စားလိုသောဆန္ဒကို ပိုမိုပြင်းထန်လာသည်။ တစ်ခုတည်းသောဘေးအကင်းဆုံးနည်းလမ်းမှာ ကပွဲဇာတ်ပွဲကိုလည်းကောင်း၊ ဆပ်ကပ်ပွဲများကိုလည်းကောင်း အခြားမလိုလားအပ်သောပျော်ရွှင်မှုများကို ရှောင်ရှားခြင်းဖြစ်သည်။

**ကခုန်ခြင်းသည်စာရိတ္တပျက်မှုသို့ပို့ဆောင်ပေးခြင်း** – မြောက်မြားစွာသောဘာသာရေးကိုင်းရှိုင်းသည့်အိမ်ထောင်များတွင် ဖဲကစားခြင်းနှင့်ကခုန်ခြင်းကို ဧည့်ခံပျော်ရွှင်ပွဲအနေဖြင့်ကျင်းပပြုလုပ်ကြသည်။ ၎င်းတို့သည် မိဘတို့၏မျက်စိအောက်တွင် ဘေးကင်းစွာပြုလုပ်နိုင်သော ငြိမ်သက်သည့်အိမ်တွင်းပျော်ရွှင်မှုဖြစ်ကြောင်း စောဒကတက်ကြသည်။ သို့ရာတွင် အိမ်တွင်း၌ ၎င်းကဲ့သို့အလေ့အကျင့်ပြုခဲ့၍ အိမ်တွင်း၌ဘေးကင်းသည်ဟုယူဆခဲ့သော ၎င်းစိတ်ကိုတက်ကြွစေသောပျော်ရွှင်မှုသည် ပြင်ပလောက၌လည်း အန္တရာယ်ကင်းသည်ဟု မကြာမီယူဆကြလာလိမ့်မည်။ ၎င်းပျော်ရွှင်မှုများသည် အကျိုးဖြစ်ထွန်းပါ၏လောဆိုသော ပြဿနာ၏အဖြေကိုရှာရန်လိုအပ်ပေသည်။ ဤပျော်ရွှင်မှုများသည် ကိုယ်ခန္ဓာကိုလည်း အားအင်ဖြည့်ဆည်းပေးခြင်းလည်း မရှိ။ စိတ်ကိုလည်းအနားပေးခြင်းမရှိပေ။ ၎င်းတို့သည် ပါရမီတစ်ပါးပါးကိုလည်းကောင်း၊ သန့်ရှင်းသောစိတ်သဘောထားကိုလည်းကောင်း ဝိညာဉ်၌စိုက်ပျိုးခြင်းမပြုပေ။ ၎င်းကဲ့သို့ပြုပြင်ပေးရမည့်အစား လေးလေးနက်နက်တွေးတောစဉ်းစားခြင်းနှင့် ဘာသာရေးဆိုင်ရာဝတ်ပြုကိုးကွယ်ခြင်းများနှစ်သက်ခြင်းကို ဖျက်ဆီးပစ်သည်။ အဆင့်အတန်းမြင့်သောလက်ရွေးစဉ်မိတ်ဆုံပွဲများနှင့် အောက်တန်းကျသောကပွဲရုံ၌ကျင်းပသည့် သောကောရောကောနှင့်ဖြစ်ကတတ်ဆန်းကျင်းပသောမိတ်ဆုံပွဲများတို့သည် တစ်ခုနှင့်တစ်ခုမတူခြားနားမှုရှိသည်ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ သို့စေကာမူ နှစ်မျိုးစလုံးသည် စာရိတ္တပျက်ပြားမှုသို့ ပို့ဆောင်ပေးသောခြေလှမ်းများဖြစ်သည်။

**ဒါဝိဒ်၏ကခုန်ခြင်းသည်သာဓကမဟုတ်ပေ** – ဘုရားသခင်၏ရှေ့တော်တွင် ရိုသေလေးစားသောဝမ်းမြောက်ခြင်းဖြင့် ဒါဝိဒ်၏ကခုန်ခြင်းကို

ပျော်ရွှင်မှုနှစ်သက်သောသူတို့က သာဓကအဖြစ်အသုံးပြု၍ ဖက်ရှင်ကျသော ခေတ်မီကခုန်ခြင်းသည် တရားဝင်ကြောင်းပြောဆိုကြသည်။ သို့ရာတွင် ၎င်းကဲ့သို့စောဒကတက်ခြင်းတွင် အခြေအမြစ်မရှိပေ။ ကျွန်ုပ်တို့၏ခေတ်တွင် ကခုန်ခြင်းသည် မှားယွင်းမှုသန်းခေါင်ချိန်မြူးထူးမှုများနှင့်ဆက်သွယ်နေသည်။ ပျော်ရွှင်မှုအတွက် ကျန်းမာခြင်းနှင့်စာရိတ္တကောင်းမွန်မှုကိုအနစ်နာခံကြသည်။ ကခုန်ပွဲသို့မကြာခဏသွားရောက်ကြသောသူတို့အနေဖြင့် ဘုရားသခင်ကို စဉ်းစားခြင်းမရှိ၊ ရိုသလေးစားခြင်းလည်းမရှိပေ။ ဆုတောင်းပတ္ထနာပြုခြင်း (သို့မဟုတ်) ထောမနာသီချင်းများဆိုခြင်းတို့သည် သူတို့၏မိတ်ဆုံပွဲများ တွင် အမြင်မတော်ဆင်တော်နှင့်ခလောက်ဟု ယူဆကြလိမ့်မည်။ ဤကဲ့သို့ သောစုံစမ်းခြင်းကို တိကျစွာပြုလုပ်သင့်ပေသည်။ ဘာသာရေးဆိုင်ရာအရာ များနှင့် နှစ်သက်မှုကိုလျော့ပါးစေ၍ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက် ရာတွင် ကျွန်ုပ်တို့၏ပျော်ရွှင်ခြင်းကို နည်းပါးစေသောပျော်ရွှင်မှုမျိုးကို ခရစ်ယာန်များအနေဖြင့် မလိုက်စားသင့်ပေ။ သေတ္တာတော်ကိုရွှေ့ပြောင်း သောအခါ ဘုရားသခင်အားဝမ်းမြောက်စွာဂုဏ်ပြုချီးကျူးသောအနေဖြင့် တေးဂီတတီးမှုတ်ခြင်းနှင့်ကခုန်ခြင်းတို့သည် စာရိတ္တပျက်ပြားစေသောခေတ်မီ ကခုန်မှုမျိုးနှင့်လုံးဝမတူပေ။ တစ်မျိုးကဘုရားသခင်ကိုအောက်မေ့စေ၍ ကိုယ်တော်ရှင်၏သန့်ရှင်းသောနာမတော်ကိုချီးမြှောက်သည်။ အခြားတစ်မျိုးက လူသားတို့အားဘုရားသခင်ကိုမေ့လျော့စေ၍ ကိုယ်တော်ရှင်အားရှုတ်ချစေရန် စာတန်၏နည်းပရိယာယ်ဖြစ်သည်။

**ဖဲကစားခြင်းသည် ပစ်မှုကျူးလွန်ခြင်းအတွက်နိဒါန်းဖြစ်သည်**– ဖဲကစားခြင်းကိုတားမြစ်ရမည်။ ဖဲကစားခြင်းအတွက် ပေါင်းသင်းဆက်ဆံ ရေးနှင့်ဖြစ်ပေါ်လာတတ်သောအလားအလာတို့သည် အန္တရာယ်များလှသည်။ မှောင်မိုက်အာဏာစက်တို့၏အရှင်သည် ဖဲကစားသောမည်သည့်အခန်းထဲတွင် မဆို နာယကအနေဖြင့်ဆောင်ရွက်လျက်ရှိသည်။ ၎င်းနေရာမျိုးထဲတွင် ဆိုးယုတ်သောကောင်းကင်တမန်များသည် မိတ်ကျွမ်းဝင်သောဧည့်သည်များ အနေဖြင့်ရောက်ရှိနေသည်။ ၎င်းပျော်ရွှင်မှုမျိုးသည် ဝိညာဉ်အတွက်သော်

လည်းကောင်း၊ ကိုယ်ခန္ဓာအတွက်သော်လည်းကောင်း ကောင်းကျိုးမပြုပေ။ ဉာဏခွန်အားကြီးထွားရေးအတွက်ဆောင်ရွက်ပေးခြင်းမရှိ၊ အနာဂတ်ကာလအတွက်အသုံးပြုရန် ဦးနှောက်ထဲ၌သိုလှောင်ထားရမည့် တန်ဖိုးရှိလှသော သဘောတရားရေးရာဟူ၍ ဗလာနတ္တိဘာမျှမရှိပေ။ ဖဲကစားချိန်အတွင်း ပြောဆိုကြသောစကားများသည် အရည်မရအဖတ်မရ သေးနုပ်၍ယုတ်ညံ့သော အကြောင်းအရာနှင့်သာသက်ဆိုင်နေသည်။ ဖဲရိုက်ကစားခြင်း၌ကျွမ်းကျင်လာမှုသည် မကြာမီပင်၎င်းအတတ်ပညာကို ကိုယ်ကျိုးအတွက်အသုံးပြုလိုသော ဆန္ဒကိုလှုံ့ဆော်ပေးလိမ့်မည်။ ပထမတွင် ကြေးငွေအနည်းကိုလောင်းကစား၍ ၎င်းလောင်းကစားသောကြေးငွေ၏ထုထည်သည် တဖြည်းဖြည်းကြီးမားလာသည်နှင့်အမျှ ဖဲမရိုက်ရလျှင်နေမထိထိုင်မသာဖြစ်သောအခြေအနေသို့ရောက်လျက် ပျက်စီးခြင်းချောက်ကမ်းပါးထဲသို့ကျရန် ခြေဦးလှည့်ပြီးဖြစ်လေတော့သည်။ ဤယုတ်မာသောပျော်ရွှင်မှုကြောင့် မြောက်မြားစွာသောသူတို့သည် အပြစ်ဒုစရိုက်မကင်းသောအပြုအမူများကိုလိုက်စားရာမှ ဆင်းရဲခြင်းသို့လည်းကောင်း၊ ထောင်တွင်းအကျဉ်းခံရခြင်းသို့လည်းကောင်း၊ လူသတ်မှုကျူးလွန်သောဘဝသို့လည်းကောင်း ရွေ့လျောသွားသည့်အဆုံးတွင် လည်ဆွဲတိုင်သို့တက်ရသောအခြေသို့ဆိုက်ရောက်ရခြင်းဖြင့် နိဂုံးချုပ်လေတော့သည်။ ကျွန်ုပ်တို့၏လူငယ်လူရွယ်များအား ကြောက်မက်ဖွယ်ဖြစ်သော ပျက်စီးရာချောက်ကမ်းပါးကြီးက လက်ယပ်ခေါ်လျက်ရှိသည်ကို တွေ့မြင်ခြင်းမရှိသော မိဘတို့ မြောက်မြားစွာရှိကြသည်။

**လူထူးလူဆန်းအနေဖြင့်ရပ်တည်နေမည်ကိုစိုးရိမ်ခြင်း** – စာရိတ္တအားဖြင့်ဖြစ်စေ၊ ဘာသာရေးဆိုင်ရာအတွေးအခေါ်အားဖြင့်ဖြစ်စေ နက်ရှိုင်းမှုမရှိဘဲ သာမန်သာလျှံကာမျှသာဖြစ်သော ခရစ်ယာန်ခေါ်ဆိုသောသူတို့အား သွေးဆောင်သောသူက သူ့ဒလန်များအနေဖြင့်အသုံးပြုသည်။ ခရစ်ယာန်သစ်ပင်ပေါ်တွင် မည်ကဲ့သို့သောအသီးမျိုးသီးကြရမည့်အကြောင်းနှင့်ပတ်သက်၍ ခရစ်တော်မိန့်တော်မူချက်ကိုသိရှိရန် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်

ထားရှိတော်မူသောစံချိန်ကို နီးနှောခြင်းမရှိကြပေ။ သိုးသငယ်တော်၏ မင်္ဂလာဆောင်ညစာစားပွဲသို့ခေါ်ဖိတ်ခြင်းကို သူတို့အားလက်မခံစေရန်လည်းကောင်း၊ သူတို့အားခရစ်တော်၏ဖြောင့်မတ်ခြင်းတည်းဟူသော ဖြူစင်သော စာရိတ္တဝတ်ရုံကိုခံယူရရှိခြင်းမှကာကွယ်ထားရန်လည်းကောင်း ပျော်ရွှင်မှုများသည် စာတန်၏စားသောက်ပွဲကြီးဖြစ်သည်ကို သူတို့မသိရှိကြပေ။ ခရစ်ယာန်များအနေဖြင့် လုပ်ကိုင်ရန် မည်သည့်အရာသည်အမှန်ဖြစ်ကြောင်းနှင့်ပတ်သက်၍ သူတို့သည် ရှုပ်ထွေးလာကြသည်။ သူတို့သည် လူထူးလူဆန်းဟူ၍ အထင်မခံလိုပေ။ ထို့ကြောင့် အခြားသောသူတို့၏ပုံသက်သေကိုလိုက်နာကျင့်သုံးလိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ၎င်းနည်းအားဖြင့် သူတို့သည် စိတ်နှလုံးအား ဘုရားသခင်၏တို့ထိခြင်းကို တစ်ခါမျှမခံဖူးသောဩဇာသက်ရောက်မှုအောက်သို့ သူတို့ရောက်ရှိသွားကြသည်။

**ပျော်ရွှင်မှုလိုက်စားစေသောပထမခြေလှမ်းကိုရှောင်ပါ** – ပျော်ရွှင်မှုကိုရှာဖွေရာတွင် ပထမခြေလှမ်းကိုလှမ်းရာ၌ သင်သည် အန္တရာယ်ကို တွေ့မြင်မည်မဟုတ်ဘဲ သင်သည် သင့်လမ်းစဉ်ကိုပြောင်းလဲလိုသောအချိန်တွင် ပြောင်းလဲနိုင်မည်ဟူ၍လည်းကောင်း၊ အမှားကိုမကျူးလွန်ချိန်ကကဲ့သို့ပင် အမှန်ကိုလွယ်ကူစွာပြုလုပ်နိုင်မည်ဟူ၍လည်းကောင်း သင်သည်ယူဆလိမ့်မည်။ သို့ရာတွင် ဤယူဆချက်သည် မှားယွင်းမှုသာဖြစ်သည်။ ဆိုးညစ်ယုတ်မာသောအပေါင်းအသင်းများကို ရွေးချယ်ပေါင်းသင်းဆက်ဆံမှုကြောင့် အများသောသူတို့သည် တစ်လှမ်းပြီးတစ်လှမ်း ဖြောင့်မတ်သောတရားလမ်းထဲမှ သူတို့ဘယ်အခါမျှနစ်မွန်းနိုင်လိမ့်မည်မဟုတ်ဟူသော နားမထောင်သောချောက်ကမ်းပါးနှင့် အလေလိုက်သောချောက်ကမ်းပါးထဲသို့ ကျရောက်သွားလေတော့သည်။

**ခရစ်ယာန်အခြေခံကျင့်ဝတ်များကို ပြတ်သားစွာကြေညာထားချက်** – သင်သည်အမှန်အားဖြင့် ခရစ်တော်နှင့်စပ်ဆိုင်လျှင် ကိုယ်တော်အတွက်သက်သေခံရန် သင်၌အခွင့်အရေးများရှိမည်ဖြစ်သည်။ သင်သည်

ပျော်ရွှင်ပွဲရှိသောနေရာများသို့ခေါ်ဖိတ်ခြင်းခံရ၍ ၎င်းနေရာတွင် သင်သည် ကိုယ်တော်ရှင်အတွက်သက်သေခံရန် အခွင့်အရေးရရှိလိမ့်မည်။ သင်သည် ခရစ်တော်အပေါ်၌သစ္စာစောင့်လျှင် သင်သည် ၎င်းပျော်ရွှင်ပွဲသို့မတက်ရောက်ခြင်းအတွက် ဆင်ခြေများပေးရန်ကြိုးပမ်းမည်မဟုတ်ဘဲ ပြတ်သားစွာဖြင့်လည်းကောင်း၊ ရိုသားစွာဖြင့်လည်းကောင်း သင်သည် ဘုရားသခင်၏သားသမီးဖြစ်ကြောင်းကိုပြောဆို၍ သင်လက်ခံကျင့်သုံးနေသော အခြေခံကျင့်ဝတ်များက ၎င်းနေရာများသို့တစ်ကြိမ်တစ်ခါမျှပင်ဖြစ်သော်လည်း သွားရောက်ခြင်းကိုတားမြစ်ထားကြောင်း၊ ၎င်းနေရာများသို့ ဘုရားသခင်အားကြွဆင်းလာတော်မူရန် ဖိတ်ခေါ်ခြင်းမပြုနိုင်ကြောင်းများကိုပြောပြရမည်။

ဘုရားသခင်သည် ကိုယ်တော်ရှင်နိုင်ငံတော်၏အခြေခံကျင့်ဝတ်များအကြောင်းကို ကိုယ်တော်ရှင်၏လူများမှတစ်ဆင့် ဖော်ပြနိုင်ရန် ကိုယ်တော်ရှင်သည် အလိုတော်ရှိတော်မူသည်။ သူတို့၏ဘဝအသက်တာနှင့်စာရိတ္တများအားဖြင့် သူတို့သည် ဤအခြေခံကျင့်ဝတ်များကိုဖော်ပြ၍ သူတို့အားလောကီဓလေ့များ ထုံးတမ်းစဉ်လာများမှကင်းကွာနေစေလိုတော်မူသည်။

အံ့သြဖွယ်ဖြစ်သောမြင်ကွင်းများသည် ကျွန်ုပ်တို့ရှေ့၌ပွင့်လျက်ရှိသည်။ အဘက်ဘက်၌မကောင်းမှုဒုစရိုက်ကြီးစိုးမိုးနေသော ယခုခေတ်မျိုးတွင် သူတို့၏လိုအင်ဆန္ဒကိုဘေးချိတ်ထား၍ ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်ရန် ကြိုးပမ်းနေသောလူတစ်မျိုးရှိနေကြောင်း၊ ဘုရားသခင်၏ပညတ်ကို သူတို့၏နှလုံးသားပေါ်၌ အက္ခရာတင်ထားသောလူတစ်မျိုးရှိကြောင်းကို ကမ္ဘာလောကကြီးသည်တွေ့မြင်နိုင်စေရန် ၎င်းအချိန်အခါမျိုးတွင် ဘုရားသခင်၏လူတို့သည် မိမိတို့၏ဘဝအသက်တာများတွင်ရှိသော သက်သေခံချက်ကိုပြသကြရမည်ဖြစ်သည်။

ခရစ်တော်၏နာမတော်ကိုယူဆောင်ကြသောသူတို့သည် ကိုယ်တော်ကိုကိုယ်စားပြုကြရန် ဘုရားသခင်သည် မျှော်လင့်တော်မူသည်။ သူတို့၏တွေးခေါ်မှုများသည်သန့်ရှင်း၍ သူတို့၏အပြောအဆိုများသည်မြင့်မြတ်၍

ကောင်းကျိုးပြုရမည်။ ခရစ်တော်ဘာသာအယူဝါဒသည် လောကီဝါဒထက် အကျိုးရှိကြောင်းကိုလည်းကောင်း၊ သူတို့သည်ပိုမိုမြင့်မား၊ မြင့်မြတ်သန့်ရှင်း သောအဆင့်အတန်း၌ လုပ်ကိုင်ဆောင်ရွက်နေကြောင်းကိုလည်းကောင်း သူတို့၏ဘဝအသက်တာများအားဖြင့် လက်တွေ့ပြသရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ ခရစ်တော်၏ဘာသာအယူဝါဒသည် သူတို့ပြုလုပ် သမျှနှင့်ပြောဆိုသမျှတွင် ထင်ပေါ်နေကြရမည်။

---o---

## အခန်း ၈၃
# ပျော်ရွှင်မှု၏ သွေးဆောင်ခြင်း

**သဘာဝနှလုံးသားသည်ပျော်ရွှင်မှုကိုရှာဖွေသည်** – သဘာဝစိတ်သည် ပျော်ရွှင်မှုနှင့်စိတ်ကြိုက်ပြုလုပ်ခြင်းဘက်သို့ စိတ်ယိုင်တတ်သည်။ စာတန်၏ဝါဒလမ်းစဉ်မှာ ၎င်းစိတ်ဓာတ်မျိုးကိုမြှောက်ထိုးပင့်ကော်လုပ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးသည် အဘယ်အခြေအနေမျိုး၌ရပ်တည်နေသနည်းဟူသောမေးခွန်းကို သူတို့ကိုယ်တိုင်မေးမြန်းဖို့အချိန်မရဘဲနေစေရန်၊ သူတို့၏နှလုံးသားထဲ၌ လောကီဆိုင်ရာပျော်ရွှင်ခြင်းကိုလိုက်စားလိုသောဆန္ဒဖြင့်ပြည့်ဝနေစေရန် စာတန်သည် ကြိုးပမ်းလျက်ရှိသည်။ ပျော်ရွှင်မှုကိုနှစ်သက်ခြင်းသည် ကူးစက်တတ်သည်။ ၎င်းနှစ်သက်ခြင်းမျိုးရှိလျှင် စိတ်သည် ပျော်ရွှင်မှုမျိုးတစ်မျိုးပြီးတစ်မျိုးကို လိုက်စားတတ်သည်။

လောကီပျော်မွေ့ခြင်းများသည် ချင့်ချိန်တတ်သောစွမ်းရည်ကိုပျက်ပြားစေသည်။ ခေတ္တမျှသာဖြစ်သောပျော်ရွှင်မှုအတွက် ဘုရားသခင်နှင့်မိတ်ဆွေဖြစ်ခြင်းကိုလည်းကောင်း၊ ၎င်းမိတ်ဆွေဖြစ်ခြင်းမှပေါ်ထွက်လာသောငြိမ်သက်ခြင်း၊ ချစ်ခြင်းနှင့်ပျော်ရွှင်ခြင်းတို့ကို ဆုံးရှုံးခံကြသည်။ သို့ရာတွင် ဤလက်ရွေးစင်ပျော်ရွှင်မှုများသည် မကြာမီပင်ရွံရှာဖွယ်ဖြစ်၍ ကျေနပ်ဖွယ်မဖြစ်သောအရာများ ဖြစ်လာကြသည်။

**ပျော်ရွှင်မှုရှိသောနေရာများသို့ သန်းပေါင်းများစွာသောသူတို့သွားရောက်ကြသည်** – ယခုခေတ်တွင် အပျော်အပါးလိုက်စားသောသူတို့သည် မကြားစဖူးများပြားလှသည်။ နေရာတိုင်းတွင် အလေလိုက်ခြင်းနှင့် စည်းမရှိကမ်းမရှိသုံးစွဲမှုတို့ကို ကျူးလွန်ကြသည်။ လူပေါင်းမြောက်မြားစွာတို့သည် ပျော်ပွဲရွှင်ပွဲများကိုတက်ရောက်ရန် စိတ်အားထက်သန်လျက်ရှိကြသည်။ စိတ်နေသဘောထားသည် သေးသိမ်လာသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားတရားအာရုံပြုခြင်းနှင့် တရားဒေသနာတော်လေ့လာခြင်းအတွက် အကျင့်ဓလေ့တို့သည် ပျောက်ကွယ်သွားသောကြောင့်ဖြစ်သည်။ အသိဉာဏ်

ကင်းသောစိတ်အလိုလိုက်မှုကို ကျင့်သုံးကြသည်။ ဝိညာဉ်တိုင်းသည် ယဉ်ကျေးသိမ်မွေ့ခြင်းရှိရန်လည်းကောင်း၊ မြင့်မြတ်ခြင်းရှိရန်လည်းကောင်း ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ သို့ရာတွင် ဖက်ရှင်ပြိုင်မှုနှင့်သာမန်ကာလျှံကာဖြစ်သောပျော်ရွှင်မှုအတွက် တန်ဖိုးရှိလှသောအဆင့်အတန်းရောက်ရှိစေမည့်ကြိုးပမ်းမှုကိုကား လျစ်လျူရှုကြသည်။

ကျွန်ုပ်ခေတ်၏စိတ်လှုပ်ရှားမှုလှုံ့ဆော်ပေးသောပျော်ရွှင်မှုများသည် လူကြီးပိုင်းအထူးသဖြင့်လူငယ်ပိုင်းတို့အား သူတို့၏စာပေသင်ကြားမှုနှင့် ကာယခွန်အားအသုံးပြု၍ လုပ်ကိုင်ရသောအလုပ်အကိုင်များလုပ်ကိုင်မှုတွင် ကုန်ခန်းသောအင်အားထက် အဆပေါင်းများစွာသောအင်အားကိုကုန်ခန်းစေ၍ ဉာဏခွန်အားကိုပုကွစေပြီးလျှင် စာရိတ္တကိုပျက်ပြားစေသည်။

လူငယ်လူရွယ်တို့သည် လူကြိုက်များသောရေယာဉ်ကြောတွင် မျောပါလျက်ရှိကြသည်။ ပျော်ရွှင်မှုသက်သက်အတွက် ပျော်ရွှင်မှုကိုနှစ်သက်သောသူတို့သည် စုံစမ်းသွေးဆောင်မှုဒီရေတိုက်ခတ်တိုးဝင်လာစေရန် တံခါးကိုဖွင့်ပေးကြသည်။ သူတို့သည် ပေါင်းသင်းဆက်ဆံမှုဆိုင်ရာပျော်ရွှင်မှုနှင့် စဉ်းစားဉာဏ်ကင်းမဲ့သောမြူးထူးမှုကို လိုက်စားကြသည်။ အသုံးဝင်သောဘဝအသက်တာ၌ ရပ်တည်လိုသောဆန္ဒနှင့် ရပ်တည်နိုင်သောစွမ်းရည်များပျောက်ကွယ်သွားသည့်တိုင်အောင် သူတို့သည် အပျော်အပါးတစ်ခုပြီးတစ်ခုကို လိုက်စားကြသည်။ သူတို့၏ဘာသာအယူဝါဒဆိုင်ရာစိတ်ထက်သန်မှုတို့သည် အေးစက်စက်ဖြစ်လာသည်။ သူတို့၏ဝိညာဉ်ရေးဆိုင်ရာဘဝအသက်တာသည် မှောင်မိုက်အတိဖြစ်သွားသည်။ ဝိညာဉ်၏အခြားမြင့်မြတ်သောစွမ်းရည်များသည်လည်းကောင်း၊ လူသားတို့အားဝိညာဉ်ရေးဆိုင်ရာလောကနှင့်ဆက်သွယ်ထားမှုရှိသမျှတို့သည် ယုတ်ညံ့သွားသည်။

**ပျော်ရွှင်မှုကိုလိုက်စားသောသူများတွင် အသင်းသားအများပါဝင်သည်** – ဘုရားသခင်၏နှုတ်ကပတ်တော်ကတားမြစ်ထားသော လောကီဆန်၍စိတ်ဓာတ်ပျက်ပြားစေသောပျော်ရွှင်မှုများကို အများသောအသင်းသားများသည် လိုက်စားလျက်ရှိကြသည်။ ဤနည်းအားဖြင့် ဘုရားသခင်နှင့်

သူတို့၏ဆက်သွယ်မှုကို ဖြတ်တောက်ပစ်လျက် သူတို့ကိုယ်ကိုလောကအား ချစ်သောသူတို့၏အသိုက်အဝန်းထဲသို့ သွတ်သွင်းကြလေသည်။ ရေလွှမ်းမိုးခြင်းအကြိုခေတ်မှလူတို့နှင့် မြေပြန့်မှမြို့များကိုဖျက်ဆီးသော အပြစ်ဒုစရိုက်များသည် သာသနာပလူတို့နေထိုင်ရာတိုင်းပြည်များတွင်သာမဟုတ်ဘဲ ၎င်းအပြင် ခရစ်ယာန်ဟုမိမိကိုယ်ကိုခေါ်ကြသောသူတို့သည်သာမက လူသားကြွလာတော်မူခြင်းကိုမြော်လင့်လျက်ရှိကြသောသူအချို့ထဲမှာပင်ရှိနေသည်။ ၎င်းအပြစ်ဒုစရိုက်များကို ကိုယ်တော်ရှင်၏ရှေ့တော်ပေါ်ထွက်လာသောပုံစံအတိုင်း သင်တို့ရှေ့သို့ချပြတော်မူလျှင် သင်တို့သည် ရှက်ကြောက်တုန်လှုပ်ချောက်ချားကြမည်ဖြစ်သည်။

စိတ်တက်ကြွမှုနှင့်နှစ်မြို့ဖွယ်သောဇည့်ခံမှုလိုလားခြင်းသည် စုံစမ်းသွေးဆောင်ခြင်းဖြစ်၍ ဘုရားသခင်၏လူတို့အတွက် အထူးသဖြင့် လူငယ်လူရွယ်တို့အတွက် ထောင်ချောက်တစ်ခုဖြစ်သည်။ အနာဂတ်ကာလ၌ဖြစ်ပျက်သောမြင်ကွင်းများအတွက် ပြင်ဆင်ရသောရေးကြီးခွင့်ကျယ်ဖြစ်သောအမှုတော်ကိုစွဲလမ်းခြင်းမှ စိတ်နှလုံးများကိုပယ်ရှားပစ်ရန် စာတန်သည် အမြဲတစေဆွဲဆောင်မှုရှိသောအရာများကို ပြင်ဆင်လျက်ရှိသည်။ လောကီသားများအားကိုယ်စားလှယ်တော်အနေဖြင့်အသုံးပြုလျက် သတိမမူဂရုမမြင်သောသူတို့အားလောကီပျော်မွေ့ခြင်းများကိုစိတ်ဝင်စားစေရန် အမြဲတမ်းစိတ်လှုပ်ရှားမှုကိုသူသည် လှုံ့ဆော်ပေးလျက်ရှိသည်။ လောကကြီးအားမြတ်နိုးစေရန်ပြပွဲများ၊ သင်ကြားပို့ချမှုများနှင့်ပျော်ပွဲရွှင်ပွဲများ၊ အဆုံးမရှိသည့်အမျိုးမျိုးသောဇည့်ခံပွဲများရှိသည်။ လောကကြီးနှင့်ဤကဲ့သို့စည်းလုံးခြင်းအားဖြင့် ယုံကြည်ခြင်းသည် အားနည်းသွားသည်။

**ကျွမ်းကျင်သောမျက်လှည့်ဆရာကြီးစာတန်** – စုံစမ်းခြင်းကာလတည်းဟူသော ကရုဏာတော်မိုးရွာသွန်းနေသည့်ကာလတည်မြဲနေသောကာလသည် ရက်ရှည်အားလပ်ချိန်ကြီးအနေဖြင့်လည်းကောင်း၊ စိတ်လှုပ်ရှားတက်ကြွမှုကိုဖန်တီးပေးသောပျော်ရွှင်မှုများဖြင့် အဆက်မပြတ်ဖြေဖျော်နေကြစေရန် ဤကမ္ဘာကြီးပေါ်တွင် သူတို့အားအသက်ရှင်ခွင့်ပြုထားသည့်အနေဖြင့်

လည်းကောင်း လူငယ်လူရွယ်တို့အား လောကီပျော်မွေ့ခြင်းအားဖြင့် ပျော်ရွှင်မှုကိုရှာဖွေစေ၍ ၎င်းပျော်ရွှင်မှုများသည် ဘေးကင်းကြောင်း၊ အပြစ်ကင်းကြောင်း၊ ကျန်းမာမှုအတွက်ပင်အရေးပါအရာရောက်သည့်အကြောင်း ပြသရန်ကြိုးပမ်းခြင်းအားဖြင့် သူတို့၏အပြုအမူများသည် မှန်ကန်ကြောင်း ပြောဆိုစေရန် စာတန်သည် အထူးကြိုးပမ်းလျက်ရှိသည်။

ဖြောင့်မတ်သန့်ရှင်းသောလမ်းသည် ခက်ခဲသောလမ်းအနေဖြင့်လည်းကောင်း၊ လောကီပျော်မွေ့ခြင်းသို့ပို့ဆောင်သောလမ်းသည် ပန်းခင်းသောလမ်းအနေဖြင့်လည်းကောင်း စာတန်သည်ပြသထားသည်။ သူသည် မှားယွင်း၍ဝင့်ဝါသောအရောင်များ၊ ပျော်ရွှင်ခြင်းများဖြင့်ပြည့်ဝသောလောကကြီးကို လူငယ်လူရွယ်တို့ရှေ့တွင် လှပအောင်ခြယ်လှယ်ထားသည်။ သို့ရာတွင် လောကီပျော်မွေ့ခြင်းဟူသမျှသည် မကြာမီသောကာလတွင် နိဂုံးချုပ်သွားမည်ဖြစ်သည်။ သူသည်စိုက်ပျိုးထားသည့်အတိုင်းရိတ်သိမ်းရမည်။

စာတန်သည် လှည့်ဖြားခြင်းတွင်ဝိဇ္ဇဖြစ်၍ စုံစမ်းသွေးဆောင်ခြင်းတွင်ပါရဂူဖြစ်သည်။ သူသည် လူငယ်လူရွယ်တို့နှင့်သတိမမူဂူမမြင်တတ်သောသူတို့ကိုအမိဖမ်းရန် အမြင်အားဖြင့်အပြစ်ကင်းသော်လည်း လှပသပ်ရပ်စွာရက်လုပ်ထားသောထောင်ချောက်များကို ကျင်လည်စွာပြုပြင်ထားသည်။

**ပျော်ရွှင်မှုကိုနှစ်သက်လိုက်စားခြင်းအားဖြင့် ပညာရေးသည်သေးသိမ်လာသည်** – သားသမီးများသည် မိတ်ဆုံပွဲများသို့တက်ရောက်၍ ပျော်ရွှင်မှုကိုနှစ်သက်သောသူတို့နှင့် ပေါင်းဖော်ရင်းနှီးခြင်းမပြုလျှင် သူတို့သည် အသိဉာဏ်နည်းမည်ဟူသောစိုးရိမ်ကြောင့်ကြမှုဖြင့် သူတို့အားနုနယ်ငယ်ရွယ်ချိန်မှာပင် ပေါင်းသင်းဆက်ဆံမှုလောကကြီး၏အသိုက်အဝန်းထဲသို့ အလောသုံးဆယ်သွတ်သင်းပေးခြင်းသည် မိဘတို့အနေဖြင့် မဟာအမှားတော်ကြီးကိုကျူးလွန်ကြသည်။ သားသမီးများသည် စာသင်နေချိန်မှာပင် သူတို့အားမိတ်ဆုံပါတီပွဲများသို့တက်ရောက်၍ ပေါင်းသင်းဆက်ဆံမှုအခွင့်ကိုပေးကြသည်။ ဤသည်မှာ မဟာအမှားတော်ကြီးဖြစ်ပါသည်။ ဤနည်းအားဖြင့်ကလေးသူငယ်တို့သည် သိပ္ပံပညာထက်အပြစ်ဒုစရိုက်ကို လျင်မြန်စွာ

သင်ကြားတတ်မြောက်၍ သူတို့၏စိတ်သည် အသုံးမကျမရေရာသောအရာများဖြင့်ပြည့်နှက်လျက် သူတို့၏ပျော်ရွှင်မှုကိုလိုက်စားလိုသောစွဲလမ်းမှုသည် အခြေခံပညာရေးကိုပင် စိတ်ဝင်စားမှုမရှိသလောက်အောင် ကြီးထွားရင့်သန်လာသည်။ သူတို့သည် အာရုံစူးစိုက်မှုပညာရေးကတစ်ဖက်၊ ပျော်ရွှင်မှုလိုက်စားမှုကတစ်ဖက်ဖြစ်နေရာတွင် ပျော်ရွှင်မှုလိုက်စားခြင်းက အလေးသာနေသောကြောင့် သူတို့၏ပညာရေးကြီးထွားရင့်သန်လာမှုသည် နှေးကွေးလေတော့သည်။

ရှေးခေတ်ဣသရေလလူမျိုးများကဲ့သို့ ပျော်ရွှင်မှုလိုက်စားသောသူများတို့သည် စားလျက်၊ သောက်လျက်၊ ကစားခုန်စားရန်အိပ်ရာမှနိုးလာကြသည်။ သောက်စားမူးယစ်၍ ကခုန်မြူးထူးကြသည်။ ၎င်းကိစ္စအားလုံးတွင် လူငယ်လူရွယ်တို့သည် သင်ကြားလေ့လာမှုအတွက် သူတို့အားပေးထားသောစာအုပ်များရေးသားပြုစုကြသော စာရေးဆရာများ၏ပုံသက်သေကိုလိုက်နာကျင့်သုံးကြပါသည်။ အကြီးမားဆုံးအပြစ်ဒုစရိုက်ကြီးမှာ ကာယကံရှင်များ၏အကျင့်စာရိတ္တအပေါ် ၎င်းအရာတို့၏ရာသက်ပန်ထိခိုက်မှုရှိခြင်းဖြစ်သည်။

**ဘုရားသခင်၏နောက်ဆုံးသတင်းစကားကိုဂရုမစိုက်ကြပေ** – သူတို့၏စုံစမ်းရာကာလသည် ကုန်ဆုံးလာနေသောအချိန်တွင် ရေလွှမ်းမိုးခြင်းအကြိုခေတ်မှလူတို့သည် စိတ်တက်ကြွသောပျော်ရွှင်မှုများနှင့် ပျော်ပွဲရွှင်ပွဲများကိုလိုက်စားနေကြသည်၊ ဩဇာအာဏာရှိသောသူတို့သည် လူထုကြီးအား နောက်ဆုံးသတိပေးစကားကို စွဲလမ်းခြင်းမရှိစေရန်နှင့် သူတို့အားပျော်ပွဲရွှင်ပွဲများကိုလိုက်စားစေရန် အာရုံပြုနေကြသည်။ ကျွန်ုပ်တို့ခေတ်၌လည်း ၎င်းလမ်းစဉ်မျိုးကိုကျင့်သုံးနေကြသည်ကို တွေ့မြင်နေရသည်မဟုတ်ပါလော။ ခပ်သိမ်းသောအရာတို့၏နိဂုံးချုပ်သောအချိန်သည် နီးကပ်လာနေပြီဖြစ်ကြောင်းကို ဘုရားသခင်၏အမှုတော်ဆောင်များသည် ၎င်းသတင်းစကားကိုဟောပြောနေကြချိန်တွင် လောကကြီးသည် ပျော်ရွှင်မှုများနှင့်ပျော်ပွဲရွှင်ပွဲများကိုလိုက်စားလျက်ရှိနေကြသည်။ ဘုရားသခင်အားလျစ်လျူရှုစေရန်

ရောက်ရှိလာတော့မည့် ပျက်စီးခြင်းမှကယ်တင်နိုင်သောစွမ်းရည်ရှိသော တစ်ခုတည်းသောနည်းလမ်းဖြစ်သည့် သမ္မာတရားများကို လူတို့အားစွဲလမ်းခြင်းမှ ကာကွယ်ထားရန် စိတ်တက်ကြွစေသောပျော်ပွဲရွှင်ပွဲမျိုးစုံရှိသည်။

**ဥပုသ်စောင့်ထိန်းသောသူများစုံစမ်းခြင်းခံရသောအခါ သစ္စာရှိကြောင်းအထောက်အထားပြရကြမည်** – လောကကြီး၏သြဇာသက်ရောက်မှုကိုလိုက်လျောကြသော ဥပုသ်နေ့စောင့်ထိန်းသောလူငယ်လူရွယ်များသည် စုံစမ်းခြင်းခံရသောအခါသစ္စာရှိကြောင်း အထောက်အထားပြရကြမည်။ နောက်ဆုံးသောကာလ၏အန္တရာယ်များသည် ကျွန်ုပ်တို့အားရင်ဆိုင်နေကြဖြစ်၍ အများသောသူတို့မျှော်လင့်ထားသောစုံစမ်းခြင်းသည် လူငယ်လူရွယ်တို့နှင့်ရင်ဆိုင်နေရကြသည်။ သူတို့သည် စိတ်ညစ်ဖွယ်ဖြစ်သောရှုပ်ထွေးမှုများကိုရင်ဆိုင်ကြရ၍ သူတို့၏ယုံကြည်ခြင်းစစ်မှန်ခြင်းရှိသည်မရှိသည်ကို အထောက်အထားပြရကြမည်။ သူတို့သည် လူသားကြွလာတော်မူခြင်းကို မျှော်လင့်စောင့်စားနေကြသောသူများဖြစ်ကြသော်လည်း သူတို့အထဲမှအချို့သောသူတို့သည် ယုံကြည်သောတပည့်တော်များအတွက် မလိုလားအပ်သော ပုံသက်သေများဖြစ်ကြသည်။ သူတို့သည် လောကကိုစွန့်ပစ်လိုသောဆန္ဒမရှိကြဘဲ လောကီသားတို့နှင့်လက်တွဲ၍ လောကီဆန်ဆန်ကျင်းပသော ပျော်ပွဲစားထွက်ခြင်းနှင့် အခြားသောပျော်ပွဲရွှင်ပွဲများတွင်ပါဝင်ဆင်နွှဲလျက် သူတို့သည် အပြစ်ကင်းသောပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲနေကြောင်းဖြင့် သူတို့ကိုယ်ကိုမြှောက်ပင့်စကားပြောကြားကြသည်။ ၎င်းကဲ့သို့လိုက်စားခြင်းသည်သာလျှင် သူတို့အားဘုရားသခင်နှင့်ကင်းကွာစေ၍ သူတို့အားလောကီသားသမီးများဖြစ်စေလေသည်။

ပျော်ရွှင်မှုကိုလိုက်စားသောသူတို့အား ကိုယ်တော်ရှင်၏တပည့်တော်များဟု ဘုရားသခင်သည်မိန့်ကြားထားတော်မမူပေ။ မိမိအတ္တဆန္ဒကိုငြင်းပယ်၍ ချုပ်တည်းခြိုးခြံသောသူ၊ စိတ်နှိမ့်ချသောသူနှင့်သန့်ရှင်းသောသူတို့သာလျှင် ယေရှုရှင်၏စစ်မှန်သောတပည့်တော်များဖြစ်သည်။ ထိုသို့သောပုဂ္ဂိုလ်

များသည် လောကကိုနှစ်သက်သောသူတို့၏သေးသိမ်ညံ့ဖျင်းသောအပြောအဆို များကို နှစ်သက်ခြင်းမရှိနိုင်ကြပေ။

**အရေးပါအရာရောက်ဆုံးဖြစ်သောအတွေးအခေါ်** – ပျော်ရွှင်မှု များသည်လိုအပ်၍ အကျိုးပြုပျော်ပွဲရွှင်ပွဲများကျင်းပဆင်နွှဲနေချိန်တွင် သန့်ရှင်း သောဝိညာဉ်တော်ကို ပမာဏမပြုဘဲနေခြင်းသည် မမှုလောက်သောအရာဖြစ် သည်ဟူ၍ အဘယ်သူမျှမယုံကြည်ပါစေနှင့်။ ဘုရားသခင်သည် ပြက်ရယ် ပြုခြင်းကိုခံတော်မမူ။ လူငယ်လူရွယ်တိုင်းက "ကျွန်ုပ်၏ဘဝအသက်တာကို ကုန်ဆုံးမှုအတွက် ကျွန်ုပ်သည် ယနေ့ပင်ပြင်ဆင်မှုရှိပြီလား။ ဘုရားသခင် သည်ကျွန်ုပ်ဆောင်ရွက်ရန် ကျွန်ုပ်အားအပ်နှင်းထားတော်မူသော အမှုတော်ကို ထမ်းဆောင်ထိုက်သောသူဖြစ်ရန် ကျွန်ုပ်၌စိတ်နှလုံးအားဖြင့်ပြင်ဆင်မှုရှိပြီ လောဟူ၍ စဉ်းစားဆင်ခြင်သင့်ပေသည်။

---ooo---

## အခန်း ၈၄
# အပန်းဖြေမှုဆိုင်ရာလူငယ်တို့၏တွေးခေါ်မှုကို လမ်းညွှန်ပေးခြင်း

**အဆင့်အတန်းနိမ့်ကျလာခြင်း** – ခရစ်ယာန်မိဘများသည် သူတို့သားသမီးများ၏လောကီဆန်သောအတွေးအခေါ်လုပ်ကိုင်မှုကို လိုက်လျောနေကြသည်။ တစ်ကြိမ်ကသူတို့တားမြစ်ထားသောအခြေခံကျင့်စဉ်နှင့်ဆန့်ကျင်သောပျော်ပွဲရွှင်ပွဲတို့ကို တံခါးဖွင့်ထားကြသည်။

ခရစ်ယာန်မိဘများအထဲမှာပင် ပျော်ရွှင်မှုများကိုနှစ်သက်သောသူအမြောက်အမြားရှိသည်။ မိဘများအနေဖြင့် လောကီဆောင်ပုဒ်များကို လက်ခံကျင့်သုံးလျက် ကလေးများနှင့်လူငယ်လူရွယ်တို့၏ဘဝအသက်တာမှ စောစောအချိန်ပိုင်းကို မည်သည့်အလုပ်အကိုင်မှမလုပ်ဘဲနေစေရန်လည်းကောင်း၊ စိတ်ကြိုက်ပျော်ရွှင်မှုများကိုလိုက်စားစေရန်လည်းကောင်း လိုအပ်သည်ဟူသောယူဆချက်အတိုင်း လိုက်လျောကျင့်သုံးနေကြသည်။ ၎င်းနည်းအားဖြင့် စိတ်လှုပ်ရှားမှုလှုံ့ဆော်ပေးသော ပျော်ရွှင်မှုလိုက်စားလိုသောဝါသနာကို ဖန်တီးပေးသောကြောင့် ကလေးများနှင့်လူငယ်လူရွယ်တို့သည် စိတ်လှုပ်ရှားမှုလှုံ့ဆော်ပေးသောပျော်ပွဲရွှင်ပွဲများကို အာရုံစူးစိုက်လာကြလေသည်။ ထို့ကြောင့် သူတို့သည် ဘဝအသက်တာဆိုင်ရ အကျိုးပြုသောတာဝန်များကိုလျစ်လျူရှုကြသည်။ သူတို့သည် တိရစ္ဆာန်များ၏လမ်းစဉ်မျိုးကိုကျင့်သုံးကြသည်။ ဘုရားသခင်အကြောင်း (သို့မဟုတ်) ထာဝရကာလဆိုင်ရာအမှန်တရားအကြောင်းများကို စဉ်းစားဆင်ခြင်ခြင်းမပြုကြဘဲ သူ့အချိန်နှင့်သူပျံသန်းသောလိပ်ပြာကဲ့သို့ သူတို့၏စိတ်သည် လေယူရာယိမ်းလျက်ရှိကြသည်။ သူတို့၏ဘဝအသက်တာသည် ဘုရားသခင်၏အသက်တာတော်နှင့်ရင်ပေါင်တန်းဖြစ်အောင် ရပ်တည်နိုင်စွမ်းရှိသောသတ္တဝါများဖြစ်ကြောင်းကိုလည်းကောင်း၊ သူတို့အတွက်အပ်နှင်းထားတော်မူသောအချိန်အတွက် ကိုယ်တော်ရှင်အားစာရင်းရှင်းပြရမည့်တာဝန်သည် သူတို့အပေါ်၌တည်ရှိနေကြောင်းကို

လည်းကောင်း အသိဥာဏ်ရှိသောသတ္တဝါများကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိကြပေ။

**ပျော်ရွှင်မှုများကိုမိခင်များကတီထွင်ညွှန်ကြားပေးရမည်** – သားသမီးတို့၏ဆူပူသံများဖြင့်နှောင့်ယှက်မှုမခံရဘဲ သူတို့ကဂရုတစိုက်ကြည့်ရှုထိန်းသိမ်းလုပ်ကိုင်ပေးစေလိုသည့် အနှောင့်အယှက်နှင့်လည်းကင်းဝေးစေရန်ဟူသောသဘောဖြင့် သူတို့အား မိခင်၏မျက်ကွယ်ရာသို့မောင်းနှင်ပစ်မည့်အစား သူတို့၏အငြိမ်မနေလှုပ်ရှားနေသောစိတ်များကို ဘေးကင်းသောပျော်ရွှင်မှု (သို့မဟုတ်) ပေါ့ပါး၍ပျော်ရွှင်ဖွယ်ဖြစ်သော အလုပ်တစ်ခုခုကို ပေးထားခြင်းအားဖြင့် အာရုံပြောင်းပေးခြင်းထက် ပိုမိုကောင်းမွန်သောအစီအစဉ်သည် မရှိဆိုသောစိတ်ထားမျိုးပိုက်ထားလိမ့်မည်။ သူမ၏သားသမီးများအတွက် ကြိုးပမ်းခြင်းနှင့်ဘေးကင်းသောပျော်ရွှင်မှုများဖန်တီးပေးရန် အကုန်ခံရမည့်အချိန်အတွက် သက်ရောက်မည့်ကောင်းကျိုးမှာ ကြီးမားလှပေသည်။

လူငယ်လူရွယ်တို့သည် ပေါင်းသင်းဆက်ဆံမှုကိုနှစ်သက်ကြသည်။ ယေဘုယျအားဖြင့်သူတို့သည် အဖော်မပါဘဲတစ်ကိုယ်တည်းမကစားနိုင်ကြပေ။ ကလေးများသည် အိမ်တွင်း၌ရှိနေချိန်တွင် သူတို့ရှိနေရမည့်နေရာသည် အများအားဖြင့် သူမ၏အခန်းဖြစ်သည်ကို မိခင်သည် သိရှိထားသင့်ပေသည်။ ထိုအခါသူမသည် သူတို့အားကြည့်ရှုစောင့်ထိန်းထားနိုင်သည့်အပြင် သူတို့ကတောင်းဆိုလာလျှင် သူတို့၏စိတ်ဝမ်းကွဲနေမှုများကိုဖြေရှင်းပေးနိုင်၍ သူတို့၏မှားယွင်းသောအကျင့်ဓလေ့များ (သို့မဟုတ်) တစ်ကိုယ်ကောင်းစိတ်မွေးမြူနေခြင်းတို့ကိုပြုပြင်ပေးလျက် သူတို့၏စိတ်နေစိတ်ထားကိုလည်း လမ်းမှန်ထဲသို့ဦးတည်ပို့ဆောင်ပေးနိုင်သည်။ မိခင်စိတ်ကြိုက်ဖြစ်နေနိုင်မည့်အရာတစ်ခုခုကို သူတို့ပြောဆိုလုပ်ကိုင်လျှင် သူတို့ရင်ဆိုင်ရသည့်သေးငယ်သောရှုပ်ထွေးပွေလီမှုကိုပင် မိခင်နှင့်ညှိနှိုင်း၍ဖြေရှင်းမည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထိုအခါမျိုးတွင် သားသမီးတို့၏ညှိနှိုင်းဖြေရှင်းလိုမှုကို လျစ်လျူရှုခြင်းအားဖြင့်ဖြစ်စေ၊ ၎င်းသေးငယ်သောရှုပ်ထွေးမှုအတွက် စိတ်အနှောင့်အယှက်မဖြစ်စေလိုသောကြောင့် ငြင်းဆန်ခြင်းအားဖြင့်ဖြစ်စေ မိခင်သည်သားသမီးတို့အား

စိတ်နာအောင်မပြုလုပ်သင့်ပေ။ မိခင်အတွက်သေးနုပ်သောအရာသည် သားသမီး များအတွက်ကြီးမားသောအရာဖြစ်ပေမည်။ သင့်လျော်သောအချိန်တွင်ပေး လိုက်သောညွှန်ကြားချက် (သို့မဟုတ်) သတိပေးချက်သည် တန်ဖိုးအလွန် ရှိပေမည်။

**အပြစ်ကင်းသောပျော်ရွှင်မှုကိုမတားမြစ်ပါနှင့်** – အချိန်မရှိ၍ လည်းကောင်း၊ ခွင့်ပြုသင့်မသင့်မစဉ်းစားအားသေးသောကြောင့်လည်းကောင်း မိခင်များသည် သားသမီးများတို့အား အပြစ်ကင်းသောပျော်ရွှင်မှုများကို တားမြစ်ထားလျက် သူတို့၏စိတ်ထဲ၌ဝါကြွားမှုနှင့်အသုံးအစွဲကြီးမှုတို့ကို အားပေးမည့်ဝတ်စားဆင်ယင်မှုကိုအာရုံစိုက်၍ လုပ်ကိုင်နေတတ်ကြသည်။ သားသမီးတို့သည် အချိန်အရွယ်ရောက်၍လူလားမြောက်လာချိန်တွင် ၎င်းငယ်ရွယ်ချိန်မှသင်ကြားခဲ့ရသောသင်ခန်းစာများသည် ဝါကြွားခြင်းနှင့် အကျင့်စာရိတ္တညှံ့ဖျင်းမှုတည်းဟူသော အသီးများသီးပွင့်လာလိမ့်မည်။ မိခင် အနေဖြင့် သူ့သားသမီးများ၏အပြစ်အနာအဆာများအတွက် စိတ်မကောင်း ဖြစ်သော်လည်း ယခုသူမရိတ်သိမ်းနေရသောကောက်လှိုင်းများသည် သူမ ကိုယ်တိုင်စိုက်ပျိုးခဲ့သောမျိုးစေ့မှ ပေါက်ဖွားလာသောစပါးများသာဖြစ်သည် ကို မသိရှိကြပေ။

အချို့သောမိခင်များသည် သူတို့သားသမီးများကိုဆက်ဆံရာတွင် မျှတမှုမရှိပေ။ တစ်ခါတစ်ရံသူတို့သည် သားသမီးများပျက်စီးစေသည့်တိုင် အောင် အလိုလိုက်ကြသည်။း တစ်ခါတစ်ရံလည်း သားသမီးတို့က ကလေး ဆန်သောနှလုံးသားကိုအလွန်ပျော်ရွှင်စေမည့် အပြစ်ကင်းသောပျော်ရွှင်မှုကို တားမြစ်ထားတတ်ကြသည်။ ယခုကဲ့သို့လုပ်နည်းလုပ်ဟန်မျိုးတွင် သူတို့သည် ခရစ်တော်၏အတုကိုမယူကြပေ။ ကိုယ်တော်ရှင်သည် သူငယ်တို့ကိုချစ်တော် မူသည်။ ကိုယ်တော်ရှင်သည် သူတို့၏ခံစားချက်များကိုနားလည်တော်မူ၍ သူတို့၏ပျော်ရွှင်မှုများနှင့်အခက်အခဲများရင်ဆိုင်ကြရာတွင် ကိုယ်ချင်းစာ တရားထားတော်မူသည်။

**မစ္စစ်ဂိုက်သားသမီးများကိုဘယ်ကဲ့သို့အုပ်ထိန်းပုံ** – သူတို့ သားသမီးတို့က သူတို့အားဤပျော်ရွှင်မှုအဖွဲ့ (သို့မဟုတ်) ထိုပျော်ရွှင်မှု

အဖွဲ့ထဲတွင်ပါဝင်ဆင်နွှဲရန်၊ အခွင့်ပြုရန်ပန်ကြားကြသောအခါ သူတို့အား မိဘတို့ကပြောပြရမည်မှာ "သားသမီးတို့၊ မေမေအနေနဲ့တော့ မင်းတို့ရဲ့ ပန်ကြားချက်များကိုမလိုက်လျောနိုင်ဘူး။ ဒီမှာထိုင်ကြပါ။ ဘာကြောင့် ခွင့်မပြုနိုင်တာကို မင်းတို့ကိုပြောပြမယ်။ မေမေဟာထာဝရကာလအတွက်နဲ့ ဘုရားသခင်အတွက်အမှုတော်ဆောင်တစ်ယောက်ဖြစ်ပါတယ်၊ မင်းတို့ကို ဘုရားသခင်ကမေမေကိုပေးထားပြီး မင်းတို့လိမ္မာရေးခြားရှိအောင် ကြည့်ရှု ထိန်းသိမ်းရမယ့်တာဝန်ကို ပေးအပ်ထားပါတယ်။ မေမေဟာမင်းရဲ့ရှေ့မှာ ဘုရားသခင်ရဲ့ကိုယ်စားလှယ်တော်အနေနဲ့ ရပ်တည်နေပါတယ်။ ဒါကြောင့် သခင်ဘုရားနေ့ရက်ရောက်တဲ့အခါမှာ မင်းတို့အတွက်မေမေစာရင်းရှင်းရမယ့် ပုဂ္ဂိုလ်အနေနဲ့ မင်းတို့ကိုကြည့်ရှုစောင့်ထိန်းရပါမယ်။ မေမေဟာသားသမီး တို့အားပြုအပ်တဲ့ဝတ္တရားကိုထမ်းဆောင်ရာမှာ ပျက်ကွက်ခဲ့တဲ့ပုဂ္ဂိုလ်အနေဖြစ် ဖြစ်၊ မေမေရပ်တည်ရမယ့်နေရာမှာ သူ့ကိုဝင်ရောက်ရပ်တည်နေခွင့်ပြုခဲ့တဲ့ ပုဂ္ဂိုလ်အနေနဲ့ ကောင်းကင်စာစောင်တွေထဲမှာ မှတ်တမ်းတင်ထားတာကို မင်းတို့တွေ့မြင်လိုသလား။ သားသမီးတို့၊ ဘယ်လမ်းမှန်ကန်တယ်ဆိုတာ ကို မေမေမင်းတို့ကိုပြောပြမယ်။ ပြီးတဲ့အခါမှာ မင်းတို့ဟာမေမေပြောတဲ့ လမ်းမှန်ကိုကျောခိုင်းပြီး ဆိုးယုတ်ညစ်ညမ်းတဲ့လမ်းတွေထဲကိုလျှောက်လိုက် ဖို့ရွေးချယ်မယ်ဆိုရင် မေမေမှာတာဝန်ကင်းပေမယ့် မင်းတို့ကျူးလွန်ခဲ့တဲ့ အပြစ်ဒုစရိုက်အတွက် မင်းတို့ပြစ်ဒဏ်ခံရကြလိမ့်မယ်။

ကျွန်ုပ်သည် အထက်ပါအတိုင်း ကျွန်ုပ်၏သားသမီးများကိုဆိုဆုံးမ ခဲ့ပါသည်။ ကျွန်ုပ်၏ဆုံးမစကားမဆုံးမီ သူတို့သည် မျက်ရည်ကျလျက် ကျွန်ုပ်အား "မေမေ၊ ကျွန်တော်တို့အတွက်ဆုတောင်းပေးပါလား" ဟုပြော ကြပါသည်။ ကျွန်ုပ်အနေဖြင့် သူတို့အတွက်ဆုတောင်းပေးရန် ဘယ်အခါ မျှမငြင်းပယ်ခဲ့ဖူးပေ။ ကျွန်ုပ်သည် သူတို့ဘေးတွင်ဒူးထောက်၍ သူတို့နှင့် အတူဆုတောင်းခဲ့ပါသည်။ ထိုသို့ဆုတောင်းပြီးနောက် ကျွန်ုပ်သည် သူတို့ ကိုထားရစ်ခဲ့၍ တစ်ညလုံးဆုတောင်းခဲ့သည်သာမက နောက်တစ်နေ့နေထန်း တစ်ဖျားတက်သည့်တိုင်အောင် ဆုတောင်းပေးခဲ့ပါသည်။ ကျွန်ုပ်၏ဆုတောင်း

ပေးခဲ့သောအဓိကအချက်မှာ သူတို့အပေါ်ရန်သူ၏ဩဇာသက်ရောက်မှုသည် ပျောက်ပျက်သွားစေရန်ဖြစ်သည်။ ကျွန်ုပ်အတွက်အောင်မြင်မှုကိုရရှိခဲ့ပါသည်။ ကျွန်ုပ်အတွက်တစ်ညတာမျှအိပ်ပျက်ခံခဲ့ရသော်လည်း သားသမီးများက ကျွန်ုပ်အားဖက်၍ "အို၊ မေမေရယ်၊ ကျွန်တော်ကျွန်မတို့ကို ဟိုသွားဒီသွား သွားချင်တဲ့အခါမှာ မေမေကသွားခွင့်မပေးခဲ့တဲ့အတွက် မေမေ့ကိုသိပ်ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာကြပါတယ်။ သွားမိခဲ့ရင်မှားယွင်းမှုကျူးလွန်မိခဲ့ပြီ" ဟုပြောကြသောအခါ ကျွန်ုပ်အနေဖြင့် ဒုက္ခခံရကျိုးနပ်သွားပါသည်။

မိဘတို့၊ ဤနည်းအတိုင်း သင်တို့အလုပ်လုပ်ကိုင်ကြရမည်။ သင်တို့၏သားသမီးများသည် ဘုရားသခင်၏နိုင်ငံတော်၌ ကယ်တင်ခြင်းခံစားစေလိုလျှင် ၎င်းနည်းအတိုင်းဆောင်ရွက်ရမည့်လမ်းမှတစ်ပါးအခြားလမ်းမရှိတော့ပြီ။

**ဆယ်ကျော်သက်များတို့၏ပြဿနာများ** – ယခုခေတ်၏လူ့အဖွဲ့အစည်းပုံစံအရ သားသမီးတို့အားကျမ်းစာ၌ဖော်ပြပါရှိသော နည်းမှန်လမ်းမှန်အတိုင်း အုပ်ထိန်းလျက်ဆုံးမသွန်သင်ရန်မှာ လွယ်ကူသောအလုပ်မလုပ်ပေ။ သားသမီးများသည် အုပ်ထိန်းထားမှုကိုသည်းခံခြင်းမရှိဘဲ သူတို့စိတ်ကြိုက်ဝင်ထွက်သွားလာရန် ဆန္ဒရှိနေကြသောကြောင့်ဖြစ်သည်။ အထူးသဖြင့် အသက်တစ်ဆယ်မှအသက်တစ်ဆယ့်ရှစ်နှစ်အထိကလေးများက သူတို့သည် သူတို့အပေါင်းအသင်းတို့၏လောကီပျော်ရွှင်မှုဆိုင်ရာမိတ်ဆုံပွဲများသို့တက်ရောက်ရန် ဘယ်ကဲ့သို့အန္တရာယ်မျှမရှိနိုင်ဟု ယူဆထားကြသည်။ သို့ရာတွင် ဝိရင့်သောခရစ်ယာန်မိဘများကအန္တရာယ်ကို တွေ့မြင်ကြသည်။ သူတို့သည် သူတို့သားသမီးတို့၏ထူးဆန်းသောအပြုအမူကိုသိရှိကြပြီး သူတို့၏စိတ်နှလုံးများအပေါ်၌ ၎င်းအရာများ၏ဩဇာသက်ရောက်မှုကိုလည်း သိရှိကြသည်။ သူတို့အားကယ်တင်ခြင်းသို့ဝင်စားစေလိုသောဆန္ဒကြောင့် ၎င်းစိတ်တက်ကြွမှုကိုလှုံ့ဆော်ပေးသောပျော်ရွှင်မှုများကိုမတက်ရောက်ရန် တားမြစ်သင့်ကြပေသည်။

**ပြောင်းလဲပြီးနောက်နီးနီးကြားကြားရှိရန်အထူးလိုအပ်ခြင်း** – သားသမီးကိုယ်တိုင်က လောကီပျော်မွေ့ခြင်းများကိုကျော်ခိုင်းရန်၊ ခရစ်ယာန် သားသမီးများဖြစ်လာကြရန် စိတ်ပြဋ္ဌာန်းကြသောအခါ သတိတရားနှင့်သစ္စာ ရှိသောမိဘများအတွက် ဘယ်မျှလောက်ဝန်ပေါ့သွားသနည်း။ သို့စေကာမူ၊ မိဘတို့၏ဆောင်ရွက်မှုသည် ရပ်ဆိုင်းသွားခြင်းမရှိစေရ။ ဤလူငယ်လူရွယ် တို့သည် အပြစ်ဒုစရိုက်နှင့်ဓမ္မတာစိတ်နှလုံး၏ဆိုးယုတ်မှုများကို ယခုမှစတင် ၍ စိတ်ပါကိုယ်ရောက်တိုက်ပွဲဆင်နေကြသည်။ ထိုကြောင့် သူတို့သည် မိဘတို့၏အကြံဉာဏ်များနှင့်ကြည့်ရှုစောင့်ထိန်းမှုကို အထူးပင်လိုအပ်နေပေ သေးသည်။

**လောကီဆွဲဆောင်မှုများမှသားသမီးတို့အားကာကွယ်ထားရန် လျှို့ဝှက်ချက်** – သားသမီးတို့အား အိမ်တွင်းထားရှိရန်ခက်ခဲကြောင်း၊ သားသမီးတို့သည် မိသားစုအပေါ်သံယောဇဉ်မရှိကြောင်းနှင့်ပတ်သက်၍ ဝမ်းနည်းစကားပြောကြသောမိဘများ ဘယ်မျှလောက်များဘိသနည်း။ သားသမီးတို့သည် စောစောအချိန်ပိုင်းကပင် သူစိမ်းတစ်ရံဆံတို့နှင့်ပေါင်းသင်း ဆက်ဆံမှုကိုလိုလားကြသည်။ သူတို့သည် အချိန်အရွယ်ရောက်လာသော အခါ သူတို့အားမတရားချုပ်နှောင်ထားသည်ဟု သူတို့ယူဆသောထိန်းသိမ်း ကာကွယ်ထားမှုမှရုန်းကန်ထွက်၍ မိခင်၏ဆုတောင်းပတ္ထနာများကိုသော် လည်းကောင်း၊ ဖခင်၏အကြံဉာဏ်များကိုသော်လည်းကောင်း နားမထောင် ဘဲနေကြသည်။ ၎င်းအခြေအနေကိုစုံစမ်းစစ်ဆေးကြည့်လျှင် မိဘတို့၏အပြစ် သာဖြစ်ကြောင်း တွေ့ရှိရပေမည်။ သူတို့သည် အိမ်ထောင်ကိုဆွဲဆောင်မှု ရှိစေရန်လည်းကောင်း၊ သာယာကြည်နူးဖွယ်ဖြစ်စေရန်လည်းကောင်း၊ ကြင်နာ သောစကား၊ ကြင်နာသောအကြည့်နှင့်စစ်မှန်သောမေတ္တာတည်းဟူသော နေရောင်ခြည်ဖြင့် အိမ်ထောင်အားထွန်းပြောင်နေစေရန်လည်းကောင်း ပြုလုပ် ရန်ပျက်ကွက်ကြသောကြောင့်ဖြစ်သည်။

သင်တို့၏သားသမီးများအားကယ်တင်ရန် လျှို့ဝှက်ချက်သည် သင်တို့အိမ်ထောင်၏ချစ်စဖွယ်ဖြစ်ခြင်းနှင့် ဆွဲဆောင်မှုရှိခြင်းအပေါ်တွင်

တည်သည်။ မိဘတို့၏အလိုလိုက်ခြင်းသည် သားသမီးတို့အားဘုရားသခင်နှင့်လည်းကောင်း၊ အိမ်ထောင်နှင့်လည်းကောင်း ချည်နှောင်ထားခြင်းမပြုပေ။ သို့ရာတွင် သားသမီးတို့၏စိတ်ကိုသင့်လျော်စွာသွန်သင်ဆုံးမပေးရန် တည်ကြည်၍ ဘုရားတရားအရင်းခံသောသြဇာသက်ရောက်မှုသည် မြောက်မြားစွာသောကလေးသူငယ်တို့အား ပျက်စီးခြင်းမှကယ်တင်လိမ့်မည်။

သားသမီးတို့၏ဝင်ထွက်သွားလာမှုကိုစောင့်ကြည့်ရန် မိဘတို့၏တာဝန်ဖြစ်သည်။ သူတို့အားအိမ်ထောင်ကိုသံယောဇဉ်ရှိရှိဖြင့်ခင်တွယ်စေရန်နှင့် မိဘတို့အနေဖြင့် သူတို့၏ကောင်းကျိုးကိုစိတ်ဝင်စားကြောင်းတွေ့မြင်စေရန် သူတို့ကိုအားပေးရမည်။ ဆွဲဆောင်မှုထားရှိပေးရမည်ဖြစ်သည်။ မိဘတို့သည် အိမ်ထောင်ကိုသာယာပျော်ရွှင်သောဌာနကြီးဖြစ်အောင် ဆောင်ရွက်ကြရမည်။

---ooo---

အပိုင်း (၁၈)

# အကျိုးအပြစ်ဆပ်ပေးခြင်းခံရကြမည်

## အခန်း ၈၅
# ပစ္စုပ္ပန်နှင့်အနာဂတ်ကာလ၏ဆုလာဘ်

**သစ္စာရှိသောမိဘများအတွက်ကြွယ်ဝသောများပြားသောဆုလာဘ်စောင့်ဆိုင်းနေသည်** – မိဘများသည် သူတို့သားသမီးများအား သင့်လျော်သောပညာရပ်များကို သင်ကြားတတ်မြောက်စေလျှင် သူတို့၏သားသမီးများ၌ ခရစ်ယာန်ပီသသောစာရိတ္တမျိုးရှိအောင် သူတို့သင်ကြားပေးခဲ့သောကောင်းကျိုးတို့ကိုတွေ့မြင်ရသောအခါ သူတို့ကိုယ်တိုင်နှစ်ထောင်းအားရဖြစ်ပေလိမ့်မည်။ စည်းကမ်းတကျနေထိုင်၍ ဂုဏ်သိက္ခာဖြင့်ပြည့်စုံသောမိသားစုများ၊ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသည်သာမက အခြားသောမိသားစုများအပေါ်သို့ သူတို့၏ဩဇာသက်ရောက်မှုအားဖြင့်၊ ကိုယ်တော်ရှင်၏ဂုဏ်တော်ကိုချီးမွမ်းခြင်းအားဖြင့်၊ မိသားစုများကို လောကကြီးအားပေးကမ်းခြင်းအားဖြင့် သူတို့သည် ဘုရားသခင်အတွက်အဆင့်မြင့်ဆုံးဝန်တာကို ထမ်းဆောင်ကြပါသည်။ ထိုကြောင့် သူတို့သည် ဆုလာဘ်ကိုရရှိကြလိမ့်မည်။

ဘုရားသခင်ကိုယုံကြည်ကိုးစားသောမိဘတို့၊ သင်တို့သားသမီးများ၏ခြေလှမ်းများကို သူတို့ဘာသာရေးဆိုင်ရာအတွေ့အကြုံ၌မှာပင် လမ်းပြပို့ဆောင်ပေးရန်တာဝန်သည် သင်တို့ပခုံးများပေါ်တွင်ရပ်တည်နေသည်။ သူတို့သည် ဘုရားသခင်ကိုအမှန်တကယ်ချစ်ခင်မြတ်နိုးကြလျှင် သူတို့အားသင်တို့ကြည့်ရှုစောင့်ထိန်းခဲ့ကြောင်းကို လက်တွေ့ပြသသောကြောင့်လည်းကောင်း၊ သူတို့၏လိုအင်ဆန္ဒများကို အုပ်အုပ်ထိန်းထိန်းထား၍ သူတို့၏စိတ်သဘောထားများကို မှန်ကန်သောလမ်းကြောင်းများထဲသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် သစ္စာရှိစွာဆောင်ရွက်ခဲ့သောကြောင့်လည်းကောင်း သင်တို့အားချစ်ခင်မြတ်နိုးရိုသေကိုင်းရှိုင်းကြလိမ့်မည်။

သမ္မာတရား၏မျိုးစေ့ကို စိတ်နှလုံးထဲ၌ငယ်ရွယ်ချိန်တွင်စိုက်ပျိုး၍ ဂရုစိုက်ထိန်းသိမ်းပြုစုထားလျှင် ဆုလာဘ်ကိုရရှိလိမ့်မည်။

မိဘတို့သည် အနာဂတ်ကာလ၏ကောင်းကျိုးကိုထောက်မျှော်၍ လုပ်ကိုင်ဆောင်ရွက်သင့်ကြပေသည်။ များစွာသောစိတ်ပျက်အားလျော့ဖွယ်ရာကြားထဲမှ မျက်ရည်ပေါက်ကြီးငယ်ကျ၍ စိုက်ပျိုးရလင့်ကစား စိတ်အားထက်သန်သောဆုတောင်းခြင်းအားဖြင့် ဆောင်ရွက်သင့်ကြပေသည်။ နောက်ကျ၍နည်းပါးလှသောစပါးရိတ်သိမ်းရမည့်အသွင်ပေါ်ပေါက်နေလင့်ကစား မျိုးစေ့စိုက်ပျိုးမှုကိုကား မပယ်နှုတ်သင့်ပေ။ ရေရှိရာအရပ်ရှိသမျှတို့၌စိုက်ပျိုး၍ သူတို့ကိုယ်တိုင်၏အခြေအနေကို တိုးတက်ကောင်းမွန်စေရန်နှင့် သူတို့သားသမီးများအကျိုးဖြစ်ထွန်းစေရန် အခွင့်အရေးရှိသမျှကို အသုံးချရမည်ဖြစ်ပါသည်။ ၎င်းကဲ့သို့မျိုးစေ့စိုက်ပျိုးခြင်းသည် အချည်းနှီးဖြစ်မည်မဟုတ်ပေ။ စပါးရိတ်သိမ်းချိန်တွင် များစွာသောသစ္စာရှိမိဘများသည် ကောက်လှိုင်းများကိုသိမ်းလျက် ဝမ်းမြောက်စွာလာကြမည်။

သင်တို့အားသမီးတို့အား ဥာဏခွန်အားနှင့်စာရိတ္တခွန်အားကြီးထွားရင့်သန်လာစေမှုအတွက် သွန်သင်ပေးပါ။ သူတို့၏နုနယ်သောစိတ်များကိုတည်တံ့ခိုင်မြဲ၍စင်ကြယ်သောအခြေခံကျင့်ဝတ်များဖြင့်ခိုင်ခံ့စေပါ။ သူတို့၌အခွင့်အရေးရှိချိန်တွင် မြင့်မြတ်သောလူကြီးလူကောင်းဘဝသို့ ရောက်ရှိစေမည့်အုတ်မြစ်ကိုချပေးပါ။ သင်တို့၏ကြိုးပမ်းဆောင်ရွက်မှုသည် အဆပေါင်းထောင်သောင်းမကသောဆုကျေးဇူးများကို ဖြစ်ထွန်းစေပါလိမ့်မည်။

**ကောင်းကင်ဘုံသို့ဝင်စားထိုက်အောင်ပြုပြင်ပေးထားသော သားသမီးများကမိဘများကိုရှိသေကိုင်းရှိုင်းကြလိမ့်မည်** – ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ပျော်ရွှင်သောအိမ်ထောင်နှင့် ၎င်းအိမ်ထောင်ကိုဦးစီးသောအမျိုးသမီးတစ်ဦးအကြောင်းကို သရုပ်ပါပါဖော်ပြထားသည်မှာ “သူ၏သားသမီးတို့သည် ထ၍အမိကိုကောင်းချီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်းသူ့ကိုချီးမွမ်းတတ်၏။” အိမ်ရှင်မတစ်ဦးအတွက် ဤကျမ်းချက်ထဲ၌ဖော်ပြထားသောထောက်ခံမှုထက် ပိုမိုလိုလားအပ်သောထောက်ခံမှုသည် ရှိပါသေး၏လော။

သစ္စာရှိသောဇနီးနှင့်မိခင်ဖြစ်သူသည် သူမ၏ခွန်အားနှင့်နှစ်သိမ့်မှု အတွက် ဘုရားသခင်ကိုမျှော်ကိုး၍ ကိုယ်တော်ရှင်ထံတော်မှရရှိသောဉာဏ်ပညာနှင့်လည်းကောင်း၊ ကြောက်ရွံ့ရိုသေသောစိတ်ဖြင့်လည်းကောင်း သူမ၏နေ့စဉ်တာဝန်ဝတ္တရားများကိုဆောင်ရွက်လျှင် သူ၏ခင်ပွန်းအား သူမ၏ စိတ်နှလုံးနှင့်ချည်နှောင်ထားလျက် သူမ၏သားသမီးတို့သည် သူတို့မိခင်၏ ပုံသက်သေအတိုင်း လိုက်နာကျင့်သုံးနိုင်သောစာရိတ္တကြံ့ခိုင်မှုရှိ၍ ဂုဏ်ဒြပ်နှင့်ပြည့်စုံသောလူကြီးဘဝသို့ ကြီးရင့်လာသည်ကိုတွေ့မြင်ရလိမ့်မည်။

နည်းလမ်းမှန်ကန်စွာသွန်သင်ပေးခြင်းခံရသော သားသမီးတိုင်းသည် မဖောက်ပြန်မပျက်စီးတတ်သည့် တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏အတွင်းလူဖြစ်လျက် ကောင်းကင်ဘုံသို့ဝင်စားရန် ထိုက်တန်သောသူများဖြစ်သည် သာမက ထာဝရဘုရား၏တံတိုင်းတော်တို့တွင် ထွန်းတောက်မည့်အဖြေသနစ်သည် ပင်ပန်းကြီးစွာအလုပ်လုပ်ကိုင်၍ ဝန်လေးပင်ပန်းနေသောမိခင်အတွက် အားဆေးတစ်ခွက်ဖြစ်သင့်ပေသည်။

**ကောင်းကင်ဘုံ၏ပျော်ရွှင်ခြင်းသည် အိမ်ထောင်မှအစပြုရမည်**– သိုးထိန်းများသည် ကောင်းကင်တမန်တို့၏သီချင်းသံကိုကြားခဲ့ရသောအချိန်တွင် ကောင်းကင်နှင့်မြေကြီးတို့သည် နီးကပ်လျက်ရှိသကဲ့သို့ ယခုအခါတွင်လည်းနီးကပ်လျက်ရှိသည်။ သာမန်အလုပ်အကိုင်ကိုလုပ်ကိုင်သော သာမန်လူသားတို့သည် မွန်းလွဲပိုင်းတွင်ကောင်းကင်တမန်များနှင့်တွေ့ဆုံ၍ စပျစ်ဥယျာဉ်များနှင့်လယ်ကွက်များတွင် ကောင်းကင်မှစေတမန်များနှင့်စကားစမြည်ပြောကြသကဲ့သို့ လူသားတို့နှင့်လက်ပွန်းတတီးဆက်ဆံရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူ၏။ သာမန်လူ့ဘဝ၌ကျင်လည်လျက်ရှိကြသောသူတို့သည် ကောင်းကင်းဘုံနှင့်အလွန်နီးကပ်သောအခြေအနေ၌ ရပ်တည်နေနိုင်ကြမည်။ ဘုရားသခင်၏အမိန့်တော်အရ သွားလာလှုပ်ရှားလျက်ရှိသောသူတို့၏ခြေလှမ်းများကို ကောင်းကင်အထက်ဆီမှ ကောင်းကင်တမန်တို့သည် ပြုပြင်ပေးကြလိမ့်မည်။

ကမ္ဘာမြေကြီးပေါ်မှဘဝအသက်တာသည် ကောင်းကင်ဘုံသားဘဝ၏အစဖြစ်သည်။ ကမ္ဘာမြေကြီးပေါ်မှပညာရေးသည် ကောင်းကင်ဘုံမှကျင့်ဝတ်များကို အစပြုကျင့်သုံးခြင်းဖြစ်သည်။ ဤကမ္ဘာမြေကြီးပေါ်မှဘဝအသက်တာ၏အလုပ်အကိုင်သည် ကောင်းကင်ဘုံမှဘဝအသက်တာ၏အလုပ်အကိုင်အတွက် သင်ကြားခြင်းဖြစ်သည်။ စာရိတ္တဆောက်တည်ခြင်းနှင့် သန့်ရှင်းသောအမှုတော်ဆောင်ရွက်ခြင်းတို့တွင် ယခုဘဝ၌ ကျွန်ုပ်တို့၏ရပ်တည်နေသောအခြေအနေသည် အနာဂတ်ကာလတွင် ကျွန်ုပ်တို့ရပ်တည်မည့်အခြေအနေကို ချိန်ထိုးပြခြင်းဖြစ်သည်။

စေတနာအပြည့်အဝဖြင့်လုပ်ကိုင်ဆောင်ရွက်မှုသည် ကြီးမားသောဆုလာဘ်ကိုရရှိစေမည်ဖြစ်သည်။ “မထင်ရှားသောအရာကိုမြင်တော်မူသောသင်တို့အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့။” ခရစ်တော်၏ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့ရပ်တည်သောဘဝအသက်တာအားဖြင့် စာရိတ္တကိုဆောက်တည်ရကြသည်။ မူးရင်းချစ်ဖွယ်သောအခြေအနေသည် ဝိညာဉ်ထဲတွင်ပြန်လည်တည်ဆောက်စပြုလာသည်။ ခရစ်တော်ဂုဏ်တော်တို့သည် ဝင်ရောက်လာ၍ ဘုရားသခင်၏ပုံသဏ္ဌာန်တော်သည် ထွန်းတောက်လာစပြုလေသည်။ ဘုရားသခင်နှင့်အတူလျှောက်လိုက်၍ လက်တွဲဆောင်ရွက်ကြသောသူတို့၏မျက်နှာများတွင် ကောင်းကင်ဘုံ၏ငြိမ်သက်ခြင်းကို ဖော်ပြကြသည်။ သူတို့သည် ကောင်းကင်ဘုံအရိပ်အာဝါသ၏ဝိုင်းဝန်းထားခြင်းကို ခံရကြသည်။ ဤဝိညာဉ်များအတွက် ဘုရားသခင်၏နိုင်ငံတော်သည် တည်ဆောက်စပြုပြီးဖြစ်သည်။ သူတို့၌ခရစ်တော်၏ဝမ်းမြောက်ခြင်းတည်းဟူသော လူသားတို့အတွက်ကောင်းကျိုးပြုသောပုဂ္ဂိုလ်ဖြစ်ရခြင်းမှ ပေါ်ပေါက်လာသောဝမ်းမြောက်ခြင်းဖြစ်သည်။ ကယ်တင်ရှင်အသုံးချမှုအတွက် လက်ခံခြင်းခံရခြင်းအားဖြင့် ဂုဏ်ပြုခံရကြသည်။ ကိုယ်တော်၏နာမတော်၌ ကိုယ်တော်ရှင်၏အမှုတော်ကိုဆောင်ရွက်ကြရန် ယုံကြည်ကိုးစားမှုကိုခံရကြသည်။

**ကောင်းကင်ဘုံ၏အဖွဲ့အစည်းအသိုက်အဝန်းသို့ ဝင်စားရန်အတွက်ပုံသွင်းခံရကြမည်** – ကောင်းကင်ဘုံ၏စီမံကိန်းကို အကောင်အထည်ဖော်စေရန်လည်းကောင်း၊ အိမ်ထောင်တိုင်း၌ဖြစ်စေ၊ အသင်းတော်တိုင်း၌ဖြစ်စေ၊ အဖွဲ့အစည်းတိုင်း၌ဖြစ်စေ၊ ကောင်းကင်ဘုံ၏စည်းကမ်းစနစ်နှင့်စည်းလုံးညီညွတ်မှုရှိစေရန်လည်းကောင်း ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ ဤမေတ္တာမျိုးသည် လူ့အဖွဲ့အစည်းကိုထိုးဖောက်ဝင်ရောက်ခဲ့လျှင် ခရစ်ယာန်တို့၏ယဉ်ကျေးသိမ်မွေ့သော အပြုအမူအပြောအဆိုတို့၌လည်းကောင်း၊ ခရစ်တော်၏အသွေးတော်အားဖြင့် ဝယ်ယူထားတော်မူသောလူသားတို့အား ခရစ်ယာန်မေတ္တာဖြင့်ဆက်ဆံရာတွင်လည်းကောင်း မြင့်မြတ်သောအခြေခံကျင့်ဝတ်များ၏ဆောင်ရွက်မှုကို ကျွန်ုပ်တို့မျက်မြင်ကိုယ်တွေ့ဖြစ်သင့်ပေသည်။ ကျွန်ုပ်တို့၏အိမ်ထောင်များ၊ အဖွဲ့အစည်းများနှင့်အသင်းတော်များ၌ ဝိညာဉ်ရေးဆိုင်ရာပြောင်းလဲမှုကြီးပေါ်ပေါက်လာ၍ ဤအိမ်ထောင်များ၊ အဖွဲ့အစည်းများနှင့်အသင်းတော်များသည် တန်ဆာပလာများဖြစ်လာလျက် ၎င်းတို့အားဖြင့်ဘုရားသခင်သည် ကမ္ဘာလောကကြီးအား ကောင်းကင်ဘုံမှအသင်းတော်ဖြင့် ရောင်ခြည်လွှမ်းစေလိမ့်မည်။ ဤနည်းအားဖြင့် ဘုရားသခင်၏စည်းကမ်းစနစ်နှင့်သွန်သင်မှုအားဖြင့် လူသားတို့အား ကောင်းကင်ဘုံ၏အသိုက်အဝန်းသို့ဝင်စားမှုအတွက် ခေါင်းဝင်ကိုယ်ဆံ့ဖြစ်လာစေလိမ့်မည်။

**နောက်ဆုံးနေ့ရက်ကြီးအတွက်ဆုလာဘ်** – သင်တို့သားသမီးများအတွက်လုပ်ကိုင်ဆောင်ရွက်ရာ၌ ဘုရားသခင်၏ကြီးမားသော တန်ခိုးအာနိသင်ကိုကိုင်ဆွဲထားပါ။ ဆုတောင်းခြင်းအားဖြင့် သင်တို့သားသမီးများအား ဘုရားသခင်၏လက်တော်သို့အပ်နှံပါ။ သူတို့အတွက်အားစိုက်ခွန်စိုက်အားဖြင့်လည်းကောင်း၊ မောပန်းခြင်းကင်းမဲ့စွာဖြင့်လည်းကောင်းဆောင်ရွက်ပါ။ ဘုရားသခင်သည် သင်တို့၏ဆုတောင်းပတ္ထနာများကိုနာညောင်းတော်မူ၍ သူတို့အားကိုယ်တော်ထံသို့ဆွဲဆောင်တော်မူလိမ့်မည်။ ထို့နောက်၊ နောက်ဆုံးသောနေ့ရက်ကြီးတွင် "အကျွန်ုပ်နှင့်အကျွန်ုပ်အား ကိုယ်တော်ရှင်

ပေးသနားတော်မူသော သားသမီးတို့နှင့်အတူတကွ အကျွန်ုပ်သည် ဤနေရာသို့ရောက်ရှိလာပါပြီ” ဟုလျှောက်ထားလျက် သားသမီးတို့အား ဘုရားသခင်ထံတော်သို့ ခေါ်ဆောင်လာနိုင်ကြလိမ့်မည်။

ရှာဖွေလသည်။ ခမ္မသရဖူရရှိသောအခါ ပလ္လင်တော်ရှေ့မှာဂုဏ်ပြုသောအားဖြင့် ၎င်းကိုဝှေ့ယမ်းပြလျက် ခရစ်တော်၏ကုသိုလ်တော်များကြောင့် သူ့မိခင်၏သစ္စာရှိစွာသွန်သင်ပြသမှုက သူ့အားမပျက်စီးနိုင်သောဘုန်းတန်ခိုးဖြင့် သရဖူဆောင်းပေးခဲ့ကြောင်းကို သက်သေခံလိမ့်မည်။

ဉာဏ်အမြော်အမြင်ရှိသော မိခင်ဖခင်တို့၏ဆောင်ရွက်မှုကို ကမ္ဘာလောကကြီးသည် ဘယ်အခါမျှနှစ်သက်သဘောကျလိမ့်မည်မဟုတ်ပေ။ သို့ရာတွင် တရားစီရင်သောအချိန်တွင် စာစောင်များကိုဖွင့်သောအခါ ဘုရားသခင်တွေ့မြင်တော်မူသည်အတိုင်း သူတို့၏ဆောင်ရွက်မှုသည်ပေါ်ထွက်လာ၍ လူသားတို့နှင့်ကောင်းကင်တမန်တို့၏ရှေ့တွင် ဆုလာဘ်ကိုရရှိလိမ့်မည်။ သစ္စာရှိစွာဖြင့်ကြည့်ရှုစောင့်ထိန်းမှုကို ခံခဲ့ရသောကလေးသူငယ်သည် ကမ္ဘာလောကကြီး၌လင်းရောင်ခြည်ဖြစ်ခဲ့သည်ကို တွေ့မြင်ရလိမ့်မည်။ ၎င်းကလေးသူငယ်တို့၏စာရိတ္တကိုဆောက်လုပ်ပေးရာတွင် မျက်ရည်များကျခဲ့ရသည်။ ပူပန်သောကဖြစ်ခဲ့ရသည်။ အိပ်မပျော်စားမဝင် အကြိမ်ပေါင်းများစွာဖြစ်ခဲ့ရသည်။ သို့ရာတွင် ဉာဏ်အမြော်အမြင်ရှိရှိဖြင့်ဆောင်ရွက်ခဲ့မှုကြောင့် “သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်သည် ငယ်သောအမှု၌သစ္စာစောင့်လေပြီ” ဟူသောမင်္ဂလာစကားများကို ကယ်တင်ရှင်၏နှုတ်တော်မှကြားရလိမ့်မည်။

**ဘုရင်၏နန်းတော်သို့ဝင်ခွင့်ရရှိရန်ဘွဲ့နာမ** – လူငယ်လူရွယ်နှင့်သားသမီးငယ်တို့အား ကောင်းကင်ဘုံ၌ရှိသောရက်ကန်းစင်များတွင် ရက်လုပ်ထားသည့်ဘုရင်တို့ဝတ်ဆင်သောဝတ်ရုံကို သူတို့ကိုယ်တိုင်ရွေးချယ်ဆင်မြန်းကြရန် သွန်သင်ဆုံးမပေးပါ။ ၎င်းရက်ကန်းစင်များမှ ရက်လုပ်ထားသည့်ဝတ်ရုံသည် “သန့်ရှင်းဖြူစင်သောပိတ်ချော” ဖြစ်၍ ကမ္ဘာမြေကြီးမှသန့်ရှင်းသောသူအပေါင်းတို့သည် ဝတ်ဆင်ကြလိမ့်မည်။

၎င်းဝတ်ရုံသည် ခရစ်တော်၏အညစ်အကြေးနှင့်ကင်းစင်သောစာရိတ္တဖြစ်၍ ၎င်းအားလူသားတိုင်းကိုအခမဲ့ပေးတော်မူသည်။ ၎င်းစာရိတ္တဝတ်ရုံကိုလက်ခံရရှိသောသူတို့သည် ဤကမ္ဘာမြေကြီးပေါ်တွင်ပင် ဆင်မြန်းရကြလိမ့်မည်။

သားသမီးတို့သည် သန့်ရှင်းစင်ကြယ်သော စိတ်ကူးအကြံဉာဏ်များကိုတွေးတောလျက် ချစ်ဖွယ်ကောင်း၍ အထောက်အကူပြုသောအပြုအမူများကိုပြုလုပ်ကြလျှင် သူတို့သည် ကိုယ်တော်ရှင်၏လုပသောစာရိတ္တဝတ်ရုံကိုဝတ်ဆင်နေကြကြောင်း သူတို့အားသင်ကြားပေးပါ။ ဤဝတ်ရုံသည် သူတို့အားဤလောကတွင် လှပချစ်စဖွယ်ဖြစ်စေ၍ နောင်တမလွန်ဘဝတွင် ဘုရင်၏နန်းတော်သို့ဝင်ခွင့်ပြုမည့်ဘွဲ့နာမဖြစ်လိမ့်မည်။ ကိုယ်တော်ရှင်၏ကတိတော်မှာ၊ "သူတို့သည် ဖြူစင်သောဝတ်ရုံကိုဝတ်၍ ငါနှင့်အတူလျှောက်ကြလိမ့်မည်။ အကြောင်းမူကား၊ သူတို့သည် ထိုက်တန်သောသူများဖြစ်ကြ၏။"

**ရွေးနုတ်ခြင်းခံရသောသူတို့အား ကိုယ်တော်ရှင်၏ကြိုဆိုချက်–** မြောက်မြားစွာသောကောင်းကင်တမန်များသည် မြို့တော်မှလုပတင့်တယ်ရှုချင့်စဖွယ်ဖြစ်သောသရဖူများကို ယူဆောင်လာကြသည်ကို ကျွန်ုပ်ရူပါရုံတွင်တွေ့မြင်ရသည်။ ၎င်းသရဖူများကို သန့်ရှင်းသူတစ်ဦးလျှင် တစ်ဦးသျှောင်စီတစ်ခုစီပေးရမည်ဖြစ်၍ ၎င်းသရဖူများတွင်လည်း သူတို့၏နာမည်တစ်ခုစီကိုရေးထားလေသည်။ ယေရှုရှင်သည် ၎င်းသရဖူများကိုဆောင်းတော်မူသောအခါ ကောင်းကင်တမန်များက ၎င်းသရဖူများကို ကိုယ်တော်ရှင်အားပေးကြလေသည်။ ယေရှုရှင်သည် သရဖူတစ်ခုစီကိုယူ၍ ကိုယ်တော်ရှင်၏လက်ယာတော်ဖြင့် သန့်ရှင်းသူတို့၏ဦးခေါင်းများပေါ်သို့ ယုယစွာဆောင်းပေးတော်မူသည်။ ၎င်းနည်းအတိုင်း ကောင်းကင်တမန်များသည် စောင်းများကိုယူဆောင်လာကြ၍ ယေရှုရှင်သည် ၎င်းစောင်းများကိုလည်း သန့်ရှင်းသူတို့အားပေးတော်မူသည်။ ဦးဆောင်သောကောင်းကင်တမန်များက စတင်၍စောင်းကိုတီးလိုက်သောအခါ ရှိသမျှသောသူအပေါင်းတို့က ကျေးဇူးတင်စွာဖြင့်လည်းကောင်း၊ ဝမ်းမြောက်စွာဝမ်းသာစွာဖြင့်လည်းကောင်း ဂုဏ်ပြုချီးကျူးကြသည်။ စောင်းများကိုကိုင်ထားသူတိုင်းက သူတို့စောင်းများကိုတစ်ပြိုင်

တည်းတီးကြသောအခါ ညီညာ၍သာယာနာပျော်ဖွယ်ကောင်းသောတေးသံများသည် စကြဝဠာတစ်ခုလုံးကိုပဲ့တင်ထပ်သွားလေသည်။

ထိုနောက် ယေရှုရှင်သည် ရွေးနုတ်ခြင်းခံရသောသူတို့အား မြို့တော်တံခါးဆီသို့ဦးဆောင်က ခေါ်ဆောင်သွားတော်မူသည်။ ကိုယ်တော်သည် တံခါးကိုကိုင်ဆွဲ၍ ၎င်းတံခါးကိုထိန်းထားသည့် တောက်ပသောပတ္တာများဘက်သို့တွန်းဖွင့်တော်မူပြီးနောက် သမ္မာတရားကိုစောင့်ထိန်းခဲ့သောလူမျိုးတကာတို့အား ဝင်သွားရန်မိန့်ကြားတော်မူလေသည်။ မြို့တော်အတွင်း၌ လှပတင့်တယ်ရှုချင့်စဖွယ်ကောင်းသောအရာ မြောက်မြားစွာရှိသည်။ မည်သည့်ဘက်သို့မဆိုသူတို့ကြည့်သောအခါ လှပထွန်းတောက်သောဘုန်းရောင်ကိုတွေ့မြင်ကြသည်။ ထိုနောက် ယေရှုရှင်သည် ကိုယ်တော်ရှင်၏ရွေးနုတ်ထားသောသန့်ရှင်းသူတို့ကို ကြည့်ရှုတော်မူသည်။ သူတို့၏မျက်နှာများသည်လည်း လင်းရောင်ခြည်ဖြင့်ထွန်းလင်းနေသည်။ ကိုယ်တော်ရှင်သည်သူတို့အား မေတ္တာကရုဏာတော်အပြည့်အဝဖြင့် ကြည့်ရှုတော်မူပြီးနောက် သာယာနာပျော်ဖွယ်ဖြစ်သောအသံတော်ဖြင့် “ငါ့ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို ငါမြင်၍ အားရဝမ်းမြောက်တော်မူသည်။ ဤကြွယ်ဝသောဘုန်းတန်ခိုးတော်ကို သင်တို့သည် ထာဝရကာလပတ်လုံးခံစားကြရမည်။ သင်တို့၏ဝမ်းနည်းခြင်းများသည် ကုန်ဆုံးသွားလေပြီ။ နောက်တစ်ဖန်သေဘေးမရှိရ” ဟူ၍ ကြွေးကြော်တော်မူသည်။ ရွေးနုတ်ခြင်းခံရသောသူတို့သည်ဦးညွှတ်၍ သူတို့၏တောက်ပြောင်နေသောသရဖူများကို ယေရှုရှင်၏ခြေတော်ရင်း၌ချထားကြသည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ ထိုနောက် ကိုယ်တော်ရှင်သည် ချစ်ဖွယ်ကောင်းသော ကိုယ်တော်၏လက်တော်ဖြင့် သူတို့အားထစေတော်မူသောအခါ၊ သူတို့သည်စောင်းကိုတီးခတ်သောအခါ ကောင်းကင်ဘုံတစ်ခုလုံးသည် သိုးသငယ်တော်အားဂုဏ်ပြုသောအားဖြင့် သီဆိုတီးမှုတ်သောတေးသံတို့ဖြင့် ပဲ့တင်ထပ်သွားလေသည်။

ကောင်းကင်ဘုံနှင့်ပတ်သက်၍ အတိအကျဖော်ပြရန် ဘာသာစကားအားဖြင့်လုံးဝမပြုလုပ်နိုင်ပေ။ စကားမရှိပေ။ ၎င်းမြင်ကွင်းသည် ကျွန်ုပ်ရှေ့

၌ပေါ်လာသောအခါ ကျွန်ုပ်သည် အံ့သြမဆုံးဖြစ်ရသည်။ အံ့သြဖွယ်ကောင်းသောအရောင်အဝါနှင့် နှိုးယဉ်ဖွယ်မရှိသောဘုန်းတန်ခိုးတော်ကိုတွေ့မြင်ရပြီးနောက် ကျွန်ုပ်သည် လက်၌ကိုင်ထားသောကလောင်ကိုချ၍ "အို၊ ကြီးမားလှသောမေတ္တာတော်ပါတကား၊ အံ့ဖွယ်ကောင်းလှသောမေတ္တာတော်ပါတကား" ဟုကြွေးကြော်မိပါသည်။ ကောင်းကင်ဘုံ၏ဘုန်းတန်ခိုး၊ (သို့မဟုတ်) ယှဉ်ပြိုင်စရာမရှိသော နက်ရှိုင်းလှသည့်ကယ်တင်ရှင်၏မေတ္တာတော်ကို လူ့ဘာသာစကားအားဖြင့် ဖော်ပြ၍မရနိုင်ပါတကား။

---o---

## အခန်း ၈၆
# ဒေင်အိမ်ထောင်၏ဘဝအသက်တာ

**ဒေင်ဥယျာဉ်ပြန်လည်တည်ဆောက်မည်** – ဒေင်ဥယျာဉ်၏ သာယာသောလမ်းများမှ လူသားတို့အားမောင်းနှင်ခံရပြီးသည့်နောက် ၎င်းဥယျာဉ်သည် ကမ္ဘာမြေကြီးပေါ်တွင် နှစ်ပေါင်းများစွာတည်ရှိနေခဲ့သည်။ အပြစ်ရှိသောလူသည် အပြစ်ကင်းသောနေအိမ်ကို ပြန်လည်ငေးမောကြည့်ခွင့်ကို အချိန်ကြာညောင်းစွာပေးတော်မူခဲ့သည်။ ဥယျာဉ်၏ဝင်ပေါက်ကိုကာကောင်းကင်တမန်များစောင့်ကြပ်ထားသည်။ ခေရုဗိမ်များ၊ စောင့်ကြပ်ထားသောပါရဒိသုဘုံတွင် ဘုရားသခင်၏တန်ခိုးတော်သည် ထွန်းတောက်လျက်ရှိသည်။ ဤနေရာသို့အာဒံနှင့်သူ၏သားတို့သည် လာရောက်၍ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ကြသည်။ ဒေင်ဥယျာဉ်မှသူတို့အားမောင်းနှင်ပစ်စေခဲ့သောသူတို့ကျူးလွန်ခဲ့သည့်ပညတ်တော်ကို နာခံကျင့်သုံးပါမည်ဟူသောကတိဝန်ခံချက်ကို ဤနေရာမှာပင် တစ်နေ့ပြန်လည်ပြုလုပ်ကြသည်။ အပြစ်ဒုစရိုက်၏ဒီရေသည် ကမ္ဘာလောကကြီးသို့ပျံ့နှံ့သွား၍ လူသားတို့၏ဆိုးယုတ်ညစ်ညမ်းမှုသည် သူတို့၏ကံကြမ္မာကိုလွှမ်းမိုးခြင်းအားဖြင့် ဆုံးဖြတ်စေသောအချိန်တွင် ဒေင်ဥယျာဉ်ကိုစိုက်ပျိုးသောလက်တော်သည် ၎င်းကိုပင်ကမ္ဘာမြေကြီးမှရုပ်သိမ်းတော်မူသည်။ သို့ရာတွင် ခပ်သိမ်းသောအရာများကိုနောက်ဆုံးအသစ်ပြန်လည်ပြုလုပ်တော်မူသောအချိန်၌ "ကောင်းကင်နှင့်မြေကြီးသစ်ကို ပြန်လည်ဖန်ဆင်းတော်မူသောအခါ ၎င်းဒေင်ဥယျာဉ်ကိုဖန်းဆင်းစကထက် အဆပေါင်းများစွာပိုမိုလှပတင့်တယ်အောင် ဖန်တီးတော်မူလိမ့်မည်။"

ထိုအခါ ဘုရားသခင်၏ပညတ်တော်များကို စောင့်ထိန်းခဲ့သောသူတို့သည် အသက်ပင်၏အရိပ်အာဝါသတွင် ထာဝရအင်အားကိုပေးနိုင်သည့်လေကို ရှူရှိုက်ကြရမည်။ အဆုံးမရှိသောထာဝရကာလတွင် အပြစ်ကင်းသောကမ္ဘာများမှ ကမ္ဘာသူကမ္ဘာသားတို့သည် ၎င်းရောင်ခြည်ထွန်းလင်းသောဥယျာဉ်

ထဲတွင် အပြစ်နှင့်တို့ထိခြင်းမခံရသော ဘုရားသခင်၏လက်ရာမြောက်လှသော ဖန်ဆင်းထားတော်မူသည့် အခြေအနေသစ်၏နမူနာကို တွေ့မြင်ကြလိမ့်မည်။ ၎င်းနမူနာသည်ကား ဖန်ဆင်းရှင်၏ဝမ်းမြောက်ဖွယ်သောစီမံကိန်းတို့အတိုင်း လူသားတို့သည် အကောင်အထည်ဖော်ခဲ့လျှင် ရပ်တည်နေမည့်ကမ္ဘာမြေကြီး တစ်ခုလုံး၏ထူးမြတ်လှသောအခြေအနေ၏နမူနာပင်ဖြစ်သည်။

ရွေးနုတ်ခြင်းဆိုင်ရာစီမံကိန်းကြီးသည် ကမ္ဘာလောကကြီးအား ဘုရားသခင်၏အလိုတော်နှင့်ညီလျော်သည့် ပြည့်စုံသောအခြေအနေသို့ပြန်လည် ပို့ဆောင်ပေးသည်။ အပြစ်ကြောင့်ဆုံးရှုံးမှုရှိသမျှကို ရှိရင်းအခြေအနေသို့ ပြန်လည်ရောက်ရှိစေသည်။ လူသားများကိုသာမဟုတ်ဘဲ စကားတော်ကို နားထောင်သောသူတို့၏ထာဝရစိုးစံရာအရပ်ဖြစ်စေရန် ကမ္ဘာမြေကြီးကိုလည်း ရွေးနုတ်တော်မူသည်။ နှစ်ပေါင်းခြောက်ထောင်ပတ်လုံး စာတန်သည် ကမ္ဘာ ကြီးကိုအပိုင်စီးထားရန်ကြိုးပမ်းခဲ့သည်။ ယခုအခါတွင် ကမ္ဘာမြေကြီးကို ဖန်ဆင်းထားတော်မူရာတွင် ဘုရားသခင်၏မူရင်းရည်စူးချက်သည် ပြည့်စုံ ခြင်းသို့ရောက်ရှိလာပြီ။ "အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသူတို့သည် နိုင်ငံကိုသိမ်းယူ၍ ကမ္ဘာအဆက်ဆက်ခံစားကြရသည်။"

**ဝယ်ယူထားတော်မူသောသူတို့အားရွေးနုတ်ခြင်း** – ကမ္ဘာမြေ ကြီးအားရွေးနုတ်ခြင်းခံရသောသူတို့၏ထာဝရစံမြန်းရာအရပ်အနေဖြင့် ပြုပြင် တော်မူသောအခါ ၎င်းကိုဖန်ဆင်းတော်မူရာတွင် ဘုရားသခင်၏ရည်စူးချက် ပြည့်စုံခြင်းသို့ရောက်ရှိလေသည်။ ဖြောင့်မတ်သောသူတို့သည် ပြည်တော် ကိုအမွေခံရ၍ အဆက်ဆက်စိုးစံရကြလိမ့်မည်။ မီးစက်လက်နက်ဖြင့် လူလင်မယားတို့အား ဧဒင်ဥယျာဉ်သို့မဝင်နိုင်စေရန်တားမြစ်ထားသောအချိန် မှစ၍ သန့်ရှင်းသောသူတို့မျှော်လင့်စောင့်စားနေသောအချိန်သည် ရောက်ရှိ လာလေသည်။ ၎င်းအချိန်ကား "ဝယ်ယူထားတော်မူသောသူတို့အား ရွေးနုတ် ခြင်းအချိန်ဖြစ်သည်။" လူသားတို့အား အစအဦး၌အပိုင်းပေးတော်မူသော နိုင်ငံကို လူသားတို့သည် စာတန်အားရောင်းစားလိုက်ပြီး နောက်နှစ်ပေါင်း

ကြာရှည်စွာအင်အားကြီးမားသောရန်သူအပိုင်စီးထားခဲ့သော ၎င်းနိုင်ငံကို ကယ်တင်ခြင်းစီမံကိန်းကြီးအားဖြင့် ပြန်လည်ဝယ်ယူတော်မူသည်။

ပထမအာဒံအားဖြင့်ဆုံးရှုံးခဲ့သမျှကို ဒုတိယအာဒံအားဖြင့် ပြန်လည်တည်ဆောက်မည်ဖြစ်သည်။ ပုရောဖက်ကပြောထားသည်မှာ၊ "အိုး၊ သိုးစုငယ်၏မျှော်ခြင်းဇိအုန်သမီး၏ခံတပ်၊ အသင့်ထံသို့ပထမအုပ်စိုးခြင်းသည် ရောက်ရှိလာလတ္တံ့။" "ပေါလုသည်ဝယ်ယူထားတော်မူသောသူတို့အားရွေးနုတ်ခြင်း" ကိုညွှန်ပြပြောဆိုထားသည်။

သန့်ရှင်း၍ပျော်ရွှင်သောသတ္တဝါတို့အားနေထိုင်စေရန် ဘုရားသခင်သည် ကမ္ဘာမြေကြီးကိုဖန်းဆင်းတော်မူသည်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် အသစ်ပြန်လည်ပြုပြင်၍ အပြစ်နှင့်လည်းကောင်း၊ ဝမ်းနည်းခြင်းနှင့်လည်းကောင်း၊ ကောင်းကင်ဝင်၍ကမ္ဘာမြေကြီးသည် ရွေးနုတ်ခြင်းခံရသောသူတို့၏ထာဝရနေထိုင်ရာအရပ်ဖြစ်လာသောအခါ ဘုရားသခင်၏ရည်စူးချက်သည် ပြည့်စုံပြီးမြောက်ခြင်းသို့ရောက်ရှိလိမ့်မည်။

**အာဒံသည်သူ့ဧဒင်ဥယျာဉ်အိမ်ဂေဟာသို့ပြန်လည်ရောက်ရှိရမည်** – ဧဒင်ဥယျာဉ်မှမောင်းနှင်ခံရပြီးသည့်နောက် အာဒံ၏ဘဝအသက်တာသည် ကမ္ဘာမြေကြီးပေါ်တွင် ဝမ်းနည်းမှုနှင့်ပြည့်ဝလျက်ရှိလေသည်။ သွေ့ခြောက်၍ကြွေကျသော်လည်း သစ်ရွက်တိုင်းသည်လည်းကောင်း၊ ယဇ်ပူဇော်သောယဇ်ကောင်တိုင်းသည်လည်းကောင်း၊ သဘာဝမေ့ကြီး၏လှပသောမြေမျက်နှာပြင်ပေါ်၌ရှိသော အပြစ်အနာအဆာတိုင်းသည်လည်းကောင်း၊ လူသားတို့၏ကြယ်ခြင်းပေါ်တွင် ထွန်းတောက်သောအစွန်းထွက်တိုင်းသည် လည်းကောင်း သူ့အပြစ်ကိုပြန်လည်သတိရစေသောအရာများဖြစ်သည်။ ပြည့်နှက်နေသောအပြစ်ဒုစရိုက်ကို သူမြင်တွေ့ရသောအခါ သူ့ပူဆွေးသောကဖြစ်မှုကြီးမားလှ၍ သူ့အားပေးထားသောသတိပေးချက်များအတိုင်း အပြစ်ဒုစရိုက်၏ဆိုးကျိုးများကို သူကိုယ်တိုင်ရင်ဆိုင်ရတော့သည်။ အပြစ်ဒုစရိုက်ကျူးလွန်မှုပြစ်ဒဏ်ကို သူသည်နှစ်ပေါင်းတစ်ထောင်နီးပါးမျှသည်းခံလျက် ခံစားနေခဲ့ရသည်။ သူ့အပြစ်ဒုစရိုက်ကို သူသည်သစ္စာရှိစွာနောင်တကြီးစွာ

ရ၍ သတိထားတော်မူသော ကယ်တင်ရှင်၏ကုသိုလ်တော်ကိုယုံကြည်ကိုးစား လျက်လည်းကောင်း၊ ထမြောက်ရှင်ပြန်ခြင်းကိုမျှော်လင့်လျက်လည်းကောင်း သေဆုံးသွားခဲ့သည်။ ဘုရားသခင်သားတော်သည် လူသား၏ပျက်ကွက် မှုနှင့်အပြစ်ကျူးလွန်မှုများအတွက် အဖိုးအခကိုပေးခဲ့တော်မူသည်။ ယခုအခါ တွင် အပြစ်ကိုပြေစေသောဆောင်ရွက်မှုအားဖြင့် အာခံထားသူကနဦးအုပ်စိုး ခွင့်ကို ပြန်လည်ပေးတော်မူသည်။

ဝမ်းမြောက်ဝမ်းသာဖြစ်လျက်သူသည် တစ်ကြိမ်ကနှစ်သက်ခဲ့သော သစ်ပင်များကိုသူကြည့်ရှုလေသည်။ ၎င်းသစ်ပင်များမှအသီးများကို သူ့အပြစ် ကင်း၍ဝမ်းမြောက်ခြင်းသာရှိခဲ့သောကာလများတွင် သူ့လက်ဖြင့်ဆွတ်ခူးခဲ့ ရသည်။ သူ့လက်ဖြင့်စိုက်ပျိုးပြုစုခဲ့သောစပျစ်နွယ်ပင်များနှင့်ပန်းပင်များကို သူတွေ့မြင်ရသည်။ သူ့စိတ်သည် မြင်ကွင်း၏စစ်မှန်သောအဖြစ်အပျက်ကို သိရှိနားလည်ပါသည်။ ဤမြင်ကွင်း၌ လူတွေ့မြင်ရသည့်အတိုင်း သူမောင်းနှင် ခြင်းခံခဲ့ရသောဒေဒင်ဥယျာဉ်ထက် ပိုမိုလှပတင့်တယ်ချစ်စဖွယ်ဖြစ်သော ဒေဒင် ဥယျာဉ်ကိုပြန်လည်တည်ဆောက်ထားသည်ကို သူသိရှိနားလည်လေသည်။ ကယ်တင်ရှင်သည် သူ့အားအသက်ပင်သို့ခေါ်ဆောင်သွားတော်မူပြီး ၎င်းအပင် မှအသီးကိုဆွတ်ခူး၍ အာဒံအားစားခိုင်းတော်မူသည်။ သူ့ဘေးပတ်ပတ်လည် သို့ကြည့်သောအခါ ဘုရားသခင်၏ပါရဒိသုဘုံ၌မတ်တတ်ရပ်လျက်ရှိကြသော ရွေးနုတ်ခြင်းခံခဲ့ရသည့် ထောင်ပေါင်းများစွာသော သူ့မိသားစုများကိုတွေ့မြင် ရသည်။ ထိုနောက် သူဆောင်းထားသောထွန်းလင်းတောက်ပသည့်သရဖူကို ယေရှုရှင်၏ခြေတော်ရင်း၌ချထားလျက် ငုံ့၍ကယ်တင်ရှင်ကိုပိုက်ဖက်လေ သည်။ ကိုယ်တော်ရှင်သည် ရွှေစောင်းကိုလက်တော်ဖြင့်တို့ထိတော်မူလျှင် ကောင်းကင်ဘဝဂ်တစ်ခုလုံးတွင် မြည်ဟည်းရိုက်ခတ်သွားသော အောင်မြင် သည့်သီချင်းကား "အသေသတ်ခံတော်မူ၍ အသက်ရှင်ပြန်တော်မူသော သိုးသငယ်သည် တန်ခိုးစည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေဘုန်း အာနုဘော်ကောင်းချီးမင်္ဂလာကို ခံထိုက်တော်မူ၏၊ ခံထိုက်တော်မူ၏၊ ခံထိုက် တော်မူ၏" ဖြစ်သည်။ အာဒံ၏အိမ်ထောင်သားတို့သည် ၎င်းသီချင်းကို

ကျိုးအေးပြီး ကယ်တင်ရှင်ကိုဦးညွတ်၍ ဝတ်ပြုကိုးကွယ်ကြသောအခါ သူတို့၏သရဖူများကို ကိုယ်တော်ရှင်၏ခြေတော်ရင်း၌ချထားကြသည်။

အာဒံသည် အပြစ်ကျိုးလွန်သောအခါငိုကြွေး၍ ယေရှုရှင်သည် သေခြင်းမှထမြောက်ရှင်ပြန်တော်မူပြီးနောက် ကိုယ်တော်၏သိက္ခာတော်ကို ယုံကြည်သောသူများအားလုံးအတွက် သန်ချိုင်းကိုဖွင့်ထားပြီးတော်မူသည့် အဆုံးတွင် ကောင်းကင်ဘုံသို့ကိုယ်တော်ရှင်ပြည်လည်တက်ကြွသွားတော်မူသောအခါ ဝမ်းမြောက်ဖွယ်ဖြစ်ကြသောကောင်းကင်တမန်တို့သည် ၎င်းပြန်လည်တွေ့ဆုံခြင်းကို တွေ့မြင်ကြသည်။ ယခုအခါတွင် ရွေးနုတ်ခြင်းအမှုတော်ကြီးပြည့်စုံပြီးမြောက်သွားသည်ကို တွေ့မြင်ကြ၍ ဂုဏ်ပြုချီးကျူးသောထောမနာသီချင်းကို ပါဝင်သီဆိုကြသည်။

**ကမ္ဘာမြေကြီးပေါ်မှစည့်သည်များအတွက်နေစရာအခန်းများ—** အနာဂတ်ကာလ၌အမွေခံရကြမည့်ကိစ္စကို ယုတ္တိရှိရှိပြောရမည်ကိုစိုးရိမ်မှုသည် အများသောသူတို့အား ၎င်းအမွေခံရမည့်အရေးကို ကျွန်ုပ်တို့အပိုင်နေထိုင်ရမည့်အိမ်ကိစ္စဟု ယုံကြည်စိတ်ချစေမည့်အမှန်တရားများကို အကောင်အထည်အားဖြင့်မဟုတ်ဘဲ ဝိညာဉ်ရေးကိုသာရည်မှန်းပြောဆိုကြောင်းဖြင့် ပြောဆိုစေလေသည်။ ခမည်းတော်၏အိမ်ထောင်၌ သူတို့နေစရာအခန်းများတို့ကို ပြင်ဆင်ခြင်းအတွက် ကိုယ်တော်ရှင်သည် ကောင်းကင်ဘုံသို့တက်ကြွသွားတော်မူကြောင်း ခရစ်တော်သည် မိမိ၏တပည့်တော်များကိုစိတ်ချစေတော်မူသည်။ ဘုရားသခင်နှုတ်ကပတ်တော်၏သြဝါဒတရားကို ယုံကြည်လက်ခံသောသူတို့သည် ကောင်းကင်ဘုံ၌နေထိုင်ရမည့်ကိစ္စနှင့်ပတ်သက်၍ လုံးဝမသိဘဲ နေကြမည်မဟုတ်ပေ။ ဖြောင့်မတ်သောသူတို့၏ဆုလာဘ်ကိုစကားအားဖြင့် ဖော်ပြ၍မရနိုင်ပေ။ ၎င်းဆုလာဘ်ကိုတွေ့မြင်သောသူတို့သာလျှင် အမှန်ကို သိရှိကြမည်ဖြစ်သည်။ ဘုရားသခင်ပါရဒိသုဘုံ၏ဘုန်းတန်ခိုးအကြောင်းကို နားလည်ရန်လူ့ဉာဏ်မမီပေ။

ကျမ်းစာထဲတွင် ကယ်တင်ခြင်းသို့ဝင်စားရမည့်သူတို့၏အမွေကို တိုင်းပြည်တစ်ခုအနေဖြင့် ဖော်ပြထားသည်။ တိုင်းပြည်တွင် ကောင်းကင်

ဆိုင်ရာသိုးထိန်းတော်ကြီးသည် မိမိ၏သိုးစုများကို အသက်စမ်းရေတွင်းရှိရာသို့ ပို့ဆောင်တော်မူသည်။ အသက်ပင်သည် လစဉ်အသီးများကိုသီး၍ သစ်ပင်၏အရွက်များကိုလည်း လူမျိုးတကာတို့အတွက် စားသောက်ဖွယ်ဖြစ်သည်။ ထိုနေရာတွင် အမြဲတမ်းစီးဆင်းနေသောစမ်းချောင်းများရှိ၍ ၎င်းတို့၏ရေများမှလည်း ဖန်ကျောက်ကဲ့သို့ကြည်လင်လျက် ၎င်းစမ်းချောင်းများ၏နံဘေးတွင် ထာဝရဘုရားသခင်၏ကယ်တင်ခြင်းကို ခံစားရသောသူတို့အတွက် ပြင်ဆင်ထားရှိသောလမ်းများပေါ်သို့ ၎င်းတို့၏အရိပ်များကိုထိုးထားသောသစ်ပင်ကြီးများပေါက်လျက်ရှိကြသည်။ ကျယ်ပြန့်လှသောလွင်ပြင်များသည် လှပသောတောင်ကြီးတောင်ငယ်တို့အထိရောက်ရှိလျက် ဘုရားသခင်၏တောင်ကြီးများတွင် မြင့်မားလှသောတောင်ထိပ်များရှိကြသည်။ ဝမ်းမြောက်ခြင်းမရှိသော ၎င်းစမ်းချောင်းများဘေးရှိလွင်ပြင်ကြီးများအပေါ်၌ ဧည့်သည်များအနေဖြင့်လည်းကောင်း၊ အိုးအိမ်မဲ့အနေဖြင့်လည်းကောင်း လှည့်လည်သွားလာနေရသော ဘုရားသခင်၏လူတို့သည် နေထိုင်စရာကိုရရှိကြလိမ့်မည်။

ကမ္ဘာမြေကြီးပေါ်မှဧည့်သည်များအတွက် အိမ်ဂေဟာများရှိသည်။ ဖြောင့်မတ်သောသူတို့အတွက် ဝတ်စရာဝတ်စုံများထွန်းတောက်သောသရဖူများနှင့် အောင်မြင်သောစွန်ပလွံခက်များရှိသည်။ ဘုရားသခင်၏ဆောင်ရွက်တော်မူများနှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့အားစိတ်လှုပ်ရှားရှုပ်ထွေးစေသောအရာများသည် ရှင်းလင်းပြတ်သားလာကြလိမ့်မည်။ ကျွန်ုပ်တို့နားလည်ရန်ခက်ခဲသောအရာတို့ကို ထိုအခါနားလည်လာကြလိမ့်မည်။ ကျေးဇူးတော်၏နက်နဲသောအရာတို့သည် ကျွန်ုပ်တို့ရှေ့တွင်ပွင့်လင်းလျက်ရှိကြလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများအတွက် ရှုပ်ထွေးသောအရာများနှင့်ပြည့်စုံခြင်းမရှိခဲ့သောကတိသစ္စာတို့သည် ပျောက်ကွယ်သွား၍ ပြည့်စုံမှုနှင့်ညီညွတ်မှုအရှိဆုံးသောအရာများကို တွေ့မြင်ရကြလိမ့်မည်။ ကျွန်ုပ်တို့အတွက်ခံရပ်နိုင်ဖွယ်မရှိသောအတွေ့အကြုံများကို မေတ္တာတော်ဖြင့်ပေးခဲ့သည်ကို ကျွန်ုပ်တို့သိရှိလိမ့်မည်။

ကျွန်ုပ်တို့ကောင်းကျိုးအတွက် ခပ်သိမ်းသောအရာတို့အား တညီတညွတ် တည်းပြုစုစေသော ကိုယ်တော်ရှင်၏ကြည့်ရှုစောင့်ထိန်းမှုကို ကျွန်ုပ်တို့တွေ့မြင် သိရှိသောအခါ ကျွန်ုပ်တို့သည် ဘုန်းအသရေနှင့်စပ်ဆိုင်သော ပြော၍မမီ နိုင်သည့် ရွှင်လန်းခြင်းစိတ်နှင့်ဝမ်းမြောက်ကြလိမ့်မည်။

ကျွန်ုပ်တို့သည် အိမ်တော်သို့ရှေးရှုလျက်သွားကြသည်။ ကျွန်ုပ်တို့ အတွက် အသက်တော်ကိုစွန့်သည့်တိုင်အောင် ကျွန်ုပ်တို့အားချစ်တော်မူသော ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အတွက် မြို့တော်ကိုတည်ဆောက်ထားပြီးဖြစ် သည်။ ယေရုရှင်လင်မြို့သစ်သည် ကျွန်ုပ်တို့နားနေရာအရပ်ဖြစ်သည်။ ဘုရားသခင်၏မြို့တော်၌ဝမ်းနည်းခြင်းမရှိ။ ငိုကြွေးမြည်တမ်းခြင်းမရှိ၊ အကောင်အထည်မပေါ်သောမျှော်လင့်ခြင်းနှင့်ချစ်ခြင်းမေတ္တာဟူ၍ ဘယ်အခါ မျှကြားရတော့မည်မဟုတ်ပေ။ မကြာမီလေးလံသောအဝတ်အစားများကို မင်္ဂလာဆောင်အဝတ်အစားများနှင့် လဲလှယ်ရလိမ့်မည်။ မကြာမီကျွန်ုပ်တို့ ဘုရင်၏ဘိသိက်မင်္ဂလာကိုတွေ့မြင်ကြရလိမ့်မည်။ သူတို့၏အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိသောသူတို့သည်လည်း ကောင်း၊ ကမ္ဘာမြေကြီးပေါ်၌ ကျင်လည်နေချိန်တွင်ယုံကြည်ခြင်းနှင့်ဆိုင်၍ ကောင်းစွာသောတိုက်လှန်ခြင်းကိုပြုတော်မူသောသူတို့သည်လည်းကောင်း၊ ဘုရားသခင်၏နိုင်ငံတော်တွင် ကယ်တင်ရှင်၏ဘုန်းတန်ခိုးတော်ဖြင့် ထွန်းလင်း ကြလိမ့်မည်။

**ရွေးနုတ်ခြင်းခံရသောသူတို့၏အခွင့်အရေးများ** – ကောင်းကင် ဘုံသည် ကောင်းသောနေရာဖြစ်သည်။ ကျွန်ုပ်အတွက် မိမိအသက်တော်ကို စွန့်သောကိုယ်တော်ရှင်ကိုကြည့်၍ ကိုယ်တော်ရှင်၏ဘုန်းတန်ခိုးဖြင့် ပြည့်ဝ သောအသွင်တော်သို့ပြောင်းလဲသွားစေမည့် ချစ်ဖွယ်သောယေရှုရှင်ကိုသွား ရောက်တွေ့ဆုံရန် ကျွန်ုပ်သည် မျှော်လင့်စောင့်မျှော်လျက်ရှိသည်။ အနာဂတ် ကာလ၌ဝင်ရောက်နေထိုင်ရမည့် တောက်ပသောကမ္ဘာကြီး၏ဘုန်းတန်ခိုးကို မည်သည့်စကားမျိုးများဖြင့်မျှ ဖော်ပြနိုင်စွမ်းမရှိပါတကား။ ကျွန်ုပ်တို့သည်

ဘုရားသခင်၏မြို့တော်ကို ဝမ်းမြောက်ဝမ်းသာဖြစ်စေသော ရေခန်းခြောက်ခြင်းမရှိသည့် စမ်းရေတွင်းမှရေကိုသောက်သုံးလိုလှပါသည်တကား။

ဘုရားသခင်သည် ကျွန်ုပ်အားအခြားသောကမ္ဘာများကို ပြတော်မူသည်။ ကျွန်ုပ်တို့အားအဆောင်များကိုပေးတော်မူ၍ မြို့တော်မှထွန်းလင်းတောက်ပသောနေရာသို့ပျံသွားရာတွင် ကောင်းကင်တမန်တစ်ပါးသည် ကျွန်ုပ်တို့နှင့်အတူလိုက်ပါလာသည်။ ၎င်းနေရာမှမြက်တို့သည် စိမ်းလန်းစိုပြည်၍ ငှက်တိရစ္ဆာန်များသည် သာယာသောသီချင်းကိုကျူးအေးနေကြသည်။ ၎င်းနေရာမှလူတို့သည် အရွယ်အစားစားဖြစ်ကြသည်။ သူတို့သည်မြင့်မြတ်သည်။ ခန့်ညားသည်။ လှပကြသည်။ သူတို့သည် ယေရှုရှင်၏ပုံသဏ္ဍာန်နှင့်အညီ တစ်သဏ္ဍာန်တည်းဖြစ်ကြ၍ သူတို့၏မျက်နှာများသည် သန့်ရှင်းသော ဝမ်းမြောက်ခြင်း၊ လွတ်လပ်ခြင်းနှင့်ရွှင်လန်းခြင်းတို့၏အသွင်ကိုဆောင်ကြသည်။ သူတို့သည် ကမ္ဘာမြေကြီးပေါ်မှလူများထက် ဘာကြောင့်ပိုမိုလှပကြောင်းပုဂ္ဂိုလ်တစ်ဦးအားမေးကြည့်ပါသည်။ သူက “ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်များကို တိတိကျကျလိုက်နာကျင့်သုံးကြပါသည်။ ကမ္ဘာမြေကြီးမှလူများကဲ့သို့ နားမထောင်ခြင်းအားဖြင့် အပြစ်ဒုစရိုက်ကို မကျူးလွန်ဝံ့ကြပါ။” ၎င်းနေရာ၌ ကျွန်ုပ်အားနေထိုင်ခွင့်ပြုရန် ကျွန်ုပ်နှင့်ပါလာသောကောင်းကင်တမန်အားပြောပါသည်။ ဤမှောင်မိုက်သောကမ္ဘာမြေကြီးသို့ ပြန်လာလိုသောစိတ်ဆန္ဒလုံးဝမရှိတော့ပါ။ ထိုအခါကောင်းကင်တမန်က “သင်သည်ကမ္ဘာမြေကြီးသို့ပြန်သွားရပါမည်။ အကယ်၍ သင်သည် သစ္စာရှိလျှင် ၁၄၄,၀၀၀ ရှိသော လူထုနှင့်အတူတကွ အခြားသောကမ္ဘာများသို့လည်ပတ်ခွင့်ရရှိ၍ ဘုရားသခင်၏လက်ရာများကိုကြည့်ရှုခွင့်ရလိမ့်မည်” ဟု ကျွန်ုပ်အားပြောပါသည်။

**ကောင်းကင်နှင့်မြေကြီးမှပြန်လည်ပေါင်းစည်းသောအိမ်ထောင်**– ထိုနေရာတွင် ကယ်တင်ခြင်းသို့ဝင်စားရသောသူတို့သည် သူတို့ “သိရှိခဲ့ပြီးသည့်အတိုင်းသိရှိကြလိမ့်မည်။” စိတ်ဝိညာဉ်၌ ဘုရားသခင်ကိုယ်တော်

တိုင်ထည့်သွင်းပေးထားတော်မူသောမေတ္တာတရားနှင့် ကိုယ်ချင်းစာနာသော တရားတို့ကို အစစ်မှန်ဆုံးနှင့်အကောင်းဆုံး အကောင်အထည်ဖော်ခွင့်ရကြလိမ့်မည်။ သန့်ရှင်းသောသူတို့နှင့်စင်ကြယ်သန့်ရှင်းစွာပေါင်းသင်းဆက်ဆံရခြင်း၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောကောင်းကင်တမန်များ သိုးသငယ်၏အသွေးတော်ဖြင့် မိမိတို့၏ဝတ်ရုံများကိုဆေးကြောခဲ့သော ခေတ်အမျိုးမျိုးမှ သစ္စာရှိသောသူတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်း "ကောင်းကင်နှင့်မြေကြီးပေါ်မှအိမ်ထောင်တစ်လုံး" ကို ဖွဲ့စည်းချည်နှောင်ထားသော အနှောင်အဖွဲ့တို့သည် ရွေးနုတ်ခြင်းခံရသောသူတို့အား ပျော်မွေ့ခြင်းအရသာကိုခံစားစေသည်။

ကယ်တင်ခြင်းခံရသောသူတို့သည် ကောင်းကင်ဘုံဆိုင်ရာဥပဒေပညတ်မှတစ်ပါး အခြားဥပဒေပညတ်ဆို၍မသိရှိကြပေ။ အားလုံးတို့သည် ပျော်ရွှင်၍ စည်းလုံးညီညွတ်သောအိမ်ထောင်ဖြစ်လျက် ထောမနာသီချင်းများသီဆိုခြင်း၊ ကျေးဇူးတင်ရှိခြင်းဆိုင်ရာသီချင်းများသီဆိုခြင်းတည်းဟူသော ဝတ်ရုံများကို ဝတ်ဆင်ထားကြသည်။ နံနက်ကြယ်တို့သည် တညီတညွတ်တည်းသီချင်းဆို၍ ဘုရားသခင်၏သားအပေါင်းတို့သည် ဝမ်းမြောက်စွာကြွေးကြော်လျက် ဘုရားသခင်နှင့်ခရစ်တော်တို့သည်ပူးပေါင်း၍ "နောက်တစ်ဖန်အပြစ်ဒုစရိုက်မရှိစေရ၊ သေဘေးလည်းမရှိစေရ" ဟု ဟစ်အော်ကြွေးကြော်လျက် သီချင်းကျူးအေးကြလိမ့်မည်။

ခရစ်တော်ကောင်းကင်ဘုံသို့ ပြန်လည်တက်ကြွတော်မူသောအချိန်၊ ကောင်းကင်ဘဝဂ်ဝယ် ပျော်ရွှင်မဆုံးဖြစ်ကြသောမြင်ကွင်းမှ ခရစ်တော်၏အံ့ဩဖွယ်မိန့်တော်မူသောစကားများဖြစ်သည့် "ငါ၏ခမည်းတော်တည်းဟူသော သင်တို့၏ခမည်းတော်၊ ငါ၏ဘုရားသခင်တည်းဟူသော သင်တို့၏ဘုရားသခင်ထံတော်သို့ငါတက်ရမည်" ဆိုသောစကားတော်တို့သည် မြေကြီးပေါ်၌ရှိနေသော ကျွန်ုပ်တို့ထံသို့ ပြန်လည်ဆင်းသက်လာသည်။ ကောင်းကင်ဘုံ၌ရှိသောအိမ်ထောင်နှင့် မြေကြီးပေါ်၌ရှိသောအိမ်ထောင်သည် တစ်လုံးတစ်ဝ

တည်းဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့သခင်ဘုရားသည် ကောင်းကင်သို့တက်ကြွသွားတော်မူသည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်ရှင်သည် အသက်ရှင်တော်မူသည်။ "ထိုသူတို့၏အမှုကိုကိုယ်တော်သည်စောင့်လျက် ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကိုအစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။"

**ကတိတော်သည်စိတ်ချသော်လည်းနှောင့်နှေးနေသည်** – ကျွန်ုပ်တို့ကယ်တင်ရှင်သည် ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို ကျွန်ုပ်တို့စောင့်ဆိုင်းနေရသည်မှာ အချိန်ကြာမြင့်လှပေသည်။ သို့စေကာမူ ကတိတော်သည် စိတ်ချရသည်။ မကြာမြင့်မီကျွန်ုပ်တို့သည် ကတိတော်ထားတော်မူသော အိမ်တော်သို့ ရောက်ရှိကြတော့မည်။ ၎င်းအိမ်တော်သို့ရောက်ရှိသောအခါ ယေရှုရှင်သည်ကျွန်ုပ်တို့အား ဘုရားသခင်၏ရာဇပလ္လင်တော်မှစီးထွက်လာသည့် အသက်စမ်းရေတွင်းနားသို့ခေါ်ဆောင်သွားတော်မူစဉ် ကျွန်ုပ်တို့၏စာရိတ္တများပြည့်စုံစေခြင်းငှာ ကျွန်ုပ်တို့အားဖြတ်ကျော်သွားစေခဲ့သောအတွေ့အကြုံဆိုးများကို ရှင်းလင်းပြတော်မူမည်။

ထိုနေရာတွင်ပြန်လည်တည်ဆောက်ထားသည့် ဧဒင်ဥယျာဉ်၏လှပတင့်တယ်သောမြင်ကွင်းများကို ထင်ထင်ရှားရှားကျွန်ုပ်တို့တွေ့မြင်ကြရမည်။ ကျွန်ုပ်တို့၏ဦးခေါင်းများပေါ်၌ ဆောင်းပေးထားတော်မူသောသရဖူများကို ကယ်တင်ရှင်၏ခြေတော်ရင်း၌ချထား၍ ကျွန်ုပ်တို့သည် ရွှေစောင်းများကို တီးကြလျက် ပလ္လင်တော်ပေါ်၌ထိုင်တော်မူသော ကိုယ်တော်ရှင်အား ကျွန်ုပ်တို့၏ဂုဏ်ပြုချီးကျူးသောတေးသံများသည် ကောင်းကင်ဘဝဂ်ဝယ် ပဲ့တင်ထပ်သွားလေသည်။

ကျွန်ုပ်တို့၏လောကဆိုင်ရာ အိမ်ဂေဟာ၌ရှိသမျှလှပသောအရာဝတ္ထုများသည်လည်း ကောင်းကင်ဘုံ၌ရှိသောဖန်ရေကန်နှင့် စိမ်းလန်းစိုပြည်သောလယ်ကွက်များ၊ လေယူရာတိမ်းနေသောသစ်ပင်ကြီးများနှင့် ရေဖြင့်ပြည့်လျက်ရှိသောစမ်းရေတွင်းများ၊ ထွန်းလင်းတောက်ပသောမြို့နှင့်ဝတ်ရုံဖြူများဝတ်ဆင်

ထားသော သီချင်းသည်များကိုသတိရပါစေ။ ၎င်းအိမ်တော်၏လှပခြင်းကို မည်သည့်ပန်းချီဆရာကမျှမရေးဆွဲနိုင်။ မည်သည့်လူသားနှုတ်ကမျှဖော်ပြနိုင်စွမ်းမရှိပေ။ ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလို့ငှာ ဘုရားသခင်ပြင်ဆင်တော်မူသောအရာတို့ကို လူ့မျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး။

---o---

## အခန်း ၈၇
# မြေကြီးသစ်ဆိုင်ရာသရုပ်သကန်ပေါ်အောင် ရေးသားဖော်ပြချက်

**အနာဂတ်ကာလဆိုင်ရာဘုန်းတန်ခိုး၏မြင်ကွင်းများ** – ယေရှုရှင် ကခေါင်းဆောင်လျက် ကျွန်ုပ်တို့အားလုံးသည် ကောင်းကင်မြို့တော်မှဤ ကမ္ဘာမြေကြီးပေါ်သို့ဆင်းသက်လာသောအခါ ကြီးမားလှသောတောင်ကြီး ပေါ်အရောက်တွင် ၎င်းတောင်ကြီးသည် ယေရှုရှင်၏ခြေတော်ကိုမခံနိုင်ဘဲ ထက်ခြမ်းကွဲသွားရာ ကျယ်ပြန့်သောလွင်ပြင်ကြီးတစ်ခု ပေါ်ထွက်လာလေ သည်။ ၎င်းလွင်ပြင်ကြီးကို ကျွန်ုပ်တို့ကြည့်လိုက်သောအခါ မြို့ကြီးတစ်ခု ကိုတွေ့မြင်ရသည်။ အုတ်မြစ်တစ်ဆယ့်နှစ်ထပ်၊ မြို့လေးထောင့်၏တစ်ဖက် စီတွင် တံခါးလေးပေါက်စီရှိ၍ တံခါးတစ်ပေါက်တွင် ကောင်းကင်တမန်တစ်ပါး စီစောင့်နေကြသည်။ ကျွန်ုပ်တို့အားလုံးက "မြို့တော်ကြီး၊ သန့်ရှင်းသောမြို့ တော်ကြီးသည် ဘုရားသခင့်အထံတော်၊ ကောင်းကင်ဘုံမှဆင်းသက်လာပါ ပြီတကား" ဟု တစ်ပြိုင်နက်ဟစ်အော်ကြွေးကြော်ကြပါသည်။ မြို့ကြီးသည် ကျွန်ုပ်တို့ရပ်လျက်ရှိသောနေရာသို့ရောက်ရှိလာ၍ ရပ်တည်နေသည်။ ထို့နောက် ကျွန်ုပ်တို့ပသည် မြို့ပြင်၌ရှိသောတောက်ပသည့်အရာများကို ကြည့်ရှုကြသည်။ ထိုနေရာတွင် လှပ၍ငွေရောင်တောက်နေသောအိမ်ဂေဟာများကို တွေ့မြင် ရသည်။ ၎င်းအိမ်ဂေဟာများကို ပုလဲများဖြင့်စီထားသောတိုင်ကြီးလေးတိုင် စီဖြင့် ထောက်ပင့်ထားသည်။ ၎င်းအိမ်ဂေဟာများတွင် သန့်ရှင်းသောသူတို့ နေထိုင်ရကြမည်။ အိမ်တစ်ဆောင်လျှင် ပစ္စည်းတင်ရွှေဖြင့်ပြီးသောစင်ကြီး တစ်ခုစီရှိသည်။ သန့်ရှင်းသောသူအမြောက်အမြား အိမ်ဂေဟာများထဲသို့ ဝင်သွားကြ၍ သူတို့၏တောက်ပသောသရဖူများကိုချွတ်၍ ၎င်းစင်ပေါ်တွင် တင်ထားကြပြီး နောက်အိမ်အနီး၌ရှိသောလယ်ကွင်းများထဲသို့ မြေကိုတစ်ခုခု

ပြုလုပ်ရန် ထွက်သွားကြသည်။ မြေကြီးပေါ်တွင် ကျွန်ုပ်တို့မြေကြီးကိုတူးဆွသကဲ့သို့ ပြုလုပ်ရန်မဟုတ်ပေ။ ထွန်းတောက်သောလင်းရောင်ခြည်သည် သူတို့၏ဦးခေါင်းများပတ်လည်တွင်ထွန်းလင်း၍ သူတို့သည် အမြဲတစေ ဘုရားသခင်၏ဂုဏ်တော်ကို အော်ဟစ်လျက်ချီးကျူးလျက်ရှိနေကြသည်။

ပန်းပင်များပြည့်နှက်စွာပေါက်နေသော အခြားလယ်ကွက်တစ်ခုကို ကျွန်ုပ်တို့တွေ့မြင်ပါသည်။ ကျွန်ုပ်သည် ၎င်းပန်းပင်များမှပန်းများကိုဆွတ်ခူးသောအခါ "ဒီပန်းတွေဘယ်တော့မှမနွမ်းပါကလား" ဟု ကြွေးကြော်လိုက်ပါသည်။ ထိုနောက် မြင့်မားသောမြက်ပင်များပေါက်နေသော အခြားလယ်ကွက်တစ်ခုကို ကျွန်ုပ်တွေ့မြင်ပါသည်။ စိတ်ထဲ၌များစွာကြည်နူးသွားပါသည်။ မြက်ရွက်များသည်အစိမ်းရောင်ဖြစ်၍ ၎င်းတို့သည် ဘုရင်ကြီးယေရှုအားချီးကျူးသောအနေဖြင့် ဝင့်ဝါစွာလှုပ်ရှားကြသောအခါ ၎င်းတို့မှရွှေရောင်ငွေရောင်များသည် ရောင်ပြန်ဟပ်လျက်ရှိနေသည်။

ထိုနောက်ကျွန်ုပ်တို့သည် တိရစ္ဆာန်များဖြင့်ပြည့်ဝနေသော လယ်ကွက်တစ်ခုထဲသို့ဝင်သွားကြပါသည်။ ၎င်းတိရစ္ဆာန်များထဲတွင် ခြင်္သေ့များ၊ သိုးသငယ်များ၊ ဝံပုလွေများပါဝင်၍ ၎င်းတို့သည် စည်းလုံးညီညွတ်စွာအတူတကွနေထိုင်ကြသည်။ ကျွန်ုပ်တို့သည် ၎င်းတိရစ္ဆာန်တို့ကြားထဲမှဖြတ်ကျော်သွားသောအခါ ၎င်းတို့ကကျွန်ုပ်တို့နောက်မှငြိမ်သက်စွာလိုက်ပါလာကြသည်။

ထိုနောက် ကျွန်ုပ်တို့သည် မြေကြီးပေါ်၌ရှိသော မှောင်မည်းနေသည့်သစ်တောများနှင့် တခြားစီဖြစ်သောသစ်တောတစ်ခုထဲသို့ ဝင်သွားကြပါသည်။ သစ်တောတစ်ခုလုံးသည် လင်းရောင်ခြည်ဖြင့်ထွန်းလင်းနေသည်။ သစ်ကိုင်းများသည် လူးလာဆန်ခတ်ယိမ်းယိုင်လှုပ်ရှားနေကြ၍ ကျွန်ုပ်တို့အားလုံးက "ကျွန်ုပ်တို့တည်ဆောက်လုံခြုံစွာနေထိုင်ကြမည်၊ အိပ်စက်ကြမည်" ဟု တစ်ပြိုင်နက်ကြွေးကြော်လိုက်ကြသည်။

**တမလွန်ဘဝ၌ဘွဲ့ရသင်တန်း** – ကောင်းကင်ရွှေပြည်တော်တွင် ကျွန်ုပ်တို့သည် သင်တန်းမတက်ရဟုသင်တို့ယူဆကြသလား။ ဘယ်သို့သော

သင်ခန်းစာမျိုးကို ကျွန်ုပ်တို့ရှေ့၌ဖွင့်ပြထားမည်ကို ကျွန်ုပ်တို့လုံးဝသဘော မပေါက်ကြပေ။ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သည် အသက်ရှင်သောရေ များအနီးတွင် လမ်းလျှောက်ကြမည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့ အတွက် အဘယ်အဓိပ္ပါယ်ကိုဆောင်သည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်အတွက် အဘယ်အဓိအပ္ပါယ်ဆောင်သည်ကိုလည်းကောင်း ကိုယ်တော်ရှင်သည် ဖော်ပြတော်မူမည်။ အသိဉာဏ်အကန့်အသတ်ရှိမှုကြောင့် ဤလောက၌ရှိစဉ် ကျွန်ုပ်တို့နားမလည်နိုင်သောအရာများကို ထိုနောင်ကာလ တွင်နားလည်ကြလိမ့်မည်။

ဘုရားသခင်၏အိမ်ခန်းများ၌ရှိသော ပိုမိုအဆင့်အတန်းမြင့်သည့် သင်တန်းကျောင်းသို့ သားသမီးများတက်ရောက်သင်ကြားနိုင်မှုအတွက် ခရစ်ယာန်အိမ်ထောင်သည် သင်တန်းကျောင်းတစ်ကျောင်းဖြစ်ရမည်။

ကောင်းကင်ဘုံသည် သင်တန်းကျောင်းတစ်ကျောင်းဖြစ်သည်။ သင်ကြားရမည့်အကြောင်းအရာသည် စကြဝဠာကြီးဖြစ်သည်။ သင်တန်းဆရာ သည် တန်ခိုးရှိအရှင်ဖြစ်သည်။ ဤသင်တန်းကျောင်း၏သင်တန်းကျောင်းခွဲ ကို ဧဒင်ဥယျာဉ်၌တည်ထောင်ထားခဲ့သည်။ ကယ်တင်ခြင်းစီမံကိန်းအကောင် အထည်ဖော်ပြီးသောအချိန်တွင် ဧဒင်ဥယျာဉ်စာသင်ကျောင်းတွင် သင်တန်း များပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။

အစအဦး၌ဧဒင်ဥယျာဉ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့သောစာသင် ကျောင်းနှင့် နောင်ကာလ၌ဖွင့်လှစ်မည့်စာသင်ကျောင်းကြားကာလတွင် ဤ လောက၏သမိုင်းစဉ်ကြီးတစ်ခုလုံးဖြစ်ပျက်တည်ရှိနေသည်။ ၎င်းသမိုင်းစဉ် တွင်ပါဝင်သောအဖြစ်အပျက်များမှာ လူသားတို့၏အပြစ်ဒုစရိုက်နှင့်ဒုက္ခဝေဒနာ ကယ်တင်ရှင်၏အသက်တော်စွန့်ခြင်း အပြစ်ဒုစရိုက်နှင့်သေခြင်းကိုအောင်မြင် ခြင်းများဖြစ်သည်။ ကိုယ်တော်ရှင်၏မျက်မှောက်တော်သို့ လူသားတို့သည် ပြန်လည်ရောက်ရှိလာကြသောအခါ အစအဦး၌ကဲ့သို့သူတို့သည် ဘုရားသခင် ၏သွန်သင်ခြင်းကိုခံရကြမည်။ "ငါ၏လူတို့သည် ငါ၏နာမတော်ကိုသိကြ

လိမ့်မည်။ ငါသည်မိန့်တော်မူသောဘုရားဖြစ်သည်ကို သူတို့သည် ထိုနေ့၌သိကြလိမ့်မည်။ ငါသည် ထာဝရဘုရားဖြစ်တော်မူ၏။”

ထိုနေရာတွင် ကျွန်ုပ်တို့၏ရူပါရုံကိုမှောင်မိုက်နေသော ကန့်လန့်ကာကိုဖယ်ရှားပစ်၍ ကျွန်ုပ်တို့သည် အဝေးကြည့်မှန်ပြောင်းအားဖြင့် အရိပ်မျှသာယခုတွေ့မြင်ရသော ထိုလှပသည့်ကမ္ဘာကို တွေ့မြင်ရကြသောအခါ၌လည်းကောင်း၊ ယခုအခါတွင် အဝေးကြည့်မှန်ပြောင်းကြီးအားဖြင့် ဝေးလံစွာကြည့်ရသော မိုးကောင်းကင်၏အံ့ချီးဖွယ်ရာများကို ကျွန်ုပ်တို့ကြည့်သောအခါ၌လည်းကောင်း၊ အပြစ်၏အစွန်းအကွက်များကို ဖယ်ရှားပစ်သောအခါကမ္ဘာကြီးတစ်ခုလုံးသည် “ငါတို့ဘုရားသခင်ထာဝရဘုရား၏လှပတော်မူခြင်းအားဖြင့် ပေါ်ထွန်းလာသောအခါ၌လည်းကောင်း ကျွန်ုပ်တို့လေ့လာရမည့်အကြောင်းအရာများသည် ဘယ်မျှလောက်ကျယ်ပြန့်နေလိမ့်မည်နည်း။

**ကောင်းကင်ဆိုင်ရာအသိဉာဏ်သည်တိုးတက်မှုရှိမည်** – စကြဝဠာကြီး၏ဘဏ္ဍာရှိသမျှတို့သည် ဘုရားသခင်၏ရွေးနုတ်ခြင်းခံရသောသူတို့လေ့လာရန်အတွက် ပွင့်လင်းလျက်ရှိနေကြလိမ့်မည်။ သေခြင်းနှင့်ကင်းလွတ်ကြပြီဖြစ်သောကြောင့် သူတို့သည် လူသားတို့ခံစားရသောဒုက္ခကို တွေ့မြင်၍ဝမ်းနည်းခြင်းကိုခံရပြီးဖြစ်ကြောင်းသတင်းကိုကြားရ၍ ဝမ်းမြောက်သောကမ္ဘာများဖြစ်ကြသည်။ ဝေးလံလှသောကမ္ဘာကြီးများသို့ အတောင်များဖြင့်ပျံသွားကြမည်။ စကားအားဖြင့်ဖော်ပြ၍မရသောပျော်ရွှင်ခြင်းအားဖြင့် ကမ္ဘာသူကမ္ဘာသားတို့သည် အပြစ်ကင်းသောသူတို့၏အသိုက်အဝန်းထဲသို့ဝင်ရောက်သွားကြမည်။ ဘုရားသခင်၏လက်တော်ကို ခေတ်ပေါင်းမြောက်မြားစွာအာရုံပြုခဲ့မှုမှရရှိခဲ့သောအသိဉာဏ်နှင့်နားလည်မှုဘဏ္ဍာများကို သူတို့သည်ဝေငှခံစားရကြလိမ့်မည်။ ကြည်လင်သောစက္ခုအာရုံဖြင့် သူတို့သည်ဘုရားသခင်၏ပလ္လင်တော်ကို အစဉ်အလိုက်လှည့်ပတ်သွားလျက်ရှိသော နေ၊ လ၊ ကြယ်နက္ခတ်များတို့၏အံ့ချီးဖွယ်ရာဖန်ဆင်းထားသမျှသောအရာတို့ကို သူတို့စေ့စေ့ကြည့်ရှုကြသည်။ အငယ်ဆုံးမှအကြီးဆုံးသောဖန်ဆင်းထားသမျှ

သောအရာတို့အပေါ်တွင် ဖန်ဆင်းရှင်၏နာမတော်ကိုအက္ခရာတင်ထား၍ ၎င်းအရာအားလုံးတွင် ကိုယ်တော်ရှင်၏တန်ခိုးကိုလည်း ပြသထားတော်မူသည်။

ထာဝရကာလမှနှစ်များသည် တစ်နှစ်ပြီးတစ်နှစ် ဘုရားသခင်နှင့် ခရစ်တော်တို့၏တန်ခိုးတော်များကို ပိုမိုထင်ရှားပြတ်သားကြွယ်ဝစွာဖော်ပြကြသည်။ အသိဥာဏ်သည် တိုးတက်မှုရှိသည့်နည်းတူ ချစ်ခြင်းမေတ္တာ၊ ရိုသေကိုင်းရှိုင်းခြင်းနှင့်ပျော်ရွှင်ခြင်းတို့သည်လည်း တိုးတက်လာသည်။ လူသားတို့သည် ဘုရားသခင်အကြောင်းကိုပိုမိုလေ့လာသင်ကြားလေလေ၊ ကိုယ်တော်ရှင်၏ဂုဏ်တော်ကို သူတို့အံ့ဩမဆုံးဖြစ်လေလေဖြစ်လိမ့်မည်။

**ပေါင်းသင်းဆက်ဆံမှုဆိုင်ရာဘဝအသက်တာ** – ထိုနေရာတွင် ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားသိပြီးခဲ့သည့်အတိုင်း သိကြလိမ့်မည်။ စိတ်ဝိညာဉ်၌ဘုရားသခင်စိုက်ပျိုးထားတော်မူသောမေတ္တာတရားနှင့် ကိုယ်ချင်းစာတရားများတို့ကို အမှန်ကန်ဆုံးနှင့်အကောင်းဆုံး ကျင့်သုံးကြလိမ့်မည်။ သန့်ရှင်းသောသတ္တာဝါများတို့နှင့် စင်ကြယ်သောပေါင်းသင်းဆက်ဆံမှုရှိခြင်းသည်လည်းကောင်း၊ မင်္ဂလာရှိသောကောင်းကင်တမန်များ၊ ခေတ်အမျိုးမျိုးမှသစ္စာရှိသောသူတို့နှင့် စည်းလုံးညီညွတ်သောပေါင်းသင်းဆက်ဆံခြင်းသည်လည်းကောင်း၊ "ကောင်းကင်နှင့်မြေကြီးပေါ်၌ရှိသောအိမ်ထောင်တစ်ခုလုံး" တို့အားချည်နှောင်ထားသော မြင့်မြတ်သည့်ပေါင်းသင်းဆက်ဆံမှုသည်လည်းကောင်း နောင်ကာလ၏အချို့သောအတွေ့အကြုံများဖြစ်သည်။

**မြေကြီးသစ်၌အလုပ်အကိုင်များ** – အသစ်ဖန်ဆင်းထားတော်မူသောမြေကြီးသစ်တွင် ကယ်တင်ခြင်းခံစားရသောသူတို့သည် အစအဦး၌ အာဒံနှင့်ဧဝတို့အား ပျော်ရွှင်မှုပေးခဲ့သောအလုပ်အကိုင်များနှင့် ပျော်ရွှင်မှုများကို လုပ်ကိုင်ခံစားကြရလိမ့်မည်။ ဧဒင်ဥယျာဉ်ဆိုင်ရာဘဝအသက်တာမျိုးဖြစ်သော ဥယျာဉ်နှင့်လယ်ကွင်းထဲ၌နေထိုင်ရသောဘဝမျိုး ကျင်လည်ရကြလိမ့်မည်။ "သူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။

ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကိုစားကြလိမ့်မည်။ သူတို့သည် အိမ်ကို ဆောက်၍အခြားသောသူနေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက် ကဲ့သို့ဖြစ်၍ သူတို့သည် ကိုယ်ပြုသောအရာကို ကြာမြင့်စွာသုံးဆောင်ရကြ လိမ့်မည်။

ထိုပြည်တွင် စွမ်းရည်ရှိသမျှသည် ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်။ အကောင်းဆုံးအလုပ်အကိုင်များကို တိုးတက်လုပ်ကိုင်လျက် အမြင့်မြတ်ဆုံး ရည်စူးချက်များသည် အကောင်အထည်ပေါ်လာကြလိမ့်မည်။ သို့စေကာမူ အောင်မြင်မှုရရှိမည့်ရည်စူးချက်များသည်လည်းကောင်း၊ အံ့သြဖွယ်သော အသစ်သောအံ့ချီးဖွယ်များသည်လည်းကောင်း၊ နားလည်စရာအမှန်တရား သစ်များသည်လည်းကောင်း၊ ကာယခွန်အား၊ ဉာဏခွန်အားနှင့်ဝိဉာဏ ခွန်အားများကိုအသုံးပြုရမည့် အသစ်သောဆောင်ရွက်မှုများသည်လည်းကောင်း နောက်ထပ်ပေါ်ပေါက်လာလေဦးမည်။

**ပြည့်စုံပြီးမြောက်လုပြီ** – ကျွန်ုပ်တို့သည် ဤကမ္ဘာမြေကြီး သမိုင်းစဉ်၏အရေးကြီးဆုံးဖြစ်သောအချိန်ပိုင်းတွင် ရပ်တည်လျက်ရှိကြသည်။ အပြစ်ဒုစရိုက်ကိုကျူးလွန်ရန် အချိန်မရှိတော့ပေ။ အပြစ်ဒုစရိုက်၌ဆက်လက် ကျင်လည်နေရန် အမြဲတမ်းအန္တရာယ်များလှသည်။ ဤအချက်များသည် ပစ္စုပ္ပန်ခေတ်ကာလနှင့်အထူးသက်ဆိုင်ပါသည်။ ကျွန်ုပ်တို့သည် ထာဝရ ကာလ၏နယ်နိမိတ်များတွင်ရောက်ရှိကြ၍ ထာဝရကာလနှင့်ရှေးကထက်ပိုမို နီးကပ်စွာရပ်တည်နေကြသည်။ ဝိညာဉ်ရေးဆိုင်ရာမှောင်မိုက်ရှိသမျှကို ဖယ်ရှားလျက် ညစ်ညူးမှုမှကင်းစင်နိုင်ရန် ယခုခါလူတိုင်းသည် မိမိတို့၏ စိတ်နှလုံးကိုစစ်ဆေး၍ တရားသောနေမင်းတည်းဟူသော ကယ်တင်ရှင်ထံ တော်မှ တောက်ပသောလင်းရောင်ခြည်များကို တောင်းလျှောက်ကြပါစေ။

ခပ်သိမ်းသောကတိတော်များနှင့်ပြည့်စုံပြီးမြောက်လုချိန်၌ ရပ်တည် နေကြသောသူတို့အတွက် အထက်ပါကြိုတင်ဖော်ပြချက်များသည် ဘယ်မျှ

လောက်အရေးပါအရာရောက်ဘိသနည်း။ စိတ်ဝင်စားဖွယ်ဖြစ်ဘိသနည်း။ ၎င်းကြိုတင်ဖော်ပြထားသောအဖြစ်အပျက်များကို ကျွန်ုပ်တို့၏ခေတ်ဦးမိဘနှစ်ပါးတို့သည် ဧဒင်ဥယျာဉ်မှထွက်ခွာသွားရသောအချိန်မှစ၍ ဘုရားသခင်၏သားသမီးအပေါင်းတို့သည် စောင့်ကြည့်ခဲ့ကြသည်။ စောင့်မျှော်ခဲ့ကြသည်။ ဆုတောင်းခဲ့ကြသည်။

ခရီးသွားဖက်တို့၊ ကျွန်ုပ်တို့သည် မြေကြီးဆိုင်ရာလူပ်ရှားမှုတို့၏အရိပ်အာဝါသနှင့်ဒုက္ခဝေဒနာအပေါင်းတို့ ဖြတ်ကျော်လျက်ရှိကြသေးသည်။ သို့ရာတွင် လွတ်မြောက်ခြင်းနှင့်ငြိမ်သက်သာယာမှုကို ယူဆောင်လာရန် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် မကြာမီသောကာလတွင် ကြွလာတော်မူလိမ့်မည်။ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်တော်ဖြင့် ပုံဆွဲပြတော်မူသောမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နောင်ကာလကို အာရုံစူးစိုက်ကြပါစို့။

**ပုဂ္ဂလိကပြင်ဆင်မှုရှိရန်တိုက်တွန်းချက်** — မိုးတိမ်ကိုစီး၍ကြွလာတော်မူမည့် ခရစ်တော်အရှင်၏ပေါ်ထွန်းချိန်အတွက်ပြင်ဆင်ရန် ကျွန်ုပ်က အနူးအညွတ်တိုက်တွန်းပါရစေ။ နေ့စဉ်နေ့တိုင်း လောကခံ၏သံယောဇဉ်များကို သင်တို့စိတ်နှလုံးများမှဖယ်ရှားပစ်ပါ။ ကိုယ်တော်အားဖြင့် ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်း၏အဓိပ္ပါယ်ကိုနားလည်ပါ။ ခရစ်တော်အရှင်ကြွလာတော်မူသောအခါ ငြိမ်သက်ခြင်းဝမ်းမြောက်ဝမ်းသာစွာကြိုဆိုကြမည့် ယုံကြည်သောသူတို့အထဲတွင် သင်တို့အသီးသီးပါဝင်နိုင်ရန် တရားစီရင်ခြင်းအတွက်ပြင်ဆင်ပါ။ ၎င်းနေ့ရက်တွင် ကယ်တင်ခြင်းသို့ဝင်စားကြရသောသူတို့သည် ခမည်းတော်နှင့်သားတော်တို့၏ဘုန်းတန်ခိုးအားဖြင့် ထွန်းလင်းကြလိမ့်မည်။ မိမိတို့၏ရွှေစောင်းများကိုတီးလျက် ဘုရင်ကြီးခရစ်တော်နှင့်သိုးသငယ်၏အသွေးတော်၌ မိမိတို့၏ဝတ်ရုံများကို လျှော်ဖွပ်ဖြူစင်သောသူတို့ကြိုဆိုကြလိမ့်မည်။ အောင်မြင်သောတေးဂီတသံသည် ကောင်းကင်တစ်ခုလုံးသို့ပျံ့နှံ့သွားလိမ့်မည်။ ခရစ်တော်သည်။ အောင်မြင်တော်မူခဲ့လေပြီ။

ကိုယ်တော်ရှင်သည် ကောင်းကင်တံတိုင်းတော်များသို့ဝင်တော်မူသောအခါ ကိုယ်တော်ရှင်နှင့်အတူ ကိုယ်တော်ရှင်ရွေးနုတ်ထားတော်မူသောသူတော်စင်များဖြစ်သည့် ကိုယ်တော်ရှင်၏ဒုက္ခဝေဒနာများခံစားရခြင်းနှင့် အသက်တော်စွန့်ခြင်းသည် အကျိုးမဲ့မဖြစ်ကြောင်းကို သစ္စာရှိစွာသက်သေခံသောသူတို့ လိုက်ပါသွားကြမည်။

———○———